# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၂၀၁၆

# မြန်မာ

# စွယ်စုံကျမ်းနှစ်ချုပ်

# (၂၀၁၆)

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၁၆ ခုနှစ်၊ အုပ်ရေ ၂၀၀၀

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ် ဦးအောင်သန်း (မင်းခန့်ရွှေ) က
မှတ်ပုံတင်အမှတ် ၀၇၄၂၉ ဖြင့်၊ ဗိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
ပုံနှိပ်၍ မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

# ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

# မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့

| | | |
|---|---|---|
| ၁။ စည်သူဒေါက်တာဦးသော်ကောင်း | ဥက္ကဋ္ဌ | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |
| ၂။ ဦးတင်ခ (တက္ကသိုလ်တင်ခ) | ဒုတိယဥက္ကဋ္ဌ | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |
| ၃။ ဒေါက်တာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ) | ဒုတိယဥက္ကဋ္ဌ | အဖွဲ့ဝင်၊ မြန်မာစာနှင့်ဘာသာစကား ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန |
| ၄။ ဒေါက်တာမျိုးမြင့် | အဖွဲ့ဝင် | ဒုတိယဝန်ကြီး (ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန |
| ၅။ ဒေါက်တာတိုးလှ | အဖွဲ့ဝင် | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |
| ၆။ ဒေါက်တာဒေါ်ခင်သိန်း | အဖွဲ့ဝင် | ပါမောက္ခ (ငြိမ်း)၊ အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၇။ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) | အဖွဲ့ဝင် | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ရှေးဟောင်းသုတေသနဦးစီးဌာန |
| ၈။ ဦးစန်းဝင်း | အဖွဲ့ဝင် | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ရှေးဟောင်းသုတေသန၊ အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန |
| ၉။ ဦးမြင့်ကြိုင် | အဖွဲ့ဝင် | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) သမိုင်းသုတေသနဦးစီးဌာန |
| ၁၀။ ဦးမောင်လှိုင် (မောင်ဆွေငယ်) | အဖွဲ့ဝင် | စာတည်းမှူးချုပ် (ငြိမ်း)၊ စာပေဗိမာန်ရုံး ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |
| ၁၁။ ဦးအေးချို (မဟာဝိဇ္ဇာ) | အဖွဲ့ဝင် | စာပေပညာရှင် |
| ၁၂။ ဒေါက်တာစိုးနိုင် | အဖွဲ့ဝင် | ပါမောက္ခ/ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် |

| | | |
|---|---|---|
| ၁၃။ ဒေါက်တာမင်းသောင် | အဖွဲ့ဝင် | ပါမောက္ခ/ဌာနမှူး၊<br>နိုင်ငံတကာဆက်ဆံရေးပညာဌာန၊<br>ဒဂုံတက္ကသိုလ် |
| ၁၄။ ဦးစံသင်းလှိုင် | အဖွဲ့ဝင် | တွဲဖက်ပါမောက္ခ၊ အဘိဓမ္မပိဋက<br>မဟာဌာန၊ နိုင်ငံတော်ပရိယတ္တိ<br>သာသနာ့တက္ကသိုလ်၊ ရန်ကုန် |
| ၁၅။ ဦးခင်စိုး (စိုးစိုး-ပန်းတောင်း) | အဖွဲ့ဝင် | စာတည်းမှူး (ငြိမ်း)၊ စာပေဗိမာန်ရုံး<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |
| ၁၆။ ဒေါက်တာအေးကျော်<br>(ဆေးသုတေသန) | အဖွဲ့ဝင် | စာပေနှင့်ဆေးဘက်ဆိုင်ရာပညာရှင် |
| ၁၇။ ဒေါက်တာစောမြအောင် | အဖွဲ့ဝင် | တွဲဖက်ကထိက၊ ပိဋကတ်တော်ဆိုင်ရာ<br>အင်္ဂလိပ်စာပေဌာန၊ နိုင်ငံတော်ပရိယတ္တိ<br>သာသနာ့တက္ကသိုလ်၊ ရန်ကုန် |
| ၁၈။ ဒေါက်တာခင်မောင်ညို | အဖွဲ့ဝင် | စာပေပညာရှင် |
| ၁၉။ ဦးစိန်လှိုင် (သူရဇော်) | အဖွဲ့ဝင် | စာပေပညာရှင် |
| ၂၀။ ဦးကျော်ဦး (ကျော်ဦး) | အဖွဲ့ဝင် | စာပေပညာရှင် |
| ၂၁။ ဦးသန်းအုန်း (မောင်ဇေယျာ) | အဖွဲ့ဝင် | စာပေပညာရှင် |
| ၂၂။ ဒေါ်နီနီနိုင် | အဖွဲ့ဝင် | စာကြည့်တိုက်မှူး၊<br>တက္ကသိုလ်များဗဟိုစာကြည့်တိုက် |
| ၂၃။ စာတည်းမှူးချုပ် | အတွင်းရေးမှူး | စာပေဗိမာန်ရုံး၊<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |
| ၂၄။ စာတည်းမှူး | တွဲဖက်အတွင်းရေးမှူး(၁) | စာပေဗိမာန်ရုံး၊<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |
| ၂၅။ စာတည်း (တာဝန်ခံ) | တွဲဖက်အတွင်းရေးမှူး (၂) | စာပေဗိမာန်ရုံး၊<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

## စာပေဗိမာန်၊ စာတည်းဌာန

| | | |
|---|---|---|
| စာတည်းမှူးချုပ် | ဦးအောင်သန်း | (မင်းခန့်ရှေ) |
| စာတည်းမှူး | ဦးသိန်းဇော်ထွေး | (အဟိံသက) |

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ စာတည်းအဖွဲ့

| | |
|---|---|
| စာတည်း (တာဝန်ခံ) | ဦးစိုးမြင့်သန်း |
| စာတည်း | ဒေါ်အိခိုင်ဇင်ထွန်း၊ |
| | ဒေါ်ကြည်ကြည်မြင့် |
| စာပေလက်ထောက်-၂ | ဦးကျော်သူစိုး |

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ ကွန်ပျူတာဌာန

| | |
|---|---|
| စာတည်း | ဦးစန်းငွေး |
| ပုံနှိပ်ကျွမ်းကျင် - ၃ | ဒေါ်သွဲ့သွဲ့စန်း |
| ပုံနှိပ်ကျွမ်းကျင် - ၄ | ဒေါ်စန်းစန်းငွေး |
| ပုံနှိပ်ကျွမ်းကျင် - ၄ | ဒေါ်ခင်ချိုဆက် |
| ပုံနှိပ်ကျွမ်းကျင် - ၄ | ဒေါ်ဖြိုးဖြိုးစံ |



(၆၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ဗိုလ်ရှုခံသဘင်စင်မြင့်တွင်
ဂုဏ်ပြုစစ်ကြောင်းများ၏အလေးပြုခြင်းကိုခံယူနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်




တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ချုပ်ဆိုပွဲတွင် တွေ့ရသော
နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များ




နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ
(၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီအစည်းအဝေးတွင်
စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ရှေ့မှောက်တွင် ကတိသစ္စာခံယူနေကြသော
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကောင်စီဝင်များ



အိန္ဒိယချစ်ကြည်ရေးခရီးစဉ်တွင် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့် အတူတွေ့ရသော
ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း



(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရန်
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသော ဒုတိယသမ္မတ ဦးဉာဏ်ထွန်း



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဝါရှင်တန်ပို့စ်သတင်းဌာနမှ
သတင်းထောက်၏ တွေ့ဆုံမေးမြန်းခြင်းကို ပြန်လည်ဖြေကြားစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်










၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမြင်ကွင်းများ



သုဝဏ္ဏအားကစားရုံ(၁)၌ ကျင်းပသော အမျိုးစောင့်ဥပဒေပေါ်ထွန်းလာခြင်း
အထိမ်းအမှတ် ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် ရဟန်းရှင် လူများ




ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်ရှိ လှည်းတန်းခုံးကျော်တံတား





စင်ကာပူနိုင်ငံတွင်ကျင်းပသော (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ
ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ၌ မြန်မာနှင့် ထိုင်းဘောလုံးအသင်း ကစားပုံကို မဟာဗန္ဓုလပန်းခြံရှေ့မှ
တိုက်ရိုက်ထုတ်လွှင့်ပြသရာ ကြည့်ရှုအားပေးနေကြသောပြည်သူများ



ရခိုင်တိုင်းရင်းသားရိုးရာသင်္ကြန်ပွဲတွင် ရိုးရာသင်္ကြန်အကပြင့်
ဖျော်ဖြေနေသော ရခိုင်တိုင်းရင်းသားလူငယ်မောင်မယ်များ



အမေရိကန်ပြည်ထောင်စုတွင် အဆင့်အမြင့်ဆုံးဖြစ်သော လင်းယုန်ကင်းထောက်အဆင့်ကို
အောင်မြင်ခဲ့သည့် မြန်မာကင်းထောက်လူငယ်များ



ချင်းတိုင်းရင်းသားရိုးရာဝါးညှပ်အက

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၆)

# မာတိကာ

ဤကျမ်းကိုမရှုစားမီ

**အပိုင်း (၁)**

| | | |
|---|---|---|
| ၂၀၁၅ ခုနှစ်ဖြစ်ရပ်များ | | ၁ |

**အပိုင်း (၂)**

| | | |
|---|---|---|
| ၁ ကမ္ဘာတစ်ဝန်း တွင်ကျယ်နေသော လူမှုကွန်ရက်စာမျက်နှာများ | ဦးသောင်းဝင်း (ပန်းချယ်ရီ) | ၈၁-၈၆ |
| ၂ ကျယ်ပြန့်ထွန်းကားလာသည့် နေရောင်ခြည် စွမ်းအင်သုံးစနစ်များ | ကျော်ဦး | ၈၇-၉၂ |
| ၃ ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေး | အောင်ချိန်ဘွား | ၉၃-၁၀၂ |
| ၄ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးဆောင်ရွက်ချက်များ | စိုးအောင် | ၁၀၃-၁၁၆ |
| ၅ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ | တက္ကသိုလ်ဆရာတစ်ဦး | ၁၁၇-၁၂၄ |
| ၆ ၂၀၁၅ ခုနှစ် မြန်မာ့ရေကြီးရေလျှံမှုနှင့် ရေလှောင်တမံများ | ဦးဇော်ဝင်း (ဆည်မြောင်း)<br>အေးမြင့် (ညောင်တုန်း)<br>ကျော်ဦး | ၁၂၅-၁၃၀ |
| ၇ ၂၀၁၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန | ၁၃၁-၁၄၀ |
| ၈ ရာဇပလ္လင် (သို့မဟုတ်) အချုပ်အခြာအာဏာ၏သင်္ကေတ | ဦးကျော်ဝင်း (မနုသကျော်ဝင်း) | ၁၄၁-၁၄၆ |

**အပိုင်း (၃)**

| | | |
|---|---|---|
| ၂၀၁၅ ခုနှစ်အကြောင်းရပ်များ (အက္ခရာစဉ်) | | ၁၄၉ |
| အက္ခရာစဉ်အညွှန်း | | ၃၂၇ |

# ဤကျမ်းကို မရှုစားမီ

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီးမြန်မာ့စွယ်စုံကျမ်းအတွဲ (၁၅) တွဲ၏ အဖြည့်ကျမ်းများဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၆) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၅) ပါ အကြောင်းရပ်များနှင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန် စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် (၂၀၁၅) ခုနှစ်အတွင်း အဖြစ်အပျက်များကို ပြုစုပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ (၂၀၁၆) ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၇) ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းကို စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် (၂၀၁၅) ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ ရက်စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ကမ္ဘာတစ်ဝန်း တွင်ကျယ်နေသော လူမှုကွန်ရက်စာမျက်နှာများ၊ ကျယ်ပြန့်ထွန်းကားလာသည့် နေရောင်ခြည်စွမ်းအင်သုံးစနစ်များ၊ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးဆောင်ရွက်ချက်များ၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများ၊ မြန်မာနိုင်ငံ၏ထူးခြားရေကြီးရေလျှံအန္တရာယ်များစသည့် အကြောင်းအရာများကို စုစည်းဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသောဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်းတွင် ဖော်ပြထားသောအကြောင်းအရာများသည် (၂၀၁၅) ခုနှစ်၌ ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံနှင့် နိုင်ငံတကာအကြောင်းအရာများ ဖြစ်ပါသည်။ အကြောင်းအရာများကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါအက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ အကြောင်းအရာများကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြရာတွင် နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များ၌ သက်ဆိုင်ရာတစ်နှစ်အတွင်း ကွယ်လွန်ခဲ့သောထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာတွင် ထင်ရှားသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းအရာများတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကိုညွှန်းလျှင် စာအုပ်အမည် (ဥပမာ- စွယ်စုံနှစ်ချုပ် ၂၀၁၅) နှင့် စာမျက်နှာအမှတ်ကိုဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ (၂၀၁၅) ခုနှစ်ပါ အကြောင်းအရာများနှင့် ဆောင်းပါးများကိုညွှန်းလျှင် အကြောင်းအရာနှင့် ဆောင်းပါးအမည်ကိုဖော်ပြ၍ ညွှန်းထားပါသည်။

# အပိုင်း (၁)

## ၂၀၁၅ ခုနှစ် ဖြစ်ရပ်များ

၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော
မြန်မာနှင့် နိုင်ငံတကာမှ ထင်ရှားသည့်
ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများအဖြစ်
ရေးသားပြုစုဖော်ပြထားခြင်း ဖြစ်ပါသည်။



# မြန်မာနှင့်






# နိုင်ငံတကာ

# ဖြစ်ရပ်များ





နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်
လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားသို့တက်ရောက် မိန့်ခွန်းပြောကြားစဉ်

## ဇန်နဝါရီလ

**၁** ဗိုလ်ရှုခံ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးညွန့်ထွန်းသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ရှိ ဗိုလ်ရှုခံမဏ္ဍပ်ရှေ့ဥပစာ၌ ပြုလုပ်သည့် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနား ဝတ်စုံပြည့် အစမ်းလေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**၂** တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ကျင်းပသော တောင်သူလယ်သမားရေးရာလူထုတွေ့ဆုံပွဲ အခမ်းအနားသို့ တောင်သူလယ်သမား ၅,၀၀၀ ကျော် တက်ရောက်ကာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်မြန်မာနိုင်ငံဆိုင်ရာ ဆားဘီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာမီရိုဒရက်နီကိုလင်ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဘရာဇီးသမ္မတမစ္စဒိုင်လ်မာ ရိုဆက်ဖ်၏ ဒုတိယသက်တမ်း ကျမ်းသစ္စာဆိုပွဲကို ဘရာဇီးနိုင်ငံ ဘရာဇီးလီးယားမြို့၌ ကျင်းပရာ ပြည်သူထောင်ပေါင်းများစွာနှင့် နိုင်ငံ ၁၃၀ မှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

**၃** ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၂ ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များကို နေပြည်တော်ရှိ ဟိုတယ်မက်(စ်)၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**၄** နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်သည် နေပြည်တော်ရှိ ဗိုလ်ရှုခံမဏ္ဍပ်၌ ကျင်းပသည့် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့

နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းကို ခံယူသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သဘင်ဆောင်၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများကို ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို နေပြည်တော်ရှိ သမ္မတအိမ်တော်ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သော ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိစစ်သည်များနှင့် အမွေခံများကို ဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက် ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုတံဆိပ်နှင့်လက်မှတ်များပေးအပ်သည်။

အီရတ်နိုင်ငံ၊ ကာကွတ်ပြည်နယ်၊ အယ်လ်ရှာဂျာယာနှင့်ဂါရစ်ကျေးရွာတို့၌ အိုင်အက်စ်အလံနှစ်ခုမီးရှို့ခံရပြီးနောက် အစွန်းရောက်အုပ်စုက အရပ်သား ၁၇၀ ကို ပြန်ပေးဆွဲခဲ့ပြီး ၁၆၂ ဦးကို ပြန်လွှတ်ပေးလိုက်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

**၅** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၂ ဖွဲ့မှ ခေါင်းဆောင်များကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ တွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နံနက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် နယ်ခြားစောင့်တပ်များမှ ဂုဏ်ထူးဆောင်အရာရှိကြီးများနှင့် ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်များကိုလည်းကောင်း နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မှု ပြီးမြောက်ခြင်းအဖြစ် မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌရာထူးလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို နေပြည်တော်ရှိ ဟိုတယ်မက်(စ်) ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ကြိုဆိုနှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားပြီး မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာမိုဟာမက်ဟာနက်အမ္ဗဒူရာမန်ထံ အာဆီယံဥက္ကဋ္ဌတာဝန်လွှဲပြောင်းသည့် မှတ်တမ်းစာအုပ်ကို ပေးအပ်သည်။

ဩစတြေးလျရုပ်ရှင် ထုတ်လုပ်သူ Andreas Sulzer ဦးဆောင်သော သုတေသနပညာရှင်များသည် ဩစတြေးလျနိုင်ငံရှိ St.Georgen an der Gusen တွင် ပြင်းထန်သော ရေဒီယိုသတ္တိကြွမှု တွေ့ရှိပြီးနောက် နာဇီနျူကလီးယားအဆောက်အအုံဟု သံသယရှိသည့် အဆောက်အအုံတစ်ခုကို စတင်တူးဖော်ကြောင်း ပရက်စ်တီဗွီသတင်းက ဖော်ပြသည်။

**၆** ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့က ယမန်နှစ် စက်တင်ဘာလကတည်းက အိုင်အက်စ်များ ထိန်းချုပ်သိမ်းပိုက်ထားသော ဆီးရီးယားနိုင်ငံမြောက်ပိုင်း ကိုဘာနီမြို့၏ ၈၀ ရာခိုင်နှုန်းကို ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားခဲ့သည်ဟု ဘီဘီစီသတင်းတွင် ဖော်ပြသည်။

**၇** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် International Republican Institute (IRI) ၏ ဌာနေညွှန်ကြားရေးမှူး မစ္စတာစတီဖင်စီရာနှင့် အဖွဲ့ကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြင်သစ်နိုင်ငံ၊ ပါရီမြို့ရှိ ချာလီဟက်ဒိုသရော်စာမဂ္ဂဇင်းတိုက်ကို အိုင်အက်စ်အဖွဲ့ဟု ယူဆရသော အကြမ်းဖက်သမားများက သေနတ်ဖြင့်

ပစ်ခတ်ရာ အနည်းဆုံး လူ ၁၂ ဦး သေဆုံးပြီး လေးဦး ပြင်းထန်စွာ ဒဏ်ရရှိသည်ဟု ပါရီရှေ့နေရုံးက အတည်ပြုပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံ ရေလွှဲဆည်နှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းသည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၅ ခုနှစ်၊ လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကင်းထောက်အဆောက်အအုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးကာ အဆောက်အအုံကမ္ပည်းကျောက်စာကိုအမွှေးနံ့သာရည်ပက်ဖျန်းပေးပြီး အမှာစကား ပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသက် ၁၀၀ ပြည့်နှင့်အထက် သက်ကြီး ဝါကြီး ဂုဏ်ပြုခံပုဂ္ဂိုလ်များအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစဉ်ချီးမြှင့်ငွေများအနက် ၂၅ ရာခိုင်နှုန်းစုဆောင်းငွေမှ ထောက်ပံ့ငွေများပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့်ဇနီးဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အဘိုးခုနစ်ဦးနှင့် အဘွား ၁၃ ဦး၊ စုစုပေါင်း အဘိုးအဘွား ၂၀ အတွက် ဂုဏ်ပြုလွှာ ချီးမြှင့်ထောက်ပံ့ငွေကျပ်နှစ်သိန်းစီနှင့် ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များကို ချီးမြှင့်ထောက်ပံ့သည်။

**၉** အမျိုးသားပညာရေး နည်းဥပဒေများဆိုင်ရာဆွေးနွေးပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ၊ အကြံပေးအဖွဲ့ဝင် ပညာရှင်များ၊ ပါမောက္ခချုပ်များနှင့် ပညာရှင်များ တက်ရောက်ဆွေးနွေးသည်။



**သီရိလင်္ကာနိုင်ငံသမ္မတသစ် မိုင်သရီပါလစီရီပါလစီရီဆီနာ**

သီရိလင်္ကာနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ကျန်းမာရေးဝန်ကြီးဟောင်း မိုင်သရီပါလစီရီပါလစီရီဆီနာက သမ္မတဟောင်း ရာဂျာပက်ဆာကို ၅၁ ဒသမ ၃ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိပြီး သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ စီတာပူမနေရာကွင်း၌ ကျင်းပသည့် (၆၇) ကြိမ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားနှင့် မနောပွဲသို့ တက်ရောက်သည်။

**၁၁** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၏ ၉၅ နှစ်ပြည့်နှင့် (၁၅) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်နှုတ်ခွန်းဆက်စကား ပြောကြားကာ ဂါဝရပြုလက်ဆောင် ပစ္စည်းများပေးအပ်ခဲ့ပြီး ဖြူးမြို့နယ် ခန်းမတည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုသည်။

**၁၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံရေးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်ရှိ သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ၏ ဖိတ်ကြားချက်အရ ဇန်နဝါရီလ ၁၂ ရက် ငုရွှေဝါခန်းမ၌ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်လာကြသော တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ၂၉ ဦး သည် အချက်သုံးချက်ပါ သဘောထားထုတ်ပြန်ချက်တစ်စောင်ကို မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Admiral Kraisorn Chansuvonich နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Treetod Sanance တို့ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့မှုနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က တက်ရောက်ရှင်းလင်းပြောကြားပြီး ပြည်တွင်းပြည်ပ သတင်းထောက် ၇၀ ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

**၁၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံကေဒီဒီအိုင်ကော်ပိုရေးရှင်း ဥက္ကဋ္ဌ မစ္စတာ တာကာရှီတာနာကာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသော တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားပြီး မွန်းလွဲပိုင်းတွင် ချက်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မစ္စတာမာတင်တလာပါ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် အရှေ့ပိုင်းရှိ လူကုန်ကူးသည့် ဂိုဏ်းက စီမံလုပ်ကိုင်နေသော စက်ရုံတစ်ရုံအတွင်းသို့ ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းရာ မွေးကင်းစ ကလေးငယ် ၃၇ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ထိုင်ရန်၊ လင်ယီ၊ ကွာဖူနှင့် ဂျင်နင်ဒေသကိုဖြတ်၍ ကလေးမှောင်ခိုကူးသူ ၁၀၃ ဦးကိုပါ ဖမ်းဆီးနိုင်ခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

**၁၅** ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် အစ္စရေးနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာယိုင်ရှာမီရ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မြန်မာနိုင်ငံသတင်းစာဆရာအသင်း အတွင်းရေးမှူး-၂ ဦးကျော်စွာမင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းနှင့် မိတ်ဖက်ပြုထားသောအဖွဲ့တစ်ခုဖြစ်သည့် Article 19 မှ Mrs-Borbra နှင့် Mr.Oliver Spencer ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် နံနက်ပိုင်းတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌနှင့် ဦးဝဏ္ဏမောင်လွင်နှင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့်လည်းကောင်း တွေ့ဆုံပြီးမွန်းလွဲပိုင်းတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးအောင်မင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့နှင့်သီးခြားစီ တွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာအန်ဒရူးပက်ထရစ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှပစိဖိတ်ဌာနမှူး မစ္စတာတွမ်ဒေ့ါတို့ကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**၁၄** နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်သည် (၆၃) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။

နိုင်ငံတော်စီမံကိန်းကော်မရှင်ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီမံကိန်းကော်မရှင် (၁/၂၀၁၅) ကြိမ်မြောက်အစည်းအဝေးသို့လည်းကောင်း၊ မွန်းလွဲ ၃ နာရီခွဲအချိန်တွင် ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၅) ကြိမ်မြောက်အစည်းအဝေးသို့လည်းကောင်း တက်ရောက်အမှာစကားပြောကြားသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထင်အောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းတို့နှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ မြေယာအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ဝင်များနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်က ဖြစ်ပွားခဲ့သော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအဓိကရုဏ်းဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရသေဆုံးမှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ကြေညာသည်။

ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဥပဒေကြမ်း ကော်မတီဝင်များနှင့် အမျိုးသား လွှတ်တော်ရေးရာဆောင် I-20 ၌ လည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာအထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်၊ လယ်ယာမြေနှင့် အခြား မြေများ သိမ်းဆည်းခံရမှု စုံစမ်းရေး ကော်မရှင်တို့မှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရေးရာဆောင် I-1 ၌ လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ ဥပဒေ၊ နိုင်ငံရေးနှင့် စီးပွားရေးအကြံပေး ပုဂ္ဂိုလ်များနှင့် ရုံးအမှတ် (၁၈) နိုင်ငံတော်သမ္မတရုံး၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်နိုင်ရေး အကောင် အထည်ဖော်မှုကော်မတီ အတွင်း ရေးမှူးများ၊ ကော်မတီဝင်များနှင့် ပြည်သူ့လွှတ်တော်ရေးရာဆောင် I-1 ၌ လည်းကောင်း၊ ပြည်ထောင်စုတရား သူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားသူကြီးများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဧည့်ခန်းမ၌လည်းကောင်း၊ ပြည်သူ့ လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

အိုင်အက်စ်ကဲ့သို့သော အစွန်းရောက် အုပ်စုများထံ သတင်း အချက်အလက်များပေးပို့ပြီး အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ ကွန်ဂရက်လွှတ်တော်အဆောက် အအုံကို တိုက်ခိုက်ရန်ကြိုးပမ်းခဲ့သူ ခရစ္စတိုဖာကော်နယ်ကို အမ်-၁၅ မောင်းပြန်သေနတ်နှစ်လက်၊ ကျည် ၆၀၀ တို့နှင့်အတူ အိုဟိုင်းယိုး၌ အက်ဖ်ဘီအိုင် အကြမ်းဖက်တိုက်ဖျက်ရေးတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

**၁၆** မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့သည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့် အရေးအခြေအနေဆိုင်ရာအထူး အစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီနှင့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ရုံး၌ တွေ့ဆုံသည်။

နေပြည်တော်တွင် ဇန်နဝါရီလ ၁၄ ရက်နှင့် ၁၅ ရက်က ကျင်းပပြီးစီး ခဲ့သော မြန်မာ-အမေရိကန် ဒုတိယ အကြိမ်လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲနှင့်ပတ်သက်၍ သတင်းစာ ရှင်းလင်းပွဲကို ရန်ကုန်မြို့ တက္ကသိုလ် ရိပ်သာလမ်းရှိ အမေရိကန်သံရုံးတွင် ကျင်းပသည်။

**၁၇** မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပသော နိုဘယ်-မြန်မာစာပေ ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ဗြိတိန်နိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့သည် ပြည်တွင်း အကြမ်းဖက်အစွန်းရောက်ဝါဒ တိုက်ဖျက်ရေးနှင့် လူမျိုးရေးခွဲခြားသော ဝါဒ ကာကွယ်ရေးတို့အပေါ် သုံးသပ်ချက်များကို နှစ်နိုင်ငံအကြား မျှဝေကြမည်ဖြစ်ကြောင်း အမေရိကန် သမ္မတ ဘားရက်အိုဘားမားနှင့် ဗြိတိန် ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့ အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေး အပြီး ပြောကြားခဲ့သည်ဟု ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

**၁၉** ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသည်။

ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် သတင်းထုတ်ပြန်ရေး အဖွဲ့သည် သတင်းထုတ်ပြန်ချက် (၁/၂၀၁၅) ဖြင့် ခြောက်ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေး ပြည်ထောင်စု လွှတ်တော်၏ အရေးကြီးအဆိုအပေါ် နိုင်ငံတော်သမ္မတ၏ ပြန်ကြားချက် နှင့်စပ်လျဉ်း၍ အများပြည်သူ သိရှိနိုင်ရန် သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့၏ စုံထောက်ဌာနစိတ်သည် မြို့တော် ဒါကာရှိ အိုင်အက်စ်အဖွဲ့ဝင်များဟု သံသယရှိသူလေးဦးကို ဖမ်းဆီး ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဘိုကိုဟာရမ်သောင်းကျန်းသူ များက ကင်မရွန်းနိုင်ငံမြောက်ပိုင်းရှိ ရွာများကို မီးရှို့ဖျက်ဆီးခဲ့ပြီး အနည်းဆုံးလူပေါင်း ၈၀ ကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြောင်း စကိုင်း နယူးစ်သတင်းဌာနက ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ကိုရီးယား ကျွန်းဆွယ် နျူကလီးယားကင်းမဲ့ဇုန်

တည်ထောင်နိုင်ရေး ခြောက်နိုင်ငံ ဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ရန် စင်ကာပူနိုင်ငံတွင် ဇန်နဝါရီလ ၁၉ ရက်က နှစ်နိုင်ငံတွေ့ဆုံဆွေးနွေး ခဲ့ကြမှုအပေါ် တရုတ်နိုင်ငံက ကြိုဆို ထောက်ခံကြောင်း ထုတ်ဖော် ပြောကြားသည်။

**၂၀** ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် သတင်းထုတ်ပြန်ရေး အဖွဲ့သည် သတင်းထုတ်ပြန်ချက် (၂/၂၀၁၅) ဖြင့် အမျိုးသားပညာရေး ဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် ပြန်လည်သုံးသပ်ပြင်ဆင်ပေးနိုင်ရန် နိုင်ငံတော်သမ္မတက ပြည်ထောင်စု လွှတ်တော်သို့ ပေးပို့သည့် သဝဏ်လွှာနှင့်စပ်လျဉ်း၍ အများ ပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန် သည်။

အီရတ်နှင့် ဆီးရီးယားတွင် ခြေကုပ်ယူထားသည့် အစ္စလာမ္မစ် စစ်သွေးကြွအုပ်စုက ဖမ်းဆီး ထားသော ဂျပန်လူမျိုးနှစ်ဦး၏ ပုံကို ပြ၍ ဂျပန်အစိုးရထံမှ ၎င်းတို့၏ အသက်များကို ကယ်ဆယ်ရန်အတွက် အမေရိကန်ဒေါ်လာ သန်း (၂၀၀) တောင်းဆိုထားသော ဗီဒီယိုကို အွန်လိုင်းက ထုတ်လွှင့်ကြောင်း ရိုက်တာသတင်းဌာနကဖော်ပြသည်။

**၂၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီ နှင့် ရွေးကောက်ပွဲဆိုင်ရာအကူ အညီပေးရေးအဖွဲ့မှ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာအိဗ်လတ် တာမေ ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယီမင်နိုင်ငံ၌ သမ္မတ နန်းတော်ကို သူပုန်များက သိမ်းယူ ခဲ့ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချပြီး အမေရိကန်ပြည်ထောင်စု၏ မဟာမိတ် သမ္မတ အက်ဒရာဘတ်ချ်ဖန်ဆွာ ဟာဒီကို တစ်ကမ္ဘာလုံးက ထောက်ခံ ကြရန် တောင်းဆိုကြောင်း ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

**၂၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် ကိုရီးယားတပ်မတော် ပူးတွဲ စစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ချွဲ ယွန် ဟီး ဦး ဆောင် သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။

အာဖဂန်နစ္စတန်နိုင်ငံ၊ မြို့တော် ကဘူးလ်တွင် လူ ၁၀၀ ခန့် သည် ပြင်သစ်သရော်စာမဂ္ဂဇင်း ချာလီဟက်ဒိုထုတ်ဝေသူများကို ဆန့်ကျင်ဆန္ဒပြခဲ့ကြပြီး တမန်တော် မိုဟာမက်ကို စော်ကားပြောဆို သူများအဖြစ် စွပ်စွဲလိုက်ကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

**၂၃** အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်း မြို့တွင် ချစ်ကြည်ရေးခရီးရောက်ရှိ နေသော ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် မွမ်ဘိုင်းမြို့ “ဘုံဘေစတော့ အိတ်ချိန်း” သို့ သွားရောက်ကြည့်ရှု လေ့လာသည်။

တောင်ကိုရီးယားနိုင်ငံသမ္မတ ပတ်ဂွမ်ဟေးသည် ၂၀၁၄ ခုနှစ်၊ ဧပြီလအတွင်း ကူးတို့ယာဉ်တိမ်းမှောက် မှုကြောင့် လူ ၃၀၀ ကျော် သေဆုံး ခဲ့ခြင်းအပေါ် တာဝန်ရှိသည့် ဝန်ကြီးချုပ် ချွန်ဟွန်ဝန်၏နေရာတွင် ဆေနူရီပါတီခေါင်းဆောင်လီဝမ်ကူးကို အစားထိုး ရွေးချယ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယီမင်နိုင်ငံတွင် ရှီးဟိုက်ဟူသီ သူပုန်များက ဆာနာမြို့ကိုသိမ်းယူပြီး သမ္မတနေအိမ်ကို ဝိုင်းထားလျက် အနေအထားတွင် သမ္မတ အက်ဒရာ ဘတ်မန်ဆွာဟာဒီက ၎င်း၏ ဝန်ကြီးချုပ် နှင့်အတူ နုတ်ထွက်လိုက်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တင်းမာမှုများရှိခဲ့သည့် အမေရိကန်ပြည်ထောင်စုနှင့် ကျူးဘားနိုင်ငံအကြား နှစ်ရက်ကြာ သမိုင်းဝင်ဆွေးနွေးပွဲအပြီးတွင် နောက်တစ်ကြိမ်ထပ်မံ တွေ့ဆုံ ဆွေးနွေးရန် နှစ်ဖက်လုံးက သဘော တူညီကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

**၂၄** အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက် ခဲ့သော ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ပြန်လည်ရောက် ရှိသည်။

**၂၆** အာဆီယံခရီးသွားလုပ်ငန်း ဆိုင်ရာ ၂၀၁၅ ဖွင့်ပွဲအခမ်းအနားနှင့် ညစာစားပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်

ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အဖွင့် အမှာစကား ပြောကြားသည်။

အီဘိုလာရောဂါပိုး ကူးစက်လာမှုနှင့်ပတ်သက်၍ မိမိတို့ အငိုက်မိခဲ့ကြပြီး ကိုင်တွယ်ဆောင်ရွက်ပုံ အမှားများရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဝန်ခံပြောကြားလိုက်သည်။

တရုတ်နိုင်ငံတွင် အွန်လိုင်းသုံးစွဲသူဦးရေ သန်း ၆၅၀ နီးပါးအထိ တိုးပွားလာကြောင်း တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့ပြီး ကမ္ဘာ့အွန်လိုင်းသုံးစွဲသူဦးရေ အများဆုံးနိုင်ငံအဖြစ် ဆက်လက်မြင့်တက်လျက်ရှိကြောင်း အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အိန္ဒိယသမ္မတနိုင်ငံထူထောင်သည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ခဲ့ကြောင်း ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

**၂၇** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မန္တလေးတိုင်းဒေသကြီး ရွှေသိမ်တော်ဘုရားကွင်း၌ ကျင်းပသည့် ကျေးလက်ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**၂၈** အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ရန်ကုန်မြို့၊ အင်းလျားကန်ဟိုတယ်၌ ကျင်းပသော မဒဲကျွန်းရေနံတင်ဆိပ်ကမ်းအကြို ဖွင့်ပွဲနှင့် ရေနံပိုက်လိုင်းလုပ်ငန်းကနဦးစတင်ဆောင်ရွက်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

**၂၉** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ဟိုတယ်ဇုန်ရှိ Hiltol ဟိုတယ်၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

၂၀၁၄ ခုနှစ်၊ မတ်လ ၈ရက်က ပျက်ကျသွားခဲ့သော မလေးရှားလေကြောင်းလိုင်းမှ MH-370 လေယာဉ်တွင် လိုက်ပါသွားသော ခရီးသည်အားလုံး သေဆုံးသွားပြီဟူသော ကြေညာချက်ကို မလေးရှားနိုင်ငံက ထုတ်ပြန်ကြေညာသည်။

လက်ဘနွန်နှင့် အစ္စရေးနယ်စပ်တွင် အစ္စရေးတပ်များနှင့် အစ်ဇ်ဘိုလာစစ်သွေးကြွများအကြား အပြန်အလှန်ပစ်ခတ်ကြရာ အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် စပိန်နိုင်ငံသားတစ်ဦးသေဆုံးကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆိုဗီယက်ခေါင်းဆောင်ဟောင်းမီခေးလ်ဂေါ်ဘာချော့က ရုရှားနှင့် အနောက်အုပ်စု၏ ထိပ်တိုက်တွေ့ဆုံမှုသည် စစ်ပွဲကြီးအသွင်သို့ ဦးတည်သွားနိုင်ကြောင်း သတိပေးပြောကြားသည်။

**၃၀** ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်အမျိုးသားတက္ကသိုလ်က နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့အပ်နှင်းသည့် အခမ်းအနားကို နေပြည်တော်ရှိ သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပသည်။

## ဖေဖော်ဝါရီလ

**၁** အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေး ဆွေးနွေးပွဲကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပရာ အစိုးရ အဖွဲ့ကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ်၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ (NNER) ကိုယ်စားလှယ်နှင့် ကျောင်းသားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**၂** တောင်ဆူဒန်သမ္မတ ဆဲလ်ဗာကီယာနှင့်သူပုန်အဖွဲ့ခေါင်းဆောင် ရိဒ်မာချာတို့သည် နိုင်ငံပျက်စီးယိုယွင်းမှုကို ဖြစ်စေသည့်ပဋိပက္ခ အဆုံးသတ်ရန် စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးသည်။

**၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီးမစ္စတာဂိုချောက်တောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏စွမ်းအင်ဆိုင်ရာ အကြံပေးဒေါက်တာတောဖစ်၊ အီအီလာဟီချော်ဒရီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌမစ္စတာ ဟိဒဲအိုဝါတာနာဘေးနှင့် အမှုဆောင်ဘုတ်အဖွဲ့ဥက္ကဋ္ဌ မစ္စတာယိုရှိတိုဆန်းဂိုးကုတို့ကို လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၄ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် မစ္စတာဝမ်ဘာဒမ် ဦးဆောင်သည့် စီးပွားရေးခေါင်းဆောင်များအဖွဲ့ကိုသမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စင်ကာပူသမ္မတနိုင်ငံဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကိုလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့သည် နေပြည်တော်ဟိုတယ်ဇုန်ရှိ The Hotel Royal ACE တွင်ကျင်းပသည့် (၆၈) ကြိမ်မြောက် မွန်အမျိုးသားနေ့ ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စင်ကာပူ သမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေး ဝန်ကြီးဌာန၊ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဗျူရိုမှ အကြီးတန်း ဒုတိယလက်ထောက်နိုင်ငံခြားရေး ဝန်ကြီးမစ္စတာစကော့မာဆယ်ကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတ အိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

တောင်ကိုရီးယားနှင့် အမေရိကန်တပ်မတော်တို့သည် သုံးရက်တာ ရေကြောင်းစစ်ရေးပူးတွဲလေ့ကျင့်မှု စတင်သည်။

၆ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမစ္စတာရီတီလ်ဆွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၇ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်သည် (၆၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် တတိယအကြိမ်မြောက် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်သို့ တက်ရောက်အမှာစကား ပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်ရှိရာ ရာပြည့်ကွင်း၌ ကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုဖွင့်လှစ်ပေးသည်။

# ၂၀၁၅ ခုနှစ်ဖြစ်ရပ်များ

**၈** ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် မာလာလာယူဆွတ်ဇိုင်သည် ဘိုကိုဟာရမ် အကြမ်းဖက်အုပ်စုက ပြန်ပေးဆွဲထားသော နိုင်ဂျီးရီးယား ကျောင်းသူ ၂၀၀ ကျော်လွတ်မြောက်ရေးအတွက် တစ်ကမ္ဘာလုံးက ဝိုင်းဝန်းကြိုးပမ်းပေးကြရန်တောင်းဆိုသည်။

**၉** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (12th ACDFIM) တက်ရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ချက် (၄/၂၀၁၅) ဖြင့် အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စများကို ဆန္ဒထုတ်ဖော်ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန် ထုတ်ပြန်သည်။

လောက်ကိုင်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်တိမ်းရှောင်အဖွဲ့တို့တိုက်ပွဲများ ဖြစ်ပွားကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

**၁၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌစောမူတူးစေးဖိုးနှင့်အဖွဲ့ကို နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Shangrila Hotel Sabah Grand Ballroom ၌ ကျင်းပပြုလုပ်သည့် (၁၂) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (12th ACDFIM) သို့ တက်ရောက်ကာ အာဆီယံတပ်မတော်များ၏ ၂၀၁၅-၂၀၁၇ ခုနှစ် လုပ်ငန်းစီမံချက်ကို ဆွေးနွေးကြပြီး (၁၂) ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (12th ACDFIM) ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးသည်။

ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ လေးနိုင်ငံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရုရှားသမ္မတဗလာဒီမာပူတင်သည် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်နှင့် ဒေသဆိုင်ရာလုံခြုံရေးကိစ္စများဆွေးနွေးရန် အီဂျစ်နိုင်ငံသို့ ရောက်ရှိသည်။

**၁၁** ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကို နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်မက်စ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုအမှာစကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည်မလေးရှားနိုင်ငံ၌ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအလွတ်သဘောအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅) ဖြင့် ယာယီသက်သေခံလက်မှတ် သက်တမ်းသတ်မှတ်ခြင်းနှင့် သက်တမ်းကုန်ဆုံးသည့်လက်မှတ်များ အပ်နှံရေးအစီအစဉ်ကို ထုတ်ပြန်ကြေညာသည်။

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပညာရေးပြုပြင်ပြောင်းလဲမှုနိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER) နှင့် ကျောင်းသားကိုယ်စားလှယ်များပါဝင်သော လေးပွင့်ဆိုင်ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

## ၂၀၁၅ ခုနှစ်ဖြစ်ရပ်များ



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်စဉ်**

**၁၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံကာ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်ကို လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် (၆၈) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ညစာစားပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမဥပစာရင်ပြင်၌ ကျင်းပသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်မြို့တော်ခန်းမဥပစာရင်ပြင်၌ ကျင်းပသည့် (၆၈) နှစ်မြောက်ပြည်ထောင်စုနေ့နိုင်ငံတော်အလံတင် အခမ်းအနားသို့ တက်ရောက်သည်။

**၁၃** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့သည် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သဘင်ဆောင်၌ ကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်း၏ နှစ် (၁၀၀) ပြည့် မွေးနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တွေ့ဆုံသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သတင်းထုတ်ပြန်ရေးအဖွဲ့သည် သတင်းထုတ်ပြန်ချက် (၅/၂၀၁၅) ဖြင့် ဆန္ဒပြကျောင်းသားကျောင်းသူများ သိရှိနိုင်ရန် သတင်းထုတ်ပြန်ရာ ဆန္ဒပြကျောင်းသားကျောင်းသူများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ သပိတ်စစ်ကြောင်းများဝင်ရောက်ခြင်း မပြုနိုင်ရန် ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**၁၄** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) မှ ဒုတိယ ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များကိုလည်းကောင်း၊ ပြည်တွင်းသတင်းမီဒီယာများဖြစ်ကြသော Sky Net, Tomorrow, 7 Day, Messenger, Yangon Times နှင့် Eleven Media တို့မှ တာဝန်ရှိသူများကိုလည်းကောင်း နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ သီးခြားစီ တွေ့ဆုံသည်။

အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ လေးပွင့်ဆိုင်ဆွေးနွေးပွဲရလဒ်များကို ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အိုင်အက်စ်စစ်သွေးကြွများသည် ရာနှင့်ချီသော အမေရိကန် တပ်ဖွဲ့ဝင်များ နေထိုင်လျက်ရှိသည့် လေတပ်အခြေစိုက်စခန်းမှ ငါးမိုင်ခန့်အကွာ အီရတ်မြို့ကို သိမ်းပိုက်လိုက်ကြောင်း ပင်တဂွန်၏ ပြောကြားချက်ကို ဘီဘီစီသတင်းတွင် ဖော်ပြသည်။

**၁၅** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြင်ဦးလွင် တပ်နယ် တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော လောက်ကိုင်ဒေသတိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များကို တွေ့ဆုံအားပေးသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရက ကျောင်းသားများ လတ်တလော ဆန္ဒပြနေကြခြင်းနှင့်ပတ်သက်၍ သပိတ်မှောက်ကျောင်းသားများသို့ မေတ္တာရပ်ခံချက် စာတစ်စောင်ထုတ်ပြန်ရာ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည်။

**၁၆** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများကြား ရွေးကောက်ပွဲဆိုင်ရာ ပူးပေါင်းညှိနှိုင်းမှုအစည်းအဝေးကို ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသည်။

ရွှေပြည်သာစက်မှုဇုန်နှင့် လှိုင်သာယာစက်မှုဇုန်ရှိ အလုပ်သမားများ၏ ဆန္ဒပြတောင်းဆိုမှုများနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် စက်ရုံများမှ ဆန္ဒပြအလုပ်သမားကိုယ်စားလှယ်များပါဝင်သည့် အလုပ်သမားရေးရာညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**၁၇** ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရာမညအားကစားကွင်း၌ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်တင်ရေးအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

သမ္မတရုံးက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅) ဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အရေးပေါ်အခြေအနေကြေညာခြင်းကိုလည်းကောင်း၊ အမိန့်အမှတ် (၂/၂၀၁၅) ဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စစ်အုပ်ချုပ်ရေးအမိန့်ကိုလည်းကောင်း ထုတ်ပြန်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) က စစ်အုပ်ချုပ်ရေးကြေညာချက်အမှတ် (၁) ဖြင့် ဗိုလ်မှူးကြီးစောမြင့်ဦးကို ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျင့်သုံးဆောင်ရွက်ရန် စစ်အုပ်ချုပ်ရေးအာဏာလွှဲအပ်ကြောင်း ထုတ်ပြန်ကြေညာသည်။

လောက်ကိုင်ဒေသမှ နေရပ်ဒေသသို့ ပြန်လည်ထွက်ခွာလာကြသူများနှင့် စစ်ဘေးရှောင်ဒုက္ခသည်များကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ယာဉ်တန်းသည် ချင်းရွှေဟော်အနီး၌ ပစ်ခတ်ခံရသဖြင့် ကြက်ခြေနီတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြသည်။

**၁၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပသည့် အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြင်သစ်အမျိုးသားလွှတ်တော် ပြင်သစ်-

မြန်မာချစ်ကြည်ရေးကော်မတီ ဥက္ကဌ မစ္စစ်ဖီရှဲလ်ဘွန်းန်တွန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ကြသည့် ကျန်းမာရေးဝန်ထမ်းများကို လည်းကောင်း တွေ့ဆုံအားပေးသည်။

ဒုတိယသမ္မတ ဦးညွှန့်ထွန်း သည် မလေးရှားနိုင်ငံကာကွယ်ရေး ဝန်ကြီး ဒါတိုဆရီဟီရှမူဒင်တန် နေသည့် မငြိမ်သက်မှုကိုအဆုံး သတ်ရန် မာလီသူပုန်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီ လိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။




**ဒုတိယသမ္မတဦးညွှန့်ထွန်း စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်**

**၂၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် ချင်းပြည်နယ်၊ ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်း၌ ကျင်းပသည့် (၆၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားတွင် ပါဝင်ဆင်နွှဲသည်။

ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့်အဖွဲ့သည် လားရှိုးမြို့သို့သွားရောက်၍ လောက်ကိုင်ဒေသတိုက်ပွဲများတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် တပ်မတော်သားအရာရှိ၊ စစ်သည် များနှင့် မိသားစုဝင်များကို လည်းကောင်း၊ တိုက်ပွဲရှောင်လာ ဟူစိန် ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ကို သမ္မတအိမ်တော် သံတမန် ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တို့သည် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန (၂) ၌ ကျင်းပသည့် (၆၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့တက်ရောက်သည်။

မာလီအစိုးရက နိုင်ငံမြောက် ပိုင်းတွင် ကာလအတန်ကြာ ဖြစ်ပွား

**၂၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် ဟားခါးမြို့ပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညွှန့်ထွန်း သည် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (ဘီ) ၌ကျင်းပသည့် ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသား အားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား သို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ကိုးကန့်သောင်းကျန်းသူအဖွဲ့ သမိုင်းကြောင်းနှင့် လောက်ကိုင်

ဒေသသို့ ကိုးကန့်သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ် ရှင်းလင်းပွဲကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ပြုလုပ်သည်။

**၂၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင် စေတီတော်ကြီး ဗုဒ္ဓါဘိသေက မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

လောက်ကိုင်-ကုန်းကြမ်းကားလမ်းပေါ်ရှိ ၁၈ မိုင်လမ်းဆုံအနီး တစ်ဝိုက်တွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ယာယီခြေကုပ်ယူထားသည့် စစ်ဗျူဟာအရ အရေးကြီးသော တောင်ကုန်းများကို တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနက ဖော်ပြသည်။

ဆီးရီးယားနိုင်ငံအတွင်း အိုင်အက်စ်စစ်သွေးကြွများက ဝိုင်းထားခြင်းခံရသော ဆူလေမန်ရှား ဂူသင်္ချိုင်းမှ အစောင့် စစ်သည်များကို ကယ်ထုတ်ရန်နှင့် ဂူသင်္ချိုင်းကို နယ်စပ်ဖြတ်ကျော်ကာ တူရကီနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းသယ်ယူရန် တူရကီစစ်ဘက်ကစစ်ဆင်ရေးတစ်ရပ် ဆင်နွှဲလိုက်ကြောင်း တူရကီသတင်းမီဒီယာများတွင် ဖော်ပြသည်။

ယူကရိန်းအရှေ့ပိုင်းရှိ သူပုန်များသည် ရှေ့တန်းစစ်မျက်နှာမှ လက်နက်ကြီးများကို ရုပ်သိမ်းနိုင်ရေးလက်မှတ်ရေးထိုးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

**၂၃** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နော်ဝေပါလီမန် စီးပွားရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းဆိုင်ရာအမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာအီရာပိုလက်စတဒ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပိုမိုကောင်းမွန်တိုးတက်မြင့်မားလာမည့် မြန်မာနိုင်ငံ၏ပညာရေး ကဏ္ဍကို ပုံစံသစ်တစ်ရပ်အဖြစ် ပေါ်ပေါက်လာစေရန်အတွက် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ပေးရန် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် သက်ဆိုင်ရာ တာဝန်ရှိသူများသည် ရလဒ်ထွက်ပေါ်လာသည်အထိ အကြိမ်ကြိမ်ညှိနှိုင်း ဆွေးနွေးမှုများပြုလုပ်ခဲ့ကြကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် သတင်းထုတ်ပြန်ချက် (၁/၂၀၁၅) ဖြင့် ဆန္ဒပြအလုပ်သမားများ သိရှိနိုင်ရန်ထုတ်ပြန်ချက်နှင့်သတင်းထုတ်ပြန်ချက် (၂/၂၀၁၅) ဖြင့် အလုပ်ရှင်၊ အလုပ်သမား မခွဲခြားဘဲ တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်သည်။

**၂၄** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်က ကြေညာချက်အမှတ် (၁/၂၀၁၅) ဖြင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ကြားနာမည့်အစီအစဉ်ကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)နှင့် Article 19 အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ရွေးကောက်ပွဲဆိုင်ရာမီဒီယာ လွတ်လပ်ခွင့်နှင့် နိုင်ငံတကာစံချိန်စံညွှန်းများအတွက် အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုလွှတ်တော်သည် ဥပဒေအမှတ် (၈) ဖြင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့် ဥပဒေအမှတ် (၉) ဖြင့် ယှဉ်ပြိုင်မှုဥပဒေတို့ကို ပြဋ္ဌာန်းသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသို့ "တရားမျှတရေး အတူတကွ မြှင့်တင်ပေး" တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာ စီမံကိန်း မိတ်ဆက်ခြင်း အခမ်းအနားကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**၂၅** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မိတ္ထီလာ

တပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်း၌ ကျင်းပပြုလုပ်သည့် တပ်မတော် (လေ) ၏ 'K-8W' လေ့ကျင့်ရေးဂျက်လေယာဉ်၊ ATR42 သယ်ယူပို့ဆောင်ရေးလေယာဉ်နှင့် BEE-CH-1900D သယ်ယူပို့ဆောင်ရေး လေယာဉ်များ တပ်တော်ဝင်အခမ်း အနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူများသည် လောက်ကိုင်အနောက်မြောက်ဘက်၊ ချင်းရွှေဟော်နှင့် လုံထန်ကျေးရွာ အကြားနှင့် လောက်ကိုင်နှင့် ကုန်းကြမ်း အကြား ၂၃ မိုင် အနီးတို့တွင် တိုက်ပွဲတစ်ကြိမ်စီ ဖြစ်ပွား သကဲ့သို့ တပ်မတော်စစ်ကြောင်း များနှင့် ကေအိုင်အေ (ကချင်)၊ အက်စ်အက်စ်အေ (ဝမ်ဟိုင်း) လက်နက်ကိုင်အဖွဲ့တို့သည် နမ့်ဆလပ်အနီးတွင် တိုက်ပွဲများ ဖြစ်ပွားသည်။

**၂၆** ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အမျိုးသားကျန်းမာရေး စောင့်ရှောက်မှု ဌာန၌ အများပြည်သူနှင့်သက်ဆိုင် သည့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ် များကို လေ့လာသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂနိုင်ငံ ရေးရာဌာနအကြီးအကဲဒုတိယ အတွင်းရေးမှူးချုပ် မစ္စတာဂျက်ဖရီ ဖဲလ်မင်းဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံဇမ္ဗူသီရိဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။

**၂၇** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်၊ လားရှိုးမြို့သို့ရောက်ရှိ၍ လောက်ကိုင် ဒေသတိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာ ရရှိခဲ့သော တပ်မတော်သားအရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ကိုးကန့်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ဆေးဝါး ကုသမှု ခံယူနေသည့်ကြက်ခြေနီဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများကို တွေ့ဆုံ အားပေးစကား ပြောကြားသည်။

**၂၈** ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်း သည် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားရုံ၌ ကျင်းပသည့် စတုတ္ထအကြိမ် အမျိုးသားအားကစား ပွဲတော် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပဲခူးတိုင်း ဒေသကြီး၊ ဖြူးမြို့နယ် စည်ပင် သာယာခန်းမ၌ လွှတ်တော် ကိုယ်စားလှယ်များ၊ ဖြူးမြို့နယ် တွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးများ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံသည်။

## မတ်လ

**၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) ၌ ခင်းကျင်းပြသထား သည့် တောင်သူလယ်သမားနေ့ ဂုဏ်ပြုအထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုအားပေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်၌တွေ့ဆုံကာ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ သည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်း သည် နေပြည်တော်ရှိ မြန်မာအပြည် ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် တောင်သူ လယ်သမားနေ့ ဂုဏ်ပြုအခမ်း အနားသို့ တက်ရောက်ပြီး တောင်သူ လယ်သမားအကျိုးပြု နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ထူးချွန်ပုဂ္ဂိုလ်များအား ဂုဏ်ပြု မှတ်တမ်းလွှာများပေးအပ်သည်။

အမေရိကန်-တောင်ကိုရီးယား နှစ်ပတ်လည်ပူးတွဲစစ်ရေးလေ့ကျင့်မှု လုပ်ဆောင်နေချိန်တွင် မြောက်ကို ရီးယားက တာတိုပစ်ဒုံးကျည်နှစ်စင်း ပင်လယ်ထဲသို့ ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားအာဏာပိုင်များက ပြောကြားသည်။

ဆက်ဒမ်ဟူစိန်၏ ဇာတိမြို့ဖြစ်သော တီကရစ်မြို့ရှိ အိုင်အက်စ်စစ်သွေးကြွများကို အီရတ်တပ်မတော်က စတင်တိုက်ခိုက်ချေမှုန်းပြီဖြစ်ကြောင်း အီရတ် ရုပ်မြင်သံကြားသတင်းက ထုတ်လွှင့်ဖော်ပြသည်။

**၃** ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆိုလစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

**၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသည့် ၂၀၁၅ ခုနှစ်၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

**၅** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာတိုနီဘလဲဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့သည် အမှတ် (၄) လမ်းမကြီးပေါ်၌ ဖေဖော်ဝါရီလ ၄ ရက်ညနေပိုင်းက ခွင့်ပြုချက်မဲ့ ဆန္ဒပြအလုပ်သမားများကို ဖယ်ရှားရှင်းလင်းခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အမျိုးသားပညာရေးဥပဒေပြင်ဆင်သည့်မူကြမ်းနှင့်ပတ်သက်၍ လက်ပံတန်းမြို့၌ ဆန္ဒဖော်ထုတ်နေသော ပင်မသပိတ်အဖွဲ့မှ ကျောင်းသားများကို ထောက်ခံသည့် ဆန္ဒဖော်ထုတ်ပွဲကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ပြုလုပ်ခဲ့သည့်အတွက် တာဝန်ရှိသူများက လူစုခွဲကာ ဆန္ဒပြသူတချို့ကို ထိန်းသိမ်းခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

**၆-၇** ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် အဖွဲ့ဝင်များနှင့် အတူ ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် General Sirichai Distakul ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို)က ၁၉၉၃ ခုနှစ် အော်စလို သဘောတူညီချက်အရ အစ္စရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကို အဆုံးသတ်ရန် ဆုံးဖြတ်လိုက်သည်။

**၈** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ် အမှတ် (၁) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၌ ကျင်းပသည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ် (၁) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အရ ရှေ့တန်းစစ်မျက်နှာမှ လက်နက်ကြီးများအားလုံး ဖယ်ရှားပြီးဖြစ်ကြောင်း ယူကရိန်းအရှေ့ပိုင်းဒိုးနက်မြို့ ရုရှားလိုလားသူခွဲထွက်ရေးသမားများက ပြောသည်။

ကိုလံဘီယာအစိုးရနှင့် သူပုန်အဖွဲ့များသည် ၁၉၆၀ ပြည့်အလွန်နှစ်များက တိုက်ပွဲဖြစ်ပွားရာ ကျေးလက်ဒေသများ၌ မြေမြှုပ်မိုင်းများကို အတူတကွပူးပေါင်းဖယ်ရှားရန် သဘောတူလိုက်သည်။

**၉** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**၁၀** နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၅) ဖြင့်

အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်၍ မြို့တော်ခန်းမရှေ့ဆန္ဒပြမှုကို လူစုခွဲဖမ်းဆီးခဲ့သည့်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဖြစ်ရပ်အမှန် ပေါ်ပေါက်စေရန်အတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းကြောင်း ထုတ်ပြန်ကြေညာသည်။

လက်ပံတန်းမြို့တွင် အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ ဆန္ဒပြနေသူများကို လက်ပံတန်းမြို့နယ်ရဲတပ်ဖွဲ့က ဥပဒေနှင့်အညီ ရှင်းလင်းလူစုခွဲခဲ့ပြီး ဆန္ဒပြအဖွဲ့မှ ၆၅ ဦးနှင့် အရပ်သား ၆၂ ဦး စုစုပေါင်း ၁၂၇ ဦးကို ထိန်းသိမ်းခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

**၁၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုယင်သီဇွမ်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုယင်သီဇွမ်းကို နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်စစ်ကြောင်းများသည် ဖေဖော်ဝါရီလ ၁၅ ရက်မှ မတ်လ ၁၀ ရက်အထိ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၊ မံစီမြို့နယ်နှင့် ရှမ်းပြည်နယ် မိုးမိတ်၊ မဘိမ်းမြို့နယ်အတွင်း နယ်မြေရှင်းလင်းစဉ် တစ်ဖက်နိုင်ငံသို့ တရားမဝင်ခိုးထုတ်မည့် ကျွန်းသစ်၊ ယာဉ်များနှင့် သစ်ခွဲစက်များကို သိမ်းဆည်းရမိခဲ့ကြောင်း မီဒီယာများက ဖော်ပြသည်။

ပထမဆုံးသော ကမ္ဘာပတ်နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 သည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

**၁၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့သည် မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် နေပြည်တော်မှ ထွက်ခွာသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာနာဂျစ်ရာဇတ်တို့သည် ပူထရာဂျာရားမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ သီးသန့်တွေ့ဆုံဆွေးနွေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာဖီဒယ်ဗွိရာမို့စ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအုပ်စုဥက္ကဋ္ဌနှင့်ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် အုပ်ချုပ်သူမစ္စဟယ်လင်ကလပ်နှင့်ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အမှုဆောင်ညွှန်ကြားရေးမှူး မစ္စအီသရင်းကော့စင်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတဟောင်းမစ္စတာဖီဒယ်ဗွိရာမို့စ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ဆီးရီးယားနိုင်ငံအတွင်း အရပ်သားများကို အကာအကွယ်ပေးရေးနှင့် အကူအညီပေးရေးဆုံးဖြတ်ချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း အကူအညီပေးရေးအဖွဲ့ ၂၁ ခု၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်-တောင်ကိုရီးယားစစ်ရေးလေ့ကျင့်မှုနှစ်ပတ်လည် နောက်ဆုံးနေ့တွင် မြောက်ကိုရီးယားသည် ဝေဟင်ပစ်ဒုံးကျည် ခုနစ်စင်းကို ပင်လယ်ထဲသို့ ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် သီရိလင်္ကာနိုင်ငံသို့ တရားဝင်ခရီးစဉ်စတင်ထွက်ခွာသည်။

ဆီးရီးယားနိုင်ငံအတွင်း ပဋိပက္ခဖြစ်ပွားနေမှုများသည် ငါးနှစ်တာကာလအတွင်း ဝင်ရောက်လာပြီဖြစ်ရာ လူသားချင်းစာနာမှုဆိုင်ရာ တိကျပြတ်သားသည့် ဆောင်ရွက်မှုများပြုလုပ်ပေးရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက လုံခြုံရေးကောင်စီကို တောင်းဆိုသည်။

**၁၃** ရခိုင်ပြည်နယ်၊ မြေပုံမြို့ အရှေ့တောင်ဘက်မိုင် ၆၀ ခန့် အကွာ နောင်တော်ကြီးကျွန်းနှင့် မြောက်ကျွန်ကျွန်းအကြား၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် အောင်တံခွန်-၃ ခရီးသည်တင် နှစ်ထပ်ရေယာဉ်နစ်မြုပ်ခဲ့ရာ ခရီးသည် ၁၆၇ ဦးကိုကယ်တင်နိုင်ခဲ့ပြီးသံဃာတော်တစ်ပါး၊ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး ၃၁ ဦးတို့၏ ရုပ်အလောင်းများကို ဆယ်ယူရရှိခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြသည်။

**၁၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်းဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီနှင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်တို့၏ မြေအသုံးချမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

**၁၅** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်ရှိ ကျီးနီကန်ပြန်လည်တူးဖော်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့၏ ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက မတ်လ ၁၃ ရက်ညနေပိုင်းတွင် ကိုးကန့်ဒေသရှိ ကိုးကန့်သောင်းကျန်းသူများနှင့် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအတွင်း တရုတ်နိုင်ငံတွင်းမှ ပြည်သူအချို့သေဆုံးထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပေါ်ခဲ့ခြင်းအတွက် စိတ်မကောင်းဖြစ်ရကြောင်းနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်ရေးကို ပျက်ပြားစေလိုသော ကိုးကန့်သောင်းကျန်းသူများပါဝင်မှု ရှိ မရှိကို စိစစ်ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

**၁၆** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ဒေါက်တာလဂျာနှင့် အဖွဲ့ကို နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) မှ ဒေါက်တာလဂျာဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**၁၇-၂၂** ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) (မူကြမ်း) ဆွေးနွေးပွဲကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာ၌ ကျင်းပသည်။

**၁၇** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးသည် (US AID) မှ အာရှဒေသဆိုင်ရာ လက်ထောက်အုပ်ချုပ်ရေးမှူး မစ္စတာဂျော်နသန်နီကိုလပ်စ်စတီဗားစ်နှင့်အဖွဲ့ကို နေပြည်တော်ရှိ ယင်းကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**၁၈** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗီယက်နမ်ကွန်မြူနစ်ပါတီပေါလစ်ဗျူရို အဖွဲ့ဝင်နှင့်ဗီယက်နမ်အဖနိုင်ငံတော် တပ်ဦးဗဟိုကော်မတီဥက္ကဋ္ဌ မစ္စတာငုယင်သီယက်ညန်းဦးဆောင်သော

အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အစ္စရေးနိုင်ငံ ရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ လီကွတ်ပါတီက အနိုင်ရရှိသွားကြောင်း အစ္စရေးမီဒီယာများတွင် ဖော်ပြသည်။

မွန်ပြည်နယ်နေ့အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်နှင့် အဖနိုင်ငံတော်တပ်ဦး ဗဟိုကော်မတီဥက္ကဋ္ဌ မစ္စတာငုယင်သီယက်ညန်းဦးဆောင်သည့်



**ရွေးကောက်ပွဲအနိုင်ရ**
**လီကွတ်ပါတီခေါင်းဆောင် နေတန်ယာဟု**

တူနီးရှားပါလီမန်အနီးရှိ အမျိုးသားပြတိုက်တွင် သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ကမ္ဘာလှည့်ခရီးသည် ၁၇ ဦးထက်မနည်းသေဆုံးခဲ့ပြီး အဆိုပါ အဆောက်အအုံအတွင်းရှိ ဓားစာခံများကိုလည်း ဖမ်းဆီးထားကြောင်း တူနီးရှားအစိုးရက ပြောကြားသည်။

**၁၉** နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်သည် (၄၁) နှစ်မြောက်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅) ဖြင့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များနှင့် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅) ဖြင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များကို ထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့မှ မောင်းနှင်လာသည့် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 သည် မြန်မာနိုင်ငံ၌ ခရီးတစ်ထောက်နားရန် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

**၂၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခေတ္တရပ်နားနေသည့် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 ကို ကြည့်ရှုလေ့လာသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ပညာရေးကောလိပ်နှင့်လားရှိုးတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ကျင်းပသည့် ၂၀၁၅ ခုနှစ် ကမ္ဘာ့ရေနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**၂၁** ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (က) ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်

ပါဝင်ယှဉ်ပြိုင်အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ-၁ (သုဝဏ္ဏ) ၌ တွေ့ဆုံသည်။

**၂၂** ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် လားရှိုးပြည်သူ့ဆေးရုံကြီးနှင့် မြို့တိုးချဲ့ရေပေးဝေမည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**၂၃** ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ တိုက်ကြီးမြို့နယ်ရှိ ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ၌ စစ်မှုထမ်းခဲ့သည့် ဗြိတိသျှစစ်မှုထမ်းဟောင်းများအဖွဲ့၏ ဥက္ကဋ္ဌနှင့် တော်ဝင်ခေနသဟာယ စစ်မှုထမ်းဟောင်းများအသင်း၏ အဖွဲ့ဝင်ဖြစ်သူ မြို့စားမစ္စတာ စလင်းမ်ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တရုတ်နှင့်အိန္ဒိယထိပ်တန်း တာဝန်ရှိသူများသည် နယ်စပ်အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် နယူးဒေလီမြို့၌ တွေ့ဆုံဆွေးနွေးသည်။

စင်ကာပူနိုင်ငံကို စတင်တည်ထောင်သူ ဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယူသည် ပြင်းထန်သော အဆုတ်ရောင်ရောဂါဖြင့် စင်ကာပူ အထွေထွေဆေးရုံကြီးတွင် ကွယ်လွန်သည်။

**၂၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် International Republican Institute (IRI) ၏ ဥက္ကဋ္ဌ သံအမတ်ကြီး မတ်ကဲဂရင်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ကချင်ပြည်နယ် မံစီမြို့နယ်အတွင်း တစ်ဖက်နိုင်ငံသို့ သစ်များခိုးထုတ်နေမှုကို တပ်မတော်စစ်ကြောင်းများက ဖော်ထုတ်ဖမ်းဆီးရာမှ သစ်ခိုးထုတ်မှုများကို အကာအကွယ်ပေးနေသည့် KIA (ကချင်) အဖွဲ့နှင့်တိုက်ပွဲများဖြစ်ပွားကြောင်း နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြသည်။

ခရီးသည် ၁၄၂ ဦးနှင့် လေယာဉ်ဝန်ထမ်းခြောက်ဦး၊ စုစုပေါင်း ၁၄၈ ဦးတင်ဆောင်လာသော ဂျာမန်ဝင်းစ်အဲဘတ်စ် လေယာဉ်သည် ဘာစီလိုနာမှ ဂျာမနီနိုင်ငံမြောက်ပိုင်း ဒတ်ဆယ်ဒေါ့ဖ်မြို့သို့ ပျံသန်းစဉ် ပြင်သစ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ အဲလ်(ပ်) တောင်ကြော၌ ပျက်ကျသွားခဲ့ရာ လေယာဉ်ပေါ်ပါရှိသူတစ်ဦးတစ်ယောက်မျှ အသက်ရှင်ဖွယ်မရှိဟု ပြင်သစ်လေကြောင်းဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

**၂၅** ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂစီမံကိန်းများ ဝန်ဆောင်မှုရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူး မစ္စဂရက်ဖ်မိုဦးဆောင်သည့်ကိုယ်စားလှယ် အဖွဲ့ကို နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) ၌ ကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသားပို့ကုန် မဟာဗျူဟာလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အမေရိကန်နိုင်ငံ စတန်းဖို့ဒ် တက္ကသိုလ် နိုင်ငံတကာမူဝါဒများ လေ့လာရေးမဟာဌာနမှ ပါမောက္ခ ဂျိမ်းစ်ဒီဗီရှန်နှင့် သင်တန်းသား၊ သင်တန်းသူ ၂၃ ဦးကို နေပြည် တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဝန်ကြီး ဌာနက အမိန့်ကြော်ငြာစာအမှတ် (၈၇၂/၂၀၁၅)ဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်သတ်မှတ် ခြင်းကို ထုတ်ပြန်ကြေညာသည်။

**၂၆** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် အမေရိကန်ပြည်ထောင်စု စတန်းဖို့ဒ်တက္ကသိုလ် ပါမောက္ခ

ဂျိမ်းစ်ဒီဖီရှန်ခေါင်းဆောင်သည့် အပြည်ပြည်ဆိုင်ရာမူဝါဒရေးရာ ဘာသာရပ် မဟာတွဲ့သင်တန်းသား၊ သင်တန်းသူများကို နိုင်ငံတော်သမ္မတ အိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် နိုင်ငံတစ်ဝန်းဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်သည်။

ယီမင်နိုင်ငံရှိ ဟူသီရှီးဟိုက်သူပုန်များကို ဆော်ဒီအာရေဗျနိုင်ငံက လေကြောင်းတိုက်ခိုက်မှုအပါအဝင် စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်ပြီဖြစ်ကြောင်း အမေရိကန်ဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ်ကြီးက ပြောကြားသည်။

**၂၇** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပသည့် နှစ် (၇၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

**၂၇-၂၉** (၆၅)ကြိမ်မြောက် နိုင်ငံတကာ စာနယ်ဇင်းအဖွဲ့အစည်း (International Press Institute-IPI) ကမ္ဘာ့ညီလာခံကို ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။

**၂၈** ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးမန်းတောင်ရိပ် ဆေးကုသဆောင် ၁၀ ထပ်ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီးနောက် မန္တလေးဆေးတက္ကသိုလ်သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဆော်ဒီအာရေဗျနှင့် အီဂျစ်တို့က အာရေဗျကျွန်းဆွယ်သို့ ဝင်ရောက်တိုက်ခိုက်ရေးပြင်ဆင်မှုတစ်ရပ်အဖြစ် ယီမင်ကမ်းရိုးတန်းမဟာဗျူဟာရေလက်ကြားဘက်(ဘ်) အဲမန်ဒက်ကမ်းလွန်တွင် စစ်သင်္ဘောများဖြန့်ကြက်ချထားသည်။

**၂၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူအမျိုးသားတက္ကသိုလ်ယဉ်ကျေးမှုစင်တာ၌ပြုလုပ်သည့် စင်ကာပူနိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယူ၏ ဈာပနအခမ်းအနားသို့ တက်ရောက်သည်။

ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် မန္တလေးမြို့တည်နန်းတည် သမိုင်းဝင်သတ္တဌာနအဆောင်တော်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စင်ကာပူနိုင်ငံ တည်ထောင်သူ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူ၏ ဈာပနအခမ်းအနားသို့ ကမ္ဘာ့ခေါင်းဆောင်များ အပါအဝင် ပရိသတ်တစ်သန်းခန့် လာရောက် ဂါရဝပြုကြသည်။

**၃၀** ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ချုပ်ဆိုနိုင်ရေး ဆွေးနွေးပွဲ သတ္တမမြောက်နေ့တွင် စာချုပ်နောက်ဆုံးမူကြမ်းတွင် ပါဝင်သည့် အချက်အားလုံးကို နှစ်ဖက်သဘောတူညီမှုရရှိသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံမှ ထိပ်သီးခေါင်းဆောင်များသည် တီဟီရန်၏ နျူကလီးယားပြဿနာ အဆုံးသတ်ရေးစာချုပ်ချုပ်ဆိုရန် အတွက် ကြိုတင်သဘောတူညီမှု ပြုလုပ်ရန် ဆွစ်ဇာလန်နိုင်ငံ လော့ဆိန်းမြို့၌ တွေ့ဆုံဆွေးနွေးသည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ၌ မဲလိမ်မှုများရှိခဲ့သည်ဟုဆိုကာ အတိုက်အခံပါတီ ထောက်ခံသူများက ဆန္ဒကျင်ဆန္ဒပြခဲ့ကြပြီး ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရန် တိုက်တွန်းသည်။

**၃၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရန်ကုန်မြို့ရှိ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာ၌ ကျင်းပသည့် ပြည်ထောင်စု



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (မူကြမ်း) လက်မှတ်ရေးထိုးပွဲ တက်ရောက်စဉ်**

ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကိုနှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးဖြစ်ကြောင်း အတည်ပြုချက်လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပါကစ္စတန်ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မိုဟာမက်ဇာကော်လာအဲန်အိုင်ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

## ဧပြီလ

**၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နံနက်ပိုင်းတွင်လည်းကောင်း၊ အမေရိကန်အောက်လွှတ်တော်အမတ်မစ္စနန်စီပီလိုစီဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို မွန်းလွဲပိုင်းတွင်လည်းကောင်း နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

လာအိုနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးဆက်လက်ထွက်ခွာသွားသော ဒုတိယသမ္မတဦးညာဏ်ထွန်းနှင့်ဇနီး ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီးမစ္စတာဟော်နမ်ဟောင်နှင့် တွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်အောက်လွှတ်တော်အမတ်မစ္စနန်စီပီလိုစီဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

နိုင်ဂျီးရီးယားနိုင်ငံသမ္မတရွေးကောက်ပွဲတွင် စစ်ဘက်

ခေါင်းဆောင်ဟောင်း မစ္စတာဘူဟာရီသည် လက်ရှိသမ္မတဂွတ်လပ်ဂျိုနသန်ကိုအနိုင်ရရှိကာ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် ပထမဆုံးသော အတိုက်အခံပါတီခေါင်းဆောင်ဖြစ်လာသည်။

ရုရှားနိုင်ငံ Okhotsh Sea ၌ လူ ၁၃၂ ဦး လိုက်ပါသည့် ရုရှားငါးဖမ်းသင်္ဘောနစ်မြုပ်ရာ ၅၆ ဦး သေဆုံး၍ ၆၃ ဦးကယ်တင်နိုင်ခဲ့ကာ ၁၃ ဦး ပျောက်ဆုံးနေပြီး သင်္ဘောတွင် မြန်မာနိုင်ငံသား ၄၂ ဦး လိုက်ပါသွားခဲ့ကြောင်း ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးက သတင်းထုတ်ပြန်သည်။

**၂** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် Myanmar Software Showcase 2015 ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ငြိမ်းချမ်းရေးနန်းတော် ၌ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးသည်။

ကင်ညာနိုင်ငံ ဂါရစ္စတက္ကသိုလ်တွင် အယ်လ်ရှာဘတ်စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် လူ ၁၄၈ ဦး သေဆုံးခဲ့ပြီး ၇၉ ဦး ဒဏ်ရာရရှိခဲ့ရာ သေဆုံးသူ အားလုံးနီးပါးမှာ ကျောင်းသားများဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

**၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် Myanmar Software Showcase 2015 သို့ တက်ရောက်ချီးမြှင့်အားပေးသည်။

လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁၈) သူရတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယင်းကျောင်းစစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပုံ့ချိ စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

**၄** အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပသော ရှေ့တန်းရောက်တပ်မတော်သားများ၊ နိုင်ငံတော်အတွက်အသက်ပေးလှူခဲ့သူတို့၏ မိသားစုဝင်များ၊ ဒဏ်ရာရကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒဏ်ရာရသတင်းသမားများကို ဂုဏ်ပြုထောက်ပံ့ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

**၅** အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူနေသော လောက်ကိုင်တိုက်ပွဲများ၌ ဒဏ်ရာရတပ်မတော်သားများကိုတွေ့ဆုံ၍ ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

လာအိုပြည်သူ့တပ်မတော်မှ Colonel Saisamone SALAPSENG ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ ဖျော်ဖြေပွဲအခမ်းအနားကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် သဘင်ဆောင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့ တက်ရောက်အားပေးသည်။

**၆** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စစ်ကိုင်းတိုင်းဒေသကြီးရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် လည်းကောင်း၊ ဟုမ္မလင်း၊ ဖောင်းပြင်နှင့် ရွှေပြည်အေးမြို့နယ်တို့မှ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်

သာယာရေးကော်မတီဝင်များနှင့်လည်းကောင်း တွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၂) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် လာအိုပြည်သူ့တပ်မတော်မှ Colonel Saisamone SALAPSENG ဦးဆောင်သည့် ချစ်ကြည်ရေးယဉ်ကျေးမှုအဖွဲ့ကို နေပြည်တော် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိ ပုဂ္ဂလိက လက်ဖက်ခြံတစ်ခြံကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုအခြေအနေများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုများကိုလည်းကောင်းကြည့်ရှုစစ်ဆေးသည်။ ထို့နောက် သီတဂူစက္ခုဆေးရုံတော်သို့ ရောက်ရှိကာ မိုင်းကိုင်ကျောင်းတိုက်ဆရာတော်အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ခန္တီးမြို့သို့ ဆက်လက်ထွက်ခွာကာ ခန္တီးရိပ်သာ၌ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံသည်။

တရုတ်နိုင်ငံ နန်ကျင်းမြို့တော်ဝန်ဟောင်း ဂျိဂျန်ဖီကို ၁၉၉၉ နှင့် ၂၀၁၃ ခုနှစ်အတွင်း ယွမ် ၁၁ ဒသမ ၃ သန်း တန်ဖိုးခန့် လာဘ်စားခဲ့သည့်အတွက် ယန်ထိုင်တရားရုံးက ထောင်ဒဏ် ၁၅ နှစ် ချမှတ်လိုက်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၈ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ခန္တီးမြို့နယ်ပြည်သူ့ဆေးရုံရှိ လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဇီးဖြူကုန်းရပ်ကွက်ရှိ ခုတင် ၅၀ ဆံ့ တိုးချဲ့ဆေးရုံသစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ခန္တီးမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းသို့ သွားရောက်စစ်ဆေးကာ ခန္တီးမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းတိုက်၊ မြသိန်းတန်စေတီတော်သို့ သွားရောက်ဖူးမြော်ကြသည်။

ပြည်သူတစ်ဦး မှတ်တမ်းတင်ခဲ့သည့် ရုပ်သံဖိုင်အရ အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားတွင် ရဲအရာရှိ မိုက်ကယ်ဆလက်ဂါက ဝက်တာစကော့ဆိုသူကို သေနတ်ဖြင့် ပစ်သတ်ခဲ့သဖြင့် အဆိုပါရဲအရာရှိကို ဖမ်းဆီးတရားစွဲဆိုထားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

၉ အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၂/၂၀၁၅) ဖြင့် မွန်ပြည်နယ် ဗမာတိုင်းရင်းသား



**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့်
နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံရေးပါတီခေါင်းဆောင်များ**

ရေးရာဝန်ကြီး ဦးသက်ဝင်းကို မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ပူးတွဲတာဝန်ပေးခြင်းမှ ပယ်ဖျက်ပြီး အမိန့်အမှတ် (၃/၂၀၁၅) ဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းကို မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသည်။

**၁၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်တို့သည် နိုင်ငံတော်သမ္မတအိမ်တော်၊ ငုရွှေဝါခန်းမ၌ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း မာဇာအီးရှာရစ်မြို့၌ တာလီဘန်သေနတ်သမားလေးဦးက ရှေ့နေချုပ်ရုံးကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ ရဲအရာရှိချုပ်အပါအဝင် အနည်းဆုံးလူ ၁၀ ဦး သေဆုံးပြီး ၆၅ ဦးထက်မနည်း ဒဏ်ရာရရှိကာ သေနတ်သမားလေးဦးမှာလည်း အာဖဂန်လုံခြုံရေးတပ်များ၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အမေရိကတိုက်နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ကျူးဘားသမ္မတ ရာအူးလ်ကက်စထရိုတို့ လက်ဆွဲနှုတ်ဆက်ကြပြီး ခဏတာမျှ စကားပြောဆိုကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၁၁** မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်တွင် လက်ပံတန်းကျောင်းသားသပိတ်အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့် ဖမ်းဆီးခံကျောင်းသားများ၊

ပြည်သူများ ပြန်လည်လွတ်မြောက်စေရေးအတွက် တရားဝင်ခွင့်ပြုချက်ရယူကာ ကျောင်းသား ၂၆ ဦးတို့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒပြသည်။

ဟီလာရီကလင်တန်သည် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ၎င်းသာ ရွေးချယ်ခံရပါက ထူးချွန်ထက်မြက်သည့် သမ္မတတစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း သမ္မတဘားရက်အိုဘားမားက ပြောကြားသည်။

**၁၂** ရုရှားနိုင်ငံအရှေ့ဖျားပိုင်း Okhotsk ပင်လယ်ပြင်အတွင်း ဧပြီလ ၁ ရက်က နစ်မြုပ်သွားခဲ့သည့် ရုရှားငါးဖမ်းသင်္ဘော Dalniy Vostok မှ အသက်ရှင်ကျန်ရစ်သည့် မြန်မာသင်္ဘောသား ၂၂ ဦးတို့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဘရာဇီးနိုင်ငံတစ်ဝန်းတွင် အစိုးရ၏ အကျင့်ပျက်ခြစားမှုကို ကန့်ကွက်သည့် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ကြောင်း၊ ဆန္ဒပြသူအများစုက ဘရာဇီးသမ္မတ ဒိုင်လ်မာရိုဆက်ဖ်ကို စွဲချက်တင်ရန် တောင်းဆိုကြကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၃** ၁၃၇၆ ခုနှစ် ရန်ကုန်မြို့တော် မြန်မာ့ရိုးရာမဟာသင်္ကြန်အကြိုနေ့အဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်နှင့် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်တို့တွင် ဖွင့်ပွဲအခမ်းအနားများ ကျင်းပသည်။

**၁၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့နှင့်အတူ နိုင်ငံတော်သမ္မတအိမ်တော်တွင် ကျင်းပသည့် ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲသည်။

**၁၅** ကိုးကန့်သောင်းကျန်းသူ အင်အား ၂၅၀ ခန့် အခိုင်အမာခံစစ်ဆင်ထားသည့် ပါစင်ကျော် အရှေ့မြောက်ဘက်ခြမ်းရှိ ပေ ၅၁၀၀ ကျော်မြင့်မားသော ပွိုင့်-၁၅၈၄ တောင်ကုန်းကို တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ရရှိသည်။

**၁၆** ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်ဇနီးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်၌ ရေသဘင်ပွဲဆင်နွှဲနေမှုများကို တက်ရောက်အားပေးပြီး ယိမ်းအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ယူကရိန်းပါလီမန်၏ ဒုတိယဥက္ကဋ္ဌဟောင်းနှင့် ယူကရိန်းနိုင်ငံရေး အတိုက်အခံခေါင်းဆောင် အိုလက်ဂ်ျကလက်ရှ်နီကော့ဗ်ကို ကီယက်ဗ်မြို့အတွင်း သေနတ်ဒဏ်ရာများဖြင့် သေဆုံးလျက် တွေ့ရှိရကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံ၏ အစည်ကားဆုံးပွဲတော်ဖြစ်သော ထိုင်းဆွန်ခရန် (ထိုင်းသင်္ကြန်ပွဲတော်) ၆ ရက်တာ ကာလအတွင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၃၀၀ ကျော် အထိရှိကြောင်း ထိုင်းဘီဘီအက်စ်သတင်းတွင် ဖော်ပြသည်။

**၁၇** ယီမင်နိုင်ငံတောင်ပိုင်း ဟာဒရာမောပြည်နယ် မူခါလာမြို့




**သမ္မတဒိုင်လ်မာရိုဆက်ဖ်ကို စွဲချက်တင်ရန် တောင်းဆိုနေကြသော ဘရာဇီးပြည်သူများ**

အဓိကလေဆိပ်ကို အယ်လ်ခိုင်ဒါ စစ်သွေးကြွများက သိမ်းပိုက်လိုက်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နှင့် အငြင်းပွားလျက်ရှိသော တောင်တရုတ်ပင်လယ်အတွင်းရှိ စပရက်လေကျွန်းပေါ်၌ လေယာဉ်ပြေးလမ်းတစ်ခုတည်ဆောက်နေပုံ ဂြိုဟ်တုဓာတ်ပုံများပေါ် ထွက်လာပြီးနောက် အာရှ-ပစိဖိတ်ဒေသတွင်း စိုးရိမ်ပူပန်မှုများမြင့်တက်လာကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

**၁၈** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများ၊ မီဒီယာများနှင့်အတူ လားရှိုးတပ်နယ် တပ်မတော်ဆေးရုံသို့သွားရောက်၍ လောက်ကိုင်ဒေသတိုက်ပွဲများတွင် ထိခိုက်ဒဏ်ရာရရှိပြီး ဆေးကုသမှုခံယူနေသော အရာရှိစစ်သည်များကို ဂုဏ်ပြုအားပေးစကားပြောကြားကာ ထောက်ပံ့ငွေပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို တစ်ဦးချင်းပေးအပ်သည်။

**၁၉** အီဂျစ်တပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်ဒေသနယ်စပ်ရှိ ဒါဇင်ပေါင်းများစွာသော ဥမင်လိုဏ်ခေါင်းများကို ဖြိုချဖျက်ဆီးလိုက်ကြောင်း ပရက်စ်တီဗွီသတင်းတွင်ဖော်ပြသည်။

**၂၀** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ၁၉၅၅ အာရှ- အာဖရိက ညီလာခံ၏ နှစ် (၆၀)မြောက် အထိမ်းအမှတ် အာရှ-အာဖရိကထိပ်သီး အစည်းအဝေးသို့တက်ရောက်ရန် အဖွဲ့ဝင်များနှင့်အတူ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသည်။

**၂၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် ဒေသစံတော်ချိန်ညနေလေးနာရီတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ကွန်ဗင်းရှင်းစင်တာ၌ တွေ့ဆုံဆွေးနွေးသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဂျကာတာမြို့ရှိ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၁၀) နှစ်ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံဖွင့်ပွဲနှင့် မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်သည်။

ယီမင်နိုင်ငံအတွင်း ဟူသီသူပုန်များကို ဆော်ဒီအာရေဗျဦးဆောင်သော လေကြောင်းတိုက်ခိုက်မှုအဆုံးသတ်ပြီး လူသားချင်းစာနာမှုအကူအညီပေးရန် အီရန်နိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းဆော်ဩသည်။

**၂၃** အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆူရှီးကွိုင်ရာလာနှင့် တွေ့ဆုံသည်။

**၂၄** ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒီမိုကရေစီရေး ဆိုင်ရာ မိတ်ဖက်အဖွဲ့ (Partnership Group for Peace, Development and Democracy in Myanmar-PGM) အစည်းအဝေးကို နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ကျင်းပရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၊ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေနမ်ဘီးယား၊ PGM အဖွဲ့ဝင် ၁၅ နိုင်ငံမှ အမြဲတမ်းကိုယ်စားလှယ်များ၊ ဒုတိယ အမြဲတမ်းကိုယ်စားလှယ်များနှင့် အမေရိကန်နိုင်ငံ ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီးနှင့် မြန်မာ ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်သည်။

**၂၅** အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအထောက်အကူပြုနိုင်ရန်အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် အလုပ်ရှင်ကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂျပန်အစိုးရ၏ နျူကလီးယားစွမ်းအင် တိုးမြှင့်သုံးစွဲမည့်မူဝါဒကို ဆန့်ကျင်သောအားဖြင့် ဝန်ကြီးချုပ်ရုံးပေါ်တွင် ရေဒီယိုသတ္တိကြွစေသည့် သဲလွန်စပစ္စည်းများ တင်ဆောင်ထားသော မောင်းသူမဲ့လေယာဉ်ငယ်တစ်စင်းကို ပျံသန်းမောင်းနှင်နေသူတစ်ဦး ဖမ်းဆီးခံခဲ့ရကြောင်း ဂျပန်မီဒီယာများတွင် ဖော်ပြသည်။

၂၆ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာနဝန်ကြီး မစ္စတာဝမ်ကျားရွှေ့နှင့် ကျောက်ယူထိုင်နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံသည်။

၂၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကွာလာလမ်ပူကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့်(၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မွန်းလွဲပိုင်းတွင် ကွာလာလမ်ပူမြို့မှ လန်ကာဝီသို့ လေကြောင်းခရီးဖြင့် ဆက်လက် ထွက်ခွာကာ ဒေသစံတော်ချိန် ညခုနစ်နာရီတွင် လန်ကာဝီကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၂၆) ကြိမ်မြောက် အာဆီယံထိပ်သီးသီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းသည် ကွာလာလမ်ပူကွန်ဗင်းရှင်းစင်တာ (Plenary Theatre) ၌ ကျင်းပသည့် လူမှုစီးပွားရေးမှတစ်ဆင့် တောင့်တင်းခိုင်မာစေခြင်းဖိုရမ်သို့ တက်ရောက်သည်။

လူမျိုးရေးပြို့ကွဲမှုများနှင့် ရင်ဆိုင်နေရသည့် ဆိုက်ပရပ်စ်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဒါဗစ်အာဂိုဂလူ ရှုံးနိမ့်သွားပြီး လက်ဝဲနိုင်ငံရေးသမားဖြစ်သူ မူစကာဖာကင်စီ အနိုင်ရရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

၂၈ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များသည် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့နှင့် လန်ကာဝီမြို့တို့၌ကျင်းပသည့် (၂၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီးနောက် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

လွန်ခဲ့သည့်နှစ်က လူပေါင်း ၃၀၄ ဦး သေဆုံးခဲ့သည့် တောင်ကိုရီးယားကူးတို့သင်္ဘော Sewol နစ်မြုပ်မှု၌ တောင်ကိုရီးယားကူးတို့သင်္ဘောကပ္ပတိန်တွင် အပြစ်ရှိကြောင်း အယူခံရုံးက တွေ့ရှိခဲ့သဖြင့် ထောင်ဒဏ်တစ်သက်ချမှတ်ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

၂၉ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရုံးချုပ်အဆောက်အအုံ ရုံးခန်း၌ ကျင်းပသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် (၅) ကြိမ်မြောက် အာဆီယံဆေးတပ်ဖွဲ့ အကြီးအကဲများ စုံညီအစည်းအဝေး (5th ASEAN Chief of Military Medicine Conference-5th ACMMC) သို့ တက်ရောက်ကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဆေးတပ်ဖွဲ့ကိုယ်စားလှယ်များကို ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များသည် ဘိုကိုဟာရမ်စစ်သွေးကြွအုပ်စုနေထိုင်ရာဒေသ ဆမ်ဘီဆာတောအုပ်အတွင်းမှ အမျိုးသမီး ၃၀၀ နီးပါးကို ကယ်တင်နိုင်ခဲ့ပြီး အဆိုပါ အမျိုးသမီးများမှာ ၂၀၁၄ ခုနှစ်က ချီဘော့ကျောင်းမှ ပြန်ပေးဆွဲခံရသော မိန်းကလေးများမဟုတ်ဘဲ ဓားစာခံ ဖမ်းဆီးခံထားရသူ အများစုသာ ဖြစ်ကြောင်း နိုင်ဂျီးရီးယား ဗိုလ်ချုပ်ကြီး ခရစ်အိုလူကိုမာဒီ၏ ပြောကြားချက်ကို ဘီဘီစီသတင်းတွင် ဖော်ပြသည်။

## မေလ

၁ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်သည် ကမ္ဘာ့အလုပ်သမားနေ့အခမ်းအနားသို့ သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့ Carnegie Endowment ရုံးချုပ်၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ ရွေးကောက်ပွဲဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်သည်။

၂ ကဆုန်လပြည့် ဗုဒ္ဓနေ့ အထိမ်းအမှတ်ဇောတိဉောင်ရေသွန်းလောင်းခြင်းနှင့် ဗုဒ္ဓနေ့အထိမ်းအမှတ်အခမ်း

အနားကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်)တွင် ကျင်းပသည်။

၃ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြင်ဦးလွင်မြို့ ကင်းထောက်မောင်မယ်စခန်း၌ ကျင်းပသည့် တတိယအကြိမ်ကင်းထောက်မောင်မယ်များ တောတွင်းစခန်းချတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အဖွဲ့ဝင်များသည် ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

မြန်မာနိုင်ငံမှ သတင်းစာဆရာ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)သည် လတ်ဗီးယားနိုင်ငံ ရီဂါမြို့၌ကျင်းပသည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ် UNESCO/Guillermo Cano ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့် ဆုပေးပွဲသို့ နိုင်ငံတကာ ဂျူရီ (ဆုအကဲဖြတ်) အဖွဲ့ဥက္ကဋ္ဌအဖြစ် တက်ရောက်အမှာစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် UNESCO တို့ပူးပေါင်း၍ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel ၌ ကျင်းပသည်။

အရှေ့တရုတ်ပင်လယ် ဆန်ကာကူကျွန်းအနီးတစ်ဝိုက်ရှိ ဂျပန်ရေပိုင်နက်ထဲသို့ တရုတ်ကမ်းခြေစောင့်သင်္ဘောသုံးစင်း ကျူးကျော်ဝင်ရောက်လာခဲ့ကြောင်း



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့် မစ္စတာဘန်ကီမွန်းတို့ တွေ့ဆုံစဉ်**

ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

၄ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပုသိမ်မြို့သို့ရောက်ရှိပြီး ပုသိမ်လေဆိပ်တွင် ဖွင့်လှစ်ထားသည့် မြန်မာ့လေကြောင်း အကယ်ဒမီသင်တန်းကျောင်းရှိ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နေပြည်တော် ရေဆင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနရုံးဝင်းအတွင်းရှိ တောင်သူလယ်သမားရုပ်သံလိုင်းစတူဒီယိုဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်သည်။

၅ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ပုသိမ်မြို့ငွေဆောင်ကမ်းခြေရှိ ပုလဲငွေဆောင်ဟိုတယ်ညီလာခံခန်းမ၌ ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း (ငွေဆောင်) မှ ဘက်စုံပညာထူးချွန် လူငယ်မောင်မယ်များနှင့် တွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂ ရုံးချုပ်၌ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် တွေ့ဆုံသည်။

၆ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာချန်ဟောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ကမ္ဘာ့ဘဏ်၏အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မစ္စတာအက်ဇဲလ်ဗန်ထရော့ဇန်ဘာ့ခ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အကြီးအကဲ မစ္စတာ ဘော့ရစ်မစ်ချယ်ဦးဆောင်သော အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသား လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံနှင့် ဆာဘီးယားသမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

**၇** ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် ဘက်စုံပညာ ထူးချွန်လူငယ်စုပေါင်းစခန်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် ရွေးကောက်ပွဲတွင် ၎င်း၏ လီကွတ်ပါတီ အနိုင်ရပြီးနောက် ခုနစ်ပတ်အကြာတွင် ညွန့်ပေါင်းအစိုးရဖွဲ့ရန် သဘောတူလိုက်သည်။

ဂျပန်နိုင်ငံက ၁၉ ရာစု စက်မှုအဆောက်အအုံများကို ကုလသမဂ္ဂကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်နေရာအဖြစ် သတ်မှတ်ပေးရန် ကြိုးစားမှုကို တောင်ကိုရီးယားနိုင်ငံက သမိုင်းဝင်အချက်များကို မမှန်မကန်ဖော်ပြသည်ဟုဆိုကာ ပြစ်တင်ရှုတ်ချလိုက်ပြီး ယင်းအဆောက်အအုံများတွင် ကိုရီးယားလူမျိုးချွေးတပ်သားများ၏ လုပ်အားကို အတင်းအကျပ်သုံးခဲ့ကြောင်း ဖွင့်ချသည်။

**၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ကျိုင်းတုံမြို့ ကက်သလစ်သာသနာပြုကျောင်းတိုက်၌ ကျိုင်းတုံကက်သလစ်သာသနာ့ဂိုဏ်းအုပ်ဆရာတော်နှင့် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ အသင်းတော်မှ သင်းအုပ်ဆရာများ၊ ခရစ်ယာန်လူငယ်များကို တွေ့ဆုံနှုတ်ဆက်ပြီး ဆက်လက်၍ ကျိုင်းတုံမြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် 'ဝ' အထူးဒေသ (၂) မှ ဦးပေါက်ယူရီဦးဆောင်သည့်အဖွဲ့ကိုလည်းကောင်း၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) ဥက္ကဋ္ဌ ဦးရွက်ဆစ် ဦးဆောင်သော အဖွဲ့ကိုလည်းကောင်း၊ မိုင်းလား အထူးဒေသ (၄) ဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သောအဖွဲ့ကိုလည်းကောင်း ကျိုင်းတုံမြို့ ရွှေတြိဂံရိပ်သာ၌ သီးခြားစီ တွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် နေပြည်တော် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဗြိတိန်နိုင်ငံရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်း၏

ကွန်ဆားဗေးတစ်ပါတီအနိုင်ရရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။



**ရွေးကောက်ပွဲတွင်အနိုင်ရရှိသွားသော ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်း**

**၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ လွန်နသမ်ပြည်နယ်၊ လောင်းခရိုင် ဇင်းကုတ်မြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် မြန်မာ-လာအို ချစ်ကြည်ရေးတံတား ဖွင့်ပွဲသို့ တက်ရောက်သည်။

ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့အင်းလျားလိတ်ဟိုတယ်၌ ကျင်းပရာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ အမြန်ဆုံးစတင်နိုင်ရေး သဘောတူညီကြသည်။

ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံသည် ရေအောက်ရှိ ရေငုပ်သင်္ဘောမှ မဟာဗျူဟာတိုက်ချင်းပစ်ဒုံးကျည်ကို အောင်

လိုက်ဘေးရီးယားနိုင်ငံတွင် လူပေါင်း ၄,၇၀၀ ကျော် သေဆုံးစေသည့် အီဘိုလာရောဂါ ထပ်မံဖြစ်ပွားမှုမရှိတော့ဘဲ ၄၂ ရက်ကြာပြီးနောက် အီဘိုလာရောဂါကင်းစင်သွားပြီဖြစ်ကြောင်း လိုက်ဘေးရီးယားအစိုးရနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က ကြေညာသည်။

**၁၀** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပဲခူးတိုင်းဒေသကြီး ကညွတ်ကွင်းနှင့်ဖြူးမြို့တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကယ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယူကရိန်းအရှေ့ပိုင်းဒေသငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အခက်အခဲများရှိသော်လည်း တိုးတက်မှုရှိကြောင်း ပြောကြားသည်။

**၁၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ တောင်သူပညာပေးအဆင့်မြင့် လယ်ယာမြေဧက ၅၀၀ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ-လာအိုနယ်စပ်ပါလျှို-ကျိုင်းလပ်ဒေသ ဖွံ့ဖြိုးရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီအထွေထွေအတွင်းရေးမှူး မစ္စတာယန်ကျင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီအထွေထွေအတွင်းရေးမှူး မစ္စတာယန်ကျင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်အစည်းအဝေးခန်းမ၌တွေ့ဆုံကာ နှစ်နိုင်ငံ ဆွေးနွေးပွဲ ကျင်းပသည်။

**၁၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ် မစ္စတာဗီကေရာဂျာ့ ၏ အက်စ်စီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့အားကစားကွင်း၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးနေ့ လှုပ်ရှားမှုအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (ဘီ) ၌ ကျင်းပသည့် ပထမအကြိမ် အာရှ အသက် (၂၃) နှစ်အောက်အမျိုးသားဘော်လီဘော ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

နီပေါနိုင်ငံတွင် ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိ မြေငလျင်ကြီး ထပ်မံလှုပ်ခတ်ခဲ့သဖြင့် အနည်းဆုံး ၆၅ ဦး သေဆုံးကာ ၂,၀၀၀ နီးပါး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**၁၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်ဝန်ကြီးချုပ်၏အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဟီရိုတို အီဇူမီဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ညီလာခံခန်းမ၌ ကျင်းပသည့် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်နိုင်ငံနှင့် ဆားဘီးယားနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

**၁၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံ အခြေစိုက် ဝုဒ်ဆိုက်ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာ ပီတာကိုးလ်မန်းဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် တရုတ်နိုင်ငံသို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် သုံးရက်ကြာခရီးစဉ်စတင်သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု၏ လက်ယာယိမ်းညွန့်ပေါင်းအစိုးရသစ်သည် ကျမ်းသစ္စာကျိန်ဆိုပြီး ငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးကွာဟမှု ကျဉ်းမြောင်းရေး လုပ်ဆောင်သွားရန် ကတိပြုပြောကြားသည်။

**၁၅** ၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ၏ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားနှင့် နိုင်ငံ့စွမ်းဆောင်ရှင်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေစံအိမ်ဟိုတယ်၌ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့ ပူးပေါင်းကျင်းပသည့် ဒုတိယကမ္ဘာစစ် အောင်မြင်ခြင်းနှစ် (၇၀) ပြည့် အထိမ်းအမှတ်ညစာစားပွဲသို့တက်ရောက်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကမ္ဘာလုံးဆိုင်ရာအမျိုးသမီးများကဏ္ဍရုံးမှ အမေရိကန်သံအမတ်ကြီး မစ္စစ်ကက်သရင်းအမ်ရပ်ဆဲလ်ကိုလည်းကောင်း၊ ကိုရီးယားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကိုရီးယား-မြန်မာချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌ Mr.PARK Byeong-Seug ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကိုလည်းကောင်း နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအရ တိုးတက်ပြောင်းလဲလာမှုနှင့် ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပပညာရှင်များပါဝင်ဆွေးနွေးသည့် The Economist

Events ၏ Myanmar Summit ကို ရန်ကုန်မြို့ ကမ်းနားဟိုတယ်၌ ကျင်းပသည်။

**၁၆** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျောက်တံခါးမြို့သို့ဆက်လက်ထွက်ခွာလာကာ ဥတ္တမာရုံစာသင်တိုက်၌ ကျောက်တံခါးမြို့နယ်မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီပညာရှင်အကြံပေးအဖွဲ့နာယက (၁) ဆရာကြီး ဦးသန်းဦးကို အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီ တက္ကသိုလ်မှ လူမှုအကျိုးပြုဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ချီးမြှင့်သည်။

အီဂျစ်တရားရုံးတစ်ရုံးက အီဂျစ်သမ္မတဟောင်း မိုဟာမက်မော်စီနှင့် မွတ်ဆလင်ညီနောင်အုပ်စုဝင် ၁၀၀ ကျော်တို့ကို ၂၀၁၁ ခုနှစ်ဆူပူအုံကြွမှုကာလက အကျဉ်းထောင်ဖောက်ရာတွင် ပါဝင်ပတ်သက်မှုဖြင့် သေဒဏ်ချမှတ်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၁၇** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတိုးချဲ့ပြုပြင်မွမ်းမံဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**၁၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုင်ငံရေးပါတီခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော်ရှိ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ငြိမ်းချမ်းရေးတိုးတက်မှုဖြစ်စဉ်၊ ယာယီသက်သေခံလက်မှတ် (White Card) ကိစ္စ၊ ဒေသတွင်းနိုင်ငံများတွင်ဖြစ်ပေါ်နေသည့် လူကုန်ကူးမှုပြဿနာစသည့်ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများနှင့်နိုင်ငံတကာသံတမန်များတွေ့ဆုံပွဲကို ရန်ကုန်မြို့ရှိ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာ၌ ကျင်းပသည်။

မြောက်ကိုရီးယားသည် ၎င်း၏ နျူကလီးယားလက်နက်ထုတ်လုပ်ရေးအစီအစဉ်များကို ထိန်းချုပ်ရေးအတွက် အမေရိကန်နှင့် ဆွေးနွေးရန် အလှမ်းဝေးနေဆဲဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီက ပြောကြားသည်။

**၁၉** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံခြားဆက်ဆံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E.Mr.CHEN FENGXIANG ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတဦးညဏ်ထွန်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာသဘာဝအခြေခံခရီးသွားလုပ်ငန်းကွန်ဖရင့်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်သည် ဥပဒေအမှတ် (၂၇) ဖြင့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥပဒေ၊ ဥပဒေအမှတ် (၂၈) ဖြင့် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုဥပဒေ၊ ဥပဒေအမှတ် (၂၉) ဖြင့် ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေတို့ကို ပြဋ္ဌာန်းသည်။

ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြားတို့၌ ဖြစ်ပေါ်လျက်ရှိသည့် ရွှေ့ပြောင်းအခြေချလိုသူများ၊ ပင်လယ်တွင်းလှေစီးဒုက္ခသည်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ သဘောထားနှင့်ဆောင်ရွက်မှုအခြေအနေကိုနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ကိုလံဘီယာအနောက်မြောက်ပိုင်းရှိ ဆယ်ဂါဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူ ၄၀ ထက်မနည်းသေဆုံးပြီး လူပေါင်းများစွာ ပျောက်ဆုံးလျက်ရှိသည်ဟု ဒေသအာဏာပိုင်များက ပြောကြားသည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာ မာကယ်နှင့် ပြင်သစ်သမ္မတ ဖရန်ဆွာ ဟော်လန်တို့သည် ဘာလင်၌ ဆွေးနွေးမှုများအပြီး ဥရောပသို့ရွှေ့ပြောင်းနေထိုင်မှုနှင့်ဒုက္ခသည်ပြဿနာများကို ဖြေရှင်းနိုင်ရန် လူမှောင်ခိုကူးမှုနှိမ်နင်းရန်လိုအပ်ကြောင်း ပြောကြားသည်။

၂၀ အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာနက နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ရွှေစပါးနှံ ဂုဏ်ပြုဆု ချီးမြှင့်ခြင်းအခမ်းအနားနှင့် မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာအစီအမံ စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို နေပြည်တော်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် စစ်တွေမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မြေထဲပင်လယ်တောင်ပိုင်းရှိ ငါးဖမ်းစက်လှေတစ်စင်းပေါ်မှ တရားမဝင်ရွှေ့ပြောင်းသွားလာသူ ၂၉၇ ဦးကို ပြင်သစ်ရေတပ် ကင်းလှည့်သင်္ဘောက ကယ်ဆယ်ခဲ့ကြောင်း ပြင်သစ်ရေတပ်ဖွဲ့က ပြောကြားသည်။

၂၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအန်တိုနီဘလင်ကန် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် စစ်တွေမြို့ရှိ ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာရုံး၌ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့်နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ပြည်နယ် အဆင့်တာဝန်ရှိသူများကို တွေ့ဆုံကာ ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် သမ္မတအိမ်တော် ဒုတိယသမ္မတဦးစီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမစ္စတာအန်တိုနီဘလင်ကန်ကို ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သင်္ဘောကွေ့ကျေးရွာအနောက်ဘက်ပင်လယ်ပြင်၌ စက်လှေနှစ်စင်းနှင့်အတူ ပင်လယ်တွင်း လှေစီးဒုက္ခသည်ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၈ ဦးကို တပ်မတော်ရေယာဉ်ကတွေ့ရှိခဲ့သဖြင့်ထိန်းသိမ်းခေါ်ဆောင်ပြီး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြသည်။

၂၂ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော် ရာဇသင်္ဂဟလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၌ ကျင်းပသည့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်) ပထမအဆင့်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်သည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B) ၌ကျင်းပသည့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့အားကစားအဖွဲ့ကို အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။

၂၃ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ရှိ မိတ္ထီလာ(မြောက်) ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း စတင်သည့် အခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ကျင်းပသည့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူဘောင်ရေးဆွဲရေး

ဆိုင်ရာအကြံပြုအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက် မိန့်ခွန်းပြောကြားသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် မြောက်ကိုရီးယားနှင့် အီရန်တို့ဘက်က ပစ်လွှတ်မည့် ဒုံးကျည်များကို ဟန့်တားရန်နှင့် ပိုမိုကောင်းမွန်သော အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုကို ထောက်ပံ့ပေးနိုင်မည့် ရေဒါအသစ်တစ်ခုကို အလက်စကာအလယ်ပိုင်းတွင် ဖြန့်ကြက်ချထားရန် အစီအစဉ်ကို ကြေညာသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်နှင့် တယ်လီဂါနာပြည်နယ်များ၌ အပူလှိုင်းကျရောက်မှုကြောင့် လူပေါင်း ၁၅၀ ကျော် သေဆုံးသွားကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**၂၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဘူးကိုင်း (စံပြ) ကျေးရွာ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရှင်မပြုရသေးသော တိုင်းရင်းသားပေါင်းစုံ ရှင်သာမဏေလောင်းလျာ ၇,၀၀၀ ကျော်တို့အား ရှင်ပြုခြင်းမဟာကုသိုလ်အလှူတော်မင်္ဂလာအောင်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော် ဇေယျာသီရိဗိမာန်၌ကျင်းပသည့် ရေကြောင်းလူငယ်မောင်မယ်နှင့် လေကြောင်း လူငယ်မောင်မယ်များကို ဂုဏ်ပြုတွေ့ဆုံပွဲသို့တက်ရောက် နှုတ်ခွန်းဆက်စကားပြောကြားသည်။

**၂၅** ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် လားရှိုးမြို့ နည်းပညာတက္ကသိုလ် သိပ္ပံရတနာခန်းမ၌ လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**၂၆** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းအချက်အလက်ဌာန ဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (ရန်ကုန်ရုံးခွဲ) ရုံး၌ ကျင်းပသည်။

မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် စက်လှေဖြင့်မျောပါလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၀ ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်ပို့ရန် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

**၂၇** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗိဂျေနမ်ဘီးယားဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အစ္စရေးဘက်သို့ ဒုံးကျည်လေးစင်းပစ်ခတ်ခဲ့မှုအပေါ် လက်တုံ့ပြန်သောအားဖြင့် အစ္စရေးလေယာဉ်များက ဂါဇာကမ်းမြောင်ဒေသရှိ စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးအဆောက်အအုံများအပေါ် ဒုံးကျည်များဖြင့် တိုက်ခိုက်သည်။

ဖီဖာဘောလုံးအဖွဲ့ချုပ်၏ အုပ်ချုပ်ရေးပိုင်းတွင် အကျင့်ပျက်ခြစားသည်ဟု သံသယရှိသဖြင့် ဘောလုံးအဖွဲ့ချုပ်မှ အရာရှိခြောက်ဦးကို ဖမ်းဆီးလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၂၈** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖန်ဘင်မင်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လက်ရှိသုံးစွဲနေသည့် တစ်သောင်းကျပ်တန်ငွေစက္ကူ၏ တရားဝင်မှုကို မထိခိုက်စေဘဲ ငွေစက္ကူ၏ လုံခြုံမှုအဆင့်အတန်းပိုမိုမြင့်မားစေ၍ အရည်အသွေးပိုမိုကောင်းမွန်စေရန်အတွက် မျက်နှာပြင်နှစ်ဖက်ကို ဗားနစ်အလွှာဖြင့် ဖုံးအုပ်ကာကွယ်ထားသည့် တစ်သောင်းကျပ်တန် ငွေစက္ကူကို

ဇူလိုင်လ (၁) ရက်မှစတင်ထုတ်ဝေမည်ဖြစ်ကြောင်း ကြေညာသည်။

**၂၈-၂၉** အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရုပ်သံလွှင့်လုပ်ငန်းများအဖွဲ့အစည်း (Asia-Pacific Broadcasting Union-ABU) ၏ တတိယအကြိမ်မြောက်အာရှရေဒီယိုညီလာခံ (၂၀၁၅) ကို ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

**၂၉** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပင်မအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ပြည်ထောင်စုလွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်များနှင့်တွေ့ဆုံသည်။

တပ်မတော်ရေယာဉ်က ပင်လယ်ပြင်လုံခြုံရေးတာဝန်ထမ်းဆောင်နေစဉ် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ် အရှေ့တောင်ဘက် ၃၄ မိုင်ခန့် မြန်မာ့ပင်လယ်အတွင်း၌ ငါးဖမ်းလှေတစ်စင်းနှင့်အတူ ဘင်္ဂါလီအမျိုးသား ၆၀၈ ဦး၊ အမျိုးသမီး ၇၄ ဦးနှင့် ကလေး ၄၅ ဦး စုစုပေါင်း ၇၂၇ ဦးထပ်မံတွေ့ရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြသည်။

**၃၀** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မြို့တော်ခန်းမ၌ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်တင်ရေးအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အိန္ဒိယသမုဒ္ဒရာနှင့် မလက္ကာရေလက်ကြားတို့တွင် ဖြစ်ပေါ်လျက်ရှိသည့် လှေစီးဒုက္ခသည်များနှင့်စပ်လျဉ်း၍ နော်ဝေနိုင်ငံ အော်စလိုဆွေးနွေးပွဲမှ မြန်မာနိုင်ငံအပေါ်တစ်ဖက်စောင်းနင်းနိုင်သော အဆိုးမြင်ပြောကြားချက်အားလုံးကိုပယ်ချကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

စင်ကာပူနိုင်ငံ၌ကျင်းပသည့် (၁၄) ကြိမ်မြောက် ရှန်ဂရီလာဆွေးနွေးပွဲတွင် ဒေသတွင်းနိုင်ငံများလုံခြုံရေးပူးပေါင်းဆောင်ရွက်ရန်၊ အထူးသဖြင့် အာရှဒေသအတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

## ဇွန်လ

**၁** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Colonel General OLEG LSALYUKOV ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တရုတ်နိုင်ငံအစိုးရက မြို့တော်ပေကျင်း၏ အများပြည်သူတို့နှင့် သက်ဆိုင်သော နေရာများတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်ပိတ်ပင်လိုက်ကြောင်း သတင်းများတွင် ဖော်ပြသည်။

**၂** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့သည် သတင်းထုတ်ပြန်ချက် (၇/၂၀၁၅)ဖြင့် ဒေါက်တာနေဇင်လတ်၏ အမျိုးသားတိုးတက်ရေးပါတီသည် နိုင်ငံတော်သမ္မတနှင့်လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့်လည်းကောင်း လုံးဝပတ်သက်ခြင်းမရှိကြောင်း ထုတ်ပြန်ကြေညာသည်။

အသက်ရှူလမ်းကြောင်းပိတ်ဆို့မှုဆိုင်ရာရောဂါတစ်မျိုးဖြစ်သည့် MERS ဗိုင်းရပ်စ်ပိုးကူးစက်မှုကြောင့် တောင်ကိုရီးယားတွင် လူနှစ်ဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

**၃** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်းထံသို့ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေသည့် မြန်မာနိုင်ငံအပေါ် မှန်ကန်မျှတစွာပြောဆိုပြုမူဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၁၄/၂၀၁၅) ဖြင့် လူ့ဘောင်သစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) အတွင်း အဂတိလိုက်စားမှု အရှုပ်တော်ပုံများကြောင့် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာကို ဝါရှင်တန်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြသည်။

အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်းသွားသည့် တာဂျစ္စတန်နိုင်ငံ အထူးရဲတပ်ဖွဲ့မှ ဗိုလ်မှူးကြီး ဂူလ်မူရော့ခါလီမော့ဗ်ကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် နိုင်ငံတကာတွင် ဖမ်းဝရမ်းထုတ်ပြန်ထားသည်ဟု အစိုးရရှေ့နေများက ပြောကြားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၄** ဒုတိယသမ္မတဦးညာဏ်ထွန်းသည် စင်ကာပူနိုင်ငံတွင်ကျင်းပမည့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသည်။

မောရစ်သျှနိုင်ငံတွင် ပထမဆုံးသောအမျိုးသမီးသမ္မတအဖြစ် အေမီနတ်ခ်ဂူရက်ဘ်ဖာကင်ကို မောရစ်သျှလွှတ်တော်က ခန့်အပ်သည်။

ဂျပန်နိုင်ငံ၌ကျင်းပမည့် အမျိုးသားရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားများ၏ အရွယ်ကို အသက် ၂၀ မှ ၁၈ နှစ်သို့ လျှော့ချရန် အောက်လွှတ်တော်၌ မဲခွဲဆုံးဖြတ်သည်။

**၅** ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် စင်ကာပူနိုင်ငံအမျိုးသားအားကစားရုံ၌ ကျင်းပသည့် (၂၈) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် သြစတြေးလျနိုင်ငံ ကင်ဘာရာမြို့ Australian National University (ANU) ၌ ကျင်းပသည့် မြန်မာ့ရေးရာရှင်းလင်းပွဲ (၂၀၁၅) ပဋိပက္ခများကို ခွဲခြမ်းစိတ်ဖြာခြင်းကွန်ဖရင့်သို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

**၆** ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် သက်ဆိုင်ရာကျောင်းများတွင် ထုတ်ပြန်ကြေညာသည်။

ဖင်လန်နိုင်ငံအကောက်ခွန်ဌာနက အိုင်အက်စ်အဖွဲ့၏ ဆီးရီးယားနိုင်ငံမှ တိုက်ခိုက်လုယက်ထားသည့် ရှေးဟောင်းအနုပညာလက်ရာ ပစ္စည်းများ မှောင်ခိုကူးရန် ကြိုးပမ်းသူများကို ကြားဖြတ်ဟန့်တားခဲ့ကြောင်း နိုင်ငံပိုင်အသံလွှင့်ဌာန ယီးလ်က ပြောကြားသည်။

**၇** အိုင်အက်စ်အဖွဲ့ လက်အောက်တွင် ကျရောက်နေသည့် ဆီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းရှိ ဟာဆာကာမြို့ကို ဆီးရီးယားအစိုးရ ကြည်းတပ်ဖွဲ့ဝင်များက အလုံးအရင်းဖြင့် ထိုးစစ်ဆင်နွှဲပြီး ပြန်လည်လွတ်မြောက်စေခဲ့ကြောင်း ဆီးရီးယားစစ်ဘက်က ပြောကြားသည်။

**၈** ၂၁-၅-၂၀၁၅ ရက်တွင် တပ်မတော်(ရေ)က ကယ်ဆယ်ထားသည့် လှေစီးသွားလာသူ ၂၀၈ ဦး အနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် အတည်ပြုပြီးသည့် ၁၅၀ ကို နှစ်နိုင်ငံနယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ တရားဝင်ပြန်လည်လွှဲပြောင်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းမီဒီယာများသို့ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ အသိပညာပေးရှင်းလင်းခြင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ရှိ မြန်မာ့ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးစင်တာ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) မှတာဝန်

# ၂၀၁၅ ခုနှစ်ဖြစ်ရပ်များ



**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးစဉ်**

ရှိသူများ၊ သတင်းမီဒီယာအဖွဲ့များ တက်ရောက်သည်။

**၉** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၁၆/၂၀၁၅) ဖြင့် အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

ဂျာမနီနိုင်ငံ၌ ကျင်းပသည့် ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲတွင် ကမ္ဘာ့ခေါင်းဆောင်များက ကမ္ဘာ့လုံခြုံရေးကို ထိပါးနှောင့်ယှက်နေသော ခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၁၀** တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီ၏ ဖိတ်ကြားချက်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသည်။

**၁၁** တရုတ်ကွန်မြူနစ်ပါတီ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောက်ရှိနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိရန် ရုရှားနှင့်ကတာနိုင်ငံတို့ ဆောင်ရွက်ခဲ့ခြင်းအပေါ် စုံစမ်းစစ်ဆေးလျက်ရှိသည့် ဆွစ်ဇာလန်အာဏာပိုင်များထံသို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ၏ ကွန်ပျူတာအချက်အလက်များကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၁၂** ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည်။

**၁၃** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာအုပ်စုအနီးရှိ ကမ္ဘာ့

အမွေအနှစ်စာရင်းဝင် ဗိသုနိုး ရှေးဟောင်းအမွေအနှစ်ဇုန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

**၁၄** တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီ၏ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်း လက်ခံထားရှိသော လှေစီးဘင်္ဂါလီများကို ၎င်းတို့၏ မူရင်းနိုင်ငံသို့ အမြန်ဆုံးပြန်ပို့ရန် ရခိုင်ပြည်နယ်ရှိ မြို့များတွင် လူထောင်ပေါင်းများစွာက ဆန္ဒပြတောင်းဆိုသည်။

အာဖရိကသမဂ္ဂထိပ်သီးညီလာခံတက်ရောက်လာသည့် ဆူဒန်သမ္မတ အိုမာအယ်ဘရှားကို ဖမ်းဆီးရန် နိုင်ငံတကာရာဇဝတ်တရားရုံး(ICC) က တောင်အာဖရိကနိုင်ငံကို တိုက်တွန်းကြောင်း သတင်းဌာနများက ဖော်ပြသည်။

**၁၅** ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံလုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာနီကိုလိုင်းပီပက်ထရစ်ရှက်ဖ်၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံသို့ သွားရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသည်။

စင်ကာပူနိုင်ငံတွင် ကျင်းပသော (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက ၃ း ၀ ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် သဘော်ာဖျက် ဒုံးကျည်အမျိုးအစားသစ်များ စမ်းသပ်ပစ်ခတ်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဆောင်ရွက်မည့် ယင်းအစီအမံမှာ စစ်အေးကာလနောက်ပိုင်း အကြီးအကျယ်ရန်စမှုတစ်ရပ်ဖြစ်ပြီး ရုရှားကလက်ခံမည်မဟုတ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယီမင်နိုင်ငံ၌ အမေရိကန်၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အယ်လ်ခိုင်ဒါအဖွဲ့၏ ဒုတိယခေါင်းဆောင် နာဆာအယ်လ်ဂူဟေရှီ သေဆုံးသွားကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။



မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်
သဘော်ာဖျက်ဒုံးကျည်များစမ်းသပ်ပစ်ခတ်မှုကို ကြည့်ရှုစစ်ဆေးစဉ်

**၁၆** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၁၇/၂၀၁၅) ဖြင့် ၈၈ မျိုးဆက် ဒီမိုကရေစီပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

ရုရှားနယ်နိမိတ်နှင့် ထိစပ်နေသောနိုင်ငံများ၌ တင့်ကားနှင့် အမြောက်လက်နက်ကြီးများချထားမည့် အမေရိကန်ပြည်ထောင်စု၏ အစီအမံကို ရုရှားနိုင်ငံက လက်တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နေတိုးအဖွဲ့ဝင်နိုင်ငံများ၌

**၁၇** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံရုပ်ရှင်သဘင်နှင့် ဂီတ အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီ ပန်းပုအစည်းအရုံးဗဟိုတို့မှ တာဝန်ရှိသူများနှင့် နေပြည်တော် တောင်သူပညာပေးဇေက ၅၀၀ စိုက်ခင်းရှိ အဆင့်မြင့်သစ်သီးဝလံ အအေးခန်းနှင့် ထုပ်ပိုးစက်ရုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၁၈/၂၀၁၅) ဖြင့် စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်(ဇ်)ရှရစ်ဖ်ကို ဖုန်းခေါ်ဆို၍ ရာမဒန်ဥပုသ်ဆုတောင်းပေးခဲ့ပြီး ဖမ်းထားသော ငါးဖမ်းသမားများကို ပြန်လွှတ်ပေးမည်ဟု ကြေညာသည်။

**၁၈** ရုရှားနိုင်ငံသို့ရောက်ရှိနေသော ဒုတိယသမ္မတဦးညဏ်ထွန်းသည် (၁၉) ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**၁၉** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၁၉/၂၀၁၅) ဖြင့် မဲစာရင်း ပြည့်စုံမှန်ကန်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ရေးကို ထုတ်ပြန်ကြေညာသည်။

ဒိန်းမတ်နိုင်ငံအထွေထွေရွေးကောက်ပွဲတွင် အတိုက်အခံပါတီများက အာဏာရညွန့်ပေါင်းအဖွဲ့ကို အနိုင်ရရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၂၀** နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားသည်။

ပထမအကြိမ်အပြည်ပြည်ဆိုင်ရာ ယောဂနေ့အခမ်းအနားကို အိန္ဒိယသံရုံး(ရန်ကုန်)နှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားရုံ (၁) ၌ ကျင်းပသည်။

**၂၁** ဒုတိယသမ္မတ ဦးညဏ်ထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

**၂၂** (၇) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) ပတ္တမြားခန်းမ၌ ကျင်းပသည်။

အသေခံဗုံးဖောက်ခွဲရေးသမားတစ်ဦးအပါအဝင် သေနတ်ကိုင်တာလီဘန်တိုက်ခိုက်ရေးသမားခြောက်ဦးသည် မြို့တော်ကဘူးလ်ရှိ အာဖဂန်နစ္စတန်လွှတ်တော်အဆောက်အအုံကို တိုက်ခိုက်မှုများပြုလုပ်ကြောင်း ရိုက်တာသတင်းဌာနကဖော်ပြသည်။

**၂၃** (၆) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံ (Friedrich Ebert Stiftung-FES) အဖွဲ့အစည်းတို့ပူးပေါင်း၍ နိုင်ငံတကာသတင်းမီဒီယာဥပဒေနှင့် စံသတ်မှတ်ချက်များဆိုင်ရာ သင်တန်း (International Media Law and Standards) ဖွင့်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြောက်ကိုရီးယားနိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းများကို လေ့လာစောင့်ကြည့်နိုင်ရန် တောင်ကိုရီးယားနိုင်ငံမြို့တော် ဆိုးလ်တွင် ကုလသမဂ္ဂရုံးသစ်ဖွင့်လှစ်လိုက်ကြောင်း ယွန်ဟပ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံသည် နျူကလီးယားနည်းပညာပိုင်ဆိုင်ခွင့်ရှိပြီး သုတေသနလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခွင့်ရှိမှုကို အစိုးရက တာဝန်ယူရန်ဖော်ပြသော ဥပဒေကြမ်းတစ်ရပ်ကို အီရန်ပါလီမန်က အတည်ပြုသည်။

**၂၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်နိုင်ငံ အသံထုတ်လွှင့်ခြင်းဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၏ ဘုတ်အဖွဲ့ အုပ်ချုပ်ရေးမှူး မစ္စတာ မက်သယူးအမ်းစ်စထရောင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌနှင့်

အမှုဆောင်အရာရှိချုပ်မစ္စတာ အလက်ဇန်းဒါးဖဲလ်မန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသော (၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ကြည့်ရှုသည်။

ပြင်သစ်နိုင်ငံ၏ ခေါင်းဆောင်များကို အမေရိကန်အစိုးရက သူလျှိုပြုလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်သံအမတ်ကြီးကို ဆင့်ခေါ်ကာ ကန့်ကွက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၂၆** အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၅) ဖြင့် ဒေါက်တာဦးသန်းဦးကို နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဆွစ်ဇာလန်သံရုံးတို့ ပူးပေါင်း၍ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌဦးတင်အေး တက်ရောက်အမှာစကား ပြောကြားသည်။

၂၀၁၃ ခုနှစ်က ဘော်စတွန်မာရသွန်ပြိုင်ပွဲတွင် ဗုံးဖောက်ခွဲခဲ့သည့် အသက် ၂၁ နှစ်အရွယ် အကြမ်းဖက်သမား ဒိုခါတာစနဗ်ကို အမေရိကန်နိုင်ငံဘော်စတွန်မြို့ တရားရုံးက သေဒဏ်ချမှတ်သည်။

**၂၇** ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များနှင့် ရွေးကောက်ပွဲဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ ရှင်းလင်းဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ် တက်ရောက်အမှာစကားပြောကြားသည်။

**၂၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မွန်ဂိုလီးယားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန် နေပြည်တော်မှ ထွက်ခွာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာခြင်းနှင့် ပတ်သက်၍ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၅) နှင့် (၇/၂၀၁၅) တို့ကို ထုတ်ပြန်ကြေညာသည်။

**၂၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကို မွန်ဂိုလီးယားနိုင်ငံသမ္မတ အယ်လ်ဘက်ခ်ဒေါ့ဂျ်ဇက်ခ်ဟီးလ်ယာဒ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့ရှိ Chiggis ရင်ပြင်၌ ကျင်းပသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၂၀/၂၀၁၅) ဖြင့် လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

## ဇူလိုင်လ

**၁** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ်အတွင်း ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲဆန္ဒနယ်များအဖြစ် ကြေညာချက်အမှတ် (၂၂/၂၀၁၅) ဖြင့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၂၃/၂၀၁၅) ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၂၄/၂၀၁၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ

ကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၂၅/၂၀၁၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ထုတ်ပြန်သည်။

**၂** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တိုကျိုအိုလံပစ်ဆိုင်ရာဝန်ကြီးမစ္စတာ Mr. Toshiaki ENDO နှင့် ဂျပန်ဒေသစံတော်ချိန် ညနေလေးနာရီခွဲတွင် ဂျပန်နိုင်ငံတိုကျိုမြို့ရှိ ခေတ္တတည်းခိုသည့် Hotel New Otani ၌ တွေ့ဆုံသည်။ ထိုနေ့ ညနေပိုင်းတွင် ဂျပန်နိုင်ငံ NHK သတင်းဌာနနှင့် အဆိုပါဟိုတယ်၌ တွေ့ဆုံမေးမြန်းခန်းပြုလုပ်ရာ သမ္မတက ဒုတိယ သက်တမ်းနှင့်ပတ်သက်ပြီး တိုင်းပြည်အခြေအနေ၊ ပြည်သူများ၏ဆန္ဒတို့အပေါ် မူတည်ပြီး ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများက ဆန္ဒရှိခဲ့လျှင် အလေးအနက်ထားစဉ်းစားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၂၆/၂၀၁၅) ဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၂၇/၂၀၁၅) ဖြင့် မဟာမိတ်တောင်သူလယ်သမားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

**၄** တူနီးရှားနိုင်ငံရှိ ကမ်းခြေဟိုတယ်တစ်ခုကို အစ္စလာမ္မစ်စစ်သွေးကြွများက တိုက်ခိုက်ခဲ့ပြီးနောက် တူနီးရှားနိုင်ငံသမ္မတက နိုင်ငံတွင်းအရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာသည်။

**၅** ၂၀၁၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝင်းအတွင်း စတူဒီယိုအေ၌ ကျင်းပသည်။

**၇** ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၅) ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ ယခင်နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နှင့် အမှတ် (၁) မော်တော်ယာဉ်နေရာဟောင်းတို့ကို စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုခဲ့ရာမှ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများ ထိခိုက်မှုမဖြစ်ပေါ်စေရေးအတွက် စီမံကိန်းများကို ရပ်စဲကြောင်း ကြေညာသည်။

အမေရိကန်သမ္မတအိုဘားမားနှင့် အမေရိကန်ပြည်ထောင်စုသို့ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိနေသော ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲ ငုယင်ဖူထရွန်းတို့သည် အိမ်ဖြူတော်၌ တွေ့ဆုံပြီး တောင်တရုတ်ပင်လယ်ဒေသအတွင်း တရုတ်နိုင်ငံကပြုလုပ်နေသော လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးသည်။

**၈** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၂၈/၂၀၁၅) ဖြင့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် တနင်္ဂနွေနေ့တွင် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၂၉/၂၀၁၅) ဖြင့် လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းစတင်တင်သွင်းနိုင်မည့်နေ့ရက်ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက်ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်၊ ကိုယ်စားလှယ်လောင်းအမည် တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက်အဖြစ် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများ စိစစ်မည့်နေ့ရက်ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်မှ ၂၀ ရက်အထိ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၃၀/၂၀၁၅) ဖြင့် အာခါအမျိုးသားဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

**၁၀** အီတလီဝန်ကြီးချုပ်ဟောင်း ဆယ်လ်ဗီယိုဘာလီစကိုနီသည်

၂၀၀၆ ခုနှစ်တွင် အထက်လွှတ်တော် အမတ်တစ်ဦးကို ယူရိုငွေသုံးသန်း လာဘ်ထိုးကြောင်း ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ်သုံးနှစ် ကျခံရမည်ဖြစ်ကြောင်း နိုင်ငံတကာ သတင်းများက ဖော်ပြသည်။

**၁၁** ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ Royal Ace ဟိုတယ်၌ကျင်းပသည့် ၂၀၁၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

**၁၂** ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မှော်ဝန်းတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

**၁၃** နှစ်ပေါင်း ၁၂၀၀ သက်တမ်းရှိသော ရှေးဟောင်းဗုဒ္ဓဉယျာဉ်တော်ကို တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ စီချွမ်ပြည်နယ်၏ မြို့တော်ချန်ဒူးတွင် တွေ့ရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနတူးဖော်ရေးသမားများက ပြောကြားသည်။

**၁၄** အီရန်နှင့် ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံတို့ ဆယ်စုနှစ်တစ်ခုကျော်ကြာ ဆွေးနွေးညှိနှိုင်းခဲ့ရသော နျူကလီးယားအရေးတွင် အပြီးသတ်သဘောတူညီချက်ရရှိသည်။

**၁၅** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဂျာမန်-အာဆီယံ ချစ်ကြည်ရေးဆိုင်ရာ ပါလီမန်အမတ်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသောမတ်စ်ဝမ်ကေဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

မေလ ၂၁ ရက်နှင့် ၂၉ ရက်တို့တွင် တပ်မတော် (ရေ) မှ ကယ်ဆယ်ခဲ့သည့် လှေစီးသွားသူများကို မူရင်းနေရပ်သို့ ပြန်လည်ပို့ဆောင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဇွန်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသားစုစုပေါင်း ၁၈၇ ဦးကို ပြန်လည်ပို့ဆောင်ခဲ့ပြီးဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၃၅/၂၀၁၅) ဖြင့် အမျိုးသမီးပါတီ (မွန်)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၃၆/၂၀၁၅) ဖြင့် ရခိုင်မျိုးချစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

နျူကလီးယားလက်နက်ပြိုင်ဆိုင်မှုနှင့် အရှေ့အလယ်ပိုင်းစစ်ပွဲများပိုမိုဖြစ်ပွားနိုင်မှုကို ရှောင်ရှားရန် အကောင်းဆုံးနည်းလမ်းဖြစ်သောကြောင့် အီရန်နျူကလီးယားသဘောတူညီမှုကို အတည်ပြုရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက လွှတ်တော်သို့ တိုက်တွန်းခဲ့ကြောင်း ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

**၁၆** ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီအစည်းအဝေး (၄/၂၀၁၅) ကို နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ယင်းကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် စာပေရိပ်မြုံဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ရန်ကုန်မြို့၊ ကုန်သည်လမ်း၊ အမှတ် (၃၂/၃၉၆)၊ (ယခင်ဂါးဒီးယန်းသတင်းစာတိုက်) ရှိ ပြန်တမ်းဌာနခွဲနှစ်ထပ်အဆောက်အအုံကို စာပေဖွံ့ဖြိုးရေးတွင် အသုံးချနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ ကျင်းပသည်။

ဂါဇာကမ်းမြောင်ဒေသမှ ဒုံးကျည်တစ်စင်း အစ္စရေးနိုင်ငံတောင်ဘက်သို့ ကျရောက်ပြီးနောက် အစ္စရေးလေယာဉ်များသည် ဟားမားစ်ထိန်းချုပ်ခံဂါဇာကမ်းမြောင်

ဒေသရှိစစ်သွေးကြွများကို ဦးတည်တိုက်ခိုက်ကြောင်း အစ္စရေးစစ်ဘက်မှ ပြောကြားသည်ဟု ရိုက်တာသတင်းဌာနကဖော်ပြသည်။

အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ် ချက်တန်နိုဂါမြို့ရှိစစ်ဘက်အဆောက်အအုံတစ်ခု၌ သေနတ်ပစ်ခတ်မှုများဖြစ်ပွားရာ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်လေးဦး သေဆုံးသွားကြောင်း၊ ပစ်ခတ်သည့် သေနတ်သမားလည်း သေဆုံးသွားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

**၁၇** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့ရောက်ရှိပြီး ဘာသာရေးနယ်ပယ်အသီးသီးမှ ဆရာတော်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘီဘီစီမြန်မာသတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားရာ၌ ယခုနှစ်တွင် အငြိမ်းစားယူမည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ၂၀၁၆ ခုနှစ်တွင်မှ အသက် (၆၀) ပြည့်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

သံလွင်မြစ်ကူးတံတား (၈) စင်းမြောက်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရတာဝန်ယူစဉ် (၈၅) စင်းမြောက်တံတားဖြစ်သည့် သံလွင်တံတား (ဖားဆောင်း) ကို ဖွင့်လှစ်သည်။

**၁၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကယားပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် လွိုင်ကော်မြို့နယ်နှင့် ဒီမောဆိုးမြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီဝင်များကို တွေ့ဆုံသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၊ ရေဦးမြို့နယ်နှင့် ဒီပဲယင်းမြို့နယ်တို့အတွင်း၌ ရေကြီးနစ်မြုပ်မှုများနှင့် လမ်းတံတားအချို့ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် နျူကလီးယားဆိုင်ရာ သဘောတူညီချက်ရှိနေသော်လည်း အမေရိကန်နိုင်ငံအပေါ် ရှိနေသော အီရန်နိုင်ငံ၏ သဘောထားသည် ပြောင်းလဲလိမ့်မည်မဟုတ်ကြောင်း အီရန်ထိပ်တန်းခေါင်းဆောင် အရာတိုလာအလီခါမေနီက ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၁၉** အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ နေပြည်တော်ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကဝိသာရ အမှူးရှိသော ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းသည့်အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများတက်ရောက်၍ ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ကျင်းပသော (၆၈) နှစ်မြောက်အာဇာနည်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ လွှမ်းသူ့ပန်းခွေချ အလေးပြုသည်။

ဆော်ဒီအာရေဗျအာဏာပိုင်များက အိုင်အက်စ်စစ်သွေးကြွများနှင့်အဆက်အသွယ်ရှိသူ ၄၃၁ ဦးကို ဖမ်းဆီးလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက ဖော်ပြသည်။

**၂၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးကို ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်အမှာစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရေကူးအသံလွှင့်စက်ရုံဝင်းနေရာတွင် မီဒီယာနှင့်ဆက်စပ်ပတ်သက်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ပုဂ္ဂလိကကုမ္ပဏီများသို့ တင်ဒါခေါ်ယူခဲ့ရာတွင် တင်ဒါအချက်အလက်များနှင့်

မကိုက်ညီသည့်အတွက် တင်ဒါအောင်မြင်သူမရှိကြောင်း သတင်းထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စုနှင့် ကျူးဘားနိုင်ငံတို့သည် သံတမန်ဆက်ဆံရေးအသစ်တစ်ဖန်စတင်မှုကို တရားဝင်ပြုလုပ်ပြီး နှစ်နိုင်ငံမြို့တော်များ၌ သံရုံးများ ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်စစ်သုံ့ပန်းများကို အလုပ်သမားများအဖြစ် အဓမ္မစေခိုင်းခြင်းအတွက် ဂျပန်နိုင်ငံရှိ မစ်ဆူဘီရှီကုမ္ပဏီက သမိုင်းဝင်တောင်းပန်မှုပြုလိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၂၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းညှိနှိုင်းမှုဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်အမှာစကားပြောကြားသည်။

မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းမြင့်တက်နေသည့်ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအဖွဲ့၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်တို့မှ တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးသည့် တတိယအကြိမ်အစည်းအဝေးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မိမိတို့၏ ချူကလီးယားဆိုင်ရာစွမ်းဆောင်ရည်ကို လက်လျှော့အရှုံးပေးရသည့် အီရန်နှင့်အမေရိကန်တို့၏ ချူကလီးယားအရေး ဆွေးနွေးပွဲမျိုးကို စိတ်ဝင်စားခြင်းမရှိကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။

တောင်တရုတ်ပင်လယ်တွင် နေရာဖော်ထုတ်ရန် တရုတ်၏ ကြိုးပမ်းမှုသည် ပိုင်နက်အငြင်းပွားမှုအတွက် အင်အားပြရန်ကြိုးပမ်းမှုဟု ဂျပန်က ရှုတ်ချပြောဆိုကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

**၂၂** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘွန်ညံဖိုရာချစ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) တို့သည် ရန်ကုန်မြို့ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာ (MPC) ၌ ဇူလိုင်လ ၂၄ ရက်ထိ သုံးရက်တိုင် တွေ့ဆုံဆွေးနွေးသည်။

**၂၃** လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘွန်ညံဖိုရာချစ်နှင့်ဇနီးဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၃၈/၂၀၁၅) ဖြင့် စေ့စပ်ညှိနှိုင်းရေးနှင့်တည်ငြိမ်အေးချမ်းရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

**၂၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားကျေးလက်ကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ် မစ္စတာအီစန်မူဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ အဆင့်မြင့်လယ်ယာဖော်ထုတ်ရေး၊ ပန်းလှိုင်မြစ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လယ်ယာသားငါးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

**၂၅** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်၊ ရှားငံမြို့နယ်ရှိ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**၂၆** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စစ်ကိုင်းမြို့၌ ကျင်းပသော မြို့တည်နန်းတည် နှစ် (၇၀၀) ပြည့်ပွဲတော်အထိမ်းအမှတ် အသင်္ချာစောယွမ်းမင်းကြေးသွန်းရုပ်တုကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့ရှိ ငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်) တည်ဆောက်ပြီးစီးပြီဖြစ်၍ မော်တော်ယာဉ်များကို စတင်ဖြတ်သန်းခွင့်ပြုသည်။

ကရင်ပြည်နယ်၊ ဝေါလေမြို့နယ်(ခွဲ) သေဘောဘိုးကျေးရွာရှိ တပ်မတော်စစ်ကြောင်းထံသို့ ကျော်သက်နှင့် စောဆန်းအောင် အဖွဲ့မှ ခွဲထွက်လာသည့် စောခိုင် ခေါင်းဆောင်သော လက်နက်ကိုင် အဖွဲ့ဝင် ၁၇ ဦးသည် လက်နက် မျိုးစုံ ၁၇ လက်၊ ကျည်အိမ်မျိုးစုံ ၂၄ ခု၊ ကျည်မျိုးစုံ ၄၀၇ တောင့်၊ ဗုံးသီးမျိုးစုံ ၉ လုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

သမ္မတရာထူး၌ တာဝန်ထမ်းဆောင်နေချိန်အတွင်း ဖခင်၏ ဇာတိရပ်မြေသို့ ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိနေသူ အမေရိကန်သမ္မတဘားရက် အိုဘားမားသည် ကင်ညာပြည်သူများကို မိန့်ခွန်းပြောကြားရာတွင် ဒီမိုကရေစီစနစ်မြှင့်တင်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ကျားမ သို့မဟုတ် မျိုးနွယ်အပေါ် မူတည်ကာ ခွဲခြားဆက်ဆံမှု အဆုံးသတ်ရေး တို့နှင့်ပတ်သက်၍ ကြိုးပမ်းအား ထုတ်ရန် ထည့်သွင်းပြောကြားသည်။



**ကင်ညာနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာသော အမေရိကန်သမ္မတအိုဘားမား**

**၂၇** ပြန်ကြားရေးဝန်ကြီးဌာန၊ DW Akademie, ABC Media Action, ABC နှင့် Internews တို့ ပူးပေါင်း၍ နိုင်ငံပိုင်မီဒီယာများ ရွေးကောက်ပွဲသတင်းရယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။


**၂၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက်အာရှလူမှုအဖွဲ့အစည်းဆိုင်ရာ မူဝါဒအဖွဲ့ ဥက္ကဌ၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာကီဗင်ရုဒ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် အမျိုးသားအဆင့် ကျန်းမာရေးညီလာခံသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာလုပ်ငန်းကော်မတီ အစည်းအဝေး (၂/၂၀၁၅) သို့ တက်ရောက် အမှာစကားပြောကြားသည်။

**၂၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ

# ၂၀၁၅ ခုနှစ်ဖြစ်ရပ်များ



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏အထူးကိုယ်စားလှယ် မစ္စအင်ဂျလီနာဂျိုလီပစ်**

မဟာမင်းကြီးရုံး၏အထူးကိုယ်စားလှယ် မစ္စအင်ဂျလီနာဂျိုလီပစ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် နေပြည်တော်ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပသည့် တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ)နှင့် ဒုတိယအကြိမ်မြောက် ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင် (အက်မက်စ်) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

**၃၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) နှင့်အညီ အကျဉ်းထောင်အသီးသီးတွင် ထိုက်သင့်သော ပြစ်ဒဏ်များကျခံပြီးဖြစ်သည့်အပြင် အကျဉ်းထောင်ကျခံစဉ်ကာလအတွင်း စည်းကမ်းကောင်းမွန်သည့် အကျဉ်းသား၊ အကျဉ်းသူ ၆,၉၆၆ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည်။

တရုတ်စစ်ခေါင်းဆောင်ဟောင်း ဂေါ်ဘောက်ဆင်းကို လာဘ်စားမှုများရှိသည်ဟုဆိုကာ တရုတ်ကွန်မြူနစ်ပါတီနိုင်ငံရေးဗျူရိုအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် စီပီစီမှ ထုတ်ပယ်သည်။

**၃၁** နိုင်ငံတော်သမ္မတရုံးသည် ကြေညာချက်အမှတ် (၁/၂၀၁၅) ဖြင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း

ဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာသည်။

## ဩဂုတ်လ

၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ယာယီတည်းခိုစခန်းများရှိ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးသည်။

၂ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီသည် လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းမည့် အစီရင်ခံစာ ပြုစုရေးအတွက် မြန်မာနိုင်ငံသို့ တတိယအကြိမ် ရောက်ရှိသည်။

၃ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၁၂-၂-၂၀၁၅ ရက်က ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကတိပြုချက်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့လေးဖွဲ့မှခေါင်းဆောင်များနှင့် နေပြည်တော်ရှိ တောင်သူပညာပေးဧက ၅၀၀ စံပြစိုက်ခင်းအတွင်းရှိ အဆင့်မြင့်သစ်သီးဝလံအအေးခန်းနှင့် ထုပ်ပိုးစက်ရုံ၌တွေ့ဆုံသည်။

၄ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို သမ္မတအိမ်တော် ဒုတိယသမ္မတဦးစီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံ အမျိုးသားသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာအဖွဲ့ (National Institute of Information and Communications Technology) တို့ပူးပေါင်းဆောင်ရွက်မည့် စက်ဖြင့်ဘာသာပြန်ခြင်းစနစ် စီမံကိန်းပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီသည် အဖွဲ့ဝင်များနှင့်အတူ အင်းစိန်အကျဉ်းထောင်သို့ သွားရောက်လေ့လာသည်။

၅ စတုတ္ထအကြိမ် မြန်မာ-ထိုင်းပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးကို နေပြည်တော်ရှိ Horizon Lake View Resort ဟိုတယ်၌ ကျင်းပရာ မြန်မာ-ထိုင်းပူးတွဲအဆင့်မြင့်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာအထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် သာယာဝတီအကျဉ်းထောင်မှ တာဝန်ရှိသူများ၊ အကျဉ်းသားများနှင့် တွေ့ဆုံပြီး ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံသည်။

၆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့ကို နေပြည်တော်ရှိ ယင်းကော်မရှင်ရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစာချုပ် (NCA) အချောသပ်နိုင်ရေးအတွက် ကိုးကြိမ်မြောက်အစည်းအဝေးကို မြန်မာ့ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးစင်တာ၌ ကျင်းပသည်။

၇ အိုင်အက်စ်စစ်သွေးကြွအဖွဲ့သည် ဆီးရီးယားအလယ်ပိုင်းရှိ အယ်လ်ကာရာတာအင်မြို့မှ အရပ်သား ၃၂၀ ကို ပြန်ပေးဆွဲ

သွားကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီထိပ်တန်းခေါင်းဆောင်များသည် စစ်ပွဲကာလ ရန်ဘက်များဖြစ်ခဲ့ကြပြီးနောက်ပိုင်း သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်မှုနှစ် ၂၀ ပြည့်အဖြစ် ဟန္နိုင်းမြို့၌ တွေ့ဆုံသည်။

မြောက်ကိုရီးယားအစိုးရသည် ပြုံးယမ်းစံတော်ချိန်သစ်အဖြစ် လက်ရှိအချိန်ကို မိနစ် ၃၀ နောက်ဆုတ်မည်ဟုကြေညာလိုက်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

**၈** ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတဗလာဒီမာပူတင်သည်လည်းကောင်း၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်မစ္စတာရှင်ဇိုအာဘေးသည်လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းမိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေရာဒေသအချို့၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ရသည့်အတွက် စာနာထောက်ထားကြောင်း သဝဏ်လွှာများကို နိုင်ငံတော်သမ္မတထံသို့ပေးပို့သည်။

**၉** နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နယ်သာလန်နိုင်ငံ သည်ဟိတ်သ်မြို့၌ကျင်းပသည့် (၇၉) ကြိမ်မြောက် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးအဖွဲ့ အမှုဆောင်ကောင်စီအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

အီတလီဝန်ကြီးချုပ်ရာထူးကို သုံးကြိမ်တိုင်တိုင်ဆက်ခံခဲ့သူ ဝန်ကြီးချုပ်ဟောင်း ဆဲလ်ဗီယိုဘာလူစကိုနီကို အီတလီတရားရုံးတစ်ရုံးက အကျင့်ပျက်ခြစားမှုဖြင့် ထောင်ဒဏ်သုံးနှစ်ချမှတ် လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၁၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်မြို့ရှိရေဘေးသင့်ကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများကိုတွေ့ဆုံအားပေးသည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံဖြစ်ပေါ်မှုကြောင့် လမ်းပေါင်း ၄၄ လမ်းနှင့် တံတား ၉၈ စင်း ပျက်စီးခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

**၁၁** ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည့် မြန်မာနိုင်ငံ၏ငွေကြေးဆိုင်ရာသတ်မှတ်ချက်သတ်မှတ်နိုင်ရန် ဖွဲ့စည်းထားသည့်လုပ်ငန်းအဖွဲ့နှင့် ပူးတွဲအကြံပေးမည့် အင်္ဂလန်နိုင်ငံအခြေစိုက် Standard Chartered Bank နှင့် အမေရိကန်နိုင်ငံအခြေစိုက် Citi Bank တို့ အကြား လုပ်ပိုင်ခွင့်စာလွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။

ယီမင်နိုင်ငံတွင် လပေါင်းများစွာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ပြီးဆုံးပြီးနောက် လူသားချင်းစာနာမှု အကူအညီများ လိုအပ်နေကြောင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က သတိပေးပြောကြားသည်။

**၁၂** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စစ်တက္ကသိုလ်သီရိဆောင်၌ ကျင်းပသည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၅၈) ၏ စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်ရွေးချယ်သည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၅/၂၀၁၅) ဖြင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းတို့ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေရန်ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၆/၂၀၁၅) ဖြင့် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် သမ္မတရုံးဝန်ကြီးဌာန (၅) မှ ဦးတင်နိုင်သိန်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ဦးမြတ်ဟိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးခင်ရီနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးသန်းဌေးတို့ကို၎င်းတို့၏ သဘော

ဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၇/၂၀၁၅) ဖြင့် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ညွန့်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်အောင်ချစ်တို့ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေရန် ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၈/၂၀၁၅) ဖြင့် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးပိုက်ထွေး၊ သာသနာရေးဝန်ကြီးဌာနမှ ဒေါက်တာမောင်မောင်ဌေး၊ သမဝါယမဝန်ကြီးဌာနမှ ဦးသန်းထွန်းနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒေါ်ဝင်းမော်ထွန်းတို့ကို ၎င်းတို့၏ သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၉/၂၀၁၅) ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ဌေးကို ၎င်း၏သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၁၀/၂၀၁၅) ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်သန်းထွဋ်ကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနသည် အချက်ကိုးချက်ပါသော သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ရာတွင် မြန်မာနိုင်ငံက 'ရိုဟင်ဂျာ' ဟူသောအသုံးအနှုန်းကို ဆက်လက်ပယ်ချပါကြောင်း၊ ယင်းဖန်တီးတီထွင်ထားသည့်အသုံးအနှုန်းကို မြန်မာပြည်သူများက အသိအမှတ်မပြုပါကြောင်း ဖော်ပြပါရှိသည်။

အင်ဒိုနီးရှားခေါင်းဆောင်ဟောင်း ဆူဟာတိုတည်ထောင်ထားသော ဖောင်ဒေးရှင်းတစ်ခုကို အလွဲသုံးစားပြုလုပ်ထားသည့် ပြည်သူ့ဘဏ္ဍာငွေ ဒေါ်လာ ၃၂၅ သန်း ပြန်ပေးရန် တရားရုံးတစ်ရုံးက အမိန့်ချခဲ့သည်ဟု အင်ဒိုနီးရှားစစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

**၁၃** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြုစုပြီး ၂၇-၈-၂၀၁၂ ရက်တွင်လည်းကောင်း၊ ၂၈-၈-၂၀၁၃ ရက်တွင်လည်းကောင်း၊ ၃-၇-၂၀၁၅ ရက်တွင်လည်းကောင်း ပြည်ထောင်စုလွှတ်တော်နာယကထံသို့ လိပ်မူပေးပို့ခဲ့သော်လည်း ယင်းဥပဒေပြဋ္ဌာန်းခြင်းကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသဖြင့် ဆောလျင်စွာ အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုလွှတ်တော်ထံ ထပ်မံတင်ပြသည်။

**၁၄** အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ သဘာဝဘေးဒဏ်သင့်ဒေသများတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၁၁/၂၀၁၅) ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ကိုလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်ကို ဆက်သွယ်ရေးသတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနများသို့ မူလဝန်ကြီးဌာန တာဝန်များအပြင် ပူးတွဲတာဝန်ပေးအပ်သည်။

**၁၆** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများထံ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်နိုင်ရန်အတွက် အကြောင်းကြားစာများ ပေးပို့သည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် အာရပ်စော်ဘွားများပြည်ထောင်စု၊ အဘူဒါဘီမြို့သို့

ရောက်ရှိလာကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ခရီးသည် ၄၉ ဦးနှင့် လေယာဉ်အမှုထမ်း ၅ ဦး ပါဝင်သော Trigana Air လေကြောင်းလိုင်းမှ အေတီအာ-၄၂ လေယာဉ်သည် နံနက်အစောပိုင်းက ပျောက်ဆုံးသွားခဲ့ပြီးနောက် တောတောင်ထူထပ်သည့် အင်ဒိုနီးရှားနိုင်ငံ ပါပူအာအရှေ့ပိုင်းဒေသတွင် ပျက်ကျသွားခဲ့ကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

**၁၇** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ကျင်းပသည့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၁၂/၂၀၁၅) ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်မြင့်နွယ်ကို ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးကြောင်း ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သတင်းထုတ်ပြန်ရေးအဖွဲ့သည် သတင်းထုတ်ပြန်ချက် (၈/၂၀၁၅) ဖြင့် အပိုဒ် ၅ ပိုဒ် ပါဝင်သော "လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် အသိပေးရှင်းလင်းတင်ပြချက်" ကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရာတွင် ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရန်၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့် ကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာကြရန် နိုင်ငံရေးပါတီအားလုံးသို့ အကြောင်းကြားစာ ပေးပို့ထားရှိကြောင်း နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ဖော်ပြသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့လယ်ရှိဧရာဝဏ်ဘုရားကျောင်းတွင် ညခုနစ်နာရီခန့်က ဗုံးတစ်လုံးပေါက်ကွဲရာ လူ ၁၆ ဦးသေဆုံးပြီး ၈၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက အတည်ပြုပြောကြားသည်။

"အူလ်ချီလွတ်မြောက်ရေးအုပ်ထိန်းသူ" ဟု အမည်ပေးထားသည့် တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို စတင်ကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။

**၁၈** တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးသည် စစ်အုပ်ချုပ်ရေးအမိန့်အမှတ် (၃/၂၀၁၅) ဖြင့် ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) က စစ်အုပ်ချုပ်ရေးကြေညာချက်အမှတ် (၂) ဖြင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)၊ ဒေသကွပ်ကဲရေးမှူး၊ ပြန်တမ်းဝင်အမှတ်၊ ကြည်း



**ဘန်ကောက်မြို့လယ်ရှိ ဧရာဝဏ်ဘုရားကျောင်းအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်**



**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို RFAမြန်မာပိုင်းအစီအစဉ်က တွေ့ဆုံမေးမြန်းစဉ်**

(၂၁၈၆၈) ဗိုလ်မှူးကြီးဇော်ဇော်နိုင်ကို စစ်အုပ်ချုပ်ရေးအာဏာလွှဲပြောင်းကြောင်း ထုတ်ပြန်ကြေညာသည်။

ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်အချို့နှင့်ပတ်သက်၍ ထွက်ပေါ်လာသည့်သတင်းများသည် ကောလာဟလများသာဖြစ်ပြီး ဘဏ်များအားလုံးသည် ဗဟိုဘဏ်၏ သတ်မှတ်စည်းကမ်းဘောင်နှင့် အချိုးများအတွင်း ရှိနေကြောင်း၊ ဘဏ်များတွင် ငွေကြေးအကျပ်အတည်း ဖြစ်ပေါ်ပါကလည်း လိုအပ်သောအကူအညီများကို ဥပဒေနှင့်အညီ အပြည့်အဝပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဗဟိုဘဏ်၏ တာဝန်ရှိသူတစ်ဦးက ယင်းအဆောက်အအုံတွင်ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ကြေညာသည်။

**၁၉** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများရှိရာစခန်းများသို့ သွားရောက်ကာ ပြည်သူများကို တွေ့ဆုံအားပေးသည်။

ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ဖြစ်ပွားခဲ့သည့် ဗုံးဖောက်ခွဲမှုနှင့်ပတ်သက်၍ သံသယရှိသူကို သတင်းပေးနိုင်ပါက ထိုင်းဘတ်ငွေတစ်သန်း (အမေရိကန်ဒေါ်လာနှစ်သောင်းရှစ်ထောင်တစ်ရာ) ဆုကြေးငွေအဖြစ် ချီးမြှင့်မည်ဖြစ်ကြောင်း ထိုင်းရဲဌာနက ထုတ်ပြန်ကြေညာသည်။

**၂၀** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဝါရှင်တန်ဒီစီမြို့တော်အခြေစိုက် လွတ်လပ်သောအာရှအသံ (Radio Free Asia) မြန်မာပိုင်းအစီအစဉ်၏ ဌာနမှူးဒေါ်ညိမ်းရွှေကို ဘုရင့်နောင် ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ၍ မေးမြန်းမှုများကို ဖြေကြားသည်။

၁၈-၈-၂၀၁၅ ရက်ထုတ် စောင့်ကြည့်သတင်းဂျာနယ်တွင် နိုင်ငံတော်၏ ရေဘေးသင့်ပြည်သူများကူညီထောက်ပံ့ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မှားယွင်းစွာဖော်ပြထားသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) သို့ စာဖြင့်ညှိနှိုင်းအကြောင်းကြားထားပြီး ညှိနှိုင်းမှု အဆင်မပြေနိုင်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားနိုင်ငံ အနောက်ပိုင်းနယ်စပ်ဒေသအတွင်းသို့ မြောက်ကိုရီးယားက အမြောက်ဖြင့် ပစ်ခတ်မှုကို တုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယားတပ်ဖွဲ့က ပစ်ခတ်မှုများ ပြန်လည်ပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။

၂၃ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ကလေးဒေသ ရေဘေးသင့်ပြန်လည် ထူထောင်ရေး လူထုတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် နယ်စပ်ဒေသတစ်လျှောက် အမြောက်လက်နက်များကို ယခင်ကထက် နှစ်ဆတိုးမြှင့်ချထားခဲ့ပြီး ရေငုပ်သင်္ဘောများကိုလည်း အင်အားစုစည်းလျက်ရှိကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

၂၄ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

၂၅ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကျိုဒိုသတင်းဌာန၏ ရန်ကုန်ဗျူရိုဌာနမှူး Mr.Hidenori Tajima ကို ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌လက်ခံတွေ့ဆုံ၍ မေးမြန်းမှုများကို ဖြေကြားသည်။

မြန်မာနိုင်ငံက ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် ထပ်မံအတည်ပြုပေးသူ ၁၂၅ ဦးကို နှစ်နိုင်ငံနယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ တရားဝင် ပြန်လည်လွှဲပြောင်းသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၁၇/၂၀၁၅) ဖြင့် ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းကိုလည်းကောင်း၊ အမိန့်အမှတ် (၁၈/၂၀၁၅) ဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းကိုလည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်တာဝန်များမှ အငြိမ်းစားယူခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာသည်။

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံအကြား ဖြစ်ပွားနေသည့် တင်းမာမှုများကိုလျှော့ချရန် သဘောတူညီမှုများ ရရှိခဲ့ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းဌာနက ဖော်ပြသည်။

အကျပ်အတည်းကြုံနေရသော ဆီးရီးယားအစိုးရကို ရုရှားက ဆက်လက်ထောက်ခံမည်ဟုယုံကြည်မှု အပြည့်အဝရှိကြောင်း ဆီးရီးယားသမ္မတဘာရှားအယ်အာဆတ်က လက်ဘနွန်ဟစ်ဇ်ဘိုလာအဖွဲ့၏ အယ်လ်မန်နာရုပ်သံကွန်ရက်နှင့် တွေ့ဆုံခန်းတွင် ပြောကြားသည်။

၂၆ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် သဘာဝဘေးသင့်ဒေသများတွင် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မီဒီယာများသို့ သတင်းထုတ်ပြန်ရှင်းလင်းခြင်း အခမ်းအနားကို ယင်းဝန်ကြီးဌာန ဝန်ကြီးရုံး မီဒီယာခန်းမ၌ ကျင်းပသည်။

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်တွင် သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ရုပ်သံသတင်းတိုက်ရိုက်တင်ဆက်နေသော သတင်းထောက်တစ်ဦးနှင့် ဓာတ်ပုံဆရာတစ်ဦးသေဆုံးကြောင်း စီအင်န်အင်န်သတင်းတွင်ဖော်ပြသည်။

၂၇ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ကြေညာသည်။

အိန္ဒိယနိုင်ငံတွင် ဂူဂျာရတ်လူမျိုးရေးနှင့် ဆက်နွယ်သည့် အကြမ်းဖက်မှုများကြောင့် နှစ်ရက်အတွင်း သေဆုံးသူ ခုနစ်ဦးအထိ မြင့်တက်လာပြီးနောက် အိန္ဒိယ တပ်မတော်က လုံခြုံရေးအရ ကင်းလှည့်မှုများ ပြုလုပ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၈ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် အာကာသစူးစမ်းလေ့လာရေးအသင်း ဥက္ကဋ္ဌနှင့် Japan Aerospace Exploration

Agency (JAXA) ဂျက်ဆာအာကာသယာဉ်မှူးအဖွဲ့၏ အကြီးအကဲဖြစ်သူ ဂျပန်အာကာသယာဉ်မှူး Mr.Soichi Noguchi ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၃ ရက်မြောက်နေ့နှင့် ပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီက မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ ထုတ်ပြန်ကြေညာခြင်းကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည်။

**၂၉** မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဝန်ကြီးချုပ် နာဂျစ်တွန်ရာဇာတ်ကို ဘဏ္ဍာရေးအရှုပ်တော်ပုံ တစ်ခုနှင့်ပတ်သက်ပြီး ရာထူးမှ နုတ်ထွက်ပေးရန် ထောင်ပေါင်းများစွာသော ပြည်သူများက စီတန်းလှည့်လည် ဆန္ဒပြကြသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဧရာဝဏ် ဘုရားကျောင်း ဗုံးပေါက်ကွဲမှုတွင် သံသယဖြစ်ဖွယ်ရှိသော တူရကီအမျိုးသားတစ်ဦးကို ဘန်ကောက်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

**၃၀** မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းနှင့် ၇၈ လမ်းကြား မင်္ဂလာမန္တလေးစီမံကိန်း (တောင်ဘက်) တွင် တည်ဆောက်မည့် မြန်မာ့အနုပညာဗဟိုဌာန (မန္တလေး) အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ပြီး နိုင်ငံတော်သမ္မတက ရတနာပန္နက်တော်ကို စိုက်ထူပေးသည်။

ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် ကရင်ပြည်နယ်ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေး ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီလမ်း ၄၅ ဒသမ ၄၅ ကီလိုမီတာ လွှဲပြောင်းပေးအပ်ပွဲနှင့် မြဝတီ-မဲဆောက် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ်-၂ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

မလေးရှားဝန်ကြီးချုပ် နာဂျစ်တွန်ရာဇာတ်ကို ရာထူးမှ နုတ်ထွက်ပေးပါရန် မလေးရှားပြည်သူများက ဒုတိယနေ့အဖြစ် ဆန္ဒပြသည်။

နိုင်ငံခြားသားတစ်ဦးကို နိုင်ငံကူးလက်မှတ်အတုနှင့် ဗုံးလုပ်ကိရိယာများနှင့်အတူ ဖမ်းဆီးလိုက်ပြီးနောက် ထိုင်းမှုခင်းရဲတပ်ဖွဲ့ဝင်များက ဘန်ကောက်မြို့၌ ရှာဖွေမှုများ ပိုမိုပြုလုပ်လျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၃၁** အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ကြေညာချက်အမှတ် (၁/၂၀၁၅) ဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ရေးဆွဲချုပ်ဆိုခြင်းကို အသိပေးကြေညာသည်။

# စက်တင်ဘာလ

**၁** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးကို ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပရာ ယင်းကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတက်ရောက်ဆွေးနွေးသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၁၉/၂၀၁၅) ဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဗိုလ်မှူးကြီး ဇော်လင်းအောင်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဗိုလ်မှူးကြီး မောင်မောင်ဝင်းတို့ကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတာဝန်မှ ရုပ်သိမ်းပြီး စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်ရန် ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၂၀/၂၀၁၅) ဖြင့် ဗိုလ်မှူးကြီးနိုင်ဦးကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဗိုလ်မှူးကြီး ကျော်စွာလှိုင်ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးကြောင်း ထုတ်ပြန်ကြေညာသည်။

ဩဂုတ်လ ၁၇ ရက်တွင် ဖြစ်ပွားခဲ့သော ဘန်ကောက် ဗုံးဖောက်ခွဲမှု၌ သံသယရှိသူအမျိုးသမီးတစ်ဦးက စုံစမ်းစစ်ဆေးမှုကို အထောက်အကူဖြစ်စေရန်အတွက် ထိုင်းအာဏာပိုင်များထံ ဆက်သွယ်မှုပြုလုပ်ခဲ့ကြောင်း အမျိုးသားတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးပြေါရေး



**ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်မြင်သည့် နှစ် (၇၀) ပြည့် အခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်တက်ရောက်စဉ်**

ဆိုခွင့်ရှိသူက ပြောကြားသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၂ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှု အောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်မှ ထွက်ခွာသည်။

မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီမိုဟာမက်သည် လူထုဆန္ဒပြပွဲအတွင်း အစိုးရဆန့်ကျင်ရေး မှတ်ချက်စကားပြောကြားခဲ့ခြင်းနှင့် ပတ်သက်၍ မေးမြန်းလိုကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အာမာဝါတီအာမက်က ပြောကြားသည်။

တူရကီနိုင်ငံမှ လစ်ဗျားနိုင်ငံသို့ ပို့ဆောင်မည့် အခွန်ဆောင်လက်နက်များ တင်ဆောင်ထားသော ကုန်တင်သင်္ဘောတစ်စီးကို ဂရိအာဏာပိုင်များက ဖမ်းဆီးလိုက်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

၃ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်မင်ရင်ပြင်၌ ကျင်းပသော ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်မြင်သည့် နှစ် (၇၀) ပြည့်အခမ်းအနားသို့ တက်ရောက်သည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများသည် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ၌ တွေ့ဆုံ၍ အနာဂတ်နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို ဆွေးနွေးသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အီရန်နှင့် ရရှိခဲ့သော နျူကလီးယားသဘောတူညီချက်အသက်ဝင်ရေးလုပ်ဆောင်ရာတွင် အမေရိကန်အထက်လွှတ်တော်၏ ထောက်ခံမှု အလုံအလောက်ရရှိထားကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ကြေညာသည်။

လိုက်ဘေးရီးယားနိုင်ငံတွင် အီဘိုလာဗိုင်းရပ်စ်ပိုးကူးစက်မှုအခြေ

အနေများမရှိတော့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကြေညာသည်။

၄ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်နိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနမှုတာဝန်ရှိသူ မစ္စတာလော်ရှူးကမ်းသည် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုစင်တာ အပြန်အလှန်ထူထောင်ရေးဆိုင်ရာ သဘောတူစာချုပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ လက်မှတ်ရေးထိုးသည်။

၅ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အစ္စရေးနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

အာရပ်စော်ဘွားများပြည်ထောင်စု (UAE) မှ စစ်လေယာဉ်များသည် ယီမင်နိုင်ငံတစ်ဝန်းရှိ ဟူသီသူပုန်များနေထိုင်ရာနေရာများကို ပစ်မှတ်ထား၍ လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ဒုဗလျူအေအမ်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

၆ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ရှိ Holocaust ပြတိုက်ကို ကြည့်ရှုလေ့လာသည်။

ထိုင်းနိုင်ငံပြုပြင်ပြောင်းလဲရေး ကောင်စီသည် အသစ်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပယ်ချလိုက်ရာ ရွေးကောက်ပွဲပြုလုပ်ရန် အချိန်ကြန့်ကြာသွားမည်ဖြစ်ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

၇ အစ္စရေးနိုင်ငံ၌ ချစ်ကြည်ရေး ခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို အစ္စရေးကာကွယ်ရေးဝန်ကြီး Mr.moshe Ya'alom က အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနတွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တရုတ်တပ်ဖွဲ့ဝင် ၂၅၇ ဦးသည် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရန် လိုက်ဘေးရီးယားနိုင်ငံသို့ ထွက်ခွာသည်။

ထိုင်းနိုင်ငံဘန်ကောက်မြို့ လေးမျက်နှာဘုရားအနီး ဧရာဝဏ်ဘုရားကျောင်း ဗုံးဖောက်ခွဲမှုတွင် ပါဝင်ပတ်သက်သည်ဟု သံသယရှိသူ နိုင်ငံခြားသားတစ်ဦးက စီစီတီဗွီထဲတွင် တွေ့ရသော တီရှပ်အဝါဝတ်ဆင်ထားသည့် ဗုံးဖောက်ခွဲသူဟု သံသယရှိသူကို လက်လုပ်ဗုံးတစ်လုံး ပေးအပ်ကြောင်း ဝန်ခံသည်။

၈ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေး အလုပ်ရုံဆွေးနွေးပွဲ (Disaster Recovery Forum) ကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (Union of Myanmar Federation of Chambers of Commerce and Industry-UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၂၁/၂၀၁၅) ဖြင့် ဦးငွန်မောင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်အဖြစ်မှ ၎င်း၏သဘောဆန္ဒအလျောက် နုတ်ထွက်ခွင့်ပြုသည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံမည့် နိုင်ငံရေးပါတီများသည် နိုင်ငံတစ်ဝန်း၌ မဲဆွယ်စည်းရုံးမှုများ စတင်ပြုလုပ်သည်။

ကိုရီးယားစစ်ပွဲကြောင့် ကွဲကွာသွားခဲ့ကြသော မိသားစုဝင်များ ကာလတို ပြန်လည်ပေါင်းစည်းရေး အစီအစဉ်ကို နှစ်နိုင်ငံသဘောတူညီမှုရရှိခဲ့ကြောင်း တောင်ကိုရီးယားအစိုးရက ထုတ်ပြန်ကြေညာသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ကျူးဘားဒုတိယသမ္မတမီဂူးလ်ဒိုင်ယက်ဇ်ကန်နယ်လ်ကို နိုင်ငံ၏မြို့တော်ပြုံယမ်း၌ လက်ခံတွေ့ဆုံသည်။

၉ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တိုင်းရင်းသားလက်နက်ကိုင်

အဖွဲ့အစည်းများမှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန (၂) ၌ ကျင်းပသည်။

ဒုတိယမြောက် ဘုရင်မကြီး အဲလိဇဘက်သည် ဗြိတိန်နိုင်ငံ သမိုင်းတွင် နန်းသက်အရှည်ကြာဆုံး အုပ်စိုးသူဖြစ်လာကြောင်း ရိုက်တာ သတင်းဌာနက သတင်းထုတ်ပြန် သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေးသည် ၎င်းပါတီ၏ ဥက္ကဋ္ဌ နေရာအတွက် ပြန်လည်ရွေးချယ် ခံခဲ့ရကြောင်း ဂျပန်မီဒီယာ သတင်းများက ဖော်ပြသည်။

ဆီးရီးယားနိုင်ငံတွင် ပြည်တွင်းစစ်ဘေးဒဏ်ကြောင့် နိုင်ငံသား လေးသန်းကျော်မှာ အခြားနိုင်ငံများသို့ ထွက်ပြေး တိမ်းရှောင်နေကြရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ပြောကြားသည်။

**၁၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် ကမ္ဘာ့ခေါင်းဆောင်များ မဟာမိတ်အဖွဲ့ မက်ဒရစ်မှ ဘူတန် ဝန်ကြီးချုပ်ဟောင်း မစ္စတာဂျင်မီ ရိုဆာသင်လေးနှင့် ဩစတြီးယား အဓိပတိဟောင်း မစ္စတာအဲဖရက် ဂူဆန်ဘာတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်း သည် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ကျင်းပသည့် အကြိမ် (၂၀) မြောက် မဟာမဲခေါင်ဒေသ ဝန်ကြီးများအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

**၁၁** ဒုတိယသမ္မတ ဦးညဏ်ထွန်း သည် Four Paws International ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာဟဲမက်ဒန်ကာဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံကာ ရေဘေးသင့် ဒေသများရှိ တိရစ္ဆာန်များကို ကယ်ဆယ်စောင့်ရှောက်မှုပေးလျက် ရှိသည့် လုပ်ငန်းအခြေအနေများ၊ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့် ဆင်ဘေးမဲ့တော ထူထောင်ရေး အတွက် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာများကို ဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အစ္စရေး နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ သည်။

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် မန္တလေးတိုင်းဒေသကြီး ရတနာပုံ တက္ကသိုလ်မှ ထိန်းသိမ်းခံဆန္ဒပြ ကျောင်းသားများနှင့်ပတ်သက်၍ ၎င်းတို့၏ ပညာသင်ကြားမှုအခွင့် အရေးများဆုံးရှုံးနစ်နာမှုမရှိစေရေး ဆိုင်ရာ သတင်းထုတ်ပြန်ချက် ၁၁ နှင့် ၁၂ ကို ထုတ်ပြန်သည်။

ထိုင်းနိုင်ငံလိပ်ကျွန်း လူသတ် မှုမှ စွပ်စွဲခံရသူ မြန်မာရွှေ့ပြောင်း လုပ်သားနှစ်ဦးသည် လူသတ်မှု ကျူးလွန်သည်ဟု အထောက်အထား မတွေ့ရကြောင်း ရိုက်တာသတင်း ဌာနက ဖော်ပြသည်။

အမေရိကန်သံအမတ်၏ မျက်နှာကို သစ်သီးလှီးဓားဖြင့် တိုက်ခိုက်ခဲ့သည့် တောင်ကိုရီးယား အမျိုးသားတစ်ဦးကို လူသတ်ရန် ကြိုးပမ်းမှုဖြင့် ထောင်ဒဏ် ၁၂ နှစ် ချမှတ်လိုက်ကြောင်း ရိုက်တာ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

**၁၂** ကလေးတက္ကသိုလ်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း ဖွင့်လှစ်သော စာနယ်ဇင်းနှင့် ပြည်သူ့ဆက်ဆံရေးသင်တန်း အမှတ်စဉ် (၂) ဖွင့်ပွဲအခမ်းအနားကို ကလေးတက္ကသိုလ် ကဘော်ခန်းမ၌ ကျင်းပသည်။

စင်ကာပူနိုင်ငံ ရွေးကောက်ပွဲတွင် အာဏာရပါတီ ပီအေပီက မဲအပြတ် အသတ်ဖြင့် အနိုင်ရခဲ့ကြောင်း နိုင်ငံ တကာသတင်းများက ဖော်ပြသည်။

**၁၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ အဖျောက်တာကို သွားရောက်ကြည့်ရှုကာ အဖျောက်မြို့ ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို လမ်းညွှန်မှာကြားသည်။

**၁၄** ရွှေ့ပြောင်းအခြေစိုက်နေထိုင် သူများကို တိုးမြှင့်လက်ခံသည့်

မူဝါဒများ ချမှတ်ကျင့်သုံးလျက် ဒုက္ခသည်များအပေါ် စာနာထောက်ထားမှုပြသကြရန် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အကြီးအကဲ ဇိုယက်ရာအက်ဟူစိန်က ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ ကျင်းပသော ဆွေးနွေးပွဲတွင် ပြောကြားသည်။

ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်များမှ ကော်မတီ၊ ကော်မရှင်ဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်သည်။




ဆားဗီးယားနယ်စပ်သို့ ရောက်ရှိလာသည့် ရွှေ့ပြောင်းဒုက္ခသည်များ

ဩစတြေးလျ လက်ရှိဝန်ကြီးချုပ် တိုနီအဘော့သည် ဆက်သွယ်ရေးဝန်ကြီးဟောင်း မယ်လ်ကွန်တန်ဘူး၏ ပါတီတွင်း စိန်ခေါ်မဲခွဲပွဲ၌ တန်ဘူးကို ရှုံးနိမ့်ခဲ့ကြောင်း ဒေသတွင်းသတင်းများက ဖော်ပြသည်။

**၁၅** ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ လွှတ်တော်

ယာယီရွက်ဖျင်တဲတစ်လုံးအတွင်း စာသင်ခန်းများတည်ဆောက်၍ အာဖဂန်မိန်းကလေးငယ်များကို ပညာသင်ကြားပေးခြင်းဖြင့် ဘဝတစ်ခုလုံး မြှုပ်နှံထားသူ ကျောင်းဆရာမတစ်ဦးမှာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာအေဂျင်စီ (UNHCR) က ချီးမြှင့်သည့် အထူးဆုတစ်ဆုရရှိကြောင်း နိုင်ငံတကာ သတင်းများတွင် ဖော်ပြသည်။

ဘာတီနာဖာဆိုနိုင်ငံသမ္မတ ဘလေဆေးကွန်ပါအိုရေးကို စစ်တပ်က ရာထူးမှဖြုတ်ချကာ အာဏာသိမ်းမှု ဖြစ်ပွားသည်။

**၁၅-၁၆** မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် ဈေးကွက်ဆိုင်ရာအခွင့်အလမ်းများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ သိရှိလာစေရန် ရည်ရွယ်လျက် တစ်ကမ္ဘာလုံးဆိုင်ရာ မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပသည်။

ချီလီကမ်းလွန်ပင်လယ်ပြင်တွင် ပြင်းအား ရစ်ချ်တာစကေး ၈ ဒသမ ၃ အဆင့်ရှိ ပြင်းထန်သည့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ လူ ၁၃ ဦး ထက်မနည်းသေဆုံးသည်။

**၁၇** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ကျင်းပမည့် (၁၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်မှ ထွက်ခွာသည်။

ဂျပန်နိုင်ငံ၏ အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် အငြင်းပွားဖွယ်ရာ လုံခြုံရေးဥပဒေကြမ်းများကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပါလီမန်ရှိ ကော်မတီတစ်ရပ်ထံ တင်သွင်းလိုက်ကြောင်း ဂျပန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံ၏ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ်၊

ဇူလိုင်လမတိုင်မီ ကျင်းပသွားမည်ဟု ကြားဖြတ်အစိုးရက ကြေညာသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် အမေရိကန်ရုပ်ရှင်သရုပ်ဆောင် အိန်ဂျလီနာဂျိုလီပစ်တို့ တွေ့ဆုံ၍ သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးမှတ်တမ်းရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးရန် ဆွေးနွေးခဲ့ကြသည်ဟု ကမ္ဘောဒီးယားထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံ၊ နာရာသီဝပ်ပြည်နယ်တွင် မွတ်ဆလင်သူပုန်များက ဗုံးခွဲတိုက်ခိုက်မှုလေးခု ပြုလုပ်ခဲ့သောကြောင့် လူနှစ်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရသည်။

**၁၈** (၁၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းပြပွဲဗဟိုဌာန၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များ တက်ရောက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နေပြည်တော်တွင် ပြုလုပ်သော စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဂျပန်စစ်တပ်သည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြည်ပတွင် တရားဝင်တိုက်ခိုက်ခွင့်ရရှိနိုင်မည့် ဥပဒေကို ဂျပန်ပါလီမန်က ညသန်းခေါင်တွင် အတည်ပြုပြဋ္ဌာန်းသည်။

**၁၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မိတ္ထီလာမြို့ ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီတော် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲသို့ တက်ရောက်ကြည်ညိုပြီး မိတ္ထီလာကန်ပြန်လည်တူးဖော်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆော်ဒီအာရေဗျဦးဆောင်သော တိုက်လေယာဉ်များက ယီမင်မြို့တော်ဆာနားရှိ ပြည်ထဲရေးဝန်ကြီးရုံးကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၂၀** မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ ပူးပေါင်း၍ သံဃာအပါးတစ်သောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ သုဓမ္မာဇရပ်အနီးတွင် ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ရှိ မြန်မာ့ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးစင်တာ၌ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံတမန်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေးနှစ် (၅၀) ပြည့်ကို ဂုဏ်ပြုသည့်အနေဖြင့် တောင်ကိုရီးယားပြည်သူများက ကိုရီးယားကျွန်းဆွယ်နှင့် ဂျပန်နိုင်ငံဆိုင်ရာ သံတမန်များ၏ သမိုင်းဝင်ရှေးဟောင်းဝတ်စုံများကို ဝတ်ဆင်ကာ ဆိုးလ်မြို့တော်ရှိ လမ်းများပေါ်တွင် ချီတက်လမ်းလျှောက်ကြသည်။

**၂၁** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာသာရိုအာစိုဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမေရိကန်ပြည်ထောင်စုသည် လာမည့်နှစ်နှစ်အတွင်း ဒုက္ခသည်အရေအတွက် ၁၅,၀၀၀ ပိုမိုလက်ခံမည်ဖြစ်ပြီး ၎င်းပမာဏသည် ၂၀၁၇ ခုနှစ်တွင် ဒုက္ခသည်အရေအတွက် စုစုပေါင်း ၁၀၀,၀၀၀ ရှိလာမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားသည်။

အကျင့်ပျက်ခြစားခြင်းအပေါ် ဆတ်ဆတ်ထိမခံမူဝါဒတစ်ရပ် လူမှုအဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း

တောင်အာဖရိကနိုင်ငံ သမ္မတရုံး ဝန်ကြီးက ပြောကြားသည်။

၂၂ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ချင်းပြည်နယ် ဟားခါးမြို့ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ချင်းပြည်နယ် သဘာဝဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပစ္စည်းများကို ပေးအပ်ကာ အားပေး စကားပြောကြားသည်။

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအတွင်း ခိုလှုံခွင့်တောင်းခံသူဒုက္ခသည်များကို နေရာချထားပေးနိုင်မည့် အစီအစဉ်တစ်ရပ်နှင့် ပတ်သက်၍ ချက်သမ္မတ နိုင်ငံက ပယ်ချလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂၃ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ချင်းပြည်နယ် တီးတိန်မြို့ အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော ချင်းပြည်နယ် သဘာဝဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပစ္စည်းများပေးအပ်ကာ အားပေး စကားပြောကြားသည်။

၂၄ မြန်မာနိုင်ငံမှ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention) ဆိုင်ရာ Annual Declaration ပြုလုပ်ရန် အမျိုးသားအဆင့်အကောင်အထည်ဖော်ရေး (National Authority) ညှိနှိုင်းအစည်းအဝေးကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ ဒုက္ခသည်များအပေါ် ရန်သတ္တရုပြုမှုကို အဆုံးသတ်ကြပါရန် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က အမေရိကန်ကွန်ဂရက်၌ မိန့်ခွန်းပြောကြားရာတွင် တိုက်တွန်းလိုက်သည်။

၂၅ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သော ရှမ်းပြည်နယ်အတွင်းရှိ တက္ကသိုလ်နှင့် အခြေခံကျောင်းများအတွက် ကွန်ပျူတာများ၊ ကျောင်းသုံး ဗလာစာအုပ်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ အလည်အပတ်ရောက်ရှိနေသော တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်ကို အိမ်ဖြူတော်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ပြီး ညစာဖြင့် တည့်ခင်းဧည့်ခံခဲ့ကြောင်း နိုင်ငံတကာ သတင်းများက ဖော်ပြသည်။

၂၆ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့ ပူးတွဲအစည်းအဝေးကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပလျက်ရှိသော အကြိမ် (၇၀) မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ထိပ်သီးမျက်နှာစုံညီအစည်းအဝေးတွင် ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကို ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံက တညီတညွတ်တည်း အတည်ပြုသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်၊ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီနှင့် ဘရာဇီးသမ္မတ ဒိုင်လ်မာရူဆက်ဖ်တို့သည် လေးပွင့်ဆိုင်ထိပ်သီးအစည်းအဝေးတစ်ရပ်ကို နယူးယောက်မြို့၌ ကျင်းပခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြန်လည်ဖွဲ့စည်းရန် ကြိုးပမ်းချက်များကို နှစ်ဆတိုးမြှင့်မည်ဖြစ်ကြောင်း ကတိပြုခဲ့သည်ဟု နိုင်ငံတကာ မီဒီယာများတွင် ဖော်ပြသည်။

၂၈ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ရုရှား-မြန်မာ ပူးတွဲကော်မရှင် ဥက္ကဋ္ဌ မစ္စတာအလက်ဇန်ဒါဖိုမင်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

မြန်မာကလေးသူငယ်များ၏ အခွင့်အရေးကို ပိုမိုမြှင့်တင်ကာကွယ်ရန်အတွက် ကလေး

သူငယ်များ၏ အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်သို့ မြန်မာနိုင်ငံပါဝင် လက်မှတ်ရေး ထိုးပွဲအခမ်းအနားကို အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပ သည်။

**၂၉** တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှား-မြန်မာ စစ်ဘက်နည်းပညာပူးပေါင်း ဆောင်ရွက်ရေးပူးတွဲကော်မရှင် ဥက္ကဋ္ဌ Mr.Alexander Vasill Lievich Fomin ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ကို နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံ တွေ့ဆုံသည်။

အမေရိကန် အာကာသ အေဂျင်စီ၊ သုတေသနပညာရှင် များက အင်္ဂါဂြိုဟ်သည် ပူနွေးသည့် ရာသီများတွင် ရေများစီးဆင်း နေသည်ဟု ယူဆရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၃၀** နိုင်ငံတော်သမ္မတဦးသိန်းစိန် သည် တာဝန်ရှိသူများနှင့် အတူ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတ ခရိုင်၊ အင်္ဂပူမြို့သို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ အမှာစကားပြောကြားသည်။

ဆီးရီးယားတွင် ရုရှားတပ်များ ဖြန့်ကြက်နိုင်ရေးအတွက် သမ္မတ ပူတင်၏ တောင်းဆိုမှုအပေါ် ရုရှားပါလီမန်က တညီတညွတ်တည်း သဘောတူလိုက်ကြောင်း ကရင်မလင် ထိပ်တန်းလက်ထောက်အရာရှိ တစ်ဦးက ပြောကြားသည်။

## အောက်တိုဘာလ

**၁** နိုင်ငံတော်သမ္မတဦးသိန်းစိန် သည် တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတနှင့် ပုသိမ်ခရိုင်ရှိ တာတမံများကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေး သည်။

**၂** နိုင်ငံတော်သမ္မတဦးသိန်းစိန် သည် တာဝန်ရှိသူများလိုက်ပါလျက် အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှု စစ်ဆေးသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်သည် ကုလသမဂ္ဂဌာနချုပ် ရုံး၌ ကျင်းပသည့် အကြိမ် (၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ မျက်နှာစုံညီအစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာအထွေထွေမူဝါဒ ရေးရာမိန့်ခွန်းတစ်ရပ်ပြောကြားသည်။

အမေရိကန်နိုင်ငံ အော်ရီဂွန် ပြည်နယ် အနောက်တောင်ပိုင်းရှိ ကောလိပ်ဝင်းအတွင်း သေနတ် သမားတစ်ဦး ဝင်ရောက်ပစ်ခတ် ခဲ့သဖြင့် ကိုးဦးသေဆုံးကာ ခုနစ်ဦး ဒဏ်ရာရရှိပြီး ယင်းသေနတ်သမား မှာလည်း ရဲတပ်ဖွဲ့က ပစ်ခတ် ဖမ်းဆီးစဉ် သေဆုံးသွားသည်။

**၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် ရှမ်းပြည်နယ်တောင်ကြီးမြို့၌ ကျင်းပသည့် ဆေးတက္ကသိုလ် (တောင်ကြီး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**၄** သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း သည် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန် စီးပွားရေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ် နှင့်ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပြုပြင် ပြောင်းလဲရေးဆောင်ရွက်နေမှုအခြေ အနေများကို ရှင်းလင်းပြောကြား သည်။

အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့ (ဗဟို)က ဦးဆောင်ကျင်းပသော အမျိုးစောင့် ဥပဒေ ပေါ်ထွန်းလာခြင်းအထိမ်း အမှတ် ဂုဏ်ပြုကြိုဆိုပွဲကို ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ) ၌ ကျင်းပသည်။

နီပေါနိုင်ငံဝန်ကြီးချုပ် စူရှီးလ် ကွိုင်ရာလာသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အရ ရာထူးမှ နုတ်ထွက် ပေးမည်ဖြစ်ပြီး ဝန်ကြီးချုပ်သစ် တစ်ဦး ရွေးချယ်တင်မြှောက်နိုင်ရန် သမ္မတကို မေတ္တာရပ်ခံသည်။

**၅** နိုင်ငံတော်သမ္မတဦးသိန်းစိန် သည် ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံ ဦးဆောင်သည့်



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံတို့ တွေ့ဆုံစဉ်**

ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက် အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မွန်ပြည်နယ်၊ သံဖြူဇရပ်တပ်နယ်ရှိ တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ တပ်နယ်အရာရှိ၊ စစ်သည်မိသားစုများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားသည်။

အိုင်အက်စ်များကို တိုက်ထုတ်နေသော ဆီးရီးယားစစ်ပွဲတွင် ရုရှားနိုင်ငံ ပါဝင်လာခြင်းသည် ဆီးရီးယားနှင့် အရှေ့အလယ်ပိုင်းဒေသအကြား ပျက်စီးယိုယွင်းနေမှုများကို ကယ်တင်ရာရောက်ကြောင်း ဆီးရီးယား သမ္မတ ဘာရှားအယ်လ်အာဆတ်က ပြောဆိုလိုက်သည်။

**၆** ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့် အတူ မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်တို့နှင့် နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံပွဲ အခမ်းအနားများသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း ရင်လပ်ရှင်နာဝပ်တရာက ရှေ့နေချုပ်နှင့် အစိုးရရှေ့နေသုံးဦးကို တရားမဝင် မမှန်မကန် လုပ်ဆောင်မှုနှင့်ပတ်သက်ပြီး တရားစွဲဆိုမှုအပေါ် ထိုင်းနိုင်ငံရှိ ပြစ်မှုဆိုင်ရာ တရားရုံးက ပယ်ချသည်။

ဂျပန်ဝန်ကြီးချုပ်ရှင်ဇို အာဘေးသည် မြို့တော်တိုကျို၌ သီရိလင်္ကာဝန်ကြီးချုပ် ရာနီးလ်ဝီကရီဆင်းဟာနှင့် တွေ့ဆုံစဉ် သီရိလင်္ကာနိုင်ငံ၏ ပင်လယ်ရေကြောင်းလုံခြုံရေး မြှင့်တင်

နိုင်ငံရေးအတွက် အကူအညီပေးမည်ဟု ကတိပြုပြောကြားသည်။

**၇** ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဂေါ်တမ်မူခိုပါဒါယကို နေပြည်တော်ရှိ သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အာဖဂန်နစ္စတန်နိုင်ငံ၊ ခွန်ဒုဇ်မြို့ရှိ နယ်စည်းမခြားဆရာဝန်များအဖွဲ့၏ဆေးရုံကို အမေရိကန်တပ်ဖွဲ့က ဗုံးကြဲတိုက်ခိုက်မှုအပေါ် လွတ်လပ်သောအပြည်ပြည်ဆိုင်ရာ ဖြစ်ရပ်မှန်ဖော်ထုတ်ရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးဖော်ထုတ်ရန် နယ်စည်းမခြားဆရာဝန်များအဖွဲ့က တောင်းဆိုသည်။

**၈** ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး မစ္စတာပီယာဂျော်ဂျီယို အယ်လီဘာတတီကို နေပြည်တော်ရှိ သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် မကြာသေးမီက အာဖဂန်နစ္စတန်ရှိ ဆေးရုံတစ်ခုကို မှားယွင်းဗုံးကြဲသည့်ကိစ္စရပ်အပေါ် နယ်စည်းမခြားဆရာဝန်များအဖွဲ့ကို တောင်းပန်ထားကြောင်း အန်အိုက်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

**၉** နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ဧရာဝဏ်ရေတနာအိမ်ရာစီမံကိန်းနှင့် သီလဝါအထူးစီးပွားရေးဇုန်တို့ကို ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်တပ်နယ်ရှိ ရေတပ်သင်္ဘောကျင်းဌာနချုပ် အရာရှိစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားသည်။

**၁၀** နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် သံလွင်တံတား (ချောင်းဆုံ) စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်တက္ကသိုလ်တွင် ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ် အပြည်ပြည်ဆိုင်ရာအကြံပေးကော်မတီ၏ (၁၂) ကြိမ်မြောက်အစည်းအဝေးက မြန်မာနိုင်ငံ ပုဂံညောင်ဦးရှိ မြစေတီကျောက်စာနှင့် ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ရှိ အလောင်းမင်းတရားကြီး၏ ရွှေပေလွှာမှတ်တမ်းအမွေအနှစ်ကို ယူနက်စကိုကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းတွင် ထည့်သွင်းသတ်မှတ်အတည်ပြုသည်။

**၁၂** ပြည်ထဲရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅) ဖြင့် ကရင်အမျိုးသားအစည်းအရုံး (Kayin National Union KNU)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (All Burma Students Democratic Front ABSDF)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်တောင်ပိုင်း [Restoration Council of Shan State-(RCSS)/ Shan State Army-South-(SSA-S)] တို့ကို ၁၂-၁၀-၂၀၁၅ ရက်မှစ၍ မတရားအသင်းအဖြစ်မှ ပယ်ဖျက်ကြောင်း ထုတ်ပြန်ကြေညာသည်။

ပြည်ထဲရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅) ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (All Burma Students Democratic Front ABSDF)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်တောင်ပိုင်း (Restoration Council of Shan State-(RCSS)/Shan State Army-South-(SSA-S) တို့ကို ၁၂-၁၀-၂၀၁၅ ရက်မှစ၍ အကြမ်းဖက်သူများအဖြစ်မှ ပယ်ဖျက်ကြောင်း ထုတ်ပြန်ကြေညာသည်။

ကယားပြည်နယ် ဘော်လခဲခရိုင်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသတွင် မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ် ၆၀ ခန့် ပြိုကျပျက်စီးခဲ့ပြီး လူ ၁၇ ဦးသေဆုံးကာ ၆ ဦးမှာ ပျောက်ဆုံး

နေသဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည်ဟု နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာနှီးနှော ဖလှယ်ပွဲသို့ တက်ရောက်အားပေးသည်။



**မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုကျမှုဖြစ်ပွားခဲ့သော မော်ချီးဒေသ**

တရုတ်နိုင်ငံတွင် လွန်ခဲ့သည့် နှစ်လက လူပေါင်း ၁၆၀ကျော် သေဆုံးခဲ့ရသော ပေါက်ကွဲမှုဖြစ်ပွားရာ တီယန်ကျန်းမြို့ရှိ ဆိပ်ကမ်းမှာပင် အရက်နှင့် အခြားဓာတုပစ္စည်းများ သိုလှောင်ထားသည့် ဂိုဒေါင်တစ်လုံး ထပ်မံပေါက်ကွဲသည်။

**၁၃** ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) ၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာသဘာဝဘေး လျော့ပါးရေးနေ့ အခမ်းအနားနှင့်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၅) သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်၍ မူလသတ်မှတ်ထားသော နိုဝင်ဘာလ ၈ ရက်တွင်ပင် ရွေးကောက်ပွဲ ပြုလုပ်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘာ့ရှေးအကျဆုံးတက္ကသိုလ်များစာရင်းဝင် နာလန္ဒာတက္ကသိုလ် ပြန်လည်တည်ဆောက်ရေးအတွက် အိန္ဒိယနှင့် ပေါ်တူဂီနိုင်ငံတို့ လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၁၄** ၂၀၁၄ ခုနှစ်၊ ဇူလိုင်လက ယူကရိန်းအရှေ့ပိုင်း၌ ပစ်ချခံခဲ့ရသည့် မလေးရှားလေကြောင်းပိုင် MH-17 လေယာဉ်သည် ရုရှား လုပ်ဒုံးကျည်ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ဒတ်ချ်တာဝန်ရှိသူများက ပြောဆိုသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၁၅** တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ၊ ပြည်တွင်းပြည်ပအသိသက်သေများက လက်မှတ်ရေးထိုးကြပြီးနောက် နံနက် ၁၁ နာရီခွဲတွင် သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက် အမှာစကား ပြောကြားသည်။

နှစ်နိုင်ငံကြား ဖလှယ်မှုများ မြှင့်တင်ရာတွင် ကူညီဆောင်ရွက်မှုများကို အသိအမှတ်ပြုသည့် အနေဖြင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်အား တရုတ်နိုင်ငံ ကွမ်ရှီးမင်ဇူ တက္ကသိုလ်က ဂုဏ်ထူးဆောင်စာပေ ပါရဂူဘွဲ့ ချီးမြှင့်သည်။

**၁၆** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ရှိသူများလိုက်ပါလျက် ကယားပြည်နယ်၊ မော်ချီးဒေသ

လိုခါးလိုကျေးရွာ ခရစ်ယာန်နှစ်ခြင်း ဘုရားရှိခိုးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းတွင် သဘာဝဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး (JICM) ကို နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်မက်စ်၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်အမှာစကားပြောကြားသည်။

**၁၇** ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေး ကျွမ်းကျင်သူများအဖွဲ့၊ ရေလွှမ်းမိုးမှုထိန်းချုပ်ရေးရုံးနှင့် မိုးခေါင်ရေရှားပါးမှုလျော့နည်းရေးရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ် မစ္စတာရှူချင်းဖန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံပြီး ဧရာဝတီမြစ် ရေကြီးရေလျှံမှုမှ ကာကွယ်ရေးနှင့် ပတ်သက်သည့် လေ့လာဆန်းစစ်ချက်များကို ဆွေးနွေးသည်။

**၁၈** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အချက်လေးချက်ပါသော သတင်းထုတ်ပြန်ချက် ထုတ်ပြန်၍ ဘက်လိုက်သော သတင်းထုတ်လွှင့်မှုများသည် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကို ထိခိုက်စေနိုင်ကြောင်း အလေးပေးဖော်ပြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ၌ ပြည်ပရောက်မဲဆန္ဒရှင်များက ကြိုတင်ဆန္ဒမဲများကို အဆင်ပြေချောမွေ့စွာပေးလျက်ရှိကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်ပနိုင်ငံအသီးသီးသို့ ရောက်ရှိနေသူများ၏ ကြိုတင်ဆန္ဒမဲပေးမှုသည် အောက်တိုဘာလ ၁၃ ရက်မှ ၁၇ ရက်ထိ မဲဆန္ဒရှင်စုစုပေါင်း ၁၁,၉၀၆ ဦး ရှိကြောင်း မြန်မာ့ရုပ်မြင်သံကြားညပိုင်းသတင်းများကြေညာရာတွင် ထည့်သွင်းဖော်ပြသည်။

အီဂျစ်နိုင်ငံ၌ သုံးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ပါလီမန်ရွေးကောက်ပွဲကို စတင်ကျင်းပကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားသည် အမေရိကန်နှင့် တောင်ကိုရီးယားတို့က ကမ်းလှမ်းထားသော နျူကလီးယားဆွေးနွေးပွဲများ ကျင်းပရေးကို ပယ်ချလိုက်ပြီး ယင်းအစား အိမ်နီးချင်းတောင်ကိုရီးယားနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ခု ရရှိလိုသည်ဟု ပြောကြားသည်။

**၁၉** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အမေရိကန်သမ္မတ၏ လက်ထောက်၊ မဟာဗျူဟာဆက်ဆံရေးနှင့် မိန့်ခွန်းရေးသားရေးဌာနမှ ဒုတိယ အမျိုးသားလုံခြုံရေးအကြံပေး Mr.Benjamin Rhodes နှင့်အဖွဲ့ကို နေပြည်တော်ရှိ ယင်းကော်မရှင်ရုံး၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ဥရောပပါလီမန် ဒုတိယဥက္ကဋ္ဌနှင့် ဥရောပသမဂ္ဂ၏ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ အကြီးအကဲ မစ္စတာအလက်ဇန္ဒားဂရက်ဖ်လမ်းဘ်စဒေါ့ဖ်ကို လက်ခံတွေ့ဆုံသည်။

နိုင်ငံအတွင်းထုတ်ဝေလျက်ရှိသည့် သတင်းစာ၊ ဂျာနယ်များတွင် အရက်၊ ဘီယာကြော်ငြာများ ထည့်သွင်းဖော်ပြခြင်းမပြုရန် ပြန်ကြားရေးဝန်ကြီးဌာန၏ မေတ္တာရပ်ခံစာတစ်စောင်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည်။

ဗြိတိန်နိုင်ငံသည် တရုတ်နိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အသင့်တော်ဆုံးသော

အနောက်နိုင်ငံဖြစ်သည်ဟု ဗြိတိန်နိုင်ငံက ကတိပြုဖူးကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ဗြိတိန်နိုင်ငံသို့ မထွက်ခွာမီ ငါးရက်အလို ရိုက်တာသတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားသည်။

**၂၀** ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းမှ ကူတိုက်ပေးသည့်အတွက် ရုရှားသမ္မတပူတင်ကို ကျေးဇူးတင်ကြောင်း ပြောကြားရန် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆက်သည် မော်စကိုသို့ တိတ်တဆိတ်ရောက်ရှိလာကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၂၁** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၊ မုံရွာမြို့နှင့် ကောလင်းမြို့တို့သို့ သွားရောက်ပြီး တာဝန်ရှိသူများ၊ ဒေသခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဂျပန်နိုင်ငံသည် ပလူတိုနီယမ်အမြောက်အမြားကို အဖျက်စွမ်းအားကြီးမားသည့် လက်နက်များ ပိုမိုအားကောင်းစေရန် အသုံးပြုနေကြောင်း တရုတ်နိုင်ငံ၏ဖော်ပြချက်ကို လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးက အပြင်းအထန် ခုခံငြင်းဆိုခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၂၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကသာခရိုင် ထီးချိုင့်မြို့နယ် မြတောင်ရွာနှင့် ထီးချိုင့်မြို့သို့ ဆက်သွယ်ထားသော ဧရာဝတီမြစ်ကူးတံတား (ထီးချိုင့်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးသည်။

**၂၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်ရှိ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

**၂၄** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် အကြိမ် (၇၀) မြောက် ကုလသမဂ္ဂနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**၂၆** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ နည်းပညာသုတေသနအဆောက်အအုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အာဖဂန်နစ္စတန်နှင့်ပါကစ္စတန်နယ်စပ်ဒေသများ၌ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၈ ရှိပြင်းထန်သော ငလျင်လှုပ်ခဲ့ရာ သေဆုံးသူ ၂၈၀ ကျော်နှင့် ဒဏ်ရာရသူ ၁,၃၀၀ ခန့်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒိုတို့သည် အိမ်ဖြူတော်၌ တွေ့ဆုံ၍နှစ်နိုင်ငံ ပင်လယ်ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့ရန် သဘောတူညီခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်က ဖော်ပြသည်။

**၂၇** သတင်းမီဒီယာဥပဒေနှင့် နည်းဥပဒေများအရ ရွေးချယ်တင်မြှောက်ခဲ့သည့် သတင်းမီဒီယာကောင်စီဝင် ၂၄ ဦးအနက် ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်လေး (ဖိုးသောကြာ) ကို ဆန္ဒပြုရွေးချယ်တင်မြှောက်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၆၇/၂၀၁၅)ဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ရာ၌ ရှမ်းပြည်နယ်အတွင်းရှိ မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်တို့တွင် မြို့နယ်တစ်ခုလုံးစီနှင့် တန်ယန်းမြို့နယ်၊ ဟိုပန်မြို့နယ်များအတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၅၀ တို့တွင် နယ်မြေမအေးချမ်းသည့်အတွက် ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်း မရှိကြောင်း ထုတ်ပြန်ကြေညာသည်။

**၂၈** မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်နှင့် မြန်မာ့ရွက်လှေအားကစားအဆင့်အတန်းတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ပုသိမ်ခရိုင်၊ ငွေဆောင်ကမ်းခြေရှိ ငွေဆောင်ရွက်လှေကလပ်၌ Myanmar Wave Rider Cup and KTA Race Open 2015 ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

တရုတ်ဝန်ကြီးချုပ် လီခချန်းနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့သည် ဆီးရီးယားအကျပ်အတည်းကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် သဘောတူလိုက်ကြောင်း ရိုက်တာသတင်းကဖော်ပြသည်။

**၂၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ငပုတောမြို့တို့သို့ ရောက်ရှိပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားနှင့် ဆက်သွယ်ရေးကဏ္ဍများ၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၅) ကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**၃၀** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ပဲခူးမြို့ရှိ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ (မဇင်း) ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် နည်းပညာပူးပေါင်းဖလှယ်ရေးအစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည့် မြန်မာ့သတင်းအချက်အလက်နည်းပညာတက္ကသိုလ် (မန္တလေး)၏ ပင်မခြောက်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်သည်။

ရုရှားလေကြောင်းလိုင်းတစ်ခုဖြစ်သည့် ကိုဂါလီမာဗီးယားပိုင် အဲဘတ်စ်လေယာဉ် A.321 သည် ခရီးသည် ၂၁၇ ဦးနှင့် လေယာဉ်အမှုထမ်း ၇ ဦးတင်ဆောင်ကာ အီဂျစ်နိုင်ငံ ရှမ်အယ်လ်ရှိတ်ခ်ဒေသမှ ရုရှားနိုင်ငံ စိန့်ပီတာစဘာ့ခ်မြို့သို့ ဦးတည်ထွက်ခွာခဲ့ရာ ဆိုင်းနိုင်းကျွန်းဆွယ်ဒေသ၌ပျက်ကျ၍ လူအများစုမှာ သေဆုံးဖွယ်ရှိကြောင်း ဆင်ဟွာသတင်းကဖော်ပြသည်။

# နိုဝင်ဘာလ

**၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ မြိတ်မြို့သို့ရောက်ရှိပြီး ဒေသခံအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သုံးနှစ်ခွဲခန့်ကျင်းပခဲ့ခြင်း မရှိသည့် ဂျပန်-တရုတ်-တောင်ကိုရီးယားသုံးပွင့်ဆိုင်အစည်းအဝေးကို ဆိုးလ်မြို့တွင်ပြန်လည်ကျင်းပရာ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ တရုတ်ဝန်ကြီးချုပ် လီခချန်းနှင့် တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးတို့ တက်ရောက်သည်။

**၂** နိုင်ငံတော်အစိုးရသည် အိန္ဒိယနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားသည့် မြန်မာရေလုပ်သားတို့ကို ပြန်လည်ခေါ်ယူ၍ မိသားစုနှင့် ပြန်လည်ပေါင်းစည်းနိုင်ရေးကို စီစဉ်ပေးရာတွင် ပထမအသုတ်အနေဖြင့် ရေလုပ်သား ၁၅၈ ဦး ပြန်လည်ရောက်ရှိသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးတို့သည် ဆိုးလ်မြို့တွင် ကျင်းပသည့် ဂျပန်-

တရုတ်-တောင်ကိုရီးယား သုံးပွင့်ဆိုင် အစည်းအဝေးအပြီးတွင် တွေ့ဆုံဆွေးနွေးသည်။

**၃** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နှင့် မြောက်ဦးမြို့တို့သို့ရောက်ရှိပြီး ဒေသခံအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

အရှေ့တောင်အာရှနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ နှစ်ရက်ကြာ တွေ့ဆုံဆွေးနွေးပွဲကို မလေးရှားနိုင်ငံ၌ စတင်ကျင်းပသည်။

အီရန်နိုင်ငံသည် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ရရှိခဲ့သော နျူကလီးယားဆိုင်ရာသဘောတူညီချက်ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်ကြေညာသည်။

အမေရိကန်နိုင်ငံ၌ လက်ရှိ တစ်နာရီလုပ်ခလစာကို အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၅ ဒေါ်လာမှ ၁၂ ဒေါ်လာအထိ တိုးမြှင့်ပေးရန် ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်က အိုင်အိုဝါ၌ မဲဆွယ်စည်းရုံးစဉ် တိုက်တွန်းလိုက်သည်။

**၄** စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နှင့် မာန်အောင်မြို့တို့သို့ သွားရောက်၍



**ဂျပန်-တရုတ်-တောင်ကိုရီးယား သုံးပွင့်ဆိုင်အစည်းအဝေးသို့ တက်ရောက်လာသည့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေး**

ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာခြင်းနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ ရုပ်သံမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်သည်။

**၅** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ မကွေးတိုင်းဒေသကြီးအတွင်းရှိ စလင်း၊ စေတုတ္တရာ၊ ငဖဲ၊ မင်းတုန်းနှင့် ကံမမြို့နယ်တို့မှ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဝက်သည်းကန် ပြန်လည်ပြုပြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသည်။

ဆီးရီးယားနိုင်ငံအတွင်းရှိ ရုရှားစစ်တပ်ကို အကာအကွယ်ပေးရန် လေကြောင်းရန် ကာကွယ်ရေးစနစ်များ ပေးပို့လိုက်ကြောင်း ရုရှားလေတပ်အကြီးအကဲက ပြောကြားသည်။

**၆** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ကာတာစင်တာမှ မစ္စတာဂျေဆန်ကာတာ၊ အိုင်ယာလန်သမ္မတဟောင်း မစ္စမယ်ရီရော်ဘင်ဆင် ခေါင်းဆောင်သော ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ကို နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ ကျင်းပလျက်

ရှိသည့် (၂၃) ကြိမ်မြောက် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်သည့် Universal Periodic Review-UPR အစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

**၇** အိန္ဒိယနိုင်ငံသည် အသံထက်မြန်သော ဒုံးကျည်ဘရာမို့စ်ကို ရာဂျက်စတန်အနောက်ဘက်ပြည်နယ်ပေါ့ခ်ကရမ်ရှိ စမ်းသပ်ဒုံးလွှတ်စင်မှ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

**၈** ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နယ်မြေမငြိမ်းချမ်းသောဒေသအချို့မှအပ



**၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးနေသည့် ပြည်သူတစ်ဦး**

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြိုင်နက် ကျင်းပသည်။

**၉** ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ် ကြေညာမည့် မီဒီယာစင်တာဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၌ မွန်းလွဲ ၃ နာရီက ကျင်းပပြီး ရွေးကောက်ပွဲရလဒ်များ စတင်ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကို နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၇၁/၂၀၁၅) နှင့် (၇၂/၂၀၁၅) တို့ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများကိုကြေညာသည်။

**၁၀** ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးရှိ မီဒီယာစင်တာ၌ ကျင်းပသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၇၃/၂၀၁၅)၊ (၇၄/၂၀၁၅) နှင့် (၇၅/၂၀၁၅) တို့ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများကို ကြေညာသည်။

**၁၁** ချင်းပြည်နယ်ရှိ မြေပြိုဆည်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

**၁၂** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်၏ (၂/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံသို့လည်း လွှတ်တော်ကိုယ်စားလှယ်နေရာ အများဆုံးအနိုင်ရမှုအပေါ် ဂုဏ်ပြုစကားပြောကြားသည်။

**၁၃** ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နောက်ဆုံးမဲရလဒ်များအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် သတ်မှတ်ကိုယ်စားလှယ်အရေအတွက် ထက်ဝက်ကျော်သွားပြီဖြစ်၍ အစိုးရဖွဲ့နိုင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်နိုင်ငံ သံအမတ်ကြီး HE.Mr. Derek Mitchell နှင့် ဂျပန်နိုင်ငံ သံအမတ်ကြီး HE.Mr.Tateshi HIGUCHI တို့ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများကို အမေရိကန်က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ ဓားစာခံအဖြစ်ဖမ်းဆီးခံရသော အမေရိကန်နှင့်ဗြိတိန်နိုင်ငံသားများကို သတ်ဖြတ်မှုဗီဒီယိုမှတ်တမ်း၌ ပါဝင်သော ဂျီဟတ်ဒီဂျွန်အမည်ရှိ စစ်သွေးကြွကို ပစ်မှတ်ထားတိုက်ခိုက်နေကြောင်း စစ်ဆင်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**၁၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်ရှိ မဲဇလီ (၂) ရေထိန်းတံခါး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြင်သစ်နိုင်ငံ၊ ပါရီမြို့တော်တွင် အကြမ်းဖက်သမားများ၏ အဆက်မပြတ်ပစ်ခတ်မှုများ နှင့်ဗုံးဖောက်ခွဲမှုများကြောင့် လူပေါင်း ၁၂၉ ဦး သေဆုံးခဲ့ကြောင်း အန်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

**၁၅** အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုနှင့် အကြမ်းဖက်တိုက်ဖျက်ရေးပြဿနာများကို ဆွေးနွေးရန် တူရကီနိုင်ငံသို့ ရောက်ရှိသည်။

**၁၇** တရုတ်ဝန်ကြီးချုပ် လီခချန်း၏ မလေးရှားခရီးစဉ်သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လျူကျန်မင်းက ပြောကြားသည်။

**၁၈** တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို နေပြည်တော်ရှိ ဟော်ရီဇုန်ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီသည် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရ်၊ အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်တို့ပါဝင်သော ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီကို ဖွဲ့စည်းသည်။

ရုရှားနိုင်ငံသည် ဆီးရီးယားအစိုးရအဖွဲ့ကို ကျားကန်ပေးနေခြင်းမှ အိုင်အက်စ်အဖွဲ့ကို တိုက်ဖျက်ခြင်းသို့ ဦးတည်ချက်ပြောင်းလဲရန် အမေရိကန်သမ္မတအိုဘားမားက တိုက်တွန်းပြောကြားသည်။

ဂျာမနီနိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၁၃၀ ထပ်မံစေလွှတ်ပေးမည်ဖြစ်ကြောင်း ဂျာမနီအစိုးရအဖွဲ့က ထုတ်ပြန်ကြေညာသည်။

**၁၉** အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့သည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ၂၀၁၅ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ချီးကျူးဂုဏ်ပြုသည်။

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့သည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)၏ အဖွဲ့ဝင် ၂၁ နိုင်ငံအနေဖြင့် နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ကြရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

**၂၀** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် နေပြည်တော်လေဆိပ်မှ မလေးရှားနိုင်ငံသို့ ထွက်ခွာသည်။

**၂၁** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆန်ခတ်ကူးကျေးရွာတွင် စွန့်ပစ်မြေစာပုံပြိုကျမှုကြောင့် အိမ်ခြေ ၈၀ ခန့် မြေနစ်မြုပ်ကာ လူပေါင်းရာချီပျောက်ဆုံးလျက်ရှိကြောင်းပြည်တွင်းမီဒီယာများကဖော်ပြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) တို့အကြား နှစ်ဖက်ကုန်သွယ်မှုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရေးလက်မှတ်ရေးထိုးသည်။

**၂၂** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် အာဆီယံ-နယူးဇီလန် နှစ် (၄၀) ပြည့် အထိမ်းအမှတ်ထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး၊ (၁၈) ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၇) ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေးနှင့် (၇) ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်သည်။

အကြမ်းဖက်မှုလုံးဝချုပ်ငြိမ်းပပျောက်စေရေးအတွက် ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့ ပူးပေါင်းဆောင်ရွက်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။

ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို ဆန့်ကျင်တိုက်ခိုက်သည့် လေကြောင်းတိုက်ခိုက်မှုများကို အကူအညီပေးရန် ပါလီမန်သို့ တိုက်တွန်းသည်။

**၂၃** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ပြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိသည်။

**၂၄** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒန်နီရယ်အာရပ်စ်ဆဲလ်ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကျေးရွာများ မြေငှားဂရန် ထုတ်ပေးနိုင်ရေးအထူးလုပ်ငန်းအဖွဲ့သည် ကျေးလက်နေပြည်သူတစ်ဦးချင်းအနေဖြင့် သော်လည်းကောင်း၊ အိမ်ထောင်စုတစ်ရာသို့မဟုတ် ခြံကွက်တစ်ရာတစ်ပေါင်းတည်းအနေဖြင့်သော်လည်းကောင်း ကျေးရွာမြေငှားဂရန် ရရှိရေး လျှောက်ထားနိုင်ကြောင်း သတင်းထုတ်ပြန်သည်။

**၂၅** ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၈ အရ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းသည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၉ အရ ပင်စင်အက်ဥပဒေဟောင်းကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်းသည်။

**၂၆** နေပြည်တော် ဥတ္တရသီရိမြို့နယ် အောင်မောဇ္ဈိတောင်ညွန့်၌ တည်ထားသည့် မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးဌာပနာသွင်း၊ မြသပိတ်၊ ရွှေကြာသင်္ကန်းကပ် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့်ရေစက်ချအောင်ပွဲ အခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး၊ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတဦးဉာဏ်ထွန်းနှင့်ဇနီးတို့ တက်ရောက်ကြည်ညိုသည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်တို့သည် အကြမ်းဖက်မှုများ အတူတကွ တိုက်ဖျက်နှိမ်နင်းရန်သဘောတူဆုံးဖြတ်ကြသည်။

**၂၇** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

**၂၇-၂၈** နိုင်ငံတော်အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားပြု ရှစ်ဦးစီပါဝင်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း)ရေးဆွဲရေးကော်မတီ အစည်းအဝေးကို ရန်ကုန်မြို့ရှိ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**၂၉** စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ဖိလစ်ပိုင်နိုင်ငံ ဒါနန်းမြို့၌ ကျင်းပသည့် (၁၅) ကြိမ်မြောက် အာဆီယံသတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။

**၃၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ထံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က တွေ့ဆုံဆွေးနွေးရန် တောင်းဆိုခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးနှင့် တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့တို့က သတင်းထုတ်ပြန်သည်။

Myanmar Egress အဖွဲ့မှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၃၀ တို့သည် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လာရောက်လေ့လာကြရာ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၉၆/၂၀၁၅) ဖြင့် လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို ထုတ်ပြန်ကြေညာသည်။

## ဒီဇင်ဘာလ

**၁** နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) ရေးဆွဲရေးကော်မတီတွင် ပါဝင်သည့် အစုအဖွဲ့သုံးစုမှ ကိုယ်စားလှယ်ကိုးဦးသည် နိုင်ငံရေးမူဘောင် (မူကြမ်း) အသေးစိတ်ရေးဆွဲခြင်းကို မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာ၌ စတင်ကျင်းပသည်။


ရုရှားသမ္မတဗလာဒီမာပူတင်သည် တူရကီနိုင်ငံက ရုရှားတိုက်လေယာဉ်ပစ်ချခဲ့မှုကို လူသိထင်ရှား ထပ်မံရှုတ်ချခဲ့ပြီး ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် ကျင်းပလျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ၌ တူရကီသမ္မတ ရီဆက်တေယက် အာဒိုဂန်၏ သီးခြားတွေ့ဆုံရန် ကမ်းလှမ်းမှုကို ငြင်းဆန်လိုက်သည်။

**၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့သည် နံနက်

၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်

ကုမ္ပဏီပိုင် ရှယ်ယာ ၉၉ ရာခိုင်နှုန်း ဖြစ်သည့် ဒေါ်လာ ၄၅ ဘီလီယံ ကျော်ကို လူမှုအကျိုးပြုလုပ်ငန်း များသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရ သည့် ကလေးငယ်များသန်းနှင့်ချီ၍ ရှိနေကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံစဉ်**

ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့သည် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လည်းကောင်း တွေ့ဆုံဆွေးနွေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ရှင်းလင်းပြောကြားပြီး ပြည်တွင်း၊ ပြည်ပသတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားသည်။

ဖေ့စ်ဘွတ်သန်းကြွယ်သူဌေး မက်ခ်ဇူကာဘက်က ၎င်း၏ဖေ့စ်ဘွတ်

**၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ကျင်းပသော နိုင်ငံခြားအကူအညီစီမံခန့်ခွဲမှု ဗဟို ကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား သည်။

၂၀၁၅ ခုနှစ် အပြည်ပြည် ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်း အမှတ်အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂)၌ ကျင်းပသည်။

ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်ပစ်မှတ်များကို ဗြိတိန် တော်ဝင်လေတပ်က ပထမဆုံး အကြိမ်စီးနင်းတိုက်ခိုက်သည်။

နီပေါနိုင်ငံတွင် အစာရေစာနှင့် ဆေးဝါးပြတ်လပ်မှုများကြောင့်

**၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ အထူးသံတမန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး မစ္စတာလျိုကျန်းမင် ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ် စစ်သွေးကြွအဖွဲ့ကိုစစ်ဆင်ရေးဆင်နွှဲရန် အပါအဝင် အစိုးရ၏ အစီအစဉ်များကို ဂျာမနီနိုင်ငံ အောက်လွှတ်တော်က အတည်ပြုသည်။

**၅** ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၌ မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်း (Disaster Management Training Centre) ဖွင့်ပွဲအခမ်းအနားနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲကို လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင် တက်ရောက်အမှာစကားပြောကြားသည်။

**၆** (၉၅) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေး၊ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များတွေ့ဆုံ၍ ကျင်းပပြီးစီးခဲ့သည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ သုံးသပ်ညှိနှိုင်း အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပသည်။

**၇** ဗင်နီဇွဲလားနိုင်ငံ ရွေးကောက်ပွဲတွင် အတိုက်အခံဒီမိုကရက်တစ်ညီညွတ်ရေးတပ်ပေါင်းစုက အနိုင်ရရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘာ့ခေါင်းဆောင်များ မဟာမိတ်အဖွဲ့ မက်ဒရစ်မှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စချန်ဒါရီကာကုမာရတွန်ဂါ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

နာဇီခေတ်က ရက်စက်ကြမ်းကြုတ်မှုများကဲ့သို့ ညှဉ်းပန်းနှိပ်စက်မှုများရှိကြောင်း ကမ္ဘာ့ကုလသမဂ္ဂက စွပ်စွဲထားသည့် မြောက်ကိုရီးယားလူ့အခွင့်အရေးနှင့် ပတ်သက်၍ အထူးအစည်းအဝေးတစ်ရပ် ကျင်းပသွားရန် အမေရိကန်က စီစဉ်နေခြင်းအပေါ် တရုတ်နှင့်ရုရှားတို့က ကန့်ကွက်ထားကြောင်း လုံခြုံရေးကောင်စီ သံတမန်များက ပြောကြားသည်။

တရုတ်နိုင်ငံ မြို့တော်ပေကျင်းတွင် လေထုညစ်ညမ်းမှု အလွန်ဆိုးရွားနေပြီး မီးခိုးမြူများထူထပ်စွာဖုံးလွှမ်းနေသောကြောင့် အမြင့်ဆုံး အနီရောင်သတိပေးချက်ကို စတင်ထုတ်ပြန်သည်။

**၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၌ ကျင်းပသည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်နှင့် ငွေရေးကြေးရေးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-ဂျပန်ပူးပေါင်းစီစဉ်မှုဖြင့် ဆောင်ရွက်ခဲ့သည့် ရန်ကုန်စတော့အိတ်ချိန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

**၁၀** အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်) အဖွဲ့သည် ရေနံကုန်သွယ်ရောင်းဝယ်ခြင်းမှ ဒေါ်လာသန်း ၅၀၀ ကျော် ဝင်ငွေရရှိခဲ့ကြောင်း၊ ရေနံအများအပြားကို ဆီးရီးယားသမ္မတ ဘားရှားအယ်လ်အာဆတ်၏အစိုးရအဖွဲ့က ဝယ်ယူပြီး ရေနံအချို့မှာမူ တူရကီနိုင်ငံသို့ ရောင်းချခြင်းဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဌာန အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**၁၁** နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာ

ပြခြင်းအခမ်းအနားကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်တက်ရောက် မိန့်ခွန်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာ

**၁၂** ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားပြီး ဆုရရှိသူများကို ဆုချီးမြှင့်သည်။

ပထမဆုံးအကြိမ် ခွင့်ပြုပေးလိုက်ကြောင်း မီဒီယာများက ဖော်ပြသည်။

အိန္ဒိယနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ကျည်ဆန်ရထား တည်ဆောက်ရေး၊ အရပ်ဘက်သုံး အဏုမြူစွမ်းအင်ထုတ်လုပ်ရေး၊ စစ်ဘက်ဆိုင်ရာထောက်ပံ့ရေး၊ ကာကွယ်ရေးဆိုင်ရာယာဉ်နှင့် ကိရိယာများ ရောင်းချရေးနှင့် နည်းပညာများ ပေးအပ်ရေး




**ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းကအမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး ဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်) အား ဂုဏ်ပြုမှတ်တမ်းနှင့် ဆုချီးမြှင့်စဉ်**

တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသော တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၎င်း၏ နှစ်ရက်ကြာ အိန္ဒိယနိုင်ငံခရီးစဉ်ကို စတင်ကြောင်း ဂျပန်မီဒီယာများက ဖော်ပြသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ကျင်းပရာ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၅ နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သမိုင်းဝင်သဘောတူညီချက်ကို အတည်ပြုသည်။

ဆော်ဒီအာရေဗျနိုင်ငံ ရွေးကောက်ပွဲတွင် အမျိုးသမီးများ မဲပေးခွင့်နှင့် ပါဝင်ယှဉ်ပြိုင်ခွင့်တို့ကို ဆိုင်ရာ သဘောတူစာချုပ်လေးခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။

**၁၃** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထားဝယ်အထူးစီးပွားရေး ဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ-ထိုင်းပူးတွဲအဆင့်မြင့် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပဉ္စမအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့် ကော်မတီအစည်းအဝေးတက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသည်။

၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ကော့မှူး မြို့နယ်၌ အမှိုက်ကောက်သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်သည်။

**၁၄** ထိုင်းနိုင်ငံရောက်ရှိနေသော ဒုတိယသမ္မတဦးညဏ်ထွန်းသည် St.Regis Hotel တွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒေါက်တာ ဆွန်ကစ်ဂျာတုဆရီပီတက် ဦးဆောင်သည့်အဖွဲ့ကို လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်-၂ ကို သတ်မှတ်ကာလ အတွင်းပြီးစီးရန်နှင့် ထားဝယ် စီးပွားရေးဇုန် အကောင်အထည် ဖော်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

**၁၅** တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မိတ္ထီလာ တပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်း၌ကျင်းပသည့် (၆၈) နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည် အထိမ်းအမှတ်နေ့ အဖြစ် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

ယီမင်နိုင်ငံ၏ စစ်ရေးပဋိပက္ခ အဆုံးသတ်စေရန် ရည်ရွယ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆွစ်ဇာလန် နိုင်ငံ၌ စတင်ကျင်းပသည်။

**၁၆** ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် စီမံကိန်းကော်မရှင် အစည်းအဝေး (၂/၂၀၁၅) နှင့် (၃/၂၀၁၅) ကို နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ပြည်ထောင်စုအစိုးရ အဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်တက်ရောက် အမှာစကားပြောကြားသည်။

**၁၇** ၂၀၁၄ ခုနှစ်က တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးကို အသရေဖျက်မှုဖြင့် စွဲချက်တင်ခံထား ရသော ဂျပန်သတင်းထောက်ကို တောင်ကိုရီးယားဗဟိုခရိုင်တရားရုံးက အပြစ်မရှိကြောင်း စီရင်ချက်ချမှတ် လိုက်ရာ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အဆိုပါစီရင်ချက် အပေါ် ကြိုဆိုပါကြောင်း ပြောကြား သည်။

**၁၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် အမေရိကန်နိုင်ငံ၊ စတန်းဖို့ဒ် တက္ကသိုလ်မှ ပါမောက္ခဒန်အန်ကြူ ဦးဆောင်သည့် စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းသား၊ သင်တန်းသူ များကို နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသည့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၇) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးသည် ကြေညာချက်အမှတ် (၂/၂၀၁၅) ဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် စတင်ကျင်းပမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ သည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၂၃/၂၀၁၅) ဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီကို ၉-၁၂-၂၀၁၆ ရက်တွင် ကွယ်လွန် သွားခဲ့သော သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၏ တာဝန် များကိုပါ ပူးတွဲထမ်းဆောင်စေရန် ထုတ်ပြန် ကြေညာသည်။

ကင်ညာနိုင်ငံ မြို့တော် နိုင်ရိုဘီ၌ ကျင်းပသောကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ ဒသမအကြိမ် ဝန်ကြီးအဆင့်ညီလာခံက အာဖဂန်

နစ္စတန်နိုင်ငံကို အဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင်အတည်ပြုလိုက်သည်။

**၁၉** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းကော်မတီနှင့် နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းကို ကြည့်ရှုသည်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ကျင်းပခဲ့သော လုံခြုံရေးကောင်စီအစည်းအဝေးတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများက ဆီးရီးယားနိုင်ငံအတွင်း စစ်ပွဲများရပ်တန့်ပစ်ရန် ငြိမ်းချမ်းရေးဆောင်ရွက်ချက်နှင့်ပတ်သက်၍ တစ်ခဲနက်ထောက်ခံခဲ့ကြကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက ဖော်ပြသည်။

**၂၀** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

တရုတ်နိုင်ငံတောင်ပိုင်းရှိ စက်မှုဇုန်တစ်ခု၌ မြေပြိုမှုများဖြစ်ပွားခဲ့ရာ အဆောက်အအုံ ၂၂ လုံး မြေအောက်သို့ရောက်ရှိခဲ့ပြီး လူပေါင်း ၄၁ ဦးပျောက်ဆုံးလျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

**၂၁** မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေးကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

ယခုနှစ်နွေရာသီက နီပေါနိုင်ငံတွင် အင်အားပြင်းထန်သောငလျင်လှုပ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ လူပေါင်းကိုးထောင်နီးပါး သေဆုံးခဲ့ပြီး နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် ဂျပန်နိုင်ငံက ယန်း ၃၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄၄ သန်း) အကူအညီပေးရေးသဘောတူညီချက်တစ်ရပ်ကို ဂျပန်နှင့် နီပေါနိုင်ငံတို့ လက်မှတ်ရေးထိုးလိုက်သည်။

**၂၂** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းမှုအထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသွင်ကူးပြောင်းရေးအဖွဲ့တို့အကြား ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ရုံးအမှတ် (၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဗီယက်နမ်နိုင်ငံတွင် ၂၀၁၄ ခုနှစ်က နိုင်ငံလူဦးရေ၏ ၄၉ ရာခိုင်နှုန်းသာ အင်တာနက်အသုံးပြုခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၅၂ ရာခိုင်နှုန်း (၄၇ ဒသမ ၃ သန်း) အထိ ရှိလာခဲ့ကြောင်း ဗီယက်နမ်ဆက်သွယ်ရေးအာဏာပိုင်အဖွဲ့က ထုတ်ပြန်ကြေညာသည်။

**၂၃** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပသည့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၁၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

**၂၄** နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် မိသားစုတို့ကို ခရစ်တော်မွေးနေ့အကြိုအဖြစ် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီမှ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာစောရွှေလင်းနှင့် တိုင်းရင်းသားလူငယ်များပါဝင်သော ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များဓမ္မတေးအဖွဲ့က နိုင်ငံတော်သမ္မတအိမ်တော်၌ လာရောက်ဆုတောင်းကောင်းချီးပေးသည်။

(၆၈) နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို သန်လျင်တပ်နယ် အမှတ် (၃) ရေတပ် ဆိပ်ခံတံတား၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်သည်။

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနေခရိုင်အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း) တွင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်က ဗြိတိန်နိုင်ငံသားနှစ်ဦးဖြစ်သော

ဒေးဗစ်မီလာနှင့် ဟန်နာဝပ်တာရက်တို့ သေဆုံးမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ စွပ်စွဲခံရသူ မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦးတို့ကို ကော့စမွေ ခရိုင်တရားရုံးက လူသတ်မှု မုဒိန်းမှုတို့ အပါအဝင် ပုဒ်မ (၇) ခုဖြင့် သေဒဏ် ချမှတ်ခဲ့ကြောင်း ပြည်တွင်းမီဒီယာ များတွင်ဖော်ပြသည်။

**၂၆** တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ အစိုးရ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူ General Prawit Wongsuwon၊ ထိုင်းဘုရင့် တပ်မတော်ဦးစီးချုပ် General Sonmai Kaotira တို့ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစစ်သံမှူးမှတစ်ဆင့် နှစ်သစ်ကူး သဝဏ်လွှာပေးပို့ရာ လိပ်ကျွန်း၌ ဖြစ်ပွားခဲ့သောလူသတ်မှုတွင် သေဒဏ်ချမှတ်ခံရသော မြန်မာနိုင်ငံ သားနှစ်ဦးကိစ္စနှင့်ပတ်သက်၍ တရားဥပဒေအရ ညီညွတ်မျှတစွာ အကောင်းဆုံးဖော်ဆောင် အလေးထား ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည် မျှော်လင့်ပါကြောင်း ဖော်ပြပါရှိသည်။

**၂၇** တရုတ်နိုင်ငံ၏ ပထမဆုံးသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ထိပ်တန်းဥပဒေပြုအဖွဲ့အစည်း တစ်ရပ်က အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာန များက ထုတ်ပြန်သည်။

အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့ (အိုင်အက်စ်) နောက်ဆုံး ခြေကုပ်ယူထားသော အီရတ်နိုင်ငံ ရာမာဒီမြို့ကို အီရတ်တပ်ဖွဲ့များက ပြန်လည် သိမ်းပိုက်သည်။

**၂၈** မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌထံသို့ မြန်မာနိုင်ငံမှ အလုပ်သမားနှစ်ဦးကို သေဒဏ် ချမှတ်ခဲ့ခြင်းအပေါ် အယူခံဝင်သည့် ကာလတွင် ၎င်းတို့နှစ်ဦးရသင့် ရထိုက်သည့် ခံစားခွင့်ရရှိရေးအတွက် မေတ္တာရပ်ခံစာပေးပို့သည်။

ဂျပန်နှင့်တောင်ကိုရီးယား နှစ်နိုင်ငံ ဆက်ဆံရေးကိုထိခိုက်လျက် ရှိသော ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တပ်ဖွဲ့က တောင်ကိုရီးယား အမျိုးသမီးများကို လိင်ကျေးကျွန် ပြုမှုကိစ္စနှင့်ပတ်သက်ပြီး နှစ်နိုင်ငံ အစိုးရများ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် သဘောတူညီမှု ရရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းဌာနက ဖော်ပြသည်။

**၂၉** ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) ၌ ကျင်းပသည့် (၁၆) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတဦးညဏ်ထွန်း သည် နေပြည်တော်ရှိပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော အမျိုးသားမြေအရင်း အမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာ စကားပြောကြားသည်။

ဂီနီနိုင်ငံတွင် အီဘိုလာရောဂါ ကင်းစင်ပြီဖြစ်ကြောင်း ကမ္ဘာ့ ကျန်းမာရေးအဖွဲ့(WHO)က ကြေညာ သည်။

**၃၁** ၂၀၁၆ ခုနှစ်ကို ကြိုဆိုသော အားဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်သည့် ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စု လွှတ်တော်နာယက သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က မြန်မာ့ရုပ်မြင်သံကြားမှတစ်ဆင့် နှစ်သစ်ဆုတောင်းစကားများ ပြောကြားသည်။

နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က အတည်ပြုသည်။

ဒုက္ခသည်များအလုံးအရင်း ဖြင့် ဝင်ရောက်လာမှုကို အခွင့်အရေး တစ်ရပ်အဖြစ်ရှုမြင်ရန် ဂျာမနီ ဝန်ကြီးချုပ်မာကယ်က နှစ်သစ်ကူး မိန့်ခွန်း၌ ပြောကြားခဲ့ပြီး သံသယ ရှိနေသူများသည်လည်း လူမျိုးရေး မုန်းတီးမှုများနောက်မလိုက်ကြရန် တိုက်တွန်းလိုက်သည်။

# အပိုင်း (၂)

## အထူးဆောင်းပါးကြီးများ

ဤစာအုပ်တွင်ပါဝင်သော အထူးဆောင်းပါးကြီးများသည်

၂၀၁၅ ခုနှစ်အတွင်း ထင်ရှားစွာ

ပေါ်ပေါက်လာသော အကြောင်းအရာများနှင့်

ယခင်ဖြည့်စွက်ပြင်ဆင်ရန်ရှိသည့်အကြောင်းအရာများကို

သမိုင်းဆိုင်ရာအချက်အလက်များနှင့်

ညှိနှိုင်းကာ စာရေးသူ၊ ပညာရှင်တို့က သုတေသနပြု

ရေးသားထားခြင်းဖြစ်ပါသည်။

# အပိုင်း (၂)

## မာတိကာ


| | | | |
|---|---|---|---|
| ၁ | ကမ္ဘာတစ်ဝန်း တွင်ကျယ်နေသော လူမှုကွန်ရက်စာမျက်နှာများ | ဦးသောင်းဝင်း (ပန်းချယ်ရီ) | ၈၁-၈၆ |
| ၂ | ကျယ်ပြန့်ထွန်းကားလာသည့် နေရောင်ခြည်စွမ်းအင်သုံးစနစ်များ | ကျော်ဦး | ၈၇-၉၂ |
| ၃ | ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေး | အောင်ချိန်ဘွား | ၉၃-၁၀၂ |
| ၄ | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးဆောင်ရွက်ချက်များ | စိုးအောင် | ၁၀၃-၁၁၆ |
| ၅ | ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ | တက္ကသိုလ်ဆရာတစ်ဦး | ၁၁၇-၁၂၄ |
| ၆ | ၂၀၁၅ ခုနှစ် မြန်မာ့ရေကြီးရေလျှံမှုနှင့် ရေလွှောင်တမံများ | ဦးဇော်ဝင်း (ဆည်မြောင်း)<br>အေးမြင့် (ညောင်တုန်း)<br>ကျော်ဦး | ၁၂၅-၁၃၀ |
| ၇ | ၂၀၁၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန | ၁၃၁-၁၄၀ |
| ၈ | ရာဇပလ္လင် (သို့မဟုတ်) အချုပ်အခြာအာဏာ၏သင်္ကေတ | ဦးကျော်ဝင်း (မနုဿကျော်ဝင်း) | ၁၄၁-၁၄၆ |

# ကမ္ဘာတစ်ဝန်း တွင်ကျယ်နေသော လူမှုကွန်ရက်စာမျက်နှာများ

အင်တာနက် ချိတ်ဆက်မှုရှိသည့် ကွန်ပျူတာ စနစ်သုံးကိရိယာတစ်ခုခုရှိသူတိုင်း လူမှုကွန်ရက် ဝန်ဆောင်မှုလုပ်ငန်းတစ်ခု၏ စာမျက်နှာများကို ဝင်ရောက်ရေးသားဖတ်ရှုခွင့်ရရှိနိုင်ကြသည်။ အခြေခံ အချက်အလက်များကို သိမ်းဆည်းသိုမှီးထားရှိပြီး လိုအပ်သည့်အချိန်၊ လိုအပ်သည့်ကိစ္စရပ်အတွက် အကျိုးအကြောင်းဆက်စပ်မှုများကို အစီအစဉ်တကျ ထားရှိသော ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ကာ သတင်းအဖြစ်ထုတ်ပေးသည့် လုပ်ငန်းစဉ်ကို ကွန်ပျူတာ စနစ်ဟု ခေါ်ဆိုသတ်မှတ်ကြသည်။ တစ်နည်းအားဖြင့် ကွန်ပျူတာစနစ်ကို သတင်းနည်းပညာအဖြစ် နားလည် ထားခဲ့ကြသည်။ သတင်းနည်းပညာကို ဆက်သွယ်ရေး နည်းပညာနှင့် ပေါင်းစပ်အသုံးချယူခြင်းဖြင့် အင်တာနက်ပေါ်ထွန်းလာရသည်။ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ၏ ဆင့်ကဲဖြစ်စဉ်များ ကြောင့် ကမ္ဘာလုံးဆိုင်ရာကွန်ရက်ဖြန့်ကြက်မှု (World Wide Web-WWW) တစ်ခုကို ဖန်တီးနိုင်ခဲ့ကြပြန်သည်။ ထိုအချိန်မှစ၍ ကမ္ဘာလုံးဆိုင်ရာကွန်ရက်ဖြန့်ကြက်မှု ပေါ်တွင် လက်ခံဆောင်ရွက်ရာနေရာနှင့် ဝန်ဆောင်မှု လုပ်ငန်းများ အစဉ်တစိုက်တိုးတက်ပွားများလျက်ရှိ သည်။ ကွန်ပျူတာအသုံးပြုသူများ၏ လူမှုကိစ္စအဝဝကို ဆက်သွယ်ဆောင်ရွက်နိုင်ရေးကို ဝန်ဆောင်မှုပေးနိုင် သောနေရာတွင် လှုပ်ရှားမှုများ၊ စိတ်ဝင်စားမှုများကို မျှဝေစေခြင်းဖြင့် လူမှုကွန်ရက်များ ဖြစ်ထွန်းလာခဲ့ တော့သည်။




**တစ်ကမ္ဘာလုံးဆိုင်ရာ လူမှုကွန်ရက်ဖြန့်ကြက်မှုစနစ်**

၂၀ ရာစုနှစ် အစောပိုင်းကာလများတွင် ဖြစ်ပေါ် လာခဲ့သည့် ဒစ်ဂျစ်တယ်ခေတ်ပြောင်းတော်လှန်ရေး (Digital revolution) မှစကာ ဝေါဟာရသစ်အမြောက် အမြားကို အသုံးပြုခဲ့ကြရသည်။ သိပ္ပံနှင့် နည်းပညာကို အခြေခံ၍ပြောဆိုသုံးနှုန်းလာရသော ဝေါဟာရသစ် များဟု ဆိုရပေလိမ့်မည်။ ဝေါဟာရသစ်များနှင့် ပတ်သက်၍ ကမ္ဘာပေါ်တွင်ရှိသော နိုင်ငံများ၏ ကိုယ်ပိုင် ဘာသာစကားဖြင့် ပြန်ဆိုရန် အခက်အခဲရှိကြသဖြင့် ဝေါဟာရသစ်အများစုတွင် အသံထွက်ကို အခြေပြုကာ မွေးစားစကားလုံးများဖြင့် အသုံးပြုကြရသည်။ ဥပမာ အားဖြင့် ဒစ်ဂျစ်တယ် (digital)၊ ကွန်ပျူတာ (computer)၊ အီလက်ထရွန်းနစ် (electronic) စသည်တို့သည် မွေးစားအခေါ်အဝေါ် စကားလုံးများဖြစ်ကြသည်။

စက်ယန္တရားများဖြင့် တည်ဆောက်ထားသော ကွန်ပျူတာများ ပေါ်ထွန်းစဉ်က ကွန်ပျူတာကို သိပ္ပံ ပညာရှင်များ၊ အင်ဂျင်နီယာများနှင့် သုတေသန ပညာရှင်များသာ အသုံးပြုသော ပစ္စည်းကိရိယာဟု နားလည်ထားခဲ့ကြသည်။ ၁၉၈၀ ပြည့်နှစ်တွင် တစ်ကိုယ်ရေသုံးကွန်ပျူတာ (Personal Computer) များ ထုတ်လုပ်ရောင်းချကာ မည်သူမဆိုကွန်ပျူတာစနစ် (Computing System) ကို အသုံးပြုခွင့်ရခဲ့ကြသည်။ ကွန်ပျူတာတစ်လုံးချင်း အသုံးပြုခွင့်ရသည့်အဆင့်မှ ကွန်ပျူတာတစ်လုံးနှင့်တစ်လုံး ချိတ်ဆက်လုပ်ကိုင်နိုင် သော အဆင့်ရောက်ရှိကာ ကွန်ရက်ဖွဲ့ (networking) အသုံးပြုနိုင်မည့် နည်းပညာများ ပေါ်ပေါက်ခဲ့သည်။ ဤသို့လျှင် သတင်းခေတ်ပြောင်းတော်လှန်ရေး (Information Revolution) ဖြစ်လာကာ သတင်းခေတ် (Information-age) သို့မဟုတ် ကွန်ပျူတာခေတ် (Computer-age) သို့ ရောက်ရှိသည်။

ကွန်ရက်ငယ်လေးများကို ချိတ်ဆက်ယူပြီး အင်တာနက် (Internet) ဟုအမည်တွင်သော တစ်ကမ္ဘာလုံးအသုံးပြုနိုင်သည့် ကွန်ရက်စနစ်ကြီး ဖြစ်ထွန်းလာသောအခါ သတင်းအရင်းအမြစ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အထောက်အကူပြုမှုကြောင့်

သတင်းအချက်အလက်များ စုဝေးတည်ရှိသည့် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်ဖြန့်ကြက်မှုကိုတည်ဆောက်နိုင်ခဲ့ကြပြန်သည်။



**ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်ဖြန့်ကြက်မှုကို ပုံဖော်စမ်းသပ်ခဲ့သူ ဘာနာလီ**

သမိုင်းမှတ်တမ်းများအရ နည်းပညာရှင် ဘာနာလီဆိုသူက ပထမဆုံးသော ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်ဖြန့်ကြက်မှုကို ပုံဖော်စမ်းသပ်မှု ပြုလုပ်ခဲ့သည်ဟုဆိုသည်။ ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ဆောင်ရွက်နိုင်သော အများသုံးကမ္ဘာလုံးဆိုင်ရာ ကွန်ရက်ဖြန့်ကြက်မှုကိုမူ ၁၉၉၅ ခုနှစ်တွင် စတင်အသုံးပြုခွင့်ရကြသည်။

အင်တာနက် ချိတ်ဆက်မှုဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာကွန်ရက်ဖြန့်ကြက်မှုပေါ်တွင် အကြောင်းအရာစုံလင်စွာတင်ထားရာ နည်းပညာဆန်းသစ်မှုများကြောင့် အသုံးပြုသူအရေအတွက် ပွားများလာသကဲ့သို့ အဆင်အပြင်နှင့် ဖန်တီးမှုများကလည်း တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ခေတ်မီလာခဲ့သည်။ သတင်းအချက်အလက်များတည်ရှိရာ ဘုံဌာနကြီးဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်ဖြန့်ကြက်မှုပေါ်တွင် ဖွဲ့စည်းမှုပုံစံအမျိုးမျိုးနှင့်တည်ဆောက်ထားသော ကွန်ရက်ငယ်လေးများ အများအပြားရှိနေကြသည်။ လူမှုကွန်ရက်လုပ်ငန်းများ (Social Networking Services) လည်း ပါဝင်ခဲ့သည်။

အင်တာနက်ချိတ်ဆက်ထားရှိသော ကွန်ပျူတာစနစ်သုံးကိရိယာတစ်ခုကို အသုံးချယူကာ လူမှုကွန်ရက် (social network) များသို့ ဝင်ရောက်ပါဝင်ပြီး လူမှုရေးကိစ္စအဝဝကို အသိပေးတင်ပြထားသော စာမျက်နှာများ ဖန်တီးမှုသည် ကမ္ဘာတစ်ဝန်း အှံ့မခန်းတွင်ကျယ်လာခဲ့သည်။

ကွန်ပျူတာများကို ပုံစံအရွယ်အစားအမျိုးမျိုး၊ စွမ်းဆောင်ရည်အမျိုးမျိုးဖြင့် ထုတ်လုပ်အသုံးပြုကြသည်။ သတင်းအချက်အလက်မြောက်မြားစွာ သိမ်းဆည်းသိုမှီးထားပြီး မြန်ဆန်သွက်လက်စွာ လွှဲပြောင်းပေးနိုင်သော ကွန်ပျူတာကြီးများကို စူပါကွန်ပျူတာ (Super computer) ဟုခေါ်ဆိုသကဲ့သို့ ကြီးမားသောလုပ်ငန်းအစုအဝေးကြီးများအတွက် လုပ်ကိုင်ပေးနိုင်သောအဆင့်ကို မိန်းဖရိန် (mainframe) ဟုခေါ်ဆိုသတ်မှတ်ကြသည်။ လုပ်ငန်းကြီးတစ်ခုအတွက် ဝိုင်းဝန်းအသုံးပြုနိုင်သည့် ကွန်ပျူတာအမျိုးအစားကို ဆာဗာ (server) အဆင့်ဟု သတ်မှတ်ကြသည်။ တစ်ဦးတည်း အသုံးပြုနိုင်သောအဆင့်ကို တစ်ကိုယ်ရေသုံးကွန်ပျူတာအဖြစ် နားလည်သိရှိခဲ့ကြသည်။

တစ်ကိုယ်ရေသုံးကွန်ပျူတာများတွင် စားပွဲပေါ်တင်ထားအသုံးပြုရသော အမျိုးအစားနှင့် အလွယ်တကူသယ်ယူသွားနိုင်သောအမျိုးအစားဟူ၍ ထပ်မံခွဲခြားကြသည်။ အလွယ်တကူ သယ်ယူသွားနိုင်သောအမျိုးအစားတွင်လည်း လက်ပ်တော့ (Laptop)၊ နုတ်ဘုတ် (Notebook) နှင့် တက်ဘလက် (Tablet) ဟူ၍ အမျိုးအစားကွဲပြားခြားနားစွာ မြင်တွေ့နိုင်သည်။ အလွန်သေးငယ်သော အရွယ်အစားဖြင့် အိတ်ထဲထည့်ယူသွားနိုင်သော အိတ်ဆောင်ကွန်ပျူတာ (Pocket Computer) များလည်း ရှိခဲ့သည်။ ခေတ်သစ်မျက်မှောက်ကာလတွင်မူ ကွန်ပျူတာစနစ်ကို ထည့်သွင်းမြှုပ်ထားပြီး သီးခြားကိစ္စတစ်ခုစီအတွက် အသုံးပြုစေနိုင်သော ထွေထွေရာရာကိရိယာ (gadget) များလည်းရှိသည်။ ဤသည်ကို အချို့က ကွန်ပျူတာစနစ်သုံးကိရိယာ (embeded system) ဟု ခေါ်ဆိုကြသည်။

တစ်ချိန်တည်းမှာပင် ဆက်သွယ်ရေးစနစ်များကလည်း နည်းပညာသစ်များနှင့်အတူ တိုးတက်ဖွံ့ဖြိုးမှုများ ရှိခဲ့သည်။ ၁၉၈၃ ခုနှစ်ကစ၍ တယ်လီဖုန်းဆက်သွယ်ရေးစနစ်ကို ကြိုးမဲ့စနစ်ဖြင့် အသုံးပြုခွင့်

ရကြကာ မိုဘိုင်းဖုန်း (mobile phone) များ ပေါ်ထွက်လာခဲ့သည်။ သုတေသနမှတ်တမ်းပြုစုသူများ၏ အဆိုအရ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းမိုဘိုင်းဖုန်း အသုံးပြုသူ ၈ ဘီလီယံခန့်ရှိမည်ဟု သိကြရသည်။ ၁၉၈၃ ခုနှစ်တွင် စတင်အသုံးပြုနိုင်သော မိုဘိုင်းဆက်သွယ်ရေးစနစ် ပထမမျိုးဆက် (first generation) မှ ဆင့်ကဲဖြစ်စဉ်များနှင့်အတူ တိုးမြှင့်ခံစားခွင့်ရစေသော ဒုတိယမျိုးဆက် (second generation)၊ တတိယမျိုးဆက် (third generation) နှင့် စတုတ္ထမျိုးဆက် (fourth generation) အထိရောက်ရှိလာခဲ့သည်။ အချို့က အတိုကောက်သင်္ကေတဖြင့် (1G)(2G)(3G)(4G) ဟု ခေါ်ဝေါ်သုံးနှုန်းကြသည်။

သတင်းနည်းပညာကို ဆက်သွယ်ရေးနည်းပညာနှင့် ပေါင်းစပ်ကာ အင်တာနက်အသုံးပြုခွင့်ရထားပြီးဖြစ်သောကြောင့် ကြိုးမဲ့ဆက်သွယ်ရေးဖြင့်လည်း အင်တာနက်ကို အသုံးပြုခွင့်ရကြသည်။ မိုဘိုင်းဖုန်းထုတ်လုပ်သူများသည် သမားရိုးကျအသံပိုင်းဆိုင်ရာဆက်သွယ်မှုသာ အသုံးချနိုင်သော မိုဘိုင်းဖုန်းများအပြင် ကွန်ပျူတာအရည်အချင်း တစ်စိတ်တစ်ဒေသပါဝင်ထားသည့် စမတ်ဖုန်း (Smartphone) များကိုလည်း ထုတ်လုပ်ရောင်းချခဲ့ကြသည်။ ကွန်ပျူတာများသည် တယ်လီဖုန်းဆက်သွယ်ရေးလိုင်းကို အသုံးချ၍ အင်တာနက်အသုံးပြုသည့်အပြင် ကြိုးမဲ့တယ်လီဖုန်းဆက်သွယ်ရေးဖြင့်လည်း အင်တာနက်ကို ချိတ်ဆက်ယူနိုင်သည်။ စမတ်ဖုန်းများဖြင့်လည်း အင်တာနက်ကို အသုံးချနိုင်ခွင့်ရကြသည်။

လူမှုကွန်ရက်ကို အသုံးပြုခြင်းအားဖြင့် ရရှိလာသော အကျိုးဆက်များတွင် ကောင်းကျိုး၊ ဆိုးကျိုးနှစ်မျိုးလုံး ဒွန်တွဲလျက်ရှိသည်။ အဆက်အသွယ်ပြတ်တောက်နေကြသော ငယ်သူငယ်ချင်းများ၊ ကျောင်းနေဖက်အပေါင်းအဖော်များမှအစ ဆရာဟောင်းများ၊ ဆွေမျိုးမိတ်ဆွေများကို လူမှုကွန်ရက်မှတစ်ဆင့် ရှာဖွေဆက်သွယ်ခွင့်ရနိုင်သည်။ စိတ်တူဝါသနာတူမိတ်ဆွေသစ်များနှင့် ပေါင်းသင်းခွင့်ရနိုင်သည်။ အလုပ်အကိုင်ရှာဖွေရာတွင်လည်း အခွင့်အလမ်းရနိုင်သည်။ သတင်းများကို အချိန်နှင့်တစ်ပြေးညီမျှဝေခံစားခွင့် ရရှိစေသည်။ စီးပွားရေးကိစ္စများအတွက် ကြော်ငြာရန် အခွင့်အလမ်းများလည်းရှိသည်။

ဆိုးကျိုးကိုသုံးသပ်ရာတွင် လူမှုကွန်ရက်ကို အသုံးပြုခြင်းကြောင့် လူလူချင်းတွေ့တွေ့ဆိုင်ဆိုင် ရောနှောဆက်ဆံသော အခွင့်အလမ်းလျော့နည်းသွားနိုင်သည်။ မျက်နှာချင်းဆိုင် မြင်တွေ့ခြင်းမရှိသော မိတ်ဆွေများကို ဆယ်ကျော်သက်အရွယ်များအနေဖြင့် စွန့်စားဆက်ဆံရသည့် သဘောသဘာဝရှိသည်။ မသိနားမလည်သူများအပေါ် လိမ်လည်လှည့်ဖြားသည့် ရာဇဝတ်မှုများရှိနိုင်သည်။ ကိုယ်ရေးအချက်အလက်များ အခိုးခံရသည့် အခြေအနေများလည်း တွေ့ကြုံနိုင်သည်။ လူမှုကွန်ရက်ကို စွဲစွဲလမ်းလမ်း အသုံးပြုနေသူအနေဖြင့် အချိန်များစွာပေးရသည်။ ကိုယ်ပိုင်သီးသန့်တည်ရှိနိုင်သော အခွင့်အလမ်းကို ထိခိုက်စေကာ တစ်ခါတစ်ရံ တစ်ကိုယ်ရေအေးငြိမ်းမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မြင်တွေ့ရသော သတင်းနှင့်ပတ်သက်၍ အတည်ပြုရန် ခက်ခဲမှုရှိသည်။ မလိုတမာ ပြောဆိုချက်များရှိနိုင်သကဲ့သို့ သတင်းမှားများလည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ လူမှုကွန်ရက်ကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ဝင်ရောက်ပါဝင်လေ့ရှိကြသည်။ သာမန်အားဖြင့် လူမှုကိစ္စများဆောင်ရွက်ရန်ဟူသော ခေါင်းစဉ်ရှိနေသော်လည်း စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေးကိစ္စအဝဝအတွက် အကျိုးအမြတ်ရှာကြသည်။ ဥပမာအားဖြင့် အင်တာနက်ပေါ်မှရောင်းဝယ်ဖောက်ကားမှု (online business)၊ ပညာရေးလေ့လာမှုများ၊ နိုင်ငံရေးဝါဒဖြန့်မှုများ ပြုလုပ်နိုင်ကြသည်။ လူမှုကွန်ရက်အမျိုးအစားဝင် လိုင်းပေါင်းစုံရှိနေသည်။

လူမှုကွန်ရက်တစ်ခုအတွင်း ပါဝင်ခွင့်ရလိုပါက မိမိအတွက် စာရင်း (account) ဝင်နိုင်ရေးကို ဆောင်ရွက်ရသည်။ ခွင့်ပြုမှုရရှိရေး (sign up) လုပ်ငန်းစဉ်မှာ အဆင့်အနည်းငယ်သာ ရှိသည်။ မိမိပါဝင်လိုသော လူမှုကွန်ရက်တစ်ခုသို့ ပထမဆုံး ဝင်ရောက်ချိတ်ဆက်ရသည်။ ခွင့်ပြုမှုရရှိရေးပုံစံတွင် အမည်၊ အီးမေးလ်လိပ်စာ သို့မဟုတ် တယ်လီဖုန်းနံပါတ်၊ ကိုယ်ပိုင်

စကားဝှက်၊ မွေးနေ့၊ ကျား/မ စသည်တို့ကို ဖြည့်စွက်ပေးရသည်။ ပုံစံတွင် အားလုံးပြည့်စုံပါက (Sign Up) ဟူသော စကားလုံးအပေါ် ကလစ် (Click) လုပ်လိုက်သည်နှင့် တရားဝင်သုံးစွဲခွင့်ရသွားပြီဖြစ်သည်။

လူမှုကွန်ရက်လက်ခံဆောင်ရွက်ပေးသည့် နေရာအမြောက်အမြားရှိသော်လည်း မည်သည့်ကွန်ရက်တွင် ပါဝင်သင့်သည်ကို ရွေးချယ်နိုင်ရန်အတွက် eBiz MBA အဖွဲ့အစည်းက ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် တွင်ကျယ်မှုအရှိဆုံး လူမှုကွန်ရက်နေရာ (popular social networking site) ၁၅ ခုကို ရွေးထုတ်တင်ပြပေးခဲ့သည်။ လေ့လာဆန်းစစ်သူတစ်ဦးအနေဖြင့် တစ်ခုချင်း၏ အကျဉ်းချုပ်ဖော်ပြချက်များကို လေ့လာကြည့်နိုင်ပေသည်။

Facebook အမည်ရှိလူမှုကွန်ရက်သည် မိတ်ဆွေသစ်၊ မိတ်ဆွေဟောင်းများ၊ ဆွေမျိုးများကို ရှာဖွေဆက်သွယ်ရန် အကောင်းဆုံးဖြစ်သည်။ အဆက်အသွယ်ရရှိပြီးသူများနှင့်အတူ အဖြစ်အပျက်များပြောဆိုခြင်း၊ ခံစားချက်များမျှဝေခြင်း၊ ဓာတ်ပုံများတင်ပြခြင်းတို့ကို အများဆုံး တွေ့မြင်ရပါလိမ့်မည်။

Facebook ဝန်ဆောင်မှုလုပ်ငန်းကို ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် ဟားဗတ်တက္ကသိုလ်ကျောင်းသား Mark Zuckerberg နှင့် ကျောင်းနေဖက်သူငယ်ချင်းများက စတင်တည်ထောင်ခဲ့ကြသည်။ အသက် ၁၃ နှစ်ပြည့်ပြီးသူများ မည်သူမဆို ပါဝင်ခွင့်ရှိသည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ စစ်တမ်းအရ လစဉ်ပါဝင်လှုပ်ရှားသူပေါင်း ၁ ဒသမ ၁၈ ဘီလီယံခန့်ရှိနေသည်။

Twitter လူမှုကွန်ရက်တွင် ပျော်ရွှင်ကြည်နူးနှစ်သက်ဖွယ်ရာများနှင့် စိတ်ဝင်စားဖွယ်ရာအများဆုံး တွေ့မြင်နိုင်သည်။ သတင်းတိုထွာအတွက် စာလုံးရေ ၁၄၀ သာ ခွင့်ပြုထားသည်။ နယူးယောက်တက္ကသိုလ်ကျောင်းသား Jack Dorsey က သတင်းတိုထွာဝန်ဆောင်မှုလုပ်ငန်း (SMS Service) ကို မိတ်ဆက်ရာကအစပြု၍ ၂၀၀၆ ခုနှစ်၊ မတ်လတွင် Twitter ကို တည်ဆောက်ခဲ့သည်။ မူလအမည်မှာ Twitter ဖြစ်ပြီး လစဉ်ပါဝင်လှုပ်ရှားသူပေါင်း ၃၀၂ သန်းခန့်ရှိသည်။

Linkedin လူမှုကွန်ရက်ကို စီးပွားရေးဦးတည်ချက်ဖြင့် ပါဝင်ပတ်သက်မှု အရှိဆုံး၊ လုပ်ငန်းသုံးအဆန်ဆုံး လူမှုကွန်ရက်နေရာအဖြစ် အများစုက သိရှိနားလည်ထားကြသည်။ Yahoo!Inc လုပ်ငန်းတွင် အမှုဆောင်လူကြီးတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့သူ Reid Hoffman သည် နည်းပညာနယ်ပယ်မှ ဝါရင့်ပုဂ္ဂိုလ်အချို့နှင့်အတူ ပူးပေါင်းကာ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလတွင် လူမှုကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းအဖြစ် တည်ထောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေလ ၅ ရက်မှ စတင်ကာ ဖွင့်လှစ်ဆောင်ရွက်သည်။ ဘာသာစကား ၂၄ မျိုးဖြင့် အသုံးပြုနိုင်သည်။ အမေရိကန်နိုင်ငံမှ ပရိသတ်ပင် လစဉ် ၆၅ ဒသမ ၆ သန်းခန့် ပါဝင်လှုပ်ရှားလျက်ရှိကာ ကမ္ဘာတစ်ဝန်းမှ ပရိသတ်ပေါင်း ၃၈၀ သန်းခန့် လစဉ်ပါဝင်လှုပ်ရှားကြသည်။

Printerest သည် ဝက်ဘ်ဆိုက် (website) နှင့် မိုဘိုင်း (mobile) အပ်ပလီကေးရှင်းကုမ္ပဏီဖြစ်ပြီး ၎င်းသည် ဓာတ်ပုံမျှဝေခြင်းဝက်ဘ်ဆိုက်အဖြစ် ဆောင်ရွက်သည်။ ၎င်းကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုရှိ Cold Brew Labs မှ Ben Silbermann နှင့်အဖွဲ့က တည်ထောင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်၊ မတ်လတွင် လူမှုကွန်ရက်အသွင်ပြောင်းကာ အမေရိကန်နိုင်ငံ၏ တတိယအခိုင်မာဆုံး လူမှုကွန်ရက် ဖြစ်လာခဲ့သည်။ အခမဲ့ဝက်ဘ်ဆိုက်ဖြစ်ပြီး သုံးစွဲရန် အတွက် အွန်လိုင်းမှတ်ပုံတင်ရန် လိုအပ်သည်။ ဓာတ်ပုံနှင့် ဗီဒီယိုမျှဝေမှုအတွက် သုံးစွဲကြသည်။

Google + (Google Plus) ကို Facebook နှင့် Twitter ပေါင်းထားသောနေရာတစ်ခုအဖြစ် ရှုမြင်ကြသည်။ ကမ္ဘာပေါ်တွင် အကြီးမားဆုံးရှာဖွေရေး အစီအမံ (search engine) ကြီး ကျောထောက်နောက်ခံရှိသဖြင့် နှစ်အနည်းငယ်အတွင်း ကြီးမားသောလူမှုကွန်ရက်ဖြစ်လာသည်။ ၂၀၁၁ ခုနှစ်၊ ဇွန်လတွင် ဂူးဂဲလ်အဖွဲ့အစည်းမှ Google Buzz အစပျိုးခဲ့သော အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ တစ်ဦးတစ်ယောက်ချင်းပါဝင်မှုအပြင် အသိုက်အဝန်းအုပ်စုအဖွဲ့အစည်းအချင်းချင်း ပါဝင်မှုကိုလည်း ခွင့်ပြုထားသည်။ ၂၀၁၅ ခုနှစ်၊ မတ်လစစ်တမ်းအရ Google + တွင်

လစဉ်ပါဝင်လှုပ်ရှားနေကြသူပေါင်း သန်း ၅၀၀ ခန့် ရှိသည်ဟု သိရသည်။

Tumblr ဟူသည့် လူမှုကွန်ရက်သည် အသုံးပြုသူများအတွက် မိုက်ခရိုဘလော့ဂ် (microblogs) ပုံစံဖြင့် အဓိကထား ဝန်ဆောင်မှုပေးသည်။ (အွန်လိုင်းဒိုင်ယာရီရေးသားမှုအပေါ် စိတ်ဝင်စားသူများက ထင်မြင်ယူဆချက်များ၊ အကြံပေးချက်များ ပါဝင်ရေးသားရာနေရာကို ဘလော့ဂ်ဟု ခေါ်သည်။) Tumblr တွင်ပါဝင်သော မိုက်ခရိုဘလော့ဂ်များတွင် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ချက်များပင်ရှိသည်။ Yahoo! Inc မှ မွေးထုတ်ထားသော လူမှုကွန်ရက်ဖြစ်သည်။ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် David Karp ဆိုသူဦးစီး၍ တည်ဆောက်ထားရှိခဲ့သည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် ဘလော့ဂ်အရေအတွက်ပေါင်း ၁၄၈ သန်းရှိနေပြီဖြစ်သည်။

Instagram အမည်ရှိ လူမှုကွန်ရက်တွင် မိုဘိုင်းဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးရရှိသော ဓာတ်ပုံများ၊ ဗီဒီယိုရိုက်ချက်များ မျှဝေမှုအများဆုံးရှိနေသည်။ အထူးသဖြင့် အပျော်တမ်းသမားတို့၏ လျှပ်တစ်ပြက်ရိုက်ချက်များ မျှဝေရာနေရာအဖြစ် သိရှိထားကြသည်။ ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် Kevin System နှင့် Mike Knieges တို့က တည်ထောင်ခဲ့သည်။ နှုန်းထားအမြန်ဆုံးဖြင့် ရေပန်းစားလာခဲ့သည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွင်း ပါဝင်လှုပ်ရှားသူပေါင်း သန်း ၃၀၀ ရှိသည်။

VK.com ကို ဥပရောပနိုင်ငံများ၏ အကြီးမားဆုံး လူမှုကွန်ရက်အဖြစ် အသိအမှတ်ပြုထားကြသည်။ အချို့က ရုရှားပုံစံပြု Facebook ဟုပင် ခေါ်တွင်ကြသည်။ မူလအမည်မှာ Vkontakte ဖြစ်သည်။ ရုရှားဘာသာစကားအရ "အမြဲတစေထိတွေ့မှုရှိစေ" ဟု အဓိပ္ပာယ်ရသည်။ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်မှ စတင်၍ ဘာသာစကား ၇၆ ခုဖြင့် ပါဝင်ခွင့်ပြုကာ တည်ရှိလာခဲ့သည်။ နေ့စဉ်အသုံးပြုသူ သန်း ၂၈၀ ရှိသည်။

Flickr ကို ပထမဆုံးဓာတ်ပုံနှင့် ဗီဒီယိုမျှဝေခံစားခွင့်ရသောနေရာဟု အများက နားလည်ကြသည်။ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း Yahoo! Inc ၏ Ludicorp အဖွဲ့က တည်ထောင်သည်။ ၂၀၁၃ ခုနှစ်တွင်မူ ပုံစံအနေအထားပြောင်းလဲကာ လူမှုကွန်ရက်သဘာဝ ဖြစ်သွားသည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် လစဉ်ဝင်ရောက်ပါဝင်လှုပ်ရှားသူပေါင်း ၆၅ သန်းခန့်ရှိသည်။ ဓာတ်ပုံနှင့် ဗီဒီယိုဝါသနာရှင်များ ဆုံစည်းဆက်သွယ်ရာ နေရာတစ်ခုဖြစ်နေသည်။ ဗီဒီယိုရိုက်ချက်မျှဝေရင်း Vine ဟူသော လူမှုကွန်ရက်အဖြစ် သတ်မှတ်ခံရသည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်မှစ၍ ဘာသာစကား ၂၅ မျိုးဖြင့် ဧည့်ခံမျှဝေလုပ်ဆောင်ပေးသည်။ လျှပ်တစ်ပြက်ရိုက်ချက်များနှင့် တေးဂီတဖျော်ဖြေမှု၊ ဗီဒီယိုများကို အများဆုံးရရှိနိုင်သည်။ လစဉ်ဝင်ရောက်မျှဝေသူပေါင်း ၄၂ သန်းခန့်ရှိသည်။

Meet up လူမှုကွန်ရက်သည် ကမ္ဘာအနှံ့အပြားနေရာဒေသအသီးသီးမှစုစည်း၍ အုပ်စုဖွဲ့ကာ နိုင်ငံရေးကိစ္စများ၊ ကျန်းမာရေးကိစ္စများ၊ ဂိမ်းများ၊ ရုပ်ရှင်များ၊ စာအုပ်များနှင့် ဝါသနာရပ်များအကြောင်း မျှဝေကြလေ့ရှိသောနေရာဖြစ်သည်။ လစဉ်ကြေး ၁၀ ဒေါ်လာပေးသုံးရသော လူမှုကွန်ရက်အဖြစ် ထူးခြားစွာရှုမြင်နိုင်သည်။ အင်္ဂလိပ်၊ စပိန်နှင့် ပြင်သစ်ဘာသာစကားတို့ဖြင့် အသုံးပြုကြသည်။ ၂၀၀၂ ခုနှစ်ကတည်းက စတင်ခဲ့သော်လည်း ၂၀၁၄ ခုနှစ်မှစ၍သာ ထွန်းကားကျယ်ပြန့်ခဲ့သည်။ ဝင်ရောက်လေ့လာသူပေါင်း လစဉ် သန်း ၄၀ ခန့်ရှိသည်။

Tagged ကို ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလကစ၍ လူမှုကွန်ရက်သဘာဝဖြင့် စတင်ကြည့်ရှုခွင့်ရခဲ့သည်။ ဂိမ်းသမားအသိုင်းအဝန်းစုဝေးရာနေရာဟု မှတ်ယူထားခဲ့ကြသည်။ အများသုံးလူမှုကွန်ရက်ပုံစံအဖြစ် ၂၀၁၁ ခုနှစ်က စတင်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ စစ်တမ်းအရ ဝင်ရောက်ကြည့်ရှုသူ လစဉ် ၃၈ သန်းခန့်ရှိသည်။

Meet me သည်အလွန်ရှေးကျသော လူမှုကွန်ရက်တစ်ခုဖြစ်သော်လည်း ကာလရှည်စွာလူသုံးများသောနေရာတစ်ခုဖြစ်ခဲ့၍ ၂၀၁၅ ခုနှစ်အထိ လူသုံးများသောနေရာတစ်ခုအဖြစ် အသိအမှတ်ပြုခံရသည်။ အင်္ဂလိပ်၊ ပေါ်တူဂီ၊ စပိန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမန်၊ တရုတ်၊ ရုရှား၊ ဂျပန်၊ ကိုရီးယား၊ ဒတ်ချ်နှင့် တူရကီဘာသာစကားတို့ကို အသုံးပြုနိုင်ကြသည်။ စီးပွားရေးဦးတည်ချက်ဖြင့်

တည်ဆောက်ထားသော လူမှုကွန်ရက်ဟု သိရှိထားကြသည်။ လစဉ်ဝင်ရောက်ပါဝင်မှု ၁၅ ဒသမ ၅ သန်းခန့်ရှိသည်ဟုဆိုသည်။

Classmates လူမှုကွန်ရက်သည် ၁၉၉၅ ခုနှစ်တွင် Classmates Online အမည်ဖြင့် ကျောင်းနေဖက်သူငယ်ချင်းများနှင့် အမေရိကန်စစ်တပ်တာဝန်ထမ်းဆောင်ခဲ့သူများ အချင်းချင်း ဆက်သွယ်နိုင်စေရန် စတင်ဖန်တီးခဲ့ခြင်းဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် United Online ကို ဝယ်ယူခဲ့ပြီး ဆက်လက်တည်ရှိစေခဲ့သည်။ ၂၀၁၀ ပြည့်နှစ်ရောက်သည့်အခါ အတိတ်ကအကြောင်းအရာများကို တသသဖြစ်နေသူများ ဆုံစည်းရာနေရာပုံစံအသွင်ပြောင်းလာသော လူမှုကွန်ရက်အဖြစ် သိထားခဲ့ကြသည်။ Classmates ၏ထူးခြားချက်မှာ အသုံးပြုသူများ၏ အမည်ရင်းကိုသာ ဖော်ပြသုံးစွဲစေခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လစစ်တမ်းအရ လစဉ်ဝင်ရောက်ကြည့်ရှုသူပေါင်း ၁၅ သန်း ရှိသည်ဟုဆိုသည်။

ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်ဖြန့်ကြက်မှုပေါ်တွင် ပေါ်ထွန်းပြီးဖြစ်သည့် လူမှုကွန်ရက်အရေအတွက်မှာ ၃၀၀ ကျော်ရှိနေခဲ့သော်လည်း တစ်ကမ္ဘာလုံး အတိုင်းအတာအရ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် သုတေသနလုပ်သူများအနေဖြင့် အဆင့် ၁၅ အထိ အမှတ်ပေးထားသော လူမှုကွန်ရက်များကို ဥပမာပေးတင်ပြခြင်းသာဖြစ်သည်။ နေရာဒေသအလိုက်အများသုံးလူမှုကွန်ရက်များဟူသော မှတ်တမ်းတင်ချက်များလည်းရှိသေးသည်။ ကနေဒါနိုင်ငံတွင် Nexopia လူမှုကွန်ရက်၊ ရုရှားနိုင်ငံတွင် Bebo နှင့် Vkontakte၊ ဟန်ဂေရီနိုင်ငံတွင် iWiW၊ ပိုလန်နိုင်ငံတွင် Nazza-Klasa၊ ဩစတြီးယားတွင် Soup၊ ဆွစ်ဇာလန်နိုင်ငံတွင် Glosals၊ ဂျာမနီနိုင်ငံတွင် Skyrock နှင့် The Sphere၊ စပိန်နိုင်ငံတွင် Tagged နှင့် Tuenti၊ ဥရောပနိုင်ငံများတွင် Myspace နှင့် XING၊ တောင်အမေရိကနိုင်ငံများတွင် Hi 5 ၊ အာဖရိကနိုင်ငံများတွင် Mxit၊ အာရှနှင့်ပစိဖိတ်ကျွန်းနိုင်ငံလေးများတွင် Cyworld နှင့် Wretch တို့သည် အများသုံး လူမှုကွန်ရက်များ ဖြစ်နေသည်။ မြန်မာနိုင်ငံတွင်မူ Facebook လူမှုကွန်ရက်ကို အများဆုံးအသုံးပြုကြသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာအရ လူမှုကွန်ရက်များ အသုံးပြုသူအရေအတွက် အများဆုံးအဖြစ် အိန္ဒိယနိုင်ငံကို စံပြုသတ်မှတ်ထားသည်။ ကမ္ဘာပေါ်တွင် လူမှုကွန်ရက်အသုံးပြုခွင့် ပိတ်ပင်ထားခြင်း၊ ဆင်ဆာလုပ်ခြင်းပြုလုပ်နေသောနိုင်ငံများလည်းရှိသည်။ ယေဘုယျအားဖြင့် ဒီမိုကရေစီလမ်းစဉ်နှင့်အညီ အုပ်ချုပ်မည်ဟု ရည်ရွယ်ထားသော နိုင်ငံများနှင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြသည့်နိုင်ငံများတွင် လူမှုကွန်ရက်ကို ပိတ်ပင်ခြင်းမရှိကြပေ။ မြောက်ကိုရီးယားနိုင်ငံသည် လူမှုကွန်ရက်အားလုံးကို ပိတ်ပင်ထားသော်လည်း နိုင်ငံခြားသားဧည့်သည်များနှင့် ထိပ်ပိုင်းခေါင်းဆောင်များအတွက်မူ သီးခြားအစီအစဉ်ထားရှိသည်။ ပြည်ယမ်းသိပ္ပံတက္ကသိုလ်မှ ဘွဲ့ရရှိထားသူများနှင့် ပါမောက္ခများကို တက္ကသိုလ်ဝင်းအတွင်း အင်တာနက်အသုံးပြုခွင့်ပေးထားသည်။ တူရကီနိုင်ငံသည် နေတိုးအဖွဲ့ဝင်ဖြစ်လာပြီး ဥရောပသမဂ္ဂဝင်ခွင့် ရရှိရေးကြိုးစားကာ ဒီမိုကရေစီကျင့်သုံးရန် မျှော်မှန်းထားသော်လည်း ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအထိ လူမှုကွန်ရက်ကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုထားသည်။

ကမ္ဘာတစ်ဝန်း အတွင်ကျယ်ဆုံး အသုံးပြုနေသည့် Facebook ကို သီးခြားပိတ်ပင်ထားသောနိုင်ငံများမှာ အီရန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ကျူးဘားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ဆီးရီးယားနိုင်ငံ၊ မော်ရီးတီးယပ်စ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ပြီး ဆင်ဆာဖြင့် ခွင့်ပြုသောနိုင်ငံများမှာ ဂျာမနီနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ ရုရှားနိုင်ငံ၊ တာဂျီကစ္စတန်နိုင်ငံ၊ တောင်အာဖရိကနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ဖြစ်သည်။ ထို့ပြင် ဗြိတိန်နိုင်ငံမှ လုပ်ငန်းရှင်များသည် မိမိတို့၏ ကုမ္ပဏီဝန်ထမ်းများကို ရုံးချိန်အတွင်း မည်သည့်လူမှုကွန်ရက်ကိုမျှ အသုံးမပြုရန် တားမြစ်ပိတ်ပင်ထားသည်။

ကမ္ဘာတစ်ဝန်း တွင်ကျယ်နေသည့် လူမှုကွန်ရက်များ ဆက်လက်၍ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားနေမည်ကို ငြင်းဆိုဖွယ်ရာ မရှိသော်လည်း မည်သည့်ခေတ်ကာလတွင်ဖြစ်စေ ကောင်းကျိုး၊ ဆိုးကျိုး ဒွန်တွဲနေမည်သာ ဖြစ်ပေသည်။

**ဦးသောင်းဝင်း (ပန်းချယ်ရီ)**

# ကျယ်ပြန့်ထွန်းကားလာသည့် နေရောင်ခြည်စွမ်းအင်သုံးစနစ်များ

နေသည် လူသားတို့အတွက် အလင်းရောင်နှင့် အပူဓာတ်ကို ပေးသည်။ နေရောင်ခြည်စွမ်းအင်ကြောင့် ကမ္ဘာ့လေထု လှုပ်ရှားလည်ပတ်နိုင်ကာ ဥတုရာသီ အပြောင်းအလဲများ ဖြစ်ပေါ်သည်။ သစ်ပင်များသည် နေရောင်ခြည်၏ အကူကိုယူ၍ အစာချက်သည်။ သတ္တဝါတို့က အပင်များကို အာဟာရအဖြစ် စားသုံးသည်။ အာဟာရမှ ဖြစ်ပေါ်လာသောစွမ်းအင်ဖြင့် သတ္တဝါတို့ လှုပ်ရှားသွားလာနိုင်ကြသည်။ နေရောင်ဖြင့် ရှင်သန်ကြီးထွားလာသော အပင်များ၏ ရုပ်ကြွင်းများမှ ကျောက်မီးသွေးစသော လောင်စာများ ဖြစ်ပေါ်လာရာ ယင်းရုပ်ကြွင်းလောင်စာများကို ယနေ့သုံးစွဲနေခြင်းသည် နှစ်သန်းပေါင်းများစွာက နေရောင်စွမ်းအင်ကို သုံးစွဲနေကြသည့် အဓိပ္ပာယ်ပင် ဖြစ်သည်။ ကမ္ဘာ့မျက်နှာပြင်ပေါ်သို့ တစ်နာရီအတွင်း ကျရောက်ထွန်းလင်းသော နေရောင်၏စွမ်းအင်သည် တစ်ကမ္ဘာလုံးတစ်နှစ်သုံးစွဲနေသောစွမ်းအင်နှင့် ပမာဏချင်း တူညီသည်။

လူတို့သည် ၁၈၆၀ ပြည့်နှစ်ခန့်ကတည်းကပင် နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အားကို ထုတ်ယူသုံးစွဲခဲ့သော်လည်း ကျယ်ကျယ်ပြန့်ပြန့် မဖြစ်ခဲ့ချေ။ အမေရိကန်နိုင်ငံတွင် ၁၈၉၀ ပြည့်နှစ်ကျော်က နေရောင်ခြည်စွမ်းအင်သုံး ရေနွေးစက်များကို စတင်အသုံးပြုခဲ့သည်။ ထိုအချိန်မတိုင်မီက အနွေးဓာတ်ပေးရန် ထင်းနှင့် ကျောက်မီးသွေးများကို သုံးခဲ့ရာ နေရောင်ဖြင့် အပူပေးစက်များကို တီထွင်နိုင်ခြင်းသည် ကြီးစွာသော တိုးတက်မှုပင်ဖြစ်သည်။ နေရောင်ခြည်စွမ်းအင်ကို စတင်သုံးပြီး နှစ်ပေါင်း ၃၀ ကျော်အကြာအထိ နေရောင်ခြည်သုံးအပူပေးကိရိယာများ အရောင်းသွက်ခဲ့သည်။

နောက်ပိုင်းတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ဈေးသက်သာစွာ သုံးစွဲလာနိုင်သည့်အတွက် နေရောင်ခြည်သုံး အပူပေးကိရိယာများ ခေတ်မှိန်သွားခဲ့သည်။ သို့သော် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ခန့်မှစ၍ ရုပ်ကြွင်းလောင်စာများ ဈေးမြင့်လာခြင်း၊ ယင်းတို့မှ ထွက်သောကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကြောင့် ကမ္ဘာ့အပူချိန်တက်လာရာ ယင်းလောင်စာများကို လျှော့သုံးရန် လိုလာခြင်းတို့ကြောင့် နေရောင်ခြည်သုံးအပူပေးကိရိယာများကို ပြန်လည်အသုံးပြုလာကြသည်။


နေရောင်ခြည်သုံးအပူပေးကိရိယာတွင် နေရောင်၏အပူကို နေရောင်ခြည်ခံပြားဖြင့် ခံယူစုဆောင်းကာ ပိုက်လိုင်းမှတစ်ဆင့် ရေနွေးစက်ထဲရှိရေကို အနွေးဓာတ်ပေးသည်။ နေရောင်သုံးအပူပေးကိရိယာ၏ သဘောတရားနှင့် ဆင်တူသောနည်းပညာတစ်မျိုးဖြင့် နေရောင်မှ လျှပ်စစ်ထုတ်ယူနိုင်ရာ ယင်းကို "စုစည်းနေရောင်အပူနည်းပညာ"ဟု ခေါ်သည်။

ယင်းနည်းပညာအရ နေရောင်၏အပူကို ကြေးမုံချပ်များဖြင့်ခံယူကာ အလင်းပြန်ခြင်းနည်းဖြင့် တစ်နေရာ၌ စုစည်းစေပြီး စုစည်းနေရောင်၏စွမ်းအင်ဖြင့် ရေ သို့မဟုတ် အရည်တစ်မျိုးကို အပူပေး၍ ယင်းရေပူ၊ အရည်ပူတို့၏ စွမ်းအင်ဖြင့် တာဘိုင်များကို လည်ပတ်စေကာ လျှပ်စစ်ထုတ်ယူသည်။

စုစည်းနေရောင်ခြည်စက်ရုံများတွင် နေရောင်ရရှိချိန်၌ လျှပ်စစ်ဓာတ်ချက်ချင်းထုတ်ယူနိုင်သကဲ့သို့ အပူတိုက်ထားသော အရည်များကို တစ်နေရာတွင် သိုလှောင်ထားပြီး နေရောင်ကွယ်သည့်အချိန်တွင် တာဘိုင်စက်ကို လည်ပတ်စေခြင်းဖြင့်လည်း လျှပ်စစ်ထုတ်ယူနိုင်သည်။ လက်ရှိတွင် ယင်းအပူဓာတ်တို့ကို တစ်နာရီခန့် သိုလှောင်ထားနိုင်ပြီး မကြာမီ ခြောက်နာရီခန့်အထိ သိုလှောင်နိုင်မည်ဟု မျှော်လင့်ရသည်။ စုစည်းနေရောင်ခြည်စက်ရုံများတွင် ရေကို အမြောက်အမြားသုံးနေရသည့် အားနည်းချက်ရှိသော်လည်း နောင်တွင် ရေအသုံးကို တဖြည်းဖြည်းလျှော့ချနိုင်မည်ဟု မျှော်လင့်ရသည်။

စုစည်းနေရောင်အပူနည်းပညာဖြင့် လျှပ်စစ်ထုတ်ယူရာတွင် အားပြင်းသောနေရောင် အချိန်ကြာမြင့်စွာရသည့် သဲကန္တာရများထဲတွင် တည်ဆောက်ပါက ပို၍တွက်ခြေကိုက်သည်။ စုစည်းနေရောင်စက်ရုံများသည်

နေရောင်ခြည်ပမာဏများစွာကိုခံယူ၍ လျှပ်စစ်ထုတ်ကြသဖြင့် အဆောက်အအုံအရွယ်အစားကြီးမားကြပြီး ရင်းနှီးမြှုပ်နှံရသည့် ငွေကြေးပမာဏလည်း များပြားသည်။ ၂၅၀ မဂ္ဂါဝပ်စုစည်းနေရောင်ခြည်သုံးစက်ရုံကို တည်ဆောက်လျှင် အမေရိကန်ဒေါ်လာသန်း ၆၀၀ နှင့် ၁,၀၀၀ ကြား ကုန်ကျသည်။ ယင်းကို တည်ဆောက်ရာတွင် သုံးသောပစ္စည်းများမှာ မဟာဗျူဟာအရ အရေးပါသောပစ္စည်းများ မဟုတ်ကြသည့် သံမဏိ၊ ဖန်နှင့် ကွန်ကရစ်များဖြစ်၍ စက်ရုံတည်ဆောက်ရန်နှင့် အရွယ်အစားတိုးချဲ့ရာတွင် အခက်အခဲမရှိပေ။ ထို့ကြောင့် ယင်းတို့ကို လျှပ်စစ်ဓာတ်အား အမြောက်အမြား ထုတ်ယူရန် အချိန်တိုအတွင်း အကောင်အထည်ဖော် တည်ဆောက်နိုင်သည်။




**စုစည်းနေရောင်အပူနည်းပညာ**

အကြီးစားစက်ရုံများအပြင် အိမ်သုံးအပေါ့စား စုစည်းနေရောင်အပူပေးကိရိယာများကို ထုတ်လုပ်ရောင်းချသော်လည်း တွင်ကျယ်မှု မရှိလှသေးပေ။

၂၀၁၄ ခုနှစ်မှတ်တမ်းအရ ကမ္ဘာတွင် စုစည်းနေရောင်အပူသုံးလျှပ်စစ် မဂ္ဂါဝပ် ၄,၀၀၀ မျှ ထုတ်ယူနေသည်။ ယင်းနည်းပညာကို အများဆုံးသုံးနေကြသော နိုင်ငံများမှာ အမေရိကန်နှင့် စပိန်တို့ဖြစ်ပြီး အီဂျစ်၊ တရုတ်၊ ဂျာမနီ၊ ပြင်သစ်တို့တွင်လည်း ယင်းစက်ရုံများ ရှိသည်။

နေအပူဓာတ်ကို သုံး၍ လျှပ်စစ်ထုတ်ယူခြင်း နောက်တစ်နည်းမှာ "နေမျှော်စင်"များ ဖြစ်သည်။ နေမျှော်စင်ပတ်လည်တွင် လေးမိုင်ကျော်ကျယ်ဝန်းသော ဖန်လုံအိမ်များ တည်ဆောက်ထားသည်။ ဖန်လုံအိမ်အောက်ရှိ လေတို့သည် နေရောင်ခြည်ကြောင့် ပူရောင်းကာ နေမျှော်စင်ခေါင်းတိုင်တစ်လျှောက် အပေါ်သို့ အရှိန်ဖြင့်တက်လာသည်။ ယင်းလေပြင်းဖြင့် တာဘိုင်များကို လည်ပတ်စေကာ လျှပ်စစ်ဓာတ်ထုတ်သည်။ နေမျှော်စင်များကို အချို့နိုင်ငံများတွင် တည်ဆောက်သုံးစွဲနေကြသော်လည်း ကျယ်ကျယ်ပြန့်ပြန့် မရှိလှပေ။

နေရောင်ခြည်အပူကိုသုံး၍ လျှပ်စစ်ထုတ်ယူရာ၌ စုစည်းနေရောင်အပူနည်းထက် ပိုမိုလွယ်ကူ၍ အသုံးပိုများသည်မှာ ဖိုတိုဗိုးလ်တစ်ဆဲလ်ခေါ် ဆိုလာပြားများ ဖြစ်သည်။ နေရောင်ခြည်အပါအဝင် လျှပ်စစ်သံလိုက်လှိုင်းများကို ဖိုတွန်တို့ဖြင့် ဖွဲ့စည်းထားသည်။ အမှုန်တစ်မျိုးဟု သတ်မှတ်ကြသော်လည်း ဒြပ်ထုမရှိသည့် နေရောင်ခြည်ဖိုတွန်များသည် ဆိုလာပြားကို ထိတွေ့သောအခါ အီလက်ထရွန်များအဖြစ် ကွဲထွက်စေခြင်းဖြင့် လျှပ်စစ်ဓာတ်ထွက်ပေါ်စေသည်။

ဆိုလာပြားဖြင့် လျှပ်စစ်ထုတ်ယူခြင်းသည် စုစည်းနေရောင်ခြည်စက်ရုံများတွင်ကဲ့သို့ ပြင်းထန်သောနေရောင်ခြည်နှင့်တာဘိုင်စက်များကို မလိုအပ်ချေ။ စုစည်းနေရောင်အပူနည်းပညာတွင် ရေပူ၊ အရည်ပူကို သိုလှောင်၍ နေမရှိသည့်အချိန်တွင် သုံးနိုင်သော်လည်း ဆိုလာပြားများတွင်မူ အပူဓာတ်မထွက်သဖြင့် စွမ်းအင်သိုလှောင်ထားနိုင်ခြင်းမရှိသည့်အတွက် သိုလှောင်ရန် ဘက်ထရီများကို သုံးရသည်။

ဆိုလာပြားနည်းပညာကို လွန်ခဲ့သော နှစ် ၅၀ ခန့်မှစ၍ အမေရိကန်ဂြိုဟ်တုများတွင် စတင်အသုံးပြုခဲ့သည်။ နောက်ပိုင်းတွင် ဂဏန်းတွက်စက်၊ နာရီစသည့် ခေတ်သစ်အသုံးအဆောင်များ၌ ဆိုလာပြားဖြင့် လျှပ်စစ်ထုတ်ယူလာနိုင်သည်။

ဆိုလာပြားများတွင် အများအားဖြင့် သုံးကြသောပစ္စည်းများသည် ဆီလီကွန်များ ဖြစ်ကြသည်။ ဆီလီကွန်သည် ကမ္ဘာတွင် အောက်ဆီဂျင်ပြီးလျှင် ဒုတိယအပေါကြွယ်ဆုံးဒြပ်စင်ဖြစ်၍ လျော့နည်းကုန်ခန်းသွားမည့် အလားအလာမရှိချေ။ တစ်ဖန်သုံးသူများလာ၍ ပိုမိုထုတ်လုပ်ရသဖြင့် စရိတ်ပိုနည်းကာ စျေးနှုန်းသက်သာပြီး အကောင်းသံသရာထဲသို့ ရောက်နေသည်။

ယခုအသုံးများနေသော ဆိုလာပြားများကို စျေးနှုန်းအနည်းငယ်မြင့်သော မှန်ပြားနှင့် သတ္တုပေါင်

တို့ဖြင့် ထုတ်လုပ်ထားသည်။ ပညာရှင်တို့ တီထွင်လျက်ရှိသော ပုံစံသစ်ဆိုလာဆဲလ်များမှာ ဈေးပို၍ သက်သာသည်။ ဖလင်ပါးဆိုလာပြားဟုခေါ်သော ယင်းပုံစံသစ်ဆိုလာပြားများသည် ကက်ဒ်မီယံနှင့် တယ်လူရီယံများကိုသုံးထားပြီး ဈေးပို၍ချိုသော်လည်း စွမ်းရည်က နိမ့်နေသေးသည်။ ယင်းကို စွမ်းရည်မြင့်လာအောင် ကြိုးစားနေဆဲအဆင့်တွင်ရှိသည်။


ဆိုလာပြားများသည် နေရောင်ခြည်ထွန်းလင်းသော နေ့တွင် အိမ်သုံးလျှပ်စစ်ဓာတ်ကို ကောင်းစွာထုတ်ပေးနိုင်သည်။ ဆိုလာပြားအရေအတွက် အများအပြားတပ်ဆင်ထားသော အကြီးစားလျှပ်စစ်စက်ရုံများတွင်မူ အိမ်ရာစခန်းများနှင့် စက်မှုလုပ်ငန်းငယ်များအတွက် လိုအပ်သော လျှပ်စစ်ပမာဏကို ပေးနိုင်သည်။

ဥပမာ-စပိန်နိုင်ငံတွင် ၂၀၀၇ ခုနှစ်က တည်ဆောက်ခဲ့သည့် ဆိုလာပြားစက်ရုံသည် လျှပ်စစ်ဓာတ် မဂ္ဂါဝပ် ၂၀ ကို ထုတ်ပေးလျက်ရှိသည်။ ဂျာမနီနိုင်ငံ ဆက်ဆွန်နီဒေသရှိ ဘောလုံးကွင်း ၂၀၀ စာကျယ်သည့် ဆိုလာပြားစက်ရုံသည် ဓာတ်အားမဂ္ဂါဝပ် ၄၀ ထုတ်ပေးသည်။ ကမ္ဘာ့အကြီးဆုံး ဆိုလာပြားသုံးလျှပ်စစ်ထုတ်စက်ရုံသည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ရှိပြီး တပ်ဆင်စက်အားမှာ ၅၇၉ မဂ္ဂါဝပ်ရှိသည်။

နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရာ၌ ညစ်ညမ်းမှုမဖြစ်ပေါ်သည့်အတွက် ယင်းကို သန့်ရှင်းသောစွမ်းအင်ဟု အသိအမှတ်ပြုကြသည်။ ကုန်ခန်းသွားခြင်းမရှိဘဲ အမြဲပြန်လည်ပြည့်တင်းနေ၍ ပြန်ပြည့်မြဲစွမ်းအင်ဟုလည်း ခေါ်ကြသည်။

ထိုသို့အားသာချက် အများအပြားရှိသော်ငြား နေထွန်းလင်းနေသည့် အချိန်တွင်သာ စွမ်းအင်ကောင်းစွာရရှိနိုင်ခြင်း၊ နေရောင်ခြည်ခံပြားအများအပြားသုံးရသဖြင့် နေရာကျယ်ကျယ်လိုအပ်ခြင်း၊ ကုန်ကျစရိတ် ကြီးမြင့်နေသေးခြင်းတို့သည် နေရောင်ခြည်စွမ်းအင်သုံးစွဲမှု မတွင်ကျယ်သေးသည့်အကြောင်းများဖြစ်သည်။ လက်ရှိအခြေအနေတွင် နေရောင်ခြည်မှလျှပ်စစ်ထုတ်ယူခြင်းသည် ကျောက်မီးသွေးစက်ရုံမှထုတ်ပေးသော လျှပ်စစ်ဓာတ်အားထက် ဈေးပိုကြီးနေသည်။

သို့သော် နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းလုပ်ငန်းသည် အလားအလာ အလွန်ကောင်းနေသည့်အတွက် ယင်းနယ်ပယ်၌ နည်းပညာ ပို၍တိုးတက်လာရန်နှင့် ဈေးကိုလျှော့ချရန် အပြိုင်အဆိုင်ကြိုးစားနေကြသည်။ ထိုက်သင့်သလောက်လည်း အောင်မြင်နေသည်။ အမေရိကန်နိုင်ငံနှင့် စပိန်၊ ဂျာမနီစသော ဥရောပနိုင်ငံများသာမက တရုတ်နှင့် ထိုင်ဝမ်စသော အာရှနိုင်ငံများသည်ပင် ဆိုလာပြားထုတ်လုပ်ရေးလုပ်ငန်းတွင် ကမ္ဘာ့ရှေ့တန်းသို့ရောက်ရန် ကြိုးပမ်းလာနေကြသည်။




**ဆိုလာပြားမှတစ်ဆင့် လျှပ်စစ်ဓာတ်စီးဆင်းရရှိပုံ**

တစ်ကမ္ဘာလုံးရှိ ဆိုလာပြားလျှပ်စစ် ထုတ်ယူမှုသည် ၂၀၁၄ ခုနှစ်၌ မဂ္ဂါဝပ် ၁၈၀,၀၀၀ အထိ ရှိလာရာ ၂၀၁၂ ခုနှစ်ကထက် ၃၅ ရာခိုင်နှုန်းတိုးတက်လာသည်။ ၂၀၁၄ ခုနှစ် တစ်နှစ်တည်းအတွင်း၌ ဆိုလာပြားတပ်ဆင်မှုအများဆုံးသည် တရုတ်နိုင်ငံဖြစ်ကာ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က ဒုတိယနှင့်တတိယအသီးသီးလိုက်သည်။

လေ့လာချက်များက မြန်မာနိုင်ငံ၌ နေစွမ်းအင်မှလျှပ်စစ်ထုတ်ယူနိုင်မှု အလားအလာ ကောင်းမွန်ကြောင်း ပြဆိုနေသည်။ ထိုင်းနိုင်ငံ အစားထိုးစွမ်းအင်

ဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြင့်မားရေးဌာန၊ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနနှင့် စွမ်းအင်စီမံကိန်း ဦးစီးဌာနတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ၌ နေရောင်ခြည် ထွန်းလင်းမှုလေ့လာချက်ကို ပြုလုပ်ခဲ့သည်။ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးနှင့်ရွှေဘိုတို့၌ မြေပြင်တိုင်းတာ ချက်များအပြင် ဂြိုဟ်တုသုံးလုံးမှရသော အချက် အလက်များကို သုံးစွဲတွက်ချက်ရာ တစ်နိုင်ငံလုံးတွင် ဖေဖော်ဝါရီလမှ မေလအတွင်း နေရောင်ခြည်ထွန်းလင်းမှု မြင့်မားကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တစ်နှစ်လုံး လိုလို နေရောင်ခြည်ထွန်းလင်းမှု ၁၈ ယူနစ်မှ ၂၂ ယူနစ် အထိရပြီး တစ်နိုင်ငံလုံး ပျမ်းမျှနေရောင်ခြည် ထွန်းလင်းမှု သည် ၁၈ ဒသမ ၃ ယူနစ်ရှိကြောင်းတွေ့ရသဖြင့် နေရောင်ခြည်မှ စွမ်းအင်ထုတ်လုပ်ရန် လုံလောက်သော ပမာဏရှိကြောင်း ဖော်ပြထားသည်။

မြန်မာ့နေစွမ်းအင်အသုံးချရန် ကြိုးပမ်းမှုများ အနက် မန္တလေးတိုင်းဒေသကြီးတွင် အကောင်အထည် ဖော်ရန်ရှိသည့် နေစွမ်းအင်စက်ရုံသည် အကြီးဆုံး ဖြစ်သည်။ ယင်းစက်ရုံသည် အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးမျှ ကုန်ကျမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၁၅၀ မဂ္ဂါဝပ်စီ ထုတ်ပေးနိုင်သည့် စက်ရုံနှစ်ရုံပါဝင်မည်။ ယင်းစက်ရုံမှထွက်သည့် လျှပ်စစ်များကို ပင်မလျှပ်စစ် ကွန်ရက်ထဲသို့ပို့ပြီး အခြားလျှပ်စစ်ဓာတ်မြစ်များနှင့် ပေါင်းစပ်ဖြန့်ဝေရန် ရှိသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်က ကမကထပြု၍ အိုင်အင်န်ဂျီအိုအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မွန်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ ကျေးရွာ ရာပေါင်းများစွာတို့အတွက် နေစွမ်းအင်သုံး ကိရိယာများကျယ်ပြန့်စွာ သုံးစွဲလာစေမည့် အစီအစဉ် များကို လုပ်ဆောင်လျက်ရှိသည်။

အလားတူ အေဘီဘီအမည်ရှိ ကုမ္ပဏီသည် မန္တလေး တိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ကျေးရွာအချို့နေ ပြည်သူ ၃,၅၀၀ တို့အတွက် ဆိုလာပြားမှရသော လျှပ်စစ် များဖြန့်ဝေရန် စီမံလျက်ရှိသည်။ ယင်းလျှပ်စစ်ဖြင့် အိမ်မီးထွန်းခြင်း၊ ဖုန်းဘက်ထရီအားသွင်းခြင်း၊ ရေဒီယို စသည့် လျှပ်စစ်ပစ္စည်းငယ်များသုံးစွဲခြင်းတို့ကို လုပ်ဆောင် နိုင်မည်။ အခြားသော အင်န်ဂျီအိုအဖွဲ့အစည်းများ ကလည်း ကျေးလက်ဒေသအတော်များများတွင် ဆိုလာ မီးများကို တပ်ဆင်ပေးနေကြသည်။

အဖွဲ့အစည်းများ၏ အကူအညီကို ရယူသူများ ရှိသကဲ့သို့ ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆိုလာပြားသုံးစွဲသူ အများအပြားလည်း ရှိနေရာ သာဓကအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်မှ ဦးတင်ဦးလည်း တစ်ဦးအပါအဝင်ဖြစ်သည်။

ဦးတင်ဦးသည် လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ ဆိုလာပြား စတင်တပ်ဆင်သုံးစွဲခဲ့သည်။ ၃၀၀ ဝပ်အား ဆိုလာပြားနှင့် ဘက်ထရီအပါအဝင် လိုအပ်သော ပစ္စည်း ကိရိယာများအတွက် ကျပ်သုံးသိန်းနီးပါးကုန်ကျသည်။ ကနဦးတပ်ဆင်စရိတ် အနည်းငယ်များသည်ဟု ဆိုနိုင်သော်လည်း နှစ်နှစ်အတွင်း နောက်ထပ်ကုန်ကျ စရိတ်မရှိသည့်အပြင် ဘက်ထရီလည်း ပုံမှန်အလုပ်လုပ် နေသည်။ မိုးတွင်း၌ နေရောင်ခြည်အရနည်းသဖြင့် ပုံမှန် ဓာတ်အား၏ တစ်ဝက်မျှသာရသော်လည်း ဆိုလာသုံးရ သည်မှာ တန်သည်ဟု ဦးတင်ဦး ယူဆသည်။ နှစ်နှစ် အတွင်း တစ်လပျမ်းမျှ ၁၀,၀၀၀ ကျပ်ခန့် ကုန်ကျရာ နောက်နှစ်နှစ်ခန့် ယင်းကဲ့သို့ ဆက်သုံးနိုင်လျှင် တစ်လပျမ်းမျှ ၅,၀၀၀ ကျပ်သာ ကုန်တော့မည်။

မြန်မာနိုင်ငံ၌ နေစွမ်းအင်ကို တိုးချဲ့သုံးစွဲရာတွင် တစ်ဦးချင်းသုံးစွဲသူများ ပေါ်ထွက်လာရန် လိုအပ်သည်။ ဆိုလာပြားစနစ်က ကနဦးတပ်ဆင်စရိတ်အတွက် ထောက်ပံ့ငွေ၊ ချေးငွေအပြင် ပြုပြင်ထိန်းသိမ်းရန် နည်းပညာ များလည်း နေရာအနှံ့ရောက်ရှိအောင် စီမံပေးနိုင်လျှင် နေစွမ်းအင်သုံးသူများလာနိုင်သည့်အတွက် အခြား နိုင်ငံများ၏ လုပ်ဆောင်ချက်ကို လေ့လာသင့်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူဦးရေသန်း ၁၆၀ ခန့် ရှိသည့်အနက် သန်း ၁၀၀ ကျော်သည် လျှပ်စစ်မီး မရဘဲ နေထိုင်လုပ်ကိုင်နေကြရသည်။ အခြေအနေ မပေး၍ ဖြစ်သလိုနေခဲ့ရမှုကို တစ်ဆစ်ချိုးပြောင်းလဲပေး နိုင်သည့်ဖြစ်စဉ်တစ်ရပ် ဘင်္ဂလားဒေ့ရှ်တွင် ပေါ်ပေါက် ခဲ့သည်။ ယင်းမှာ ဘင်္ဂလားဒေ့ရှ်အိမ်အများအပြားတွင် ဆိုလာပြားများတပ်ဆင်ကာ နေရောင်ခြည်မှ လျှပ်စစ်ဓာတ် ထုတ်ယူသုံးစွဲနေခြင်း ဖြစ်သည်။

နေရောင်ခြည်မှ လျှပ်စစ်ထုတ်ယူနိုင်သည့် ဆိုလာပြားနှင့် ဘက်ထရီအပါအဝင် ကိရိယာဖိုးကို တစ်လုံးတစ်ခဲတည်း အကုန်အကျခံရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအများအပြားအတွက် အခက်အခဲရှိသည်။ ယင်းပြဿနာကို ဂရာမင်းရှက်တီခေါ် အမြတ်အစွန်းမယူသည့် ကုမ္ပဏီတစ်ခုက ဖြေရှင်းပေးသည်။ ကျေးလက်စွမ်းအင်ဟု အဓိပ္ပာယ်ရသည့် ဂရာမင်းရှက်တီသည် ဆိုလာပြားများကို တပ်ဆင်ရင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိကပြဿနာတစ်ခုဖြစ်သော ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးအတွက် ငွေထုတ်ချေးသည့်အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်သည်။

ယင်းအစီအစဉ်တွင် ပါဝင်လိုသူတို့သည် မိမိအိမ်တွင် ဆိုလာပြားတပ်ဆင်ရန် လိုအပ်သည့်အပြင် ထမင်းဟင်းချက်ရန်အတွက် နွားချေးမှ ဇီဝလောင်စာထုတ်သည့်စနစ်ကိုလည်း အိမ်နီးချင်းများနှင့် စုပေါင်းတည်ဆောက်ရသည်။ ထို့ပြင် တစ်အိမ်ထောင်လျှင် သစ်ပင်ငါးပင်စီ စိုက်ပေးရသည်။ ယင်းတို့အတွက် ကုန်ကျစရိတ်ကို ဂရာမင်းရှက်တီကုမ္ပဏီက ထုတ်ချေးသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အသုံးအများဆုံးဖြစ်သည့် ၅၀ ဝပ်အား ဆိုလာကိရိယာသည် အမေရိကန်ဒေါ်လာ ၄၀၀ ခန့် ကုန်ကျသည်။ ယင်းကို တပ်ဆင်ရာတွင် မူလတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းကိုသာ ပထမအရစ်အနေနှင့် ပေးသွင်းရပြီး ကျန်ငွေကို ၂၄ လမှ ၄၂ လအတွင်း အရစ်ကျပေးသွင်းနိုင်သည်။ ယင်းကိရိယာဖြင့် မီးချောင်းလေးချောင်းထွန်းနိုင်ကာ ရေဒီယို၊ ရုပ်သံစက်ဖွင့်ခြင်းနှင့် လက်ကိုင်ဖုန်းအားသွင်းခြင်း စသည်တို့ကို လုပ်နိုင်သည်။

အိမ်နီးချင်းများနှင့် စုပေါင်းတပ်ဆင်ကာ ဝေမျှသုံးစွဲရသည့်ဇီဝလောင်စာစနစ်သည် အမေရိကန်ဒေါ်လာ ၂၁၅ မှ ၁,၄၀၀ အထိ ကုန်ကျသည်။ နွားချေး၊ ကြက်ချေးစသည်တို့ကို ဇီဝလောင်စာကိရိယာထဲ ထည့်၍ ထွက်လာသော ဓာတ်ငွေ့ဖြင့် ထမင်းဟင်းချက်ပြုတ်နိုင်သည်။

၂၀၀၂ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆိုလာပြားတပ်ဆင်သည့်အိမ် ၇,၀၀၀ ခန့်သာရှိခဲ့ရာ ယခုအခါ အိမ်ပေါင်း တစ်သန်းကျော်တွင် နေထိုင်သော လူငါးသန်းတို့သည် ဆိုလာပြားများတပ်ဆင်၍ နေရောင်ခြည်မှ လျှပ်စစ်ထုတ်ယူသုံးစွဲနေကြသည်။

ဂရာမင်းရှက်တီသည် ဆိုလာပြားနှင့် ဇီဝလောင်စာစနစ်တပ်ဆင်ရန် ငွေထုတ်ချေးခြင်းအတွက် ဝန်ဆောင်စရိတ် ၅ ရာခိုင်နှုန်းခန့်ယူသည်။ ယင်းငွေကို ဆိုလာပြားတပ်ဆင်နည်း သင်တန်းပေးရန် ပြန်လည်အသုံးချသည်။ ကျေးရွာများမှ လူငယ်များ၊ အမျိုးသမီးများကို ဆိုလာပြားများ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ အိမ်သုံးနှင့် လုပ်ငန်းသုံးလျှပ်စစ်စနစ်များ တပ်ဆင်ခြင်းတို့ကိုလေ့ကျင့်ပေးနေသည်။ သင်တန်းဆင်းများသည် ဆိုလာပြားတပ်ဆင်ပြုပြင်ပေးသည့်အတွက် ထိုက်သင့်သောလုပ်အားခကို ရကြသည်။

နေရောင်စွမ်းအင်သည် ကျေးရွာများတွင် စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို ပေါ်ပေါက်လာစေသည့် တွန်းအားတစ်မျိုးဖြစ်သည်။ စီးပွားရေးအကွက်မြင်သူတို့သည် မိမိတို့အိမ်တွင် ဆိုလာပြားများတပ်ဆင်ကာ မတပ်ရသေးသော အိမ်များသို့ လျှပ်စစ်ဓာတ်အားကို ရောင်းစားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်ကိုင်ဖုန်းများသည် ဈေးအလွန်ပေါ၍ လူအသုံးများလာရာ ကျေးလက်နေပြည်သူအချို့သည် ဆိုလာပြားများ တပ်ဆင်၍ ဘက်ထရီအားသွင်းလုပ်ငန်းကို ထူထောင်သည်။ ရွာသားအများသုံးစွဲနေသော လက်ကိုင်ဖုန်းကို အခကြေးငွေအနည်းငယ်မျှသာယူ၍ အားသွင်းပေးနေရာ လက်ကိုင်ဖုန်းသုံးသူရော၊ အားသွင်းလုပ်ငန်း ထူထောင်သူပါ အဆင်ပြေလျက်ရှိသည်။

အိန္ဒိယနိုင်ငံတွင်လည်း နေစွမ်းအင်နည်းပညာသုံးစွဲမှုကို မြင့်တင်လျက်ရှိသည်။ အိန္ဒိယကျေးလက်တွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းနှင့်ညီမျှသော လူသန်း ၁,၂၀၀ တို့ နေထိုင်ကြသည်။ အိန္ဒိယကျေးလက်ပြည်သူ ၄၀ ရာခိုင်နှုန်းသည် လျှပ်စစ်မီး မရကြပေ။

ယင်းအခြေအနေကို ပြောင်းလဲရန် ဆန်ဂျစ်ဘန်ကာရွိုင်းသည် "ခြေဗလာကောလိပ်" ကို ၁၉၇၂ ခုနှစ်က ရာဂျက်စထန်ပြည်နယ် တီလိုနီးယားရွာတွင် တည်ထောင်ခဲ့သည်။ ထူးခြားသည်မှာ သူ၏ကောလိပ်တွင် တက်ရောက်သော သင်တန်းသားများမှာ စာမတတ်သော အဘွားအိုများ ဖြစ်နေသည်။

သူတို့သည် ခြေဗလာကောလိပ်တွင် ပြုလုပ်သည့် ခြောက်လကြာသင်တန်း၌ သင်္ကေတသုံးဆက်သွယ်မှု၊ အရောင်ပြ ကတ်ပြားများကိုသုံး၍ နေရောင်စွမ်းအင်ဖြင့် အိမ်သုံးမီးထွန်းကိရိယာများကို တပ်ဆင်နည်း၊ အသုံးပြုနည်း၊ ထိန်းသိမ်းနည်းတို့ကို သင်ကြားရသည်။ သူတို့သည် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၅၀၀ ခန့် ထုတ်ပေးနိုင်သော နေရောင်ခြည်စွမ်းအင်ထုတ်ကိရိယာ၏ ဆားကစ်ပြားများတပ်ဆင်ပုံ၊ ဆိုလာမီးအိမ်၊ ဆိုလာမီးချောင်း၊ ဆိုလာမီးဖို၊ ဆိုလာရေနွေးပေးကိရိယာများ တပ်ဆင်ပုံတို့ကိုလည်းသင်ယူကြသည်။

လျှပ်စစ်မရှိ၍ ကျေးလက်ပြည်သူများ ကျန်းမာရေး ချို့တဲ့ကာ စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးခြင်းသည် ကျေးလက်နေလူများကို မြို့ကြီးများသို့ပြောင်းရွှေ့နေထိုင်ရန် တွန်းအားဖြစ်သည်။ ယင်းပြဿနာကို ဖြေရှင်းရန် အကောင်းဆုံးလက်နက်အဖြစ် စာမတတ်သော အဘွားအိုများကို အသုံးပြုရန် ရွှင်းက ဆုံးဖြတ်သည်။ ရွှင်းဦးစီးသော ခြေဗလာကောလိပ်ဝန်ထမ်းများသည် အိန္ဒိယအဘွားအိုများကို နေရောင်ခြည်စွမ်းအင်သုံးမီးထွန်းကိရိယာများအကြောင်း သင်ပေးကာ ဆိုလာအင်ဂျင်နီယာများအဖြစ် မွေးထုတ်ပေးခဲ့သည်။

ခြေဗလာကောလိပ်က သင်တန်းပေးလိုက်သော ဆိုလာအင်ဂျင်နီယာအဘွားအို ရာပေါင်းများစွာသည် ဟိမဝန္တာတောင်ခြေရှိ ဘူတန်နှင့် ကက်ရှမီးယားဒေသများမှ ကျေးရွာ ၆၀၀ ကို ဆိုလာမီးအိမ်များဖြင့် အလင်းရောင်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အိန္ဒိယအဘွားအိုများသာမက ပြည်ပမှ အဘွားအိုများလည်း ခြေဗလာကောလိပ်တွင် သင်တန်းတက်ကြသည်။ သင်တန်းပြီးဆုံး၍ နေရင်းအာဖရိကနိုင်ငံများသို့ ပြန်သွားပြီး ငါးနှစ်တာကာလအတွင်း ဆိုလာနည်းပညာသင်တန်းဆင်း အမျိုးသမီးကြီး ၁၄၀ တို့သည် အာဖရိက ၂၁ နိုင်ငံတွင် အိမ်ခြေ ၉,၁၁၈ လုံးအတွက် နေရောင်စွမ်းအင်မှ လျှပ်စစ်ထုတ်ကိရိယာများကို တပ်ဆင်ပေးခဲ့သည်ဟု ခြေဗလာကောလိပ်မှတ်တမ်းများက ဆိုသည်။

အာဖရိကအဘွားတို့ကို သင်တန်းပေးသည့် ကိစ္စသည် ရေရှည်တွင်အကျိုးရှိသော်လည်း ရေတိုတွင်မူ အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ ဆိုလာအင်ဂျင်နီယာသင်တန်းရှိရာ အိန္ဒိယသို့ စရောက်ချိန်က အာဖရိကအဘွားအိုများသည် ကြောက်လန့်နေကြသည်။ ယင်းခံစားချက် လျော့ပါးစေရန် ရွှင်းသည် ကျောင်းသူဟောင်းများဖြစ်ကြသော စာမတတ်သည့် အဘွားအို ၄၀၀ ကို သင်တန်းဆရာများအဖြစ် ပြန်လည်ခန့်အပ်သည်။ သင်တန်းတစ်ခုလျှင် သင်တန်းသူ ၅၀ စီခွဲကာ သင်ကြားသည်။

သင်တန်းစပြီး တစ်လကြာသောအခါ သင်တန်းသူများသည် မိမိကိုယ်မိမိ ယုံကြည်စိတ်များ ပိုလာသည်။ သင်တန်းသို့ အဘွားအိုများအဖြစ် လာတက်သော်လည်း သင်တန်းပြီးဆုံး၍ မိမိရွာသို့ပြန်သောအခါ သူရဲကောင်းများဘဝသို့ ရောက်သွားတော့သည်။

သင်တန်းသူများ၏ ခရီးစရိတ်၊ နေစရိတ်၊ စားစရိတ်၊ လေ့လာရေးခရီးစရိတ်၊ ဆေးကုသစရိတ်များကို အစိုးရက ကိုလံဘိုစီမံကိန်းရန်ပုံငွေဖြင့် ကျခံရန် စီစဉ်ပေးသည်။ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် အင်န်ဂျီအိုတို့၏ အကူအညီများကြောင့် သင်တန်း၏ နယ်ပယ်မှာ ပို၍ကျယ်ပြန့်လာသည်။

စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့်အပြင် နိုင်ငံတွင်း ဆင်းရဲမွဲတေမှုကိုပါ လျော့ပါးစေသည့် နေစွမ်းအင်မှ လျှပ်စစ်ထုတ်ယူ အသုံးချခြင်းသည် တစ်ကမ္ဘာလုံး၌ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာရန် သေချာနေပေသည်။

မြန်မာနိုင်ငံအမျိုးသားစွမ်းအင်မူဝါဒတွင် "ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သော လေ၊ နေ၊ ရေအားစသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်" ဟု ဖော်ပြထားသည်။ ၂၀၃၀-၃၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပြန်ပြည့်မြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်မဂ္ဂါဝပ် ၂,၀၀၀ အထိ တိုးတက် ထုတ်လုပ်ရန် လျာထားရာ ဆိုလာပြားမှအများဆုံး ထုတ်ယူဖွယ်ရှိသည်။

**ကျော်ဦး**

# ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေး


ငွေကြေးသည် ရောင်းဝယ်ရာ၌အလွှဲအပြောင်းရှိနေသည်။ ထို့ပြင် စုမိဆောင်းမိ၍ ငွေပိုငွေလျှံရှိသောသူများတွင် ငွေအိပ်နေပါက ထိုသေနေသောငွေသည် ငွေကြေးဈေးကွက်မှ လျော့နည်းသွားသည်။ ငွေကြေးဈေးကွက်တွင် ငွေပိုနေသူများရှိသကဲ့သို့ ငွေလိုအပ်နေသူများလည်းရှိသည်။ ငွေပိုနေသူများထံမှငွေများ အလဟဿမဖြစ်ဘဲ လိုသူများလက်သို့ လွှဲပြောင်းပေးခြင်းဖြင့် ငွေကြေးလည်ပတ်မှုအဆင်ပြေနိုင်သည်။

ငွေကြေးလွှဲပြောင်းမှုတွင် အဓိကအားဖြင့် နှစ်နည်းရှိသည်။

ပထမနည်းမှာ တိုက်ရိုက်လွှဲပြောင်းသည့်နည်းဖြစ်သည်။ ဒုတိယနည်းက သွယ်ဝိုက်သော တစ်ဆင့်ခံလွှဲပြောင်းနည်းဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံတွင် တိုက်ရိုက်လွှဲပြောင်းသောနည်းကို မကျင့်သုံးနိုင်ချေ။ သွယ်ဝိုက်သောနည်းဖြစ်သည့်ဘဏ်၊ အာမခံလုပ်ငန်း၊ ငွေစုငွေချေးအသင်းစသည်တို့မှတစ်ဆင့် လွှဲပြောင်းလျက်ရှိသည်။ ဥပမာ ငွေပိုငွေလျှံရှိသူများက ငွေစုဘဏ်သို့သွား၍ ငွေထည့်အပ်နှံပြီး ဘဏ်ကပေးသော အတိုးရယူကြသည်။ အသက်အာမခံ၊ မီးအာမခံစသော အာမခံလုပ်ငန်းများတွင် အပ်နှံခဲ့ကြသည်။ သို့သော် ထိုသို့အပ်နှံခြင်းတွင် အတိုးနှုန်းနည်းပါးပါက ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားလာလျှင် စုဆောင်းအပ်နှံငွေများ ကြာလေသေးလေ၊ လျော့နည်းလေဖြစ်နိုင်သည်။ ထိုအခါ ဘဏ်တွင်အပ်နှံသောငွေများကို ပြန်ထုတ်၍ အတိုးနှုန်းထက် အမြတ်ငွေပိုရနိုင်မည့် အိမ်ခြံမြေ၊ ရွှေနှင့် အမေရိကန်ဒေါ်လာ စသည်တို့ကို ဝယ်ယူကာရင်းနှီးမြှုပ်နှံကြသည်။ ထိုအခါ အိမ်ခြံမြေ၊ ရွှေ၊ ဒေါ်လာဈေးများအတက်အကျများကာ ဈေးကွက်ကမောက်ကမ ဖြစ်နိုင်သည်။

မြန်မာနိုင်ငံတွင် ငွေပိုရှိသူများ ဘဏ်၌အပ်နှံခြင်း၊ ငွေတိုက်စာချုပ်ဝယ်ယူခြင်းစသည်ဖြင့် သင့်တင့်သော အတိုးကိုရယူခဲ့သည့်လုပ်နည်းစနစ်မှာ နှစ်ပေါင်းများစွာ




**တွင်ကျယ်လျှင်မြန်စွာ လုပ်ငန်းလည်ပတ်လျက်ရှိသည့် နယူးယောက်စတော့အိတ်ချိန်း**

ဖြစ်တည်ဆဲဟုဆိုနိုင်သည်။ ထိုသို့ ဘဏ်ကိုအပ်သော ငွေများဖြင့် ငွေရင်းလို၍ ချေးငှားသူများကို ဘဏ်များက အတိုးနှုန်းတင်၍ ချေးငှားပေးသည်။ ဤလုပ်နည်းသည် ငွေချေးယူသူများဘက်က အတိုးနှုန်းများများပေးရန် တွက်ခြေမကိုက်ခြင်း၊ အာမခံပစ္စည်း၊ အိမ်ခြံမြေ လုပ်ငန်းများ အပေါင်ခံအဖြစ် တင်ရသောအခါ အပေါင်ခံ ပစ္စည်း၏ (Assess Value) စည်းကြပ်တန်ဖိုးသတ်မှတ်ရာ၌ လိုတစ်မျိုးမလိုတစ်မျိုး အပေးအယူရှိခြင်း၊ ငွေချေးယူမည့်သူကို မျက်နှာလိုက်ရွေးချယ်ခြင်း၊ ဘက်လိုက်ရွေးချယ်ခြင်းစသော မလိုလားအပ်သည့် အချက်များရှိသောကြောင့် ငွေလိုအပ်သူများ တစ်ဆင့်ခံစနစ်မှ ငွေချေးယူသည့်လုပ်နည်းမှာ အောင်မြင်ထိရောက်မှုမရှိသေးဘဲဖြစ်နေသည်။

ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးကတည်းက ထိုစနစ်နှင့်ကိုက်ညီလျော်ကန်သော ငွေကြေးမူဝါဒကို ချမှတ်ခဲ့လျှင် မြန်မာနိုင်ငံ၏ငွေကြေးလည်ပတ်မှုကောင်းမွန်လာမည်ဖြစ်သည်။ တိုက်ရိုက်ငွေကြေးလွှဲပြောင်းမှုနည်းဖြစ်သော Direct Finance စနစ်ကို ကျင့်သုံးရန်မှာ ငွေကြေးကျွမ်းကျင်ပညာရှင်များရှိရန်လိုသည်။ ထိုငွေကြေးဈေးကွက်ကို နှစ်ပေါင်းများစွာ လုပ်ကိုင်ဆောင်ရွက်သည့်ဝါရင့်ပညာရှင်များ ရှိရန်လိုသည်။

## ငွေကြေးတိုက်ရိုက်လွှဲပြောင်းခြင်း

ငွေကြေးတိုက်ရိုက်လွှဲပြောင်းခြင်းဆိုသည်မှာ ငွေပိုငွေလျှံရှိသူများက ငွေကြေးလိုအပ်သူများထံ တိုက်ရိုက်ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ချေးငှားခြင်း ပြုလုပ်သည့်လုပ်ထုံးလုပ်နည်းဖြစ်သည်။ ငွေကြေးကို ရောင်းချချေးငှားသောစာရွက်စာတမ်း (Equity) များဖြင့် ဖလှယ်မှု (Exchange) ကို ပြုလုပ်ကြခြင်းဖြစ်သည်။ ဤသို့ငွေကြေးကို ကိုယ်စားပြုသော စာရွက်စာတမ်း၊ ငွေချေးသက်သေခံလက်မှတ် "Security" များကို ငွေကြေးကိရိယာများ (Financial Instruments) ဟုခေါ်သည်။

"Security" ဆိုသည်မှာ ငွေကြေးဈေးကွက်တွင် ရောင်းဝယ်လွှဲပြောင်းဖလှယ်ချေးငှားရာ၌ သုံးသော ငွေကြေးကိရိယာများကို ကိုယ်စားအပြုဆုံး ကိရိယာစာချုပ်စာတမ်းဖြစ်သည်။ ငွေချေး၊ ငွေလွှဲ၊ ငွေဖလှယ်ရာ၌ လုံခြုံစိတ်ချရအောင် အာမခံသော စာချုပ်ဖြစ်သည်။ ဤတွင် ငွေချေးအာမခံစာချုပ်ဟု ဘာသာပြန်လျှင်လည်းဖြစ်နိုင်သည်။ သို့သော် အာမခံ ဟူသော စကားလုံးသည် စီးပွားရေးလောက၌ Insurance ဟူသောစကားလုံးကို ဘာသာပြန်သုံးခဲ့ပြီးဖြစ်သော ကြောင့် ရောမှားနိုင်သည်။ တစ်ဖန် လက်မှတ်ဆိုသည်ထက် စာတမ်းကို ပိုပြီးသုံးသင့်သည်ဟု ထင်သူတို့က ငွေချေးသက်သေခံစာတမ်းဟု ပြန်ဆိုသည်။ စာတမ်းသည် အခိုင်အမာပြုသော ကျင့်ထုံးအစဉ်အလာနှင့် အညီ ရေးမှတ်သည့်စာရွက်ပင်ဖြစ်သည်။ ထို့ကြောင့် Letter of Credit ကို ငွေလွှဲစာတမ်းဟု ပြန်ဆို အဆင်ပြေခဲ့သည်မျိုးရှိသည်။ ယခု "Security" မှာ ငွေချေးရုံသာမဟုတ်၊ ငွေလွှဲပြောင်း၊ ဖလှယ်သောကိစ္စလည်းပါဝင်၍ အချို့က ငွေချေးသက်သေခံလက်မှတ်ဆိုသည့်အစား ငွေလွှဲသက်သေခံလက်မှတ် သို့မဟုတ် ခြုံငုံ၍ ငွေကြေးသက်သေခံလက်မှတ်ဟုဆိုသည်။ သက်သေခံခြင်းသည် လုံခြုံမှုကို တာဝန်ခံ၊ တာဝန်ယူပေးခြင်းဖြစ်၍ စာချုပ်ဟု ထည့်ရန်မလိုဘဲ ငွေချေးသက်သေခံလက်မှတ်ဟု ဆိုသူလည်းရှိသည်။ စာချုပ်ဟူသည် သက်သေခံများပါဝင်သည့် သဘောဟူသော ခိုင်မာသောစာရွက်စာတမ်းဖြစ်သည့်အတွက် စာချုပ်ရှေ့၌သက်သေခံဟူသောစကားရပ် မထည့်တော့ဘဲ ငွေချေးစာချုပ်ဟု ကျစ်လျစ်စွာဆိုသူက ဆိုသည်။ ထိုအခါ Bond ဟူသော ငွေချေးစာချုပ်နှင့် ရောထွေးမှားယွင်းနိုင်သည်။

ယခုအခါ ဤကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်က ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်တွင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကို ပြဋ္ဌာန်းထုတ်ပြန်ပြီးဖြစ်သည်။ ဤဥပဒေသည် အင်္ဂလိပ်ဘာသာ "Securities and Exchange Law" မှ ဘာသာပြန်ဆိုခြင်း ဖြစ်သည်။

"Securities" ငွေချေးသက်သေခံလက်မှတ်နှင့် အကျုံးဝင်သော လက်မှတ်စာချုပ်များဖြစ်သည့် Bond ငွေချေးစာချုပ်၊ Treasury bill ငွေတိုက်လက်မှတ်၊

Debenture ယုံကြည်မှုငွေချေးစာချုပ်၊ Stock အစုရှယ်ယာ၊ Share ပိုင်ခွင့်ရှယ်ယာစသည်တို့သည်လည်း ငွေကြေးတိုက်ရိုက်လွှဲပြောင်းရာ၌ အသုံးပြုသည့် Financial Instruments ခေါ် ဒိုင်အဖြစ်တရားဝင်ဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်သောကြောင့် ငွေကြေးများ တိုက်ရိုက်ဖလှယ်ခြင်း၊ လက်ပြောင်းလက်လွှဲပြုလုပ်ခြင်းများ ဖြစ်စေသည်။

**ငွေကြေးတိုက်ရိုက်လွှဲပြောင်းခြင်း၏အကျိုးကျေးဇူးများ**

ငွေကြေးကို တိုက်ရိုက်လွှဲပြောင်းခြင်း၊ တိုက်ရိုက်ဖလှယ်ခြင်း၊ ငွေကြေးကိရိယာများကို ရောင်းဝယ်ခြင်းဖြင့် ငွေကြေးဈေးကွက်ကို ရှင်သန်စေသည်။ ငွေရင်းဈေးကွက် Capital Market ကို အသေမထားသွက်လက်လှုပ်ရှားစေပြီး ထူးခြားသည့်အကျိုးများ ဖြစ်ထွန်းစေသည်။

၁။ **အသေးစား ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဖန်တီးပေးခြင်း**

မည်သူမဆို ရှယ်ယာကို အောင်မြင်တိုးတက်နေသော ကော်ပိုရေးရှင်းများထံမှ ဝယ်ထားနိုင်သည်။ တဖြည်းဖြည်း များစွာဝယ်ယူနိုင်သည်။ ဝယ်ထားသောစတော့ရှယ်ယာများကို အမြတ်ကြီးကြီးရသည့်အခါ ပြန်ရောင်းချပြီး ထွက်ပေါ်လာသည့် အမြတ်ငွေများဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်သည်။

၂။ **အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်အောင်ဖန်တီးပေးခြင်း**

စီးပွားရေးလုပ်ငန်း လုပ်ကိုင်တတ်သောလူများရှိသည်။ လုပ်ရမည့်စီးပွားရေးလုပ်ငန်းကလည်း အလားအလာအလွန်ကောင်းသည်။ ကြီးပွားတိုးတက်ရန် မျှော်လင့်ချက်များစွာရှိသည်။ သို့သော် ငွေအရင်းအနှီးက မလုံမလောက်ဖြစ်နေသည်။ ထိုအခါ စီးပွားဖက်မိတ်ဆွေများ စုပေါင်း၍ အများပိုင်ကုမ္ပဏီတစ်ခုတည်ထောင်လုပ်ကိုင်ပြီး မြန်စွာတိုးတက်လာသောအခါ အစုရှယ်ယာများ ထုတ်ရောင်းခြင်းဖြင့် ငွေရင်းများစွာ ရရှိလာမည်ဖြစ်သည်။

၃။ **အောင်မြင်သော ကုမ္ပဏီများအတွက် ငွေရင်းငွေနှီးတိုးမြှင့်ပေးခြင်း**

နာမည်ရ၊ ဂုဏ်သရေရှိ၊ ယုံကြည်ရသော အများပိုင်ကုမ္ပဏီများအတွက် အစုရှယ်ယာများ ရောင်းချခြင်းဖြင့် နောက်ထပ်တိုးချဲ့လုပ်ကိုင်ရေးအတွက် ငွေရင်းငွေနှီးတိုးမြှင့်ရရှိနိုင်သည်။

၄။ **ရင်းနှီးမြှုပ်နှံမှုအတွက် စုငွေများလှုပ်ရှားလည်ပတ်စေခြင်း**

ဘဏ်များတွင် ငွေအပ်၍ စုထားသောငွေတို့သည် အိပ်နေသော ငွေသေများကဲ့သို့အဖြစ်များသည်။ ထိုငွေများကို ထုတ်၍အစုရှယ်ယာဝယ်လိုက်ပါက ရှယ်ယာဈေးတက်လာသောအခါ ပြန်ရောင်းလျှင် အမြတ်ရသည်။ ငွေများလည်းရွေ့လျား၍ လှည့်ပတ်မှုဖြစ်စေသည်။ ရှယ်ယာရောင်းသော ကုမ္ပဏီတို့လည်း ဝင်ငွေတိုးလာသည့်အတွက် စိုက်ပျိုးရေး၊ စက်မှုစသောလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခြင်းဖြင့် နိုင်ငံအတွက် ပိုမိုသန်မာသော စီးပွားရေးတိုးတက်မှုဖြစ်ပေါ်စေသည်။

၅။ **ကုမ္ပဏီ၏တိုးတက်မှုကို လျင်မြန်ချောမွေ့စေခြင်း**

ကုမ္ပဏီတစ်ခုက အခြားကုမ္ပဏီတစ်ခုထံမှ ရောင်းလိုသော ဝေစုရှယ်ယာများကို ဝယ်ယူခြင်းဖြင့် ကုမ္ပဏီအချင်းချင်းပေါင်းစည်းသည့်အလုပ်ကို လုပ်ရာတွင် စတော့ရှယ်ယာဈေးကွက်က အလွယ်ကူဆုံး၊ အမြန်ဆန်ဆုံး၊ အရှင်းဆုံးနှင့် အချောမွေ့ဆုံး ဖြစ်အောင် ပြုလုပ်ပေးနိုင်သည်။

၆။ **ချမ်းသာကြွယ်ဝမှုကို ခွဲဝေပေးခြင်း**

Stock Exchange စတော့ဈေးကွက်ဒိုင်ကြီးက ချမ်းသာကြွယ်ဝမှုကို ခွဲဝေမျှတပေးခြင်းမဟုတ်ပေ။ သာမန်နှင့် အသက်မွေးဝမ်းကျောင်းပြုသော ကြေးစားစတော့ရင်းနှီးမြှုပ်နှံသူများသည် ကုမ္ပဏီက နှစ်စဉ်ထုတ်ဝေပေးသော ရှယ်ယာများအတွက် ဝေစု (Dividens) များ ဈေးတက်လာသောအခါ စတော့များစွာ ဝယ်ထားသည့်အတွက် အမြတ်များစွာရရှိကာ ချမ်းသာကြွယ်ဝနိုင်သည်။ စတော့ဈေးကွက်တွင်

မိမိဝယ်ထားသော ရှယ်ယာစာချုပ်စသည်တို့ ဈေးတက်သောအခါ အမြတ်ကောင်းကောင်းရသည်။ ထို့ငွေဖြင့် အရင်းများပြားသူများ အမြတ်ကောင်းသည့် စီးပွားရေးလုပ်ငန်းကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခြင်းဖြင့် ချမ်းသာကြွယ်ဝသူဖြစ်လာနိုင်သည်။

၇။ **ကော်ပိုရိတ်စီမံခန့်ခွဲရေးအရည်အချင်း တက်လာခြင်း**

စတော့နှင့်ရှယ်ယာများရောင်းချသည့် အများပိုင်ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းများသည် စာရင်းဝင်များဖြစ်အောင် ဦးစွာအစစ်ဆေးခံရသည်။ စာရင်းဝင်လုပ်ငန်းတစ်ခုဖြစ်ရန် ထိုလုပ်ငန်းတွင် တာဝန်ယူလုပ်ကိုင်သူများသည် ပုဂ္ဂလိကတစ်ဦးချင်းကုမ္ပဏီများနှင့် မိသားစုကုမ္ပဏီများလိုပေ့ါပေ့ါဆဆလုပ်ကိုင်၍မရတော့ပေ။ ရှယ်ယာရှင်များ၏ ကျေနပ်မှုရအောင်၊ တောင်းဆိုမှုပြေလည်အောင်၊ ပို၍ပီပြင်အောင် နည်းဥပဒေ၊ စည်းမျဉ်းများ ကျကျနနရေးဆွဲလုပ်ကိုင်ရမည်ဖြစ်သည်။ လုပ်ငန်းတိုးတက်အောင်မြင်အောင် အဆင့်မြင့်သော စီမံခန့်ခွဲရေးများနှင့် အဆင့်ရှိသော စီမံခန့်ခွဲသူများရှိရမည်ဖြစ်လေသည်။

၈။ **အစိုးရအတွက် ရင်းနှီးတိုးမြှင့်ပေးခြင်း**

နိုင်ငံတော်အစိုးရသည် အခြေခံအဆောက်အအုံများကို ပြည်သူတို့အတွက် တည်ဆောက်ပေးရန် စီမံကိန်းလုပ်ငန်းကြီးများစွာ ဆောင်ရွက်လျက်ရှိသည်။ ယင်းအတွက် ပြည်ပချေးငွေများပင် ရယူဆောင်ရွက်မှုများရှိသည်။ အစိုးရစီမံကိန်းလုပ်ငန်းကြီးများအတွက် လိုအပ်သော ရန်ပုံငွေကို Bond ငွေချေးစာချုပ်များ၊ Treasury Bill ငွေတိုက်ငွေချေးလက်မှတ်များ ထုတ်ချေးပြီး ငွေအရင်းအနှီးရနိုင်သည်။

၉။ **စီးပွားရေးကို တိုင်းတာသော ဘာရိုမီတာပြဒါးတိုင်ဖြစ်ခြင်း**

နိုင်ငံတစ်နိုင်ငံစီးပွားရေးအတက်အကျကို တစ်နှစ်ကုန်မှ လူတစ်ဦးချင်းတစ်နှစ်ပျမ်းမျှပြည်တွင်းစုစုပေါင်းထုတ်ကုန်တန်ဖိုးနှင့် တိုင်းပြကြသည်။ ချက်ချင်းတိုင်း၍ရသောနှုန်းမှာ အတက်အကျဖြစ်သည်နှင့် ထိုနိုင်ငံရှိ စတော့ရှယ်ယာဈေးကွက်မှ ဈေးနှုန်းများအတက်အကျကို ကြည့်ခြင်းဖြင့် မည်မျှတက်သည်၊ ကျသည်ကို သိနိုင်လေသည်။

## ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးနှင့် မြန်မာနိုင်ငံ

ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးသည် အကျိုးရှိသော ငွေကြေးဈေးကွက်တစ်ရပ်ကို ဖန်တီးပေးခြင်းဖြစ်ကြောင်း ကမ္ဘာကလက်ခံသိရှိခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီးဖြစ်သည်။

စတော့ဈေးကွက်ကို အီတလီနိုင်ငံတွင် Bruges Bourse အမည်ဖြင့် ၁၃၀၉ ခုနှစ်က စတင်ခဲ့ပြီး ဗင်းနစ်မြို့၊ ပီဆာမြို့၊ ဗီနိုးရား၊ ဖလောရင့်စ်စသောမြို့များတွင် ၁၃၅၁ ခုနှစ်က ပေါ်ပေါက်ဖြစ်ထွန်းခဲ့သည်။ ၁၆၀၂ ခုနှစ်တွင် ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီက အရှေ့တိုင်းအာရှသို့စတင်၍ စတော့အိတ်ချိန်းလုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ယနေ့ကမ္ဘာကျော် လန်ဒန်စတော့အိတ်ချိန်းကြီးကို ၁၆၈၈ ခုနှစ်တွင် လန်ဒန်မြို့၌ စတင်ဖွင့်လှစ်ခဲ့သည်။

ဤနေရာတွင် Security Exchange, Stock Exchange ဟူသော စီးပွားရေးဝေါဟာရလည်းဖြစ်ပြီး ငွေကြေးဈေးကွက်ဝေါဟာရလည်းဖြစ်သော စကားလုံးသည် မြန်မာအဓိပ္ပာယ်အားဖြင့် ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးဟု ဘာသာပြန်ဆိုခြင်းထက် ကမ္ဘာက ဘာသာရပ်ဆိုင်ရာအဓိပ္ပာယ်ပြုသည့် ငွေချေးသက်သေခံလက်မှတ်ဒိုင်ဟု ဘာသာပြန်ရန်ဖြစ်သည်။ Exchange ကို ဤနေရာ၌ ဒိုင်ဟု ခေါ်ဆိုသင့်သည်။ ကမ္ဘာပေါ်၌ နိုင်ငံပေါင်းများစွာတွင် စတော့အိတ်ချိန်းဒိုင်များ ဖွင့်လှစ်ပြီး ငွေကြေးဈေးကွက်ကို လုပ်ကိုင်လျက်ရှိကြသည်။

အဓိကကျသော စတော့အိတ်ချိန်းဒိုင်ကြီး ၂၀ ရှိသည်။ အာဖရိကတိုက်တွင် တစ်ခု၊ အမေရိကားတိုက်တွင် ခုနစ်ခု၊ အမေရိကန်၊ ဥရောပပူးတွဲ တစ်ခု၊ အာရှပစိဖိတ်တွင် ခြောက်ခု၊ တောင်အာရှတွင် နှစ်ခု၊ ဥရောပတိုက်တွင် ခုနစ်ခုတို့ကို အဓိကကျသော စတော့အိတ်ချိန်းဒိုင်ဟု သတ်မှတ်ထားသည်။



**၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်လိုက်သည့် မြန်မာ့စတော့အိတ်ချိန်း**

ပင်မစတော့အိတ်ချိန်းဒိုင် Main Stock Exchange တို့မှာ ကမ္ဘာပေါ်၌ ၅၂ ခုရှိသည်။ ယင်းအနက် အရှေ့တောင်အာရှမှ ဂျကာတာစတော့ဒိုင်၊ မလေးရှား စတော့ဒိုင်၊ ဖိလစ်ပိုင်စတော့ဒိုင်နှင့် စင်ကာပူစတော့ဒိုင် တို့ ပါဝင်သည်။

အာဆီယံအသင်းဝင် ၁၀ နိုင်ငံအနက် ပင်မ စတော့အိတ်ချိန်းဒိုင်စာရင်းတွင် မဝင်သော်လည်း စတော့အိတ်ချိန်းဒိုင်ကို လာအိုနိုင်ငံ၊ ကမ္ဘောဒီးယား နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဖွင့်ပြီးဖြစ်သည်။

ငွေကြေးဈေးကွက်ကို လွန်စွာအထောက်အကူ ပြုသော စတော့အိတ်ချိန်းဒိုင်ကိုမြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

စတော့အိတ်ချိန်းဒိုင်တစ်ခုဖွင့်လှစ်နိုင်ရန် စတော့ ရှယ်ယာစသည့်ငွေချေးသက်သေခံလက်မှတ်အမျိုးမျိုး ရောင်းဝယ်ဖလှယ်ပေးရမည့်ကုမ္ပဏီများရှိရန်လိုသည်။ ထိုကုမ္ပဏီများသည် အများပိုင်လုပ်ငန်းများ၊ ကော်ပို ရေးရှင်းကြီးများဖြစ်ရန်လိုသည်။ စတော့အိတ်ချိန်းဒိုင် တွင် စတော့ရှယ်ယာများ ထုတ်ဝေရောင်းချပေးနိုင် သည့်အဆင့်ရှိ/မရှိ ငွေချေးသက်သေခံလက်မှတ်နှင့် လဲလှယ်ရောင်းဝယ်ရေးကော်မရှင်က ဥပဒေအရ စိစစ်၍ စာရင်းဝင် Listed သတ်မှတ်ပေးမည်ဖြစ်သည်။ အဆိုပါစာရင်းဝင်ကော်ပိုရေးရှင်းများစွာရှိပါမှ (၁)ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်းလုပ်ငန်းလိုင်စင်ရကုမ္ပဏီ များ၊ (၂) ငွေချေးသက်သေခံလက်မှတ်များကိုယ်ပိုင် ရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင်ရကုမ္ပဏီများ၊ (၃) ငွေချေးသက်သေခံလက်မှတ်အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်လုပ်ငန်းလိုင်စင်ရအေဂျင်စီများ၊ (၄)ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းလိုင်စင်ရအဖွဲ့အစည်း များက ထိုစာရင်းဝင်ကော်ပိုရေးရှင်းတို့၏ အစု ရှယ်ယာများ စတော့အိတ်ချိန်းဒိုင်တွင် ရောင်းချနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်သည်။

စာရင်းဝင် Listed ကော်ပိုရေးရှင်းများဖြစ်အောင် နိုင်ငံတကာအဆင့်မီ လိုအပ်သောအချက်အလက်များ ရှိသည်။ ထိုလိုအပ်ချက်များကို (၁) တရားဝင်လိုအပ်ချက် နှင့် (၂) ခိုင်မာမှုလိုအပ်ချက်ဟူ၍ ခွဲခြားထားသည်။

တရားဝင်လိုအပ်ချက်များအဖြစ် အများပိုင် ကုမ္ပဏီ၊ ကော်ပိုရေးရှင်းအတွက် မြန်မာ့စည်းမျဉ်းအရ သတ်မှတ်ထားသည်မှာ-

(၁) အမြတ် သို့မဟုတ် ဈေးကွက်အတွက် ရင်းနှီးငွေ----၁၀ ဘီလီယံကျပ်၊

(၂) အနည်းဆုံးငွေရင်းပမာဏ--ဝဒသမ၅ဘီလီယံ ကျပ်၊

(၃) ပါဝင်သည့်ရှယ်ယာဝင်သူများ အရေအတွက် အနည်းဆုံး---၁၀၀ ဦး၊

(၄) ရှယ်ယာခွဲဝေမှု----၁၀ရာခိုင်နှုန်းအနည်းဆုံး ရှိသော အသေးစားရှယ်ယာ ထည့်ဝင်သူ ဦးရေရှိရမည်၊

(၅) အခြားအချက်များ----အများပိုင်ကုမ္ပဏီ ဖြစ်ရမည်။ ရှယ်ယာလွှဲပြောင်းမှုပိတ်ပင်ခြင်း မရှိစေရ၊ စတော့လက်မှတ်လဲလှယ်ပေးရ သည်။ ငွေအပြည့် ပေးချေပြီးသော ရှယ်ယာ ဖြစ်ရမည်။ အပေးအယူ၊ အလွှဲအပြောင်း ဖလှယ်မှုများအတွက် အဝင်အထွက်စာရင်း ရှိရမည်။

**ခိုင်မာမှုရှိ/မရှိလိုအပ်ချက်များ**

(၁) စီးပွားရေးလုပ်ငန်း၏ အမြတ်အစွန်းရရှိနိုင် ခြေနှင့် တာရှည်ဆက်လက်တည်မြဲနိုင်ခြေ၊

(၂) ငွေကြေးအင်အားကောင်းနိုင်ခြေ၊

(၃) ကော်ပိုရိတ်စီမံခန့်ခွဲရေး အရည်အချင်း မြင့်မားခြေ၊

(၄) လုပ်ငန်းကို အုပ်ချုပ်ရေးစနစ်အဆင့်မြင့်မား မှုအခြေ၊

(၅) ပွင့်လင်းမြင်သာမှုရှိစေမည့် သတင်း ထုတ်ပြန်ပေးမှုအခြေ၊

အထက်ပါလိုအပ်ချက်များနှင့်ပြည့်မီခြင်း၊ ကောင်းမွန်ခြင်းရှိမှသာ စာရင်းဝင်ကုမ္ပဏီကော်ပိုရေးရှင်း အဖြစ် သတ်မှတ်ခံရမည်ဖြစ်သည်။

အာဆီယံ ၁၀ နိုင်ငံအနက် စတော့အိတ်ချိန်းဒိုင် ဖွင့်လှစ်၍ ငွေကြေးဈေးကွက်အောင်မြင်နေသည့် နိုင်ငံများရှိ စာရင်းဝင်ကုမ္ပဏီများ၏ ၂၀၁၂ ခုနှစ် အရေအတွက်ကို ဖော်ပြရသော်-

မလေးရှားနိုင်ငံ-----၉၂၁ ခု

အင်ဒိုနီးရှား---------၅၀၂ ခု

စင်ကာပူ-----------၇၇၂ ခု

ဖိလစ်ပိုင်-----------၄၅၉ ခု

ဗီယက်နမ်----------၃၁၁ ခု

ထိုင်း---------------၂၆၈ ခု

ဘရူနိုင်းသည် ဂျီဒီပီမြင့်သော ရေနံထွက်နိုင်ငံ ငယ်လေးဖြစ်၍ လူဦးရေ ၄ ဒသမ ၂ သိန်းကျော်သာ ရှိသောကြောင့် စတော့အိတ်ချိန်းဒိုင်ဖွင့်ရန်မလိုပေ။ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် စတော့ဒိုင်များ ဖွင့်လှစ်ပြီးဖြစ်သည်။ စာရင်းဝင်ကုမ္ပဏီကြီးများ နည်းပါးမှုကြောင့် ထိုနိုင်ငံများတွင် ငွေကြေးဈေးကွက် ရှင်သန်မှုအားနည်းနေသေးသည်။ မြန်မာနိုင်ငံသည် လာအိုနိုင်ငံထက် လူဦးရေ ၇ဒသမ၅ဆ၊ ကမ္ဘောဒီးယား နိုင်ငံထက် လူဦးရေ ၃ ဒသမ ၄ ဆပိုများပြီး သယံဇာတ ပေါကြွယ်ဝသော စီးပွားရေးအလားအလာကောင်းသည့် ရေမြေသဘာဝအနေအထားကြောင့် စာရင်းဝင်ကုမ္ပဏီ များပြားလာနိုင်ခြေရှိသည်။ ငွေကြေးဈေးကွက်လည်း ထွန်းကားလာနိုင်သည်။

စာရင်းဝင်ကုမ္ပဏီများဖြစ်လာသောအခါ ခေါ်ယူ ရရှိထားသည့်အစုရှယ်ယာများကို တရားဝင်ထုတ် ရောင်းနိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ စတော့ အိတ်ချိန်းဒိုင်မပေါ်ပေါက်မီ လွန်ခဲ့သော နှစ်အတန်ကြာ ကတည်းက အများပိုင်ကုမ္ပဏီအချို့က ရှယ်ယာများ ထုတ်ရောင်းခဲ့သည်လည်းရှိသည်။ ဆိုင်ရာဥပဒေ ထွက်လာပြီး တရားဝင်ဒိုင်ဖွင့်၍ စတော့ရှယ်ယာများ ရောင်းဝယ်ခွင့်ပြုတော့မည်ဖြစ်ရာ စာရင်းဝင်ကုမ္ပဏီ များသာ တရားဝင်ဒိုင်မှ ရောင်းဝယ်နိုင်ရန်အတွက် နိုင်ငံတကာလုပ်ထုံးလုပ်နည်းနှင့်အညီ ကနဦးလူအများသို့ ရှယ်ယာများ ကမ်းလှမ်းရောင်းချသည့်လုပ်နည်းစနစ် အတိုင်း Initial Public Offering(IPO) လုပ်ဆောင်ရမည်။

အများသို့ ကမ်းလှမ်းပေးခြင်း Initial Public Offering (IPO) ဆိုသည်မှာ စတော့အိတ်ချိန်းဒိုင်ကြီး၌ တရားဝင်ရှယ်ယာများ ရောင်းချခွင့်ရရှိရေးအတွက် ကနဦး ပထမလုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်သည်။ ဤသို့သော လုပ်ပိုင်ခွင့်ရရှိရေးမှာ ကုမ္ပဏီများသည် စာရင်းဝင်ဖြစ်ရမည်ဟူသောအချက်က ပြန်စရမည် ဖြစ်သည်။ အဆိုပါစာရင်းဝင်ကုမ္ပဏီများသည် ငွေကြေးဈေးကွက်ကျွမ်းကျင်သော ပညာရှင်များ

ရှိရန်လိုသည်။ စတော့ရှယ်ယာထုတ်ပေးတတ်သည့် မန်နေဂျာများ၊ စာရင်းစစ်များ၊ တရားဝင်အကြံပေး ပုဂ္ဂိုလ်များခန့်ထားပြီး ရုံးတစ်ရုံးသီးသန့်ဖွဲ့စည်းကာ ဆိုင်ရာဌာနများတွင် တတ်ကျွမ်းသူများခန့်ထားရမည်။ ယင်းအတွက်ကျခံရမည့် အခကြေးငွေများ ပေးချေ တတ်ရန်လိုသည်။ အများပြည်သူများကို အသိပေး သည့်ကြေညာခြင်း၊ အစုရှယ်ယာလက်မှတ်သစ်များ ထုတ်ဝေမှုနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အချက်များဖော်ပြသည့် စာစောင်ပြုစုထုတ်ပြန်ရမည်။ စတော့အိတ်ချိန်းဒိုင်၏ နည်းဥပဒေ၊ စည်းကမ်း စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို တတ်သိရန် လိုသည်။ ဤသို့လိုအပ်ချက်များ ဖြည့်ဆည်းပြီးမှ ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်၊ မန်နေဂျင်း ဒါရိုက်တာစသူတို့ ဦးဆောင်သော စီမံချက်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရမည်။ ဤသို့ ကြိုတင်ဆောင်ရွက်ဖွယ်အားလုံး စီစဉ်ဆောင်ရွက်ပြီးမှသာ ကုမ္ပဏီ၏ရှယ်ယာများကို ပထမဆုံးအများပြည်သူသို့ ချရောင်းသည့်လုပ်ငန်းကို စတော့အိတ်ချိန်းဒိုင်မှတစ်ဆင့် ရောင်းချရသည်။

စာရင်းဝင်ကုမ္ပဏီတိုင်းက မိမိတို့ရှယ်ယာကို မိမိတို့သတ်မှတ်သည့်ဈေးနှုန်းဖြင့် စတင်ရောင်းချနိုင်သည်။ ထိုကုမ္ပဏီ၏ အမည်ကောင်းမှု၊ အများသဘောကျမှု၊ အမြတ်ရနိုင်ခြေရှိမှု၊ အလားအလာကောင်းမှုပေါ် မူတည်ပြီး ရှယ်ယာတစ်ခုချင်း၏ ဈေးနှုန်းတန်ဖိုး ပြောင်းလဲနိုင်သည်။

IPO အရ ကနဦးရောင်းချသော ရှယ်ယာများကို Primary Market က ဝယ်ယူခြင်းဟု ဆိုသည်။ မူလ ဈေးကွက်ကရှယ်ယာဖြစ်၍ မူလရှယ်ယာ Primary Shares ဟုလည်း ခေါ်သည်။ ထိုရှယ်ယာများ ဈေးကွက်ထဲရောက်ပြီးနောက် လိုင်စင်ရလုပ်ငန်းရှင် တာဝန်ခံသူ၊ ရောင်းဝယ်သူ၊ ပွဲစားကိုယ်စားလှယ်များ ထံမှတစ်ဆင့် ဝယ်ပါက Secondary Market ဒုတိယ ဈေးကွက်မှ ဝယ်ယူသောဒုတိယရှယ်ယာဟုခေါ်သည်။

ဒိုင် သို့မဟုတ် ကောင်တာများမှရောင်းချသော အဆိုပါစတော့များကို သာမန်စတော့ (Common Stock)၊ ပိုကြိုက်သော စတော့ (Preferred Stock)၊ ပြောင်းလဲနိုင်သော ပိုကြိုက်စတော့ (Convertible Preferred Stock)၊ အပြာရောင်စတော့ (Blue-chip Stock)၊ တိုးပွားသော စတော့( Growth Stock)၊ ကောင်တာ ပေါ်ကစတော့ (Open-the Counter Stock) စသဖြင့် အမျိုးစုံ ရှိခဲ့သည်။ ယခုအခါအင်တာနက်ခေတ်သို့ရောက်လာ သည်နှင့်အညီ အင်တာနက်မှတစ်ဆင့် ရောင်းဝယ် သောနည်းလမ်းများ ပေါ်ပေါက်လာသည်။

ယခင်က စတော့အိတ်ချိန်းဒိုင်တွင် ဘုတ်ကြီးထောင် ၍ အချိန်နာရီအလိုက်ပြောင်းလဲနေသည့် ရှယ်ယာ တို့၏ တက်ဈေးကျဈေးများကို ရေးသားဖော်ပြပြီး ရောင်းဝယ်ကြသည်။ သွားရောက်ကြည့်ရှု၍ သင်္ကေတနှင့် ပြသည်ကို နားလည်အောင်ရှုမှတ်ရန်သာရှိသည်။ ပို၍တိုးတက်လာသောအခါ တီဗွီဖန်သားပြင်ပေါ်၌ အချိန်အလိုက်ပေါ်လာသည့်ကုမ္ပဏီတို့၏ ရှယ်ယာ အတက် အကျကို ကိန်းဂဏန်းဖြင့် ဖော်ပြပေးသည်။ ယခုကဲ့သို့ အိုင်တီခေတ်ကြီးသို့ ရောက်လာသောအခါ စတော့ရှယ်ယာ ဈေးကွက်လည်း အင်တာနက်ဝက်ဘ်ဆိုက်များကိုသုံး၍ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ပို၍တွင်ကျယ်လာသည်။ လုပ်ငန်း၊ လုပ်နည်းစနစ်များလည်း အင်တာနက်နှင့် ကွန်ပျူတာစသော အီလက်ထရွန်းနစ်ကိရိယာများကို အသုံးပြု၍ လုပ်ဆောင်ရမည် ဖြစ်သည်။

သို့ဖြစ်၍ ယခုခေတ်ကျမှ ငွေကြေးဈေးကွက် ဖော်သည့် မြန်မာနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်သည့် စတော့အိတ်ချိန်းဒိုင်သည် ခေတ်သစ်ပုံစံနှင့် ခေတ်မီ စက်မှုနည်းပညာဆိုင်ရာပစ္စည်းကိရိယာများ တပ်ဆင်ရန်နှင့် လိုအပ်ချက်ဖြည့်ဆည်းရန် အချိန်ပိုယူခဲ့ရခြင်းဖြစ်သည်။

အိုင်တီခေတ်နှင့်အညီလုပ်ကိုင်သော အီလက် ထရွန်းနစ်ကိရိယာများ တပ်ဆင်ထားသည့် နိုင်ငံတကာ အဆင့်မီ စတော့အိတ်ချိန်းဒိုင်ကို မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဖွင့်လှစ်နိုင်ခဲ့ ခြင်းသည် မြန်မာ့ငွေကြေးဈေးကွက်နှင့်အရင်းအနှီး ဈေးကွက်၏ ထင်ရှားသော မှတ်တိုင်တစ်ခုဖြစ်လာသည်။

### မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်းဒိုင်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းခြင်း

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် တပ်မတော်အစိုးရတက်လာသောအခါ မြန်မာနိုင်ငံ၌

ထိုစဉ်က ဆောက်လုပ်ရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ပဲမျိုးစုံလုပ်ငန်း၊ ရေထွက်ပစ္စည်းလုပ်ငန်း၊ ကျောက်မျက်ရတနာလုပ်ငန်းများ အောင်မြင်မှုရလာသည်။ တိုးတက်ကြီးပွားရန်အလားအလာရှိသော ဖက်စပ်ကော်ပိုရေးရှင်းများနှင့် အများပိုင်ကုမ္ပဏီများ၊ ကော်ပိုရေးရှင်းများလည်း အရှိန်အဟုန်ကောင်းကောင်းနှင့် ရပ်တည်လာသည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် ငွေကြေးဈေးကွက်လည်း ဈေးကွက်စီးပွားရေးကို ကျင့်သုံးမည်ဟု ကြေညာခဲ့သည်။

ဤတွင် မှတ်ပုံတင်နှင့်စီးပွားရေး ဆောင်ရွက်ခွင့်ရသောကြောင့် ဗြိတိသျှကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရရှိပြီးနောက် ဖဆပလအစိုးရလက်ထက်တွင် ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်ခဲ့သည့်သက်ကြီးဝါရင့်စီးပွားရေးလုပ်ငန်း



ဒုတိယသမ္မတဦးညဏ်ထွန်းက ရန်ကုန်စတော့အိတ်ချိန်းဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပန်းချီကားပေးအပ်စဉ်

မရှိသေး၊ အရင်းအနှီးဈေးကွက်လည်း မပေါ်ပေါက်သေး။ သို့သော် ၁၉၉၀ ပြည့်နှစ်မှစ၍ စီးပွားရေးမျှော်လင့်ချက်ကောင်းသော တိုးတက်အောင်မြင်သည့်အများပိုင်လုပ်ငန်းများသည် ငွေကြေးဈေးကွက်ရှုထောင့်မှ ကြည့်ပါက ငွေချေးသက်သေခံလက်မှတ်နှင့် စတော့အိတ်ချိန်းဒိုင် (Security and Stock Exchange) ဖွင့်လှစ်ပါက Listed Corporation စာရင်းဝင်ကော်ပိုရေးရှင်းများအဖြစ် သတ်မှတ်နိုင်ခြေရှိကြောင်း နိုင်ငံတကာက ရှုမြင်မိကြသည်။

သို့ဖြင့် မြန်မာနိုင်ငံတွင် ငွေချေးသက်သေခံလက်မှတ်နှင့်စတော့ဈေးကွက်အတွက် ဒိုင်ဖွင့်ရန် နိုင်ငံခြား Financial Institutions များ လာရောက်လေ့လာကြသည်။ အစောဆုံးလာရောက်သူမှာ ရှင်များနှင့် ယင်းတို့၏မျိုးဆက်သစ်လူငယ်များက ကုမ္ပဏီများ တည်ထောင်ကာလုပ်ကိုင်ခဲ့ကြသည်။ ငွေကြေးဈေးကွက်အနေဖြင့်မူ ပုဂ္ဂလိကဘဏ်များကို ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

ထိုအခါ ဘဏ်လုပ်ငန်းရှင်အချို့သည် ထိုစဉ်က လျင်မြန်စွာတိုးတက်လာသည့်ဆောက်လုပ်ရေးလုပ်ငန်းများကို ပူးတွဲဆောင်ရွက်ကြပြီး ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ဆောက်လုပ်ရေး Developer တိုးမြှင့်ရေးလုပ်ငန်းရှင်ကြီးများ အပြိုင်အဆိုင်ပေါ်ထွက်လာသကဲ့သို့ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်ကြီးများလည်း ပေါ်ပေါက်ခဲ့သည်။ ဖက်စပ်လုပ်ငန်းလုပ်ကိုင်သည့် ကော်ပိုရေးရှင်းကြီးများလည်း ပေါ်ထွက်လာခဲ့သည်။

ဂျပန်နိုင်ငံမှ Japan's Daiwa Institute of Research Ltd (DIR) ဖြစ်၍ ၁၉၉၃-၉၄ ခုနှစ်က မြန်မာနိုင်ငံသို့ လာရောက်ရုံးခွဲဖွင့်ပြီး ဖြစ်နိုင်ခြေရှိ မရှိ သေချာလေ့လာသည်။ ဆိုင်ရာအစိုးရဌာနများနှင့် ငွေကြေးဈေးကွက်နားလည်သူတို့ကို တွေ့ဆုံဆွေးနွေးသည်။

၁၉၉၆ ခုနှစ်၊ ဇွန်လ ၇ ရက်တွင် Daiwa (DIR) က ၅၀ ရာခိုင်နှုန်းနှင့် မြန်မာ့စီးပွားရေးဘဏ် (MEB) က ၅၀ ရာခိုင်နှုန်းအဖြစ် ဖက်စပ်ကော်ပိုရေးရှင်းဖြစ်သော မြန်မာငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးဗဟိုဌာန Myanmar Security Exchange Center (MSEC) ကို တည်ထောင်ခဲ့သည်။

လွန်ခဲ့သည့်အနှစ် ၂၀ ကတည်းက မြန်မာနိုင်ငံတွင် ငွေကြေးကိရိယာများရောင်းဝယ်မည့်ငွေကြေးဈေးကွက်ကို ဖော်ဆောင်ရန် ကြိုးစားခဲ့သည်။ သို့သော်လည်း မျှော်မှန်းထားသကဲ့သို့ ရန်ကုန်စတော့ဒိုင် Yangon Stock Exchage (YSE) ကို အမြန်ဖွင့်လှစ်ရေးကိစ္စမှာ နှစ်ပေါင်းများစွာ အကောင်အထည်မပေါ်ဘဲ နှောင့်နှေးကြန့်ကြာခဲ့သည်။ နှောင့်နှေးခဲ့ရခြင်းမှာ မြန်မာနိုင်ငံသည် ကမ္ဘာနှင့်အဆက်ပြတ်ခဲ့ပြီး နိုင်ငံတကာငွေကြေးဈေးကွက်နှင့်ကင်းကွာခဲ့သောကြောင့် ဖြစ်သည်။

ဤသို့ ကြန့်ကြာနေခြင်းအတွက် စီးပွားရေးပညာရှင်များ၊ ငွေကြေးဈေးကွက်ကျွမ်းကျင်သူများက ဝိုင်းဝန်းဝေဖန်အကြံပေးခဲ့ကြသည်။ လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းနိုင်ရေးအတွက် အခြားအကူအညီပေးနိုင်မည့်အဖွဲ့အစည်းနှင့် ငွေကြေးသက်သေခံလက်မှတ် "Security" လုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်သူများနှင့်လည်း ဆက်သွယ်ဆောင်ရွက်မှုပြုလုပ်ကြရသည်။

စိတ်ပါဝင်စားသူများ၏ ဝိုင်းဝန်းတောင်းဆိုမှုများကြောင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ၂၀၁၃ ခုနှစ်အကုန်တွင် ရန်ကုန်စတော့ဒိုင်ကြီးကို ဖွင့်လှစ်နိုင်အောင် တွန်းအားပေးခဲ့သည်။ ဒိုင်ဝါနှင့် မြန်မာငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးဗဟိုဌာန (MSEC) မှ တာဝန်ရှိသူများလည်း နိုင်ငံတကာမှ နီးစပ်ရာတို့ကို အကူအညီတောင်းခံကြရသည်။ ဗဟိုဘဏ်ကလည်း ပို၍ လွတ်လပ်စွာလုပ်ပိုင်ခွင့် ရရှိလာပြီး ဆိုင်ရာဥပဒေများဖြစ်သည့် ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၂ ခုနှစ် ဗဟိုဘဏ်ဥပဒေများနှင့်အညီ ငွေကြေးဈေးကွက်လျင်မြန်စွာအကောင်အထည်ပေါ်ရေး အားထုတ်ရသည်။

တစ်ဖက်တွင်လည်း ငွေကြေးဈေးကွက်၊ ငွေအရင်းအနှီးဈေးကွက်များ မြန်မာနိုင်ငံတွင် ရှင်သန်လာစေရန်နှင့် ငွေကြေးကိရိယာများရောင်းဝယ်ဖလှယ်ရေးကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်စေရန် ပြည်သူ့လွှတ်တော်ကရေးဆွဲသော ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။

ဥပဒေထွက်လာပြီး ဗဟိုဘဏ်ကလည်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ တိုကျိုစတော့အိတ်ချိန်း၊ ဂျိုက်ကာ (JICA) စသောအဖွဲ့အစည်းများကို ဖိတ်ကြား၍ဒိုင်ဝါနှင့် မြန်မာငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးဗဟိုဌာနတို့ကို တွန်းအားပေးဆောင်ရွက်ခဲ့ကြသည်။ အခြေခံအဆောက်အအုံဆိုင်ရာလိုအပ်ချက်များကို တောင်ကိုရီးယားနိုင်ငံမှ KRX ၊ ဂျပန်နိုင်ငံမှ TOSHIBA KDDI တို့ကို ဝိုင်းဝန်းကူညီပေးကြရန် တောင်းဆိုခဲ့သည်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင်မူ မြန်မာ့စီးပွားရေးဘဏ်က ၅၁ ရာခိုင်နှုန်း၊ ဒိုင်ဝါသုတေသနလီမိတက်က ၃၀ ဒသမ ၂၅ ရာခိုင်နှုန်း၊ ဂျပန်အိတ်ချိန်းဂရုဖ်က ၁၈ ဒသမ ၇၅ ရာခိုင်နှုန်းအသီးသီးထည့်ဝင်သော ရန်ကုန်စတော့အိတ်ချိန်းလုပ်ငန်းကုမ္ပဏီကို ပြန်လည်ဖက်စပ်ဖွဲ့စည်းခဲ့သည်။

ဂျပန်အိတ်ချိန်းဂရုဖ်ကဲ့သို့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် စတော့အိတ်ချိန်းလုပ်ငန်းများ တိုက်ရိုက်လက်တွေ့လုပ်ကိုင်သူများကို ဖိတ်ခေါ်၍ ပါဝင်လုပ်ကိုင်စေခြင်းနှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ဂျပန်မှ တိုကျိုစတော့အိတ်ချိန်း၊ တောင်ကိုရီးယားမှ KKX တို့ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ်ဆောင်ရွက်မှုသာ တိုးတက်လာခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်တွင် ငွေကြေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး

ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၅)ဖြင့် လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက် လိုင်စင်လျှောက်ထားရန် နောက်ဆုံးတင်ရမည့်ရက်ကို ၂၇-၂-၂၀၁၅ ရက် အဖြစ် သတ်မှတ်ခဲ့သည်။

လိုင်စင် လေးမျိုးတွင်-

(၁) တာဝန်ခံ၍တစ်ဆင့် ဖြန့်ချိရောင်းချခြင်း လုပ်ငန်းလိုင်စင်အတွက် ကျပ် ၁၅ ဘီလီယံ၊

(၂) ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင် အတွက် ကျပ် ၁၀ ဘီလီယံ၊

(၃) အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ် လုပ်ငန်းလိုင်စင်အတွက် ကျပ် ၇ ဘီလီယံ၊

(၄) အကြံဉာဏ်ပေးခြင်းလိုင်စင်အတွက် ကျပ် ၀ ဒသမ ၀၃ ဘီလီယံ အသီးသီးမတည်ငွေရင်း အဖြစ် ထည့်သွင်းရန် သတ်မှတ်ခဲ့သည်။ လျှောက်ထားသူများအနက် တာဝန်ခံလုပ်ငန်းအတွက် ၂၀ ဦး၊ အကြံဉာဏ်ပေးခြင်းအတွက် ၃၀ ဦးနှင့် ရောင်းဝယ်ခြင်းနှင့် ကိုယ်စားလှယ်လုပ်ငန်းများအတွက် ခုနစ်ဦးတို့ကို အတည်ပြုပေးခဲ့သည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် လိုင်စင်လျှောက်ထားသူများ အတွက် သတ်မှတ်ချက်ကို ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ကြေညာချက်တွင် လျှောက်ထားသူသည် ကုမ္ပဏီ၏အမည် ရှေ့၌ ငွေချေးသက်သေခံလက်မှတ် "Security" ဟူသော စကားရပ်ပါရှိရမည်ဟု အတိအလင်းဖော်ပြထားသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံသို့ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနှင့် စတော့အိတ်ချိန်းလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ပေးမည့် နိုင်ငံခြားကုမ္ပဏီများ ဖြစ်ပါက ကုမ္ပဏီအမည်နှင့် ဆက်တွဲလျက် "Security" သို့မဟုတ် "Stock Exchange" ဟုပါရှိရမည် ဖြစ်သည်။

စာစောပိုင်းက ဤသို့ ငွေချေးသက်သေခံ လက်မှတ်လဲလှယ်ရောင်းဝယ်ရေးကို ဇောက်ချလုပ်ကိုင်နေသည့် "Security" သို့မဟုတ် "Stock Exchange" ဟူသော စကားရပ်မပါဝင်သည့် နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မိခဲ့သဖြင့် ဤသို့နှောင့်နှေးကြန့်ကြာမှု ဖြစ်ခဲ့ရသည်။

ဤသင်ခန်းစာအရ မြန်မာနိုင်ငံသို့ နိုင်ငံခြားမှ ငွေကြေးဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ကိုင်လိုသည်ဆိုပါက "Security" ဟူသောစကားရပ် ကုမ္ပဏီ အမည်နှင့်တွဲ၍ ပါ မပါ စိစစ်ရန်လိုသည်။

ဥပမာ လက်ရှိမြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖွင့်လှစ်ထားသော နိုင်ငံခြားကုမ္ပဏီများကို ကြည့်ရန်လိုသည်။ ထိုကုမ္ပဏီများသည် မြန်မာနိုင်ငံမှ ပြည်တွင်းကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်သူလည်း ရှိသည်။ Bagan Investment Co.,ltd ဆိုလျှင် နိုင်ငံခြားကုမ္ပဏီက ၉၆ ရာခိုင်နှုန်းနှင့် ပြည်တွင်းက ၄ ရာခိုင်နှုန်းဖြင့် ဖက်စပ်လုပ်ကိုင်ခြင်းဖြစ်သည်။ နိုင်ငံခြားကုမ္ပဏီသည် ဂျပန်နိုင်ငံမှ ibis Capital Partners ဖြစ်သည်။ သူ၏ Partners အစုစပ်ကုမ္ပဏီမှာ KAGAWA Securities Co.,ltd (Takamatsu, Japan) ဖြစ်၍ ဂျပန်နိုင်ငံတွင် ငွေချေးသက်သေခံလက်မှတ်နှင့် စတော့အိတ်ချိန်း လုပ်ငန်းကိုနှစ်ပေါင်းများစွာ ဆောင်ရွက်နေသည့် ကုမ္ပဏီဖြစ်သည်။ ဤသို့သော ငွေကြေးဈေးကွက်တွင် ကျွမ်းကျင်စွာလုပ်ကိုင်နေသည့် ကုမ္ပဏီများကိုလည်း အဆင်ပြေစွာ လုပ်ကိုင်နိုင်အောင် လုပ်ထုံးလုပ်နည်းများ လိုအပ်သလိုပြုပြင်ရန် လိုမည်ဖြစ်သည်။

စတော့အိတ်ချိန်းဒိုင်ဟု စီးပွားရေးဝေါဟာရနှင့် အမည်ပေးသင့်သော "Stock Exchange" ရောင်းဝယ်၊ ဖလှယ်၊ ချေးငှားခြင်းနှင့် လက်ပြောင်းလက်လွှဲပြုလုပ်ရန် အပေးအယူလုပ်ခြင်းကို တစ်နေရာတည်း၌ စုစည်းဆောင်ရွက်ပေးသည့် ငွေကြေးဒိုင်တစ်ခုကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် မြန်မာနိုင်ငံသမိုင်းတစ်လျှောက် ပထမဆုံးဖွင့်လှစ်ခဲ့သည်။

**အောင်ချိန်ဘွား**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးဆောင်ရွက်ချက်များ

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့တွင် လက်မှတ်ရေးထိုးရန် ဆန္ဒပြုခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရေးဆွေးနွေးပွဲများကို မဖြစ်မနေပြုလုပ်ရန် ကတိကဝတ်ပြုသည့် အခမ်းအနားကိုသာ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပနိုင်ခဲ့သည်။ ယင်းတွင် လက်မှတ်ရေးထိုးသူများသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို မူတည်၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်၊ တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ရန်၊ နိုင်ငံရေးဆွေးနွေးပွဲများ အလျင်အမြန် ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် အမြန်ဆုံးရေးဆွဲခြင်းနှင့် ယင်းမူဘောင်နှင့်အညီ ပဏာမနိုင်ငံရေးဆွေးနွေးပွဲကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲမတိုင်မီ ကျင်းပနိုင်ရေးဆောင်ရွက်ရန်နှင့် ငြိမ်းချမ်းရေးကို ထိခိုက်စေမည့် ပစ်ခတ်တိုက်ခိုက်မှုများမဖြစ်စေရန် နှစ်ဖက်တပ်များ ထိတွေ့မှုကို ရှောင်ရှားနိုင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေမည့် အရေးယူဆောင်ရွက်ခြင်းများ မပြုလုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ဟူသည့် ကတိပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ပြုကြသည်။

ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကတိပြုချက်များကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီး ၁၄ ဦး၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့အပါအဝင် လွှတ်တော်ကိုယ်စားပြု ငါးဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကိုယ်စားပြုသုံးဦး၊ တိုင်းရင်းသားရေးရာဝန်ကြီး ၂၉ ဦးနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၅၅ ဦး၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA-PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) တို့က လက်မှတ်ရေးထိုးခဲ့ကြပြီး ကျန်အဖွဲ့များအနေဖြင့် ကတိပြုချက်ပါအချက်အလက်များကို လက်ခံသော်လည်း မိမိအဖွဲ့အစည်းအတွင်း ပြန်လည်ဆွေးနွေးအတည်ပြုပြီးမှသာ လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်ရန် ရောက်ရှိနေသော ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့်အဖွဲ့ကို ဖေဖော်ဝါရီလ ၁၀ ရက်တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်စဉ်များ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးခင်ရီ၊ ဦးသန်းဌေး၊ ဦးရဲထွဋ်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌဦးသိန်းဇော်၊ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာမှ ဦးတင်မောင်သန်းနှင့် ဦးလှမောင်ရွှေတို့ တက်ရောက်ကြပြီး ကေအင်န်ယူ ဥက္ကဋ္ဌနှင့်အတူ ပဒိုစောကွယ်ထူးဝင်း၊ စောအိုက်ဇက်၊ စောထူးထူးလေး၊ စောတာမူလာ၊ ငြိမ်းချမ်းရေးကောင်စီမှ စောရင်နုနှင့် စောမောင်မောင်၊ တိုင်းရင်းသားအဖွဲ့များ၏ အကြံပေးပညာရှင် ဦးဟန်ယောင်ဝေတို့ တက်ရောက်ကြသည်။

ဖေဖော်ဝါရီလ ၁၃ ရက်တွင် လွှတ်တော်နှစ်ရပ်မှ ဥက္ကဋ္ဌများဖြစ်သည့် သူရဦးရွှေမန်းနှင့် ဦးခင်အောင်မြင့်

တို့သည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) ဥက္ကဋ္ဌ ဦးယွက်စစ်၊ 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်အထူးဒေသ-၂ (UWSA) ဗဟိုကော်မတီဝင် ဦးအောင်မြင့်၊ ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA) နာယက ဦးဆေထင်၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (NDAA) မှ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ အထူးဒေသ-၄ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေး အမြဲတမ်းကော်မတီဝင် ဦးခမ်းမောင်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်ဟံသာဗုန်ဆိုင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်း၊ ချင်းအမျိုးသားတပ်ဦး (CNF) တွဲဖက်အထွေထွေအတွင်းရေးမှူး-၂ ဒေါက်တာရွှေခါး၏ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်မြင့်ထွန်းနှင့် နာယက ခွန်ဥက္ကာ၊ ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ (APL) ဗဟိုကော်မတီဝင် ဒေါ်စောမြရာဇာလင်းနှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (ကပ္ပလန်) (NSCN-K) ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဦးကျော်ဝမ်းစိန်တို့နှင့် တွေ့ဆုံဆွေးနွေးရာ တိုင်းရင်းသားကိုယ်စားလှယ်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် အကြံပြုဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၁၃ ရက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို နေပြည်တော်ရှိ ဘုရင့်နောင်ဧည့်ခန်းဆောင်သဘင်ခန်းမ၌ တွေ့ဆုံဆွေးနွေးရာ "ငြိမ်းချမ်းရေးဆက်လက်ဆောင်ရွက်ရန် လက်မှတ်ရေးထိုးခဲ့သောအဖွဲ့များကို ကျေးဇူးတင်ရှိကြောင်း၊ ကျန်ရှိသောအဖွဲ့များကိုလည်း တိုင်းပြည်နှင့် ပြည်သူအကျိုးရှေးရှု၍ စဉ်းစားဆောင်ရွက်ရန် တိုက်တွန်းကြောင်း၊ တပ်မတော်က နိုင်ငံနှင့် ပြည်သူကို ပေးထားသည့်ကတိများကို လုံးဝချိုးဖောက်မည်မဟုတ်ကြောင်း၊ တပ်မတော်အနေဖြင့် အသိအမှတ်ပြုထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ဌာနချုပ်များနှင့် စခန်းများကို တိုက်ခိုက်မှုလုံးဝမရှိကြောင်း၊ ကိုးကန့်တိမ်းရှောင်အဖွဲ့များနှင့် တိုက်ပွဲဖြစ်စဉ်တွင် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပါဝင်ပတ်သက်မှုများ အထောက်အထားနှင့် ရှိနေကြောင်း၊ ယင်းအတွက်တာဝန်ယူရမည်ကို ပြောကြားလိုကြောင်းနှင့် နယ်နိမိတ် အတိအကျ သတ်မှတ်ထားရှိပြီးဖြစ်သည့် မြန်မာနိုင်ငံအတွင်းစုစည်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်ရေးကို လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း" ပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့၏ ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်း၊ ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးခင်ရီ၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ကချင်လွတ်မြောက်ရေးအဖွဲ့မှ ဒေါက်တာလဂျာအပါအဝင် ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်၊ ဦးအက်စ်ဂွမ်မော်၊ ဦးလဖိုင်လ၊ ဦးခွန်နောင်၊ ဦးဇော်တောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက "အခြေအနေကောင်းတစ်ခုကို ရရှိစေရန်ကြိုးစားရာတွင် များစွာခက်ခဲသော်လည်း ပျက်ပြယ်သွားရန်မှာ လွယ်ကူကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပျက်ပြားသွားပါက ပြည်သူများသာ ဦးစွာဒုက္ခရောက်ကြောင်း၊ ယခုခေတ်တွင် ကိုင်တွယ်အသုံးပြုကြသည့်လက်နက်များမှာ လူမျိုးဘာသာနေရာအချိန်မရွေးဒုက္ခပေးနိုင်သည့် လက်နက်များဖြစ်ကြောင်း၊ မှားသည်မှန်သည်မှာ ငြင်းဆိုဖွယ်ရာဖြစ်သော်လည်း ဒုက္ခရောက်ကြရသူများမှာ ပြည်သူများသာဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးရာတွင်

စိတ်ရှည်သည်းခံ၍ ရေရှည်ကို မျှော်ကိုးပြီး ဆောင်ရွက်စေလိုကြောင်း" ဆွေးနွေးပြောကြားသည်။

ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာက "မိမိတို့အဖွဲ့သည် ကေအိုင်အိုဗဟိုအဖွဲ့၏ တာဝန်ပေးချက်အရ နေပြည်တော်သို့ ရလဒ်ကောင်းများအတွက် လက်တွေ့ဖော်ဆောင်နိုင်ရန် ပထမဆုံးအကြိမ်လာရောက်ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စေရန် မိမိတို့အဖွဲ့၏ သဘောထားရပ်တည်မှုကိုလည်း ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုနေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများကို မည်သူကမျှမလိုလားကြောင်း၊ ယင်းကိုသင်ခန်းစာယူပြီး ပဋိပက္ခများမဖြစ်စေရန် မည်သို့ကာကွယ်သွားပြီး၊ ဖြစ်ပြီးသားကိစ္စများကို မည်သို့ကုစားသွားရမည်တို့ကို ဆွေးနွေးရန်လာရောက်ခြင်းဖြစ်ကြောင်း၊ စစ်ရေးကိစ္စများကို ဖြေရှင်းရာတွင် ယုံကြည်မှုကို ပိုမိုခိုင်မာစေရန်တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သတ္တမအကြိမ် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲတွင် ပြည်သူများလိုလားသည့် ငြိမ်းချမ်းရေးလုပ်ငန်းများကို အချိုးအကွေ့ဖြစ်စေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ ကေအိုင်အိုအထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာနှင့်အဖွဲ့ကို မတ်လ ၁၆ ရက်က နေပြည်တော်၌ လက်ခံတွေ့ဆုံကာ "ကချင်ပြည်နယ်သည် ပစ်ခတ်မှုများ ၁၇ နှစ်လုံးလုံးရပ်စဲပြီး ငြိမ်းချမ်းခဲ့သည့် ပြည်နယ်ဖြစ်ကြောင်း၊ ကချင်ပြည်သူများ၏ ငြိမ်းချမ်းခဲ့သောဘဝနှင့် ယခုမငြိမ်းချမ်းသောဘဝတို့ကို နှိုင်းယှဉ်ကြည့်လျှင် အကောင်းအဆိုးကို ခွဲခြားနိုင်ကြောင်း၊ ပြည်သူများ၏ ခါးသီးသောဘဝကို စာနာထောက်ထားရမည်ဖြစ်ကြောင်း၊ မိမိတို့ငြိမ်းချမ်းရေးဆောင်ရွက်သည်ဆိုသည်မှာ ပြည်သူများ၏ဆန္ဒကို အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရန်၊ မရရန် စွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များသည် နှစ်ဖက်အဖွဲ့အစည်းများမှ (Key Player) များဖြစ်ကြောင်း၊ ပြည်သူဒုက္ခရောက်စေပြီး တိုင်းပြည်နစ်နာစေမည့် တိုက်ပွဲများကို ဆက်ပြီးတိုက်ကြဦးမည်၊ သို့တည်းမဟုတ် ယခုကဲ့သို့ ငြိမ်းချမ်းသည့်နည်းဖြင့် အဖြေရှာကြမည်ဆိုသည်ကို စဉ်းစားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အားလုံးသည် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း မွေးဖွားကြီးပြင်းကြသူများဖြစ်ကြောင်း၊ မတူကွဲပြားမှုတချို့ရှိသော်လည်း ဤတိုင်းပြည်သည် အားလုံးပိုင်သည့် တိုင်းပြည်ဖြစ်ကြောင်း၊ ပြည်သူများသည် ညီအစ်ကိုမောင်နှမများဖြစ်ကြောင်း၊ မိမိတို့ကြောင့် ပြည်သူများဒုက္ခရောက်ရသည့် အဖြစ်မျိုးမဖြစ်စေဘဲ တိုင်းပြည်ဖွံ့ဖြိုးရေးလမ်းကြောင်းကို တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်ကာ ကမ္ဘာ့အလယ်တွင် တင့်တယ်သည့်နိုင်ငံဖြစ်သည်ဟူသည့် သမိုင်းမှတ်တမ်းကို ချန်ထားနိုင်ခဲ့ရန် မိမိအနေဖြင့် အလေးအနက်တိုက်တွန်းကြောင်း" ပြောကြားခဲ့သည်။

ထို့နောက် ဒေါက်တာလဂျာက "ကေအိုင်အိုအနေဖြင့် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရန်လိုလားပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ကျင်းပခဲ့သည့်အမျိုးသားညီလာခံတွင်လည်း တက်ရောက်ခဲ့ကြောင်း၊ ၁၉၉၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ၁၇ နှစ်ကြာကာလအတွင်း စစ်ရေးပဋိပက္ခများ မရှိခဲ့ကြောင်း၊ ပဋိပက္ခများသည် ကောင်းကျိုးမပေးဆိုသည်မှာလည်း အရှိတရားပင်ဖြစ်ကြောင်း၊ သမ္မတကြီး၏ ငြိမ်းချမ်းရေးဖိတ်ခေါ်သည့် မိန့်ခွန်းများကိုလည်း စောင့်ကြည့်မှတ်သားပြီး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထာဝရတည်တံ့ခိုင်မြဲမည့်ငြိမ်းချမ်းရေး ရရှိရေးအတွက် ယုံကြည်မှုနှင့် အခြေခံကောင်းများ တည်ဆောက်ပြီး အောင်မြင်သည်အထိ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားကာ ကေအိုင်အိုဥက္ကဋ္ဌ၏ပေးစာကို သမ္မတကြီးထံပေးအပ်သည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်း၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဦးသိန်းဇော်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်

အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာ အပါအဝင် ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်၊ ဒုတိယစစ်ဦးစီးချုပ်ဗိုလ်ချုပ်အက်စ်ဂွမ်မော်၊ ဗိုလ်မှူးကြီးလဖိုင်လ၊ ဗိုလ်မှူးကြီးခွန်နောင်၊ ဗိုလ်မှူးကြီး ဇော်တောင်၊ ဒုတိယဗိုလ်မှူးကြီးဆင်ဝါးနှင့် ဒုတိယဗိုလ်မှူးကြီးလအောင်တို့ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) မှ ဒေါက်တာလဂျာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ တွေ့ဆုံခဲ့ရာ "ကေအိုင်အို၏ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် သဘောထားကို သိရ၍ဝမ်းမြောက်ပါကြောင်း၊ KIO/KIA ၏ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များ ပွင့်လင်းစွာတင်ပြခြင်းအတွက် ဝမ်းသာကြောင်း၊ ယနေ့နိုင်ငံတော်သည် ပြည်သူလူထု အုပ်ချုပ်မှုစနစ်ဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေကြောင်း၊ သွားနေသည့်လမ်းကြောင်း တူသော်လည်း လက်ဝဲလက်ယာစသဖြင့် ပါတီအဖွဲ့အစည်းများတစ်ခုနှင့်တစ်ခု မူဝါဒကွဲပြားမှုရှိနိုင်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာစွာပါဝင်လုပ်ဆောင်နေကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝိုင်းဝန်းဆောင်ရွက်ရာတွင် ရည်ရွယ်ချက်မှန်ဖို့လိုကြောင်း၊ သဘောထားမှန်နှင့် လုပ်ဆောင်မှုများကို ကြိုဆိုကြောင်း၊ တပ်မတော်အနေဖြင့် ပဋိပက္ခများတွင် လက်နက်ကိုင်ဖြေရှင်းမှုကို မလိုလားဆုံးဖြစ်ကြောင်း၊ တိုက်ပွဲများကြောင့် တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများအတွက် မြန်မာတိုင်းရင်းသားများသာ ဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုမှာလည်း နစ်နာဆုံးရှုံးရကြောင်း၊ တပ်မတော်နှင့်လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် လျော့သွားသောအင်အားကိုပြန်လည်စုဆောင်းဖြည့်တင်းနိုင်သော်လည်း ပြည်သူလူထု၏ သားသမီးများဆုံးရှုံးပါက ပြန်ဖြည့်၍မရသဖြင့် ဆုံးရှုံးမှုကြီးမားသောကြောင့် နက်နဲစွာထည့်သွင်းစဉ်းစားပါကြောင်း၊ တပ်မတော်၏ငြိမ်းချမ်းရေးမှုများကို ဖြစ်နိုင်သလောက် အပြုသဘောဆောင်ပြီး ဆောင်ရွက်စေလိုကြောင်း၊ တပ်မတော်အပိုင်းတွင် စစ်စည်းကမ်းကောင်းမွန်ခြင်းနှင့် အမိန့်နာခံခြင်းကို အခြေခံပြီး တစ်သွေးတစ်သံတစ်စိတ်တည်းဖြင့် ညီအစ်ကိုစိတ်ဓာတ်ဖြင့် ဆောင်ရွက်နေကြောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့်လည်း အောက်ခြေအဆင့်အထိနားလည်လိုက်ပါလုပ်ဆောင်စေခြင်းဖြင့်သံသယများကို လျော့နည်းပပျောက်စေနိုင်ကြောင်းနှင့်ထာဝရငြိမ်းချမ်းရေးရရှိရန်အမှန်တကယ်လိုလားကြောင်း" ပြောကြားခဲ့ပြီး ဦးအက်စ်ဂွမ်မော်က "NCA လက်မှတ်ရေးထိုးမှုသည် နောင်တစ်ချိန် တိုက်ပွဲများအတွက် ပြင်ဆင်ခြင်းမဖြစ်စေလိုဘဲ နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးတို့တွင် လက်တွေ့ကျကျ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ဆွေးနွေးသည်။

ယင်းသို့ ကေအိုင်အိုအဖွဲ့ကိုယ်စားလှယ်များနှင့် နိုင်ငံတော်အစိုးရအဖွဲ့တို့တွေ့ဆုံဆွေးနွေးပြီးနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (Union Peace Working Committee-UPWC) နှင့် နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (Nation-wide Cease-fire Co-ordination Team-NCCT) တို့၏ သတ္တမအကြိမ် တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nation-wide Cease-fire Agreement-NCA) (မူကြမ်း) ဆွေးနွေးပွဲပထမနေ့အဖြစ် မတ်လ ၁၇ ရက်မှ ဆဋ္ဌမနေ့ မတ်လ ၂၂ ရက်အထိ ကျင်းပခဲ့ပြီး သတ္တမနေ့ဆွေးနွေးပွဲကို မတ်လ ၃၀ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာ၌ အပြီးသတ်ဆွေးနွေးသည်။

သတ္တမအကြိမ်ဆွေးနွေးပွဲ ခြောက်ရက်တာကာလတွင်း ပထမနေ့တွင် ပဋိပက္ခလျှော့ချရေးခေါင်းစဉ်များကိုလည်းကောင်း၊ ဒုတိယနေ့တွင် နှစ်ဖက်တပ်များလိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများနှင့် ယင်းစည်းမျဉ်းစည်းကမ်းများကို ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဖွဲ့စည်းရေးတို့ကိုလည်းကောင်း၊ တတိယနေ့တွင် အခန်း ၅ ကို



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် NCA စာချုပ် (မူကြမ်း)၌ လက်မှတ်ရေးထိုးစဉ်**

ဆွေးနွေးခဲ့ပြီး ပဋိပက္ခလျှော့ချရေးနှင့် NCA တွင် ပါဝင်သော တပ်ပိုင်းဆိုင်ရာကိစ္စရပ် သဘောတူညီမှု များကိုလည်းကောင်း၊ စတုတ္ထနေ့တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (မူကြမ်း) တွင် ပါဝင်သည့် ကျန်ရှိနေသောအခန်းများ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ချုပ်ဆိုပြီးပါက စာချုပ်ကို ပူးတွဲ အကောင်အထည်ဖော်ရန်အတွက် ဆက်လက် လုပ်ဆောင်ရမည့်ကိစ္စများ၊ ဖွဲ့စည်းမှုပုံစံနှင့် လမ်းပြ မြေပုံကိစ္စများကိုလည်းကောင်း၊ ပဉ္စမနေ့တွင် လမ်းပြ မြေပုံနှင့် အခန်း ၅ တွင် ကျန်ရှိသည့် အချက်ငယ် နှစ်ချက်နှင့် အခန်း ၆၊ အခန်း ၇ တို့ကိုလည်းကောင်း ဆွေးနွေးပြီး ဆဋ္ဌမနေ့တွင် အခန်းခုနစ်ခန်းလုံးကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။ တွေ့ဆုံဆွေးနွေး ပွဲတွင် RCSS/SSA၊ ABSDF၊ နာဂနှင့် မိုင်းလား တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များမှ လေ့လာ သူများအဖြစ် တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲ သတ္တမနေ့တွင် NCA စာချုပ် နောက်ဆုံး မူကြမ်းတွင်ပါဝင်သည့် အခန်း ၇၊ အပိုဒ် ၃၃ ပိုဒ်နှင့် အပိုဒ်ငယ် ၈၆ ခုတို့ကို နှစ်ဖက်သဘောတူခဲ့ကြသည်။

မတ်လ ၃၁ ရက်တွင်မူ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့တို့၏ တစ်နိုင်ငံလုံး ဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲ ပြီးကြောင်း အတည်ပြုချက်လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ရန်ကုန်မြို့ရှိ မြန်မာ့ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးစင်တာ၌ ကျင်းပသည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်ခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ (UPCC) ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့မှ အဖွဲ့ဝင်များကို နှုတ်ဆက်ကာ “ယခု သဘောတူညီချက်သည် NCA လက်မှတ်ရေးထိုး နိုင်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်ကြောင်း၊ ဧပြီလအတွင်း NCA လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက် နိုင်တော့မည်ဖြစ်ကြောင်း၊ ယင်းလက်မှတ်ရေးထိုးပြီးသည်နှင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် တံခါးပွင့်ပြီဖြစ်ကြောင်း၊ ကြားကာလအတွင်း ကြုံတွေ့ရမည့်အခက်အခဲနှင့် ပြဿနာများကို နှစ်ဖက်ညှိနှိုင်း ကျော်လွှားသွားရမည် ဖြစ်ကြောင်း၊ မိမိတို့အားလုံးသည် မြန်မာ့ငြိမ်းချမ်းရေး သမိုင်းကို ဖန်တီးဖော်ဆောင်သူများဖြစ်သည့်အပြင် တည်ဆောက်ပေးသူများအဖြစ်လည်း မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ကျန်ရှိမည့်သူများ ဖြစ်ကြောင်း၊ ယခု ဆောင်ရွက်ချက်များသည် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် အောင်မြင်မှု၊ တစ်နည်းအားဖြင့် “ဒုတိယပင်လုံ၏ အောင်ပွဲ” အဖြစ် ပြောစမှတ်ပြုကြမည်ဖြစ်ကြောင်း” ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ရှေ့မှောက်၌ NCA မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစု ရေးဆွဲပြီးစီးကြောင်းအတည်ပြုချက်ကို ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ

ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးအောင်မင်းနှင့်ဦးသိန်းဇော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်တို့နှင့် တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေး အဖွဲ့မှ နိုင်ဟံသာ၊ ပဒိုစောကွယ်ထူးဝင်း၊ အက်စ်ဝွမ်မော်၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် PNLO နာယကခွန်ဥက္ကာတို့က လက်မှတ်ရေးထိုးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် နိုင်ဟံသာတို့က အပြန်အလှန်လဲလှယ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲကျင်းပခဲ့ရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌဦးအောင်မင်းနှင့် နိုင်ငံလုံး ဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင်နိုင်ဟံသာတို့က အဖွင့်အမှာစကား ပြောကြားသည်။ UPWC ၏ ဒုတိယဥက္ကဋ္ဌ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က အချက် ငါးချက်ပါ နှစ်ဖက်ပူးတွဲထုတ်ပြန်ချက်ကို ကြေညာခဲ့ပြီး NCCT အဖွဲ့ ဒုတိယခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းက နှစ်ဖက်အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ပဋိပက္ခ လျှော့ချရေးဆိုင်ရာအချက်နှစ်ချက်ပါသဘောထား ထုတ်ပြန်ချက်ကို ဖတ်ကြားခဲ့သည်။ ထို့နောက် သတင်း မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြား ခဲ့သည်။

ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုင်ရာဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ မေလ ၉ ရက်က ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသည်။ ယင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသော ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးဝင်းထွန်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ၂၀ ဦး၊ နိုင်ငံရေး ပါတီ ၆၄ ပါတီမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ခုနစ်ဖွဲ့မှ ခေါင်းဆောင် ၂၉ ဦး၊ လေ့လာသူ ၃၀ ဦး စုစုပေါင်း ၁၅၂ ဦး တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ RCSS/SSA မှ စိုင်းခွန်ဆိုင်၊ တိုင်းရင်းသားနိုင်ငံရေးပါတီကိုယ်စားလှယ်အဖြစ် ဦးစိုင်းအိုက်ပေါင်း၊ ပြည်မပါတီမှ ကိုယ်စားလှယ်အဖြစ် ဦးခင်မောင်ဆွေ၊ တိုင်းရင်းသားရေးရာဝန်ကြီး ကိုယ်စားလှယ်အဖြစ် ဒူဝါဇုတ်ဒေါင်တို့က သဘာပတိ အဖြစ် ဆောင်ရွက်ကြကာ ကရင်အမျိုးသား အစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးက အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကိစ္စရပ်များကို ဆွေးနွေးခြင်း၊ ဆွေးနွေးထားသည့် ကိစ္စရပ်များကို ပြန်လည်သုံးသပ် ခြင်းများ ဆောင်ရွက်ပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။ ဆွေးနွေးပွဲအပြီးတွင် အချက်ခြောက်ချက်ပါ ထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ သည်။ ယင်းထုတ်ပြန်ချက်၌ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဦးဆောင် လက်မှတ်ရေးထိုးထုတ်ပြန်ထားသော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကတိကဝတ်ပြုခြင်း (Deed of Commitment) သည် NCA ကို လွှမ်းမိုးရန်သော် လည်းကောင်း၊ ဥပေက္ခာပြုရန်သော်လည်းကောင်း၊ အားပျော့ပျက်ပြယ်စေရန်သော်လည်းကောင်း ရည်ရွယ်လုပ်ဆောင်ခြင်းမဟုတ်ကြောင်းနှင့် NCA ကို ဖြည့်ဆည်းပြည့်စုံစေခြင်းတို့သည် အပြန်အလှန်ဖြည့်ဆည်း ပြည့်စုံစေခြင်းသာဖြစ်သည်ကို အသိအမှတ်ပြုကြကြောင်း၊ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့် အရေးများကို အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်မှသာလျှင် ငြိမ်းချမ်းရေးနှင့်အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အကောင်အထည်ဖော်နိုင်မည်ဟု ဆွေးနွေးပွဲတက်ရောက် သူများက သဘောတူကြကြောင်း၊ နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုများကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲ မစခင် အမြန်ဆုံးစတင် ကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲ အလွန်တွင်လည်း ဆက်လက်ကျင်းပနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် တက်ရောက်သူအားလုံး သဘောတူကြကြောင်းနှင့် Deed of Commitment တွင်

ပါရှိသည့် ကတိကဝတ်များကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်နိုင်ရန် အဖွဲ့အစည်းစုံမှ ပါဝင်သော "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာညှိနှိုင်းအဖွဲ့ (Coordination Team For Peace and National Reconciliation)" ကို ဖွဲ့စည်းရန် အစည်းအဝေးတက်ရောက်သူအားလုံးက မူအားဖြင့် သဘောတူကြောင်းစသဖြင့် ပါရှိသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မေလ ၈ ရက် တွင် 'ဝ' အထူးဒေသ-၂ မှ ဦးပေါက်ယူရီ ဦးဆောင်သည့် အဖွဲ့ကိုလည်းကောင်း၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) ဥက္ကဋ္ဌဦးယွက်စစ်ဦးဆောင်သောအဖွဲ့ကိုလည်းကောင်း၊ မိုင်းလားအထူးဒေသ-၄ ဥက္ကဋ္ဌ ဦးစိုင်းလင်းဦးဆောင်သောအဖွဲ့ကိုလည်းကောင်း ကျိုင်းတုံမြို့ရွှေတြိဂံရိပ်သာ၌ သီးခြားစီတွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (Senior Delegation-SD) တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစာချုပ် (NCA) အချောသပ်နိုင်ရေး (၈) ကြိမ်မြောက်အစည်းအဝေးကို ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်မှ ၂၄ ရက်အထိ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာ (Myanmar Peace Centre-MPC) ၌ ကျင်းပသည်။

အစည်းအဝေးပထမနေ့တွင် UPWC ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက "(၈) ကြိမ်မြောက်အစည်းအဝေးတွင် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ရှေ့ဆက်သွားနိုင်ရေး (Process) တစ်ခုဖြစ်လာရန် ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ကြောင်း၊ လော်ခီးလာတိုင်းရင်းသားများညီလာခံက ထွက်ပေါ်လာသည့် ပြင်ဆင်ရန်အချက်များနှင့် တိုင်းရင်းသားတို့၏ စိုးရိမ်မှုများကို နားလည်ပါကြောင်း၊ NCA ကို လက်မှတ်ရေးထိုးနိုင်ရန် ဝိုင်းဝန်းကြိုးစားကြရန် ဆန္ဒပြုပါကြောင်း"နှင့် SD အဖွဲ့ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်က "မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည်ထူထောင်ရေးကြိုးပမ်းရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း" ပြောကြားခဲ့ပြီး UPWC ဒုတိယဥက္ကဋ္ဌ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ SD ၏ ဒုတိယအဖွဲ့ခေါင်းဆောင်(၁) ဒေါက်တာလဂျာ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းတို့က ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

အစည်းအဝေးတွင် လော်ခီးလာညီလာခံမှ အဆိုတင်သွင်းသည့်အချက် (၁၃) ချက်အနက် (၆) ချက်ကို စတင်ဆွေးနွေးပြီး NCA တွင်ပါဝင်သော အချက်များကိစ္စဆွေးနွေးခြင်းနှင့် အသိသက်သေများ လက်မှတ်ရေးထိုးမည့်ကိစ္စ၊ စာချုပ်လက်မှတ်ရေးထိုးရာတွင် အားလုံးပါဝင်မည့်ကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး အချက် (၄) ချက်ကို သဘောတူညီခဲ့ကြသည်။ အစည်းအဝေးဒုတိယနေ့တွင် လော်ခီးလာညီလာခံမှ အဆိုတင်သွင်းသည့်အချက် (၁၃) ချက်အနက် ကျန်ရှိနေသည့် အချက် ၉ ချက်ကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတတိယနေ့တွင် NCA စာချုပ်လက်မှတ်ရေးထိုးရာ၌ ပါဝင်ရမည့် အသိသက်သေများနှင့် လက်မှတ်ရေးထိုးကြမည့်သူများ၊ ပါဝင်လက်မှတ်ရေးထိုးကြမည့် တိုင်းရင်းသားအဖွဲ့များစာရင်းကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆက်လက်ဆွေးနွေးကြပြီး မွန်လွဲပိုင်းတွင် UPWC ၏ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က အချက် (၄) ချက်ပါသည့် ပူးတွဲသတင်းထုတ်ပြန်ချက်ကို ဖတ်ကြားသည်။ ထို့နောက် UPWC ၏ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် SD ၏ အဖွဲ့ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်တို့က အစည်းအဝေးတွင် သဘောတူညီခဲ့သည့် အချက်များနှင့်ပတ်သက်၍ သုံးသပ်ပြောကြားခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် MPC ၏ အထူးအကြံပေးပုဂ္ဂိုလ်ဦးလှမောင်ရွှေ၊ SD ၏ ဒုတိယအဖွဲ့ခေါင်းဆောင်(၂) ပူးဇင်ကျုံးနှင့် SD အဖွဲ့ဝင် ပဒိုစောကွယ်ထူးဝင်းတို့က မီဒီယာများနှင့်တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဩဂုတ်လ ၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေးဇက ၅၀၀ စံပြစိုက်ခင်းအတွင်းရှိ အဆင့်မြင့်သစ်သီးဝလံအအေးခန်းနှင့် ထုပ်ပိုးစက်ရုံ၌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဦးအုန်းမြင့်၊ ဦးရဲထွန်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးနှင့် အဖွဲ့ဝင်များ၊ KNU/KNLA (ငြိမ်းချမ်းရေး ကောင်စီ)မှ စစ်ထောက်ချုပ်ဗိုလ်မှူးချုပ်စောရင်နုနှင့် အဖွဲ့ဝင်များ၊ DKBA မှ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်စောမိုးရှေးနှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ RCSS မှ ဗိုလ်မှူးကြီးစိုင်းလနှင့်အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးပြန်လည် ထူထောင်ရေးဗဟိုဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ရွေးကောက်ပွဲမတိုင်မီ NCA လက်မှတ်ရေးထိုးပွဲ ကျင်းပနိုင်ရေးဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာစာချုပ် (NCA) အချောသပ်နိုင်ရေး (၉) ကြိမ်မြောက်အစည်းအဝေးကို မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာတွင် ဩဂုတ်လ(၆)ရက် မွန်းလွဲ ၁ နာရီကကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက "NCA ကိုလုပ်ဆောင်ရာတွင် ငြိမ်းချမ်းရေးဖြစ်စဉ်ကို နောင်မည်သည့်အစိုးရတက်စေကာမူ ဆက်လက်လုပ်ဆောင်နိုင်မည့် အုတ်မြစ်တစ်ခုချနိုင်ရန်၊ အပစ်အခတ်ရပ်စဲရေးခိုင်ခံ့အောင်လုပ်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများစတင်နိုင်ရန်ဟူသည့်ရည်မှန်းချက်သုံးခုရှိကြောင်း၊ အစိုးရ၏အဓိကရည်မှန်းချက်သည် အဆိုပါရည်ရွယ်ချက်သုံးခုကို အကောင်အထည်ဖော်နိုင်ရန်ဖြစ်ကြောင်း၊ စာချုပ်မူချောဆောင်ရွက်နိုင်ပြီဆိုပါကနှစ်ဖက်စလုံး၏ ကြိုးပမ်းမှုများကို လူထုနှင့်နိုင်ငံတကာက အသိအမှတ်ပြုမည်ဖြစ်၍ လက်မှတ်ရေးထိုးနိုင်ရန် ဝိုင်းဝန်းကြိုးစားကြပါရန် ဆန္ဒပြုကြောင်း" နှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားသည်။

SD ၏ အဖွဲ့ ခေါင်းဆောင်ပဒိုနော်စီဖိုးရာစိန်က "မိမိတို့တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများက ယခုအချိန်သည်အလွန်အရေးကြီးသည့်အချိန်ဖြစ်ပြီး ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် အရေးကြီးသည်ဟု နားလည်ပါကြောင်း၊ အားလုံးပါဝင်မှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးကို အောင်မြင်စွာအကောင် အထည်ဖော်နိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့ပြီး UPWC ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က "ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုစနစ်ကို အကောင်အထည်ဖော်နိုင်ပါက နိုင်ငံရေးအာမခံချက်အတွက် စိုးရိမ်စရာမရှိပါကြောင်း၊ စာချုပ်အချောသပ် အတည်ပြုပြီးပါကလက်မှတ်ရေးထိုးကြမည့်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ သက်သေများနှင့် လက်မှတ်ရေးထိုးမည့် နေ့ရက်တို့ကိုဆက်လက်တွေ့ဆုံညှိနှိုင်းပါက လုပ်ငန်းစဉ်အားလုံးပြီးမြောက်နိုင်ပြီဟု ဆွေးနွေးလိုကြောင်း" ပြောကြားခဲ့သည်။ SD ၏ ဒုတိယအဖွဲ့ခေါင်းဆောင် (၁) ဒေါက်တာလဂျာက "NCA လက်မှတ်ရေးထိုးနိုင်ရေး၏ အကျိုးဆက်သည်ပြည်သူတစ်ရပ်လုံးအတွက် အေးချမ်းလုံခြုံစေသောအကျိုးရလဒ်များဖြစ်ထွန်းစေမည်ဖြစ်ကြောင်း"၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက "တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးအနေဖြင့် လက်မှတ်ရေးထိုးပါက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရန် နိုင်ငံတော်ကစီးပွားရေး၊ လူမှုရေးစသည့်ဆောင်ရွက်ပေးရမည့်အပိုင်းများကို နိုင်ငံတကာစံညွှန်းများအတိုင်း အာမခံချက်များဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စစ်ရေးအရအာမခံချက်များသည် သံသယဖြစ်စရာ မရှိကြောင်း"၊ SD ၏ဒုတိယအဖွဲ့ခေါင်းဆောင် (၂) ပူးဇင်ကျုံးက "SD အနေဖြင့် ဇူလိုင်လ ၂၆ ရက်မှ ၂၉ ရက်အထိ ပြုလုပ်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ ထိပ်သီးအစည်းအဝေးတွင် (၈) ကြိမ်မြောက် ဆွေးနွေးပွဲရလဒ်များကို တင်ပြဆွေးနွေးခဲ့ကြောင်း၊ အစိုးရ၊ လွှတ်တော်၊

တပ်မတော်ဘက်မှ SD ၏ တင်ပြချက်များကို သဘောထားကြီးစွာလက်ခံမည်ဆိုပါက လက်မှတ်ရေးထိုးနိုင်ရေးအတွက် တန်ဖိုးရှိသော ဆွေးနွေးပွဲဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း” ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးအောင်မင်း၊ ဦးသိန်းဇော်နှင့် အဖွဲ့ဝင် ၁၂ ဦး ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၏ အဖွဲ့ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်၊ ဒုတိယအဖွဲ့ခေါင်းဆောင် (၁) ဒေါက်တာလဂျာ၊ ဒုတိယအဖွဲ့ခေါင်းဆောင် (၂) ပူးဇင်ကျုံးနှင့် အဖွဲ့ဝင် ၁၄ ဦး၊ ကမ္ဘာ့ကုလသမဂ္ဂကိုယ်စားပြု မစ္စမာရီယမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးကိုယ်စားလှယ် မစ္စတာစန်ဂေါင်ဇင်းတို့က လေ့လာသူအဖြစ်တက်ရောက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်လေ့လာသည်။

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက် နံနက် ၉ နာရီတွင် ကိုးကြိမ်မြောက်အစည်းအဝေးဒုတိယနေ့ကို MPC ၌ ဆက်လက်ကျင်းပရာ နှစ်ဖက်ကိုယ်စားလှယ်များနှင့်အတူ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာနမ်ဘီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးကိုယ်စားလှယ် မစ္စတာစန်ဂေါင်ဇင်းနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီတို့က လေ့လာသူများအဖြစ် တက်ရောက်သည်။

အစည်းအဝေးတွင် UPWC ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက UPWC နှင့် SD တို့၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများကို တင်ပြပြီး “NCA စာချုပ်လက်မှတ်ရေးထိုးပွဲတွင် ပြန်လည်ဆုံတွေ့လက်မှတ်ရေးထိုးနိုင်ကြရေး ဆန္ဒပြုပါကြောင်း” အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။ ထို့နောက် SD အဖွဲ့ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်က “ယနေ့ဆွေးနွေးပြီးပါက NCA တစ်ခုလုံး အဆုံးသတ်နိုင်မည်ဖြစ်ကြောင်း” ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင်ပါရှိသည့် အချက်များအနက် ပါဝင်လက်မှတ်ရေးထိုးရမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကိစ္စမှအပ စာချုပ်ပါ အချက်အလက်အားလုံးကို ညှိနှိုင်းသဘောတူညီမှုရရှိပြီး UPWC နှင့် SD တို့က အချက်လေးချက်ပါ ပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

MPC မှ အထူးကြံပေး ဦးလှမောင်ရွှေ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့မှ ပူးဇင်ကျုံးနှင့် ဦးနိုင်ဟံသာတို့သည် ဩဂုတ်လ ၇ ရက် အစည်းအဝေးအပြီးတွင် ဆွေးနွေးပွဲရလဒ်များနှင့် ပတ်သက်၍ မီဒီယာများနှင့်တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲကျင်းပပြီး ပြည်တွင်း၊ ပြည်ပမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၈၂ ရက်မြောက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ UPWC ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၅ ဦးက အကြံပြုဆွေးနွေးကြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာလ ၉ ရက် နံနက် ၉ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှခေါင်းဆောင်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ

အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့တို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတက "အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရန် နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းသည် မှန်ကန်သည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွင်း NCA စာချုပ်ကို အားလုံးသဘောတူကြပြီဖြစ်ပါကြောင်း၊ ယင်းစာချုပ်အရ ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲမူဘောင်များကို ပြင်ဆင်ရမည်ဖြစ်ပြီး ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ စက်တင်ဘာလ မကုန်မီ လက်မှတ်ရေးထိုးနိုင်ရန် ယနေ့အစည်းအဝေးတွင် ညှိနှိုင်းနိုင်မည်ဟု မျှော်လင့်ကြောင်း၊ စိတ်ရှည်၊ သည်းခံ၊ ဖွဲ့ရှိပြီး ပြည်ထောင်စုအကျိုးအတွက် NCA ကို လက်မှတ်ရေးထိုးနိုင်ရန် မိမိအနေဖြင့် ခေါင်းဆောင်များကို ထပ်မံဖိတ်ခေါ်ပါကြောင်း" ပြောကြားသည်။

ထို့နောက် KNU ဥက္ကဋ္ဌ ဦးစောမူတူးစေးဖိုး၊ KIO ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လ၊ SSPP နာယကဦးဆေထင်၊ MMSP ဥက္ကဋ္ဌ ဦးနိုင်ထောမွန်နှင့် KNPP ဥက္ကဋ္ဌ ဦးခွန်အေဘယ်တွိဒ်တို့က ဆက်လက်ဆွေးနွေးကြပြီး NCA စာချုပ်တွင် အားလုံးပါဝင်ရေးနှင့် အောက်တိုဘာလ ပထမပတ်အတွင်း လက်မှတ်ရေးထိုးနိုင်ရေးညှိနှိုင်း ဆွေးနွေးကြသည်။

NCA လက်မှတ်ရေးထိုးပြီးနောက် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် အချိန်ကာလသတ်မှတ်မှုများနှင့်ပတ်သက်၍ ပြည်သူများသိရှိနိုင်ရန် MPC မှ တာဝန်ရှိသူများနှင့် မီဒီယာများ တွေ့ဆုံရှင်းလင်းခြင်းအခမ်းအနားကို စက်တင်ဘာလ ၁၁ ရက်က ရန်ကုန်မြို့ရှိ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာ၌ ကျင်းပပြုလုပ်ရာ MPC ၏ အထူးအကြံပေး ဦးလှမောင်ရွှေက "တွေ့ဆုံဆွေးနွေးခြင်းဖြင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အုတ်မြစ်ချပြီး နောင်အစိုးရလက်ထက် ဆက်လက်အကောင်အထည်ဖော်ရန် NCA စာချုပ်ကို ချုပ်ဆိုရခြင်းဖြစ်ကြောင်း"၊ ဒေါက်တာမင်းဇော်ဦးက "နှစ်ဖက်ကိုယ်စားလှယ်များပါဝင်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး (JICM) ကို နှစ်ဖက်ကိုယ်စားလှယ်များက ခေါ်ယူရမည်ဖြစ်ကြောင်း၊ NCA စာချုပ်တွင်ပါဝင်သည့်အခန်းများနှင့် ပတ်သက်၍အခန်း (၇) ခန်းနှင့် အပိုဒ် (၃၃) ပိုဒ် ပါဝင်ကြောင်း၊ စစ်ရေးဆိုင်ရာ (၅၅) ချက်၊ နိုင်ငံရေးဆိုင်ရာ (၃၅) ချက်နှင့် အခြား (၂၃) ချက် ပါဝင်ကြောင်း" နှင့် NCA လက်မှတ်ရေးထိုးပြီးပါက ရက်ပေါင်း (၉၀) အတွင်း လုပ်ဆောင်သည့် အစီအစဉ်များကို ဆက်လက်တင်ပြသည်။ ထို့နောက် ဒါရိုက်တာများဖြစ်သည့် ဒေါက်တာမင်းဇော်ဦး၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာဆလိုင်းငွန်ကျုံးလျန်၊ ဦးကျော်စိုးလှိုင်၊ ဦးတင်အောင်မိုးတို့တက်ရောက်ကာ သက်ဆိုင်ရာတာဝန်အလိုက် ရှင်းလင်းတင်ပြသည်။

NCA လက်မှတ်ရေးထိုးပြီးနောက် စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် အချိန်ကာလသတ်မှတ်မှုများကို မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာက အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို စက်တင်ဘာလ ၂၀ ရက် မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ရှိ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာ၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ MPC မှ အထူးအကြံပေးနှင့် ဒါရိုက်တာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) မှ ၃၀ ဦးခန့် တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရက်ပေါင်း (၉၀) အတွင်း နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရမည့်အခြေအနေများနှင့် CSO များဘက်က ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးအကောင်အထည်ဖော်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ပူးပေါင်းမှုအရေးပါပုံနှင့် ပတ်သက်၍တင်ပြသည်။

သမိုင်းဝင် NCA လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် နံနက် ၉ နာရီတွင်

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့မှ ခေါင်းဆောင်များ၊ ပြည်တွင်းပြည်ပအသိသက်သေများ လက်မှတ်ရေးထိုးကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က "နိုင်ငံတော်၏ ငြိမ်းချမ်းရေးအနာဂတ်အတွက် လမ်းသစ်တစ်ခုဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ လွတ်လပ်ရေး ရပြီးကတည်းက လက်နက်ကိုင်ပဋိပက္ခများ မြန်မာနိုင်ငံ တွင် ပေါ်ပေါက်ခဲ့ပြီး နှစ်ဖက်စလုံးမှ သောင်းနှင့်ချီသော တပ်သားများ အသက်ဆုံးရှုံးရကာ သိန်းနှင့်ချီသော ပြည်သူများ စစ်ဘေးစစ်ဒဏ်ခါးစည်းခံခဲ့ရကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းနှင့် မလုံလောက်ဘဲ ပြဿနာများကို အဖြေရှာနိုင်ရန် နိုင်ငံရေးဆွေးနွေးပွဲ များရှိဖို့လိုကြောင်း" ထည့်သွင်းပြောကြားခဲ့ပြီး NCA အောင်မြင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သည့်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ ကြိုးစားအားထုတ်မှုများနှင့် ပတ်သက်၍ "အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ ဝိုင်းဝန်းကြိုးပမ်းမှု၊ သည်းခံမှု၊ သဘောထားကြီးမှု၊ အနစ်နာခံကြိုးစားအားထုတ်မှု များကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်ကို ပါဝင်ဆွေးနွေးသူများ အားလုံးက သဘောတူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့၏ သမိုင်းတန်ဖိုးက NCA ကို အဖွဲ့မည်မျှ လက်မှတ်ရေး ထိုးသည်ဆိုခြင်းထက် အားလုံးလက်ခံထားသည့် သဘောတူညီချက်များကို ဘယ်လောက်ထိထိ ရောက်ရောက် အကောင်အထည်ဖော်နိုင်သလဲဆိုသည့် မှတ်ကျောက်အပေါ်အခြေခံကြောင်း၊ ကျန်ရှိနေသည့် အဖွဲ့များအနေဖြင့် NCA လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်လာသည်နှင့်အမျှ ငြိမ်းချမ်းရေး ဖြစ်စဉ်များတွင်ပါဝင်လာကြမည်ဖြစ်ကြောင်း၊ မိမိတို့ အားလုံးသည် ဘုံအနာဂတ်အတွက် အတူတကွ တာဝန်ရှိသူများဖြစ်ပြီး သမိုင်းကိုအတူတကွပုံဖော် ရေးသားကြပြီး အောင်မြင်မှု၊ ကျဆုံးမှုများကို အတူတကွ တာဝန်ခံ၊ တာဝန်ယူကြရမည်ဖြစ်ကာ အနာဂတ် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအမွေတစ်ခု ချန်ထားနိုင်ခဲ့ခြင်းဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ထို့နောက် NCA ကို လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူး စေးဖိုးက 'မိမိတို့၏သက်တမ်းတစ်လျှောက် ခါးသီးစွာ တွေ့ကြုံခံစားခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခ၏ ဆိုးမွေများအားလုံးကို ပြည်ဖုံးကားချခဲ့ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရန် အုတ်မြစ်ချနိုင်ရေး မဆုတ်မနစ် ကြိုးပမ်း ကြရန်" အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မှတ်တမ်း ရုပ်ရှင်ကိုပြသခဲ့ပြီး ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အသိသက်သေပြုကာ လက်မှတ်ရေး ထိုးပွဲအစီအစဉ်ကို ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဦးညဏ်ထွန်း၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းနှင့် ဦးသိန်းဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ဒီမိုကရေစီအကျိုးပြုကရင်အမျိုးသား တပ်မတော် (DKBA) စစ်ဦးစီးချုပ် စောလားဘွယ်၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၏ ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ဥက္ကဋ္ဌ စောဌေးမောင်၊ ချင်းအမျိုးသားတပ်ဦး (CNF) ဥက္ကဋ္ဌ ဦးပူးနန်လျန်ထန်၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ (PNLO) နာယက ဦးခွန်ဥက္ကာ၊ မြန်မာနိုင်ငံလုံး ဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ရဲဘော်သံခဲ၊ ရခိုင်ပြည်လွတ်မြောက် ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ဦးခိုင်စိုးနိုင်အောင်၊

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (RCSS/SSA-S) ဉက္ကဋ္ဌ ဦးယွက်စစ်တို့က လက်မှတ်ရေးထိုးကြပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြစ်သော KNU စစ်ဦးစီးချုပ် စောဂျော်နီ၊ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်း၊ DKBA ဒုတိယစစ်ဦးစီးချုပ် စောမူရှေးနှင့်စောစိန်ဝင်း၊ KNU/KNLA-PC ဒုတိယဥက္ကဋ္ဌ စောထော့လေးနှင့် စောရင်နု၊ CNF အထွေထွေအတွင်းရေးမှူးချုပ် ပူးဇင်ကျုံးနှင့် ဟရန်သင်ထိုက်၊ PNLO စစ်ဦးစီးချုပ်ခွန်သူရိန်နှင့် နာယကခွန်ဉက္ကာ၊ ABSDF ဒုတိယဥက္ကဋ္ဌ ရဲဘော်မျိုးဝင်းနှင့် ရဲဘော်ရဲထွတ်၊ APL စစ်ဦးစီးချုပ် ခိုင်ထွန်းဝင်း၊ ဒေါ်စောမြရာဇာလင်း၊ RCSS မှ ဒုတိယစစ်ဦးစီးချုပ် ဘောင်ခေးနှင့် စိုင်းလှတို့က လက်မှတ်ရေးထိုးကြသည်။

ပြည်တွင်းအသိသက်သေများအဖြစ် ဦးဇော်အေးမောင်၊ ဦးစောအောင်မြင့်၊ ဦးခွန်သန်းမြင့်၊ ဦးဌေးဦး၊ ဦးတင်နိုင်သိန်း၊ ဦးခင်မောင်ဆွေ၊ ဦးသန်းတင်၊ ဦးစိုင်းအိုက်ပေါင်း၊ ဦးဗိုဇမ်၊ ဒေါ်ချင်းချင်း၊ ဦးစောသိန်းအောင်၊ ဦးစောဒယ်နီရယ်၊ ဒေါ်သန်းသန်းနု၊ ဦးသက်နိုင်ဝင်း၊ ဦးခင်ရီ၊ ဦးမြင့်စိုး၊ ဦးခင်ဇော်ဦး၊ ဦးသန်းထွေးနှင့် နှစ်ဖက်သက်သေအဖြစ် ဦးကိုကိုကြီး၊ ဦးမြအေးတို့ကလည်းကောင်း၊ နိုင်ငံတကာအသိသက်သေများအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အထူးကိုယ်စားလှယ် မစ္စတာ ကျိုရှီယန်း၊ အိန္ဒိယသမ္မတနိုင်ငံမှ အထူးကိုယ်စားလှယ် သီရိအေဂျစ်ကူးမားဒိုဗယ်၊ ဂျပန်နိုင်ငံမှ အထူးကိုယ်စားလှယ် မစ္စတာ ယိုဟီးဆာဆာကာဝါ၊ ထိုင်းနိုင်ငံမှ အထူးကိုယ်စားလှယ် မစ္စတာအပီကတ်ချင်ဝမ်နို၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီးယား၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေနမ်ဘီးယားတို့ လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပဒိုစောကွယ်ထူးဝင်းတို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (အနှစ်ချုပ်)ကို တစ်ပိုဒ်ချင်းစီ အလိုက်ဖတ်ကြားကာ NCA စာချုပ်ကို အပြန်အလှန် လဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အနှစ်ချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

**၁။ ဤသဘောတူစာချုပ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဆောင်သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်မှုတို့ကိုဦးတည်၍ သဘောတူစာချုပ်ချုပ်ဆိုသော စာချုပ်ဖြစ်သည်နှင့် အညီ ပြည်ထောင်စုတစ်ဝန်းလုံးတွင် အကျိုး သက်ရောက်မှု ရှိသည်။**

**၂။ ဤသဘောတူစာချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ယခင်က ချုပ်ဆိုခဲ့သော သဘောတူညီချက်များအား ထပ်လောင်းအသိအမှတ်ပြုခြင်း၊ ပိုမိုခိုင်မာစေခြင်း၊ ထပ်ဆင့်အတည်ပြုခြင်းဖြစ်ပြီး အခန်း (၇) ခန်းနှင့် အပိုဒ်ပေါင်း (၃၃) ပိုဒ်ပါရှိပါသည်။**

**၃။ ဤသဘောတူစာချုပ်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များအပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန် ရည်ရွယ်ပါသည်။**

**၄။ ထို့အပြင် နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်တစ်ရပ်ထူထောင်ပြီး တန်းတူရည်တူအခွင့်အရေးရရှိမည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရန် သဘောတူကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားများ၏လိုလားချက်များနှင့် သဘောထားဆန္ဒများကိုအခြေခံသည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သင့်သူများအားလုံး ပါဝင်သွားရန် သဘောတူကြသည်။**

**၅။ အပစ်အခတ်ရပ်စဲရေးကို ခိုင်ခိုင်မာမာ အကောင်အထည်ဖော်နိုင်ရန် နှစ်ဖက်လိုက်နာရမည့် တပ်ပိုင်း**

**ဆိုင်ရာကိစ္စရပ်များနှင့် ပြည်သူလူထုကို အကာအကွယ်ပေးရေးအတွက် လိုအပ်သည့်အချက်များကိုလည်း စာချုပ်တွင် အသေးစိတ်ဖော်ပြထားသည်။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs)နှင့် ပဋိပက္ခဒဏ်ခံစားရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးနိုင်ရေးကို နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူကြပါသည်။**

**၆။ သဘောတူညီထားသော စစ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များကို ထိထိရောက်ရောက်လိုက်နာမှုရှိစေရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကိုဖွဲ့စည်းပြီး စောင့်ကြည့်ကြီးကြပ်ရေးလုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။**

**၇။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံရေးလမ်းပြမြေပုံတစ်ခုကိုလည်း သဘောတူညီခဲ့ကြပါသည်။ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံးပါဝင်မည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီကို ဖွဲ့စည်း၍ အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ ထိုပူးတွဲကော်မတီက နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲ၍ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကိုအကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။**

**၈။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ယုံကြည်မှုတည်ဆောက်နိုင်စေရန်အလို့ငှာ မတရားအသင်း အဖြစ်ကြေညာထားသော အဖွဲ့အစည်းများကို မတရားအသင်းစာရင်းမှပယ်ဖျက်ရန် သဘောတူညီခဲ့သည့်အလျောက် ဤစာချုပ်တွင် လက်မှတ်ရေးထိုးသော အဖွဲ့အစည်းများကို အစိုးရက မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခဲ့ပါသည်။**

**၉။ ထို့အပြင် လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် မိမိတို့အဖွဲ့အစည်း၏ အတိုင်းအတာအရ တာဝန်ယူနေကြသော အဖွဲ့အစည်းများဖြစ်ကြသည့်အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပအကောင်အထည်ဖော်နေသည့်ကာလအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တိုင်းရင်းသား လူမျိုးများ၏ ဘာသာစကား၊ စာပေနှင့်ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး၊ ဒေသဆိုင်ရာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအတွက် နှစ်ဖက်မှ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။**

**၁၀။ ဤစာချုပ်သည် နိုင်ငံတော်အကြီးအကဲများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များက လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစ၍ အသက်ဝင်မည်ဖြစ်ပြီး ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးကိုဖော်ဆောင်မည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမိုင်းဝင်သဘောတူစာချုပ်ဖြစ်ပါသည်။**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် နံနက် ၁၁း၃၀ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားသည်။

နိုင်ငံတော်သမ္မတက "NCA သဘောတူညီချက်အတိုင်း လက်မှတ်ရေးထိုးပြီးပြီးချင်းဆောင်ရွက်ရမည်ဟု သဘောတူခဲ့သည့်စာချုပ်အကောင်အထည်ဖော်မှု၏ ပထမခြေလှမ်းဖြစ်ကြောင်း၊ စာချုပ်ပါသဘောတူညီချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရန် ဆန္ဒရှိပြီး လက်မှတ်မရေးထိုးနိုင်သေးသည့် အဖွဲ့များကိုလည်း လမ်းဖွင့်လက်ကမ်းကြိုဆိုနေကြောင်း" အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့မှ ခေါင်းဆောင်

များနှင့်ကိုယ်စားလှယ်များ၊ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာမှ တာဝန်ရှိသူများ တက်ရောက်သည်။

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ရေးဆွဲရေးအတွက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) ရေးဆွဲရေးကော်မတီအစည်းအဝေးကို ပထမနေ့အဖြစ် နိုဝင်ဘာလ ၂၇ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာ (MPC) အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အစိုးရအစုအဖွဲ့မှ ဗိုလ်ချုပ်မြင့်နွယ်၊ ဦးသန်းဌေး၊ ဦးခင်ရီ၊ ဦးလှမောင်ရွှေနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့မှ စိုင်းခွမ်မိန်း၊ စောကျော်ညွန့်၊ ဒေါ်စောမြရာဇာလင်း၊ ပဒိုမန်းမန်း၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးသုဝေ၊ ဦးစိုင်းကျော်ညွန့်၊ ဦးနိုင်ငံလင်း၊ ဒေါက်တာအေးမောင်၊ ဦးဇိုဇမ်၊ ဦးငိုင်ဆာ့ခ်၊ သူရဦးသက်ဆွေတို့ တက်ရောက်သည်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် စတင်ပြုလုပ်မည့် NCA စာချုပ်ပါ နိုင်ငံရေးဆွေးနွေးပွဲအမီ ရေးဆွဲရမည်ဖြစ်သည်။ ဆွေးနွေးပွဲတက်ရောက်လာသူများသည် မူဘောင်ရေးဆွဲရာတွင် ဦးစားပေးလုပ်ဆောင်ရမည့် အချက်များဖြစ်သည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ရမည့် ကိုယ်စားလှယ်ကိစ္စ၊ ဆွေးနွေးရမည့် ခေါင်းစဉ်များနှင့် ဆုံးဖြတ်ချက်ချရမည့် စည်းကမ်းနည်းလမ်းများကို ဦးစားပေးဆွေးနွေးသည်။

ဆွေးနွေးပွဲဒုတိယနေ့ကို နိုဝင်ဘာလ ၂၈ ရက်၌ ကျင်းပပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင် ပါရှိရမည့်အခန်း (၁၀) ခန်းကို အလွတ်သဘောဆွေးနွေးသည်။ တတိယနေ့အဖြစ် နိုဝင်ဘာလ ၃၀ ရက်တွင် ဆက်လက်ကျင်းပကာ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင် ပါဝင်သော အကြောင်းအရာကိစ္စများကို ဆွေးနွေးခဲ့သည်။

ဒီဇင်ဘာလ ၅ ရက်နှင့် ၆ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်မူဘောင်ရေးဆွဲခြင်းဆိုင်ရာအစည်းအဝေး ကျင်းပခဲ့ရာ နိုင်ငံတော်အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့တို့မှ ရှစ်ဦးကျကော်မတီဝင်များ၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) ရေးဆွဲရေးအတွက် အစုအဖွဲ့သုံးစုမှ သုံးဦးကျကိုယ်စားလှယ်များနှင့် MPC မှ အကြံပေးပုဂ္ဂိုလ်များတက်ရောက်ကြပြီး အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်သည် NCA စာချုပ်တွင်ပါဝင်သော အပိုဒ် (၁) မှ အပိုဒ် (၃၃) ပါ အချက်များပေါ်တွင် အခြေခံသော အခန်း (၁၀) ခန်းနှင့် ကဏ္ဍခြောက်ခုပါဝင်သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်ပြရာ လွှတ်တော်က အတည်ပြုသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်သဘောတူညီချက်ကို နိုင်ငံတော်သမ္မတထံ ပေးအပ်သည့်အခမ်းအနားကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်တွင် ပြုလုပ်သည်။


၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် နိုင်ငံတော်သမ္မတအနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်ရန် စတင်ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့တို့အကြား လက်မှတ်ရေးထိုးခဲ့ပြီးနောက် စာချုပ်ပါကတိကဝတ်များအတိုင်း နိုင်ငံရေးဆွေးနွေးပွဲများစတင်ရန် အခြေခံရမည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်တွင် ရေးဆွဲပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေး စတင်နိုင်ရန် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

**စိုးအောင်**

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၈-၁၁-၂၀၁၅ ရက်က တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ ယင်းရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များ၊ အချက်အလက်ကိန်းဂဏန်းများကို မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများ တစ်စုတစ်စည်းတည်း လေ့လာနိုင်ရန် ဖော်ပြထားပါသည်။

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administrative Division-SAD) / ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self Administrative Zone- SAZ) တစ်ခုစီအတွက် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တစ်နယ်စီ သတ်မှတ်ပေးထားသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ဖြင့် စုစည်းထားသော "နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ"ကို စစ်ကိုင်းတိုင်းဒေသကြီးအမျိုးသား



**နိုင်ငံတော်သမ္မတဦးသိန်းစိန် ဆန္ဒမဲပေးနေစဉ်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁-၇-၂၀၁၅ ရက်တွင် လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များကို ကြေညာခဲ့ပြီးနောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ၈-၇-၂၀၁၅ ရက်က ကြေညာခဲ့သည်။ (ရွေးကောက်ပွဲမကျင်းပမီ ၁၂၃ ရက်ကြိုတင်ကြေညာခဲ့ခြင်းဖြစ်သည်။)

လွှတ်တော်တွင် မဲဆန္ဒနယ်အမှတ် (၁၂) အဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ဖြင့် စုစည်းထားသော " ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ" ကို ရှမ်းပြည်နယ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၈) အဖြစ်လည်းကောင်း၊ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ဖြင့် စုစည်းထားသော "ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

ဒေသ” ကို အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၉) အဖြစ်လည်းကောင်း၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ဖြင့် စုစည်းထားသော “ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ” ကို အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၁၀) အဖြစ်လည်းကောင်း၊ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ဖြင့် စုစည်းထားသော “ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ” ကို အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၁၁) အဖြစ်လည်းကောင်း၊ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း (ပန်ခမ်း) မြို့နယ် ခြောက်မြို့နယ်တို့ကို ခရိုင်နှစ်ခရိုင်အဖြစ် စုစည်းထားသော “ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း” ကို အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၁၂) အဖြစ်လည်းကောင်း သတ်မှတ်ခဲ့သည်။ ပြည်ထောင်စုနယ်မြေကို မန္တလေးတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှစ်နယ် သတ်မှတ်ခဲ့ပြီး ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့ကို မဲဆန္ဒနယ်အမှတ် (၉) အဖြစ်လည်းကောင်း၊ တပ်ကုန်းမြို့နယ်နှင့် သီရိငါးမြို့နယ်ကို မဲဆန္ဒနယ်အမှတ် (၁၀) အဖြစ်လည်းကောင်း သတ်မှတ်ခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မြို့နယ်တစ်မြို့နယ်တွင် မဲဆန္ဒနယ်နှစ်နယ်စီ သတ်မှတ်ထားသော်လည်း နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ရှိသော ပြည်ထောင်စုနယ်မြေ (တပ်ကုန်း၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ၊ ပျဉ်းမနားနှင့် လယ်ဝေး ပေါင်းရှစ်မြို့နယ်) အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ရန် မလိုအပ်ခြင်းကြောင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် မဲဆန္ဒနယ် (၇၂) နယ်ရှိရမည့်အစား မဲဆန္ဒနယ် (၅၆) နယ်သာရှိသည်။ ထို့ကြောင့် တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်တွင် တစ်နိုင်ငံလုံး၌ မဲဆန္ဒနယ် (၆၆၀) နယ် ရှိရမည့်အစား မဲဆန္ဒနယ် (၆၄၄) နယ်သာရှိသည်။

၎င်းပြင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ထိုတိုင်းဒေသကြီး/ပြည်နယ်ကရရှိပြီးသော သို့မဟုတ် ထိုတိုင်းဒေသကြီး/ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများကို လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ ဝ ဒသမ ၁ ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် ယင်းတိုင်းဒေသကြီး/



**ဆန္ဒမဲလက်မှတ်များထုတ်ယူရန် စနစ်တကျစောင့်ဆိုင်းနေကြသော မဲဆန္ဒရှင်များ**

ပြည်နယ်လွှတ်တော်တွင် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကျစီရရှိသည်။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ၂၀၁၄ ခုနှစ် ဩဂုတ်လ ၃၀ ရက် ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏လူဦးရေသည် ၅၁ ဒသမ ၄၂ သန်းခန့်ဖြစ်သဖြင့် တိုင်းဒေသကြီး/ပြည်နယ် တစ်ခုခုတွင် လူဦးရေ (၅၁,၄၁၉) ဦးနှင့်အထက်ရှိသော တိုင်းရင်းသားလူမျိုးတစ်မျိုး (အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိထားသော တိုင်းရင်းသားလူမျိုးများမှအပ) သည် ၎င်းတို့၏လူမျိုးအတွက် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးရရှိသည်။ တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်အသီးသီးတွင် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ရရှိခဲ့ကြသော တိုင်းရင်းသားလူမျိုးများစာရင်းကို ဇယား (၁) တွင် ဖော်ပြထားသည်။ ထိုဇယားအရ မြန်မာတစ်နိုင်ငံလုံးတွင် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်ပေါင်း (၂၉) ဦးရှိပြီး ရှမ်းပြည်နယ်တွင် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးအထိရှိခဲ့သော်လည်း ချင်းပြည်နယ်တွင်မူ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် တစ်ဦးမျှ မရှိခဲ့သည်ကိုတွေ့မြင်နိုင်သည်။ (တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၌ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁-၇-၂၀၁၅ ရက်က ကြေညာချက်အမှတ် ၂၅/၂၀၁၅ ဖြင့် ထုတ်ပြန်ခဲ့သည်။)

ကော်မရှင်က လွှတ်တော်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကို ၈-၇-၂၀၁၅ ရက်က ကြေညာခဲ့သည်။ အမည်စာရင်းတင်သွင်းရမည့် နောက်ဆုံးရက်သည် ၈-၈-၂၀၁၅ ရက်ဖြစ်သော်လည်း တိုင်းဒေသကြီးအချို့နှင့်ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် နောက်ဆုံးရက်ကို ၁၄-၈-၂၀၁၅ ရက်ထိ တိုးမြှင့်ပေးခဲ့သည်။ ထို့နောက် သတ်မှတ်ကာလအတွင်း အမည်စာရင်းတင်သွင်းထားခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများအား စိစစ်မည့်နေ့နှင့် ရုပ်သိမ်းနိုင်မည့်နေ့များကို ကြေညာခြင်း၊ စိစစ်ပြီးယှဉ်ပြိုင်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာခြင်းများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ဆက်လက်ဆောင်ရွက်ခဲ့သည်။

ကော်မရှင်က နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခြင်းကို ၈-၉-၂၀၁၅ ရက်မှ ၆-၁၁-၂၀၁၅ ရက်ထိ ရက်ပေါင်း ၆၀ သတ်မှတ်ပေးခဲ့သည်။ မဲဆွယ်စည်းရုံးခြင်းများကို ၆-၁၁-၂၀၁၅ ရက် ညနေ ၁၂ နာရီတွင် ရပ်တန့်ရန်ဖြစ်ပြီး ၇-၁၁-၂၀၁၅ ရက်ကို Silent Day အဖြစ် သတ်မှတ်ပေးခဲ့သည်။ ရွေးကောက်ပွဲနေ့တွင် နိုင်ငံရေးပါတီအချင်းချင်း ပဋိပက္ခမဖြစ်စေရေးအတွက် မဲဆွယ်စည်းရုံးသည့်အရှိန်အဟုန်ကို လျော့ကျစေရန် ဖြစ်သည်။ ထို့ပြင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများကို ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခွင့်ပြုခဲ့ရာ နိုင်ငံရေးပါတီအသီးသီးက ၈-၉-၂၀၁၅ ရက်မှ ၆-၁၁-၂၀၁၅ ရက်ထိ အလှည့်ကျဟောပြောခဲ့ကြသည်။

ကော်မရှင်သည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အထွေထွေရွေးကောက်ပွဲများကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်က ပြည်သူ့လွှတ်တော်၌ မဲဆန္ဒနယ် (၃၃၀) နယ်ရှိသည့်အနက် မဲဆန္ဒနယ် (၃၂၃) နယ်တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော်၌ မဲဆန္ဒနယ် (၁၆၈) နယ်တွင်လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၌ မဲဆန္ဒနယ် (၆၇၃) နယ် (တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ်အပါအဝင်) ရှိသည့်အနက် မဲဆန္ဒနယ် (၆၅၉) နယ်တွင်လည်းကောင်း ကျင်းပပေးခဲ့သည်။ ထို့နောက် လွှတ်တော်အလိုက် မဲဆန္ဒနယ်အသီးသီးတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းများကို ၉-၁၁-၂၀၁၅ ရက်မှ ၂၀-၁၁-၂၀၁၅ ရက်အထိ ထုတ်ပြန်ကြေညာပေးခဲ့သည်။

ပြည်သူ့လွှတ်တော်တွင် မဲဆန္ဒနယ် (၃၃၀) နယ်ရှိသည့်အနက် ရှမ်းပြည်နယ်မှ ပန်ဆန်း (ပန်ခမ်း)၊

နားဖန်း၊ ပန်ဝိုင်၊ မိုင်းမော၊ မိုင်းရျား၊ ကျေးသီးနှင့် မိုင်းလား မြို့နယ် ခုနစ်မြို့နယ်တွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကျင်းပပေးရန် အခြေအနေမရှိ သဖြင့် မဲဆန္ဒနယ် (၃၂၃) နယ်တွင်သာ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုနည်းတူပင် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်တွင်တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်၂၉နယ် အပါအဝင် မဲဆန္ဒနယ် ၆၇၃ နယ်ရှိသည့်အနက် အထက်ဖော်ပြပါ မြို့နယ်ခုနစ်မြို့နယ်မှ မဲဆန္ဒနယ် ၁၄ နယ် တွင် ရွေးကောက်ပွဲမကျင်းပနိုင်သည့်အတွက် အဆိုပါ လွှတ်တော်၌မဲဆန္ဒနယ် ၆၅၉ နယ်သာ ကျင်းပ နိုင်ခဲ့ခြင်း ဖြစ်သည်။

ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၉၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅,၇၂၉ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၀၉ ဦး စုစုပေါင်း ၆,၀၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ပြည်သူ့ လွှတ်တော်တွင် ၃၁၆ ဦး၊ အမျိုးသားလွှတ်တော်တွင် ၁၆၃ ဦး၊ တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ် လွှတ်တော်တွင် ၆၁၆ ဦးနှင့်တိုင်းရင်းသားလူမျိုး ၂၉ ဦး စုစုပေါင်း ၁,၁၂၄ ဦးဖြင့် အများဆုံးဝင်ရောက်ယှဉ်ပြိုင် ခဲ့သော နိုင်ငံရေးပါတီဖြစ်သည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ပြည်သူ့လွှတ်တော် တွင် ၃၁၆ ဦး၊ အမျိုးသားလွှတ်တော်တွင် ၁၆၄ ဦး၊ တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်တွင် ၆၁၃ ဦးနှင့် တိုင်းရင်းသားလူမျိုး ၂၉ ဦး စုစုပေါင်း ၁,၁၂၂ ဦးဖြင့် ဒုတိယအများဆုံး ဝင်ရောက်ယှဉ်ပြိုင် ခဲ့သော နိုင်ငံရေးပါတီဖြစ်သည်။ နိုင်ငံရေးပါတီများ များသည်နှင့်အမျှ မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက် ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးရေလည်းများသည်။ လွှတ်တော်ကိုယ်စားလှယ် လောင်းအများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ် နှစ်နယ်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ် (၁၁) နှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တို့ ဖြစ်ကြသည်။ ယင်းမဲဆန္ဒနယ် များတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄ ဦး အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။



**ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဆန္ဒမဲပေးပြီးအမှတ်အသားပြုစဉ်**

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပခဲ့စဉ်က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်များတွင် နိုင်ငံရေးပါတီအသီးသီးမှ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ဦးရေကို ဇယား(၂)တွင် ဖော်ပြထားသည်။ ဤဇယားအရ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီ ၉၁ ပါတီအနက် နိုင်ငံရေးပါတီ ၂၂ ပါတီသာ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ လွှတ်တော်သုံးရပ်တွင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁,၁၅၀ ရှိသည့်အနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၈၈၆ ဦး ရွေးချယ်ခံခဲ့ရခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၇၇ ဒသမ ၀၄ ရှိပြီး ဒုတိယအများဆုံး ရွေးချယ်ခံခဲ့ရသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ခံရမှုသည် ရာခိုင်နှုန်းအားဖြင့် ၁၀ ဒသမ ၁၇ ရှိသည်။ ထို့ပြင် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၀၉ ဦး ဝင်ရောက်ယှဉ်ပြိုင်သည့်အနက် ငါးဦးသာရွေးကောက်ခံရသည်။

လွှတ်တော်သုံးရပ်တွင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁,၁၅၀ ရှိသည့်အနက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုအနေဖြင့် ပြည်သူ့လွှတ်တော်တွင် ၄၂ ဦး၊ အမျိုးသားလွှတ်တော်တွင် ၂၃ ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်တွင် ၈၄ ဦး ပေါင်း ၁၄၉ ဦးရှိခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၁၂ ဒသမ ၉၆ ရှိသည်။

ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူများအနက် ခိုင်လုံမဲ ရှစ်ပုံတစ်ပုံ (၁၂ ဒသမ ၅ ရာခိုင်နှုန်း)နှင့်အထက်ရရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ၎င်းတို့ပေးသွင်းထားသည့် ရွေးကောက်ပွဲအာမခံငွေ ၃၀၀,၀၀၀ ကို ပြန်လည်ထုတ်ပေးသည်။ ယခု ရွေးကောက်ပွဲတွင် အာမခံငွေ ပြန်လည်ရရှိကြမည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏



ဆန္ဒမဲလက်မှတ်များကို စနစ်တကျရေတွက်စဉ်

ရာခိုင်နှုန်းမှာ ပြည်သူ့လွှတ်တော်တွင် ၄၀ ရာခိုင်နှုန်း၊ အမျိုးသားလွှတ်တော်တွင် ၄၂ ဒသမ ၇ ရာခိုင်နှုန်းနှင့် တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်တွင် ၄၀ ဒသမ ၆ ရာခိုင်နှုန်း အသီးသီး ရှိသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် မဲဆန္ဒရှင်ပေါင်း ၃၄,၂၉၅,၃၃၄ ဦးရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုအနက် မန္တလေးတိုင်းဒေသကြီးသည် မဲဆန္ဒရှင်အများဆုံးရှိသည့် တိုင်းဒေသကြီးဖြစ်ပြီး မဲဆန္ဒရှင်ပေါင်း ၅,၁၇၇,၃၃၉ ဦးရှိသည်။ ကယားပြည်နယ်သည် မဲဆန္ဒရှင်အနည်းဆုံး ပြည်နယ်ဖြစ်ကာ မဲဆန္ဒရှင်ပေါင်း ၁၇၈,၃၁၆ ဦးသာ ရှိသည်။ မြို့နယ် ၃၂၃ နယ်အနက် ရန်ကုန်တိုင်းဒေသကြီးမှ လှိုင်သာယာမြို့နယ်နှင့် ကိုကိုးကျွန်းမြို့နယ်များသည် မဲဆန္ဒရှင်အများဆုံးမြို့နယ်နှင့် မဲဆန္ဒရှင်အနည်းဆုံးမြို့နယ်များဖြစ်ကြသည်။ လှိုင်သာယာမြို့နယ်တွင်မူ မဲဆန္ဒရှင်ပေါင်း ၄၅၄,၃၀၇ ဦး ရှိသော်လည်း ကိုကိုးကျွန်းမြို့နယ်တွင်မူ မဲဆန္ဒရှင်ပေါင်း ၁,၅၇၃ ဦးသာရှိသည်။

ပြည်သူ့လွှတ်တော်၌ မဲဆန္ဒရှင်ပေါင်း ၂၃,၉၁၁,၇၈၄ ဦး မဲပေးခဲ့သဖြင့် ပြည်သူ့လွှတ်တော်အတွက် မဲပေးမှုရာခိုင်နှုန်းမှာ ၆၉ ဒသမ ၇၂ ဖြစ်ပြီး အမျိုးသားလွှတ်တော်၌ ဆန္ဒမဲပေးသူပေါင်း ၂၃,၉၄၆,၇၀၉ ဦးရှိခဲ့

**ဇယား ၁-တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်များအလိုက် ရရှိခဲ့သော တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်ဦးရေစာရင်း**

| စဉ် | တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုး |
|---|---|---|
| ၁ | ကချင်ပြည်နယ်လွှတ်တော် | ဗမာ၊ ရှမ်း၊ လီဆူးနှင့် ရဝမ် - ပေါင်း ၄ ဦး |
| ၂ | ကယားပြည်နယ်လွှတ်တော် | ဗမာ - ပေါင်း ၁ ဦး |
| ၃ | ကရင်ပြည်နယ်လွှတ်တော် | ဗမာ၊ မွန်နှင့် ပအိုဝ်း - ပေါင်း ၃ ဦး |
| ၄ | ချင်းပြည်နယ်လွှတ်တော် | မရှိ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် | ရှမ်းနှင့်ချင်း - ပေါင်း ၂ ဦး |
| ၆ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် | ကရင် - ပေါင်း ၁ ဦး |
| ၇ | ပဲခူးတိုင်းဒေသကြီးလွှတ်တော် | ကရင် - ပေါင်း ၁ ဦး |
| ၈ | မကွေးတိုင်းဒေသကြီးလွှတ်တော် | ချင်း - ပေါင်း ၁ ဦး |
| ၉ | မန္တလေးတိုင်းဒေသကြီးလွှတ်တော် | ရှမ်း - ပေါင်း ၁ ဦး |
| ၁၀ | မွန်ပြည်နယ်လွှတ်တော် | ဗမာ၊ ပအိုဝ်းနှင့် ကရင် - ပေါင်း ၃ ဦး |
| ၁၁ | ရခိုင်ပြည်နယ်လွှတ်တော် | ချင်း - ပေါင်း ၁ ဦး |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် | ကရင်နှင့် ရခိုင် - ပေါင်း ၂ ဦး |
| ၁၃ | ရှမ်းပြည်နယ်လွှတ်တော် | ဗမာ၊ ကချင်၊ လီဆူး၊ လားဟူ၊ အင်း၊ ကော် (အခါ) နှင့် ကယန်း (ပဒေါင်) - ပေါင်း ၇ ဦး |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် | ကရင်နှင့် ရခိုင် - ပေါင်း ၂ ဦး |
| စုစုပေါင်း | | ၂၉ ဦး |

# ဇယား-၂ နိုင်ငံရေးပါတီများ၏ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်စာရင်း

| စဉ် | ပါတီ/တစ်သီးပုဂ္ဂလ | ပြည်သူ့ လွှတ်တော် | အမျိုးသား လွှတ်တော် | တိုင်း/ ပြည်နယ် | တိုင်းရင်းသား လူမျိုး | ပြည်ထောင်စု လွှတ်တော် |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၁ | - | ၃ | - | ၁ |
| ၂ | ကရင်ပြည်သူ့ပါတီ | - | - | ၁ | - | - |
| ၃ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၁ | - | ၁ | - | ၁ |
| ၄ | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) | - | - | ၁ | - | - |
| ၅ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂ | ၂ | ၂ | - | ၄ |
| ၆ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ | ၂ | ၇ | - | ၅ |
| ၇ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | - | ၁ | - | - | ၁ |
| ၈ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ | - |
| ၉ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | - | - | ၁ | - | - |
| ၁၀ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ | ၃ | ၁ | ၆ | - | ၄ |
| ၁၁ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀ | ၁၁ | ၇၄ | ၂ | ၄၁ |
| ၁၂ | မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ | - | - | ၁ | - | - |
| ၁၃ | မွန်အမျိုးသားပါတီ | - | ၁ | ၂ | - | ၁ |
| ၁၄ | ရခိုင်အမျိုးသားပါတီ | ၁၂ | ၁၀ | ၂၂ | ၁ | ၂၂ |
| ၁၅ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၂ | ၃ | ၂၅ | - | ၁၅ |
| ၁၆ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | - | - | ၁ | - | - |
| ၁၇ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ | - |
| ၁၈ | လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) | ၂ | - | ၂ | ၁ | ၂ |
| ၁၉ | 'ဝ' ဒီမိုကရက်တစ်ပါတီ | ၁ | - | ၂ | - | ၁ |
| ၂၀ | 'ဝ' အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | - | - | ၁ | - | - |
| ၂၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၅၅ | ၁၃၅ | ၄၇၅ | ၂၁ | ၃၉၀ |
| ၂၂ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | - | ၁ | - |
| ၂၃ | တစ်သီးပုဂ္ဂလ | ၁ | ၂ | ၁ | ၁ | ၃ |
| | စုစုပေါင်း | ၃၂၃ | ၁၆၈ | ၆၃၀ | ၂၉ | ၄၉၁ |

သဖြင့် အမျိုးသားလွှတ်တော်အတွက် ဆန္ဒမဲပေးမှုရာခိုင်နှုန်း ၆၉ ဒသမ ၈၂ ဖြစ်သည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် တိုင်းရင်းသားလူမျိုး မဲဆန္ဒရှင် ၃,၇၁၉,၈၄၆ ဦးအပါအဝင် မဲဆန္ဒရှင်ပေါင်း ၃၈,၀၁၅,၁၈၀ ရှိခဲ့ပြီး ဆန္ဒမဲပေးသူပေါင်း ၂၆,၃၆၈,၄၆၇ ဦးရှိခဲ့သဖြင့် ယင်းလွှတ်တော်အတွက် ဆန္ဒမဲပေးမှုရာခိုင်နှုန်းမှာ ၆၉ ဒသမ ၃၆ ဖြစ်သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတွက် ပျမ်းမျှမဲပေးမှုရာခိုင်နှုန်းမှာ ၆၉ ဒသမ ၆၃ ဖြစ်သည်။ မကွေးတိုင်းဒေသကြီးသည် မဲပေးမှုရာခိုင်နှုန်း ၇၆ ဒသမ ၆ ဖြင့် မဲပေးမှုအများဆုံး တိုင်းဒေသကြီးဖြစ်ပြီး ကရင်ပြည်နယ်သည် မဲပေးမှု ၄၆ ဒသမ ၇၃ ရာခိုင်နှုန်းဖြင့် မဲပေးမှုအနည်းဆုံး ပြည်နယ်ဖြစ်သည်။

ကြိုတင်မဲပေးမှု ရာခိုင်နှုန်းများမှာ ပြည်သူ့လွှတ်တော်တွင် ၆ ဒသမ ၄၅ ရာခိုင်နှုန်း၊ အမျိုးသားလွှတ်တော်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးရှိသောကြောင့် ပျမ်းမျှကြိုတင်မဲပေးမှုရာခိုင်နှုန်းသည် ၆ ဒသမ ၁၈ ဖြစ်သည်။ ထို့ပြင် ပယ်မဲ၊ ပျောက်မဲရာခိုင်နှုန်းများမှာ ပြည်သူ့လွှတ်တော်တွင် ၆ ဒသမ ၂၅၊ အမျိုးသားလွှတ်တော်တွင် ၅ ဒသမ ၁၅ နှင့် တိုင်းဒေသကြီး လွှတ်တော်/ပြည်နယ်လွှတ်တော်တွင် ၄ ဒသမ ၈ အသီးသီး ဖြစ်သည်။ ထို့ကြောင့် ပျမ်းမျှ ပယ်မဲ၊ ပျောက်မဲ ရာခိုင်နှုန်းသည် ၅ ဒသမ ၄ ဖြစ်သည်။ (၂၀၁၀ အထွေထွေရွေးကောက်ပွဲကျင်းပစဉ်က ကြိုတင်မဲ ၈ ဒသမ ၈၅ ရာခိုင်နှုန်း ရှိခဲ့ကာ ပယ်မဲ၊ ပျောက်မဲ ၆ ဒသမ ၇၄ ရာခိုင်နှုန်း ရှိခဲ့သည်။)

ထို့ပြင် တစ်နိုင်ငံလုံးတွင် မဲရုံပေါင်း ၄၀,၁၄၀ ရှိပြီး မဲဆန္ဒရှင်ပေါင်း ၃၄,၂၉၅,၃၃၄ ဦးရှိသဖြင့် မဲရုံတစ်ရုံလျှင် ပျမ်းမျှမဲဆန္ဒရှင်ပေါင်း ၈၅၅ ဦးခန့် ရှိခဲ့သည်။

ယခု ရွေးကောက်ပွဲကို နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသာမက မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ၊ အာဆီယံနိုင်ငံများမှ ရွေးကောက်ပွဲကော်မရှင်များမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ လေ့လာခဲ့ကြသည်။ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းခြောက်ဖွဲ့နှင့် ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့အစည်းကိုးဖွဲ့မှ စောင့်ကြည့်လေ့လာသူပေါင်း ၇၆၄ ဦးနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ၅၃ ဖွဲ့မှ စောင့်ကြည့်လေ့လာသူပေါင်း ၁၁,၃၇၀ တို့က ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှု၊ ကြိုတင်ဆန္ဒမဲပေးမှုများနှင့် မဲရုံများတွင် ဆန္ဒမဲပေးမှုများကို စောင့်ကြည့်လေ့လာခဲ့ကြသည်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ကြသည့်အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များတွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိကာ အများယုံကြည်လက်ခံသော ရွေးကောက်ပွဲဖြစ်ကြောင်း၊ ချို့ယွင်းချက်အနည်းအကျဉ်းသာ တွေ့ရှိရကြောင်း ဖော်ပြထားသည်။

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲနှင့် ယခုကျင်းပပြီးစီးခဲ့သော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများမှ အတွေ့အကြုံများကို ပြန်လည်ဆန်းစစ်ပြီး အားသာချက်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကာ အားနည်းချက်များကို ပြုပြင်ခြင်းဖြင့် မြန်မာနိုင်ငံ၌ နောင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်ပေသည်။

**တက္ကသိုလ်ဆရာ တစ်ဦး**

**[ဆောင်းပါးရှင် တက္ကသိုလ်ဆရာတစ်ဦးသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်ဦးဝင်းကြည်ဖြစ်ပြီး ၎င်းသည် သစ်တောတက္ကသိုလ်၏ အငြိမ်းစားပါမောက္ခချုပ်တစ်ဦးလည်းဖြစ်သည်။ ဤဆောင်းပါးသည် ၁၀-၁၂-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဖော်ပြခဲ့သောဆောင်းပါးဖြစ်ပြီး အချိန်ကာလအရ ရရှိလာသော အချက်အလက်အသစ်များ ဖြည့်စွက်ကာ စာရေးသူ၏ခွင့်ပြုချက်ဖြင့် ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း (တာဝန်ခံ)]**

# ၂၀၁၅ ခုနှစ် မြန်မာ့ရေကြီးရေလျှံမှုနှင့် ရေလှောင်တမံများ

မြန်မာနိုင်ငံတွင် ရေကြီးမှုအန္တရာယ်များကို တစ်နှစ်လျှင် သုံးကြိမ်ခန့် ကြုံတွေ့ရလေ့ရှိသည်။ နှစ်စဉ် မိုးတွင်းကာလ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လနှင့် မိုးနှောင်းပိုင်း စက်တင်ဘာလနှင့်အောက်တိုဘာလတို့တွင် ဖြစ်ပွားလေ့ရှိကာ မိုးအများဆုံး ရွာသွန်းသော ဩဂုတ်လ (ဝါဆိုဝါခေါင်လများ) တွင် အဆိုးရွားဆုံး ရေဘေးအန္တရာယ်များ ဖြစ်ပေါ်သည်။ ၁၉၁၀ ပြည့်နှစ်နှင့် ၂၀၀၀ ပြည့်နှစ်ကြားကာလအတွင်း မြန်မာတစ်နိုင်ငံလုံးတွင် အဓိက ရေကြီးမှု ၁၂ ကြိမ်ခန့်ပေါ်ပေါက်ခဲ့ရာ မြန်မာနိုင်ငံတွင် ခံစားရလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များ အားလုံး၏ ၁၁ ရာခိုင်နှုန်းမျှ ဖြစ်သည်။

**ရေကြီးမှုဖြစ်စဉ်များ**

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ရေကြီးမှုဖြစ်စဉ်များကို လေ့လာလျှင် အောက်ပါအတိုင်း တွေ့ရှိရသည်။

မြစ်ကြီးများ၏ မြစ်ဖျားပိုင်းတွင် မိုးဆက်တိုက်ရွာသွန်းပြီးနောက် မြစ်အောက်ပိုင်း၌ ဖြစ်ပေါ်သော ရေကြီးခြင်းများ၊ ဒေသအလိုက်ဖြစ်ပေါ်သော ရေကြီးခြင်းများ၊ အထက်အညာမှ စီးဆင်းလာသော မြစ်ရေများနှင့် ပင်လယ်ဒီရေတို့ ဆုံတွေ့သောအခါ ပေါ်ပေါက်သည့်မြစ်ဝကျွန်းပေါ်ဒေသရေကြီးခြင်းများ ဖြစ်သည်။

ဒေသအလိုက် ရေကြီးမှုများတွင် မြို့ပြရေကြီးမှုများသည် မြေအောက်ရေနှင့် အစိုဓာတ်များသော မြေလွှာရှိနေခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်လာသဖြင့် ကွန်ကရစ်လမ်းများ၊ အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်လာ၍ မြေကြီးထဲသို့ ရေစိမ့်ဝင်နှုန်း မကောင်းခြင်း၊ ရေနုတ်မြောင်းနှင့် ရေနုတ်အဆောက်အအုံများ ပြိုပျက်ခြင်း၊ စနစ်တကျတည်ဆောက်မထားခြင်း၊ မြောင်းများ ပိတ်ဆို့နေခြင်း၊ ယာယီရေထိန်းနိုင်သော ကစားကွင်း၊ ပန်းခြံ၊ ရေလှောင်ကန်တို့ လျော့နည်းသွားခြင်းစသည်တို့ကြောင့် ဖြစ်သည်။ ကျေးလက်ဒေသများ၌ မြစ်ချောင်းများပေါ်တွင် တည်ဆောက်ထားသော ရေလှောင်ကန်များ၊ တာတမံများရေကျော်ခြင်း၊ ကျိုးပေါက်ပျက်စီးခြင်းများကြောင့် ရေကြီးသည်။ တောင်တန်းဒေသများဖြစ်သော ကရင်၊ ကချင်၊ ရှမ်း၊ မွန်နှင့်ချင်းတောင်တို့တွင် တောင်ကျရေများကြောင့် လျှပ်တစ်ပြက်ရေကြီးတတ်သည်။ ကချင်ပြည်နယ်ရှိ မေခနှင့်မလိခမြစ်ဆုံရာ ဧရာဝတီမြစ်အစပိုင်းတွင်မူ နွေဦးရာသီ၌ ဆီးနှင်းတောင်များရှိ ရေခဲများစတင်အရည်ပျော်ရာမှ လျှပ်တစ်ပြက်ရေကြီးခြင်းများ မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ဆိုင်ကလုံးနှင့် ပင်လယ်မုန်တိုင်းတိုက်ကာ မုန်တိုင်းဒီရေကြောင့်ဖြစ်ပေါ်သော ရေကြီးမှုများကို ကြုံတွေ့ရတတ်သည်။

ရေကြီးမှုဖြစ်စဉ်သုံးမျိုး၌ မြစ်ကြီးများတွင်ဖြစ်သော ရေကြီးမှုမှာ အများဆုံးဖြစ်သည်။ မြန်မာနိုင်ငံရှိ အဓိက မြစ်ကြီးများ၏ ရေကြီးမှုလက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်သည်။

မြန်မာနိုင်ငံမြောက်ပိုင်းတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့၏ အစပိုင်းရေဝေရေလဲဒေသများ၌ အနည်းဆုံး သုံးရက်ဆက်တိုက် မိုးသည်းထန်စွာရွာသွန်းပါက အောက်ပိုင်းတွင် ရေကြီးမှုများဖြစ်ပေါ်သည်။ ဧရာဝတီမြစ်၏ ရေဝေရေလဲဒေသသည် နိုင်ငံဧရိယာ၏ ၆၀ ရာခိုင်နှုန်းခန့်အထိ ကျယ်ပြန့်ရာ ဧရာဝတီမြစ်နှင့် ယင်း၏ လက်တက်များ ဖြတ်သန်းစီးဆင်းရာ စစ်ကိုင်း၊ ကချင်၊ ရှမ်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ စသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အများအပြားသည် ရေကြီးမှုအများဆုံးခံရသည်။

စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့တွင် တောင်တရုတ်ပင်လယ်၌ဖြစ်ပေါ်သော တိုင်ဖွန်းမုန်တိုင်းနှင့် အပူပိုင်းဒေသမုန်တိုင်းတို့ကြောင့် ဖြစ်ပေါ်သော လေဖိအားနည်းရပ်ဝန်းနှင့်အတူ မိုးရွာသွန်းမှုပုံမှန်ထက်များပြားသည့်အခါ အများအားဖြင့် ရေကြီးခြင်း ဖြစ်ပေါ်သည်။

**ထူးကဲရေကြီးမှုများ**

နှစ်စဉ်ဖြစ်လေ့ရှိသောရေကြီးမှုများသာမက ရာသီဥတုပြောင်းလဲခြင်းကြောင့် ပုံမှန်ထက်လွန်ကဲသော ရေကြီးမှုများကို မြန်မာနိုင်ငံ၌ ကြုံတွေ့လာရရာ ၂၀၁၅ ခုနှစ် ရေကြီးခြင်းသည် ထင်ရှားသော သာဓက ဖြစ်သည်။


ရုပ်ကြွင်းလောင်စာအသုံးပြုမှုလွန်ကဲခြင်း၊ သစ်တော ပြုန်းတီးခြင်းစသည်တို့ကြောင့် ကမ္ဘာနှင့်အဝန်းဖြစ်ပေါ် နေသော ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံရမည့်နိုင်ငံများ စာရင်းတွင် မြန်မာနိုင်ငံသည် ထိပ်ပိုင်းမှ ပါဝင်သည်။ ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်များအနက် တစ်ခုမှာ မိုးရွာသွန်းမှုပုံစံပြောင်းလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ မိုးရာသီကာလသည် တိုတောင်း လာခဲ့ပြီး မိုးရွာသွန်းမှုမှာ အချိန်တိုအတွင်း နေရာ ကွက်၍ မိုးသည်းထန်စွာ ရွာသွန်းလာခဲ့ကြောင်း တွေ့ရှိ ရသည်။ ယင်းသို့ပြောင်းလဲခဲ့သော မိုးရွာသွန်းမှုပုံစံအပြင် ကိုမန်မုန်တိုင်းတိုက်ခတ်ခြင်းတို့၏ အကျိုးဆက်ကြောင့် ၂၀၁၅ ခုနှစ်တွင် နေရာကွက်၍ အချိန်တိုအတွင်း မိုးကြီးကာ လျှပ်တစ်ပြက်ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ရေလှောင်တမံများ၏ ရေပိုလွှဲများမှ ရေကျော်ခြင်း၊ မြေပြိုခြင်းစသည်တို့ကြောင့် ရှောင်တိမ်းချိန်မရဘဲ ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ ဆုံးရှုံးရသည်။

ရေကြီးမှုများကြောင့် အထက်အညာမြစ်ဝှမ်းဒေသ များမှ သယ်ဆောင်လာကာ ရေလွှမ်းရာမြေပြင်ပေါ်သို့ ဖြတ်သန်းပို့ချပေးသော အနည်နှင့်နုန်းများတွင် စိုက်ပျိုး ပင်တို့အတွက် သဘာဝမြေဆီမြေနှစ်များပါလာခြင်း၊ ရေထဲတွင် ငါးစသော ရေသတ္တဝါတို့အတွက် အာဟာရ များပါဝင်ခြင်းစသည့် ကောင်းကျိုးများကိုရရှိသော် လည်း အဓိကမြစ်ကြီးများတွင် အနည်ကျနုန်းတင်ပြီး ချောင်းမြောင်းများတိမ်ကောခြင်း ဆိုးကျိုးလည်းဖြစ်ပေါ် သည်။ ရလဒ်အနေဖြင့် မြစ်ကြီးများတစ်လျှောက်နေရာ အများအပြားတွင် ရေကြီးမှုအကြိမ်များလာသည်သာမက ပမာဏလည်း ကြီးထွားလာသည်။ ဥပမာ ဧရာဝတီ မြစ်ထဲတွင် နှစ်စဉ်နုန်းပို့ချမှုပမာဏသည် တန်ချိန် သန်းပေါင်း ၃၀၀ မှ ၄၀၀ အထိရှိနေရာ ယင်းနုန်းများ ကြောင့် မြစ်ချောင်းများတိမ်ကောကာ ရေကြီးမှု ပိုမို ဆိုးရွားလာသည်။

**မုတ်သုံမိုး**

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ဒုတိယပတ်အတွင်း ပြင်းထန်စွာ ရွာသွန်းသောမုတ်သုံမိုးကြောင့် စစ်ကိုင်းတိုင်း



**ကန့်ဘလူမြို့နယ်ရှိ မင်းမြင်တမံထိပ်မှ ရေကျော်နေပုံ**

ဒေသကြီး၊ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်နှစ်ခုကြားရှိ ဒေသများတွင် ရေကြီးခြင်းများ၊ ရေလှောင်တမံ ရေပိုလွှဲများမှ ရေကျော်ခြင်းများဖြစ်ပေါ်ခဲ့သည်။ မုံရွာမြို့နှင့် ပဲခူးမြို့တို့တွင် ၄၃ နှစ်အတွင်း ဒုတိယအများဆုံးမြစ်ရေများ စံချိန်တင်တက်ခဲ့ပြီး ရွှေကျင်မြို့တွင်လည်း ၄၄ နှစ်အတွင်း တတိယ အမြင့်ဆုံးစံချိန်တင်မြစ်ရေတက်ခဲ့သည်။

အချိန်တိုအတွင်း ပြင်းထန်စွာရွာသွန်းသော မိုးကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဖန်းဆိပ် ရေလှောင်တမံနှင့် ကင်းတပ်ရေထိန်းတမံတို့တွင် စီးဝင်ရေမြင့်မားခဲ့သဖြင့် ရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ရေတံခါးများမှ ရေကြိုတင်ထုတ်နုတ်ခဲ့ရသည်။

ကန့်ဘလူမြို့နယ် မင်းမြင်ရေလှောင်တမံတွင် တမံပေါ်မှ ရေကျော်စီးဆင်းခဲ့သည်။ မင်းမြင်ဆည်၏ တမံအမြင့်မှာ ၈၈ ပေဖြစ်ပြီး အလျား ၂၃၅၀ ပေရှိသည်။ တမံ၏မိုးရေချိန်စခန်းရှိ တစ်လအတွင်း အများဆုံးမိုးရေချိန်သည် ၂၀၁၃ ခုနှစ်က ၁၅ ဒသမ ၆၇ လက်မရှိခဲ့သည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ ၁၉ ရက်အတွင်း ၃၀ ဒသမ ၁၇ လက်မရွာသွန်းခဲ့ရာ စံချိန်ဟောင်းထက် နှစ်ဆခန့်များပြားသည်။ ဇူလိုင်လ ၁၈ ရက်တစ်ရက်တည်းတွင် ၁၀ ဒသမ ၆၆ လက်မ ရွာသွန်းခဲ့သည့်အတွက် ယင်းနေ့ ၉း၂၀ နာရီတွင် တမံပေါ်မှ ရေစတင်ကျော်ခဲ့သည်။ ရေကျော်ပမာဏမှာ ၂ ဒသမ ၃ ပေသာဖြစ်ပြီး ရေကျော်ချိန် သုံးနာရီသာရှိခဲ့၍ အချိန်တိုတောင်းသဖြင့် တမံကိုယ်ထည်အနည်းငယ် ရေစားသွားသည်မှအပ ကြီးကြီးမားမားမပျက်စီးခဲ့ပေ။

## ကိုမန်မုန်တိုင်း

ဘင်္ဂလားပင်လယ်အော်အတွင်း၌ ဖြစ်ပေါ်ခဲ့ကာ မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကြားမှတစ်ဆင့် ဇူလိုင်လ ၃၀ ရက်တွင် ဘင်္ဂလားဒေ့ရှ်ကုန်းပိုင်းသို့ ဝင်ရောက်ခဲ့သည့် ကိုမန်မုန်တိုင်း၏အရှိန်ကြောင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် ရေကြီးမှု၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့သည်။ မကွေးတိုင်းဒေသကြီးတွင် ရေကြီးမှုကြောင့် ရေလှောင်တမံများ ရေပြည့်လျှံ၍ ရေပိုလွှဲမှရေကျော်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ချင်းတောင်တန်းနှင့် ဆက်စပ်ပြီး မင်းဘူးခရိုင်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မုန်းချောင်းပေါ်တွင် မုန်းတမံနှင့် ကြီးအုံကြီးဝ တမံ၊ မန်းချောင်းပေါ်တွင် မန်းတမံ၊ စလင်းချောင်းပေါ်တွင် စလင်းတမံတို့သည် ကန်ရေပြည့်ရေလှောင် ပမာဏထက် များစွာကျော်လွန်ပြီး ရေပိုလွှဲအသီးသီးမှ မျှော်မှန်းမထားသော ရေထုထည်ဖြင့် ကျော်ကျစီးဆင်းခဲ့၍ တမံကြီးများ၏တည်ငြိမ်မှုနှင့် လုံခြုံမှုကိုပါ ခြိမ်းခြောက်ခံရသည့်အနေအထားသို့ ရောက်ရှိခဲ့သည်။

အဆိုပါတမံကြီးများအနက် အရွယ်အစားရော၊ ရေလှောင်ပမာဏပါ အကြီးမားဆုံးဖြစ်သည့် မုန်းချောင်း ရေလှောင်တမံတွင် ဇူလိုင်လ ၃၁ ရက်က ရေလွတ် တာပေါင်အမြင့်ပေ ၄၀ ရှိသည့်အနက် ၄ ပေခန့်သာ ကျန်ရှိတော့သည့် အခြေအနေသို့ရောက်ရှိပြီး တမံထိပ်မှ ကျော်ကျလုနီးပါးဖြစ်ခဲ့သဖြင့် အလွန်စိုးရိမ်ရသည့် အခြေအနေသို့ရောက်ရှိခဲ့သည်။ မုန်းတမံ၏အောက်ဘက် ၁၅ မိုင်ခန့်အကွာတွင် တည်ဆောက်ထားသော ကြီးအုံကြီးဝတမံတွင်လည်း ယင်းနေ့တွင်ပင် ရေကြီးမှု ဖြစ်ခဲ့သည်။

ကိုမန်မုန်တိုင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မြစ်သာမြစ်တွင် ဇူလိုင်လ နောက်ဆုံးပတ်မှ စ၍ စံချိန်တင်ရေကြီးခဲ့သည်။ မြစ်သာမြစ်အနီး ပြင်သာကျေးရွာ၏ ၂၆ နှစ်တာ မှတ်တမ်းများအရ ၂၀၁၅ ခုနှစ် ရေကြီးမှုမှာ အမြင့်ဆုံးဖြစ်သည်။ အကြောင်းရင်းမှာ ကလေးဝအနီး ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်ပေါင်းဆုံသည့်နေရာသည် ပုလင်းလည်ပင်းကဲ့သို့ဖြစ်နေ၍ ရေပြင်မြင့်တက်လာသောအခါ ရေထွက်ရန် ကြာရှည်သဖြင့် မြစ်ရေတွင်ပါလာသော နုန်းများထိုင်ခြင်းကြောင့် ဖြစ်နိုင်သည်။

ဂြိုဟ်တုဓာတ်ပုံဖြင့် ခန့်မှန်းချက်အရ စုဆောင်းမိသောရေပမာဏသည် ၆၄ ဘီလီယံကုဗပေခန့်ရှိသည်။ ယင်းမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ သဖန်းဆိပ် ရေလှောင်တမံ ရေလှောင်နိုင်မှု၏ထက်ဝက်ဖြစ်သည်။ ၂၀၁၅ ခုနှစ် မြစ်သာမြစ်ရေကြီးခြင်းတွင် မဏိပူရ မြစ်ရေကြီးခြင်း၊ နေရဉ္စရာမြစ်ပေါ်ရှိ ရာဇဂြိုဟ် ရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်ကျမှုနှင့် ချင်းတောင်မှ မြစ်ဖျားခံပြီး မြစ်သာမြစ်အတွင်း စီးဝင်သောချောင်း

မြောင်းများမှ ရေစီးဆင်းလာမှုများ ပါဝင်သည်။ ရေကြီးသည့်အချိန်တွင် ရာဇဗြိုဟ်ရေလှောင်တမံ ရေပိုလွှဲမှ ၄ ဒသမ ၅ ပေ ရေကျော်ခဲ့သော်လည်း တမံတွင် တစ်စုံတစ်ရာထိခိုက်မှု မရှိခဲ့ချေ။

ထိုနည်းတူ ချင်းတွင်းမြစ်ရေကြောင့် မုံရွာမြို့တွင် ရေကြီးခဲ့သည်။ မုံရွာမြို့၏ ၁၈ နှစ်တာ ကာလအတွင်း ရေကြီးမှုမှတ်တမ်းများကို လေ့လာ၍ ကြိမ်နှုန်းဆန်းစစ်မှု ပြုလုပ်ခဲ့ရာ ၂၀၁၅ ခုနှစ် ရေကြီးမှုသည် ၂၅ နှစ်မှ နှစ် ၅၀ အထိ ကာလအတွင်း တစ်ကြိမ်သာ ဖြစ်နိုင်သည့် ရေကြီးမှုမျိုးဖြစ်သည်။ ဒေသခံများ၏ အဆိုအရလည်း လွန်ခဲ့သောနှစ် ၅၀ အတွင်း တောင်ပြိုကျမှုများကြောင့် နေအိမ်ပေါင်း ၁,၁၀၀ ကျော် ပြိုကျပျက်စီးခဲ့ကာ ပြောင်းရွှေ့ရန်လိုအပ်သော အိမ်ခြေ ၂,၈၀၀ ကျော်နှင့် လူဦးရေ ၁၄,၉၀၀ ကျော် သဘာဝဘေးသင့်ခဲ့ပြီး ကျပ်သန်းပေါင်း ၃,၀၀၀ ကျော် ဆုံးရှုံးခဲ့ရသည်။ လမ်းပန်းဆက်သွယ်ရေးလည်း ပြတ်တောက်ခဲ့သည်။ တွန်းဇံမြို့နယ်၊ ဟားခါးလေး ကျေးရွာတွင် စီးဆင်းလာသော ရွှံ့ညွန်ရေများကြောင့် ရွာလုံးကျွတ်နီးပါး အိမ်များမျောပါခဲ့သော်လည်း လူအသေအပျောက် မရှိခဲ့ချေ။

ရခိုင်ပြည်နယ်အတွင်း ကျောက်တော်၊ မင်းပြားနှင့် မြောက်ဦးမြို့နယ်တို့သည် အထိခိုက်ဆုံးဒေသများ



ချင်းပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားနေပုံ

ယခုကဲ့သို့ ရေကြီးခြင်းမျိုး တစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးသေးကြောင်း အတွေ့အကြုံဖြင့် ယှဉ်သော နှုတ်ပြောမှတ်တမ်းအဖြစ် သိရှိရသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်နှင့် ဩဂုတ်လဆန်းပိုင်းအတွင်း ချင်းပြည်နယ် အနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ ကန်ပက်လက်၊ မတူပီ၊ ပလက်ဝဟူသော မြို့နယ်ပေါင်း ကိုးမြို့နယ်အတွင်း မိုးရေ၊ တောင်ကျရေများနှင့်အတူ မြေပြိုဖြစ်ကြသည်။ ယင်းမြို့နယ်ရှိ အချို့သော ကျေးရွာများမှာ ရေပတ်လည်ဝိုင်းနေသည့်အတွက် သွားရောက်ရန်ခက်ခဲရာ လေတပ်မှရဟတ်ယာဉ်များ၏ အကူအညီဖြင့် စားနပ်ရိက္ခာများကို ပေးပို့ခဲ့ရသည်။ အထူးသဖြင့် သောက်ရေကန်များကို ရွှံ့ရည်များ၊ ဆားငန်ရည်များ ဖုံးလွှမ်းသွားသည့်အတွက် သောက်ရေပြတ်လပ်သွားသဖြင့် ရေသန့်ဘူးများ၊ ရေသန့်ဆေးပြားများကို အရေးပေါ် ဝေငှပေးခဲ့ရသည်။ ဇူလိုင်လ ၂၇ ရက်တွင် စစ်တွေနှင့် မြောက်ဦးအကြား ကားလမ်းရေကျော်သွား

ခဲ့ပြီး ၂၈ ရက်မှစ၍ ပြတ်တောက်သွားခဲ့သည်။ လေးမြို့မြစ်ရေမြင့်တက်သဖြင့် မင်းပြားမြို့ပေါ်လမ်းအချို့ ရေလွှမ်းခဲ့သည်။ ဇူလိုင်လ ၂၈ ရက်နှင့် ၂၉ ရက်များတွင် အဆိုးဆုံးရေကြီးခဲ့ပြီး ကျောက်တော်မြို့နယ်တွင် ကျေးရွာ ၅၀ ကျော် ရေလွှမ်းခဲ့သည်။

၂၀၁၅ ခုနှစ်၊ ဇွန်လမှစတင်၍ မြန်မာပြည်အထက်ပိုင်းတွင် မိုးရွာသွန်းမှုများပြားသဖြင့် ဇွန်လပထမပတ်မှစတင်၍ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် မြစ်ရေများ တဖြည်းဖြည်းချင်း မြင့်တက်ခဲ့သည်။ ယင်းသို့ မြင့်တက်လာသောမြစ်ရေသည် ကိုမန်မုန်တိုင်း၏အရှိန်ကြောင့် ဇူလိုင်လတစ်လလုံး ဆက်လက်မြင့်တက်ခဲ့သည်။ အဆိုပါ မြစ်နှစ်မြစ်တို့၏ ရေများသည် ဧရာဝတီမြစ်ဝကျွန်းပေါ်သို့ ဩဂုတ်လပထမပတ်အတွင်းရောက်ရှိပြီး ကြံခင်းမြို့၊ မြန်အောင်မြို့၊ ဟင်္သာတမြို့၊ ဓနုဖြူမြို့နှင့် လေးမျက်နှာမြို့တို့တွင် ၂၀၁၄ ခုနှစ်က အမြင့်ဆုံးတက်ခဲ့သည့် ရေမှတ်များအထက်သို့ ထူးကဲစွာကျော်လွန်ရောက်ရှိခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် မိုးရာသီမြစ်ရေကြီးမှုကိုကာကွယ်ရန် တာတမံများတည်ဆောက်ထားရှိသော်လည်း အဆမတန်တက်လာသော မြစ်ရေများကြောင့် တာတမံအသီးသီးတွင် ရေစိမ့်ပြီးရေပေါက်များဖြစ်ပေါ်ခြင်း၊ ကုန်းဘက်ပိုင်းတာတမံအခြေတွင်ရေနူးပြီး သဲဗွက်ထခြင်း၊ ရေကြီးချိန်ကြာမြင့်လာသဖြင့် တာတမံအိကျနိမ့်ဆင်းခြင်းနှင့် တာတမံဆင်ခြေလျှောတွင် တာလျှောခြင်းစသည့် ရေဘေးအန္တရာယ်မျိုးစုံပေါ်ပေါက်ခဲ့သည်။

၂၀၁၅ ခုနှစ် ရေကြီးမှု၊ မြေပြိုမှုတို့ကြောင့် မြန်မာတစ်နိုင်ငံလုံးတွင် လယ်မြေဧကပေါင်း ၁ ဒသမ ၅ သန်းကျော် ရေကြီးနစ်မြုပ်ခဲ့ပြီး စပါးစိုက်ဧက ၁ သန်းခန့်လုံးဝပျက်စီးခဲ့သည်။ လူပေါင်း ၁ ဒသမ ၆ သန်း ကျော်ထိခိုက်ပြီး အိမ်ထောင်စု ၅ သိန်းခန့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ လူဦးရေ ၁၀၀ ကျော်အသက်ဆုံးရှုံးသည်။

၂၀၁၅ ခုနှစ် မြန်မာ့ရေဘေးနှင့် ဆက်စပ်ပြီး ရေလှောင်တမံများကြောင့် ရေကြီးသည် သို့မဟုတ် ရေကြီးမှု ပိုမိုဆိုးရွားသည်ဟု အချို့က လွဲမှားစွာထင်မြင်ယူဆနေကြသည်။ ယင်းယူဆချက် မှားယွင်းကြောင်း မှန်းချောင်းဖြစ်စဉ်ကို လေ့လာလျှင်သိနိုင်သည်။



**မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်းများဖြစ်ပွားစဉ်**

## ၂၀၁၅ ခုနှစ် မြန်မာ့ရေကြီးရေလျှံမှုနှင့် ရေလှောင်တမံများ

မုန်းချောင်းတမံတွင် ၃၁-၇-၂၀၁၅ ရက် အများဆုံး ရေဝင်ရောက်မှုကို တွက်ချက်ကြည့်ရာ ဝင်ရေမှာ တစ်စက္ကန့်လျှင် ၄၅၃,၅၆၇ ကုဗပေဖြစ်ပြီး ရေပိုလွှဲမှ ထွက်ရေမှာ တစ်စက္ကန့်လျှင် ၂၃၂,၄၁၀ ကုဗပေဖြစ်သည်။ ဝင်ရေ၏ထက်ဝက်ခန့်ကို တမံကလျှော့ချနိုင်ပြီး ဆက်လက်၍ ၇ နာရီခန့် ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း တွေ့ရ၍ တမံအောက်ဘက်တွင်နေထိုင်သူများ ကြိုတင်ပြင်ဆင်ရန် အချိန်ရရှိသည်။ အကယ်၍သာ တမံမရှိပါက ပြင်ဆင်ချိန်ရနိုင်ဖွယ်ရာ မရှိချေ။

အနာဂတ်ရေကြီးမှုများ၏ဒဏ်မှ သက်သာရာရစေရန် နည်းလမ်းများကို ယခုကပင် ကြိုတင်စဉ်းစားလုပ်ဆောင်သင့်သည်။ ဥပမာ ကလေးမြို့တွင် ၂၀၁၅ ခုနှစ်ကကဲ့သို့ ရေကြီးမှုမျိုး နောင်ထပ်မံမဖြစ်ပေါ်စေနိုင်ရန် မြစ်သာမြစ်ရှိ အဆီးအတားကျောက်ဆောင်များကို ဖယ်ရှားခြင်း၊ မြစ်သာရေလှောင်တမံစီမံကိန်း၊ မဏိပူရရေလှောင်တမံစီမံကိန်းနှင့် ချင်းတောင်မှ မြစ်ဖျားခံပြီး မြစ်သာမြစ်အတွင်းစီးဝင်သော အခြားချောင်းမြောင်းများပေါ်တွင် တည်ဆောက်ရန်ရှိသည့်စီမံကိန်းများကို အလျင်အမြန်ပြီးစီးအောင် လုပ်ဆောင်သင့်သည်။ သို့မှသာ ကလေးမြို့၏ ရေဘေးအန္တရာယ် လုံခြုံမှုရှိမည် ဖြစ်သည်။

အရေးကြီးသောအခြားအချက်များမှာ ရေဝေရေလဲဒေသများရှိ သစ်တောများကို ထိန်းသိမ်းခြင်း၊ ပြန်လည်စိုက်ပျိုးခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေအသုံးချရေးကို နည်းမှန်လမ်းမှန်နှင့် စနစ်တကျ ဆောင်ရွက်ခြင်းနှင့် မြေအသုံးချရေးမူဝါဒနှင့် နည်းဥပဒေများကို အကောင်အထည်ဖော်ရန်နှင့် တိကျစွာလိုက်နာရန် လိုအပ်သည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့ရေသယံဇာတစနစ်ကို လေ့လာရာတွင် အသုံးပြုကြသည့် "တည်ငြိမ်မှုသီအိုရီ" သည် မေးခွန်းထုတ်စရာဖြစ်လာသည်။ တည်ငြိမ်မှုသီအိုရီအရ သဘာဝစနစ်ကြီးသည် အကန့်အသတ်ရှိသော နယ်နိမိတ်များထဲတွင်သာ ရွေ့လျားကြ၊ အတက်အကျဖြစ်ကြသည်ဟု ဆိုထားသည်။ အဓိပ္ပာယ်မှာ ရေလွှမ်းလျှင် အများအားဖြင့် ကန့်သတ်ဘောင်အတွင်း၌သာ လွှမ်းသည်၊ ထို့ထက်ပို၍ မလွှမ်း။ မိုးခေါင်လျှင်လည်း အများအားဖြင့် ဘောင်အတွင်း၌သာ ခေါင်သည်၊ ထို့ထက်ပို၍ မခေါင်။

သို့သော် လက်ရှိရေသံသရာလည်မှုသည် ရှေးကနှင့် မတူတော့ဘဲ "ဘောင်ကျော်" နေ၊ အပြောင်းအလဲများနေရာ အင်ဂျင်နီယာတို့က ရေနှင့်ဆက်စပ်သည့် အဆောက်အအုံများကို တွက်ချက်ပုံစံထုတ်ရာတွင် အတိတ်က အချက်အလက်များ၊ ယူဆချက်များ၊ သီအိုရီများကို မှီငြမ်းအားကိုးရန် လုံလောက်သည့် အနေအထားမရှိတော့သည့် အခြေအနေသို့ ရောက်နေသည်။

မြင့်မားပြီး သိုလှောင်ရေပမာဏများပြားသည့် ရေလှောင်တမံကြီးများ၏ အောက်ဘက်တွင် လူနေထူထပ်သည့် မြို့ရွာများ၊ လမ်းတံတားများ တည်ရှိသဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်ကြောင့် တမံ၏ ခိုင်ခံ့မှုနှင့် လုံခြုံစိတ်ချရမှုတို့ကို ခြိမ်းခြောက်သည့် ချို့ယွင်းပျက်စီးမှု တစ်စုံတစ်ရာဖြစ်ပေါ်ပါက ဆုံးရှုံးမှုပမာဏများပြားနိုင်သဖြင့် တမံများ၏ဒီဇိုင်းများကို မဖြစ်မနေ အသစ်ပြန်လည်စိစစ် ဆောင်ရွက်ရမည်ဖြစ်သည်။ ရေပိုလွှဲဒီဇိုင်းများကို ပြန်လည်စိစစ်ပြီး အကူရေပိုလွှဲများ၊ အရေးပေါ်ရေပိုလွှဲများကို တွက်ချက်ထည့်သွင်းတည်ဆောက်သွားရန် လိုအပ်သည်။

ထို့မျှမက လွန်ကဲသောရေဘေးအန္တရာယ်များ၏ အကြောင်းရင်းခံဖြစ်သော ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့် ရုပ်ကြွင်းလောင်စာများကို အသုံးပြုရာ၌ လျှော့ချရေး၊ သဘာဝသယံဇာတများဖြစ်ကြသော သစ်တော၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ သတ္တုစသည်တို့ကို ခုတ်လှဲထုတ်ယူတူးဖော်အသုံးပြုရာ၌ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် ရေရှည်အသုံးပြုနိုင်ရေးတို့ကိုပါရည်ရွယ်၍ အလေးဂရုပြုဖြေရှင်းရန် အခြေအနေများက တောင်းဆိုလျက်ရှိပေသည်။

**ဦးဇော်ဝင်း (ဆည်မြောင်း)**
**ဦးအေးမြင့် (ညောင်တုန်း)**
**ကျော်ဦး**

# ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

နိုင်ငံတော်၏လူမှုရေး၊ စီပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများဆောင် ရွက်ရာတွင် အခြေခံအသုံးပြုရသည့် လူဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များကို လူဦးရေသန်းခေါင် စာရင်းမှ ရရှိသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနသည် နှစ်ပေါင်း (၃၀) ကျော် ကောက်ယူနိုင်ခြင်း မပြုနိုင်ခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့သည်။

**သန်းခေါင်စာရင်းကောက်ယူရန် ဖြစ်ပေါ်လာပုံ** - ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်၊ အစိုးရသစ် စတင် တာဝန်ယူပြီးချိန်တွင် လက်ရှိနှင့် အနာဂတ်စီမံကိန်းများ ရေးဆွဲရာ၌ မှန်ကန်တိကျသည့် လူဦးရေနှင့် လူမှုစီးပွားရေး ဆိုင်ရာအချက်အလက်များ ရရှိရန် လိုအပ်လာခြင်း၊ ၂၀၁၁ ခုနှစ်၊ မတ်လ ၁၅ ရက် ပထမအကြိမ် ပြည်သူ့ လွှတ်တော်၊ ဒသမနေ့အစည်းအဝေးတွင် မိုင်းပန် မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းခဲ့ခြင်းကြောင့် ပြည်သူ့ဆန္ဒနှင့်အညီ အစိုးရအဖွဲ့သက်တမ်းအတွင်း သန်းခေါင်စာရင်း ကောက်ယူရေးအစီအမံကို စတင်ချမှတ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်နိုင်ရေး အတွက် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းထိပ်သီး အစည်းအဝေးတွင် နိုင်ငံတော်သမ္မတနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့



**သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးစဉ်**

တွေ့ဆုံညှိနှိုင်းပြီး သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအတွက် ကုလသမဂ္ဂက အကူအညီပေးရန် သဘောတူညီခဲ့ကြသည်။ ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားတို့သည် ၃၀-၄-၂၀၁၂ ရက်တွင် နေပြည်တော်၌ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီး သန်းခေါင်စာရင်းစီမံချက်လုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအလှူရှင်များ၏ ငွေကြေးနှင့်နည်းပညာကူညီမှုများဖြင့် စတင်ဆောင်ရွက်ခဲ့သည်။

**သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစီမံချက်** - ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစီမံချက်ကို ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ စာရင်းကောက်လုပ်ငန်း၊ စာရင်းပြုစုခြင်းလုပ်ငန်း၊ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာပြုစုထုတ်ပြန်ခြင်းလုပ်ငန်းဟူ၍ လုပ်ငန်းကြီး ၄ ရပ်ဖြင့် ဆောင်ရွက်ခဲ့သည်။

**ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း** - မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နှစ်ပေါင်း ၃၀ ကြာ ကောက်ယူနိုင်ခြင်း မပြုနိုင်ခဲ့သဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်တစ်ခုလုံးကို ၃၅ လကြာအချိန်ယူ ပြင်ဆင်ခဲ့ရသည်။ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းတွင် အခြေခံဒေသစာရင်း (အိမ်ထောင်စုနှင့်လူဦးရေစာရင်း) ပြုစုခြင်းလုပ်ငန်း၊ သန်းခေါင်စာရင်းကော်မရှင်နှင့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ မြေပုံရေးဆွဲခြင်းလုပ်ငန်း၊ မေးခွန်းပုံစံနှင့် လက်စွဲစာစောင်ပြုစုခြင်းလုပ်ငန်း၊ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပုံစံများပုံနှိပ်ခြင်းနှင့် ဖြန့်ဝေခြင်းလုပ်ငန်း၊ OMR နည်းပညာအသုံးပြုမည့်စက်များ တပ်ဆင်ခြင်းလုပ်ငန်း၊ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းနှင့် စာရင်းစစ်၊ စာရင်းကောက်များခန့်ထားခြင်းလုပ်ငန်းတို့ပါဝင်သည်။

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရာတွင် အဓိကကျသည့် စာရင်းကောက်ကွက်များဖွဲ့စည်းနိုင်ရန် မြေပြင်အခြေအနေနှင့်ကိုက်ညီသည့် အခြေခံဒေသလူဦးရေစာရင်းများကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၁ ခုနှစ်၊ မေလတွင် စတင်ဆောင်ရွက်ခဲ့သည်။ ယင်းနောက် လုပ်ငန်းဆောင်ရွက်ရာတွင် စနစ်တကျကြပ်မတ်လမ်းညွှန်မှုပြုပေးရန်နှင့် လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၁ ဖြင့် ၂၂-၁၂-၂၀၁၁ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်တွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နာယကအဖြစ် ဦးဆောင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ နယ်မြေဧရိယာများ ကျန်ခြင်း၊ ထပ်ခြင်းမရှိစေဘဲ စနစ်တကျကောက်ယူနိုင်ရန်အတွက် မြေပုံငါးမျိုးရေးဆွဲခြင်း၊ အဆောက်အအုံစာရင်းတင်ခြင်းနှင့် စာရင်းကောက်ကွက်ခွဲခြင်းလုပ်ငန်းများကို ၂၀၁၂ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သည်။ မြေပုံများရေးဆွဲရာတွင် လွယ်ကူလျင်မြန်စေရန် ခေတ်မီ Geographical Information System (GIS) စနစ်ကို အသုံးပြု၍ UTM (Universal Transverse Mercator System) သုံးမြေပုံများကို Scan များဆွဲခြင်း၊ UTM မြေပုံပေါင်း ၁,၁၃၄ ပုံကို GIS Software အသုံးပြု၍ ပေါင်းစပ်ခြင်းများပြုလုပ်ပြီး မြို့နယ်မြေပုံကြမ်းများကို ထုတ်လုပ်ခဲ့သည်။ အဆိုပါ မြေပုံကြမ်းများကို အခြေခံ၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဝန်ထမ်းများက သတ်မှတ်ချိန်အတွင်း မြေပုံငါးမျိုးကို ရေးဆွဲနိုင်ခဲ့သည်။ စာရင်းကောက်ကွက်ဖွဲ့စည်းခြင်းနှင့် အဆောက်အအုံစာရင်းတင်ခြင်းသင်တန်းကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ပို့ချခဲ့ပြီး စာရင်းကောက်ကွက်မြေပုံရေးဆွဲခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ်၊ ဇွန်လတွင် စတင်ဆောင်ရွက်ခဲ့သည်။ စာရင်းကောက်ကွက်မြေပုံပေါင်း ၈၀,၅၅၆ ကို တစ်နှစ်



**စာရင်းပြုစုခြင်းလုပ်ငန်းဆောင်ရွက်ရန် Optical Mark Recognition (OMR) Scanner စက်များဖြင့် လေ့ကျင့်ဆောင်ရွက်နေစဉ်**

တာကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုမည့် မေးခွန်းပုံစံပြုစုခြင်းကို နိုင်ငံတကာကျွမ်းကျင်ပညာရှင်များဖြင့် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် အချက်အလက်အသုံးပြုသူများ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး မေးခွန်းပုံစံများကို ချပြဆွေးနွေးခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲမှ အကြံပြုချက်များအပေါ် မူတည်၍ လိုအပ်သည့်အချက်အလက်များ ပြင်ဆင်ခြင်း၊ အတည်ပြုခြင်းများပြုလုပ်ပြီး အိမ်ထောင်စုများကို မေးမြန်းသည့် မေးခွန်းပေါင်း ၄၁ ချက်ပါရှိသော အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းများတွင် နေထိုင်သူများကို မေးမြန်းသည့်မေးခွန်းပေါင်း ၁၁ ချက် ပါရှိသောအဖွဲ့အစည်းမေးခွန်းပုံစံနှစ်မျိုးတို့ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အပြီးသတ်ပြုစုနိုင်ခဲ့သည်။

သန်းခေါင်စာရင်းကောက်ယူရန် ခေတ်နှင့်လျော်ညီသည့် သန်းခေါင်စာရင်းဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းနိုင်ရေးအတွက် ၂၀၁၃ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်သို့တင်ပြခဲ့ပြီး အခန်း ၇ ခန်းနှင့် ပုဒ်မ ၂၇ ခုပါဝင်သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေအမှတ် ၁၉ ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုမည့်မေးခွန်းပုံစံများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းစနစ်များနှင့် စက်ကိရိယာများကို စမ်းသပ်သည့်အနေဖြင့် စမ်းသပ်သန်းခေါင်စာရင်းကို သန်းခေါင်စာရင်းမကောက်မီ တစ်နှစ်တိတိအလို ၂၀၁၃ ခုနှစ်၊ မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်အထိ ဆောင်ရွက်ခဲ့သည်။ စမ်းသပ်သန်းခေါင်စာရင်းတွင် မြို့နယ် ၂၀ ရှိ မြို့ရပ်ကွက် ၅ ခုနှင့် ကျေးရွာအုပ်စု ၁၅ ခုတွင် ကောက်ကွက် ၅ ခုစီ ရွေးချယ်၍ ကောက်ကွက် ၁၀၀ တွင် စာရင်းစစ် ၂၀ ဦး၊ စာရင်းကောက် ၁၀၀ ဦး ကိုအသုံးပြု ကောက်ယူခဲ့သည်။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် အသုံးပြုမည့်မေးခွန်းပုံစံနှစ်မျိုး၊ စာရင်းကောက်ယူရေးအတွက် လက်စွဲစာစောင်သုံးမျိုး၊ စာရင်းပြုလုပ်ငန်းအတွက် လက်စွဲစာစောင်တစ်မျိုးနှင့် စာရင်းကောက်ယူရာတွင် အသုံးပြုမည့် အစီရင်ခံစာပုံစံ ၁၃ မျိုး ရိုက်နှိပ်

သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို အများပြည်သူများ အလွယ်တကူ သိရှိလေ့လာနိုင်ရန် အတွက် တိုင်းရင်းသားဘာသာစကား ၁၇ မျိုးဖြင့် လက်ကမ်းစာစောင်ပြုစုခြင်းနှင့် ပုံနှိပ်ဖြန့်ဝေခြင်း၊ ၂၀၁၄ ခုနှစ်ကို သန်းခေါင်စာရင်းနှစ်အထိမ်းအမှတ်အဖြစ် တံဆိပ်ခေါင်းများထုတ်ဝေခြင်း၊ ဂျာနယ်များ၊ သတင်းစာ၊ စာစောင်များတွင် ထည့်သွင်းခြင်း၊ သီချင်းစပ်ဆိုရေးသား ခြင်းနှင့်ထုတ်လွှင့်ခြင်း၊ Website တည်ဆောက်ခြင်းနှင့် Facebook ထူထောင်ခြင်း၊ သန်းခေါင်စာရင်းအထိမ်း အမှတ်အခမ်းအနား (Census Launching Ceremony) ကျင်းပခြင်းများကို ပြုလုပ်ခဲ့သည်။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် အနုပညာရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ နိုင်ငံတစ်ဝန်းသို့ အနုပညာရှင်များဦးဆောင်သည့် အဖွဲ့နှစ်ဖွဲ့သည် လှည့်လည်ဖျော်ဖြေဟောပြော စည်းရုံးခြင်း၊ TV Spot များ၊ တွေ့ဆုံမေးမြန်းခန်းများကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်း၊ Hot Line များတပ်ဆင်၍ ဖြေကြားခြင်း၊ Sky Net ရုပ်သံ Channal -9 တွင် ၂၄ နာရီပတ်လုံး နိုင်ငံတစ်ဝန်းသို့ ထုတ်လွှင့်ခဲ့ခြင်း၊ ရုပ်မြင်သံကြား/သတင်းမီဒီယာများမှ လှုံ့ဆော်ရေး အစီအစဉ်များထုတ်လွှင့်ခြင်း၊ နေ့စဉ်သန်းခေါင်စာရင်း သတင်းလွှာထုတ်ဝေခြင်းစသည့် လူထုအသိပညာပေး လုပ်ငန်းများကို သုံးနှစ်တာကာလအတွင်း အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည်။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းအတွက် အသုံးပြုမည့်စာရင်းကောက်အဖြစ် မူလတန်းပြဆရာ/ ဆရာမ ၁၀၀,၀၀၀ ခန့်နှင့် စာရင်းစစ်အဖြစ် အလယ် တန်းပြနှင့် အထက်တန်းပြ ဆရာ/ဆရာမ ၂၀,၀၀၀ ဦး ရရှိရန် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဦးဆောင်မည့်တာဝန်ရှိပုဂ္ဂိုလ်များ၊ စာရင်းစစ်များနှင့် စာရင်းကောက်သူများအနေဖြင့် ညွှန်ကြားချက်များကို ပြည့်စုံစွာသိရှိနိုင်ရန်အတွက် စာရင်းစစ်၊ စာရင်းကောက် သင်တန်းကို ဗဟိုအဆင့်နည်းပြသင်တန်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်အထူးနည်းပြသင်တန်း၊ ခရိုင်အဆင့် နည်းပြသင်တန်း၊ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်း ကောက်သင်တန်းဟူ၍ အဆင့်လေးဆင့်ခွဲပြီး ဆောင်ရွက်

ခြင်းကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ စတင်ဆောင်ရွက် ခဲ့သည်။ ရိုက်နှိပ်ပြီးပုံစံများကိုထုပ်ပိုး၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ စာရင်းကောက်ကွက်များသို့ အချိန်မီပေးပို့ဖြန့်ဝေခဲ့သည်။

စာရင်းပြုစုခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် Optical Mark Recognition (OMR) နည်းပညာကို အသုံးပြုခဲ့သည်။ စက်ကရိယာများ မှာယူတပ်ဆင်ခြင်းနှင့် လေ့ကျင့်ခြင်းလုပ်ငန်းအတွက် စမ်းသပ်သန်းခေါင် စာရင်းတွင် အသုံးပြုမည့် OMR Scanner နှစ်လုံးဖြင့် သင်တန်းပို့ချဆောင်ရွက်ခဲ့သည်။ ပင်မသန်းခေါင်စာရင်း အတွက် OMR Scanner ခြောက်လုံး ထပ်မံမှာယူခဲ့ပြီး ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ဆာဗာနှင့် Network များ ချိတ်ဆက်အသုံးပြုသည့် သင်တန်းများကို ပို့ချခဲ့သည်။ စက်ပစ္စည်းများမှာယူခြင်းနှင့်တပ်ဆင်ခြင်း၊ အသုံးပြုမည့် ဆော့ဝဲလ်များထည့်သွင်းခြင်း၊ စက်များအသုံးပြုရန် သင်တန်းများဖွင့်လှစ်၍ လက်တွေ့ဆောင်ရွက်ခြင်း တို့ကို ပြုလုပ်ခဲ့သည်။

လူထုအသိပညာပေးလုပ်ငန်းများကိုလည်း နိုင်ငံ တစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့ သည်။ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီဖွဲ့စည်း ခြင်း၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ ဘာသာ အသီးသီးမှခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရုပ်ရှင်၊ သဘင်၊ စာပေ၊ ဂီတအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့်တွေ့ဆုံ၍ သန်းခေါင်စာရင်းအသိ ပညာပေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အကြိမ်ကြိမ်တွေ့ ဆုံ၍ ငြိမ်းချမ်းရေးမရသေးသည့်နယ်မြေအတွင်း သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆွေးနွေးခဲ့သည်။ တာဝန်ရှိသူများက တိုင်းဒေသကြီး/ပြည်နယ်အနှံ့ သန်းခေါင်စာရင်းလုပ်ငန်းစဉ်အကြောင်း ကွင်းဆင်းရှင်း လင်းပြောကြားခြင်း၊ သတင်းဖြန့်ချိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အထိမ်းအမှတ်တံဆိပ် Logo နှင့် ဆောင်ပုဒ် Motto ပြိုင်ပွဲများပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ သန်းခေါင်စာရင်းဆောင်ပုဒ်မှာ **"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့"** ဖြစ်သည်။

ခဲ့သည်။ မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ် ၃၃၀ တွင် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်း နေရာပေါင်း ၂,၄၀၀ တွင် တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ခဲ့သည်။

ခရိုင်တို့တွင် ကြိုတင်သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် ယခင်က အကြောင်းအမျိုးမျိုးကြောင့် ကောက်ယူနိုင်ခြင်းမရှိ




**သန်းခေါင်စာရင်းကောက်ယူမည့် စာရင်းကောက်နှင့်စာရင်းစစ်များကို သင်တန်းပို့ချစဉ်**

**သန်းခေါင်စာရင်းကောက်ယူခြင်း** - ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ မြေပြင်ကွင်းဆင်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်အထိ ၁၂ ရက်ကြာ ဆောင်ရွက်ခဲ့သည်။ စာရင်းကောက်ကွက်ပေါင်း ရှစ်သောင်းကျော်တွင် စာရင်းစစ်၊ စာရင်းကောက်အင်အား ၁၂၀,၀၀၀ ခန့်ဖြင့် ကွင်းဆင်းကောက်ယူခဲ့သည်။ ထူးခြားသည့်အခြေအနေရှိသော ဒေသများဖြစ်သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ အထူးဒေသ (၄) မိုင်းလားဒေသ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၂) 'ဝ'ဒေသနှင့် ကချင်ပြည်နယ်၊ ပူတာအိုသည့် အထူးဒေသ (၂) 'ဝ'ဒေသ၊ အထူးဒေသ (၄) မိုင်းလားဒေသ၊ ကိုးကန့်ဒေသတို့နှင့် ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်း၊ ကရင်နီ၊ ကယားအစရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ ဒေသများတွင် ယင်းတို့၏အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်မှုကြောင့် ကွက်ပြည့်နှင်း ကောက်ယူနိုင်ခဲ့သည်။ ဤသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်လာကြခြင်းသည် နိုင်ငံတော်အတွက် လွန်စွာမှ ဝမ်းသာကြည်နူးဖွယ်ကောင်းသည့် ညီညွတ်ရေးပုံရိပ် တစ်ခုပင် ဖြစ်သည်။

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းကို မျက်မြင်စောင့်ကြည့်လေ့လာသုံးသပ်နိုင်ရန် ကုလသမဂ္ဂ

လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ကူညီမှုဖြင့် နိုင်ငံ ၂၁ နိုင်ငံမှ ပြည်ပပညာရှင် ၂၃ ဦးနှင့် ပြည်တွင်း ပညာရှင် ၂၄ ဦးတို့ကို အဖွဲ့ ၂၃ ဖွဲ့ ဖွဲ့စည်း၍ သန်းခေါင်စာရင်း ကောက်ယူသည့်ကာလအတွင်း မြို့နယ် ၁၂၀ သို့သွားရောက်၍ စာရင်းကောက်ကွက် ၉၆၀ တွင် တွေ့ဆုံမေးမြန်းခြင်း အကြိမ်ပေါင်း ၂,၁၉၃ ကြိမ် ပြုလုပ်ခဲ့ပြီး ခိုင်မာသောမှတ်တမ်းမှတ်ရာ အထောက်အထားများ ရယူခဲ့ကြသည်။ လွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့၏ တွေ့ရှိချက်များနှင့် ခြုံငုံသုံးသပ်တင်ပြချက်များကိုလည်း ထုတ်ပြန်ခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်တွင် "မြန်မာနိုင်ငံ၏သန်းခေါင် စာရင်းလုပ်ငန်းစဉ်ကို အောင်မြင်ပြီး နိုင်ငံတကာစံနှုန်းနှင့် ညီညွတ်သည်ဟု သုံးသပ်ကြောင်း၊ အရည်အသွေး သုံးသပ်မှုနှင့်ပတ်သက်၍ စာရင်းကောက်များအပေါ် အရည်အသွေးခြုံငုံသုံးသပ်ချက်မှာ ၈/၁၀ ဖြစ်၍ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းစဉ်အပေါ် အရည်အသွေးခြုံငုံသုံးသပ်ချက်မှာ ၇ ဒသမ ၅/၁၀ ဖြစ်ကြောင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများအရ ဤလုပ်ငန်းစဉ်မှာ ကမ္ဘာပေါ်တွင် အကောင်းဆုံးထဲမှ တစ်ခုဖြစ်ကြောင်း" ဖော်ပြထားသည်။

နိုင်ငံတစ်ဝန်းဖြန့်ချိခဲ့သော မေးခွန်းပုံစံပေါင်း ၁၁ သန်းကို ပြည်သူ့အင်အားဦးစီးဌာနသို့ ပြန်လည် သိမ်းဆည်းရာတွင် စာရင်းကောက်ကွက်မှ ရပ်ကွက်/ ကျေးရွာအုပ်စု၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှတစ်ဆင့် ထရပ်ကားပေါင်း ၂၀၀ ခန့်ဖြင့် အဆင့်ဆင့်ပြန်လည်စုစည်းသယ်ယူခဲ့သည်။ မေးခွန်း ပုံစံများ ဖွင့်ဖောက်စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ပုံးများ ဖွင့်ဖောက်စစ်ဆေးခြင်းနှင့် အသေးစိတ်စစ်ဆေးခြင်းဟူ၍ နှစ်ဆင့်ခွဲဆောင်ရွက်ခဲ့သည်။ မေးခွန်းပုံစံပေါင်း ၁၁ သန်းကို အသေးစိတ်စစ်ဆေးခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် အပြီးဆောင်ရွက်နိုင်ခဲ့သည်။

**စာရင်းပြုစုခြင်း** - မေးခွန်းပုံစံများလက်ခံပြီးနောက် ရွှေ့ပြောင်းလူဦးရေစာရင်း ထုတ်ပြန်နိုင်ရန်အတွက် ကောက်ကွက်စာရင်းချုပ် ခ-၂၂ ပုံစံများမှရရှိသည့် စာရင်းအချက်အလက်များကို (Microsoft Access Software) အသုံးပြု၍ ကွန်ပျူတာစနစ်အတွင်းသို့ data entry ဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ်၊ ဧပြီလမှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။ ရရှိလာသည့် အချက်အလက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ခရိုင်အလိုက်၊ မြို့နယ်/မြို့နယ်ခွဲ အလိုက်၊ မြို့ပြ/ကျေးလက်အလိုက်၊ အိမ်ထောင်စု လူဦးရေ၊ အဖွဲ့အစည်းလူဦးရေတို့ကို ကျား/မအလိုက် စာရင်းဇယားများ ပြုစုခဲ့သည်။

သန်းခေါင်စာရင်းမှရရှိလာသည့် အချက်အလက် များကို ကွန်ပျူတာစနစ်အတွင်းသို့ ထည့်သွင်းရာတွင် ခေတ်မီပုံရိပ်ဖတ်နည်းပညာ (Opitical Mark Recognition Scanning Technology) ကို အသုံးပြုခဲ့သည်။ မေးခွန်းပုံစံများကို စနစ်တကျလက်ခံပြီးသည့်အချိန်တွင် ပုံရိပ်ဖတ်နိုင်ရန် ပြင်ဆင်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်ကို မှတ်ပုံတင်ခြင်း (Registration)၊ ပုံရိပ်ဖတ်ခြင်း (Scanning)၊ ဂဏန်းစစ်ဆေးခြင်းနှင့် အမှားပြင်ဆင်ခြင်း (Character Inspection & Key Correction)နှင့် ဂဏန်းသင်္ကေတတင်ခြင်း (Coding) ဟူ၍ အပိုင်း လေးပိုင်းခွဲခြားပြီး ဆောင်ရွက်ခဲ့သည်။

စာရင်းဇယားပြုစုခြင်းလုပ်ငန်းစဉ်၏ အဓိက လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ပုံရိပ်ဖတ်ခြင်းလုပ်ငန်းစဉ်ကို ခေတ်မီ OMR ပုံရိပ်ဖတ်စက်ရှစ်လုံးဖြင့် ဆောင်ရွက်ခဲ့ သည်။ ပုံရိပ်ဖတ်စက်များသည် မေးခွန်းပုံစံပေါ်ရှိ အမှတ်အသားများကို ဖတ်သည့်နည်း (Optical Mark Recognition-OMR technique) နှင့် လက်ဖြင့်ရေးသွင်း သောဂဏန်းများကို ဖတ်သည့်နည်း (Intelligent Charater Recognition-ICR technique) နှစ်မျိုးစလုံးကို အသုံးပြု ထားသည်။ ပုံရိပ်ဖတ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ်၊ မေလမှ စတင်ဆောင်ရွက်ခဲ့ရာ ခြောက်လအတွင်း ပြီးစီး ခဲ့သည်။

**ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာပြုစုထုတ်ပြန်ခြင်း** - သန်းခေါင်စာရင်းရလဒ်များကို အဆင့်ဆင့်ထုတ်ပြန်ခဲ့ရာ ပထမအဆင့်အနေဖြင့် အချက်အလက်အသုံးပြုသူများ ကြိုတင်အသုံးပြုနိုင်ရန်အတွက် ရွှေ့ပြောင်းလူဦးရေစာရင်း

သန်းခေါင်စာရင်း ထုတ်ပြန်ချက် အတွဲ (၁) ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပင်မအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကို ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) တွင် ကျင်းပပြုလုပ်ခဲ့သည်။ ပြည်ထောင်စုသန်းခေါင်စာရင်း ပင်မအစီရင်ခံစာအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီတို့အတွက် အစီရင်ခံစာ စာအုပ် ၁၆ မျိုးနှင့် သန်းခေါင်စာရင်းရလဒ်များကို ကောက်နုတ်ဖော်ပြထားသည့် "သန်းခေါင်စာရင်းက ညွှန်းဆိုသော မြန်မာ့ပုံရိပ်" စာအုပ်တစ်မျိုး၊ စုစုပေါင်း အစီရင်ခံစာစာအုပ် ၁၇ မျိုးကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် စာအုပ် ၃၄ အုပ်ကို သန်းခေါင်စာရင်းကောက်ယူပြီး တစ်နှစ်အကြာတွင် ထုတ်ဝေနိုင်ခဲ့သည်။ ထို့ပြင် သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် အစီရင်ခံစာများအပြင် ခရိုင်အဆင့်အချက်အလက်များ ပါဝင်သည့် နံရံကပ်စာစောင်နှင့် လက်ကမ်းစာစောင်များကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။

မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းပင်မအစီရင်ခံစာတွင် ပါရှိသည့်အချက်အလက်အချို့မှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုဒေသအလိုက်နေထိုင်သော လူဦးရေ (လူဦးရေ အရွယ်အစား)

(၁) ကျား/မ အရေအတွက်



**၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်**

(ဂ) အသက်အုပ်စုအလိုက် လူဦးရေ
(ဃ) စာတတ်မြောက်မှုနှုန်း၊ ပညာရေးအဆင့်အတန်း
(င) လုပ်သားအင်အားပါဝင်မှု၊ အလုပ်လက်မဲ့နှင့် အလုပ်အကိုင်အမျိုးအစားအလိုက် လူဦးရေ
(စ) မသန်စွမ်းသည့် လူဦးရေ
(ဆ) နေအိမ်အမျိုးအစားနှင့် အိမ်အခြေအနေ
(ဇ) ရေ/လျှပ်စစ်မီးနှင့် အခြားအသုံးအဆောင်ပစ္စည်းများ လက်လှမ်းမီရရှိမှုအချိုးအစား
(ဈ) ကလေးမွေးဖွားနှုန်းနှင့် သေဆုံးနှုန်း
(ည) ပြည်တွင်း/ပြည်ပ ပြောင်းရွှေ့သွားလာသည့်ပမာဏ

ထုတ်ဝေခဲ့သည့် အစီရင်ခံစာစာအုပ်များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်မှအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအားလုံးနှင့် ဝန်ကြီးဌာနများလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများ၊ တက္ကသိုလ်/ ကောလိပ်များ၊ စာကြည့်တိုက်များ၊ မော်ကွန်းတိုက်များ၊ မြန်မာနိုင်ငံအခြေစိုက်နိုင်ငံခြားသံရုံးများ၊ နိုင်ငံခြားရှိ မြန်မာသံရုံးများ၊ စစ်သံရုံးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အချက်အလက်အသုံးပြုသူများအားလုံးသို့ ဖြန့်ဝေခဲ့သည်။

ပြည်တွင်း/ပြည်ပမှ သန်းခေါင်စာရင်းအချက်အလက်အသုံးပြုလိုသူများ လွယ်ကူစွာအသုံးပြုနိုင်ရန်အတွက် www.dop.gov.mm နှင့် http;//myanmar.unfpa.or g/census Website များတွင်လည်း လွှင့်တင်ပေးခဲ့သည်။ Website ပေါ်တွင် အစီရင်ခံစာများကို PDF format နှင့်သာမက သုတေသနလုပ်ငန်းဆောင်ရွက်နေသူများအဆင်ပြေစေရန်အတွက် ဇယားများကို excel format ဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်အထိ လူဦးရေစာရင်းများကို လွှင့်တင်ပေးထားသည်။

သန်းခေါင်စာရင်းအချက်အလက်အသုံးပြုသူများဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပြည်သူများက အကျိုးရှိစွာအသုံးပြုနိုင်ရန်၊ အလွယ်တကူလက်လှမ်းမီစွာရရှိနိုင်ရန်နှင့် နားလည်လွယ်ကူသည့် အချက်အလက်များဖြစ်စေရန် လိုအပ်လာပါသဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် သန်းခေါင်စာရင်းအချက်အလက်များဖြန့်ဝေခြင်းအခမ်းအနားကျင်းပခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဆောင်ရွက်ခဲ့သည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံ ၁၄ နိုင်ငံမှ သန်းခေါင်စာရင်းလုပ်ငန်းတွင် လက်တွေ့တာဝန်ယူဆောင်ရွက်နေသူပညာရှင် ၁၅ ဦးပါဝင်သည့် နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ (ITAB-International Technical Advisory Board) ကို UNFPA ၏ အကူအညီဖြင့် ဖွဲ့စည်းနိုင်ခဲ့ပြီး နည်းပညာများကို ၂၀၁၃ ခုနှစ်မှစတင်၍ စဉ်ဆက်မပြတ် အကူအညီပေးခဲ့သည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းအတွက် အမျိုးသားအဆင့် အကြံပေးကော်မတီ (National Advisory Committee-NAC) ကိုလည်း ဖွဲ့စည်းခဲ့ပြီး သန်းခေါင်စာရင်းလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် လိုအပ်သော အကူအညီများကို ဆောင်ရွက်ပေးခဲ့သည်။

သန်းခေါင်စာရင်းနည်းပညာအကြံပေး (CTA) အဖြစ် ကင်ညာနိုင်ငံသား Mr. Fredrick Otieno Okwayo ကို ခန့်အပ်ခဲ့ပြီး သန်းခေါင်စာရင်းလုပ်ငန်းစဉ်အဆင့်တိုင်းတွင် နိုင်ငံတကာနည်းပညာအကြံပေး ပုဂ္ဂိုလ်များခန့်အပ်၍ လုပ်ငန်းများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

**သန်းခေါင်စာရင်းက ဖွင့်ဆိုသော မြန်မာ့ပုံရိပ်**-
၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ စုစုပေါင်း လူဦးရေသည် ၅၁,၄၈၆,၂၅၃ ဦးဖြစ်သည်။ ကျားဦးရေ ၂၄,၈၂၄,၅၈၆ ဦး၊ မဦးရေ ၂၆,၆၆၁,၆၆၇ ဦးဖြစ်သဖြင့် မဦးရေသည် ကျားဦးရေထက် ၁ ဒသမ ၈ သန်းကျော် ပိုမိုများပြားကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် ရန်ကုန်တိုင်းဒေသကြီးသည် တစ်စတုရန်းကီလိုမီတာလျှင် ၇၁၆ ဦးဖြင့် လူဦးရေအထူထပ်ဆုံး၊ မန္တလေးတိုင်းဒေသကြီးသည် ၂၀၀ ဦးဖြင့် ဒုတိယလူဦးရေအထူထပ်

ဆုံးဖြစ်သည်။ လူဦးရေအကဲပါးဆုံးဒေသများမှာ တစ်စတုရန်းကီလိုမီတာလျှင် ကချင်ပြည်နယ်တွင် ၁၉ ဦးနှင့် ချင်းပြည်နယ်တွင် ၁၃ ဦးတို့ဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းမှုသည် တစ်စတုရန်းကီလိုမီတာလျှင် ၇၆ ဦး (သို့မဟုတ်) တစ်စတုရန်းမိုင်လျှင် ၁၉၇ ဦးရှိသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များအရ ကလေးမွေးဖွားနိုင်သည့် အသက် ၁၅ နှစ်နှင့် ၄၉ အုပ်စုအတွင်းရှိ အမျိုးသမီးတစ်ဦးမွေးဖွားနိုင်သည့် ကလေး အရေအတွက်မှာ ၂ ဒသမ ၃ ဦးဖြစ်သည်။ ကလေး မွေးနှုန်းကျဆင်းလာသည့်အတွက် အသက် ၁၅ နှစ်အောက် လူဦးရေအချိုးအစားသည် တဖြည်းဖြည်း လျော့ကျလာပြီး အလုပ်လုပ်နိုင်သော အသက်အုပ်စု ဖြစ်သည့် အသက် ၁၅ နှစ်နှင့် ၆၄ နှစ်အတွင်းရှိ လူဦးရေအချိုးအစားမှာ မြင့်တက်လာခဲ့သည်။ အလားတူ သေဆုံးနှုန်းကျဆင်းလာပြီး မျှော်မှန်းသက်တမ်းများ မြင့်မားလာသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် လူတစ်ဦးသည် ပျမ်းမျှအားဖြင့် အသက် ၆၆ ဒသမ ၈ နှစ်အထိ အသက်ရှင်နေထိုင်နိုင်သည်။ အမျိုးသမီးများ၏ ပျမ်းမျှအသက် ၆၉ ဒသမ ၉ နှစ်သည် အမျိုးသားများ၏ ပျမ်းမျှအသက် ၆၃ ဒသမ ၉ နှစ်ထက် အသက် ပိုရှည်ကြောင်း တွေ့ရှိရသည်။ အကျိုးဆက်အဖြစ် အသက် ၆၅ နှစ်နှင့်အထက် လူဦးရေအချိုးအစား မှာလည်း တဖြည်းဖြည်းမြင့်တက်ခဲ့သည်။

ကလေးမွေးဖွားနှုန်းနှင့် သေဆုံးနှုန်းများ ကျဆင်းလာခြင်း၏ အကျိုးဆက်အဖြစ် လတ်တလောကာလတွင် မှီခိုသူလူဦးရေအချိုးအစားနည်းပါးပြီး အလုပ်လုပ်နိုင်သောလူဦးရေအချိုးအစားမြင့်တက်လာကာ လူသားအရင်းအမြစ်ဖွံ့ဖြိုးသည့် အခြေအနေတစ်ရပ်ကို ဖြစ်ပေါ်စေသည်။ ယင်းဖြစ်စဉ်ကို လူဦးရေပညာတွင် "လူဦးရေဆုလာဘ်" (Demographic Bonus/Demographic Window of Opportunity) ဟုခေါ်၍ ယင်းဖြစ်စဉ်သည် နိုင်ငံ၏အခြေအနေပေါ်မူတည်၍ နှစ်ပေါင်း ၃၀ သို့မဟုတ် ၄၀ ခန့်ကြာမြင့်တတ်သည်။

ယင်းဖြစ်စဉ်သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးနိုင်သလို နိုင်ငံ၏စီးပွားရေးကို ကျဆင်းစေနိုင်သည့် အခြေအနေမျိုးကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

ယနေ့အချိန်အခါသည် လူဦးရေဆုလာဘ်၏ အကျိုးဆက်ကိုရရှိနေသည့်ကာလဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေအနေကောင်းတစ်ခုကို ရောက်ရှိနေပြီဟု ဆိုနိုင်သည်။ အဆိုပါလူသားအရင်းအမြစ်များကိုအရည်အသွေးပြည့်ဝသော လုပ်သားအင်အားထု ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်နိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ လူနေမှုဘဝမြင့်မားရေးကို အထောက်အကူပြုမည်ဖြစ်သည်။ သို့သော် ယခုကဲ့သို့ အသက် ၁၅ နှစ်အောက် လူဦးရေအချိုးအစား ဆက်လက်ကျဆင်းနေပါက နှစ်ပေါင်း ၂၀ ကျော်ခန့်တွင် အလုပ်လုပ်နိုင်သော လူဦးရေအချိုးအစားမှာ တဖြည်းဖြည်း ကျဆင်းလာပြီး လုပ်သားအင်အားရှားပါးမှုကို စတင်ရင်ဆိုင်ရမည့်အခြေအနေရှိနိုင်သည်။ အလားတူ တိုးပွားလာမည့် သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လာမည်ဖြစ်ကြောင်း မီးမောင်းထိုးပြနေသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များသည် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ် ၈ ရပ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့အတူ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် (MDGs) အတွက် လိုအပ်မည့်အချက်အလက်များရရှိနိုင်မည်ဖြစ်သည်။ သန်းခေါင်စာရင်းအချက်အလက်များသည် အစိုးရ၊ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်အဖွဲ့အစည်းများနှင့် မြို့ပြလူမှုအဖွဲ့အစည်းများအတွက် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားရေးစီမံချက်လုပ်ငန်းများ၏အောင်မြင်မှုကို ဆန်းစစ်လေ့လာခြင်းစသည့်အခန်းကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒများချမှတ်ရာတွင် ကူညီနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်များတွင် အချက်အလက်ကို အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်၊ ပြည်သူများအတွက် ပိုမိုသင့်လျော်ကောင်းမွန်သည့် မူဝါဒများချမှတ်နိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ကျား/မ မရွေး၊ အဆင့်အတန်းမရွေး၊ မသန်စွမ်းသူများအပါအဝင် ပြည်သူလူထုအားလုံးအတွက် အရည်အသွေးပြည့်မီသော ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှုများကို ထိရောက်မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရန် သန်းခေါင်စာရင်းမှရရှိလာသည့် အချက်အလက်များက အထောက်အကူပြုမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း၌ မှီတင်းနေထိုင်သူများ၏ ပကတိအခြေအနေမှန်များကို သိရှိနိုင်မည်ဖြစ်၍ လိုအပ်သည့်နေရာများတွင် မှန်ကန်သည့်စီမံကိန်းများကို ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီးဝင်ရေးတို့အတွက် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်ဆိုင်ရာအချက်အလက်များနှင့် လူဦးရေကိုအခြေခံသည့် ဈေးကွက်အနေအထားတွက်ချက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းမှရရှိလာသည့် လူဦးရေစာရင်းများကိုအသုံးပြုပြီး တိကျခိုင်မာ၍ ရေရာသေချာမှုရှိသော တွက်ချက်မှုများကို ပြုလုပ်နိုင်မည်ဖြစ်သည်။

လူမှုရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် အဓိကကျသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လူဦးရေစာရင်းများက အဓိကအထောက်အကူပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ပြည်တွင်းစာနပ်ရိက္ခာလိုအပ်ချက်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်မှု စသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို အသေးစိတ်ရေးဆွဲရာတွင်လည်း အထောက်အကူပြုမည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသော လူဦးရေ၊ မွေးဖွားနှုန်း၊ သေဆုံးနှုန်း၊ ပြည်တွင်းနှင့် ပြည်ပ ပြောင်းရွှေ့နှုန်းများကိုအခြေခံ၍ အနာဂတ်လူဦးရေခန့်မှန်းခြင်းနှင့် လူဦးရေတိုးနှုန်းများကို တွက်ချက်ဆောင်ရွက်နိုင်ခြင်းစသည့် လူဦးရေမူဝါဒများ၊ စီမံကိန်းများ၊ အစီအစဉ်များကိုရေးဆွဲနိုင်ခြင်းတို့ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့အတူ တိုင်းပြည်၏ လက်ရှိနှင့်အနာဂတ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာအထောက်အကူ ပြုမည်ဖြစ်သည်။

သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနှင့် ဆောင်ရွက်၍ရနိုင်သည်မဟုတ်ဘဲ နိုင်ငံတစ်ဝန်းတိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ညီညွတ်သောအင်အားနှင့် ပေါင်းစပ်ဆောင်ရွက်ခဲ့၍သာ လုပ်ငန်းပမာဏအလွန်ကြီးမားကျယ်ပြန့်သည့် နိုင်ငံတော်လုပ်ငန်းစဉ်ကြီးကို သတ်မှတ်ချိန်အတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသော ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ အောင်မြင်အောင် ကြိုးပမ်းလုပ်ဆောင်နိုင်ခဲ့ခြင်းသည် အမျိုးသားစည်းလုံးညီညွတ်ခြင်း၏ ပုံရိပ်ဖြစ်သကဲ့သို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ သမိုင်းမှတ်ကျောက်တင်နိုင်သည့် အောင်မြင်မှုတစ်ရပ်ပင် ဖြစ်သည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

# ရာဇပလ္လင်(သို့မဟုတ်) အချုပ်အခြာအာဏာ၏သင်္ကေတ

၂၀၁၀ ပြည့်နှစ်တွင် ရွေးချယ်တင်မြှောက်ခြင်း ခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လက်ထက်၌ နေပြည်တော်ရှိ သမ္မတအိမ်တော်ဧည့်ခန်းမ ဆောင်တွင် ပလ္လင်တော်ကြီးတစ်ခု (သီဟာသန ပလ္လင်တော်၏ပုံတူပွား)ကို ထားရှိကြောင်း တွေ့မြင်ကြ ရပေမည်။ မည်သို့သောရည်ရွယ်ချက်၊ မည်သို့သော အဓိပ္ပာယ်ဖြင့် ထားရှိခြင်းဖြစ်သည်ကို သိရှိရန် သမိုင်းကြောင်းကို ဦးစွာသိရန်လိုအပ်ပေသည်။

မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဟန်လင်းမြို့ဟောင်း၊ မကွေးတိုင်းဒေသကြီးရှိ ဗိဿနိုး မြို့ဟောင်းနှင့် ပဲခူးတိုင်းဒေသကြီးရှိ သရေခေတ္တရာ မြို့ဟောင်းတို့သည် မြို့ပြယဉ်ကျေးမှု အစောဆုံး ထွန်းကားခဲ့သည့်နေရာများဖြစ်ကြ၏။ အဆိုပါ မြို့ဟောင်း သုံးမြို့ကို ၂၀၁၄ ခုနှစ်မှစတင်၍ ယူနက်စကိုအဖွဲ့ချုပ်က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဒေသများ အဖြစ် သတ်မှတ်ခဲ့သည်။



**အချုပ်အခြာအာဏာ၏သင်္ကေတ သီဟာသနပလ္လင်ရှေ့၌**
**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကို လက်ခံတွေ့ဆုံစဉ်**

## ရာဇပလ္လင်(သို့မဟုတ်) အချုပ်အခြာအာဏာ၏သင်္ကေတ

မြန်မာ့ယဉ်ကျေးမှုသမိုင်းတွင် ပလ္လင်တော်ဟူသည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ကျော်ကာလမှ စတင်ပေါ်ထွန်းခဲ့ကြောင်း ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများအရ သိရှိရသည်။ ပျူခေတ်ဗုဒ္ဓရုပ်ပွားတော်အချို့၌ အောက်ခံပလ္လင်များပါရှိသည်ကိုလည်းကောင်း၊ ပျူဒင်္ဂါးအချို့၌ ပလ္လင်၏အခြေခံဒီဇိုင်းပုံများဖြစ်သည့် "သီရိဝစ္ဆ" (ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နတ်သမီးထိုင်နေပုံ)နှင့် "ဘဒ္ဒပိဋ္ဌ" (ထိုင်ခုံပုံ)တို့ပါရှိသည်ကိုလည်းကောင်း တွေ့ရှိခဲ့ရသည်။ ဘဒ္ဒပိဋ္ဌပုံကိုအောက်ခံထားပြီး ယင်း၏အပေါ်၌ သီရိဝစ္ဆပုံကို တင်လိုက်လျှင် ပလ္လင်၏အခြေခံဒီဇိုင်းပုံစံပေါ်လာမည်ဖြစ်ကြောင်း တွေ့မြင်ရသည်။

ပျူခေတ်သည် မြန်မာ့သမိုင်းတွင် မြို့ပြယဉ်ကျေးမှုအစောဆုံးထွန်းကားခဲ့သောခေတ်ဖြစ်ကြောင်း ကျန်ရစ်ခဲ့သည့်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများက ခိုင်ခိုင်မာမာသက်သေပြနေကြသည်။ ပျူတို့သည် မြို့ပြများ တည်ထောင်ကာ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့်နေထိုင်ခဲ့ကြသည်။ ပျူခေတ်ကတည်းက ပလ္လင်တော်ဟူသည် မြန်မာ့ဒေသရှိယဉ်ကျေးမှုပစ္စည်းတစ်မျိုးအဖြစ် စတင်ပေါ်ထွန်းလာခဲ့ပြီးဖြစ်ကြောင်း ခိုင်ခိုင်မာမာသိရှိရသည်။

ပထမမြန်မာနိုင်ငံတော်ဖြစ်သည့် ပုဂံခေတ်တွင်လည်း "ဓမ္မဒဿီ"ဘွဲ့ခံ ရှင်အရဟံနှင့် အနော်ရထာမင်းတို့ ပထမဦးဆုံးအကြိမ် တွေ့ဆုံကြစဉ် ဖြစ်ရပ်ကိုရှုလျှင် အနော်ရထာမင်းက ရှင်အရဟံကို သူယုတ်လား၊ သူမြတ်လားဟု ခွဲခြားသိရှိနိုင်ရန် စမ်းသပ်ပုံကသိမ်မွေ့သည်။ "သင်နှင့် လျောက်ပတ်သော နေရာတွင်နေပါလေ"ဟုဆိုသည်။ ထိုအခါ ရှင်အရဟံသည် မြင့်မြတ်သောရာဇပလ္လင်ထက်သို့တက်၍ တည်ငြိမ်ကျန်ခြွေရှိစွာ သီတင်းသုံးတော်မူသည့် အကြောင်းကို တွေ့ရသည်။ ပုဂံခေတ်တွင် သွန်းလုပ်ခဲ့သော ဗုဒ္ဓရုပ်ပွားတော်၊ ဆင်းတုတော်အများစုတို့၌လည်း အောက်ခံပလ္လင်တော်များ တွဲဆက်ပါရှိသည်ကို တွေ့ရသည်။

ပင်းယ၊ အင်းဝ၊ တောင်ငူ(ဟံသာဝတီ)၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်တို့၌လည်း ပလ္လင်တော်ဟူသည် အထင်အရှားရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။ မြန်မာမင်းဆက် နောက်ဆုံးထီးနန်းစိုးစံသော ကုန်းဘောင်ခေတ်၌ ပလ္လင်ရှစ်မျိုးရှိခဲ့သည်။ အရေအတွက်အားဖြင့် ကိုးခုရှိခဲ့သည်။ ယင်းတို့မှာ(က) သီဟာသနပလ္လင်၊ (ခ)ဘမရာသနပလ္လင်၊ (ဂ)ဂဇာသနပလ္လင်၊ (ဃ)မယုရာသနပလ္လင်၊ (င)မိဂါသနပလ္လင်၊ (စ)သင်္ခါသနပလ္လင်၊ (ဆ)ဟံသာသနပလ္လင်၊ (ဇ)ပဒုမာသနပလ္လင်တို့ ဖြစ်ကြသည်။ သီဟာသနပလ္လင်သည် အရေအတွက် အားဖြင့်နှစ်ခုရှိသည်။ တစ်ခုကို မြေနန်းပြာသာဒ်တော်၌ထားရှိပြီး နှစ်စဉ် ဝါဝင်၊ဝါထွက်နှင့်နှစ်ဆန်းတစ်ရက်နေ့တို့၌ ရှင်ဘုရင်နှင့် မိဖုရားတို့အပူဇော်ကန်တော့ခံသည့်အခါ အသုံးပြုသည်။ နေ့စဉ်ညီလာခံသဘင်၌လည်း ရှင်ဘုရင်ထိုင်တော်မူသည်။ ကျန်သီဟာသနပလ္လင်ကိုမူ တရားလွှတ်တော်၌ထားရှိပြီး ရှင်ဘုရင်တရားစီရင်သည့်အခါ ထိုင်တော်မူသည်။ ပလ္လင်ရှစ်မျိုးတို့၏အသေးစိတ် အချက်အလက်များကို ဇယားဖြင့်ဖော်ပြထားသည်။

ရှင်ဘုရင်မှလွဲ၍မည်သည့် ရာဇပလ္လင်ပေါ်တွင်မဆို မည်သူမျှထိုင်ခွင့်မရှိ။ တက်ထိုင်သူသည် အာဏာလုခြင်း (ဝါ) ကြီးလေးသောသစ္စာဖောက်မှုကို ကျူးလွန်ခြင်းဖြစ်သည်ဟု သတ်မှတ်ထားသည်။ အကြောင်းမူကား ရာဇပလ္လင်ကို အချုပ်အခြာအာဏာ၏သင်္ကေတ (Symbol of Sovereignity) ဟု သတ်မှတ်ခဲ့ကြသောကြောင့်ပင်ဖြစ်သည်။ သမိုင်းစဉ်ခေတ်အဆက်ဆက်၌ "အာဏာလုသည်"ဟူသော စကားရပ်ကိုမသုံးဘဲ "ပလ္လင်လုသည်" ဟူသော စကားရပ်ကိုသာ အသုံးပြုခဲ့ကြကြောင်း တွေ့ရှိရသည်။ ရတနာပုံခေတ်တွင် မင်းတုန်းမင်းကြီးမမာမကျန်း ဖြစ်တော်မူသောအခါ အိမ်ရှေ့စံကနောင်မင်းသားက ဘုရင့်ကိုယ်စား တရားစီရင်ခဲ့ရသည်။ ထိုသို့တရားစီရင်သည့်အခါ ကနောင်မင်းသားသည် တရားလွှတ်တော်ရှိ သီဟာသနပလ္လင်ပေါ်တွင် တက်ထိုင်၍ တရားစီရင်ခြင်းမဟုတ်ဘဲ ယင်းပလ္လင်ကို လက်ဖြင့်သုံးသပ်၍ ဘုရင့်ကိုယ်စား တရားစီရင်တော်မူခဲ့ခြင်း ဖြစ်သည်။

အေဒီ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့က မြန်မာဘုရင်သီပေါမင်းကို နန်းချခဲ့ကြသည်။ မြန်မာတစ်ပြည်လုံးကို


## ရာဇပလ္လင်(သို့မဟုတ်) အချုပ်အခြာအာဏာ၏သင်္ကေတ



**နိုင်ငံတော်သမ္မတ ဦးဘဦး၏ အိမ်တော်၌ တွေ့ရှိရသည့် သီဟာသနပလ္လင်**
**(ယခု အမျိုးသားပြတိုက်တွင်ပြသထားသည်။)**

ဗြိတိသျှကိုလိုနီလက်အောက်ခံနယ်မြေအဖြစ် သိမ်းယူခဲ့ကြသည်။ မြန်မာတို့အဖို့ ထီးသုဉ်း၊ နန်းသုဉ်း၊ မြို့သုဉ်း သုဉ်းသုံးဝဖြစ်ခဲ့ရသည်။ တစ်နည်းအားဖြင့် အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရသည်။ မင်းမိဖုရားနှစ်ပါးတို့ကို အိန္ဒိယပြည်သို့သင်္ဘောဖြင့်ခေါ်ဆောင်သွားခဲ့ပြီး ရတနာဂီရိအရပ်၌ အကျဉ်းချထားခဲ့ကြသည်။ မင်းခမ်းတော်ပစ္စည်းများနှင့်နန်းစဉ်ရတနာများ အားလုံးကို ဗြိတိသျှတို့က သိမ်းပိုက်ကာပြည်ပသို့ ယူဆောင်သွားခဲ့ကြသည်။ အေဒီ ၁၈၉၄ ခုနှစ်တွင် မန္တလေးနန်းတော်ဆောင်အဆောက်အအုံ (၇၀) တို့ကို လုံခြုံရေးအကြောင်းပြချက်ဖြင့် ဖျက်သိမ်းခဲ့ကြသည်။ နန်းတော်ဆောင်အလိုက် ထားရှိခဲ့သော ရာဇပလ္လင်တို့မှာလည်း အစပျောက်ခဲ့ရသည်။ ပလ္လင်တော်တို့၏ တုရင်တိုင်ထိပ်ရှိ မှန်ကင်းတိုင်အချို့ ထင်းဖြစ်ခဲ့ရသည်။ သို့ဖြင့်မှန်ကင်းတစ်လှည့်၊ ထင်းတစ်လှည့်ဟူသော ဆိုရိုးစကားကဲ့သို့ပင် ဖြစ်ရတော့သည်။ မြနန်းစံကျော်ရွှေနန်းတော်အတွင်းရှိ ပလ္လင်ရှစ်မျိုး (အရေအတွက်ကိုးခု)အနက် တစ်ခုသောပလ္လင်တော်မှာ ကံထူးသည်ဟု ဆိုရပေမည်။ ထိုပလ္လင်သည်ကား တရားလွှတ်တော်အဆောက်အအုံတွင်ထားရှိပြီး ဘုရင်မင်းမြတ် တရားစီရင်သည့်အခါ အသုံးပြုသော သီဟာသနပလ္လင်တော်ပင် ဖြစ်သည်။ အခြားပလ္လင်တော်များ မည်သို့ဇာတ်သိမ်းသွားခဲ့ကြရသည်ကို မသိနိုင်သော်လည်း တရားလွှတ်တော်အတွင်းရှိ သီဟာသနပလ္လင်ကမူ ဇာတ်သိမ်းလှသည်ဟု ဆိုရပေမည်။

တရားလွှတ်တော်အတွင်းရှိ သီဟာသနပလ္လင်တော်ကို အေဒီ ၁၉၀၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ဗြိတိသျှကိုလိုနီခေတ်အကြီးအကဲတစ်ဦးဖြစ်သူ လော့ဒ်ကာဇုန် (Lord Carzon) ၏ဆန္ဒအရယူဆောင်သွားခဲ့သည်။ ထိုသို့ ယူဆောင်မသွားမီ ပလ္လင်တော်၏ အစိတ်အပိုင်းများကို ဖြုတ်ပြီး သေတ္တာကြီး ၃၆ လုံးတွင် ထည့်ရ၏။ ယင်းအစိတ်အပိုင်းများကို ချိန်တွယ်ကြည့်ရာ အလေးချိန်အားဖြင့် သုံးတန်ခန့်ရှိကြောင်း သိခဲ့ရသည်။ ပလ္လင်တော်၏အစိတ်အပိုင်းများ ထည့်ထားသော သေတ္တာကြီး ၃၆ လုံးတို့ကို ၁၉၀၂ ခုနှစ်၊ မေလ ၁၆ ရက်တွင် အက်(စ်) အက်(စ်)ပန်ဒူးဝါး (S.S.pandua) ပင်လယ်ကူးသင်္ဘောဖြင့် ရန်ကုန်မှ အိန္ဒိယနိုင်ငံသို့ သယ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။



**ရန်ကုန်မြို့ အမျိုးသားပြတိုက်ရှိ သီဟာသနပလ္လင်**

မူလကအိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ရှိ အိန္ဒိယပြတိုက် (Indian Museum) စက်မှုလက်မှုပညာပြခန်း၌ ထားရှိခဲ့သည်။ ထို့နောက် အများပြည်သူတို့ တွေ့မြင်လေ့လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ၁၉၁၁ ခုနှစ်တွင် အနုသုခုမပညာပြခန်းဆောင်သို့ ပြောင်းရွှေ့ပြသထားခဲ့သည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်။ ထိုအချိန်၌ အိန္ဒိယဒိုမီနီယံနိုင်ငံများကိုယ်စား အိန္ဒိယဘုရင်ခံချုပ်လော့ဒ်မောင့်ဘက်တန်က အိန္ဒိယပြတိုက်အနုသုခုမပညာပြခန်းဆောင်တွင် ခင်းကျင်းပြသထားသော သီဟာသနပလ္လင်တော်ကို မြန်မာနိုင်ငံသို့ပြန်လည်ပေးပို့ခဲ့သည်။ "မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး အချုပ်အခြာအာဏာကို ပြန်လည်ပိုင်ဆိုင်ပြီဖြစ်သောကြောင့် မြန်မာတို့၏ အချုပ်အခြာအာဏာသင်္ကေတဖြစ်သော ပလ္လင်တော်ကို လွတ်လပ်ရေးအထိမ်းအမှတ်လက်ဆောင်အဖြစ် ပြန်လည်ချီးမြှင့်အပ်နှင်းသည်" ဟူသောအဓိပ္ပာယ်ဖြင့်

# ရာဇပလ္လင်(သို့မဟုတ်) အချုပ်အခြာအာဏာ၏သင်္ကေတ

| စဉ် | ပလ္လင်အမျိုးအစား | စမုံပေါက်၌ပါရှိသည့် အရုပ်နှင့်အဓိပ္ပာယ် | အသုံးပြုသည့်သစ် ထားရှိသည့်နေရာ | ဆောင်ရွက်သောကိစ္စ အခမ်းအနား |
|---|---|---|---|---|
| ၁ | သီဟာသနပလ္လင် | ခြင်္သေ့ရုပ်၊ သစ္စာစောင့်သိခြင်း၊ တည်ကြည်ခြင်း၊ ရဲရင့်ခြင်း၊ သစ္စာရှိခြင်း | ယမနေသား မြေနန်းပြာသာဒ် | ကန်တော့ခံတော်မူရာ၊ နေ့စဉ်စည်းဝေးစုရုံးရာ |
| ၂ | သီဟာသနပလ္လင် | ခြင်္သေ့ရုပ်၊ သစ္စာစောင့်သိခြင်း၊ တည်ကြည်ခြင်း၊ ရဲရင့်ခြင်း၊ သစ္စာရှိခြင်း | ယမနေသား လွှတ်တော် | တရားစီရင်တော်မူရာ၊ ဝန်ကြီးများ၊ စစ်သူကြီးများနှင့် အရေးကြီးသောကိစ္စများ ဆွေးနွေးရာ |
| ၃ | ဘမရာသနပလ္လင် | ပိတုန်းရုပ်၊ စည်းလုံးညီညွတ်ခြင်း၊ အခက်အခဲများကျော်လွှားခြင်း၊ ချမ်းသာကြွယ်ဝခြင်း | ကရဝေးသား မှန်နန်းဆောင် | ကျိန်းစက်တော်မူရာ၊ အတွင်းဝန်ကြီးများနှင့် ကိုယ်ရေးကိုယ်တာကိစ္စ သီးသန့်ဆွေးနွေးတိုင်ပင်ရာ |
| ၄ | ဂဇာသနပလ္လင် | ဆင်ရုပ်၊အချုပ်အခြာအာဏာပိုင်ခြင်း၊ ဂုဏ်ကျက်သရေဖြိုးဝေခြင်း၊ စွမ်းအားနှင့် အသက်ရှည်ခြင်း | စကားသား ဖြတိုက်ဆောင် | ရာထူးအတက်၊ အကျကို အမိန့်ထုတ်ပြန်တော်မူရာ |
| ၅ | မယူရာသနပလ္လင် | ဥဒေါင်းရုပ် အမျိုးသားဂုဏ် ဂုဏ်ကျက်သရေနှင့် အနာဂတ်အောင်မြင်သူများ | ပေါက်သား လက်ဝဲစမုန်ဆောင် (မြောက်) | ဆင်မြင်းသိမ်းတော်မူရာ |
| ၆ | မိဂါသနပလ္လင် | သမင်ရုပ်၊ လျင်မြန်ခြင်း၊ သနားကြင်နာခြင်း၊ သဘောထားကြီးခြင်း | ရေသဖန်းသား လက်ယာစမုန်ဆောင် (တောင်) | ယုံကြည်ရသည့်ဝန်ကြီးများနှင့် တိုင်းပြည်ရေးကိစ္စများကို တိုင်ပင်ဆွေးနွေးတော်မူရာ |
| ၇ | သင်္ခါသနပလ္လင် | ခရုသင်းရုပ်၊ သန့်စင်စင်ကြယ်ခြင်း၊ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝခြင်း | တောင်ပိန္နဲသား လေသာဆောင် (ပရိတ်နာဆောင်) | မင်းတို့တရားစကားနာခံရာ |
| ၈ | ဟံသာသနပလ္လင် | ဟင်္သာရုပ် | သက်န်းသား အရှေ့ဇေတဝန်ဆောင် | ဘုရားပူဇော်တော်မူရာ(သို့) မင်းမျိုးမင်းနွယ်၊ သံတမန် အဆင့်မြင့်ပုဂ္ဂိုလ်များကို လက်ခံတွေ့ဆုံတော်မူရာ |
| ၉ | ပဒုမာသနပလ္လင် | ပဒုမ္မာကြာပွင့် ငြိမ်းသက်အေးချမ်းခြင်း၊ သန့်စင်စင်ကြယ်ခြင်း၊ ငြိမ်းချမ်းရေး | သရက်သား အနောက်ပွဲတက်ဆောင် | မင်းမိန်းမတို့ကန်တော့ခံတော်မူရာ |

တစ်ခုတည်းသာ ကျန်ရစ်တော့သည့် သီဟာသနပလ္လင်တော်ကို အိန္ဒိယဘုရင်ခံချုပ်လော့ဒ်မောင့်ဘက်တန်က ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ပေးပို့ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော သီဟာသနပလ္လင်တော်ကို အလုံလမ်းရှိ သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌ထားရှိသည်။ ၁၉၄၇ ခုနှစ်တွင် ရေးဆွဲခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို နိုင်ငံတော်သမ္မတအား အပ်နှင်းထားသည်။ ထို့ကြောင့် အချုပ်အခြာအာဏာ၏ သင်္ကေတဖြစ်သော ပလ္လင်တော်ကို မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော သမ္မတ 'စဝ်ရွှေသိုက်' ၏ အိမ်တော်၌ထားရှိခြင်းမှာ အဓိပ္ပာယ်ရှိသည်။ သဘာဝကျသည်။ ဒုတိယမြောက်သမ္မတ ဒေါက်တာဘဦးလက်ထက်တွင်လည်း အဆိုပါပလ္လင်တော်ကို သမ္မတအိမ်တော်၌ပင် ဆက်လက်ထားရှိခဲ့သည်။ တတိယမြောက်သမ္မတ မန်းဝင်းမောင်လက်ထက်တွင် သမ္မတအိမ်တော်ရှိ သီဟာသနပလ္လင်ကို အများပြည်သူ တွေ့မြင်လေ့လာနိုင်စေရန်အတွက် အမျိုးသားပြတိုက်သို့ပြောင်းရွှေ့ ပြသထားရှိစေခဲ့သည်။

၁၉၅၇ ခုနှစ်နောက်ပိုင်းမှစ၍ ပလ္လင်တော်သည် အမျိုးသားပြတိုက်၏ အဓိကရပစ္စည်းကြီးတစ်ခု ဖြစ်လာခဲ့သည်။ မူလက အမျိုးသားပြတိုက်ကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ဂျူဗလီခန်းမ (Jubilee Hall) အဆောက်အအုံတွင် ဖွင့်လှစ်ထားခဲ့ရာမှ ၁၉၇၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၈ ရက်တွင် ပန်းဆိုးတန်းအောက်လမ်း၊ အမှတ် (၂၄/၂၆) ရှိ ဂရင်းလေဘာဏ်တိုက်ဟောင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ သီဟာသနပလ္လင်တော်ကို မြေညီထပ်ရှိ သဘာဝအလင်းရောင်ခန်းမဆောင် Light Well ၌ ခင်းကျင်းပြသထားရှိခဲ့၏။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၉၀ ပြည့်နှစ်တွင် အမျိုးသားပြတိုက်အဆောက်အအုံသစ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်လမ်း၌တည်ဆောက်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ သီဟာသနပလ္လင်တော်ကို ယင်းပြတိုက်၏ ပလ္လင်ခန်းမဆောင်တွင် ခင်းကျင်းပြသထားရှိခဲ့သည်မှာ ယနေ့ထက်တိုင်အောင်ပင် ဖြစ်သည်။ တစ်ခုတည်းသာကျန်ရစ်တော့သော မူရင်းမူလ သီဟာသနပလ္လင်တော်အစစ်ဖြစ်သည့် အတိုင်း အမျိုးသားပြတိုက်တွင် ခင်းကျင်းပြသထားရာ၌ မြန်မာမင်းများလက်ထက် နန်းတော်ဆောင်၌ ထားရှိသကဲ့သို့ပင် ဆက်စပ်ပစ္စည်းများ ဝန်းရံထားရှိသည်ကိုတွေ့မြင်ကြရမည်ဖြစ်သည်။ လောကနတ်ရုပ်၊ သူငယ်တော်ရုပ်၊ အလံစသည်တို့ကို ပလ္လင်တော်၏ မျက်နှာစာ၌ ခင်းကျင်းထားရှိသည်။ ငြိမ်းချမ်းမှုကို ပေးစွမ်းနိုင်သူဟုယုံကြည်သော လောကနတ်ရုပ်ကို မြန်မာမင်းများက မိမိတို့၏ ပလ္လင်၌ထားရှိခဲ့ကြခြင်းမှာ မိမိတို့အချုပ်အခြာအာဏာအောက်တွင် တည်ရှိနေသည့် နယ်မြေများအားလုံး ငြိမ်းငြိမ်းချမ်းချမ်း ရှိစေရန်အတွက်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်အရ အစိုးရသစ်ကို အောင်မြင်စွာ ရွေးချယ်တင်မြှောက်နိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ်က အောင်မြင်စွာရေးဆွဲအတည်ပြုနိုင်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို နိုင်ငံတော်သမ္မတအား အပ်နှင်းထားသည်။ ထို့ကြောင့်လည်း အချုပ်အခြာအာဏာ၏သင်္ကေတဖြစ်သော ပလ္လင်တော်၏ ပုံတူပွားတစ်ခုကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌ ခင်းကျင်းထားရှိခြင်းဖြစ်ပေသည်။

စာပေဗိမာန်က အစောပိုင်းကာလတွင် ပြုစုပုံနှိပ်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းစာအုပ်များကို ပြန်လည်လေ့လာဖတ်ရှုမည်ဆိုလျှင် ပထမဆုံးသမ္မတ စဝ်ရွှေသိုက်၊ ဒုတိယမြောက်သမ္မတ ဒေါက်တာဘဦးတို့ကို သမ္မတအိမ်တော်ဧည့်ခန်းဆောင်ရှိ သီဟာသနပလ္လင်တော်ကြီး နှင့်ယှဉ်တွဲ၍ မတ်တတ်ရပ်နေသော သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကို တွေ့မြင်ကြရမည်ဖြစ်ပေသည်။

**ဦးကျော်ဝင်း(မနုသကျော်ဝင်း)**

# အပိုင်း (၃)

## ၂၀၁၅ ခုနှစ် ဖြစ်ရပ်များ

ဤအပိုင်းတွင် ၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော
မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ
ထင်ရှားသည့်ဖြစ်ရပ်အချို့ကို
အက္ခရာစဉ်အတိုင်း
သတင်းမှတ်တမ်းများအဖြစ်
ရေးသားပြုစုထားခြင်းဖြစ်ပါသည်။




# မြန်မာနှင့် နိုင်ငံတကာ






# ဖြစ်ရပ်များ

**ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုထိန်းချုပ်ရေးဆိုင်ရာ ညီလာခံ။** ။ ကုလသမဂ္ဂအဖွဲ့က ဦးဆောင်သည့် (၂၁) ကြိမ်မြောက် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေးဆိုင်ရာညီလာခံ (The 21st Yearly Session of the Conference of Parties COP-21) ကို နိုဝင်ဘာလ ၃၀ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ စတင်ကျင်းပရာ နိုင်ငံပေါင်း ၁၉၅ နိုင်ငံမှ ခေါင်းဆောင်များ စုံညီစွာတက်ရောက်သည်။ ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ဟု သိပ္ပံပညာရှင်များက သတိပေးထားသည်။

ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် ရာသီဥတုပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှုနှင့် မလုံခြုံမှုတို့အတွက် ပိုမိုတီထွင်ဆန်းသစ်သော နည်းလမ်းများကို တင်ပြကြရန် ကမ္ဘာ့ဘဏ်အုပ်စုဥက္ကဋ္ဌ ဂျင်ယွန်ကင်က တိုက်တွန်းထားသည်။




**ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေးဆိုင်ရာညီလာခံသို့ တက်ရောက်လာသည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် ကမ္ဘာ့ခေါင်းဆောင်များ**

COP-21 ညီလာခံသည် ကမ္ဘာလုံးဆိုင်ရာရာသီဥတု ကပ်ဆိုးများကို ရှောင်လွှဲနိုင်ရေးနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုများကို တစ်ကမ္ဘာလုံး ကန့်သတ်နိုင်ရေး သဘောတူညီမှုရရှိရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေးလုပ်ငန်းများတွင် နိုင်ငံတကာသဘောကွဲလွဲမှုများကို အဆုံးသတ်စေပြီး သဘောတူချက်တစ်ရပ်ရရှိစေရန် ဦးတည်၍ ဆွေးနွေးပွဲကို စတင်လိုက်ခြင်းဖြစ်သည်။

အကယ်၍ ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းချုပ်ရန် အရေးယူဆောင်ရွက်မှုမရှိပါက မြေနိမ့်ပိုင်းကျွန်းနိုင်ငံများကို ရေအောက်သို့ရောက်စေမည့် ပင်လယ်ရေပြင်မြင့်တက်မှုနှင့် ပဋိပက္ခများကို ဦးတည်စေနိုင်သည့် မိုးခေါင်ရေရှားမှုကဲ့သို့သော အဆိုးရွားဆုံးသဘာဝ

ရာသီဥတုပြောင်းလဲမှုပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းမှုအဖြစ် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေးဆိုင်ရာညီလာခံကို ၁၉၉၂ ခုနှစ်မှ စတင်ကာ နှစ်စဉ်ကျင်းပခဲ့သည်။ သို့သော် ချမ်းသာသောနိုင်ငံများနှင့် ဆင်းရဲသောနိုင်ငံများကြား ကြီးမားသော သဘောထားကွဲလွဲမှုများကြောင့် ယခင်ကြိုးစားအားထုတ်မှုများအားလုံး အောင်မြင်မှု မရရှိပေ။

ချမ်းသာသောနိုင်ငံအများစုသည် စက်မှုတော်လှန်ရေးကာလကို ဖြတ်သန်းကာ ကြွယ်ဝချမ်းသာလာပြီး ယနေ့အချိန်အထိ ရုပ်ကြွင်းလောင်စာများစွာကို သုံးစွဲခဲ့သဖြင့် ရာသီဥတုပြောင်းလဲမှု ဟန့်တားတိုက်ဖျက်ရေးတာဝန်များကို ၎င်းတို့ကလက်ခံဖြေရှင်းရမည်ဟု ဆင်းရဲသောနိုင်ငံများက အခိုင်အမာပြောဆိုသည်။

သို့သော် တရုတ်၊ အိန္ဒိယနှင့် အခြားထွန်းသစ်စနိုင်ငံများသည် ၎င်းတို့၏ ကြီးထွားလာသော စက်မှုစီးပွားရေးလုပ်ငန်းများတွင် ကျောက်မီးသွေးလောင်စာကို ပိုမိုသုံးစွဲလာသောကြောင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး၌ ပိုမိုတာဝန်ယူ လုပ်ဆောင်ရမည်ဟု အမေရိကန်နှင့် အခြားဖွံ့ဖြိုးပြီးနိုင်ငံများက အလေးထားပြောဆိုကြသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားသည့်အတွက် ပေကျင်းနှင့် အိန္ဒိယမြို့ကြီးများတွင် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေသည်မှာ ရာသီဥတုပြောင်းလဲမှု၏ ထင်ရှားသည့် သက်သေသာဓကများဖြစ်သည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်တွင် တရုတ်အာဏာပိုင်များသည် မြို့တော်ပေကျင်း၌ ယခုနှစ်အတွင်း ဒုတိယအမြင့်ဆုံး မြူခိုးထူထပ်မှုလိမ္မော်ရောင်အဆင့်သတ်မှတ်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါလိမ္မော်ရောင်အဆင့်သည် ဒေသခံပြည်သူများအနေဖြင့် နေအိမ်ပြင်ပသို့ထွက်လျှင် လေထုညစ်ညမ်းမှုကြောင့် အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေအထိ ရောက်ရှိနေသည်ဟု သတိပေးခြင်းဖြစ်ကာ နေအိမ်တွင်း၌သာ တတ်နိုင်သမျှနေထိုင်ရန် ဆိုလိုရင်းဖြစ်သည်။

ပေကျင်းတွင် ထိုသို့လေထုညစ်ညမ်းမှုမြင့်တက်နေချိန်မှာ ပါရီမြို့တော်၌ တရုတ်ခေါင်းဆောင်များအပါအဝင် ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်နေသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာဆွေးနွေးပွဲပြုလုပ်နေချိန်နှင့် တိုက်ဆိုင်နေသည်။

လိမ္မော်ရောင်အဆင့်မှာ လေထုညစ်ညမ်းမှုမြင့်တက်နေသည်ကို ပြသနေခြင်းဖြစ်သည်။ လေထုအတွင်း အမှုန်ပါဝင်မှု PM 2.5 အဆင့်ဖြစ်နေပြီး အန္တရာယ်မဖြစ်သည့် အဆင့်သတ်မှတ်ချက်ထက် အမှုန်ပါဝင်မှုနှုန်း ၁၅ ဆပိုများနေသည့် သဘောဖြစ်သည်။

ပေကျင်းမြို့ရှိ အမေရိကန်သံရုံးကမူ PM 2.5 အဆင့်မှာ တစ်ကုဗမီတာ၌ အမှုန်ပါဝင်မှု ၁၉၀ မိုက်ခရိုဂရမ်နှုန်းကျော် ပါဝင်ခြင်းဖြစ်သည်ဟုဆိုသည်။

ဒုတိယအမြင့်ဆုံး လေထုညစ်ညမ်းမှုသတ်မှတ်ခြင်းကြောင့် ပေကျင်းမြို့တော်တွင် စက်ရုံများ၌ မီးခိုးထုတ်လွှတ်မှုလျှော့ချစေပြီး လမ်းများပေါ်၌ ကုန်တင်ကားကြီးများ သွားလာမှုကို ပိတ်ပင်လိုက်သည်။

(၂၁) ကြိမ်မြောက် ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေးဆိုင်ရာညီလာခံ၌ ပြင်သစ်သမ္မတ ဖရန့်ဆွာဟော်လန်းက မိန့်ခွန်းပြောဆိုရာတွင် "ဤထိပ်သီးဆွေးနွေးပွဲ၌ လူသားတို့၏ ဘဝကံကြမ္မာကို အုတ်မြစ်အခြေခံနိုင်အောင် ပန္နက်ချမှာဖြစ်ပြီး ပြင်သစ်နိုင်ငံ၌ အကြမ်းဖက်မှုများဖြစ်ပွားပြီးနောက် အစွန်းရောက်များ၏ စိန်ခေါ်မှုများကို ရဲဝံ့စွာတုံ့ပြန်ရန်နှင့် ကမ္ဘာ့ရာသီဥတုဆိုင်ရာအရေးပေါ်လုပ်ငန်းများတွင် သဘောတူညီမှုရရှိရန် လုပ်ဆောင်မှာဖြစ်ကြောင်း" အလေးအနက်ပြုပြောကြားခဲ့သည်။

"ကမ္ဘာ့ခေါင်းဆောင်များသည် ကမ္ဘာ့စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် ပြင်သစ်နှင့် တစ်သားတည်းဖြစ်ကြောင်းပြသရန်နှင့် ကမ္ဘာကြီးပူနွေးမှုကို ဟန့်တားနိုင်ရန်အတွက် မိမိတို့နှင့်သက်ဆိုင်သော တာဝန်အသီးသီးကို ဆောင်ရွက်ရန် ယခုကဲ့သို့ ပါရီမြို့တော်၌ တွေ့ဆုံခြင်းဖြစ်ကြောင်း" မစ္စတာဟော်လန်းက ပြောကြားခဲ့သည်။

ဘီဘီစီမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသတင်းထောက် ဖက်မက်ဂရက်၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအစီရင်ခံစာတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို မထိန်းချုပ်နိုင်လျှင် ယနေ့အချိန်နှင့် နှိုင်းယှဉ်ပါက ၂၀၃၀ ပြည့်နှစ်ခန့်တွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ ၂၂ ရာခိုင်နှုန်းမြင့်တက်လာနိုင်သည်ဟု ဖော်ပြထားသည်။

ဖန်လုံအိမ်အာနိသင်ထိန်းချုပ်ရေးသဘောတူညီချက်စာချုပ် (Intended Nationally Determined Contributions-INDCS) တွင်ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံ ၁၅၀ အနက် နိုင်ငံအချို့တွင် ကာဗွန်ဓာတ်ငွေ့ လျှော့ချရေးကို အမျိုးသားရေးစီမံချက်များဖြင့် ဆောင်ရွက်နေသော်လည်း ဆင်းရဲသောနိုင်ငံအချို့မှာမူ ကြွယ်ဝသောနိုင်ငံများ၏ ငွေကြေးထောက်ပံ့မှုမရသဖြင့် ပြုလုပ်နိုင်ခြင်းမရှိပေ။

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ၂၀၀၉ ခုနှစ်က ပြုလုပ်ခဲ့သည့် ရာသီဥတုညီလာခံ၌ ကာဗွန်ဓာတ်ငွေ့ လျှော့ချရေးကို အမျိုးသားရေးစီမံချက်ဖြင့် ဆောင်ရွက် နေသောအဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံသာရှိသည်ဟု သိရှိရသည်။

ယနေ့အချိန်၌ တရုတ်၊ တောင်အာဖရိက၊ စင်ကာပူကဲ့သို့သော ထွန်းသစ်စနိုင်ငံများနှင့် အီသီယိုး ပီးယား၊ ဘူတန်၊ ကိုစတာရီကာနိုင်ငံငယ်တို့ကလည်း ကာဗွန်ဓာတ်ငွေ့လျှော့ချရန် ကြိုးပမ်းဆောင်ရွက်လာ သည်။ ကမ္ဘာ့နိုင်ငံများ၏ ကာဗွန်ဓာတ်ငွေ့လျှော့ချရေး လုပ်ဆောင်မှုများ တစ်စတစ်စ ကျယ်ပြန့်လာသည်ဟု ဘီဘီစီသတင်းထောက် ဖက်မက်ဂရက်၏ အစီရင်ခံစာ တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂရာသီဥတုဆိုင်ရာအကြီးအကဲ ခရစ် တီးနားဖီဂါရီက "ပါရီတွင် ယခုကျင်းပနေသည့် ကမ္ဘာ့ ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးဆိုင်ရာညီလာခံသို့ ၁၉၅ နိုင်ငံမှ ခေါင်းဆောင်များသည် မိမိသဘော အလျောက် အားတက်သရော စုစည်းညီညာစွာ ပါဝင် လာသောကြောင့် သဘောတူညီချက်များ ရရှိလာနိုင် မည်ဟု ယုံကြည်မှုအပြည့်ရှိကြောင်း" ပြောဆိုသည်။ ၎င်းက နိုင်ငံ့ခေါင်းဆောင်များကြားတွင် တက်ကြွစွာ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

ကိုပင်ဟေဂင်မြို့၌ ၂၀၀၉ ခုနှစ်တွင် ကျင်းပခဲ့သော ရာသီဥတုညီလာခံ၌ ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေး လုပ်ငန်းကိစ္စများကို ဆွေးနွေးရာတွင် ကမ္ဘာ့ခေါင်းဆောင် များကြားတွင် ငြင်းခုံမှု၊ သဘောထားကွဲပြားမှုတို့ကြောင့် မအောင်မြင်ဘဲ အဆုံးသတ်ခဲ့ရသည်။ ကာဗွန်ဓာတ်ငွေ့ လျှော့ချရေးကို အမျိုးသားရေးစီမံချက်များဖြင့် ဆောင်ရွက်ရာတွင် ငွေကြေးရန်ပုံငွေကလည်း အရေးကြီး သောကဏ္ဍတစ်ရပ်ဖြစ်သည်ဟု ပညာရှင်များက ထောက်ပြသည်။

လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် ရာသီဥတု ပြောင်းလဲမှုထိန်းချုပ်ရေးသည် လူသားမျိုးနွယ်တို့ အနာဂတ်တွင် ဆက်လက်ရှင်သန်ကြီးထွားစေရန်အတွက် အလွန်အန္တရာယ်ကြီးမားသော သဘာဝကပ်ဘေးများကို ဖယ်ရှားနိုင်ရန် ကြိုးပမ်းနေခြင်းသာဖြစ်သည်ဟု သိပ္ပံ ပညာရှင်များက အလေးထားပြောဆိုသတိပေးကြသည်။

**ကမ်းပါးနီ၊ မြခနောက်ကျောက်မိုးပြင်မှ အသစ်တွေ့ ကျောက်ခေတ်ပန်းချီ** - မြန်မာနိုင်ငံသည် ယဉ်ကျေးမှု သမိုင်းစဉ် ရှည်လျားခိုင်မာသော နိုင်ငံတစ်နိုင်ငံဖြစ်သည် နှင့်အညီ မြန်မာဟု လွှမ်းခြုံပေါင်းစည်းခေါ်ဝေါ်သော ပြည်ထောင်စုသားများသည်လည်း မြန်မာ့မြေ၊ မြန်မာ့ ရေပေါ်တွင် အခိုင်အမာရပ်တည် နေထိုင်လာခဲ့ကြသူများ ဖြစ်သည်။ ပုံတောင်ပုံညာဒေသတွင် တွေ့ရှိရသည့် လွန်ခဲ့သောနှစ်ပေါင်း ၃၇ သန်းမှ သန်း ၄၀ သက်တမ်းရှိ အဆင့်မြင့်လူတုပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို အထောက်အထားပြု၍ "လူသားမျိုးနွယ်အစ မြန်မာ နိုင်ငံက"ဟူ၍ ကမ္ဘာကအသိအမှတ်ပြုခဲ့ရပြီဖြစ် သည်။

သမိုင်းဦးဘုံမြေခေတ်တွင် ထွန်းကားခဲ့သော ကျောက်ခေတ်မှသည် ကြေးခေတ်၊ သံခေတ် အဆင့်ဆင့် အစဉ်မပြတ် ဖြစ်တည်ထွန်းကားခဲ့ရာမှ သံခေတ် ယဉ်ကျေးမှု ထွန်းကားချိန်တွင် မြို့ပြယဉ်ကျေးမှုကို ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့သော ပျူယဉ်ကျေးမှုနှင့် ပျူလူမျိုးတို့ ထွန်းကားခဲ့သည်။

ပျူယဉ်ကျေးမှုထွန်းကားခဲ့ရာ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်း (၃) ခုကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် အသိအမှတ်ပြုခံခဲ့ရပြီး မြန်မာ့ယဉ်ကျေးမှုဂုဏ်သတင်းကို ကမ္ဘာ့ယဉ်ကျေးမှုအဆင့်တွင် ဝင့်ထည်ပျံ့နှံ့စေပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျောက်ခေတ်ဦး၊ ကျောက်ခေတ် လယ်၊ ကျောက်ခေတ်နှောင်းယဉ်ကျေးမှုထွန်းကားခဲ့ရာ နေရာဒေသများကို အထောက်အထားများနှင့်တကွ မှတ်တမ်းပြုထားနိုင်ခဲ့ပြီး ဖြစ်သည်။ ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလမှ ၁၉၃၈ ခုနှစ်၊ မတ်လအထိ အမေရိကန် နိုင်ငံ ဝါရှင်တန်ကာနေဂျီဗိမာန်မှ ဒေါက်တာဒီတဲရားနှင့် ပါမောက္ခမိုးဗီးယက်စ်တို့ ခေါင်းဆောင်သောအဖွဲ့သည် မကွေး၊ မင်းဘူး၊ ရေနံချောင်း၊ ချောက်၊ ညောင်ဦး၊ ပုဂံ၊ စလေ၊ ဆီးချိုင်၊ ပခုက္ကူ၊ စဉ့်ကူ၊ ဝါးတောကျောင်း၊ မကွေးမြသလွန်ဘုရားအရှေ့ဘက်ဒေသရှိ ဧရာဝတီ မြစ်ကမ်းဆင့်များကို သုတေသနပြုလေ့လာခဲ့သည်။ အဆိုပါဒေသများမှ တွေ့ရှိရသော ကျောက်လက်နက် များကို အစွဲပြု၍ မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း

၅ သိန်းခန့်က အညာသားကျောက်ခေတ်ဦးယဉ်ကျေးမှု ထွန်းကားခဲ့ကြောင်း ထုတ်ဖော်တင်ပြခဲ့သည်။

ဆက်လက်၍ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ၂၀၀၈ ခုနှစ်တွင် မြန်မာ့ကျောက်ခေတ်ဦးနှင့် ကျောက်ခေတ်လယ် ယဉ်ကျေးမှုထွန်းကားခဲ့ရာ ဒေသများကို ကွင်းဆင်းသုတေသနပြုပြီး ထပ်မံထုတ်ဖော်နိုင်ခဲ့သည်။ ကျောက်ခေတ်ယဉ်ကျေးမှုများကို ပိုမိုခိုင်မာစေဖွယ်ရှိသော အထောက်အထားတစ်ရပ်ကို ၂၀၁၅ ခုနှစ်၊ မေလတွင် လေ့လာဖော်ထုတ်ခဲ့သည်။

အဆိုပါအသစ်တွေ့ရှိရသော အထောက်အထားမှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်၊ ကမ်းပါးနီကျေးရွာအနီးရှိ မြခနောက်ကျောက်မိုးပြင်ကျောက်နံရံပန်းချီများပင်ဖြစ်သည်။ ကျောက်နံရံပန်းချီများရေးဆွဲထားသည့်ဒေသအခေါ် မြခနောက်ကျောက်မိုးပြင်နေရာသည် ရှမ်းပြည်နယ်တောင်ပိုင်းဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် ကမ်းပါးနီကျေးရွာမြောက်ဘက် (၂ဒသမ၃) မိုင်ခန့်အကွာတွင် တည်ရှိသည်။ မြောက်လတ္တီကျု (၂ံ ၄/ ၂ဒသမ ၃၀//)နှင့် အရှေ့လောင်ဂျီကျု (၉၆ံ ၁၅/ ၄၂ ဒသမ ၅၂//)ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် တောတွင်ကျေးရွာမှ ဦးဝင်းဗိုလ်(အဖ) ဦးအောင်မြိုင်သည် ရွာငံမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်အစပ် ကမ်းပါးနီကျေးရွာအနီးရှိ ကျောက်နံရံပေါ်တွင် အရုပ်များရေးသားထားသည်ကို တွေ့ရှိရကြောင်း သတင်းပေးချက်အရ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲမှ၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်နှင့်အဖွဲ့က ၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက်မှ ၂၇ ရက်အထိ ပဏာမသွားရောက်၍ ကွင်းဆင်းလေ့လာခဲ့သည်။ ကွင်းဆင်းအဖွဲ့တွင် ရှေးဟောင်းသုတေသနအဖွဲ့နှင့် အတူ ဘီဘီစီ၊ ဒီဗွီဘီ၊ ဧရာဝတီ၊ မဇ္ဈိမနှင့် အဓိပတိ သတင်းဌာနတို့မှ သတင်းထောက်များနှင့် ပြင်ပသုတေသီများအပါအဝင် စုစုပေါင်း(၂၅) ဦး ပါဝင်သည်။


အဆိုပါအသစ်တွေ့ရှိရသော မြခနောက်ကျောက်မိုးပြင်ဒေသသို့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်အဖွဲ့သည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၆ ရက်တွင် ရောက်ရှိလေ့လာခဲ့သည်။ ဦးစန်းဝင်း (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ရှေးဟောင်းသုတေသန)၊ မြန်မာသမိုင်းအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှနှင့် မန္တလေးရှေးဟောင်းသုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်တို့သည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် သွားရောက်ကွင်းဆင်းလေ့လာခဲ့သည်။

ကျောက်နံရံပန်းချီများရှိသည့်နေရာ၌ ဝမ်းတွင်းမြို့အရှေ့ဘက် ကမ်းပါးနီလှည်းကန်ရွာမှ ကမ်းပါးနီရွာ၊ ကမ်းပါးနီရွာမှ မြခနောက်ကျောက်မိုးပြင်သို့လည်းကောင်း၊ မြစ်သားမြို့နယ် ကင်းတားဆည်မှ မော်တော်ဖြင့် ရွာဆိုးပြင်ရွာ၊ ယင်းရွာမှ မြခနောက်ကျောက်မိုးပြင်သို့လည်းကောင်း သွားရောက်နိုင်သည်။ အဆိုပါနေရာတွင် လူနေထိုင်ရာဂူမတွေ့ရှိရဘဲ သဘာဝကျောက်တုံးကြီးများ အများအပြားကို တွေ့ရသည်။ ကျောက်တုံးများမှာ နှမ်းဖတ်ကျောက်အမျိုးအစားကျောက်များဖြစ်ပြီး ယင်းကျောက်တုံးများအနက်ကျောက်တုံးကြီး(၃)တုံးတွင် ကျောက်ခေတ်လူသားများရေးဆွဲထားဟန်ရှိသော ဆေးရေးပန်းချီများကို တွေ့ရှိရသည်။

**နံရံပန်းချီတွေ့ရှိသည့်နေရာအမှတ် (၁) မှာ** အမြင့်ပေ ၂၂ ပေ၊ အကျယ် ၃၉ ပေရှိ ကျောက်တုံးဖြစ်၍ အရှေ့ဘက်သို့မျက်နှာမူလျက် တွေ့ရသည်။ ယင်းကျောက်တုံး၏ မျက်နှာပြင်တွင် မြေပြင်အမြင့် (၇) ပေမှစ၍ ရေးဆွဲထားသည်ကို တွေ့ရှိရသည်။ ဆင်ရုပ် တစ်ရုပ်၊ လက်ဝါးပုံ နှစ်ရုပ်နှင့် ပျက်နေသောအရုပ် တစ်ရုပ်၊ စုစုပေါင်း လေးရုပ် တွေ့ရှိရသည်။ ၎င်းအရုပ်များအနက် ဆင်ရုပ်တစ်ရုပ်မှာ အမြင့် ၉ ပေ၊ အလျား ၁၄ ပေရှိပြီး တောင်ဘက်သို့ ဦးခေါင်းလှည့်လျက် ရပ်လျက်တွေ့ရှိရသည်။ ဆေးရောင်မှာ နီညိုရောင်လိုင်း (၂) လိုင်းဖြင့် ရေးခြယ်ထားသည်။ ဆင်ရုပ်တစ်ခုလုံး ဆေးရေးပြည့်စုံစွာ မတွေ့ရသော်လည်း ဦးခေါင်းပိုင်း၊ ကျောရိုးနှင့် ခြေလက်တို့ကို တွေ့ရှိရသည်။ ဆင်ရုပ်ရှေ့လက်၏ နောက်တွင် ရင်သားနေရာဟု ယူဆရဖွယ် တွေ့ရှိရသည်။ ဆင်ခြေထောက်၏

အောက်တွင် လက်ဝါးပုံ နှစ်ခုတွေ့ရှိရပြီး တစ်ခုမှာ မှေးမှိန်လျက်ရှိနေသည်။ နံရံပန်းချီများမှာ ကျောက်တုံး၏ ဘေးမျက်နှာပြင်တွင် ရေးဆွဲထားပြီး နေဒဏ်၊ မိုးဒဏ်ခံရသဖြင့် အရုပ်ဆေးသားများမှာ မှေးမှိန်ခြင်း၊ မိုးရေကြောင့် အရုပ်များ၏ ဆေးသားများ ပျံ့နှံ့၍ ရေစီးကြောင်းများဖြစ်ပေါ်ကာ အရုပ်ပုံသဏ္ဌာန် ပျက်ယွင်းခြင်းများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။ လက်ဝါးပုံမှာ အလျား ၈ လက်မ၊ အနံ ၆ လက်မ ခန့်ရှိပြီး ဆေးအပြည့်ရေးသွင်းထားသည်ကို တွေ့ရှိရသည်။ လက်ဝါးပုံတစ်ခုမှာ ရေးရေးသာ တွေ့ရှိရတော့သည်။ မီးဖိုခြင်းတို့မှ မီးခိုးများကြောင့် အရုပ်များမှာမည်းညစ်နေပြီး မူလဆေးရောင် မတွေ့ရတော့ပေ။ ရေးဆွဲထားသော အရုပ်များမှာ တိရစ္ဆာန်ပုံ (၁) ပုံ၊ လက်ဝါးပုံ (၃) ပုံ၊ အရုပ် မသဲကွဲသောပုံ (၂) ပုံ တွေ့ရသည်။ လက်ဝါးပုံများမှာ ထင်ရှားမှုမရှိဘဲ မှိန်နေသည်ကို တွေ့ရှိရသည်။ တိရစ္ဆာန်တစ်ကောင်၏ပုံမှာ ပြဒါးလင်းဂူမှ နွားပုံသဏ္ဌာန်နှင့် နီးနီးစပ်စပ်တူပြီး ဆေးနှစ်လိုင်းဖြင့် ရေးဆွဲထားသည်ကို တွေ့ရှိရသည်။

**နံရံပန်းချီတွေ့ရှိသည့်နေရာအမှတ် (၃)မှာ** နံရံပန်းချီရှိသည့် ကျောက်တုံးအမှတ် (၂) ၏ အနောက်ဘက်



**မြခနောက်ကျောက်မိုးပြင်ရှိ ကျောက်ခေတ်ပန်းချီလက်ရာကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ကွင်းဆင်းအဖွဲ့ လေ့လာစဉ်**

**နံရံပန်းချီတွေ့ရှိသည့်နေရာအမှတ် (၂) မှာ** နံရံပန်းချီတွေ့ရှိသည့်နေရာအမှတ် (၁) ကျောက်တုံး၏ အရှေ့ဘက်ပေ ၅၀ အကွာတွင် မြောက်ဘက်သို့ လှည့်လျက် မြွေ၏ဦးခေါင်းထောင်နေသည့် ပုံသဏ္ဌာန် ကျောက်တုံး (Shellter) ဖြစ်သည်။ ဆေးရေးပန်းချီများ တွေ့ရှိရာ ကျောက်တုံးသုံးခုအနက် အကြီးမားဆုံးဖြစ်သည်။ ကျောက်အမိုးသည် အလျား ၃၅ ပေ၊ အကျယ် ၃၁ ပေ၊ အမြင့် ၁၄ ပေရှိပြီး ကျောက်တုံး၏ မျက်နှာကြက်တွင် အရုပ်များ ရေးဆွဲထားသည်ကို တွေ့ရသည်။ အမိုးမျက်နှာပြင်ရှေ့ပိုင်းတွင် ရေးဆွဲထားပြီး အောက်ခြေတွင် ခရီးသွားဒေသခံရွာသားများ နားနေခြင်း၊ ကျောကပ်လျက် အနောက်တောင်ဘက်သို့ မျက်နှာမူကာ ၆ ဒီဂရီခန့် စောင်းလျက်ရှိပြီး အတွင်းပိုင်းတွင် ၈ လက်မခန့်အရွယ် အရုပ်၏အစိတ်အပိုင်းတစ်ခု တွေ့ရှိရသည်။ ဆေးရောင်မှာ နီညိုရောင်ဖြစ်သည်။ နံရံပန်းချီမှာ ကြမ်းပြင် ၂ ပေအမြင့်တွင် ရေးထားသည်ကို တွေ့ရသည်။ ဤကျောက်တုံးမှ နံရံဆေးရေးပုံတစ်ခုသာ တွေ့ရှိရသည်။

နံရံပန်းချီရှိသော ကျောက်တုံးများအနီးမှ ကျောက်ခေတ်ကာလများတွင် အသုံးပြုလေ့ရှိသော ကျောက်လက်နက်ကိရိယာများ တွေ့ရှိစုဆောင်းခဲ့သည်။ ၎င်းတို့မှာ-

(က) နှစ်မျက်နှာဆစ်ထား၍ အသွားတွန့်နေသော လက်ကိုင်အရိုးမတပ်ဘဲ အသုံးပြုနိုင်သည့် ပုဆိန်သွား (သို့မဟုတ်) ခုတ်စဉ်းကိရိယာအကောင်းတစ်ခုနှင့် အစိတ်အပိုင်းတစ်ခု၊
(ခ) ကျောက်ပြားဝိုင်းများ၏ နှစ်မျက်နှာတွင် အလယ်၌အပေါက်ဖောက်လုပ်ဆဲကျောက်ကွင်းအပိုင်းတစ်ခု
(ဂ) ကျောက်လက်နက်အစိတ်အပိုင်းများဖြစ်သည်။

မြခနောက်ကျောက်မိုးပြင်မှ တွေ့ရှိရသော နံရံပန်းချီများမှာ ကျောက်ခေတ်လူသားတို့နေထိုင်ခဲ့ကြသော လူနေဂူတွင် ရေးဆွဲထားခြင်းမျိုးမဟုတ်ဘဲ နားနေသည့်နေရာတွင် ရေးဆွဲထားသည်ဟု ယူဆရသည်။ ထို့ကြောင့် နံရံပန်းချီများရှိသော ကျောက်တုံးအနီးပတ်ဝန်းကျင်တွင် ကျောက်ခေတ်လူသားတို့နေထိုင်နိုင်မည့် ဂူများ ရှိနိုင်သည်။ ပြဒါးလင်းဂူ၏ အနောက်တောင်ဘက် ၇ မိုင်ခန့်အကွာ တောင်ကြောတစ်ခုတည်းတွင် တည်ရှိသဖြင့် ပြဒါးလင်းဂူတွင် နေထိုင်သည့်လူမျိုးစုများနှင့် ကူးလူးဆက်သွယ်မှု ရှိနိုင်သော အကွာအဝေးလည်းဖြစ်သည်။ သို့သော် ပြဒါးလင်းဂူတွင် ရေးဆွဲထားသော အရုပ်များသည် ဆေးလိုင်းတစ်ကြောင်းဆွဲဖြစ်ပြီး ယခုတွေ့ရှိသည့် နံရံပန်းချီများမှာ နှစ်ကြောင်းဆွဲစနစ်ဖြင့် ရေးဆွဲထားသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် နံရံပန်းချီရေးဆွဲထားသော ရုပ်ပုံများမှာ တစ်ချိန်တည်း ရေးဆွဲထားခြင်းမဟုတ်ဟု ယူဆရသည်။ ပြဒါးလင်းဂူတွင် လူတို့ရပ်တည်နေထိုင်ခဲ့သော ကာလထက်နောက်ကျမည်ဟု ခန့်မှန်းထားသည်။ တိရစ္ဆာန်အရွယ်အစားများကို မှတ်တမ်းတင်ရေးဆွဲကြရာတွင် အကောင်ငယ်မျှသာ ရေးဆွဲကြသော်လည်း ယခုတွေ့ရှိရသည့် ဆင်ကောင်ရုပ်ပုံ၏အရွယ်အစားမှာ ပကတိဆင်အရွယ်အစားနီးပါး ရေးဆွဲထားခြင်းသည် ထူးခြားမှုတစ်ခုဖြစ်သည်။ ယုံကြည်မှုအတွက်ကြောင့်သော်လည်းကောင်း၊ ကိုးကွယ်မှုအတွက်ကြောင့်သော်လည်းကောင်း၊ အရိုအသေပြုသည့်အနေဖြင့်သော်လည်းကောင်း အထင်ကရရေးဆွဲထားသည်ဟု ယူဆရသည်။


ယနေ့တိုင် ယင်းဒေသကိုဆင်တောင်ဘိုးဘိုးကြီးစောင့်ရှောက်သည်ဟု ယုံကြည်၍ ဒေသခံများက အရိုအသေပေးလျက်ရှိသည်ကိုတွေ့ရသည်။ အရုပ်ရေးဆွဲထားသောဆေးရောင်မှာ ပြဒါးလင်းဂူတွင် ရေးဆွဲထားသည့်ဆေးရောင်နှင့် တူညီသည်ကို တွေ့ရှိရသည်။ ကျောက်နံရံပန်းချီများရှိသည့် နေရာပတ်ဝန်းကျင်မှတွေ့ရှိသော ခုတ်စဉ်းကိရိယာနှင့် ကျောက်ပိုင်း၏ အလယ်တွင် ဖောက်လက်စအပေါက်ငယ် ကျောက်ပြားဝိုင်းအပိုင်း တွေ့ရှိရခြင်းသည် ကျောက်ခေတ်ကာလတွင် နေထိုင်ခဲ့ကြသော လူမျိုးစုများသုံးစွဲလေ့ရှိသော လက်နက်ကိရိယာများဖြစ်သဖြင့် ကျောက်ခေတ်လူသားတို့သည် ဤနေရာ ပတ်ဝန်းကျင်တွင် နေထိုင်ခဲ့ကြ၍ ကျောက်တုံးနံရံများ၊ မျက်နှာကြက်များပေါ်တွင် ပန်းချီများရေးဆွဲထားသည်ဟု ယူဆရသည်။

၁၉၆၉-၇၀ ခုနှစ်တွင် ပြဒါးလင်းဂူ အမှတ်(၁)နှင့် အမှတ်(၂)ကို တွေ့ရှိခဲ့သည်။ ဂူအမှတ်(၁)တွင် ပန်းချီလက်ရာများနှင့် ကျောက်ချောခေတ်ဂူနေလူသားတို့၏ အထောက်အထားများကို လေ့လာသုတေသနပြုနိုင်ခဲ့သည်။

ပန်းချီလက်ရာများမှာ ဂူအမှတ်(၁)၏ အရှေ့သို့စွန်းထွက်နေသော မျက်နှာကြက်နှင့် နံရံများပေါ်တွင် နီညိုရောင်ဆေးဖြင့် ရေးဆွဲထား၏။ ပုံပေါင်း ၁၂ ပုံခန့်ရှိသည့်အနက် ၉ ပုံခန့်သာ အမျိုးအမည်ကို ခန့်မှန်းသိရှိနိုင်သည်။ ယင်းပုံများမှာ နေပုံ၊ ငါးပုံ၊ နွားပုံ၊ လက်ဝါးပုံ၊ နွားရိုင်းသားအမိပုံနှင့် တိရစ္ဆာန်ပုံများဖြစ်ကြသည်။ ထုံးကျောက်သဘာဝဂူအတွင်း နှစ်ကာလကြာမြင့်မှုနှင့် သဘာဝအခြေအနေကြောင့် ပုံများမှာ မှေးမှိန်ပျက်ယွင်းကုန်ကြပြီ ဖြစ်သည်။ ၂၀၀၄ ခုနှစ်ခန့်တွင် ICCROM မှ Mr.Lujan နှင့် ပုဂံဌာနခွဲမှ ကျွမ်းကျင်သူများ ပူးပေါင်းလျက် ပြဒါးလင်းဂူမှ ဆေးရေးပန်းချီများကို ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းမှုများပြုလုပ်ခဲ့သည်။

ပြဒါးလင်းဂူစုမှ တူးဖော်တွေ့ရှိရသော ကျောက်လက်နက်ပေါင်းမှာ ၁၅၀၀ ကျော်ရှိသည်။ ယင်းတို့အနက် ၅၀၀ ကျော်ကို စုဆောင်းသိမ်းယူခဲ့ပြီး ကျောက်လက်နက်အချို့ကို အမျိုးသားပြတိုက်တွင် ပြသထားရှိသည်။ ကျန်ကျောက်လက်နက်များကို အမှတ်(၁) ဂူအဝင်ဝနှင့် အနီးဝန်းကျင်နေရာများတွင်

## ကမ်းပါးနီ၊ မြခနောက်ကျောက်မိုးပြင်မှ အသစ်တွေ့ ကျောက်ခေတ်ပန်းချီ



ကမ်းပါးနီ၊ မြခနောက်ကျောက်မိုးပြင်မှ ကျောက်ခေတ်ပန်းချီများ

ပြန်လည်မြှုပ်နှံခဲ့သည်။ ယင်းကျောက်လက်နက် အထောက်အထားများကို ၂၀၀၈ ခုနှစ်တွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနက ပြန်လည်တူးဖော်သုတေသနပြုခဲ့သည်။

ထို့ပြင် ဂူအမှတ် (၁) မှ တွေ့ရှိရသော အရိုးများနှင့် မီးသွေးစများကို နယူးဇီလန်နိုင်ငံ ဈူကလီးယားဓာတ်ခွဲဌာနသို့ပေးပို့လျက် သက်တမ်းတွက်ချက်ခဲ့ရာ လွန်ခဲ့သောနှစ်ပေါင်း ၆,၆၇၀ မှ ၁၃,၄၀၀ အတွင်း သက်တမ်းရှိကြောင်း သိရှိခဲ့ရသည်။

ယခုအသစ်ထပ်မံ တွေ့ရှိရသော မြခနောက်ကျောက်မိုးပြင်ဆေးရေးပန်းချီများရှိရာ ကျောက်တုံးကြီးများမှာ အနေအထားအရ ကျောက်ခေတ်လူသားတို့ ခိုအောင်းနေထိုင်နိုင်သည့် အခြေအနေမရှိဘဲ နားနေရာများဖြစ်နိုင်သည်ဟု ယူဆရသည်။

မျက်မှောက်ကာလတွင်လည်း သစ်ခုတ်၊ ဝါးခုတ်သွားလာသူများ နားခိုရာဖြစ်ဟန်တူသည်။ ခေတ္တနားခိုစဉ် မီးဖိုအသုံးပြုခဲ့သဖြင့် ကျပ်ခိုးမှိုင်းများ စွဲထင်နေသည်ကို တွေ့ရသည်။ အကြီးဆုံးကျောက်တုံးကြီး၏ အောက်ခြေမှ လက်လှမ်းတစ်မီအထိ ဖြတ်သွားကြရင်း၊ နားခိုကြရင်း စာများရေးသားခဲ့သဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်ကို တွေ့ရသည်။ ယဉ်ကျေးမှုအထိမ်းအမှတ်တစ်ခုအဖြစ် တန်ဖိုးထားရမည့် ကျောက်တုံးကြီးများဖြစ်ကြောင်းနှင့် မီးဖိုခြင်း၊ စာရေးခြင်းများ မပြုလုပ်ကြရန် အသိပညာပေးသင့်ကြောင်း သုံးသပ်မိသည်။ ကျောက်တုံးကြီးများ တည်နေရာမှာလည်း ပန်းလောင်မြစ်၏ အရှေ့ဘက်နှင့် အနောက်ဘက်ပြဒါးလင်းဂူ တည်ရှိရာ ပြက်ခရွေတောင်ကြောတစ်ခုတည်းတွင် တည်ရှိသောကြောင့် ထိုအချိန်က လူသားတို့ နေထိုင်သွားလာမှုတွင် အဆက်အစပ်ရှိမည်ဖြစ်သည်။ သက်ဆိုင်ရာဌာနကလည်း ကျောက်တုံးကြီးများအနီးရှိ ကျောက်လက်နက်ကိရိယာများစုဆောင်းတွေ့ရှိရာ နေရာကိုအခြေပြုလျက် တူးဖော်သုတေသနပြုရန် အစီအစဉ်ရှိကြောင်း သိရှိရသည်။ ထို့ပြင် ဆေးရေးပန်းချီများ၏ သက်တမ်းကို တွက်ချက်သတ်မှတ်နိုင်ရေးအတွက် ပြည်ပပညာရှင်များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

ပဏာမတူးဖော်သုတေသနပြုခြင်းကို ကျောက်တုံးကြီးသုံးခုရှိရာအဝင်ဝနှင့် ကျောက်တုံးကြီးသုံးခုအနီးတွင် အစမ်းကျင်းတစ်ကျင်းစီ စုစုပေါင်းလေးနေရာ၌ စမ်းသပ်တူးဖော်မှု ပြုခဲ့သည်။ အစမ်းကျင်းများတူးဖော်ရာတွင် အဓိကဖြစ်သော ကျောက်မိုးပြင်ကျောက်တုံးကြီးအနီး၌ ကျင်းရှည်စနစ်ဖြင့် တူးဖော်ပြီး

ကျန်သုံးကျင်းကို ကျင်းကွက်စနစ်ဖြင့် တူးဖော်ခဲ့သည်။ ယခုသုတေသန ပြုချိန်အထိ ကျင်းအားလုံးတွင် အနက်တစ်ပေခန့်၌ ကျောက်သားများကိုသာ တွေ့ရှိရပြီး ကျောက်လက်နက်အထောက်အထားများကို မတွေ့ရှိရခြင်းမရှိပေ။

ဤနေရာသည် ကျောက်ခေတ်နှောင်းလူသားတို့ နေထိုင်သည့်နေရာမဟုတ်။ နားခိုရာသာဖြစ်နိုင်ဖွယ် ရှိသဖြင့် ကျောက်လက်နက်များ ဖန်တီးထုတ်လုပ်ရာ မဟုတ်သောကြောင့် စမ်းသပ်တူးဖော်မှုကျင်းများတွင် လက်နက်များမတွေ့ရခြင်းဖြစ်နိုင်သည်။ ပဏာမ ကွင်းဆင်းလေ့လာစဉ်က တွေ့ရှိရသော ကျောက်လက်နက်များမှာ ခေတ္တနားခိုစဉ် စွန့်ပစ်ခဲ့သော ကျောက်လက်နက်အပိုင်းအစများ ဖြစ်ဖွယ်ရှိသည်။

ယခုကဲ့သို့ ယဉ်ကျေးမှုနှင့်ရှေးဟောင်းသုတေသနဆိုင်ရာမြင့်မားသောအထောက်အထားများကို တွေ့ရှိခဲ့သော ဦးဝင်းဗိုလ်အား ကျပ် ၂,၀၈၀,၀၀၀ (ကျပ်သိန်းနှစ်ဆယ်နှင့်ရှစ်သောင်း)နှင့်သာစည်မြို့နယ်၊ အုတ်တွင်းကျေးရွာအုပ်စု၊ ဆင်ရွာအနီးတွင် ရှေးဟောင်းပျူကျောက်စာတစ်ချပ် တွေ့ရှိခဲ့သော ဦးထူးအား ကျပ် ၂,၆၀၀,၀၀၀ (ကျပ်နှစ်ဆယ့်ခြောက်သိန်း) ကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ချီးမြှင့်ခဲ့သည်။

မြခနောက်ကျောက်မိုးပြင်မှ ကျောက်နံရံပန်းချီများ၏ သက်တမ်းကို တွက်ချက်နိုင်သည်နှင့်အမျှ ပြဒါးလင်းဂူကျောက်ချောခေတ် သက်တမ်းနှင့်ဆက်စပ်မှုကို ဖော်ထုတ်နိုင်မည်ဆိုလျှင် မြန်မာ့ကျောက်ခေတ် ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားတစ်ခုအဖြစ် ခိုင်မာစွာ သက်သေပြနိုင်မည် ဖြစ်သည်။ ထိုနည်းတူစွာ ကျောက်တုံးကြီးများအနီးဝန်းကျင်မှ ရရှိသော ကျောက်လက်နက်အထောက်အထားများကို ပဏာမ လေ့လာပြီးဆက်လက်တူးဖော်သုတေသနပြုရာမှလည်း ကျောက်ခေတ်ယဉ်ကျေးမှုသမိုင်းအတွက် ချိတ်ဆက်နိုင်မည့် သုတေသနအချက်အလက်များကို ထပ်မံ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်ရပေသည်။


**ဦးစန်းဝင်း၊ ရှေးဟောင်းသုတေသန**

**ကွယ်လွန်သူထင်ရှားသော ပုဂ္ဂိုလ်များ (နိုင်ငံတကာ)။** ။ စာပေယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ သိပ္ပံ၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေး စသည့်နယ်ပယ် အသီးသီးတွင် ထူးချွန်ထင်ရှားပြီး (၂၀၁၅) ခုနှစ် အတွင်း၌ ကွယ်လွန်ခဲ့ကြသောပုဂ္ဂိုလ်များ နိုင်ငံတကာ၌ ရှိပါသည်။ ၎င်းတို့အနက် ပုဂ္ဂိုလ်အချို့အကြောင်းကို ဖော်ပြအပ်ပါသည်။

**ကာလမ်၊ အေပီဂျေအဗ္ဗဒူလ်။** ။ ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အိန္ဒိယနိုင်ငံ သမ္မတအဖြစ် တာဝန် ထမ်းဆောင်ခဲ့သူ လေကြောင်းအာကာသဆိုင်ရာသိပ္ပံ ပညာရှင် ဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကာလမ်ကို ၁၉၃၁ ခုနှစ်တွင် တမီနာဒူးပြည်နယ် ရာမီရှဝါရမ်မြို့၌ လူလတ်တန်းစားမိသားစုက မွေးဖွားသည်။ ဉာဏ်ရည် စူးရှပြီး လုံ့လဝီရိယရှိသူကာလမ်သည် ငယ်စဉ်ကပင် သင်္ချာပညာကို စိတ်ဝင်စားသည်။

၁၉၅၄ ခုနှစ်တွင် စိန့်ဂျိုးဇက်ကောလိပ်မှ ရူပဗေဒ ဘာသာရပ်အထူးပြုဖြင့် ဘွဲ့ရရှိခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် မဒရပ်မြို့ရှိ နည်းပညာတက္ကသိုလ်၌ လေကြောင်း အာကာသအင်ဂျင်နီယာဘာသာရပ်ကို ဆက်လက် လေ့လာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ယင်းတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရရှိခဲ့ပြီး ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့၏ လေကြောင်းအာကာသဖွံ့ဖြိုးရေးဌာန၌ သိပ္ပံပညာရှင်ချုပ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင် ခဲ့သည်။ အိန္ဒိယကြည်းတပ်အတွက် ရဟတ်ယာဉ် ထုတ်လုပ်ပေးနိုင်ရန် ဒီဇိုင်းပုံစံထုတ်သည့်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် အိန္ဒိယအာကာသသုတေသန အဖွဲ့ (ISRO) သို့ ပြောင်းရွှေ့ခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော ဂြိုဟ်တုလွှတ်တင်ရေးယာဉ် (SLV.III) ၏ စီမံကိန်းညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ ဒုံးလက်နက် တည်ဆောက်ရေးစီမံကိန်းနှစ်ခုကို ဦးစီးဆောင်ရွက် ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ပြည်တွင်း၌ တည်ဆောက်သော ရောဟိနီ-၁ ဂြိုဟ်တုကို SLV ရောကတ် ဒုံးပျံယာဉ်ဖြင့် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။



**ဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကာလမ်**

'မီးနတ်ဘုရား' ဟု အဓိပ္ပာယ်ရသော အဂ္ဂနိ (Agni) ဒုံးကျည်များနှင့် 'မြေကမ္ဘာ' ဟု အဓိပ္ပာယ်ရသော ပရိသဗီ (Prithvi) ဒုံးကျည်များကို သုတေသနပြု ထုတ်လုပ်ရာတွင် ကာလမ်ကဦးဆောင်ခဲ့ပြီး တိုက်ချင်း ပစ်ဒုံးများဖြင့် နိုင်ငံတော်၏ ကာကွယ်ရေးအင်အားကို ခိုင်မာတောင့်တင်းစေခဲ့သည်။

၁၉၉၂ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဝန်ကြီးချုပ်၏ သိပ္ပံရေးရာအကြံပေးအရာရှိချုပ်တာဝန်နှင့် ကာကွယ်ရေး သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့၏ အတွင်းရေးမှူး တာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။ အိန္ဒိယ၏ ဒုံးပျံ ဖခင်ကြီးအဖြစ် ခေါ်တွင်ခံရသူ ကာလမ်သည် ပိုခရမ်-၂ (Pokhran-II) နျူကလီးယားစမ်းသပ်မှုများအတွက် စီမံကိန်းညှိနှိုင်းရေးမှူးချုပ်အဖြစ်လည်း ဆောင်ရွက် ခဲ့သည်။ ပိုခရမ်-၂ စီမံကိန်းအရ အိန္ဒိယနိုင်ငံတွင် နျူကလီးယားဗုံးစမ်းသပ်ဖောက်ခွဲမှု ငါးကြိမ်ပြုလုပ်ခဲ့သည်။

ကာလမ်သည် ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အိန္ဒိယနိုင်ငံသမ္မတတာဝန်ထမ်းဆောင်ခဲ့ရာ 'ပြည်သူ့ သမ္မတကြီး' ဟု ပြည်သူများက ချစ်စနိုးခေါ်တွင်ခဲ့ကြသည်။

ကာလမ်သည် သမ္မတရာထူးသက်တမ်းကုန်ဆုံး ပြီးနောက် ပရဟိတလုပ်ငန်းများ၌ မဆုတ်မနစ် ဆောင်ရွက်ခဲ့သည်။ ဝေးလံခေါင်သီသော အရပ်ဒေသ များရှိ စာသင်ကျောင်းများနှင့် တက္ကသိုလ်ကောလိပ် များသို့ သွားရောက်ကာ မျိုးဆက်သစ်လူငယ်များကို ဟောပြောပို့ချမှုများပြုလုပ်ခဲ့သည်။ လူငယ်များက အီးမေးလ်စာလွှာများဖြင့် အကြံဉာဏ်တောင်းခံကြရာ တွင်လည်း တလေးတစား ပြန်လည်ဖြေကြားပေးလေ့ ရှိသည်။

သိပ္ပံပညာကို စီးပွားရေးအကျိုးအမြတ်မဟုတ်ဘဲ လူသားတို့အကျိုးစီးပွားအတွက် အသုံးချရမည်ဟု ယုံကြည်သူကာလမ်သည် စာရေးဆရာတစ်ဦးလည်း ဖြစ်သည်။ အတွေးအမြင်ဆိုင်ရာစာအုပ် အများ အပြားကို ရေးသားပြုစုခဲ့သည်။ ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ အိန္ဒိယနိုင်ငံကို ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ ထူထောင်ရန် မျှော်မှန်းချက်ကို ရေးဖွဲ့ထားသည့် "India 2020" စာအုပ်မှာ အထူးကျော်ကြားသည်။

အိန္ဒိယနိုင်ငံကို လေကြောင်းအာကာသသိပ္ပံ ပညာဖြင့် အလုပ်အကျွေးပြုခဲ့သူ ဒေါက်တာအေပီဂျေ အဗ္ဗဒူလ်ကာလမ်သည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၄ နှစ် ရှိပြီဖြစ်သည်။

**ကွမ်ယူ၊ လီ။** ။ စင်ကာပူနိုင်ငံ၏ ဝါရင့်ခေါင်းဆောင် နှင့် ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူကို ၁၉၃၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်တွင် စင်ကာပူ၌ အခြေချ နေထိုင်သော တရုတ်မိသားစုဖြစ်သည့် ဖခင် လီချင်းကွန်းနှင့် မိခင်ချွာဂျင်းညိုတို့က မွေးဖွားသည်။ လီသည် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ဗြိတိန်နိုင်ငံ ကိန်းဘရစ်မြို့ရှိ ဖစ်ဝီလျံကောလိပ်၌ ဥပဒေ ဘာသာရပ်ကို လေ့လာဆည်းပူးခဲ့သည်။

မလေးကျွန်းဆွယ်အစွန်အဖျား၌ တည်ရှိသော စင်ကာပူနိုင်ငံကို စတင်တည်ထောင်သူလီသည် ဗြိတိသျှကိုလိုနီနယ်မြေဘဝမှ ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိရန် ကြိုးပမ်းခဲ့သည်။ ကိုလိုနီအုပ်ချုပ်ရေးစနစ်ကို ဆန့်ကျင်ရာတွင် တက်ကြွစွာလှုပ်ရှားခဲ့သည်။ လီသည် ၁၉၅၄ ခုနှစ်တွင် ၎င်း၏ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် များနှင့် ခွဲထွက်ကာ ပြည်သူ့အက်ရှင်ပါတီကို တည်ထောင် ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာပြီးနောက် ဥပဒေပြုကောင်စီရွေးချယ်ပွဲ၌ လီ၏ ပါတီက စတင်ထိုးဖောက်နိုင်ခဲ့သော်လည်း ကောင်စီဝင်အနည်းစုနေရာသာရရှိခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် လန်ဒန်သို့သွားရောက်၍ ကိုယ်ပိုင်



လီကွမ်ယူ

အုပ်ချုပ်ခွင့်ရရှိရန် ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ၁၉၅၇ ခုနှစ်တွင် ဒုတိယအကြိမ် သွားရောက်မှသာတိုးတက်မှုရရှိပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ကိုလည်း ရေးဆွဲနိုင်ခဲ့သည်။

ယင်းအခြေခံဥပဒေသစ်အရ ၁၉၅၉ ခုနှစ်တွင် ကျင်းပသော အမျိုးသားရွေးကောက်ပွဲ၌ လီက ကိုလိုနီစနစ်ဆန့်ကျင်ရေး၊ ကွန်မြူနစ်စနစ်ဆန့်ကျင်ရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ဖက်ဒရေးရှင်းဖွဲ့စည်းရေး၊ လူမှုဘဝမြှင့်တင်ရေးစသည့် ကြွေးကြော်သံများဖြင့် မဲဆွယ်စည်းရုံးခဲ့သည်။ ရွေးကောက်ပွဲအောင်နိုင်ပြီးနောက် ၁၉၅၉ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် လွတ်လပ်သော စင်ကာပူနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် စင်ကာပူ၊ ဆာဘားနှင့် ဆာရာဝပ်တို့သည် မလေးကျွန်းဆွယ်ကို ကိုယ်စားပြုသော မလေးယားပြည်ထောင်စု (Federation of Malaya) နှင့် ပေါင်းစည်းကာ မလေးရှားနိုင်ငံကို ထူထောင်ခဲ့သည်။ သို့သော် သုံးနှစ်အကြာတွင် သဘောထားကွဲလွဲမှုကြောင့် စင်ကာပူက ပြန်လည်ခွဲထွက်ခဲ့သည်။ လီသည် ပေါင်းစည်းချိန်တွင် ကြုံတွေ့ခဲ့ရသော ပြဿနာများကို ကောင်းစွာကိုင်တွယ်ကာ နိုင်ငံတည်ငြိမ်ရန် ထိန်းကျောင်းနိုင်ခဲ့သည်။

လီသည် နိုင်ငံခြားသားလုပ်အားစွမ်းအားစုကို မြှင့်တင်ပေးခြင်းဖြင့် စီးပွားရေးတိုးတက်စေခဲ့သည်။ ပညာတတ်များနှင့် ကျွမ်းကျင်သူများကို နိုင်ငံအတွင်း အတည်တကျနေထိုင်နိုင်အောင် ဆွဲဆောင်ခဲ့သည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်ရန် ဆယ်စုနှစ်များစွာ ဦးဆောင်ကြိုးပမ်းခဲ့သည်။ လီ၏ ဦးဆောင်မှုနှင့်အတူ စင်ကာပူနိုင်ငံသည် ကမ္ဘာပေါ်တွင် တစ်ဦးချင်း ဝင်ငွေအများဆုံးနိုင်ငံ၊ ပညာရေး၊ ကျန်းမာရေးနှင့် အများပြည်သူဝန်ဆောင်မှုအရည်အသွေးများ မြင့်မားသည့်နိုင်ငံ အဆင့်အတန်းသို့ ရောက်ရှိခဲ့သည်။ နိုင်ငံ၏ စီးပွားရေးကို ကမ္ဘာနှင့်ချိတ်ဆက်နိုင်ခဲ့သည်။ စီးပွားရေးသာမက အုပ်ချုပ်ရေးလုပ်ငန်းတွင်ပါ စွမ်းဆောင်ရည်မြှင့်တင်ရေးမူဝါဒကို ကျင့်သုံးခဲ့သည်။ ပြည်သူ့အုပ်ချုပ်ရေးစနစ်၊ လူမှုဖူလုံရေးစနစ်၊ လုပ်အားခသတ်မှတ်ပုံစနစ်၊ စီးပွားရေးပြိုင်ဆိုင်မှုစနစ်များအတွက် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များစွာ ဆောင်ရွက်ခဲ့သည်။ လီကွမ်ယူသည် ၁၉၉၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလမှ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လအထိ ဝါရင့်ဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လမှ ၂၀၁၁ ခုနှစ်၊ မေလ ၂၁ ရက်အထိ လမ်းညွှန်သူအဖြစ် တာဝန်ယူခဲ့သည်။ လီသည် Kwa Geok Choo နှင့် လက်ထပ်ခဲ့ပြီး ဝန်ကြီးချုပ်လီရှန်လွန်း၊ လီဝိန့်လိုင်နှင့် လီရှန်ယမ်းတို့ကို မွေးဖွားခဲ့သည်။

အစိုးရအဖွဲ့တွင် ရာစုနှစ်ထက်ဝက်ခန့် တာဝန်ယူခဲ့သူလီသည် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၂ နှစ်ရှိပြီဖြစ်သည်။

**သင်းယဉ်လွင်**

**မီအာရာ၊ အန်နီ။** ။ အမေရိကန်ဟာသဇာတ်ဆောင်မင်းသမီးအန်နီမီအာရာသည် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများတွင် ဇာတ်ဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်ခဲ့သည့်အပြင် ပြဇာတ်ရေးဆရာမအဖြစ်လည်း အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ ၎င်း၏ အနုပညာသက်တမ်းအတွင်း ရုပ်မြင်သံကြားဇာတ်လမ်းတွဲ သရုပ်ဆောင်များအတွက် ချီးမြှင့်သည့် အမ်မီဆုအတွက် အမည်စာရင်းလေးကြိမ် တင်သွင်းခံရသည်။ The Other Woman ရုပ်သံဇာတ်လမ်း၏



**အန်နီမီအာရာ**

တွဲဖက်ဇာတ်လမ်းရေးသူ အဖြစ် Writers Guild ဆုကို ရရှိခဲ့သည်။


မီအာရာသည် အိုင်းရစ်မျိုးနွယ်မိဘများမှ ဆင်းသက်လာသူဖြစ်သည်။ မီအာရာကို ၁၉၂၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်တွင် ရှေ့နေဖြစ်သူ ဖခင်အက်ဒွပ်ဂျိုးဇက်မီအာရာနှင့် မိခင်မေရီတို့က အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တွင် မွေးဖွားသည်။ အသက် ၁၈ နှစ်တွင် မက်ဟတ်တန်ရှိ ပြဇာတ်သင်တန်းကျောင်း၌ သရုပ်ဆောင်ပညာကို တစ်နှစ်ခန့်သင်ယူခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သရုပ်ဆောင်တစ်ဦးအဖြစ် စတင် အသက်မွေးဝမ်းကျောင်းပြုသည်။

မီအာရာသည် ၁၉၅၃ ခုနှစ်တွင် ဟာသဇာတ်ဆောင် မင်းသား ဂျယ်ရီစတယ်လာနှင့် လက်ထပ်ခဲ့သည်။ မီအာရာတို့ဇနီးမောင်နှံသည် 'စတယ်လာနှင့် မီအာရာ' ဟာသအဖွဲ့ကို တည်ထောင်ခဲ့ပြီး ကလပ်များနှင့် ရုပ်သံဇာတ်လမ်းများတွင် သရုပ်ဆောင်တင်ဆက်ခဲ့ရာ ၁၉၆၀ ပြည့်လွန်နှစ်များတွင် ထင်ရှားသောဟာသအဖွဲ့ ဖြစ်ခဲ့သည်။ မီအာရာသည် ဟာသသရုပ်ဆောင် ဘန်စတယ်လာနှင့် အမ်စတယ်လာတို့ကို မွေးဖွားခဲ့သည်။

ထင်ရှားသည့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ဖြစ်သော Sex and the City, The King of Queens, Law & Order: Special Victims Unit တို့တွင် အဓိက ဇာတ်ဆောင်အဖြစ်သရုပ်ဆောင်ခဲ့သူ အန်နီမီအာရာ သည် ၂၀၁၅ ခုနှစ်၊ မေလ ၂၃ ရက်တွင် အမေရိကန် ပြည်ထောင်စု မက်ဟတ်တန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၅ နှစ်ရှိပြီဖြစ်သည်။

**သင်းယဉ်လွင်**

**ရီးဆော့စ်၊ ဒမီးစ်။** ။ ကမ္ဘာတစ်ဝန်းအယ်လ်ဘမ် အချပ်ရေသန်း ၆၀ ကျော်ရောင်းချခဲ့ရသူ နာမည်ကျော် ဂရိအဆိုတော် ဒမီးစ်ရီးဆော့စ်ကို ဂရိနွယ်ဖွားမိဘ နှစ်ပါးက ၁၉၄၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်တွင် အီဂျစ်နိုင်ငံ အလက်ဇန္ဒြီးယားမြို့၌ မွေးဖွားသည်။ ရီးဆော့စ်တို့ မိသားစုသည် ၁၉၆၀ ပြည့်လွန်ကာလတွင် စူးအက် ပဋိပက္ခကြောင့် ဂရိသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ရီးဆော့စ်သည် ၎င်း၏ ဂီတပရော်ဖက်ရှင်နယ်ဘဝကို အသက် ၁၇ နှစ် အရွယ်ကပင် "The Idols" တေးဂီတ ဝိုင်းနှင့် အစပြုခဲ့သည်။ ထို့နောက် "Aphrodite's Child" ဂီတဝိုင်းနှင့်အတူ "Five O'clock" နှင့် "666" အယ်လ်ဘမ်များဖြန့်ချိကာ အဆိုတော်ဘဝသို့ ရောက်ရှိခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် "Forever and Ever" အယ်လ်ဘမ်ကို တစ်ကိုယ်တော်ထုတ်လုပ်ဖြန့်ချိခဲ့ပြီး "Happy To Be" နှင့် "My Only Fascination" အယ်လ်ဘမ်တို့ဖြင့် ဗြိတိန်တေးဂီတလောကသို့ ထိုးဖောက်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် တေးရေးဆရာ ဗန်ဂဲလစ်ရေးစပ်သော "Chariots of Fire" ရုပ်ရှင်ကား နောက်ခံသီချင်းဖြင့် အောင်မြင်မှုရရှိခဲ့သည်။ ၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်ကာလများတွင် "Goodbye" နှင့် "Quandjet' time" အယ်လ်ဘမ်သစ်တို့ဖြင့် အောင်မြင်မှု အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ထုတ်လွှင့်ခဲ့သော မိုက်လိုက်၏ ရုပ်မြင်သံကြားဇာတ်လမ်း "Abigail's Party" ၌ နောက်ခံသီချင်းဖြင့် တင်ဆက် ခဲ့ရာ ပိုမိုကျော်ကြားခဲ့သည်။ နောက်ဆုံးထွက်ရှိခဲ့သော အယ်လ်ဘမ်မှာ "The Story of Demis Roussous" ဖြစ်သည်။ ရီးဆော့စ်သည် အိမ်ထောင်လေးကြိမ် ပြုခဲ့ပြီး ပထမအိမ်ထောင်နှင့် သမီးတစ်ဦး၊ ဒုတိယ အိမ်ထောင်နှင့် သားတစ်ဦးမွေးဖွားခဲ့သည်။




**ဒမီးစ်ရီးဆော့စ်**

ဂီတပညာရှင် ဒမီးစ်ရီးဆော့စ်သည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်တွင် အေသင်မြို့ရှိ ဟေဂျီဆေးရုံ၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် အသက် ၆၈ နှစ် ရှိပြီဖြစ်သည်။

**သင်းယဉ်လွင်**

**လီ၊ ခရစ္စတိုဖာ။** ။ ၁၉၇၄ ခုနှစ်တွင် ရိုက်ကူးခဲ့သော The Man with the Golden Gun ဂျိမ်းစ်ဘွန်း ဇာတ်ကား၌ လူဆိုးကြီး Scarsmanga အဖြစ် သရုပ်ဆောင်ခဲ့သူ ခရစ္စတိုဖာလီသည် သွေးစုပ်ဖုတ်ကောင် ဖရန်ကင်စတိန်း၊ မြို့စားကြီးဒရက်ကူလာ၊ ဖူးမန်းချူး စသည့်ကမ္ဘာကျော်ဗီလိန်ဇာတ်ရုပ်များဖြင့် ကျော်ကြားခဲ့သူဖြစ်သည်။ လီသည် သက်စွန့်ဆံဖျားပြကွက်များကို ကိုယ်တိုင်သရုပ်ဆောင်ခဲ့သူဖြစ်ပြီး ကျွန်ကုန်ကူးသူ၊ အာဏာရှူးဘုရင်၊ သွေးစုပ်ဖုတ်ကောင်၊ စိတ္တဇဝေဒနာရှင် ပရော်ဖက်ဆာဇာတ်ရုပ်များကို လိုက်ဖက်စွာ သရုပ်ဆောင်ခဲ့သည်။

The Curse of Frankenstein (၁၉၅၇) နှင့် Horror of Dracula (၁၉၅၈) ဇာတ်ကားတို့ဖြင့် စတင်ကျော်ကြားခဲ့သူလီသည် ကမ္ဘာကျော်စုံထောက်ဇာတ်ကောင် ရှားလော့ဟုမ်းအဖြစ် သုံးကြိမ်ပါဝင်သရုပ်ဆောင်ခဲ့ပြီး ရုရှားဇာဘုရင်၏ နန်းတွင်းကို ကိုင်လှုပ်ခဲ့သည့် မှော်ဆရာရပ်စ်ပြူတင်အဖြစ်လည်း သရုပ်ဆောင်ခဲ့သည်။ ဗြိတိသျှသရုပ်ဆောင်ဖြစ်သူ လီကို ဗြိတိန်ဘုရင်မကြီးက 'ဆာ' ဘွဲ့ချီးမြှင့်ခဲ့သည်။ လူကြမ်းဇာတ်ရုပ်ဖြင့် ကျော်ကြားသူလီသည် အော်စကာဆုကို ဆန်ခါတင်စာရင်း၌ပင် ပါဝင်ခဲ့ခြင်းမရှိသော်လည်း Metal Hammer Golden God ဆုကို ရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် Tall, Dark and Gruesome အမည်ရ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးသားထုတ်ဝေခဲ့သည်။ လီသည် အသက် ၈၀ အရွယ်တွင် Lord of the Rings, Hobboit, Star War ဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။




**ခရစ္စတိုဖာလီ**

ခရစ္စတိုဖာလီသည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၇ ရက်တွင် လန်ဒန်မြို့ ဝက်စ်မင်နင်စတာဆေးရုံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် အသက် ၉၃ နှစ်ရှိပြီဖြစ်ပြီး ဇနီးနှင့်သမီးတစ်ဦး ကျန်ရစ်သည်။

**သင်းယဉ်လွင်**

**အော်နာ၊ ဂျိမ်းစ်။** ။ အမေရိကန်သီချင်းရေးဆရာ ဂျိမ်းစ်အော်နာသည် ဒါရိုက်တာဂျိမ်းစ်ကင်မရွန်းရိုက်ကူးခဲ့သော တိုက်တန်းနစ်နှင့် အဗာတာဇာတ်ကားတို့တွင် ဇာတ်ဝင်သီချင်းများရေးခဲ့သူဖြစ်သည်။ တိုက်တန်းနစ်ဇာတ်ကားအတွက် တေးသွားဆုနှင့် ဆလင်းဒီယွန်သီဆိုသော 'ငါ့နှလုံးသားက ဆက်လက်ရှင်သန်နေမှာပါ' သီချင်းအတွက် ဝဲလ်ဂျင်နီးစ်နှင့်ပူးတွဲကာ အော်စကာဆု ရရှိခဲ့သည်။ A Beautiful Mind, Braveheart, Troy, Apollo 13 နှင့် ရုပ်ရှင်ဇာတ်ကားများစွာတွင် တေးသွားများကိုဖန်တီးခဲ့သူ အော်စကာဆုရှင် ဂျိမ်းစ်အော်နာသည် အသက် ၆၁ နှစ် အရွယ် ၂၀၁၅ ခုနှစ်၊ ဇွန်လ



**ဂျိမ်းစ်အော်နာ**

၂၂ ရက်တွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း၌ လေယာဉ်ပျက်ကျကာ ကွယ်လွန်သည်။

**သင်းယဉ်လွင်**

## ကွယ်လွန်ထင်ရှားပုဂ္ဂိုလ်များ (၂၀၁၅) ။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်အကျိုး သယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသော ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ အနုပညာစသည့် နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားသော ကွယ်လွန်သူပုဂ္ဂိုလ်များ ရှိပေသည်။

### ရဟန်းတော်များ

**ကလျာဏ၊ ဘဒ္ဒန္တ**

သက်တော် ၈၁ နှစ်၊ သိက္ခာတော် ၆၁ ဝါ
နိုင်ငံတော်သံဃသမ္မုတိရကိုယ်စားလှယ်၊ စစ်တွေမြို့ အိမ်စိုးမေမိကျောင်းတိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်တွင် ပျံလွန်တော်မူသည်။)

**ကုမာရ၊ ဘဒ္ဒန္တ**

သက်တော် ၈၄ နှစ်၊ သိက္ခာတော် ၆၄ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပျော်ဘွယ်မြို့နယ် ဘ/က ဥက္ကဋ္ဌ၊ တောတွင်းလှကျေးရွာအုပ်စု သံဃနာယကဥက္ကဋ္ဌ၊ ရွာသစ်ကြီးဆည်ပေါ်ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာတော်
(၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်တွင် ပျံလွန်တော်မူသည်။)

**ကုသလာစာရာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် ၇၆ နှစ်၊ သိက္ခာတော် ၅၆ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် ဂုဏဝတီတိုက်ကျောင်း ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်တွင် ပျံလွန်တော်မူသည်။)

**ကေလာသ၊ ဘဒ္ဒန္တ**

သက်တော် ၅၆ နှစ်၊ သိက္ခာတော် ၃၆ ဝါ
သဒ္ဓမ္မဇောတိကဓဇ၊ ပါဠိပဋ္ဌိဝိသောဓကအဖွဲ့ဝင်၊ သာသနာရေးဦးစီးဌာန အဘိဓမ္မာ ဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနည်းပြဆရာတော်
(၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်တွင် ပျံလွန်တော်မူသည်။)

**ကေသရ၊ ဘဒ္ဒန္တ**

သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၄၄ ဝါ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မုဒုံမြို့နယ် မြိုင်ကုန်းကျောက်တလုံးကျေးရွာ ဝင်းစိန်တောရကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်တွင် ပျံလွန်တော်မူသည်။)

**ကေသရ၊ ဘဒ္ဒန္တ**

သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊

ပုဗ္ဗန်တောင်မြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်တွင် ပျံလွန်တော်မူသည်။)

## ကောဝိဒ၊ ဘဒ္ဒန္တ

သက်တော် ၁၀၃ နှစ်၊ သိက္ခာတော် ၈၃ ဝါ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်သြဝါဒါစရိယ၊ ဓမ္မဝိနယာနုလောမမူလဒွါရ နိကာယ ဒွါရသမဂ္ဂပြောက် ဂိုဏ်းချုပ်သာသနာပိုင်ဆရာတော်ကြီး၊ ကံမမြို့နယ် ထုံးကြီးကျေးရွာ ထုံးကြီးတောင်ကျောင်းတိုက်
(၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်တွင် ပျံလွန်တော်မူသည်။)

## ကောဝိဒ၊ ဘဒ္ဒန္တ

သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပခုက္ကူခရိုင်၊ အောင်မြေသာယာ သူဌေးကျောင်း၊ ကျောင်းတိုက် ဦးစီးပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်တွင် ပျံလွန်တော်မူသည်။)

## ကောသလာဘိဝံသ၊ ဘဒ္ဒန္တ

သက်တော် ၇၇ နှစ်၊ သိက္ခာတော် ၅၇ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ကြည့်မြင်တိုင်မြို့နယ်၊ စလင်းကျောင်းတိုက် တိုက်အုပ်ဆရာတော်
(၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ ရက်တွင် ပျံလွန်တော်မူသည်။)

## ကောသလ္လ၊ ဘဒ္ဒန္တ

သက်တော် ၉၇ နှစ်၊ သိက္ခာတော် ၇၆ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ ရမည်းသင်းမြို့ ဆင်ကျုံးတောရကျောင်းတိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်တွင် ပျံလွန်တော်မူသည်။)

## ကောဏ္ဍည၊ ဘဒ္ဒန္တ

သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ (သုဓမ္မာ)၊ လားရှိုးမြို့ မန်ဆူဘုရားကြီးကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်တွင် ပျံလွန်တော်မူသည်။)

## ကောဏ္ဍည၊ ဘဒ္ဒန္တ

သက်တော် ၅၈ နှစ်၊ သိက္ခာတော် ၃၈ ဝါ
စူဠဂန္ထဝါစကပဏ္ဍိတ၊ ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် တိုက်အုပ်ဆရာတော်
(၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်တွင် ပျံလွန်တော်မူသည်။)

## ခေမိန္ဒသာမိ၊ ဘဒ္ဒန္တ

သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၅၉ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇသီရိပဝရ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင်၊ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးတိုက် နာယကအဖွဲ့ဝင် သဒ္ဓမ္မဇောတိကာရုံ ကျောင်းဆရာတော်
(၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်တွင် ပျံလွန်တော်မူသည်။)

## ဂါရဝ၊ ဘဒ္ဒန္တ

သက်တော် ၈၅ နှစ်၊ သိက္ခာတော် ၆၅ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ၊ မုံရွာမြို့ မဟာဇောတိကာရာမတိုက်၊ တိုက်အုပ်နာယက
(၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်တွင် ပျံလွန်တော်မူသည်။)

**စာရိန္ဒ၊ ဘဒ္ဒန္တ**
သက်တော် ၉၈ နှစ်၊ သိက္ခာတော် ၇၈ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ၊ ပုသိမ်မြို့ ဥသျှစ်ကျောင်းတိုက် ပဓာန နာယကဆရာတော်
(၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်တွင် ပျံလွန်တော်မူသည်။)

**စန္ဒာသီရိ၊ ဘဒ္ဒန္တ**
သက်တော် ၈၀၊ သိက္ခာတော် ၆၀
ဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မာစရိယ၊ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးတိုက် တောင်တော်ဦးကျောင်းဆရာတော်
(၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်တွင် ပျံလွန်တော်မူသည်။)

**စန္ဒာသီရိ၊ ဘဒ္ဒန္တ**
သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၅၉ ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ မန္တလေးမဟာအောင်မြေမြို့နယ် မဏိရတနာရာမ မြတောင်တိုက်နာယကအဖွဲ့ဝင် စံကင်းမြိုင်ကျောင်း ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်တွင် ပျံလွန်တော်မူသည်။)

**စန္ဒောဘာသ၊ ဘဒ္ဒန္တ**
သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဇောတိကဓဇ ဓမ္မာစရိယ၊ မဟာဒွါရနိကာယ အနုနာယက၊ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ (မဟာဒွါရ)၊ ကော့မှူးမြို့နယ် ကသစ်ကုန်းကျေးရွာ အရိမဒ္ဒနာရာမ ပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်တွင် ပျံလွန်တော်မူသည်။)

**စန္ဒိမာ၊ ဘဒ္ဒန္တ**
သက်တော် ၈၄ နှစ်၊ သိက္ခာတော် ၆၅ ဝါ
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ခင်ဦးမြို့နယ် ဆီဆုံလေးကျေးရွာ သီရိမင်္ဂလာရန်အောင်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်တွင် ပျံလွန်တော်မူသည်။)

**စန္ဒိမာ၊ ဘဒ္ဒန္တ**
သက်တော် ၇၈ နှစ်၊ သိက္ခာတော် ၅၈ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘီအေ (မြန်မာစာ)၊ အယ်လ်အယ်လ်ဘီ၊ မန္တလေး ချမ်းအေးသာစံမြို့နယ် ငါးစိုကျောင်းတိုက်ဆရာတော်
(၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်တွင် ပျံလွန်တော်မူသည်။)

**စန္ဒိမာ၊ ဘဒ္ဒန္တ**
သက်တော် ၇၇ နှစ်၊ သိက္ခာတော် ၅၇ ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ တောင်ဥက္ကလာပမြို့နယ် ဗုဒ္ဓဓမ္မရိပ်သာကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်တွင် ပျံလွန်တော်မူသည်။)

**ဉာဏာလင်္ကာရ၊ ဘဒ္ဒန္တ**
သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၁ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ မရမ်းကုန်းမြို့နယ် ရှစ်မိုင်၊ မစိုးရိမ်ရွှေကျင်တိုက်သစ် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်တွင် ပျံလွန်တော်မူသည်။)

**ဥေယျဓမ္မ၊ ဘဒ္ဒန္တ**
သက်တော် ၈၄ နှစ်၊ သိက္ခာတော် ၆၄ ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဟင်္သာတမြို့ သပြေပင်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်တွင် ပျံလွန်တော်မူသည်။)

**တိလောက၊ ဘဒ္ဒန္တ**
သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ အဘိဓမ္မပါဠိပါရဂူ၊ ရွှေကျင်နိကာယ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်တွင် ပျံလွန်တော်မူသည်။)

**တေဇမ္မာဘိဝံသ၊ ဘဒ္ဒန္တ (ကံသာ ဆရာတော်)**
သက်တော် ၈၁ နှစ်၊ သိက္ခာတော် ၆၁ ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဝိနယ ပါဠိပါရဂူ၊ သာသနဓဇဓမ္မာစရိယ၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် တိုက်ကြပ်ဆရာတော်
(၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်တွင် ပျံလွန်တော်မူသည်။)

**တေဇောဘာသ၊ ဘဒ္ဒန္တ**
သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၅၈ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ဒီဃဘာဏက၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်) တိုက် သာသနဇောတိပါလကျောင်း တိုက်အုပ်ဆရာတော်
(၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်တွင် ပျံလွန်တော်မူသည်။)

**တေဇိန္ဒ၊ ဘဒ္ဒန္တ**
သက်တော် ၈၅ နှစ်၊ သိက္ခာတော် ၆၅ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ စူဠဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်သံဃာ့သမုတိရ၊ သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ ကြေးနီကန်ဝိနည်းစာတော်ပြန်ပွဲ ပဓာနမဟာနာယက၊ အမှတ်(၄) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်၊ ပဲခူးမြို့ ကြေးနီကန် (ထားဝယ်) တိုက်ကြပ်ကျောင်းတိုက် မဟာနာယက
(၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်တွင် ပျံလွန်တော်မူသည်။)

**နိပကာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၇၃ နှစ်၊ သိက္ခာတော် ၅၃ ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ လှိုင်းဘွဲ့မြို့နယ်၊ ရွှေဂွန်းမြို့၊ ရတနာမုန်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်တွင် ပျံလွန်တော်မူသည်။)

**နန္ဒိယ၊ ဘဒ္ဒန္တ**
သက်တော် ၈၈ နှစ်၊ သိက္ခာတော် ၆၉ ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ လှိုင်းဘွဲ့မြို့နယ် တပူထိုကျေးရွာ တပူထိုကျောင်း ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်တွင် ပျံလွန်တော်မူသည်။)

**ပဝရ၊ ဘဒ္ဒန္တ**
သက်တော် ၆၂ နှစ်၊ သိက္ခာတော် ၄၂ ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ မရမ်းကုန်းမြို့နယ် ပိတောက်ရွှေဝါကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်တွင် ပျံလွန်တော်မူသည်။)

**ပညာစက္က၊ ဘဒ္ဒန္တ**
သက်တော် ၁၀၂ နှစ်၊ သိက္ခာတော် ၈၂ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓနုဖြူမြို့နယ် ပတ်တန်းကျေးရွာ ပတ်တန်းကျောင်းတိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်တွင် ပျံလွန်တော်မူသည်။)

**ပညာဒီပ၊ ဘဒ္ဒန္တ**
သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၄၄ ဝါ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ Honorary Doctorate of Ph.D, Thailand၊ ဘီးလင်းမြို့နယ် ဇုတ်သုတ် စံပြကျေးရွာ ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်တွင် ပျံလွန်တော်မူသည်။)

**ပညာသာမိ၊ ဘဒ္ဒန္တ**
သက်တော် ၁၀၀၊ သိက္ခာတော် ၈၀
အရညဝါသီ ရွှေကျင်နိကာယ ပဲခူး၊ ဒိုက်ဦး၊ က၀၊ ဝေါ၊ သနပ်ပင် ငါးမြို့နယ် ကြခတ်ဝိုင်း ဝိနည်းပြန်ဌာန မဟာနာယကဂိုဏ်းချုပ်၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ ရွှေဟင်္သာဝံသ၊ ကြခတ်ဝိုင်းဝံသာဓိပတိ အဂ္ဂမဟာဝိနာယက၊ ပဲခူးမြို့ သော်ကမြိုင်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်တွင် ပျံလွန်တော်မူသည်။)

**ပညာသာရ၊ ဘဒ္ဒန္တ**
သက်တော် ၈၅ နှစ်၊ သိက္ခာတော် ၆၅ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဇေသိရီပဝရဓမ္မာစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မန္တလေးချမ်းမြသာစည်မြို့နယ် သာသနဇောတိကာရုံစာသင်တိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်တွင် ပျံလွန်တော်မူသည်။)

**ပဏ္ဍိတဘာတိကာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၇၃ နှစ်၊ သိက္ခာတော် ၅၃ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သိရီပဝရဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ ဝိနယပါရဂူ၊ ပါရာဇိကဝါစနာ မဂ္ဂဒီပနီကျမ်းနှင့် ဝိနယဝါစနာ မဂ္ဂဒီပနီကျမ်းပြု၊ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် စာချနာယက
(၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်တွင် ပျံလွန်တော်မူသည်။)

**ပုညသေဋ္ဌ၊ ဘဒ္ဒန္တ**
သက်တော် ၆၈ နှစ်၊ သိက္ခာတော် ၄၈ ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ သာကေတမြို့နယ် ပုဗ္ဗဝိဒေဟကျောင်းတိုက်၊ ပြည်လုံးချမ်းသာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော်
(၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်တွင် ပျံလွန်တော်မူသည်။)

**ရေဝတ၊ ဘဒ္ဒန္တ**
သက်တော် ၇၅ နှစ်၊ သိက္ခာတော် ၅၅ ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ သာယာဝတီခရိုင် ဇီးကုန်းမြို့ မြို့ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်တွင် ပျံလွန်တော်မူသည်။)

**ဝါသဝ၊ ဘဒ္ဒန္တ**
သက်တော် ၁၀၂ နှစ်၊ သိက္ခာတော် ၈၂ ဝါ
မုံရွာမြို့နယ် နဂါးတွင်းစံပြကျေးရွာ၊ သာကြီးကျောင်းတိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်တွင် ပျံလွန်တော်မူသည်။)

**ဝါသဝ၊ ဘဒ္ဒန္တ**
သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၅၉ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သီပေါမြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရေဟော်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်တွင် ပျံလွန်တော်မူသည်။)

**ဝိမလ၊ ဘဒ္ဒန္တ**
သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၈ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မြို့နယ်သြဝါဒါစရိယ၊ မိုးကုတ်မြို့ အုဋ္ဌ်ဖိုလ်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်တွင် ပျံလွန်တော်မူသည်။)

**ဝိလာသ၊ ဘဒ္ဒန္တ**
သက်တော် ၉၀၊ သိက္ခာတော် ၇၀
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနည်းဓိုရ်(ငြိမ်း)၊ မန္တလေးအောင်မြေသာစံမြို့နယ် မင်းတဲလေသာကျောင်းတိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်တွင် ပျံလွန်တော်မူသည်။)

## ဝိလာသ၊ ဘဒ္ဒန္တ

သက်တော် ၇၄ နှစ်၊ သိက္ခာတော် ၅၄ ဝါ
ဂန္ထဝါစကပဏ္ဍိတ၊ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ သဒ္ဓမ္မဇောတိကာရုံစာသင်တိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်တွင် ပျံလွန်တော်မူသည်။)

## ဝိလာသ၊ ဘဒ္ဒန္တ

သက်တော် ၆၉ နှစ်၊ သိက္ခာတော် ၄၉ ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ ပိဋကတ်တစ်ပုံဆောင်၊ ဒီဃဘာဏက၊ ဓမ္မာစရိယ၊ လှည်းကူးမြို့နယ် အလယ်ပိုင်း ဒါးပိန်ဇီးဖြူကုန်းကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်နေ့တွင် ပျံလွန်တော်မူသည်။)

## ဝိသာရဒ၊ ဘဒ္ဒန္တ၊ ဒေါက်တာ

သက်တော် ၆၂ နှစ်၊ သိက္ခာတော် ၄၂ ဝါ
သာသနဇောတိကမ္မာစရိယ၊ မဟာကျော်၊ Ph.D,M.A (Buddhism)၊ အာဒိကမ္မိက သာသနာ၊ တက္ကသီလ မဟာဓမ္မာစရိယ၊ ဖျာပုံမြို့နယ် အောက်ကွင်းကျေးရွာ ရွှေကျင်ပြာသာဒ်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်တွင် ပျံလွန်တော်မူသည်။)

## ဝိသုဒ္ဓါစာရ၊ ဘဒ္ဒန္တ

သက်တော် ၇၄ နှစ်၊ သိက္ခာတော် ၅၄ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ဟင်္သာတမြို့ မဟာစေတျာရာမ ဘုရားကြီးကျောင်းတိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်တွင် ပျံလွန်တော်မူသည်။)

## သာဂရ၊ ဘဒ္ဒန္တ

သက်တော် ၁၀၁ နှစ်၊ သိက္ခာတော် ၈၁ ဝါ
သဃ်န်းကျွန်းမြို့နယ်၊ ဇမ္ဗူမင်္ဂလာကျောင်း မြို့နယ်ဝန်ဆောင်ဆရာတော်ကြီး
(၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်တွင် ပျံလွန်တော်မူသည်။)

## သာသနာဘိဝံသ၊ ဘဒ္ဒန္တ

သက်တော် ၉၂ နှစ်၊ သိက္ခာတော် ၇၂ ဝါ
အဘိဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ၊ မန္တလေးမဟာအောင်မြေမြို့နယ် မဏိရတနာရာမမြတောင်တိုက် အဓိပတိသြဝါဒါစရိယ၊ သက်တော်ရှည်ရွှေဝါဝင်းဆရာတော်ကြီး
(၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်တွင် ပျံလွန်တော်မူသည်။)

## သုဗောဓာလင်္ကာရ၊ ဘဒ္ဒန္တ

သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါ
နိုင်ငံတော်သြဝါဒါစရိယ၊ ဒေးဒရဲမြို့ သာသနာလင်္ကာရကျောင်းသစ်ကျောင်း ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်တွင် ပျံလွန်တော်မူသည်။)

## သုမန၊ ဘဒ္ဒန္တ

သက်တော် ၈၆ နှစ်၊ သိက္ခာတော် ၆၆ ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ သြဝါဒါစရိယ၊ မှော်ဘီမြို့နယ် ထိန်စွန်းကျေးရွာ ထိန်စွန်းကျောင်းတိုက် ပဓာနမဟာနာယက
(၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်တွင် ပျံလွန်တော်မူသည်။)

## သုမန၊ ဘဒ္ဒန္တ

သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင်ပုပ္ပားကျောင်း ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်တွင် ပျံလွန်တော်မူသည်။)

**သုမန၊ ဘဒ္ဒန္တ**
သက်တော် ၇၅ နှစ်၊ သိက္ခာတော် ၅၅ ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မိုးညှင်းသမ္ဗုဒ္ဓေစေတီ ယကထာကျမ်းပြု၊ မုံရွာမြို့နယ် မြေနဲကျေးရွာအုပ်စု မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီးကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်တွင် ပျံလွန်တော်မူသည်။)

**သုန္ဒရ၊ ဘဒ္ဒန္တ**
သက်တော် ၆၆ နှစ်၊ သိက္ခာတော် ၄၆ ဝါ
ကမ္မဋ္ဌာနာစရိယ၊ မိုးကောင်းမြို့ နောင်ကိုက်တော် မိုးကုတ်ဝိပဿနာကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်တွင် ပျံလွန်တော်မူသည်။)

**သောနက၊ ဘဒ္ဒန္တ၊ ဒေါက်တာ**
သက်တော် ၈၅ နှစ်၊ သိက္ခာတော် ၆၅ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ကမ္ဘာ့ငြိမ်းချမ်းရေး ဓမ္မဒူတ (USA-India)၊ မဟာစည်ဦးသျှောင်၊ နိုင်ငံတော်သြဝါဒါစရိယ၊ ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်တွင် ပျံလွန်တော်မူသည်။)

**သောဘဏ၊ ဘဒ္ဒန္တ**
သက်တော် ၉၆ နှစ်၊ သိက္ခာတော် ၇၆ ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်သြဝါဒါစရိယ၊ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်တွင် ပျံလွန်တော်မူသည်။)

**သောဘိတ၊ ဘဒ္ဒန္တ**
သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၆၇ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ၊ ဒိုက်ဦးမြို့ မြို့ဦးစာသင်တိုက်များ၏ ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်တွင် ပျံလွန်တော်မူသည်။)

**သောဘိတ၊ ဘဒ္ဒန္တ**
သက်တော် ၇၇ နှစ်၊ သိက္ခာတော် ၅၇ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ တောင်တွင်းကြီးမြို့ ကုန်းသာကန်ဦးကျောင်းတိုက်
(၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်တွင် ပျံလွန်တော်မူသည်။)

**အရိယဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၅၉ ဝါ
မဟာကမ္မဋ္ဌာနာစရိယ၊ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ရွှေစေတီသာသနာ့ရိပ်သာ ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်တွင် ပျံလွန်တော်မူသည်။)

**အာစိဏ္ဏာလင်္ကာရ၊ ဘဒ္ဒန္တ**
သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၃ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မန္တလေးမဟာအောင်မြေမြို့နယ် ငွေတောင်တိုက် မဟာနာယက၊ သာသနဟိတေသီ ရွှေလင်းယုန်ကျောင်းဆရာတော်
(၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်တွင် ပျံလွန်တော်မူသည်။)

**အာစိဏ္ဏာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၇၄ ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ၊ ထားဝယ်မြို့ ယောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်တွင် ပျံလွန်တော်မူသည်။)

**အာသဘ၊ ဘဒ္ဒန္တ**
သက်တော် ၉၀၊ သိက္ခာတော် ၇၁ ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ တောင်ငူမြို့နယ် အင်းဒိုင်းကျေးရွာ သာသနာ့သိပ္ပံကျောင်းနှင့် ကေတုမတီမြို့သစ်

မဟာစည်သာသနာ့ရိပ်သာ ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်တွင် ပျံလွန်တော်မူသည်။)

**ကုန္ဒက၊ ဘဒ္ဒန္တ**
သက်တော် ၇၁ နှစ်၊ သိက္ခာတော် ၅၁ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ ညောင်လေးပင်မြို့ တောင်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်တွင် ပျံလွန်တော်မူသည်။)

**ကုန္ဒက၊ ဘဒ္ဒန္တ**
သက်တော် ၆၃ နှစ်၊ သိက္ခာတော် ၄၄ ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မန္တလေးပြည်ကြီးတံခွန်မြို့နယ် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာတရားတော်ပြန့်ပွားရေးဌာနချုပ် ရွှေလင်းယုန်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်တွင် ပျံလွန်တော်မူသည်။)

**ကုန္ဒာစက္က၊ ဘဒ္ဒန္တ**
သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၆၇ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ငဖဲမြို့နယ် ဇီးတောကျောင်းတိုက် ဆရာတော်ကြီး
(၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်တွင် ပျံလွန်တော်မူသည်။)

**ကုန္ဒောဘာသ၊ ဘဒ္ဒန္တ**
သက်တော် ၁၀၀၊ သိက္ခာတော် ၃၀
ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက၊ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ် တောင်ဥက္ကလာပမြို့နယ် သာသနမြေ အမှတ် (၁) ဝိုင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ ၁၄၇ ဓမ္မရိပ်သာ ပဓာန နာယက၊ မိုးကုတ်အောင်မင်္ဂလာဓမ္မရိပ်သာကျောင်း ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်တွင် ပျံလွန်တော်မူသည်။)

**ဥက္ကံသ၊ ဘဒ္ဒန္တ**
သက်တော် ၅၆ နှစ်၊ သိက္ခာတော် ၃၆ ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့နယ်ခွဲ ဝေယံဘုံသာတောင်တန်းသာသနာပြုကျောင်းတိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်တွင် ပျံလွန်တော်မူသည်။)

**ဥတ္တမ၊ ဘဒ္ဒန္တ**
သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၆၇ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ဗဟန်းမြို့နယ် တောင်ကြီးပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်တွင် ပျံလွန်တော်မူသည်။)

**ဥတ္တမ၊ ဘဒ္ဒန္တ**
သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၆၃ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မရမ်းကုန်းမြို့နယ် ဇွဲစုံသာသနာရာမကျောင်းတိုက်ဆရာတော်
(၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်တွင် ပျံလွန်တော်မူသည်။)

**ဩဘာသ၊ ဘဒ္ဒန္တ**
သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၇၄ ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရေနံချောင်းမြို့နယ် ကြွယ်ဘုံကျေးရွာ ကြွယ်ဘုံကျောင်းတိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်တွင် ပျံလွန်တော်မူသည်။)

### ဩဘာသ၊ ဘဒ္ဒန္တ
သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၃ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ကျုံပျော်မြို့ဓမ္မပါရဂူကျောင်းတိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်တွင် ပျံလွန်တော်မူသည်။)

## သီလရှင်ဆရာကြီးများ

### ကဥ္စနဝတီ၊ ဒေါ်
သက်တော် ၉၇ နှစ်၊ သိက္ခာတော် ၈၇ ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ သီလရှင်အဖွဲ့ တိုင်းအကျိုးတော်ဆောင်၊ စစ်ကိုင်းတောင်ရိုး ဧမြို့ချောင်၊ မော်လမြိုင်သီလရှင်စာသင်တိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်တွင် ကွယ်လွန်တော်မူသည်။)

### စရဝတီ၊ ဒေါ်
သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၈ ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ မြို့နယ်သီလရှင်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင်၊ တွဲဖက်ချောင်ဆရာကြီး
(၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်တွင် ကွယ်လွန်တော်မူသည်။)

### ဣန္ဒနန္ဒီ၊ ဒေါ်
သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၇၁ ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မာစရိယတန်း တစ်ခိုင်ငံလုံးသီလရှင်ပထမ၊ ဗဟန်းမြို့နယ် သီလရှင်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌဟောင်း၊ သက္ကနိမ္မိကာရုံသီလရှင်စာသင်တိုက် ပဓာန နာယက
(၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်တွင် ကွယ်လွန်တော်မူသည်။)

## လူပုဂ္ဂိုလ်များ

### ကိုကိုဦး၊ ဒေါက်တာ
အသက် ၅၄ နှစ်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး
(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် ကွယ်လွန်သည်။)

### ကျော်စိန်မင်း
အသက် ၇၀ နှစ်
Oriental News ဂျာနယ်အယ်ဒီတာချုပ်
(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်တွင် ကွယ်လွန်သည်။)

### ကျော်ညွန့်၊ ဦး (စာရေးဆရာမောင်မိုးစည်)
အသက် ၇၆ နှစ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်းအမှုဆောင်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် ကွယ်လွန်သည်။)

### ကျော်ဝင်း၊ ဗိုလ်မှူးချုပ် (ငြိမ်း)၊ ဝဏ္ဏကျော်ထင်
အသက် ၆၈ နှစ်
အမှတ် (၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်တွင် ကွယ်လွန်သည်။)

### ခင်မောင်ကြည်၊ ဦး (စာရေးဆရာကျော်စိုး)
အသက် ၈၇ နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)၊ ပါတီစာနယ်ဇင်းဌာနကြီး ဌာနကြီးမှူး၊ ဗိုလ်မှူး(ငြိမ်း)
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၅ ရက်တွင် ကွယ်လွန်သည်။)

### ခင်မောင်ထွေး၊ ဦး (အားကစားကလောင်ရှင် ခင်မောင်ထွေး ပျဉ်းမနား)
အသက် ၈၅ နှစ်
စာရေးဆရာ၊ သတင်းစာဆရာ၊ ဗိုလ်တထောင်သတင်းစာအယ်ဒီတာဟောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ
(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်တွင် ကွယ်လွန်သည်။)

**ခင်မောင်ဝင်း၊ ဦး**
အသက် ၇၃ နှစ်
နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (ငြိမ်း)
(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်တွင် ကွယ်လွန်သည်။)

**ချစ်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)**
အသက် ၈၄ နှစ်
ယခင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး (ငြိမ်း)
(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် ကွယ်လွန်သည်။)

**စံထွန်း၊ ဦး (သခင်တင်မြ)**
အသက် ၉၁ နှစ်
နိုင်ငံ့ဂုဏ်ရည် ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် ကွယ်လွန်သည်။)

**စံဝင်း၊ ဗိုလ်မှူး (ငြိမ်း)**
အသက် ၉၁ နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင်၊ ဗဟိုတောင်သူလယ်သမားအစည်းအရုံးဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (ငြိမ်း)
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်တွင်ကွယ်လွန်သည်။)

**စန်းလှိုင်၊ ဦး (ပန်းချီဆရာကြီး)**
အသက် ၉၃ နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) နာယကကြီး၊ ရေဆေးအကြည်လှုပ်ရှားမှုအသင်း (မြန်မာ) နာယကကြီး
(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်တွင် ကွယ်လွန်သည်။)

**ညွန့်တင်၊ ဦး**
အသက် ၇၉ နှစ်
မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ကန်တော့ခံသက်ကြီးသတင်းစာပညာရှင်၊ ပြန်ကြားရေးဝန်ကြီးဌာနမော်ကွန်းရုပ်ရှင် လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊ ဌာနေနိုင်ငံခြားသတင်းထောက် ဖူဂျီတီဗွီ
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ကွယ်လွန်သည်။)

**ညွန့်သောင်း၊ ဦး (တက္ကသိုလ်ညိုသန့်)**
အသက် ၇၇ နှစ်
မြန်မာစာဌာန ပါမောက္ခ (ငြိမ်း)၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အဖွဲ့ဝင်
(၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက်တွင် ကွယ်လွန်သည်။)

**တင်တင်နွဲ့၊ အကယ်ဒမီ**
အသက် ၇၁ နှစ်
ဒါရိုက်တာ ဦးသုခ၏ 'ကျွန်မမှာမိန်းမသား' ဇာတ်ကားဖြင့် အမျိုးသမီးသရုပ်ဆောင်ထူးချွန်ဆု (အကယ်ဒမီ) ရရှိသူ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ချီးမြှင့်သော အနုပညာဂုဏ်ရည်ဆုရရှိသူ
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်တွင် ကွယ်လွန်သည်။)

**တင်ထွေး၊ ဒေါ် (စာရေးဆရာမ ထွေးစန္ဒာ)**
အသက် ၇၉ နှစ်
စာပေဗိမာန်စာမူဆုရှင်၊မော်လမြိုင်တက္ကသိုလ် မြန်မာစာဌာနပါမောက္ခ (ငြိမ်း)
(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်တွင် ကွယ်လွန်သည်။)

**တင်မြင့်၊ ဦး (စာရေးဆရာ ပန်းဒကာကိုတင်မြင့်)**
အသက် ၆၂ နှစ်
ဓမ္မဗိမာန်စာပေ ပထမဆုရ၊ ဓမ္မဒူတစာပေဆုရ
(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ကွယ်လွန်သည်။)

**တင်ဦး၊ သခင်(စာရေးဆရာ)**
အသက် ၉၄ နှစ်
စာရေးဆရာ ဗိုလ်သခင်ဆရာ
(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ကွယ်လွန်သည်။)

## နေဝင်း၊ ဦး

အသက် ၉၁ နှစ်

ထပ်ဆင့်အကယ်ဒမီ (ဓာတ်ပုံ) ဆန်နီတင်

(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် ကွယ်လွန်သည်။)

## ဖြူဖြူ ဒေါ်

အသက် ၈၁ နှစ်

အားကစားဝန်ကြီးဌာန ဦးစီးအရာရှိ (ငြိမ်း)၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး (ငြိမ်း)၊ မြန်မာ့လက်ရွေးစင် ဘော်လီဘောကစားသမား၊ အရှေ့တောင်အာရှ ကျွန်းဆွယ်ရွှေတံဆိပ်ဆုရှင် (၁၉၆၅ ခုနှစ်၊ ၁၉၆၉ ခုနှစ်)

(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်တွင် ကွယ်လွန်သည်။)

## ဖြူဖြူဝင်း၊ ဇာနည်မယ်

အသက် ၄၅ နှစ်

၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် သရုပ်ပြ လက်ရွေးစင်၊ အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ဒု-ကြီးကြပ်ရေးမှူး

(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်တွင် ကွယ်လွန်သည်။)

## မင်းနိုင်၊ သူရ ဗိုလ်မှူး (ငြိမ်း) (စာရေးဆရာ)

အသက် ၇၄ နှစ်

စာရေးဆရာ သူရမင်းနိုင် (ဖျာပုံ)

(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်တွင် ကွယ်လွန်သည်။)

## မောင်ဆွေတင့် (ရှုမဝ)

အသက် ၇၇ နှစ်

ကဗျာဆရာ၊ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ

(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ကွယ်လွန်သည်။)

## မောင်တင်ဦး၊ ဒါရိုက်တာ

အသက် ၇၅ နှစ်

အကယ်ဒမီရွှေစင်ရုပ်ဆု (မြန်မာ့ရုပ်ရှင်ထူးချွန်ဆု) ငါးဆု ဆွတ်ခူးခဲ့သူ၊ ရုပ်ရှင်ဇာတ်ကားကြီး ၃၀ ကျော် ရိုက်ကူးခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် "နေထွက်သောညႆ" ၁၉၇၈ ခုနှစ်တွင် "တစ်ခါကတစ်ဘဝ၊" ၁၉၈၅ ခုနှစ်တွင် "သကြန်မိုး" (ဆေးရောင်စုံ)၊ ၁၉၉၅ ခုနှစ်တွင် "တိုက်ပွဲခေါ်သံ" (ဆေးရောင်စုံ)၊ ၂၀၀၁ ခုနှစ်တွင် "နှလုံးလှလှမိုက်" (ဆေးရောင်စုံ) ဇာတ်ကားတို့ဖြင့် အကယ်ဒမီဆုရရှိသူ။

(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် ကွယ်လွန်သည်။)

## မောင်မောင်တာ၊ ဒေါက်တာ

အသက် ၉၀

ရုပ်ရှင်မင်းသားကြီး၊ ဒါရိုက်တာ၊ ဗိုလ်ကြီး(ငြိမ်း)၊ မန်နေဂျင်း ထရပ်စတီ (မဂိုရှီအာဂျာမေမဇ်ဂျိဒ်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရှီအာမွတ်စလင်အဖွဲ့ချုပ်ဥက္ကဋ္ဌ Haj (Ph.D)၊ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးသံတမန်

(၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်တွင် ကွယ်လွန်သည်။)

## မောင်ရွှေစွန် (စာရေးဆရာ)

အသက် ၇၃ နှစ်

ရုပ်ရှင်မျက်မှန်မဂ္ဂဇင်း အယ်ဒီတာချုပ် "ပေပေတေတေ" ဝတ္ထုတိုများစာမူဖြင့် စာပေဗိမာန်စာမူဆု (လူငယ်) ဘာသာရပ် ရရှိခဲ့သူ

(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်တွင် ကွယ်လွန်သည်။)

## မျိုးကျော်၊ ဗိုလ်ကြီး

အသက် ၉၄ နှစ်

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လွတ်လပ်ရေး မော်ကွန်းဝင် (ပထမဆင့်)၊ မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်း ဂျပန်ခေတ်စစ်တက္ကသိုလ် အပတ်စဉ် (၂)

(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ကွယ်လွန်သည်။)

## မြင့်မြင့်စိန်၊ ဒေါ်

အသက် ၇၁ နှစ်

တေးသံရှင် (မဟာဂီတအထူး)၊ မြန်မာနိုင်ငံဂီတ အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ဝင် (ဟောင်း)

(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ကွယ်လွန်သည်။)

## မြင့်သန်း၊ ဒေါ် (ကထိကဒေါ်မြင့်သန်း)

အသက် ၉၁ နှစ်

စာရေးဆရာမကြီး၊ ကထိကဌာနမှူး (ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ် (၂)၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်။ မြန်မာစာအဖွဲ့ဦးစီးဌာနအချိန်ပြည့်အဖွဲ့ဝင်၊ အမျိုးသားစာပေဆုရှင် ၁၉၉၈၊ ဝိဇ္ဇာပညာ ထူးချွန်ဆုရှင် ၂၀၀၅

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်တွင် ကွယ်လွန်သည်။)

## ရဲတင့်၊ ဦး (ဒါရိုက်တာဒေါန)

အသက် ၆၇ နှစ်

ကာတွန်းဆရာ၊ ရုပ်ရှင်၊ ဗီဒီယို ဒါရိုက်တာ

(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်တွင် ကွယ်လွန်သည်။)

## ရန်နောင်စိုး၊ ဗိုလ်မှူးကြီး (ငြိမ်း)

အသက် ၈၉ နှစ်

ယခင်ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)

(၂၀၁၅ ခုနှစ်၊ မေလ ၃၀ ရက်တွင် ကွယ်လွန်သည်။)

## လေးမြင့်

အသက် ၈၈ နှစ်

စာရေးဆရာ၊ အယ်ဒီတာ၊ အမျိုးသားစာပေဝတ္ထုတိုပေါင်းချုပ်ဆုရှင် (၁၉၆၇)၊ သက်ကြီးကန်တော့ခံ စာပေပညာရှင်

(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်တွင် ကွယ်လွန်သည်။)

## ဝင်းနိုင်၊ ဦး

အသက် ၈၃ နှစ်

အမျိုးသားစာပေဆုရှင်(၂၀၁၁)၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း)၊ B.Sc,Engg: (Mining)၊

(၂၀၁၅ ခုနှစ်၊ ဧပြီလ ၆ ရက်တွင် ကွယ်လွန်သည်။)

## သာဘန်း၊ ဦး

အသက် ၈၀

ကန်တော့ခံသတင်းစာဆရာ၊ ကြေးမုံသတင်းစာ နိုင်ငံခြားသတင်းအယ်ဒီတာ (ငြိမ်း)၊ B.A.B.L

(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်တွင် ကွယ်လွန်သည်။)

## သာလှိုင်၊ ဒေါက်တာ (ပါမောက္ခ)

အသက် ၉၁ နှစ်

လွှတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ အငြိမ်းစားသံအမတ်ကြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံအုပ်ကြီး (ငြိမ်း)

(၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်တွင် ကွယ်လွန်သည်။)

## သောင်းရွှေ၊ ဦး (စောရွှေဗိုလ်)

အသက် ၉၁ နှစ်

ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာန၊ ရှေ့သို့စာစောင် စာတည်းချုပ် (ငြိမ်း)၊ မြန်မာနိုင်ငံစာရေးဆရာများ အသင်းဝင်

(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်တွင် ကွယ်လွန်သည်။)

## သန်းစိန်သစ်၊ ဦး

အသက် ၈၇ နှစ်

သက်ကြီးကန်တော့ခံစာပေပညာရှင် မြန်မာ့အသံ သန်းစိန်သစ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ဒုတိယ ညွှန်ကြားရေးမှူး (ငြိမ်း)

(၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်တွင် ကွယ်လွန်သည်။)

## သိန်းတန်၊ ဦး
အသက် ၈၁ နှစ်
ကန်တော့ခံသတင်းစာဆရာ မအူပင်လွင်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန (ပြန်/သံ/ရုပ်မြင်) ညွှန်ကြားရေးမှူး (ငြိမ်း)
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်တွင် ကွယ်လွန်သည်။)

## သိန်းထိုက်၊ ဦး (သရေစည်သူ)
အသက် ၆၄ နှစ်
ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ယခင်သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)
(၂၀၁၅ ခုနှစ်၊ မေလ ၃ ရက်တွင် ကွယ်လွန်သည်။)

## သိန်းဖေ၊ ဦး (စောင်းသိန်းဖေ)
အသက် ၇၄ နှစ်
နိုင်ငံတော် ဆို၊ က၊ ရေး၊ တီး ဗဟိုဒိုင်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ကွယ်လွန်သည်။)

## သိန်းမြင့်၊ ဗိုလ်ကြီး (ငြိမ်း)
အသက် ၈၂ နှစ်
အာရှအားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်၊ မြန်မာ့လက်ရွေးစင် လက်ဝှေ့သမားဟောင်း (၁၉၅၈ ခုနှစ်)
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ကွယ်လွန်သည်။)

## သိပ္ပံမှူးတင်
အသက် ၉၂ နှစ်
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ ဂျပန်ပြည်ဘုရင့်စစ်တက္ကသိုလ် (ပထမပတ်)၊ တစ်သက်တာအမျိုးသားစာပေဆုရှင်၊ ဗိုလ်မှူး(ငြိမ်း)
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ကွယ်လွန်သည်။)

## သိမ်းတုတ်၊ သီရိပျံချီစည်သူ၊ ဗိုလ်မှူးကြီး(ငြိမ်း)
အသက် ၉၂ နှစ်
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ မျိုးချစ်ဗမာ့တပ်မတော်အရေးတော်ပုံ ဂုဏ်ထူးဆောင်လက်မှတ်ရ၊ အငြိမ်းစားသံအမတ်ကြီး
(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ကွယ်လွန်သည်။)


## ဟန်ဝင်းအောင်၊ တက္ကသိုလ်
အသက် ၈၀
စာရေးဆရာ တက္ကသိုလ်ဟန်ဝင်းအောင်
(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် ကွယ်လွန်သည်။)

## အေးကြည်၊ ဒေါ်
အသက် ၈၆ နှစ်
ရုပ်ရှင်သရုပ်ဆောင် (အေဝမ်း)
(၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်တွင် ကွယ်လွန်သည်။)

## အောင်သောင်း၊ ဦး
အသက် ၇၉ နှစ်
သီရိပျံချီ ဦးအောင်သောင်း၊ ဝန်ကြီး (ငြိမ်း)၊ တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် ကွယ်လွန်သည်။)

## အုန်းခင်၊ ဒေါ် (အင်းလျားကြည်ရွှင်)
အသက် ၁၀၁ နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင်၊ ဝိဇ္ဇာပညာထူးချွန် (ပထမဆင့်)၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ ရန်ကုန်ပညာရေးတက္ကသိုလ် မြန်မာစာဌာန ကထိက (ငြိမ်း)
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်တွင် ကွယ်လွန်သည်။)

**ကုသလာစာရာဘိဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ၁၃၀၁-၁၃၇၆)။** ။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ ဂုဏဝတီကျောင်း ပဓာနနာယက နိုင်ငံတော်သံဃ သမ္မုတိရသံဃာ့ကိုယ်စားလှယ် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုသလာစာရာဘိဝံသကို ၁၃၀၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက် (၁၃၃၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်) တနင်္လာနေ့တွင် ခမည်းတော် ဦးမောင်ရှိန်၊ မယ်တော် ဒေါ်သွယ်တို့က ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကျွန်းကြီးကျေးရွာ၌ ဖွားမြင်တော်မူသည်။



ဘဒ္ဒန္တကုသလာစာရာဘိဝံသ

ဆရာတော်လောင်းလျာသည် အသက် ၁၄ နှစ်အရွယ်တွင် အင်္ဂပူမြို့နယ်၊ ကျွန်းကြီးကျေးရွာ၊ မဟာဒီပါရာမကျောင်းဆရာတော် ဘဒ္ဒန္တပဒုမကို ဥပဇ္ဈာယ်ပြု၍ ဦးမောင်ကလေး၊ ဒေါ်အေးရင်နှင့် ဦးမောင်ရှိန်၊ ဒေါ်သွယ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၂၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၅ ရက် (၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်)တွင် မဟာဒီပါရာမကျောင်း ဆရာတော် ဘဒ္ဒန္တပဒုမကို ဥပဇ္ဈာယ်ပြု၍ ဦးကိုကိုကြီး၊ ဒေါ်အေးစိန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဟင်္သာတမြို့၊ ရွှေကူကျောင်းတိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။


ဆရာတော်သည် အင်္ဂပူမြို့နယ်၊ ကျွန်းကြီးကျေးရွာ မဟာဒီပါရာမကျောင်းဆရာတော် ဘဒ္ဒန္တပဒုမ၊ ဟင်္သာတမြို့ ရေကြည်တိုက်သစ်နှင့် ပိုးစာတောတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏ၊ မန္တလေးမြို့ ညောင်ကန်တိုက်ဆရာတော် ဘဒ္ဒန္တဉာဏာဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘုရားကြီးတိုက် နယားကျောင်းဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ထီးလင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညာနန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ရွှေရေးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝါဘိဝံသ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တဂန္ဓမာ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တပညိန္ဒ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တသူရိယ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) အစရှိသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး ဟင်္သာတမြို့ ပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲ အငယ်တန်းနှင့် အလတ်တန်း၊ အစိုးရဓမ္မာစရိယစာမေးပွဲ သာသနဓဇဓမ္မာစရိယတန်းနှင့် သကျသီဟမူလဓမ္မာစရိယတန်းများကို ဖြေဆိုအောင်မြင်ခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ ဘုရားကြီးတိုက်နှင့် မြစ်သားမြို့ မင်းကုန်းကျောင်းတိုက်တို့တွင် နှစ်ပေါင်း ၂၀ ကျော် စာဝါများပို့ချခဲ့ပြီး ဒက္ခိဏာရာမဘုရားကြီးတိုက် ဒက္ခိဏာရာမိက ဂဏဝါစကဓမ္မာစရိယအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်တာဝန်၊ မန္တလေးတိုင်းဒေသကြီး ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ ခွဲ ပုစ္ဆကအဖွဲ့နှင့် စာစစ်အဖွဲ့ဥက္ကဋ္ဌတာဝန်စသော သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့ပြီး အဝဂ်ပါဠိပဒကျမ်းညွှန်းနှင့် အဝဂ် တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းကို ရေးသားပြုစုခဲ့သည်။ ဆရာတော်သည် ပဥ္စမအကြိမ် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်တာဝန်ကို ပျံလွန်တော်မူချိန်အထိ ထမ်းဆောင်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၃ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၂၀၀၂ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၇၆ နှစ်၊ သိက္ခာတော် ၅၆ ဝါအရ ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက် (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်) တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**ကေသရ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု) (မြန်မာ ၁၂၈၈-၁၃၇၆)** ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြသိန်းတန်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေသရကို ခမည်းတော် ဦးဖိုးပ၊ မယ်တော် ဒေါ်သူလှတို့က ၁၂၈၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် (၁၉၂၇ ခုနှစ်၊ မတ်လ ၂၁ ရက်) တနင်္လာနေ့တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ် စည်သာကျေးရွာ၌ ဖွားမြင်တော်မူသည်။



ဘဒ္ဒန္တကေသရ

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ်၊ တပေါင်းလ (၁၉၃၈ ခုနှစ်၊ မတ်လ) တွင် ရေစကြိုမြို့၊ စည်သာရွာ ဥတ္တရာရာမ အာသောကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တက္ကန္ဒာစာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိပြီး ၁၃၀၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက် (၁၉၄၅ ခုနှစ်၊ မေလ ၂၉ ရက်)တွင် မြင်းခြံမြို့ ကိုးဆောင် တိုက်ဆရာတော်ကြီး ဘဒ္ဒန္တက္ကန္ဒိယကို ဥပဇ္ဈာယ်ပြုလျက် လှိုင်တက်ရွာ ဦးညွန့်၊ ဒေါ်ဖွားစိန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင်းခြံမြို့နယ် လေးအိမ်တန်းကျေးရွာ မြေနုကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် စည်သာအရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တရေဝန္ဒ၊ စည်သာရွာဥတ္တရာ ရာမအာသော ကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တက္ကန္ဒာစာရ၊ ဘဒ္ဒန္တသုဇာတ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တဂန္ဓမာ (အဂ္ဂမဟာပဏ္ဍိတ)၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တမာယိန္ဒ၊ ဂဏဝါစကဆရာတော် ဘဒ္ဒန္တအာသဘ၊ ဘဒ္ဒန္တဉာဏာလင်္ကာရ၊ ဘဒ္ဒန္တလက္ခဏ၊ ပထမကျော် သိရောမဏိဘဒ္ဒန္တပဏ္ဍိတ၊ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ဆရာတော် ဘဒ္ဒန္တက္ကန္ဒောဘာသ၊ ဘဒ္ဒန္တ ပညာသီဟ၊ ဘဒ္ဒန္တ သောဘန (အဘိဓဇမဟာရဋ္ဌဂုရု)၊ မန္တလေးမြို့ မဟာနန္ဒိသေနာရာမတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိသေနာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ ရွှေရေဆောင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝ၊ အမရပူရမြို့ မင်္ဂလာတိုက်သစ်ဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ ရန်ကုန် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာပဏ္ဍိတ) နှင့် အဘိဓမ္မာ ဆရာကြီးဦးကျော်တို့ထံတွင် ပရိယတ္တိ စာပေများ သင်ယူဆည်းပူးခဲ့ပြီး ပါဠိပထမပြန်ငယ်၊ လတ်၊ ကြီးနှင့် အစိုးရဓမ္မာစရိယစာမေးပွဲကို ဂုဏ်ထူးငါးကျမ်းနှင့်တကွ အောင်မြင်ကာ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိသည်။

ဆရာတော်သည် မန္တလေးမြို့ မဟာနန္ဒိသေနာရာမကျောင်းတိုက်၊ ညောင်လေးပင်မြို့ ဒက္ခိဏာရာမ ကျောင်းတိုက်၊ ရေစကြိုမြို့နယ် သာစည်ရွာကျောင်း တို့၌ စာသင်သားများကို နေ့ဝါညဝါပို့ချခြင်းနှင့် မန္တလေးမြို့ မဟာနန္ဒိသေနာရာမတိုက်၌ ပါဠိတက္ကသိုလ် ကထိကအဖြစ်လည်းကောင်း၊ မြသိန်းတန်ကျောင်းတိုက်၌ ငယ်၊ လတ်၊ ကြီးနှင့် ဓမ္မာစရိယစာသင်သား တို့ကို နေ့ဝါညဝါနှင့် စာချတန်းစာဝါများ ပို့ချတော်မူသည်။ ဝရဒါနာဒိ ဒီပကကျမ်း၊ ဓမ္မသာရဒီပကကျမ်း အတွဲ ၂၊ ပါဠိပါရဂူ ဒီပကကျမ်း၊ မြတ်ဗုဒ္ဓ၏မွန်မြတ် လှသော နေရာတော်များ၊ တစ်ဘဝချိန်ခါမှတ်တမ်းလွှာ၊ ဓမ္မသာရဒီပကကျမ်းအတွဲ ၃၊ ဒိဋ္ဌပတ္တာဒီပကာသနီ ကျမ်း၊ မှတ်သားဖွယ်ရာဆယ့်နှစ်လရာသီခါ၊ သိဖွယ်မှတ်ဖွယ်အသွယ်သွယ်၊ တစ်ဘဝသာသနာ စိန်ရတုလွှာ၊ ဘဝပုံရိပ်လွှာကဗျာ၊ အနောက်နိုင်ငံများသို့ ခရီး တစ်ထောက်၊ ဓမ္မသာရဒီပကကျမ်းအတွဲ - ၄၊ သာသနာ့

ဂုဏ်ရောင်လွင်၊ မလေးရှား၊ သီဟိုဠ်ခရီးစဉ်၊ မင်္ဂလာနှင့် စပ်သိဖွယ်ရာကျမ်းစာတို့ကိုလည်း ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် မြသိန်းတန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကတာဝန်၊ မြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင်၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်တာဝန်၊ ရန်ကုန်တိုင်းဒေသကြီးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း၏ဩဝါဒါစရိယ၊ မေတ္တာဗျူဟာအသင်း၊ ဝိုင်အမ်ဘီအေအသင်းတို့၏ ဩဝါဒါစရိယ၊ ရွှေဘုန်းပွင့်စေတီတော်၏ ဩဝါဒါစရိယနှင့် ပခုက္ကူမဟာဝိသုတာရာမိက ရတ္တညူမဟာနာယကအစရှိသော သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၅ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၂၀၀၀ ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် ၂၀၁၂ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် တို့ကို အသီးသီးဆက်ကပ်လှူဒါန်းခဲ့သည်။


ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါအရ ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**ကေသရ ဘဒ္ဒန္တ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) (မြန်မာ ၁၂၈၃-၁၃၇၇)။** ။ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မြိုင်ကုန်းကျေးရွာ၊ ဝင်းစိန်တောရကျောင်း ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကေသရကို ခမည်းတော် ဦးနိုင်ဖေ၊ မယ်တော် ဒေါ်တရုတ်မတို့က ၁၂၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် (၁၉၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်) တနင်္လာနေ့တွင် မုဒုံမြို့နယ်၊ လက်တက်ကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၈ ခုနှစ် (၁၉၃၇ ခုနှစ်)တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၃၃ ခုနှစ် တန်ခူးလဆန်း ၁၃ ရက် (၁၉၇၂ ခုနှစ်၊ မတ်လ ၁၃ ရက် )တွင် ဆရာတော်ဘဒ္ဒန္တသောဘိတကို

ကေသရ၊ ဘဒ္ဒန္တ



ဘဒ္ဒန္တကေသရ

ဥပဇ္ဈာယ်ပြု၍ မော်လမြိုင်မြို့၊ ဈေးကြိုရပ်၊ ဇောတိကာရာမကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ကတိုးကော့နှပ်ကျောင်းဆရာတော်နှင့် မုဒုံမြို့နယ် လက်တက်ကျေးရွာကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တဝေပုလ္လအစရှိသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို ကျမ်းကြီးပေါက်သင်ယူခဲ့သည်။

ဆရာတော်သည် သာသနာပြုသက်တမ်းနှစ် ၅၀ အတွင်း မြန်မာပြည်အရပ်ရပ်ရှိ သုသာန်ပေါင်း ၁၃၃ ခုတွင် ကမ္မဋ္ဌာန်းအားထုတ်ခြင်းနှင့် ဓုတင် ၁၃ ပါးကို ပြင်းပြင်းထန်ထန် ကျင့်ကြံတော်မူပြီး ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ဇာသပြင် သာသနာပြုစခန်း၊ မုဒုံမြို့နယ် ခပ်ရခပ်ယူသာသနာပြုစခန်း၊ ကမာချိုင့်သာသနာပြုစခန်း၊ ကမာတာသာသနာပြုစခန်း၊ ကမာခရဲ သာသနာပြုစခန်း၊ ကော့ဟဘင်ကွင်း ကလေးသာသနာပြုစခန်း၊ ကွေ့ဝမ်းကျေးရွာ သာသနာပြုစခန်း၊ နိုင်းပြိုင်ကျေးရွာ သာသနာပြုစခန်း၊ မော်လမြိုင်မြို့နယ်၊ ဖားအောက်ကျေးရွာ သာသနာပြုစခန်းတို့ကို ထူထောင်၍ ပဋိပတ္တိသာသနာတော်အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။

ဆရာတော်ကြီးသည် အထူးခြားဆုံး သာသနာပြုလုပ်ငန်းကြီးတစ်ရပ်အဖြစ် ဝင်းစိန်တောရ သာသနာပြုစခန်းတွင် အတောင် ၄၀၀ ပြည့် ဇိနသုခရန်အောင် ချမ်းသာလျောင်းတော်မူဘုရားကြီး တည်ထားကိုးကွယ်ခြင်းအပါအဝင် စေတီပုထိုးပေါင်း ၆၀၀ ကျော်တို့ကို

ပြုပြင်မွမ်းမံတည်ထားခြင်း၊ သာသနိကအဆောက်အအုံ ၃၀ ကျော်တို့ကိုပြုပြင်မွမ်းမံတည်ဆောက်ခြင်းများအပြင် ပြည်ပနိုင်ငံများသို့ ကြွရောက်သာသနာပြုခြင်း၊ အခြေခံပညာမူလတန်းကျောင်းဆောင်များဆောက်လုပ်လှူဒါန်းခြင်းနှင့် ပရဟိတလုပ်ငန်းများဆောင်ရွက်ခြင်း၊ လူမျိုးပေါင်းများစွာကို ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်လာအောင် ဆောင်ရွက်ခြင်းတို့ဖြင့် သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။


ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက ၂၀၀၁ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ ၂၀၁၄ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်ကြီးသည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်ရင်း သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၇၄ ဝါ အရ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက် (၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၆ ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**ကောဝိဒ၊ ဘဒ္ဒန္တ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)-(မြန်မာ ၁၂၇၄-၁၃၇၇)။** ။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ထုံးကြီးကျေးရွာ၊ ထုံးကြီးတောင်ကျောင်းတိုက်ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ ဓမ္မဝိနယာနုလောမ မူလဒွါရဂိုဏ်းကြီး၏ ဒွါဒသမမြောက်ဂိုဏ်းချုပ်သာသနာပိုင်ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောဝိဒကို ခမည်းတော်ဦးဘိုးကြူ မယ်တော်ဒေါ်ပန်းစိန်တို့က ၁၂၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် (၁၉၁၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်) တနင်္လာနေ့တွင် မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ တောင်စကိုင်းကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၈၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက် (၁၉၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်)တွင် ကံမမြို့နယ်၊ ဒသမမြောက် မူလဒွါရဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တဝိဇယကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၂၉၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် (၁၉၃၂ ခုနှစ်၊ မတ်လ ၅ ရက်) တွင် မူလဒွါရဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တဝိဇယကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကံမမြို့နယ်၊ တောင်စကိုင်းကျောင်း ဥဒကုက္ခေပသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။



**ဘဒ္ဒန္တကောဝိဒ**

ဆရာတော်သည် ကံမမြို့တောင်စကိုင်းကျောင်း ဆရာတော်ဘဒ္ဒန္တကုသလ၊ မန္တလေးမြို့ခင်မကန်တိုက် သိမ်ကျောင်းဆရာတော်ဘဒ္ဒန္တအရိယ၊ သူဌေးကျောင်း ဆရာတော်၊ ချမ်းသာကြီးတိုက်ဆရာတော်၊ မိုးကောင်း ကျောင်းတိုက်ဆရာတော်၊ ဝေယံဘုံသာတိုက် ဆရာတော်၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် စလင်းတိုက် ဆရာတော်ဘဒ္ဒန္တရေဝတ၊ ပခုက္ကူမြို့မဟာဝိသုတာရာမ အလယ်တိုက်ဆရာတော်ဘဒ္ဒန္တပညာ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တသုန္ဒရ (အဘိဓဇမဟာရဋ္ဌဂုရု) အစရှိသော ဆရာတော်များထံတွင် ပရိယတ္တိစာပေ များကို သင်ယူဆည်းပူးခဲ့ပြီး အစိုးရပထမငယ်၊ ပထမလတ်နှင့်ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် ၁၃၀၇ ခုနှစ် (၁၉၄၅ ခုနှစ်)မှစ၍ ထုံးကြီးကျေးရွာ၊ ကျွန်းကလေးကျေးရွာများရှိ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်တို့ကို နှစ်စဉ်ဘုန်းတော်ကြီးသင်ပညာသင်ကြားရေးအဖြစ် ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ သက်တော် ၇၆ နှစ်အရွယ် တိုင်အောင် ဆရာတော် ကိုယ်တိုင်သင်ကြားပြသခဲ့ခြင်း၊ အဆိုပါကျေးရွာတို့မှ တပည့်များ၏ ပညာရေးကို စဉ်ဆက်မပြတ် ကူညီအားပေးခဲ့ခြင်း၊ ဓမ္မဝိနယ နုလောမမူလဒွါရဂိုဏ်းကြီး၏ဓမ္မဝိနယ စာမေးပွဲကြီး၏

ကောဝိဒ၊ ဘဒ္ဒန္တ

ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ခြင်း၊ ဓမ္မစာပေနှင့်သက်ဆိုင်သောရတု၊ ကဗျာ၊ လင်္ကာ၊ တေးထပ်အစရှိသည်တို့ကို ကျွမ်းကျင် နိုင်နင်းစွာ ရေးသားတော်မူခြင်းအစရှိသည့် သာသနာပြု တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ကံမမြို့နယ်သံဃနာယကအဖွဲ့ (မူလဒွါရ) ဥက္ကဋ္ဌ၊ မကွေးတိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော် ဩဝါဒါစရိယတာဝန်များထမ်းဆောင်ခဲ့ပြီး မူလဒွါရ ဂိုဏ်းကြီး၏ ဒုတိယသာသနာပိုင်၊ နိုင်ငံတော်ဩဝါဒါ စရိယတာဝန်နှင့် မူလဒွါရဂိုဏ်းကြီး၏ ဂိုဏ်းချုပ် သာသနာပိုင်တာဝန်တို့ကို ပျံလွန်တော်မူချိန်အထိ ထမ်းဆောင်ခဲ့သည်။


ဆရာတော်အား နိုင်ငံတော်အစိုးရက ၂၀၀၁ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ ၂၀၁၀ ပြည့်နှစ်တွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၁၀၃ နှစ် သိက္ခာတော် ၈၃ ဝါအရ ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် (၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မောင်ညိုထွန်း(မြန်မာစာ)**

## ကောဝိဒ၊ ဘဒ္ဒန္တ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၈၈-၁၃၇၇)။ ။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့၊ အောင်မြေသာယာ သူဌေးကျောင်းတိုက် ဦးစီးပဓာန နာယက၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒကို ခမည်းတော် ဦးနက်၊ မယ်တော် ဒေါ်ထွန်းမေတို့က ၁၂၈၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက် (၁၉၂၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)တနင်္လာနေ့တွင် ရေစကြိုမြို့နယ်၊ ဆည်ရွာ၌ ဖွားမြင်တော်မူသည်။



**ဘဒ္ဒန္တကောဝိဒ**

ဆရာတော်လောင်းလျာသည် အသက် ၁၄ နှစ် အရွယ်တွင် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဆည်ရွာကျောင်းဆရာတော် ဘဒ္ဒန္တဝါယမိန္ဒကို ဥပဇ္ဈာယ် ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၀၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) တွင် ရေစကြိုမြို့၊ အောင်မြေ သာယာသူဌေးတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကေသရကို ဥပဇ္ဈာယ်ပြု၍ ဦးသာလင့်၊ ဒေါ်ဖွားအုံ့ တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရေစကြိုမြို့နယ်၊ ဆည်ရွာကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိ သည်။

ဆရာတော်သည် တောရကျောင်းဆရာတော် ဘဒ္ဒန္တသုမန၊ ဆည်ရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒ၊ ရေစကြိုမြို့ အောင်မြေသာယာသူဌေးတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကေသရ၊ ဘဒ္ဒန္တပုညာ၊ မန္တလေးမြို့ အာသောကာရုံဆရာတော် ဘဒ္ဒန္တသုဝဏ္ဏ ဇောတျာဘိဝံသ၊ ပြည်မြို့ ဗာရာဏသီဆရာတော် ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ပိုက်ကျိုးဆရာတော် ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ (အဘိဓဇမဟာရဋ္ဌဂုရု) အစရှိသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး ဓမ္မာစရိယ စာမေးပွဲကို အောင်မြင်ခဲ့ကာ သာသနဓဇသီရိပဝရ ဓမ္မာစရိယဘွဲ့နှင့် ပါဠိပါရဂူဘွဲ့တို့ကိုရရှိသည်။

ဆရာတော်သည် ၁၃၁၆ ခုနှစ် (၁၉၅၄ ခုနှစ်)မှ စတင်၍ ရေစကြိုမြို့၊ အောင်မြေသာယာသူဌေးတိုက်၌ ပထမပြန် ဓမ္မာစရိယ သင်ရိုးကျမ်းစာများအပြင်

နိကာယ်ငါးရပ် ကျမ်းစာများကို နှစ်ပေါင်း ၄၀ နီးပါး ပို့ချခဲ့သည်။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီး၏ ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ်တို့တွင် ဝိနည်းဓိုရ် အဖြစ် ဆောင်ရွက်ခဲ့ပြီး စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် တို့တွင် နိုင်ငံတော်သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် အဖြစ်ဆောင်ရွက်ခဲ့သည်။ ရေစကြိုမြို့နယ်လုံးဆိုင်ရာ ပထမပြန်စာမေးပွဲနှင့် နိကာယ်စာမေးပွဲများတွင်လည်း ကြီးကြပ်ရေးတာဝန်ကို ထမ်းဆောင်ခဲ့သည်။


ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၂ ခုနှစ်တွင် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၁၉၉၃ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် ၁၉၉၉ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာ့အကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါအရ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက် (၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်) တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**ကောသလာဘိဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ၁၃၀၀-၁၃၇၇)။** ။ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၊ စလင်းကျောင်းတိုက်တိုက်အုပ် ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလာဘိဝံသကို ခမည်းတော်ဦးအောင်သိန်း၊ မယ်တော်ဒေါ်မြခင်တို့က ၁၃၀၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက် (၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်) တနင်္လာနေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ချောင်းသုံးဆုံကျေးရွာ၌ ဖွားမြင်တော်မူသည်။ မွေးချင်းသုံးဦးအနက် သားကြီးရတနာဖြစ်သည်။

ဆရာတော်လောင်းလျာသည် မြန်အောင်မြို့၊ ချောင်းသုံးဆုံကျေးရွာ စိန္တသုခကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၂၀ ပြည့်နှစ် (၁၉၅၉ ခုနှစ်)တွင် ဟင်္သာတမြို့၊ ကင်းရပ်ကွက် သရက်တောတိုက်



**ဘဒ္ဒန္တကောသလာဘိဝံသ**

ခဏ္ဍသိမ်တော်၌ အုတ်ကျောင်းဆရာတော် ဘဒ္ဒန္တရေဝတကို ဥပဇ္ဈာယ်ပြု၍ ဦးဖိုးညဏ်၊ ဒေါ်အေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ချောင်းသုံးဆုံကျောင်း ဆရာတော်ဘဒ္ဒန္တနန္ဒိယ၊ ဟင်္သာတမြို့ သရက်တောတိုက်သစ်ဆရာတော် ဘဒ္ဒန္တကလျာဏာဘိဝံသ၊ မန္တလေးမြို့မစိုးရိမ်တိုက်ဟောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသနှင့် ဘဒ္ဒန္တကုသလာဘိဝံသစသော စာချ ဆရာတော်များထံတွင် စာပေများသင်ယူဆည်းပူးခဲ့ပြီး ဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့သည်။

မန္တလေးမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ စလင်းကျောင်းတိုက်၌ ပရိယတ် စာပေတို့ကို ပို့ချတော်မူခြင်း၊ ပထမပြန်စာစစ်အဖွဲ့ဝင်၊ မြို့နယ်နှင့်တိုင်းသံဃဝိနိစ္ဆယအဖွဲ့တို့တွင် သာသနာ ရေးတာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၅ ခုနှစ်တွင် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၁၉၉၈ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ၂၀၀၅ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။


ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၇၇ နှစ်၊ သိက္ခာတော် ၅၇ ဝါအရ ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆို လဆန်း ၁၂ ရက် (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**ကောသလ္လ၊ ဘဒ္ဒန္တ (အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၈၀-၁၃၇၆)** ။ ။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ ဝါးတိုးအလယ် ၁ ရပ်ကွက်၊ ဆင်ကျုံးတောရကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လကို ၁၂၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက် (၁၉၁၈ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)တွင် ခမည်းတော် ဦးပန်းလှိုင်၊ မယ်တော် ဒေါ်ငွေမယ်တို့က ရမည်းသင်းမြို့နယ်၊ ဥသျှစ်ကုန်းရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၂ ခုနှစ်၊ တပို့တွဲလ (၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ)တွင် ဥသျှစ်ကုန်းဆရာတော် ဦးကုမာရာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၂၉၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် (၁၉၃၇ ခုနှစ်၊ မတ်လ ၁၉ ရက်)တွင် ဆရာတော် ဦးနာရဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ဥသျှစ်ကုန်းမြောက်ကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ရမည်းသင်းမြို့ ဥသျှစ်ကုန်းဆရာတော် ဦးကုမာရာဘိဝံသ၊ သထုံမြို့ ကျောက်လုံးကြီးစာသင်တိုက် ဆရာတော်ဦးရာဇိန္ဒ၊ ပဲခူးမြို့ မြို့မပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုန္ဒာစာရ (အဘိဇဇမဟာရဋ္ဌဂုရု)၊ စံပြသိမ်ကုန်း မုဋ္ဌလိန္ဒာချောင် ဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ ဇီးဖြူကုန်း ဂန္ဓဓုရဆရာတော် ဦးဥက္ကံသ၊ ပျော်ဘွယ်ညောင်လွန့်တောရဆရာတော် ဘဒ္ဒန္တသီလာစာရ၊ ရွှေညောင်ဖူး ရေကြည်တော်တောရ ဆရာတော်ဘဒ္ဒန္တသောဘဏ၊ ဆင်ကျုံးတောရ မူလ ဆရာတော် ဘဒ္ဒန္တပညာနှင့် ယောဆရာတော် ဦးပညာဇောတ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာပါဠိဝိသောဓကအဖြစ် ဆောင်ရွက်ခဲ့ပြီး ရမည်းသင်းခရိုင်တွင် အခြားဘာသာဝင်များကို ဗုဒ္ဓဘာသာအဖြစ် ဟောပြောစည်းရုံးခြင်း၊ ဗုဒ္ဓဘာသာသီလရှင်၏သာသနာ့နွယ်ဝင် မှတ်တမ်းအမည် မှည့်ခေါ်စေနိုင်ခဲ့ခြင်း၊ သာသနာ့ဗိမာန်တော်ကြီးအတွက် မြေနေရာလှူဒါန်းခြင်းအစရှိသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဂိုဏ်းပေါင်းစုံအစည်းအဝေးကြီး ဖြစ်မြောက်ရေးဝန်ဆောင် ၆၆ ပါး အဖွဲ့ဝင်၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကနှင့် နိုင်ငံတော်သြဝါဒါစရိယတာဝန်များကို ထမ်းဆောင်ခဲ့သည်။



ဘဒ္ဒန္တကောသလ္လ

ဆရာတော်သည် စာပေပရိယတ္တိများ ပို့ချတော်မူသည့်အပြင် ရမည်းသင်းခရိုင် သာသနာဝင်သမိုင်းစာအုပ်၊ သုခကာရီရှုဖွယ်ကျမ်း၊ သက္ကာယဝိဝါဒရှင်းတမ်း၊ နိုင်ငံတော်သာသနာပြု (အသံလွှင့်) တရားတော်စာအုပ်၊ ဆင်ကျုံးဆရာတော်၏ သံဝေဂဂါထာ၊ ဥသျှစ်ကုန်းဘုရားသမိုင်း၊ ပျူမြန်မာခေတ်ဦးသမိုင်း၊ ရမည်းသင်းခရိုင် သမိုင်းနှင့် ရမည်းသင်းရာဇဝင်၊ အသိပါသာဓိက ကထိန်တရားတော်နှင့် ကထိန်ရေစက်ချ၊ အနန္တရာယိက ကမ္မဝါအစုံအစရှိသော ကျမ်းစာများကိုလည်း ရေးသားပြုစုခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၂၀၀၆ ခုနှစ်တွင် အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၇ နှစ်၊ သိက္ခာတော် ၇၆ ဝါအရ ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၄ ရက်) တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**



ဘဒ္ဒန္တကောဏ္ဍည

**ကောဏ္ဍည၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု) (မြန်မာ ၁၂၉၅-၁၃၇၆)။** ။ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ မန်ဆူဘုရားကြီးကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကောဏ္ဍညကို ခမည်းတော် ဦးမုန်း၊ မယ်တော် ဒေါ်ပြည့်မှုံတို့က ၁၂၉၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် (၁၉၃၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)၊ တနင်္လာနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ် ငါးတောင်ပုံကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ် (၁၉၄၃ ခုနှစ်)တွင် မလှိုင်မြို့၊ တံခွန်တိုင်ကျောင်း ဆရာတော် ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၁၅ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက် (၁၉၅၄ ခုနှစ်၊ မတ်လ ၉ ရက်)တွင် မလှိုင်မြို့၊ ရတနာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုမာရကို ဥပဇ္ဈာယ်ပြု၍ မလှိုင်မြို့ အမှတ် ၄ ရပ်ကွက် ဦးထွန်းရင်၊ ဒေါ်ခင်ပုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရတနာဦးကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် မလှိုင်မြို့ ငါးပုံတောင်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တနိပုန၊ တံခွန်တိုင်ကျောင်း ဆရာတော်ဘဒ္ဒန္တဇာဂရ၊ ကံကြီးကျေးရွာ သီရိသောမာရုံ ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒဇောတိ၊ လေးမျက်နှာ ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ မန္တလေးမြို့ မစိုးရိမ် ကျောင်းတိုက် ပါဠိနယူပဒေသကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) နှင့် စာချ ဆရာတော်များ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့် ကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝါဘိဝံသနှင့် စာချဆရာ တော်များ၊ မဟာဝေယံဘုံသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) နှင့် စာချ ဆရာတော်များ၊ ညောင်လွန့်တောရကမ္မဋ္ဌာနာစရိယ ကျောင်းဆရာတော် ဘဒ္ဒန္တသီဟဗလနှင့် စာချဆရာတော်များ စသည့်ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူ ဆည်းပူးခဲ့ပြီး အစိုးရစာမေးပွဲတွင် ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းနှင့် ဓမ္မာစရိယတန်းကိုအောင်မြင်၍ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိသည်။

ဆရာတော်သည် လားရှိုးမြို့မန်ဆူဘုရားကြီး ကျောင်းပရိယတ္တိစာသင်တိုက်တွင် နေ့ဝါညဝါဖြင့် ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့ပြီး ပန်းလှိုင်ဝတ်ရွတ်စဉ်၊ တရားဦးဓမ္မစကြာအမေးအဖြေစုံ၊ ဗုဒ္ဓဒေသနာမင်္ဂလာ အမေးအဖြေစုံ၊ ပဋ္ဌာန်း ၂၄ ပစ္စည်းအဓိပ္ပာယ်၊ ပန်းလှိုင်ပရိတ်ကြီးအမေးအဖြေနှင့် အဓိပ္ပာယ်ကျမ်းစာတို့ကို ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်ဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပထမပြန်စာမေးပွဲတွင် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဓမ္မာစရိယတန်းစာမေးပွဲတွင် ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး လားရှိုးမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းနှင့် မန်ဆူဘုရားကြီးစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ ပျံလွန်တော်မူချိန်ထိ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၅ ခုနှစ်တွင် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို လည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၁ ဝါအရ ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၃ ရက်)တွင် ဘဝနတ်ထံပျံ လွန်တော်မူသည်။


**မောင်ညိုထွန်း (မြန်မာစာ)**

## ခေမိန္ဒသာမိ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)(မြန်မာ ၁၂၉၇-၁၃၇၆) ။ ။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၊ သဒ္ဓမ္မဇောတိကာရုံကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိကို ၁၂၉၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ (၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်) တနင်္လာနေ့တွင် ခမည်းတော် ဓမ္မကထိက ဆရာကြီး ဦးတေဇဝန်၊ မယ်တော် ဒေါ်အေးချိုတို့က စစ်ကိုင်းတိုင်း ဒေသကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ပုပ္ပားရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၂ နှစ် အရွယ်တွင် ရေဦးမြို့၊ ကမ္ဘားယံကျောင်းတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိပြီး ၁၃၁၈ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် (၁၉၅၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်)တွင် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ ရေဦးမြို့ဆရာကျော်နှင့် ဒေါ်အေးမိသားစု တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရေဦးမြို့၊ ချမ်းသာကြီးပါဠိ တက္ကသိုလ်ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ကန့်ဘလူမြို့ ပုပ္ပားရွာ တောင်ကျောင်းဘုန်းကြီး ဦးသီလာစာရ၊ ရေဦးမြို့ ချမ်းသာကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ၊ ရေဦးမြို့ ကမ္ဘားယံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုဇနာဘိဝံသ၊ မန္တလေးမြို့ မဟာဝေယံဘုံသာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကလျာဏ (အဂ္ဂမဟာပဏ္ဍိတ)၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ) အစရှိသော ဆရာတော်များထံတွင် ပိဋကတ်ကျမ်းစာများကို သင်ယူခဲ့ပြီး အစိုးရဓမ္မာ စရိယတန်းနှင့် ပါဠိဂုဏ်ထူးတန်းများကို အောင်မြင်ခဲ့ကာ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိသည်။



**ဘဒ္ဒန္တခေမိန္ဒသာမိ**

ဆရာတော်သည် ခြောက်ထပ်ကြီးဘုရားကြီး တိုက်၏ ဂဏဝါစကစာချ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယဂဏဝါစက၊ နိကာယ်ငါးရပ်ပါဠိတော် စာမေးပွဲ ကြီး၏နာယကအဖွဲ့ ဥက္ကဋ္ဌ၊ ပထမပြန်စာမေးပွဲ ပုစ္ဆက ဆရာတော်များအဖွဲ့ ဥက္ကဋ္ဌ၊ ဓမ္မာစရိယစာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ တိပိဋကရွေးချယ်ရေး အဖွဲ့ဩဝါဒါစရိယ အစရှိသော သာသနာ့တာဝန်များ ကိုထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာများကို စစ်ဆေးခြင်းနှင့် ဗုဒ္ဓ၏ဆဝိဝဏ္ဏဝိနိစ္ဆယကျမ်းကို ပြုစုခဲ့သည်။ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖြစ်လည်းကောင်း၊ ဆဋ္ဌမအကြိမ်မှ ပျံလွန်တော်မူချိန်အထိ နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင်အဖြစ်လည်းကောင်း သာသနာ့ တာဝန်များကို အားပေးဆောင်ရွက်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၂၀၀၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုး သယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၅၉ ဝါအရ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် (၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။


**မောင်ညိုထွန်း (မြန်မာစာ)**

**စာရိန္ဒ၊ ဘဒ္ဒန္တ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၈၁-၁၃၇၇)**။ ။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၂) ရပ်ကွက်၊ နိဂြောဓာလမ်း ဥသျှစ်ကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစာရိန္ဒကို ခမည်းတော် ဦးဘိုးနွဲ့၊ မယ်တော် ဒေါ်သဥ္ဇာတို့က ၁၂၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် (၁၉၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁၃ရက်) အင်္ဂါနေ့တွင် ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ အလယ်ကျွန်းကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၅ နှစ် အရွယ်တွင် ဥသျှစ်ရွာ၊ ရွာဦးကျောင်းဆရာတော် ဦးပဏ္ဍုရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၀၁ ခုနှစ် (၁၉၄၀ ပြည့်နှစ်)တွင် သာပေါင်းမြို့နယ်၊ ဥသျှစ်ရွာဦးကျောင်း ဆရာတော် ဦးပဏ္ဍုရကို ဥပဇ္ဈာယ်ပြု၍ ဥသျှစ်ကျေးရွာနေ ဦးတိုးလွင်၊ ဒေါ်မယ်သန့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဥသျှစ်ရွာဦးကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ဥသျှစ်ရွာဦးကျောင်းဆရာတော် ဦးပဏ္ဍုရ၊ ငါးသိုင်းချောင်းမြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော်၊ ပုသိမ်မြို့ ကံလျားကျောင်းဆရာတော်၊ ကုန်းသာကျောင်းဆရာတော် ဦးပဏ္ဍဝစသော စာချ ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူ ခဲ့ပြီး မူလဓမ္မာစရိယဘွဲ့ ရရှိခဲ့သည်။

ဆရာတော်သည် မိမိသီတင်းသုံးသော ကျောင်းတိုက် တွင် အမြဲမပြတ်ရှိနေသော ရဟန်းသာမဏေကျောင်းသား များကို ပရိယတ္တိစာပေများနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာပေများသင်ကြားပို့ချပေးခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ပထမအကြိမ်မှစ၍ မြို့နယ်သံဃ




ဘဒ္ဒန္တစာရိန္ဒ

နာယကအဖွဲ့ဝင်အဖြစ် ၁၀ နှစ်တိုင်တိုင် ဆောင်ရွက် ခဲ့ပြီး တတိယအကြိမ်တွင် ပုသိမ်မြို့နယ် သံဃနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စတုတ္ထအကြိမ်တွင် သံဃနာယက အဖွဲ့ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး ဆဋ္ဌမအကြိမ်မှစ၍ ပျံလွန်တော်မူချိန်အထိ နိုင်ငံတော်ဩဝါဒါစရိယ တာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၂၀၀၁ ခုနှစ် တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ဆရာတော်သည် သာသနာ အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၈ နှစ်၊ သိက္ခာတော် ၇၈ ဝါအရ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက် (၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**တိလောက၊ ဘဒ္ဒန္တ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၈၈-၁၃၇၇)** ။ ။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေ မြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ သံတော်ဆင့်ကျောင်း ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတိလောကကို ခမည်းတော် ဦးဘအို၊ မယ်တော် ဒေါ်သိန်းခင်တို့က ၁၂၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ (၁၉၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်) စနေနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ကျောက်တန်းကျေးရွာ၌ ဖွားမြင်တော်မူသည်။



**ဘဒ္ဒန္တတိလောက**

ဆရာတော်လောင်းလျာသည် ၁၃၀၀ ပြည့်နှစ် (၁၉၃၉ ခုနှစ်)၊ တပေါင်းလပြည့်နေ့တွင် ဖောင်ချဉ်းရွာ၊ အလယ်တိုက်ကျောင်းဆရာတော် ဦးပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၀၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် (၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)တွင် ကျောက်တန်းရွာကျောင်းဆရာတော် ဘဒ္ဒန္တခေမာကို ဥပဇ္ဈာယ်ပြု၍ နွားထိုးကြီးမြို့၊ ပန်ကျီးကုန်းရွာ ဦးညိုတင်၊ ဒေါ်ငွေးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကျောက်တန်းရွာ၊ တောင်ကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် နွားထိုးကြီးမြို့ ဖောင်ချဉ်းကျေးရွာ အလယ်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ သဲတောကန်ကျောင်းဆရာတော် ဘဒ္ဒန္တယသ၊ စစ်ကိုင်းတောင်ရိုး ပုဏ္ဏာရာမချောင်ဆရာတော် ဘဒ္ဒန္တသီရိဓမ္မ၊ ရွှေကျင်နိကာယဗဟိုဌာန မဟာဝိသုဒ္ဓါရုံ တိုက်သစ် သံတော်ဆင့်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စနှင့် စာချဆရာတော် ဘဒ္ဒန္တဝါသဝါဘိဝံသတို့ထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး ဓမ္မာစရိယ ကျမ်းရင်း ၃ ကျမ်းနှင့် ဂုဏ်ထူး ၇ ကျမ်းကို အောင်မြင်ခဲ့သဖြင့် သာသနဓဇသိရီပဝရဓမ္မာစရိယနှင့် အဘိဓမ္မပါဠိပါရဂူဘွဲ့တံဆိပ်တော်ကို ရရှိသည်။

ဆရာတော်သည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ သံတော်ဆင့်ကျောင်းတွင် စာချပါဠိ တက္ကသိုလ် စာချကထိကအဖြစ် နှစ်ပေါင်း ၆၀ ကျော် အတန်းစုံ၊ စာဝါစုံတို့ဖြင့် သင်ကြားပို့ချခဲ့သည်။ ဆရာတော်သည် သာသနာပြုသက်တမ်းတစ်လျှောက် ပရိယတ္တိစာပေများ သင်ကြားပို့ချပေးခြင်း၊ ဘာသာရေးစာပေများရေးသားခြင်း၊ နှစ်စဉ် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာပေများ သင်ကြားပို့ချပေးခြင်း၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းများ သင်ကြားပို့ချပေးခြင်း၊ မိဘမဲ့ကလေးသူငယ်များကို စားဝတ်နေရေးတာဝန်ယူ၍ အခမဲ့ပညာသင်ပေးခြင်း၊ ဉာဏ်တော်အမြင့်ပေ ၄၀ ရှိ စေတီလှစေတီတော်ကြီးကို အသစ်တစ်ဖန်တည်ထားကိုးကွယ်လှူဒါန်းခြင်း၊ သာသနိကအဆောက်အအုံများ တည်ဆောက်ပြုပြင်ခြင်း အစရှိသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။


ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ တိုင်းသံဃနာယကအဖွဲ့ (ရွှေကျင်) အကျိုးတော်ဆောင်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ပြီး ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ရွှေကျင်နိကာယဂိုဏ်းဝိနည်းဓိုရ်၊ အကျိုးတော်ဆောင် အစရှိသော သာသနာ့တာဝန်များကို ပျံလွန်တော်မူချိန်အထိ ထမ်းဆောင်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၂ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၁၉၉၄ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၂၀၀၂ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်နှင့် ၂၀၁၀ ပြည့်နှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါအရ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက် (၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ရက်)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**တေဇောဘာသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ၁၂၉၈-၁၃၇၇)** ။ ။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မဟာဝိသုတာရာမ (အလယ်) တိုက်၊ တိုက်အုပ်ဆရာတော် သာသနဇောတိပါလကျောင်း နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသကို ၁၂၉၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ (၁၉၃၆ ခုနှစ်၊ ဇွန်လ ၁၃ ရက်) စနေနေ့တွင် ခမည်းတော် ဦးရွှေလုံး၊ မယ်တော် ဒေါ်မိသင်တို့က မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်ရွာ၌ ဖွားမြင်တော်မူသည်။



ဘဒ္ဒန္တတေဇောဘာသ

ဆရာတော်လောင်းလျာသည် အသက် ၁၂ နှစ် အရွယ်တွင် အရှေ့ချောက်ကန်ရွာ၊ အောင်မင်္ဂလာ သိမ်ကျောင်း ဆရာတော်ဘဒ္ဒန္တအာစာရကို ဥပဇ္ဈာယ် ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိပြီး ၁၃၁၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက် (၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်)တွင် မဟာဝိသုတာရာမ (အလယ်တိုက်) ဆရာတော် ဘဒ္ဒန္တသုန္ဒရ (အဘိဓဇမဟာရဋ္ဌဂုရု) ကို ဥပဇ္ဈာယ်ပြု၍ ပခုက္ကူမြို့၊ ဗိုလ်ချုပ်လမ်း၊ မိုးညှင်းစုရပ် ဦးဟန်ထွန်း၊ ဒေါ်သိန်းညွန့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မဟာဝိသုတာရာမ (အလယ်) တိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ချောက်ကန်ရွာကျောင်းဆရာ တော်ဘဒ္ဒန္တအာစာရ၊ မန္တလေးမြို့ မိုးကောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ ချမ်းသာကြီး တောင်တိုက်ဆရာတော် ဘဒ္ဒန္တနန္ဒမဥ္ဇူ (အဘိဓဇ မဟာရဋ္ဌဂုရု)၊ ဝေယံဘုံသာတိုက်ဆရာတော် ဘဒ္ဒန္တ ကလျာဏ (အဂ္ဂမဟာပဏ္ဍိတ)၊ တောင်သမန်တိုက် ဆရာတော် ဘဒ္ဒန္တကေသဝ၊ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ အစရှိသော ဆရာတော်ကြီးများ ထံတွင် ပိဋကတ်ကျမ်းစာများ သင်ကြားဆည်းပူးခဲ့ပြီး သာသနဓဇသိရီပဝရဓမ္မာစရိယတန်းနှင့် ဒီဃဘာဏက ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်) တိုက်ကြီး၌ ၁၃၃၈ ခုနှစ် (၁၉၇၆ ခုနှစ်)တွင် ဂဏဝါစက အဖြစ်ဆောင်ရွက်ခဲ့ပြီး ပျံလွန်တော်မူချိန်တွင် တိုက်အုပ်ဆရာတော်အဖြစ် ဆောင်ရွက်ခဲ့ကာ ပရိယတ္တိ စာပေများကို သင်ကြားပို့ချခဲ့သည်။


ဆရာတော်ကို နိုင်ငံတော်အစိုးရက ၁၉၉၉ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၅၈ ဝါအရ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် (၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၅ရက်)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**ပညာဒီပ၊ ဘဒ္ဒန္တ (ကျိုက်ထီးဆောင်းဆရာတော်) (မြန်မာ-၁၂၉၀-၁၃၇၇)**။ ။အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ကျိုက်ထီးဆောင်း ဆရာတော်၊ ဘဒ္ဒန္တပညာဒီပကို မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ၌ ခမည်းတော် ဦးစံဖေ၊ မယ်တော်ဒေါ်စောကျင်တို့က ၁၂၉၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁ ရက် (၁၉၂၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်) ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။

၁၃၀၂ ခုနှစ် (၁၉၄၀ ခုနှစ်)တွင် မွန်ပြည်နယ်၊ ဘီးလင်း မြို့နယ် ကော့ကဒွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်ဘဒ္ဒန္တပဏ္ဏဝကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။ ထို့နောက် သာမဏေ



**ဘဒ္ဒန္တပညာဒီပ**

အဖြစ်မှ ထွက်ခဲ့ပြီး လူဝတ်ဖြင့်ပင် ပြန်လည်ကျင်လည်ခဲ့သည်။ ဆရာတော်လောင်းလျာသည် ၁၃၂၅ ခုနှစ် (၁၉၆၃ ခုနှစ်) မှ ၁၃၃၃ ခုနှစ် (၁၉၇၁ ခုနှစ်) အထိ ကြဒ္ဒိ၊ မဟိဒ္ဒိ ဆိုင်ရာ ပညာများ ဖြည့်ကျင့်ခဲ့ပြီး ၁၃၃၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက် (၁၉၇၁ ခုနှစ်၊ ဧပြီလ ၂၅ရက်)တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ နောင်တော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တ ဣန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် တောင်စွန်းတိုက်နယ် တောင်စွန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏ၊ ဘဒ္ဒန္တသောဘဏ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံအတွင်းရှိ ဘုရားစေတီပုထိုးများပြုပြင်ခြင်းနှင့် ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်ကြီး၏ သာသနာကိုဖွင့်ဖော်ပေးခြင်း၊ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်ကို ရည်စူး၍ စေတီပုထိုးများတည်ထားကိုးကွယ်ခြင်း၊ အသံမစဲမဟာပဋ္ဌာန်းပွဲများကျင်းပပေးခြင်း၊ သာသနိက အဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခြင်း၊ ပရဟိတလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဝိပဿနာ တရားစခန်းပွဲများကျင်းပပေးခြင်းစသော လောကတ္ထစရိယနှင့် ဉာတတ္ထစရိယတို့ကို ဖြည့်ဆည်းခဲ့ပြီး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော လုံ့လဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်းကြောင့် သာသနစုရဝဟဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား ၁၉၉၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊ ၂၀၀၄ ခုနှစ်တွင် အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ၂၀၁၄ ခုနှစ် မေလ ၁၈ ရက်တွင် သာသနာတော်ဆိုင်ရာဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ကို ထိုင်းနိုင်ငံ၊ မဟာချူလာလောင်ကွန်တက္ကသိုလ်မှ ဆက်ကပ်ခဲ့သည်။

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၇) ဝါနှစ်၊ သိက္ခာတော် (၄၄) ဝါအရ ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆို လဆန်း ၉ ရက် (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)တွင် ပျံလွန်တော်မူသည်။

**ကိုခက်ဝေ**

## ပညာသာရ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၉၂-၁၃၇၇)။ ။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည် (တောင်) ရပ်ကွက်၊ သာသနာ့ဇောတိကာရုံစာသင်တိုက် ပဓာနနာယကဆရာတော်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရကို ခမည်းတော် ဦးဖိုးယုံ၊ မယ်တော် ဒေါ်ချင်းမိတို့က ၁၂၉၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် (၁၉၃၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃ ရက်) ကြာသပတေးနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ် သရက်ကုန်းကျေးရွာ၌ ဖွားမြင်တော်မူသည်။

၁၃၁၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက် (၁၉၅၀ ပြည့်နှစ်၊ မေလ ၂၀ ရက်)တွင် မဟာနန္ဒိ သေနာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိသေနာဘိဝံသ (အဘိဇမဟာရဋ္ဌဂုရု)ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ ဦးကြွယ်၊ ဒေါ်ကြည်အေးတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် မန္တလေးမြို့၊ မဟာနန္ဒိသေနာရာမကျောင်းတိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ပရိယတ္တိအခြေခံစာများကို မူလဆရာတော်ထံတွင် သင်ကြားဆည်းပူးတော်မူခဲ့သည်။

ပထမပြန်ဆိုင်ရာကျမ်းစာများကို ချောင်းဦးမြို့၊ မဟာမေဃဝန်ဆရာတော်ထံတွင်လည်းကောင်း၊ မန္တလေးမြို့ မဟာနန္ဒိသေနာရာမတိုက် ဆရာတော်ထံတွင်လည်းကောင်း သင်ကြားဆည်းပူးခဲ့ပြီး ဓမ္မာစရိယတန်းစာမေးပွဲနှင့် မော်လမြိုင်မြို့ သုသမာစာရစာမေးပွဲတို့ကို အောင်မြင်ခဲ့သည်။



ဘဒ္ဒန္တပညာသာရ


ဆရာတော်သည် စာပေပရိယတ်များပို့ချခြင်း၊ ဓမ္မဝိနယနှင့်အညီ အုပ်ချုပ်ခြင်း၊ ပထမပြန်စာမေးပွဲ အကျိုးဆောင်၊ ဥက္ကဋ္ဌနှင့်ဩဝါဒါစရိယတာဝန်များကို ထမ်းဆောင်ခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ ရပ်ကျေးသံဃနာယက၊ မြို့နယ်သံဃာ့ဝန်ဆောင်၊ တိုင်းဝိနည်းဓိုရ်အဖြစ် ဆောင်ရွက်ခဲ့ခြင်းစသည့်ဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်ဝိနည်းဓိုရ်နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ပျံလွန်တော်မူချိန်အထိ ထမ်းဆောင်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၉ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၅ နှစ်၊ သိက္ခာတော် ၆၅ ဝါအရ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် (၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**ပဏ္ဍိတဘာတိကာဘိဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၃၀၄-၁၃၇၆)** ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဘုရားဖြူကျောင်းတိုက် စာချနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတဘာတိကာဘိဝံသကို ၁၃၀၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက် (၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂ ရက်) ကြာသပတေးနေ့တွင် ခမည်းတော် ဦးချက်၊ မယ်တော် ဒေါ်အေးရင်တို့က မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဇီးတော်ပင်ကျေးရွာ၌ ဖွားမြင်တော်မူသည်။ မွေးချင်းခြောက်ဦးတွင် စတုတ္ထမြောက်သားရတနာ ဖြစ်သည်။



ဘဒ္ဒန္တပဏ္ဍိတဘာတိကာဘိဝံသ

ဆရာတော်လောင်းလျာသည် အသက် ၁၀ နှစ်အရွယ်တွင် ဇီးတော်ပင်ရွာ၊ ရွာဦးကျောင်း ဆရာတော်ဘဒ္ဒန္တအာစိဏ္ဏောဘာသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၂၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် (၁၉၆၂ ခုနှစ်၊ မေလ ၁၅ ရက်)တွင် မန္တလေးမြို့၊ ရွှေပြည်ရပ် ဘင်္လီကျောင်းတိုက်ခဏ္ဍသိမ်၌ ခေမာသီဝံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိလာသာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ အင်းဘဲရပ် ဆန်ကုန်သည် ဒေါ်ငြိမ်းငြိမ်း၊ ဒေါ်စိမ်းစိမ်း၊ ဒေါ်ဝင်းစိန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ဇီးတော်ပင်ရွာ၊ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏောဘာသ၊ မန်ကျည်းကိုင်းရွာ သဒ္ဓမ္မပါလကျောင်း ဆရာတော်ဘဒ္ဒန္တပညာဓဇ၊ မန္တလေးမြို့

မိုးကောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် စာချဆရာတော်များ၊ ဘုရားဖြူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိမာ (အဂ္ဂမဟာပဏ္ဍိတ) စသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး သာသနဓဇသိရီပဝရဓမ္မာစရိယ၊ စေတိယင်္ဂဏပရိယတ္တိ ဓမ္မာနုဂ္ဂဟဓမ္မာစရိယဘွဲ့တို့ကို ရရှိအောင်မြင်ခဲ့သည်။

ဆရာတော်သည် ဘုရားဖြူကျောင်းတိုက်၌ နှစ်ပေါင်း ၄၀ ကျော် စာပေပရိယတ္တိများကို ပို့ချခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့၏ ဝိနိစ္ဆယအဖွဲ့ဝင်၊ ပုဇွန်တောင်မြို့နယ် သံဃနာယကအဖွဲ့ အဖွဲ့ဝင်၊ တိုင်းသံဃာ့ဝန်ဆောင်အစရှိသော သာသနာ့တာဝန်များ ထမ်းဆောင်ခဲ့ပြီး ဘုရားဖြူကျောင်းတိုက်ကြီး၏ စာချနာယကတာဝန်ကို ထမ်းရွက်တော်မူလျက် ပါရာဇိကဝါစနာမဂ္ဂဒီပနီကျမ်းနှင့် ဝိနယဝါစနာမဂ္ဂဒီပနီကျမ်းတို့ကို ပြုစုရေးသားခဲ့သည်။


ဆရာတော်အား နိုင်ငံတော်အစိုးရက ၂၀၀၅ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် ၂၀၁၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်ရင်း သက်တော် ၇၃ နှစ်၊ သိက္ခာတော် ၅၃ ဝါအရ ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် (၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**



**ဝိသုဒ္ဓါစာရ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၃၀၃-၁၃၇၆)** ။ ။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ မဟာစေတျာရာမဘုရားကြီးစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါစာရကို ၁၃၀၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက် (၁၉၄၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်) ဗုဒ္ဓဟူးနေ့တွင် ခမည်းတော် ဦးမြညွန့်၊ မယ်တော် ဒေါ်ဂျမ်းပုံတို့က မြန်အောင်မြို့နယ်၊ ထန်းနှစ်ခွကျေးရွာ၌ ဖွားမြင်တော်မူသည်။



**ဘဒ္ဒန္တဝိသုဒ္ဓါစာရ**

ဆရာတော်လောင်းလျာသည် ၁၃၁၂ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက် (၁၉၅၁ ခုနှစ်၊ မတ်လ ၁၅ ရက်)တွင် ထန်းနှစ်ခွကျေးရွာ၊ ရှမ်းစုကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ရောက်ရှိပြီး ၁၃၂၃ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက် (၁၉၆၁ ခုနှစ်၊ မေလ ၂၈ ရက်) တွင် ဟင်္သာတမြို့ ဘုရားကြီးကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတဓမ္မဇေကို ဥပဇ္ဈာယ်ပြု၍ ဟင်္သာတမြို့ ဦးသက်ထွေး၊ ဒေါ်အေးမှင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဟင်္သာတမြို့၊ ဘုရားကြီးတိုက်၊ ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိသည်။

ဆရာတော်သည် မြန်အောင်မြို့နယ် ထန်းနှစ်ခွကျေးရွာ ရှမ်းစုကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတဓမ္မဇေနှင့် စာချကထိကဆရာတော်များ၊ မန္တလေးမြို့၊ ရွှေရေးဆောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝ၊ ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော်၊ နန္ဒိသေနာရာမကျောင်းတိုက်ဆရာတော် အစရှိသော ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့နှင့် ပရိယတ္တိသာသနဟိတကာရီ ဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

ဆရာတော်သည် ဟင်္သာတမြို့၊ မဟာစေတျာရာမဘုရားကြီးကျောင်းတိုက်တွင် ရဟန်းသာမဏေများကို ပရိယတ်စာဝါများ ပို့ချတော်မူ၍ ပဓာနနာယကတာဝန်ကို ထမ်းဆောင်တော်မူသည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင်လည်း မြို့နယ်သံဃနာယက

အဖွဲ့ (မဟာဒွါရ) ၏ အကျိုးတော်ဆောင်တာဝန်ကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၂၀၀၅ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် ၂၀၁၀ ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၇၄ နှစ်၊ သိက္ခာတော် ၅၄ ဝါအရ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက် (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**


**သာသနာဘိဝံသ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)(မြန်မာ ၁၂၈၅-၁၃၇၇) ။** ။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မြတောင်တိုက် ရွှေဝါဝင်းကျောင်းမဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသာသနာဘိဝံသကို ခမည်းတော် ဦးညဏ်၊ မယ်တော် ဒေါ်ဖိတို့က ၁၂၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက် (၁၉၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်) သောကြာနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ကျောက်ဆည်ကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၅ ခုနှစ် (၁၉၃၃ ခုနှစ်)တွင် စစ်ကိုင်းမြို့နယ်၊ ကျောက်ဆည်ကျေးရွာ ရွာရှေ့ကျောင်းဆရာတော် ဦးဝါယမကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၄ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် (၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)တွင် စစ်ကိုင်းတောင်ရိုး ရတနာဘုံစံကျောင်းတည် တတိယမြတောင်ဆရာတော် ဘဒ္ဒန္တဝိစာရာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျောက်ဆည်ရွာ၊ ကျောင်းသစ်ကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် စစ်ကိုင်းမြို့၊ ကျောက်ဆည်ကျေးရွာ ကျောင်းသစ်ကျောင်းဆရာတော်၊ မန္တလေးမြို့ မြတောင်ကျောင်းတိုက်ဆရာတော်ကြီးနှင့် နာယကဆရာတော်များ၊ မြင်းဝန်တိုက်၊ ဘုရားကြီးတိုက်၊ ရွှေရေးဆောင်တိုက်၊ ရှမ်းစုဆီးဘန်နီတိုက်တို့မှ စာချအကျော်အမော်ဆရာတော်များ၊ စစ်ကိုင်းမြို့ မြတောင်ချောင်ဆရာတော်ကြီးနှင့် စာချဆရာတော်များထံတွင် သက္ကဋအခြေခံနှင့်တကွ လောကုတ္တရာပရိယတ္တိစာပေများသင်ယူခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်ရာ၌ ပါဠိတော်များအကြိုတည်းဖြတ်ခြင်း၊ မင်းတုန်းမင်းကြီး၏ ကျောက်စာတော်နှင့် ပါဠိတော်များတိုက်ဆိုင်စစ်ဆေးခြင်း၊ ပိဋကတ်သုံးပုံတည်းဖြတ်ခြင်းလုပ်ငန်းများတွင် ပါဠိဝိသောဓက၊ ပဋိဝိသောဓက၊ ဩသာနသောဓေယျပတ္တပါဠကတာဝန်များထမ်းဆောင်ခဲ့သည်။ ဆရာတော်သည် သီတင်းသုံးနေထိုင်ရာကျောင်းတိုက်တွင် စာသင်သားရဟန်းသာမဏေများကို ပရိယတ္တိစာပေများပို့ချပေးရင်း သာသနာတော်အတွက် စာချစာသင်ပုဂ္ဂိုလ်တို့ကျေးဇူးများမည့် ကျမ်းစာများ၊ ဗဟုသုတဖြစ်ဖွယ်စာအုပ်စာပေများကို ရေးသားခဲ့သည်။ ဆရာတော်သည် နှစ်စဉ်ဝိနယာဓိက ငယ်၊ လတ်၊ ကြီး၊ ကျော် စာမေးပွဲများကျင်းပပေးခြင်း၊ ဇာတိရပ်ရွာရှိ ကျောင်းသားကျောင်းသူလေးများအတွက် မူလတန်းမှ အလယ်တန်းအဆင့်ရောက်အောင်ဆောင်ရွက်ပေးခြင်းနှင့် မင်္ဂလာအေးကျောင်းတိုက်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပထမအကြိမ်သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ တိုင်းဒေသကြီး/မြို့နယ် သံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ်မှစ၍ ပဉ္စမအကြိမ်အထိ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆဋ္ဌမအကြိမ်မှ ပျံလွန်တော်မူချိန်အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း အသီးသီးထမ်းဆောင်ခဲ့သည်။ ဆရာတော်သည် မြတောင်တိုက်အုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့ ဩဝါဒါစရိယ၊ မဟာမုနိ



**ဘဒ္ဒန္တသာသနာဘိဝံသ**

ရုပ်ရှင်တော်ဘုရားကြီး၏ ဩဝါဒါစရိယ၊ မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတအသင်း၊ ချမ်းသာကြီးဆန်လှူ အသင်းတို့၏ ဩဝါဒါစရိယအစရှိသော သာသနာ့ တာဝန်များကိုလည်း စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၁ ခုနှစ် တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၁၉၉၉ ခုနှစ် တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊ ၂၀၀၄ ခုနှစ်တွင် အဘိဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် နှင့် ၂၀၀၈ ခုနှစ်တွင် အဘိဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်ကြီးသည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၉၂ နှစ်၊ သိက္ခာ တော် ၇၂ ဝါအရ ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့် ကျော် ၆ ရက် (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။


**မောင်ညိုထွန်း (မြန်မာစာ)**

**သောဘဏ၊ ဘဒ္ဒန္တ (အဘိဇမဟာရဋ္ဌဂုရု) (မြန်မာ ၁၂၈၁-၁၃၇၆)** ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်ညောင်တုန်း ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါ စရိယ အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏကို ၁၂၈၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် (၁၉၁၉ ခုနှစ်၊ မေလ ၉ ရက်) သောကြာနေ့တွင် ခမည်းတော် ဦးဘိုးကွန်း၊ မယ်တော် ဒေါ်နှင်းလှိုင်တို့က ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ် ပလူကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၆ ခုနှစ် (၁၉၃၄ ခုနှစ်)၊ အသက် ၁၅ နှစ်အရွယ်တွင် ခရမ်းမြို့၊ ဆင်မင်းအိုင်ရွာ ကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိပြီး ၁၃၀၀ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက် (၁၉၃၉ ခုနှစ်၊ ဧပြီလ ၄ ရက်)တွင် ဆင်မင်းအိုင်ကျေးရွာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပလူကျေးရွာ၊ ပလူကျောင်းတိုက်ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိသည်။

ဆရာတော်သည် ခရမ်းမြို့၊ ဆင်မင်းအိုင်ကျောင်း ဆရာတော်ဘဒ္ဒန္တသောဘိတ၊ ခရမ်းမြို့၊ ကိုင်းကုန်း ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဒဿန (အဘိဇမဟာ ရဋ္ဌဂုရု)၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တကောဏ္ဍည (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ သာသနာ့ဇောတိကာရုံကျောင်းဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ အမရပူရ ဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ၊ ဆီးဘန်နီဆရာတော် ဘဒ္ဒန္တ အာစရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဗဟန်းမြို့နယ် ညောင်တုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မသေနာ ဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဒေါ်ရွှေသစ်ပိဋကတ်တိုက် ဆရာတော်ဘဒ္ဒန္တသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) တို့ထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး စာမေးပွဲများနှင့် ဓမ္မာစရိယတန်း၌ ဂုဏ်ထူးငါးကျမ်းနှင့်တကွ ကျမ်းရင်းသုံးကျမ်းကို အောင်မြင်သဖြင့် သာသနဇောတိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိသည်။

ဆရာတော်သည် ပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက်၌ ပရိယတ္တိစာပေများကို သင်ကြားပို့ချ တော်မူရင်း အဋ္ဌသာလိနီပို့ချစဉ်ကျမ်း၊ အနှစ်သာရဩဝါဒ ကထာကျမ်း၊ ဝမ်းမြောက်ရွှင်လန်း ဥဒါန်းအဖွင့်ကျမ်း အစရှိသော ကျမ်းစာများကို ရေးသားပြုစုခဲ့သည်။ ဆရာတော်ကြီးသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် တွင် မြို့နယ်၊ တိုင်းဝိနည်းဓိုရ်၊ နိုင်ငံတော်ဗဟိုသံဃာ့



ဘဒ္ဒန္တသောဘဏ


ဝန်ဆောင်နှင့် နိုင်ငံတော်ဩဝါဒါစရိယ တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရွှေတိဂုံစေတီတော်၊ မဟာမင်္ဂလာ ဆုတောင်းပြည့်စေတီ၊ စွယ်တော်ရတနာစေတီ၊ ဆံတော် ရတနာစေတီ၊ ဗုဒ္ဓဂယာပုညသဟာယအသင်း၊ ရန်ကုန် မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနနုဂ္ဂဟဆန်လှူအသင်းကြီး နှင့် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးတို့၏ဩဝါဒါ စရိယတာဝန်များကို ပျံလွန်တော်မူချိန်အထိ ထမ်းဆောင် ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၈၈ ခုနှစ် တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၂၀၀၅ ခုနှစ် တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်ကြီးသည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၉၆ နှစ်၊ သိက္ခာတော် ၇၆ ဝါအရ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**သောဘိတ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၉၀-၁၃၇၇)** ။ ။ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ မြို့ဦးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘိတကို၁၂၉၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (၁၉၂၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်) သောကြာနေ့တွင် ခမည်းတော် ဦးခင်၊ မယ်တော် ဒေါ်ဖွားခင်တို့က ဒိုက်ဦးမြို့နယ်၊ ဖအောင်ဝဲ ကျေးရွာ၌ ဖွားမြင်တော်မူသည်။



ဘဒ္ဒန္တသောဘိတ

ဆရာတော်လောင်းလျာသည် အသက် ၁၃ နှစ် အရွယ်တွင် မန္တလေးအထက်ကျောင်းကြီး ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ရောက်ရှိပြီး ၁၃၀၉ ခုနှစ်၊ ကဆုန်လပြည့် (၁၉၄၇ ခုနှစ်၊ မေလ ၄ ရက်)တွင် ပဲခူးမြို့၊ မြို့မစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရ (အဘိဓဇမဟာရဋ္ဌဂုရု) ကို ဥပဇ္ဈာယ်ပြု၍ ဦးထွန်းအောင်၊ ဒေါ်ခလေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြို့မစာသင်တိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် မန္တလေးအထက်ကျောင်းကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ပဲခူးမြို့မ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဣန္ဒာစာရ (အဘိဓဇမဟာ ရဋ္ဌဂုရု)၊ ဗဟန်းညောင်တုန်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဓမ္မသေန (အဂ္ဂမဟာပဏ္ဍိတ)၊ ဒိုက်ဦးမြို့ မြို့ဦးစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဥေယျာဘိဝံသစသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများသင်ယူခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီးနှင့် ဗဟန်းညောင်တုန်းစာချ တန်းစာမေးပွဲတို့ကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် ဒိုက်ဦးမြို့၊ မြို့ဦးပရိယတ္တိ စာသင်တိုက်တွင် စာချနာယကအဖြစ် ဆောင်ရွက်ခဲ့ပြီး ရဟန်းသာမဏေများကို ပရိယတ္တိစာဝါများ ပို့ချခဲ့သည်။

မြို့ဦးစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီး ပျံလွန်တော်မူချိန်မှစ၍ မြို့ဦးစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကတာဝန်ကို ထမ်းဆောင်လျက် ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ် ပထမပြန်စာမေးပွဲကျင်းပရေး အဖွဲ့ဥက္ကဋ္ဌတာဝန်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တာဝန်တို့ကို ထမ်းဆောင်ခဲ့ပြီး ပျံလွန်တော်မူချိန်အထိ နိုင်ငံတော်ဩဝါဒါစရိယတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၂၀၀၁ ခုနှစ် တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခဲ့သည်။


ဆရာတော်သည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၆၇ ဝါအရ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက် (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

## အာစိဏ္ဏာဘိဝံသ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု) (မြန်မာ ၁၂၈၄-၁၃၇၇)။

။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ယောသိတာရာမပါဠိတက္ကသိုလ် ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါ စရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ ကို ခမည်းတော် ဦးလူကြီး၊ မယ်တော် ဒေါ်ငယ်တို့က ၁၂၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက် (၁၉၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်) တနင်္ဂနွေနေ့တွင် တနင်္သာရီတိုင်း ဒေသကြီး၊ လောင်းလုံမြို့နယ်၊ ပန်းဒလဲကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် သက်တော် ၁၄ နှစ် အရွယ်တွင် လောင်းလုံမြို့၊ ပန်းဒလဲကျောင်းကြီး ဆရာတော်ဦးပညာသီရိကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက် (၁၉၅၃ ခုနှစ်၊ မေလ ၁ ရက်)တွင် ထားဝယ်မြို့၊ ပန်းဒလဲကျောင်း ဒါယကာ ဒါယိကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။



ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ

ဆရာတော်သည် ပန်းဒလဲရွာကျောင်းဆရာတော်၊ ယောသိတာရာမကျောင်းဆရာတော်များ၊ မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းကျောင်းဆရာတော်များထံ ၌ ပရိယတ္တိစာပေကျမ်းဂန်များကို သင်ယူဆည်းပူးခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲတွင် ငယ်၊ လတ်၊ ကြီး ကို အောင်မြင်ပြီး ၁၃၁၄ ခုနှစ် (၁၉၅၃ ခုနှစ်) တွင် သာသနဓဇဓမ္မာစရိယဘွဲ့နှင့် ပရိယတ္တိသာသနဟိတ သကျသီဟဓမ္မာစရိယဘွဲ့များကို ရရှိအောင်မြင်တော် မူခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ တောင်သမန် ကျောင်းတိုက်နှင့် ထားဝယ်မြို့ ယောသိတာရာမပါဠိ တက္ကသိုလ်ကျောင်းတိုက်တို့၌ ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူရင်း ဝိနယပါဠိပါရဂူကျမ်းနှင့် အခြေခံဝိနည်းကျင့်ဝတ်ဘာသာကျမ်းတို့ကို ရေးသား ပြုစုခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်သံဃနာယကအဖွဲ့၊ အဖွဲ့ဝင်ဆရာတော်အဖြစ် ပထမအကြိမ်မှ တတိယ အကြိမ်အထိလည်းကောင်း၊ နိုင်ငံတော် သံဃနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် အထိလည်းကောင်း၊ ဆဋ္ဌမအကြိမ်မှ ပျံလွန်တော်မူချိန် အထိ နိုင်ငံတော်ဩဝါဒါစရိယတာဝန်ကိုလည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၁ ခုနှစ် တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၂၀၀၃ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၉၃ နှစ်၊ သိက္ခာတော် ၇၃ ဝါအရ ၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက် (၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။


**မောင်ညိုထွန်း (မြန်မာစာ)**

**အာစိဏ္ဏာလင်္ကာရ၊ ဘဒ္ဒန္တ(အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ၁၂၉၄-၁၃၇၇)။** ။ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ ငွေတောင်တိုက် မဟာနာယက၊ သာသနဟိတေသီရွှေလင်းယုန်ကျောင်း ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တအာစိဏ္ဏာလင်္ကာရကို ခမည်းတော်သူကြီးမင်းဦးပါတွဲ၊ မယ်တော်ဒေါ်ချစ်အုံတို့က ၁၂၉၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (၁၉၃၂ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်) တနင်္ဂနွေနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် ဘုတလင်မြို့နယ်၊ ဆည်ဝရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ဆည်ဝရွာ၊ အဘိုး ဦးစံအေးနှင့်ဦးရီးတော် ဦးဘိုးတာ၊ ဒေါ်ချစ်ပွင့် မိသားစု တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဆည်ဝဆရာတော် ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ ၁၃၀၉ ခုနှစ်၊ နယုန် လဆန်း ၁၀ ရက် (၁၉၄၇ ခုနှစ်၊ မေလ ၂၉ ရက်)တွင် ရှင်သာမဏေအဖြစ်သို့ရောက်ရှိသည်။

၁၃၁၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက် (၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်) တနင်္ဂနွေနေ့တွင် မန္တလေးမြို့ ငွေတောင်တိုက် ခဏ္ဍသိမ်တော်၌ သာသနာ လင်္ကာရဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ ဦးဘစံ၊ ဒေါ်စိန်စိန်၊ ဦးဘကွန်း၊ ဒေါ်ထိုက်ထိုက်၊ ဦးကြည်-ဒေါ်မမလေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ဆည်ဝကျောင်းဆရာတော် ဦးကေလာသဘ၊ ဘဒ္ဒန္တဇာဂရ၊ ဘဒ္ဒန္တပဏ္ဍိတ၊ ဘဒ္ဒန္တ ကေသရ၊ ဘဒ္ဒန္တရေဝတ၊ ဘဒ္ဒန္တဉာဏဝံသတို့ထံတွင် လည်းကောင်း၊ မန္တလေးမြို့ ငွေတောင်တိုက်သာသနာ လင်္ကာရကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ သုခရတနာ ရွှေမှူးကျောင်း၊ စာချဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသာ ဘိဝံသတို့ထံတွင်လည်းကောင်း၊ မစိုးရိမ်ဝေယံဘုံသာ၊ ဘုရားကြီး၊ တောင်ထီးလင်း၊ ရွှေရေးဆောင်၊ မြင်းဝန် တိုက်တို့မှ ဆရာတော်များထံတွင်လည်းကောင်း၊ ပထမပြန်စာမေးပွဲ၊ ပထမငယ်ပထမလတ် (တစ်နိုင်ငံလုံး တတိယ) ပထမကြီး၊ ဓမ္မာစရိယ၊ ဟိုက်စကူးဖိုင်နယ် စသောစာမေးပွဲများ အောင်မြင်သည်အထိ သင်ယူ ဆည်းပူးခဲ့သည်။



**ဘဒ္ဒန္တအာစိဏ္ဏာလင်္ကာရ**

မန္တလေးမြို့ ငွေတောင်တိုက်၌ ၁၃၁၄ ခုနှစ် (၁၉၅၂ ခုနှစ်)မှ စ၍ နှစ်ပေါင်း ၄၀ ကျော် အတန်းစုံ စာဝါများ သင်ကြားပို့ချခဲ့သည်။ ဆရာတော်သည် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ ဝိနည်းဓိုရ်၊ မန္တလေး အနောက်တောင်မြို့နယ် စာမေးပွဲကြီးကြပ်ရေးဥက္ကဋ္ဌ၊ ပထမပြန်နှင့် ဓမ္မာစရိယဗဟိုပညာရေးအဖွဲ့ဥက္ကဋ္ဌ၊ တိပိဋကရေစာထောက်စာမနှင့် ပုစ္ဆကစသောသာသနာ့ တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

ဤသို့ သာသနာ့အကျိုးသယ်ပိုးဆောင်ရွက် တော်မူသော လဇ္ဇီပေသလသိက္ခာကာမ စသောဂုဏ် တို့နှင့် ပြည့်စုံသည့်ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၇ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။


ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၃ ဝါအရ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက် (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**ဥတ္တမ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၉၀-၁၃၇၇) ။** ။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တောင်ကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တမကို ခမည်းတော် ဦးမော်နရိန္ဒ၊ မယ်တော် ဒေါ်နန်းဖောင် တို့က ၁၂၉၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် (၁၉၂၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်) တနင်္ဂနွေနေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ပင်တွန်ရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက် (၁၉၄၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက်)တွင် ပင်တွန်ရွာကျောင်း ဆရာတော်ဦးပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၁၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက် (၁၉၄၉ ခုနှစ်၊ မတ်လ ၂၅ ရက်)တွင် ဆီဆိုင်မြို့၊ ဟိုခဲကျောင်း ဆရာတော် ဦးဣန္ဒာစာရကို ဥပဇ္ဈာယ်ပြု၍ ဆီဆိုင်မြို့ ဘန်းနောင်ကျေးရွာနေ ဦးသန်းတင်၊ ဒေါ်နန်းကြီးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဆီဆိုင်မြို့နယ် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် အသက် ၅ နှစ်အရွယ် ကျောင်းသား၊ ရှင်သာမဏေဘဝမှစ၍ အခြေခံသင်ရိုး စာပေများကို သင်ယူခဲ့ပြီး မဲဟဲ (မယ်ဟဲင်) ကျောင်းဆရာတော် ဦးဝဏ္ဏ၊ အင်းလေးဒေသ သာလေးမြောက်ကျောင်း ဆရာတော်ဦးသီလ၊ ဆီဆိုင်မြို့ ဇေတဝနာရာမစာသင်တိုက် စာချဆရာတော် ဦးပဏ္ဏဝံသ၊ ရန်ကုန်မြို့ ဘုရားကြီးတိုက် ဂဏဝါစက ဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တကုမာရ၊ ဘဒ္ဒန္တကောသလ၊ ဘဒ္ဒန္တဝါသဝ၊ ဘဒ္ဒန္တစန္ဒာဝရ၊ ဘဒ္ဒန္တ သူရိယ၊ ဘဒ္ဒန္တပညောဘာသ၊ ဘဒ္ဒန္တအာဒိစ္စရံသီ (အဂ္ဂမဟာပဏ္ဍိတ) အစရှိသော ဆရာတော်ကြီးများထံတွင် ပါဠိတော် အဋ္ဌကထာဋီကာများကို သင်ကြားဆည်းပူးခဲ့သည်။

ဆရာတော်သည် ၁၃၁၉ ခုနှစ် (၁၉၅၇ ခုနှစ်)တွင် တောင်ကြီးမြို့၊ တောင်ကျောင်းကြီးတိုက် တိုက်အုပ် ဆရာတော် ဦးဓမ္မသာမိ၏ တာဝန်ပေးချက်အရ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်းရှိ



ဘဒ္ဒန္တ ဥတ္တမ

ကျောင်းတိုက်သို့ပြောင်းရွှေ့ပြီး တောင်ကြီးပရိယတ္တိစာသင်တိုက်ဟူသောအမည်ဖြင့် ပညာရေးမဖွံ့ဖြိုးသေးသည့် ကျေးလက်ဒေသများမှ ရဟန်းငယ်၊ ရှင်ငယ်၊ သူငယ် ကျောင်းသားများကိုလက်ခံပြီး သာသနာအကျိုး မျှော်ကိုးကာ စာပေများ ပို့ချပေးခဲ့သည်။ ဆရာတော်သည် ကျောင်းတိုက်၏ ပဓာနနာယကတာဝန်ကို ထမ်းရွက်တော်မူပြီး စာသင်သား ၈၀ ကျော်တို့ကို ပြုစုစောင့်ရှောက်ခဲ့သည်။


ဆရာတော်သည် ၁၃၄၂ ခုနှစ်တွင် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် သံဃနာယကအဖြစ် ဆောင်ရွက်ခဲ့ပြီး ဗဟန်းမြို့နယ် သံဃာ့ဝန်ဆောင်တာဝန်ကိုလည်း ပျံလွန်တော်မူချိန်အထိ ထမ်းဆောင်ခဲ့သည်။ ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၆၇ ဝါအရ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၁ရက်)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**ဩဘာသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၉၄-၁၃၇၆) ။** ။ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ အောင်ဆန်းရပ်ကွက်၊ အင်းရဲလမ်း ဓမ္မပါရဂူ ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသကို ခမည်းတော် ဦးပြန့်၊ မယ်တော်

ဒေါ်ညိုသတို့က ၁၂၉၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် (၁၉၄၂ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်) တနင်္ဂနွေ နေ့တွင် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ငါးလံရွာ၌ ဖွားမြင်တော်မူသည်။



**ဘဒ္ဒန္တသြဘာသ**

ဆရာတော်လောင်းလျာသည် ၁၃၀၈ ခုနှစ် (၁၉၄၆ ခုနှစ်)၊ အသက် ၁၄ နှစ်သားအရွယ်တွင် ရေစကြိုမြို့၊ ငါးလံရွာ၊ ဒက္ခိဏာရာမကျောင်းဆရာတော် ဘဒ္ဒန္တသာဂရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၁၄ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် (၁၉၅၂ ခုနှစ်၊ ဇွန်လ ၃ ရက်)တွင် ပခုက္ကူမြို့၊ မဟာဝိဇယာ ရာမတိုက် ဆရာတော် ဘဒ္ဒန္တဇဝန (အဘိဇမဟာရဋ္ဌဂုရု) ကို ဥပဇ္ဈာယ်ပြု၍ ငါးမြာလေးရွာနေ ဦးကြာခိုင်၊ ဒေါ်ငွေဘူးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ငါးမြာလေးကျေးရွာ၊ အရှေ့ကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ဒက္ခိဏာရာမကျောင်း ဆရာတော်၊ မြင်းခြံမြို့ကိုးဆောင် တိုက်ဆရာတော် ဘဒ္ဒန္တသောဘိတ (အဘိဇမဟာရဋ္ဌ ဂုရု)၊ မန္တလေးမြို့ ဘုရားကြီးတိုက် နယားကျောင်းဆရာ တော် ဘဒ္ဒန္တမေဓိယာဘိဝံသ (အဘိဇမဟာရဋ္ဌဂုရု)၊ မြင်းဝန်တိုက် ပတ္တမြားကျောင်းဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) အစရှိသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူ ဆည်းပူးခဲ့ပြီး ဓမ္မာစရိယစာချတန်း အောင်မြင်ခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ ကျုံပျော်မြို့ ဓမ္မမာမကကျောင်းနှင့် ဓမ္မ ပါရဂူကျောင်းတို့၌ စာဝါများပို့ချခဲ့သည်။ ဆရာတော် သည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးတွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်သံဃ နာယကအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၂၀၀၀ ပြည့်နှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ၂၀၀၆ ခုနှစ်တွင် အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်ရင်း သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၃ ဝါ အရ ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက် (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)တွင် ဘဝနတ်ထံပျံလွန်တော် မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

## လူပုဂ္ဂိုလ်များ

**ကိုကိုဦး၊ ဒေါက်တာ (၁၉၆၂-၂၀၁၅)။** ။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးကို မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၌ အဘ ဦးအောင်မြင့်နှင့် အမိဒေါ်တင်တင်ခိုင် တို့က မွေးဖွားခဲ့သည်။ မွေးချင်းနှစ်ယောက်အနက် အကြီးဖြစ်သည်။ ငယ်စဉ်က မိုးကုတ်မြို့တွင် အခြေခံပညာများကို သင်ယူခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် မိုးကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။

၁၉၇၈ ခုနှစ်တွင် ရန်ကုန်မြို့ ဒေသကောလိပ် အမှတ် (၁) ၌ ဆက်လက်ပညာသင်ယူပြီး ၁၉၈၃ ခုနှစ် တွင် ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒဘာသာရပ်ဖြင့် B.Sc (Hons:) ဘွဲ့ကိုလည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် M.Sc (Physics) ဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

၁၉၈၆ ခုနှစ်မှစတင်၍ ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒဌာနတွင် သရုပ်ပြရာထူးဖြင့် အလုပ်စတင်



**ဒေါက်တာကိုကိုဦး**

ဝင်ရောက်သည်။ ၁၉၉၄ ခုနှစ်တွင် လက်ထောက်ကထိကရာထူးဖြင့် မော်လမြိုင်တက္ကသိုလ်၊ ရူပဗေဒဌာနတွင်လည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် ကထိကရာထူးဖြင့် ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒဌာနတွင်လည်းကောင်း တာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့သည်။

သင်ကြားရေးတာဝန်များထမ်းဆောင်စဉ် ၁၉၉၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ အိုဆာကာတက္ကသိုလ်၌ ပါရဂူဘွဲ့သင်တန်းတက်ရောက်ရန် ရွေးချယ်စေလွှတ်ခြင်းခံရပြီး ၁၉၉၉ ခုနှစ်တွင် အဆိုပါတက္ကသိုလ်မှ Ph.D (Nuclear Engineering) ဘွဲ့ကိုရရှိခဲ့သည်။ အိုဆာကာတက္ကသိုလ်၌ ပါရဂူကျမ်းပြုဆောင်ရွက်နေစဉ် OKTAVIAN Facility မှ ပါမောက္ခ A.Takahashi ၏ ဘာသာရပ်ဆိုင်ရာသုတေသနလုပ်ငန်းများ၊ သုတေသနစာတမ်းပြုစုခြင်းများ၌ ပါဝင်ရေးသားဆောင်ရွက်ခဲ့ရာ American Nuclear Society နှင့် European Nuclear Society အပါအဝင် ဂျပန်နိုင်ငံရှိ ဘာသာရပ်ဆိုင်ရာဂျာနယ်များ၌ နျူကလီးယားဆိုင်ရာသုတေသနစာတမ်း ၂၀ တင်သွင်းခဲ့သည်။

ဂျပန်နိုင်ငံပညာတော်သင်မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် ရန်ကုန်တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်နှင့် မကွေးတက္ကသိုလ်တို့မှ ရူပဗေဒနှင့် မဟာသိပ္ပံကျမ်းပြုကျောင်းသားများကို ဂျပန်နိုင်ငံ၊ အိုဆာကာတက္ကသိုလ်သို့ သွားရောက်သုတေသနပြု၍ ပညာဆည်းပူးခွင့်ရရှိရေးအတွက် ဘာသာရပ်ဆိုင်ရာကူညီထောက်ပံ့မှုပြုခြင်း၊ ဌာနများအကြား ဆက်သွယ်ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် ပညာရေးဝန်ကြီးဌာနမှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ရာထူးအဆင့်ဆင့်တိုးမြှင့်ထမ်းဆောင်ခဲ့ရာ ၂၀၀၅ ခုနှစ်တွင် အဏုမြူစွမ်းအင်ဦးစီးဌာန၏ ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်ခဲ့သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်စဉ် ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် နိုင်ငံတော်အစိုးရက စီမံထူးချွန် (ဒုတိယဆင့်) ကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် စီမံထူးချွန် (ပထမဆင့်) ကိုလည်းကောင်း ချီးမြှင့်ခြင်းခံခဲ့ရသည်။

အဏုမြူစွမ်းအင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တာဝန်ထမ်းဆောင်စဉ် နျူကလီးယားနည်းပညာဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့သည်။ ထို့ပြင် နျူကလီးယားဘာသာရပ်ဆိုင်ရာမဟာဘွဲ့နှင့် ပါရဂူဘွဲ့ကျမ်းပြုများ မွေးထုတ်ပေးခြင်းနှင့် ကျမ်းကြီးကြပ်ခြင်း စသည့်ပညာရပ်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင် ၃၀-၃-၂၀၁၁ ခုနှစ်မှစ၍ ဒုတိယဝန်ကြီး၊ ၇-၉-၂၀၁၂ ခုနှစ်မှစ၍ ပြည်ထောင်စုဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များကို သုတေသနအခြေပြုတက္ကသိုလ်များဖြစ်လာစေရန်၊ နိုင်ငံတကာအဆင့်မီတက္ကသိုလ်များဖြစ်လာစေရန် လမ်းညွှန်မှုပြုခြင်း၊ နိုင်ငံခြားတက္ကသိုလ်များနှင့် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ခြင်း၊ သုတေသနကဏ္ဍမြှင့်တင်နိုင်ရန် အမျိုးသားဓာတ်ခွဲခန်းတည်ထောင်

ဖွင့်လှစ်ခြင်း၊ ဇီဝနည်းပညာသုတေသနဌာနနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် သုတေသနဌာနတည်ထောင်ဖွင့်လှစ်ခြင်း၊ ကျောင်းသားများ ပညာသင်ကြားမှု လက်တွေ့လုပ်ဆောင်နိုင်မှု အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် သင်တန်းများ၏ ပညာသင်နှစ်များကို ပြင်ဆင်သတ်မှတ်ခြင်း၊ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီ ပြင်ဆင်ရေးဆွဲစေခြင်း၊ အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများတွင် သင်ထောက်ကူပစ္စည်းများ ဘဏ္ဍာနှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ အိန္ဒိယနိုင်ငံအစိုးရနှင့်ပူးပေါင်း၍ မန္တလေးမြို့တွင် နိုင်ငံတကာအဆင့်မီ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်ဖွင့်လှစ်ခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ AGTI သုံးနှစ်သင်တန်း၊ စက်မှုလက်မှုသိပ္ပံကျောင်းများ တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ စင်ကာပူနိုင်ငံအစိုးရနှင့်ပူးပေါင်း၍ စင်ကာပူမြန်မာသင်တန်းကျောင်းဖွင့်လှစ်ပေးခြင်းနှင့် Polytechnic Center များ ဖွင့်လှစ်နိုင်ရေးတို့ဆောင်ရွက်ခဲ့သည်။

၁၉၉၉ ခုနှစ်၊ ဧပြီလတွင် ဒေါက်တာသိဂ်ီကျော်နှင့် လက်ထပ်ခဲ့သည်။ ဒေါက်တာကိုကိုဦးသည် ပြည်ထောင်စုဝန်ကြီးတာဝန်ထမ်းဆောင်စဉ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီးနှင့်သမီးတစ်ယောက်ကျန်ရစ်ခဲ့သည်။

**ကျော်စိန်မင်း (၁၉၄၅-၂၀၁၅)။** ။ မြန်မာစာပေလောကတွင် ရှားပါးစာရင်းဝင်ဖြစ်သော သိပ္ပံဝတ္ထုများကို ရေးသားခဲ့ပြီး အောင်မြင်ကျော်ကြားခဲ့သည့် ကျော်စိန်မင်းကို ၁၉၄၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်တွင် အဘ ဦးညိုမြနှင့် အမိ ဒေါ်ခင်ရွှေတို့က ဧရာဝတီတိုင်းဒေသကြီး အသုတ်မြို့၌ မွေးဖွားခဲ့သည်။ မွေးချင်းသုံးယောက်အနက် အကြီးဆုံးဖြစ်သည်။ အမည်ရင်းမှာ ဦးကျော်စိန်ဖြစ်သည်။



ကျော်စိန်မင်း

ကျော်စိန်မင်းသည် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ရူပဗေဒဘွဲ့ ရရှိခဲ့သည်။ စာရေးစာဖတ်ခြင်းကို ငယ်စဉ်ကပင်ဝါသနာပါခဲ့ပြီး ၁၉၇၂ ခုနှစ်၊ မေလထုတ် ငွေတာရီမဂ္ဂဇင်းပါ "စိန်ခေါ်သံလောလက်ဆောင်လော" သိပ္ပံဝတ္ထုဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ထိုစဉ်က နာမည်ကျော်ရှုမဝဦးကျော်တည်ထောင်သည့် ရှုမဝမဂ္ဂဇင်း၌ အမှုဆောင်စာတည်းအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၈၄ ခုနှစ်တွင် ရနံ့သစ်မဂ္ဂဇင်း၌ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ကိုယ်တိုင်စာရေးသားရာတွင် ကျော်စိန်မင်းကလောင်အမည်အပြင် မောင်ထွန်းအိမ်ကလောင်အမည်ဖြင့်လည်း ပင်ကိုရေးသိပ္ပံဝတ္ထုတို၊ ဝတ္ထုရှည်များ၊ ဘာသာပြန်သိပ္ပံဆောင်းပါးများနှင့် ကဗျာများကို ရေးသားခဲ့သည်။ မြန်မာစာပေလောကတွင် ပထမဆုံး ပင်ကိုရေးသိပ္ပံဝတ္ထုရေးဆရာအဖြစ် သီးသန့်ရပ်တည်နိုင်ခဲ့သည်။

ရှုမဝမဂ္ဂဇင်းရပ်ဆိုင်းပြီးနောက် မြန်မာစာပေလောက၌ ခေတ်စားလာသော ဂျာနယ်လောကသို့ ဝင်ရောက်ခဲ့ရာ ၁၉၉၇ ခုနှစ်မှစ၍ ဈေးကွက်ဂျာနယ်၌ တာဝန်ခံအယ်ဒီတာ၊ အယ်ဒီတာချုပ်အဖြစ် ၂၀၁၂ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၂၀၁၃ ခုနှစ်တွင် Media One သတင်းဂျာနယ်၌ လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင်

Oriental News ဂျာနယ်၌လည်းကောင်း အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

ကျော်စိန်မင်းသည် ရှုမဝမဂ္ဂဇင်းတွင် အမှုဆောင်အယ်ဒီတာအဖြစ် ဆောင်ရွက်သည်မှ နောက်ဆုံး Oriental News ဂျာနယ်၌ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်သည်အထိ အယ်ဒီတာကောင်းများစွာကို မွေးထုတ်ပေးနိုင်ခဲ့သည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်တွင် ရန်ကုန်မြို့ သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်သန်းစိန်နှင့် သားနှစ်ယောက်၊ သမီးနှစ်ယောက်ကျန်ခဲ့သည်။

## ခင်ကြွယ်ဦး၊ ဒေါ် (၁၉၄၅-၂၀၁၅)။ ။

မြန်မာစာပါမောက္ခ (အငြိမ်းစား) ဒေါ်ခင်ကြွယ်ဦးကို အဘဦးတိုးကြွယ်၊ အမိဒေါ်တင်ဦးတို့က ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် မန္တလေးမြို့၌ မွေးဖွားသည်။ တစ်ဦးတည်းသောသမီးဖြစ်ပြီး ငယ်နာမည်မှာ ဝင်းဝင်းဖြစ်သည်။

မန္တလေးမြို့ ဒေါ်ရုပ်ဆိုးမူလတန်းကျောင်း၊ စိန့်ဂျိုးဇက်၊ အေဗွီကွန်ဗင့်၊ ပွဲကုန်းတက္ကသိုလ်ဝင်ကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၆၅-၆၆ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ရရှိခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် "အလင်္ကာကျော်စွာရွှေမန်းတင်မောင်၏ ဇာတ်သဘင်အနုပညာနှင့် မြန်မာစာပေ" ကျမ်းကို ပြုစု၍ မဟာဝိဇ္ဇာ (မြန်မာစာ) ဘွဲ့ ရရှိခဲ့သည်။

၁၉၇၀ ပြည့်နှစ်မှစ၍ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် အမှုထမ်းခဲ့သည်။ ထို့နောက် ပြင်ဦးလွင်စစ်တက္ကသိုလ်၊ လုပ်သားများကောလိပ်၊ ပညာရေးတက္ကသိုလ်၊ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) (ယခု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်) တို့တွင် နည်းပြ၊ လက်ထောက်ကထိက၊ ကထိက၊ ပါမောက္ခအဖြစ် အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) မှ သက်ပြည့်အငြိမ်းစားယူခဲ့ပြီးနောက် ထိုတက္ကသိုလ်တွင် အကြံပေးအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။ မလေးရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ လုပ်ငန်းတာဝန်များဖြင့် သွားရောက်ခဲ့သည်။



ဒေါ်ခင်ကြွယ်ဦး

ဒေါ်ခင်ကြွယ်ဦးသည် ပန်းချီ၊ ဂီတ၊ စာပေ အနုပညာနှင့် သစ်ပင်ပန်းမန်စိုက်ပျိုးရေးတို့တွင် ဝါသနာထုံသည်။ ပညာရေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်စဉ် ၁၉၈၇-၈၉ ခုနှစ်၌ "ရှေးမြန်မာစာပေမှတ်တမ်းဝင် ပန်းသစ်ပင်အလှရတနာများ" သုတေသနကျမ်းစာအုပ်ကို ရေးသားပြုစုခဲ့သည်။ သတင်းစာနှင့် မဂ္ဂဇင်းများတွင်လည်း ဆောင်းပါးများ ရေးသားခဲ့သည်။

၂၀၀၅ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်၌ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်နှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပြီး သုတပဒေသာ (ဝိဇ္ဇာ)၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဘာသာရပ်များအတွက် စာပေဆုနှင့် စာမူဆုများကို စိစစ်ရွေးချယ်ပေးခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် စီမံထူးချွန် (တတိယဆင့်)၊ ၂၀၀၈ ခုနှစ်တွင် ဝိဇ္ဇာပညာရပ်ဆိုင်ရာထူးချွန် (ဒုတိယဆင့်) တို့ကိုရရှိသည်။

ဒေါ်ခင်ကြွယ်ဦးသည် စစ်သမိုင်းပြတိုက်နှင့် မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် လက်ထပ်ခဲ့ပြီး သားနှစ်ယောက်ထွန်းကားခဲ့သည်။

ခင်ပွန်းသည်မှာ ၁၉၉၂ ခုနှစ်က ကွယ်လွန်ခဲ့ပြီး ဒေါ်ခင်ကြွယ်ဦးသည် အသက် ၇၀ အရွယ် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားနှစ်ယောက်ကျန်ရစ်သည်။


**ဇေယျာသူ**

**ခင်မောင်ထွေး(ပျဉ်းမနား) (၁၉၃၁-၂၀၁၅)။** ။ ဝါရင့် အားကစားကလောင်ရှင်နှင့် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ဖြစ်သူ ဆရာကြီးခင်မောင်ထွေး (ပျဉ်းမနား)ကို ဦးဘသန်း၊ ဒေါ်ဖွားချစ်တို့က ၁၉၃၁ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်တွင် နေပြည်တော် ပျဉ်းမနား၌ မွေးဖွားသည်။ ငယ်စဉ်က အမျိုးသားကျောင်း၊ ABM ကျောင်း၊ ဂျပန်စာသင်ကျောင်း၊ အစိုးရအထက်တန်းကျောင်းတို့၌ ပညာသင်ယူခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။

အားကစားဒီပလိုမာ (၁၉၅၁)၊ သတင်းစာ ဒီပလိုမာ (၁၉၆၇)၊ ခရိုင်ကိုယ်လက်ကြံ့ခိုင်ရေးမှူးသင်တန်း (ပထမအပတ်)၊ ဘောလုံးနည်းပြဆရာသင်တန်း (၁၉၅၇)၊ ပထမအပတ် သတင်းစာပညာသင်တန်း (၁၉၆၇) တို့ တက်ရောက်အောင်မြင်ခဲ့သည်။

ရှုမဝမဂ္ဂဇင်း (စာကြည့်တိုက်ကဏ္ဍ)၊ အိုးဝေ၊ မြဝတီ၊ ငွေတာရီ၊ တို့ကျောင်းသား၊ နွယ်နီ၊ ရန့်သစ်နှင့် အားကစားဂျာနယ်များတွင် ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဗိုလ်တထောင်သတင်းစာ၌ (အငယ်တန်းသတင်းထောက်) အားကစားအဖြစ် စတင်ဝင်ရောက်ရာမှ သတင်းစာလောကသို့ ရောက်ရှိသည်။ ၁၉၇၈ ခုနှစ်တွင် ဗိုလ်တထောင်သတင်းစာ အကြီးတန်းအယ်ဒီတာတာဝန်ထမ်းဆောင်နေစဉ် တာဝန်မှ ရပ်စဲခြင်းခံရသည်။ ထိုအချိန်မှစ၍ ဂျာနယ်၊ မဂ္ဂဇင်းများတွင် အားကစားဆိုင်ရာ ဝတ္ထု၊ ဆောင်းပါးများ အဆက်မပြတ် ရေးသားခဲ့သည်။

ဆရာခင်မောင်ထွေး(ပျဉ်းမနား)သည် ၁၉၆၂ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဖင်လန်နိုင်ငံ၊ အရှေ့ဂျာမနီနိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စုနိုင်ငံတို့သို့ သွားရောက်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ဟောင်ကောင်၊ ထိုင်းနိုင်ငံ၊ ၁၉၇၀ ပြည့်နှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၈ ခုနှစ် တို့တွင် အိန္ဒိယနှင့် နီပေါနိုင်ငံတို့သို့ သွားရောက်ခဲ့သည်။



**ခင်မောင်ထွေး (ပျဉ်းမနား)**

မြန်မာ့ဘောလုံးအားကစားကဏ္ဍအောင်မြင်ရေးနှင့် ဘောလုံးလောကတိုးတက်ရေးအတွက် အဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခဲ့သူ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင်ဆရာကြီး ခင်မောင်ထွေး(ပျဉ်းမနား)သည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**ချစ်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) (၁၉၃၂-၂၀၁၅)။** ။ ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)ကို ဦးလှဘော်နှင့် ဒေါ်ခင်တင့်တို့က ၁၉၃၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်တွင် မော်လမြိုင်မြို့၊ သဘော်ာလဲရပ်၊ မက်ကရေလမ်း၌ မွေးဖွားသည်။ မွေးချင်းခြောက်ယောက် အနက် စတုတ္ထမြောက်ဖြစ်သည်။ ငါးနှစ်အရွယ်တွင် မော်လမြိုင် ဗုဒ္ဓဘာသာအထက်တန်းကျောင်း၌ ပညာ စတင်သင်ကြားသည်။ ဖခင်ကြီးသည် ပဲခူးမြို့သို့စာတိုက် အင်စပက်တော်အဖြစ် ပြောင်းရွှေ့ရသောအခါ မိသားစု အားလုံး ပဲခူးမြို့သို့ပြောင်းရွှေ့ခဲ့ပြီး လိပ်ပြာကန် (၂) လမ်း တွင် နေထိုင်ခဲ့သည်။ မက္ကရက်(သ်) အင်္ဂလိပ်စာ အလွတ်ပညာသင်ကျောင်း၌ ပညာဆက်လက်သင်ကြား သည်။ ယင်းကျောင်းတွင် နှစ်နှစ်ခန့် စာသင်ပြီးနောက် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသောအခါ ကဝမြို့နယ် ကမာဖလုံကျေးရွာ၊ ပဲခူးမြို့တောင်ဘက် စိုင်ဒီရွာနှင့် ကတွင်းခြံရွာအကြားရှိ ဆင်ဖြူကန်ဘုန်းတော်ကြီးကျောင်း တို့သို့ စစ်ပြေးခဲ့သည်။

## ချစ်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)



**ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ (ငြိမ်း)**

စစ်ပြီးသောအခါ ဖခင်ကြီးက ရန်ကုန်စာတိုက်မှူးကြီးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သဖြင့် ရေကျော်ရပ်ရှိ မက်သဒစ်ကျောင်း (ယခု အမှတ်-၃ အခြေခံပညာအထက်တန်းကျောင်းဗိုလ်တထောင်) တွင် ကိုးတန်းအထိ ပညာဆက်လက်သင်ကြားသည်။ ၁၉၅၁ ခုနှစ်တွင် ပဲခူးမြို့ဆရာကြီး ဦးဘစိန်၏ အလွတ်ပညာသင်ကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ ထို့နောက် ရန်ကုန်မြို့ ဆိပ်ကမ်းကော်မရှင်နာရုံးတွင် စာရေးဝန်ထမ်းတစ်နှစ်ခန့် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အလုပ်ထွက်ကာ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။

တက္ကသိုလ်တက်ရောက်နေစဉ် ဗိုလ်သင်တန်းအမှတ်စဉ် (၈) အတွက် သင်တန်းသားခေါ်ယူသဖြင့် ဝင်ရောက်ဖြေဆိုရာ ရွေးချယ်ခံရသည်။ ၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် သင်တန်းဆင်းပြီး ဒုတိယဗိုလ်အဆင့်ဖြင့် ကွတ်ခိုင်မြို့ရှိ အမှတ် (၁) ကယားသေနတ်ကိုင်တပ်ရင်းတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

မူဆယ်၊ မန္တလေး၊ မြစ်ကြီးနား၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဖီမော်စသောဒေသများ၊ ချင်းတွင်းမြစ်အနောက်ဘက်ရှိ ဆားလင်းကြီး၊ ကျားတက်၊ မင်းတိုင်ပင်၊ ကပိုင် စသောရွာများနှင့် ချောက်၊ တောင်တွင်းကြီး (ဗိသနိုး)၊ အောင်လံဒေသတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်၌ ဒေါ်မြင့်မြင့်ခင်နှင့် လက်ထပ်သည်။

တောင်တွင်းကြီး၊ စလင်း၊ ဆင်ဖြူကျွန်း စသောဒေသတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ ယင်းမှ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သော ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့တွင် တာဝန်ထမ်းဆောင်ပြီး ၁၉၆၆ ခုနှစ်တွင် ဒုတိယတပ်ရင်းမှူး၊ ဗိုလ်မှူးအဖြစ် ကလောသို့ ရွှေ့ပြောင်းတာဝန် ထမ်းဆောင်သည်။ ၁၉၇၀ ပြည့်နှစ်တွင် စစ်ဦးစီးမှူး ဒုတိယတန်းအဖြစ်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (စစ်ဆင်ရေးဌာန) သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။

တစ်နှစ်ခန့်တာဝန်ထမ်းဆောင်ပြီး ကယားပြည်နယ်ရှိ ခလရ-၅၄ သို့ တပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ ဝေ့ပုံလောင်းခရီးရှည်ချီတက်ပွဲကို ချီတက်ခဲ့ပြီး စစ်ရုံးတွင် စစ်ဦးစီးမှူး ပထမတန်း (စစ်ဆင်ရေး) အဖြစ်နှင့် ဒုတိယအကြိမ် တာဝန်ပေးခြင်းခံရသည်။

ထို့နောက် ထားဝယ်၊ စစ်ဗျူဟာတွင် စစ်ဗျူဟာမှူးအဖြစ် နှစ်နှစ်နီးပါး တာဝန်ထမ်းဆောင်ပြီး ဆိုဗီယက်ပြည်ထောင်စုတွင် မြန်မာနိုင်ငံ၏ (ကြည်း၊ ရေ၊ လေ) စစ်သံမှူးအဖြစ် တာဝန်ပေးခြင်းခံရသည်။ ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင် နှစ်လခန့် ထမ်းဆောင်ပြီးနောက် အမှတ်-၇၇ ခြေမြန်တပ်မ ဌာနချုပ်တွင် တပ်မမှူး (ဗိုလ်မှူးချုပ်)အဖြစ် တာဝန်ပေးခြင်းခံရသည်။ ထို့နောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး (ဗိုလ်မှူးချုပ်)၊ ယင်းမှ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး (ဗိုလ်မှူးချုပ်)အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။

၁၉၈၅ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန အမှတ် (၂) စစ်ဆင်ရေး အထူးတပ်ဖွဲ့မှူးတာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉-၁၁-၁၉၈၆ ရက်တွင် ဗိုလ်ချုပ်အဆင့်ရရှိခဲ့သည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်၌ တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို လွှဲပြောင်း

တာဝန်ယူ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) ဖွဲ့စည်းသောအခါ နဝတအဖွဲ့ဝင်အဖြစ် တာဝန်ပေးခြင်း ခံရသည်။ နဝတအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်စဉ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် သမဝါယမ ဝန်ကြီးဌာနတို့၏ ဝန်ကြီးတာဝန်ကိုပါ ပူးတွဲထမ်းဆောင်ရသည်။ နဝတအစိုးရလက်ထက်တွင် ဗိုလ်ချုပ်အဖြစ်မှ ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ထိ တိုးမြှင့်တာဝန်ပေးအပ်ခြင်းကိုခံရသည်။

ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေသည် သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးတာဝန်ကိုထမ်းဆောင်စဉ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့သည်။

မြန်မာနိုင်ငံအလယ်ပိုင်း ချောက်၊ ရေနံချောင်း ဒေသတွင် သဲကန္တာရ အနေအထားသို့ ရွေးရှုနေသော အစက်နှစ်စက်ကို ကောင်းကင်ဓာတ်ပုံမှတစ်ဆင့် တွေ့ရသဖြင့် လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခဲ့ရုံသာမက ထိုအစက်နှစ်စက် ကွယ်ပျောက်သွားအောင် အားထုတ်ခဲ့သည်။ မြန်မာနိုင်ငံအလယ်ပိုင်းစိမ်းလန်းစိုပြည်ရေး အတွက် ကိုရီးယားနိုင်ငံ၌ အောင်မြင်ခဲ့သော ယုန်အီး ပရိုဂျက်ကို နမူနာယူ၍ ငွေးချိုတောင်တန်းစိမ်းလန်း စိုပြည်ရေးစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော် ခဲ့သည်။

ထို့ပြင် ပုဂံရှိ လောကနန္ဒာဘေးမဲ့ဉယျာဉ်၊ ပုပ္ပား အပန်းဖြေစခန်း၊ တနင်္သာရီတိုင်းရှိ လန်ပိကျွန်းအဏ္ဏဝါ ဗေဒဉယျာဉ်တည်ဆောက်ခြင်း၊ ရင်းတိုက်ကွင်း၊ ခင်ကြီး နှင့်တောမ စံပြကျေးရွာထူထောင်ရေး၊ မြန်မာ့ကျား သတ္တဝါထိန်းသိမ်းရေး၊ တနင်္သာရီသစ်တောထိန်းသိမ်း ရေးလုပ်ငန်းနှင့်အတူ အရှေ့တောင်အာရှအမြဲစိမ်း သစ်တောကြီးများ၏ နောက်ဆုံးခြေချရာ ပါချန်ကြိုးဝိုင်းကို စောင့်ရှောက်ရေးကို ကြိုးပမ်းခဲ့သည်။ ထို့ပြင် ရှင်မတောင်၊ နတ်မတောင်၊ တက်မတောင်၊ နတ်တောင်၊ မဟာမြိုင် သစ်တောစောင့်ရှောက်ရေးစသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့သည်။

တပ်မတော်နှင့် သစ်တောရေးရာဝန်ကြီးအဖြစ်မှ အငြိမ်းစားယူပြီးနောက် မိမိဘဝမှတ်တမ်းများကို "နောင်စစ်သည်" ကလောင်အမည်ဖြင့် ရေးသားခဲ့ပြီး "သေတစ်နေ့၊ မွေးတစ်နေ့" စာအုပ်ကို ၂၀၀၆ ခုနှစ်တွင် အတွဲ (၃) တွဲအထိ ထုတ်ဝေခဲ့သည်။ စတုတ္ထမြောက် စာအုပ်အဖြစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာပညာရပ်များကို ရေးသားထားသည့် "အစက်ကလေးနှစ်စက်" စာအုပ်၊ "ရက်သတ္တပတ် ကိုရီးယားနှင့် အရှေ့ဖျားမှ တရုတ်နဂါးကြီး" ခရီးသွားမှတ်တမ်းစာအုပ်တို့ကိုလည်း ရေးသား ခဲ့သည်။ ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေသည် "သေတစ်နေ့၊ မွေးတစ်နေ့" စာအုပ်ဖြင့် သုတစွယ်စုံ မီဒီယာဂရု(ပ်) က ချီးမြှင့်သောစာပေဆိုင်ရာဆုကို ရရှိခဲ့သည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာလမ်း၊ အိမ်အမှတ် (၇၀/ဘ) ၌ ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မြင့်မြင့်ခင်နှင့် သားသုံးယောက်၊ သမီးသုံးယောက် ကျန်ရစ်သည်။

**သန္တာဆွေ**

**စန်းလှိုင်၊ ဦး (ပန်းချီဆရာကြီး)(၁၉၂၃-၂၀၁၅)။ ။** မြန်မာ့လွတ်လပ်ရေးမော်ကွန်းဝင်ဝါရင့်ပန်းချီ ဆရာကြီး ဦးစန်းလှိုင်ကို ၁၉၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ရက်တွင် ဦးခန့်၊ ဒေါ်တင့်တို့က ဖျာပုံမြို့ မကျည်းတန်းရပ် ရှိမ်းပကားလမ်း၌ မွေးဖွားသည်။ မွေးချင်းရှစ်ယောက် အနက် ပဥ္စမမြောက်ဖြစ်သည်။

ငယ်စဉ်က ဖျာပုံမြို့ ဦးဖိုးသစ်ကျောင်းတွင် ပညာသင်ယူခဲ့ပြီး အင်္ဂလိပ်-မြန်မာ ခုနစ်တန်းအောင်မြင် သည်။ ဦးစန်းလှိုင်သည် ငယ်စဉ်ကပင် ပန်းချီအနုပညာ၌ စိတ်ဝင်စားခဲ့သူဖြစ်ရာ အရွယ်ရောက်သောအခါ ပန်းချီဆရာဦးမှတ်၊ ဆရာဦးသိန်းညွန့်တို့ထံတွင် တပည့်ခံသင်ယူခဲ့ပြီး ထိုဆရာကြီးတို့ထံမှ ဆီဆေး၊ ရေဆေး နှစ်မျိုးစလုံး ကျွမ်းကျင်ပိုင်နိုင်စွာ ရေးဆွဲနိုင်သော ပညာအမွေရရှိခဲ့သည်။ ထို့နောက် ရန်ကုန်မြို့တွင်

ပန်းချီဆရာကြီးဦးငွေကိုင်နှင့် ဦးလှမောင်ကြီးတို့ထံ၌ ပန်းချီပညာကို ဆက်လက်ဆည်းပူးခဲ့သည်။

၁၉၃၈ ခုနှစ် အသက် ၁၄ နှစ်အရွယ်တွင် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီမှ ဦးဘထွန်း၊ အေဝမ်းရုပ်ရှင်မှ ဒါရိုက်တာဦးအောင်ဇံတို့နှင့် ဆက်သွယ်ပြီး ရုပ်ရှင်ပိုစတာ၊ ကြော်ငြာပန်းချီများကို ပန်းချီဆရာကြီး ဦးခင်အုန်းထံတွင် ဆက်လက်သင်ကြားခဲ့သည်။ ဦးစန်းလှိုင်သည် အသက် ၁၃နှစ်၊ ၁၄ နှစ်အရွယ်မှစ၍ ပန်းချီပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သူဖြစ်သည့် အလျောက် အသက် ၉၀ ကျော်အရွယ်အထိ ပန်းချီ စန်းလှိုင်ဟူ၍ ထင်ရှားကျော်ကြားခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလတွင် ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ၌ ဝင်ရောက်အမှုထမ်းခဲ့သည်။ ထို့နောက် ၁၉၄၃ ခုနှစ်တွင် ရန်ကုန်စစ်ဝန်ကြီးရုံး၊ ကင်းတပ်ဖွဲ့၌ အမှုထမ်းရသည်။ ထိုမှတစ်ဆင့် မင်္ဂလာဒုံလေ့ကျင့်ရေးတပ်ရင်း (၁) သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလတွင် ပြောက်ကျားတပ်ရင်း (၁၀၀၁) ၌ ပါဝင်ခဲ့ကာ (၁၀၆) တပ်ရင်းမှ ပါဝင်တိုက်ခိုက်ခဲ့သည်။ ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်တွင် ရန်ကုန်မြို့သိမ်းတိုက်ပွဲနှင့် စစ်တောင်းမြစ်ဝှမ်းတိုက်ပွဲများ၌လည်း ပါဝင်တိုက်ခိုက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဇာတိဖျာပုံမြို့သို့ ပြန်လည်ရောက်ရှိကာ ပန်းချီရေးဆွဲခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်။ ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တပ်မတော်သို့ ပြန်လည်ဝင်ရောက်၍ တစ်နှစ်နီးပါးအမှုထမ်းသည်။ ထို့နောက်တပ်မှ နုတ်ထွက်ကာ ဗိုလ်ချုပ်အောင်ဆန်းဦးစီးသည့် ပြည်သူ့ရဲဘော်ဌာနချုပ်နှင့်ဆက်သွယ်၍ ဖျာပုံခရိုင် ပြည်သူ့ရဲဘော်အဖွဲ့၌ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သည်။ ၁၉၄၇ ခုနှစ်တွင် ဒေါ်တင်အောင်နှင့်လက်ထပ်ခဲ့ပြီး သောင်းကျန်းသူနှိမ်နင်းရေးတပ်ရင်း (၂) မှ တပ်ရင်းမှူးဗိုလ်မင်းခေါင် ခေါ်ယူသဖြင့် တပ်ကြပ်ရာထူးဖြင့် တစ်နှစ်ကြာတာဝန်ထမ်းဆောင်သည်။ ထို့နောက် တပ်မှအပြီးအပိုင် နုတ်ထွက်ကာ ရန်ကုန်မြို့ ၂၇ လမ်းတွင် "စန်းလှိုင်ပန်းချီ" အမည်ဖြင့် အချိန်ပြည့်ပန်းချီရေးဆွဲအသက်မွေးဝမ်းကျောင်းခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ရန်ကုန်မြို့ ဂျူဗလီဟောသို့ ပန်းချီပြပွဲကျင်းပခဲ့သည်။ ၁၉၅၈-၅၉ခုနှစ်တွင် ဗမာပြည်ပန်းချီသမဂ္ဂ၌ အမှုဆောင်အဖြစ်လည်းကောင်း၊ ၁၉၆၃ခုနှစ်တွင် ပန်းချီပန်းပုကောင်စီစည်းရုံးရေးမှူးအဖြစ်လည်းကောင်း



**ဦးစန်းလှိုင်**

ဆောင်ရွက်ခဲ့သည်။ ၁၉၆၄ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပညာပေးရေးဌာန (ပါတီစာနယ်ဇင်းဌာနကြီး) လမ်းစဉ်သတင်းဌာနခွဲတွင် ပန်းချီ (ပထမတန်း) အဆင့်ဖြင့် တာဝန်ထမ်းဆောင်သည်။ နိုင်ငံကိုယ်စားပြုတံဆိပ်များ၊ လွတ်လပ်ရေးနှင့်ဆိုင်သောတံဆိပ်များ၊ အလုပ်သမားနှင့် လယ်သမားတံဆိပ်များ၊ လူငယ်ဆိုင်ရာ တံဆိပ်များကို ရေးဆွဲပုံဖော်ပေးခဲ့ပြီး အထင်ရှားဆုံးအဖြစ် နိုင်ငံတော်အလံပုံစံကို ဒီဇိုင်းဖော်ရေးဆွဲပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာပန်းချီလောကတွင် ၎င်းကို သံမဏိဂန္ထဝင်ပန်းချီဆရာဟု ခေါ်လေ့ရှိပြီး အနုပန်းချီ၊ စီးပွားရေးပန်းချီများကို ပိုင်နိုင်စွာရေးဆွဲနိုင်သူဖြစ်ရုံမက ဇာတ်နိပါတ်ပန်းချီ၊ ဝါဒဖြန့်ပန်းချီ၊ သရုပ်မှန်ပန်းချီများကို ရေးဆွဲခဲ့သည်။ ခေတ်အဆက်ဆက်၏ နိုင်ငံရေးပုံရိပ်ပန်းချီများနှင့် မြန်မာမှုအရိပ်အငွေ့များကိုလည်း သရုပ်ဖော်ရေးဆွဲနိုင်ခဲ့သည်။

တိုင်းလုံးကျော်၊ မြန်မာ့အလင်းသတင်းစာတို့တွင် နေ့ထူးနေ့မြတ်အထူးထုတ်များ၌ သရုပ်ဖော်ရေးဆွဲပေးခဲ့ရပြီး ရှုမဝ၊ ငွေတာရီ၊ ပေဖူးလွှာ၊ မဟေသီ၊ ရတနာမွန်၊ မြတ်ဆုမွန်မဂ္ဂဇင်း၊ လုပ်သား၊ ပြည်သူ့

ကြယ်နှင့် ခေတ်မြန်မာဂျာနယ်များ၊ မြစ်မခ၊ ဗျာဒိတ် ပန်းနှင့် တရားရိပ်မြိုင်စာစောင်တို့တွင် သရုပ်ဖော် ပန်းချီများ၊ ဒီဇိုင်းများကို ရေးဆွဲခဲ့သည်။

ရေးဆွဲခဲ့သော ပန်းချီလက်ရာများအနက် ဇာတ်ကြီးဆယ်ဘွဲ့အနှစ်ချုပ်၊ ငါးရာ့ငါးဆယ်နိပါတ် ဇာတ်လမ်း၊ ဧကရီစုဘုရားရုပ်ပြ၊ ပတ္တမြားငမောက်နှင့် ရတနာပုံနန်းတွင်း လျှို့ဝှက်ဇာတ်လမ်းများ၊ မြသပိတ်တောင်အဆင်းနှင့် မင်းကွန်းဇေတဝန်ညတို့က ထင်ရှားပြီး ဇိနတ္တပကာသနီ ဗုဒ္ဓဝင်ရုပ်စုံသရုပ်ဖော် ပုံများ ဆရာတော်ကြီးများ၏ တရားစာအုပ်အဖုံးများ တွင်လည်း မြန်မာမှုပန်းချီပညာစွမ်းကို တွေ့ရှိရသည်။ အသက် ၇၅ နှစ်ခန့်အထိ တစ်လလျှင် ဒီဇိုင်းပန်းချီ ပုံပေါင်း သုံးဆယ်ကျော်အထိရေးဆွဲနိုင်သူဖြစ်ကာ ရေဆေး ပန်းချီကား ၁၀၀ ကျော်၊ ဆီဆေးပန်းချီကား ၁၅၀ ကျော် ရေးဆွဲခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံရှိ သက်ရှိထင်ရှားပန်းချီ ဆရာကြီးများအနက် အသက်အကြီးဆုံးအဖြစ် ဂါရဝပြု အကန်တော့ခံပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်။ ဦးစန်းလှိုင်၏ နောက်ဆုံးပန်းချီပြပွဲကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ Strand Hotel ၌ ကျင်းပပြုလုပ် ခဲ့ရာ ကိုယ်တိုင်တက်ရောက်၍ ပန်းချီပြပွဲလာမိတ်ဆွေ သင်္ဂဟများနှင့် ပရိသတ်များကို နှုတ်ဆက်ခဲ့သည်။

လွတ်လပ်ရေးလှုပ်ရှားမှု ဆောင်ရွက်ချက်များ ကြောင့် ၁၉၅၉ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ဗိုလ်ချုပ် အောင်ဆန်းအပါအဝင် လွတ်လပ်ရေးမော်ကွန်းဝင် ချီးမြှင့်ခံရသူ ၁၅၁၃ ဦးတွင် ဦးစန်းလှိုင်သည် မော်ကွန်းဝင် (ဒုတိယဆင့်) ရခဲ့သည်။ ပန်းချီအနုပညာကို မိမိဘဝနှင့် ရင်း၍ ရေးဆွဲခဲ့ပြီး မိသားစုနှင့် ပန်းချီအသိုင်းအဝိုင်းကို အလေးထားစောင့်ရှောက်သူအဖြစ် ပုံရိပ်ထင်ကျန် ခဲ့သော ဆရာကြီးဦးစန်းလှိုင်သည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် အသက် ၉၂ နှစ်အရွယ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသမီး ၈ ယောက်ကျန်ရစ်သည်။

**မျိုးသော်**

**တင်တင်နွဲ့ (အကယ်ဒမီ) (၁၉၄၄-၂၀၁၅)။** ။ အကယ်ဒမီတင်တင်နွဲ့ကို ဦးကျော်ရင်၊ ဒေါ်တင်ယုံ တို့က ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ ငယ်စဉ်က အ.ထ.က (၁) ကြည့်မြင်တိုင်၌ ပညာသင်ကြားခဲ့ပြီး တက္ကသိုလ်ဝင်တန်း အထိ ရောက်ရှိခဲ့သည်။ ငယ်စဉ်ကပင် ရုပ်ရှင်သရုပ်ဆောင် ဝါသနာပါပြီး ရုပ်ရှင်ဇာတ်ကားပေါင်း ၄၃ ကားတွင် ပါဝင် သရုပ်ဆောင်ခဲ့သည်။ အကောင်းဆုံးသရုပ်ဆောင်ထူးချွန်ဆု ရရှိသည်အထိ အဆင့်ဆင့်ကြိုးပမ်းသရုပ်ဆောင်နိုင်သူ အဖြစ် ရုပ်ရှင်လောကတွင် ထင်ရှားကျော်ကြားခဲ့သည်။

တင်တင်နွဲ့ ပထမဆုံး ပါဝင်သရုပ်ဆောင် ရိုက်ကူးခွင့်ရရှိခဲ့သောဇာတ်ကားမှာ ဒါရိုက်တာ ဦးချစ်ခင်၏ 'မြတ်' ဇာတ်ကားဖြစ်ပြီး ဝင်းဦး၊ မြင့်မြင့်ခင်၊ ချစ်စံပယ်တို့နှင့်အတူ တွဲဖက်သရုပ်ဆောင်ခဲ့သည်။ ထို့နောက် ရုပ်ရှင်ဇာတ်ကားများစွာ အဆက်မပြတ် ရိုက်ကူးခဲ့ရာ ၁၉၇၀ ပြည့်နှစ်တွင် ဒါရိုက်တာဦးသုခ၏ 'ကျွန်မမှာ မိန်းမသား' ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ထူးချွန်ဆု ရရှိခဲ့သည်။

သရုပ်ဆောင်ထူးချွန်ဆု ဆွတ်ခူးရရှိသည့် နှစ်တွင် ခင်ပွန်းဖြစ်သူ ဦးသက်ထွန်း(နောင်တွင် နိုင်ငံတော်တရားရုံးချုပ်တရားသူကြီး ဝဏ္ဏကျော်ထင် ဦးသက်ထွန်း) နှင့် လက်ထပ်ခဲ့သည်။ လက်ထပ်ပြီး ရှစ်နှစ်အထိ ရုပ်ရှင်ရိုက်ကူးခဲ့ပြီးနောက်ပိုင်းတွင် ကျန်းမာရေးအရ ရုပ်ရှင်ရိုက်ကူးခြင်းကို ရပ်နားခဲ့သည်။ တင်တင်နွဲ့သည် နှလုံးရောဂါအခံရှိသည်ဖြစ်၍ ထိုင်းနိုင်ငံတွင် ဒူဘိုင်းနိုင်ငံက လာရောက်ဖွင့်လှစ်သော ဆေးရုံသို့ ၁၃ ကြိမ်တိတိ သွားရောက် ကုသခဲ့ရသည်။

အကယ်ဒမီတင်တင်နွဲ့သည် ၎င်းနှင့် ခေတ်ပြိုင် သရုပ်ဆောင်များဖြစ်သည့် ဝင်းဦး၊ ညွန့်ဝင်း၊ ကြည်စိုး၊ ဝင်းညွန့်၊ တံတေးသိန်းတန်၊ အောင်လွင်၊ ကောလိပ် ဂျင်နေဝင်း၊ စိန်မြင့်၊ စိုးနိုင်၊ လင်းထင်၊ ဇော်လင်း၊ ကျော်ဟိန်း၊ ခင်မောင်ထွေး၊ စိုးရွှေ၊ ထွန်းဝေ၊ ဝင်းဆွေ၊ လင်းအောင်၊ ဇော်လွင်၊ ခင်မောင်ချင်း၊ ဝါဝါဝင်းရွှေ၊ ခင်သန်းနု၊ ခင်ယုမေ၊ စံရှားတင်၊ အေးအေးသင်း၊ စမ်းစမ်းအေး၊ သီသီ၊ စန္ဒာ၊ ဆွေဇင်ထိုက်၊ ယဉ်ယဉ်အေး၊ စိုးမြတ်သူဇာတို့နှင့် ရုပ်ရှင်ဇာတ်ကားများတွင် အတွဲညီစွာ

သရုပ်ဆောင်ခဲ့သည်။ ပင်ကိုအသံအားဖြင့် ကရုဏာသံ လွှမ်းမိုးသောကြောင့် မေတ္တာတရားနှင့် ပတ်သက်သော ဇာတ်ရုပ်များကို သရုပ်ဆောင်မှုများခဲ့သည်။

တင်တင်နွဲ့နှင့်အတွဲညီသည့် ရုပ်ရှင်ဇာတ်ကား များကို ဦးချစ်ခင်၊ ဦးကျော်သန်း၊ ဘုန်းမော်၊ တက္ကသိုလ် ဝင်းဖေ၊ သုခ၊ ထွန်းမြင့်ထွန်း၊ ဦးပါ၊ ရှုမဝချစ်စိန်၊ မောင်လှမျိုး၊ အောင်ကြီးမြင့်၊ ဘိတ်ကလာတဲ့ပြာရည်၊ စန်းအောင်၊ မြင့်အောင်၊ တင်လှ၊ စံရွှေမောင်၊ ဝေဇင်၊ စိန်သော်၊ သိန်းဇော်၊ ရွှေဘော်၊ ဌေးအောင်၊ မင်းနိုင်၊ ထွန်းညွန့်မောင်၊ မိုးသူ၊ စောအောင်မြင့်၊ ပန်းသာတင်ရွှေ ဝင်းဦး၊ သက်လယ်၊ သိန်းကျော်စိုး၊ သက်နောင်၊ အေဝမ်းလှငွေ၊ ကိုငြိမ်းငြိမ်း စသည့်ရုပ်ရှင်ဒါရိုက်တာ များက ရိုက်ကူးခဲ့သည်။

တင်တင်နွဲ့ပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင် ကားများအနက် 'စကားပြောသောအသည်းနှလုံး၊ ကျွန်မမှာ မိန်းမသား၊ နန်းတစ်လိမ်ပန်းတစ်လိမ်၊ ချစ်သူရွှေးမယ် ချစ်ဝဲလယ်၊ ရွှေတံခါးကြီးဖွင့်ပါဦး၊ မာယာထောင်ချောက်၊ မြတ်၊ မေတ္တာပုလဲသွယ်၊ ချစ်ဦးတိမ်ပန်းချီ၊ စေတနာ မှန်သောကံတရား၊ လကွယ်မိုးနှောင်း၊ အပြတ်မပြောနဲ့ မချော၊ စွန့်စားခြင်းအတူတူ ဘယ်သူမြတ်သလဲ၊ ဦးပေါင်းစင်းနှင့် မြင်းညိုရှင်၊ မောင့်မငြိမ်း၊ တောင်ပြာ တန်းနဲ့ပန်းသဇင်' ဇာတ်ကားများမှာ လူကြိုက်များ ထင်ရှားခဲ့သည်။ တင်တင်နွဲ့နောက်ဆုံးရိုက်ကူးသည့် ဇာတ်ကားမှာ ၁၉၇၈ ခုနှစ်က ဒါရိုက်တာ ကိုလင်းလင်း ရိုက်ကူးသော 'သက်လယ်' ဇာတ်ကားဖြစ်သည်။ ကက်ဆက်ဇာတ်လမ်းခေတ်တွင် ကောလိပ်ဂျင်နေဝင်းနှင့် တွဲဖက်ကာ 'ဗိုလ်အောင်ဒင်' အသံဇာတ်လမ်း၌ ပါဝင် သရုပ်ဆောင်ခဲ့ပြီး လူကြိုက်များရာမှ ကက်ဆက် အသံလွှင့်ဇာတ်လမ်းများစွာတွင်ပါဝင်သရုပ်ဆောင် ခဲ့သည်။ ဒါရိုက်တာမောင်ကြေးမုံ၊ ဂန္ထဝင်မောင်ဝိုင်းတို့ စီစဉ်သော ကက်ဆက်ဇာတ်လမ်းများတွင် အသံဖြင့် သရုပ်ဆောင်ခဲ့သော ကောလိပ်ဂျင်နေဝင်း၊ တင်တင်နွဲ့၊ ဓနုဖြူကြည်ကြည်သိန်း အတွဲသည် ကက်ဆက် ဇာတ်လမ်းလောက၌ လူသိများသည်။

ရုပ်ရှင်လောကနှင့် နှစ်ပေါင်းသုံးဆယ်ကျော် ကင်းကွာခဲ့သော်လည်း ရုပ်ရှင်အနုပညာလောကသား



အကယ်ဒမီတင်တင်နွဲ့

များနှင့် ပရိသတ်၏ ချစ်ခင်မြတ်နိုးမှုကို ခံယူရရှိနေဆဲ တင်တင်နွဲ့ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အနုပညာဂုဏ်ရည်ဆု (၂၀၁၃) ချီးမြှင့်ပေးအပ်ခြင်း ခံရသည်။

တင်တင်နွဲ့သည် ရုပ်ရှင်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများ၊ ရုပ်ရှင်ရွှေရတုပွဲများတွင် ပါဝင်လှုပ်ရှား ခဲ့သည်။

အကယ်ဒမီတင်တင်နွဲ့သည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၀ ရက် အသက် ၇၁ နှစ်အရွယ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ခင်ပွန်းဦးသက်ထွန်းနှင့် သားစိုးသူရထွန်း ကျန်ရစ်သည်။ သားတစ်ယောက်ဖြစ်သည့် ဇာနည်ဝင်းထွန်းသည် ၂၀၀၉ ခုနှစ်က ကွယ်လွန်ခဲ့သည်။

## ဗိုလ်သခင်ဆရာ (၁၉၂၂-၂၀၁၅)။ ။

ဗိုလ်သခင်ဆရာအမည်ခံ စာရေးဆရာ၊ သတင်းစာ ဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ သခင် တင်ဦးကို ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်တွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ မိချောင်းရဲ ကျေးရွာ၌ အဘ ဦးဘသစ်၊ အမိ ဒေါ်အေးတင်တို့က မွေးဖွားခဲ့သည်။

ငယ်စဉ်က တောင်တွင်းကြီးမြို့ နတ်မှီတောရ ကျောင်းနှင့် အမျိုးသားကျောင်းတို့တွင် ပညာသင်ကြား



ဗိုလ်သခင်ဆရာ

ခဲ့ပြီး တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ကာ သခင် တင်ဦးအဖြစ် ဒေသဆိုင်ရာနိုင်ငံရေးလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်းတွင် သခင်အောင်ဆန်းအပါအဝင်အခြားသခင်များနှင့်အတူ ဖက်ဆစ်နှင့်နယ်ချဲ့ဆန့်ကျင်မှု တော်လှန်ရေးများ၌ ပါဝင်ခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပြည်တွင်းစစ် ရပ်စဲရေးအတွက် ဆရာကြီးသခင်ကိုယ်တော်မှိုင်း နာယကအဖြစ်ဆောင်ရွက်သော ပြည်တွင်းငြိမ်းချမ်းရေး ကော်မတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရင်း တစ်ဖက်မှလည်း စာရေးဆရာ၊ သတင်းစာဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာဘဝတွင် ကျင်လည်ခဲ့သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ တက်ကြွသော အမှုဆောင်တစ်ဦးအဖြစ် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပသော အာရှစာရေးဆရာညီလာခံသို့ ဦးထွန်းဖေ (ဝန်ကြီးဟောင်း ထွန်းနေ့စဉ် ဦးထွန်းဖေ) အပါအဝင် အခြားစာရေးဆရာတို့နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင် အဖြစ် တက်ရောက်ခဲ့သည်။

အိန္ဒိယနိုင်ငံ၊ ရုပ်ရှင်မြို့တော် ဘုံဘေ (ယခု မွန်ဘိုင်း) တွင် "လင်ကုန်ကူးမယ်" ရုပ်ရှင်ဇာတ်ကားကြီး သွားရောက်ရိုက်ကူးစဉ် အိန္ဒိယနိုင်ငံ သမ္မတကြီး ဒေါက်တာရာဂျင်ဒရယ်ပရာဆတ်၊ ဝန်ကြီးချုပ်ပန်ဒစ်နေရူး အပါအဝင် အစိုးရအဖွဲ့ခေါင်းဆောင်များ၊ ကမ္ဘာကျော် အိန္ဒိယရုပ်ရှင်မင်းသား၊ မင်းသမီးများဖြစ်ကြသော ရယ်ချ်ကပူး၊ နာဂစ်တို့နှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။

ဗိုလ်သခင်ဆရာသည် စာပေရေးသားခြင်းကို ငယ်စဉ်ကတည်းက ဝါသနာထုံခဲ့ပြီး ၎င်းဖြတ်သန်းရာ ခေတ်ထဲမှ အမြင်မတော်မှုများကို မထိတရိ ကလိတိတိ သရော်ရာတွင် အထူးကျွမ်းကျင်သည်။ ထိုစဉ်ကထွက် ရှိသော ရှုထောင့်ဂျာနယ်နှင့် ရွှေတူဂျာနယ်တို့တွင် တစ်ခန်းရပ်ပြဇာတ်များ၊ နေ့စဉ်မှတ်တမ်းများကို အပတ်စဉ်ရေးသားခဲ့သည်။ နောက်ပိုင်းတွင် ရှုမဝ၊ မြဝတီမဂ္ဂဇင်းတို့၌ ဟာသကွက်စိပ်များ လစဉ် ရေးသားခဲ့သည်။ ဗိုလ်သခင်ဆရာကလောင်အမည် အပြင် ဆရာကျင်ခဲအမည်ဖြင့်လည်း ရေးသားသည်။ ဗိုလ်သခင်ဆရာ၏ ထင်ရှားသော လက်ရာများမှာ "အဲ. . . ဟုတ်ပေါင်ယောင်လို့" လုံးချင်းဝတ္ထုရှည်၊ ဟာသကွက်စိပ်၊ ယောကျ်ားနှင့်မိန်းမ၊ ဟာသအဘိဓာန်၊ ၂၀ ရာစုဇာတ်သဘင်စာအုပ်များ ဖြစ်သည်။ အဲ. . . ဟုတ်ပေါင်ယောင်လို့သည် ကိုယ်တိုင်ကျင်လည် လှုပ်ရှားနေသော ရုပ်ရှင်လောက နောက်ခံသရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာတို့နှင့်ပတ်သက်သည့် ဘဝသရုပ်ဖော်ဝတ္ထု ဖြစ်သည်။ ထိုဝတ္ထုကို ကိုယ်တိုင် ဒါရိုက်တာလုပ်၍ "ဘယ်ဆုတောင်းမလဲချစ်သူ" အမည်ဖြင့် ရုပ်ရှင်ရိုက်ခဲ့သည်။ ဟာသအဘိဓာန်သည် အမေရိကန်ကြည်းတပ်လက်ရွေးစင်စာအုပ်ဖြစ်သည့် THESAURUS of HUMOUR မှ Mildred Meiers Jack Knapp တို့၏ စာများကို ဘာသာပြန်ထားခြင်းဖြစ်သည်။

ဗိုလ်သခင်ဆရာသည် ၁၉၉၀ ပြည့်နှစ်က အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားပြီး နှစ်ရှည်လများ နေထိုင်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး စာပေ၊ သဘင်၊ အနုပညာ နယ်ပယ်မှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံပွဲပြုလုပ်၍ မြန်မာနိုင်ငံ၏ ထင်ရှားကျော်ကြားသူများကို ရုပ်တု ပြုလုပ်ကာ သက်ဆိုင်ရာနေရာများ၌ ဂုဏ်ပြုထားရှိရန် ဆွေးနွေးခဲ့သည်။

ဗိုလ်သခင်ဆရာသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံ၌ ကွယ်လွန် သည်။ ဇနီးဒေါ်ညွန့်ညွန့်ဆွေနှင့် သားသမီးနှစ်ယောက် ကျန်ရစ်သည်။


## မောင်ဆွေတင့်၊ ရှုမဝ(၁၉၃၈-၂၀၁၅)။ ။

စာရေးဆရာ၊ ဒါရိုက်တာရှုမဝမောင်ဆွေတင့်ကို ရှုမဝဦးကျော်၊ ဒေါ်ကြည်သန်းတို့က ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ မွေးချင်း ၆ ယောက်အနက်အကြီးဆုံးဖြစ်သည်။

ငယ်စဉ်ကပင် စာ၊ ကဗျာများ ရေးသားခြင်းကို ဝါသနာပါသည့်အလျောက် ၁၉၅၁ ခုနှစ်တွင် စပယ်ဖြူကလောင်အမည်ဖြင့် 'ချစ်သဲဒါလီ'ကဗျာ စတင်ရေးဖွဲ့ခဲ့သည်။ ထို့နောက် ၁၉၅၁-၁၉၅၄ ခုနှစ်တွင် အိုးဝေသတင်းစဉ်၌ မောင်ဆွေ-စိန်ပေါလ်ကျောင်းအမည်ဖြင့် စာတိုစာစများရေးသားခဲ့ပြီး ၁၉၅၄-၅၆ ခုနှစ်တွင် ကဗျာများ၊ ကလေးပုံပြင်များကို စာနယ်ဇင်းများ၌ ရေးသားခဲ့သည်။

၁၉၅၆ ခုနှစ်တွင် မောင်ဆွေတင့်အမည်ဖြင့် 'မြိုင်တွင်းရိပ်သာ' နှစ်ကျပ်တန်လုံးချင်းဝတ္ထု (ဘာသာပြန်) ကို ရေးသားခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ပထမဆုံးဝတ္ထုတိုအဖြစ် 'မေတ္တာစာတစ်ပုဒ်' ကို ရှုမဝမဂ္ဂဇင်း၌ ရေးသားခဲ့သည်။ ထို့နောက် ၁၉၅၉ ခုနှစ်တွင် 'နွဲ့နွဲ့သီ'၊ ၁၉၆၀ ပြည့်နှစ်တွင် 'လေးတော်တင်မယ်'၊ ၁၉၆၁ ခုနှစ်တွင် 'ဘဝတစ်ကွေ့ဝယ် ခဏတွေ့သူရယ်' နှင့် စာရေးဆရာမောင်ကြည်ဆွေနှင့် တွဲဖက်၍ 'အချစ်ဦးမျက်နှာငယ်ကလေးနှင့် ချစ်တဲ့သူရယ်'၊ ၁၉၆၂ ခုနှစ်တွင် 'ညီညီလွင်'၊ 'မေမုန်းလေတော့မှ'လုံးချင်းဝတ္ထုနှင့် ကဗျာဆရာ မောင်မြင့်မြတ်နှင့်တွဲဖက်၍ 'ခရေကောက်' ကဗျာစာအုပ်၊၁၉၈၀ ပြည့်နှစ်တွင် 'ဆယ်စုသုံးခေတ်အချစ်ဒဏ္ဍာရီ'တို့ကို ရေးသားထုတ်ဝေခဲ့သည်။

ဆရာမောင်ဆွေတင့်သည် ရှုမဝရုပ်စုံမဂ္ဂဇင်းတွင် တာဝန်ခံစာတည်း၊ စာတည်းချုပ်အဖြစ် တာဝန်ယူခဲ့ပြီး ၎င်း၏ထင်ရှားသောကလောင်အမည်ခွဲများမှာ မောင်ဆွေတင့်၊ ရုပ်ရှင်မွေ့သူတစ်ဦး၊ မောင်စိုးထိုက်၊ တက္ကသိုလ်မောင်ဝလုံးနှင့် စပယ်ဖြူတို့ဖြစ်သည်။ မောင်ဆွေတင့်သည် ၁၉၅၈-၆၂ ခုနှစ်တွင် တက္ကသိုလ်မဂ္ဂဇင်းများ၊ ပြင်ပစာနယ်ဇင်းများ၌ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ဘာသာပြန်၊ သိပ္ပံပညာပေးစာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့ပြီး ရုပ်ရှင်အနုပညာကိုလည်း ဖခင်ဖြစ်သူနှင့်အတူ လေ့လာဆည်းပူးခဲ့သည်။



ရှုမဝမောင်ဆွေတင့်

၁၉၆၇-၆၈ ခုနှစ်တွင် ရှုမဝရုပ်ရှင်ဇာတ်ကားများ၌ တွဲဖက်ဒါရိုက်တာအဖြစ်လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် ရှုမဝရုပ်ရှင်မှ ရိုက်ကူးထုတ်လုပ်သည့် 'သပြေရိပ်၊ နှမငယ်ထွေးငယ်ပါသေး၊ ဘယ်ပန်းချီရေးလို့မမီ၊ ချစ်ခြင်းဆိုသည်မှာဘာလဲကွယ်'ဇာတ်ကားများကို ဒါရိုက်တာအဖြစ်လည်းကောင်း ရိုက်ကူးခဲ့သည်။ ၎င်းအပြင် 'အပယ်ရတနာ၊ ရွှေဝတ်မှုံ၊ လူမနော'ဇာတ်ကားတို့ကို တွဲဖက်ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည်။

ဆရာမောင်ဆွေတင့်သည် ဝါသနာအလျောက် တေးသီချင်းများကိုလည်း ရေးစပ်သီကုံးခဲ့ရာ 'ဘယ်ပန်းချီရေးလို့မမီနှင့် တေလေငှက်' တို့မှာ ၎င်း၏ ထင်ရှားသောတေးသီချင်းများဖြစ်သည်။

၁၉၅၈-၁၉၅၉ ခုနှစ်တွင် တက္ကသိုလ်ကလောင်အသင်း၏ စာရင်းစစ်အဖြစ်လည်းကောင်း၊ ၁၉၅၉-၆၀ ပြည့်နှစ်တွင် တက္ကသိုလ်ကလောင်အသင်း၏ တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းတွင် ကဗျာဆရာအသင်းနှင့်စာပေကလပ်တို့တွင် ပါဝင်ခဲ့သည်။

ဆရာမောင်ဆွေတင့်သည် ၎င်း၏စာပေသက်တမ်းတစ်လျှောက် မဂ္ဂဇင်းဝတ္ထုရှည် ၃ ပုဒ်၊ လုံးချင်းဝတ္ထုရှည် ၇ အုပ်၊ ဝတ္ထုတို ၈၀ ကျော်၊ ဝတ္ထုတိုပေါင်းချုပ်တစ်အုပ်၊ ဘာသာပြန်ဝတ္ထု ၃ အုပ်၊ ကဗျာပုဒ်ရေထောင်ကျော်နှင့် ကဗျာစာအုပ်တစ်အုပ်၊ ဘာသာပြန်သိပ္ပံပညာပေး ၇ အုပ်နှင့် ဆောင်းပါး ၆၀ နီးပါး ရေးသားခဲ့သည်။

စာရေးဆရာ၊ ဒါရိုက်တာမောင်ဆွေတင့်သည် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၁ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ကြင်ကြင်ဆွေနှင့် သားသမီး ၄ ယောက်ကျန်ရစ်သည်။

**ဇင်ယော်(မာန်)**

**မောင်တင်ဦး (၁၉၄၂-၂၀၁၅)။** ။ ရုပ်ရှင်ဒါရိုက်တာ မောင်တင်ဦးကို ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလ တို့ဗမာအစည်းအရုံးဝင် အထက်ဗမာပြည် တာဝန်ခံ တိုင်းချစ်သခင်သိန်းဖေနှင့် စာရေးဆရာမကြီး ဒေါ်မြမြ (တိုင်းချစ်အလွတ်ပညာသင်ကျောင်းဆရာမကြီး) တို့က ၁၉၄၂ ခုနှစ်၊ မတ်လ ၂၁ ရက်တွင် မန္တလေးမြို့၌ မွေးဖွားသည်။ မွေးချင်းသုံးယောက်အနက် အကြီးဆုံးဖြစ်သည်။ ငယ်မည်မှာ အပါဖြစ်သည်။ ၎င်း၏ညီမှာ ငယ်မည်အတာဟုခေါ်သော ရုပ်ရှင်သရုပ်ဆောင် သောင်းဒန်(ဇော်ဝမ်း) ဖြစ်သည်။

မောင်တင်ဦးမိခင်၏ အမေ (အဘွား) သည် ရုပ်ရှင်ဇာတ်ကား ဇာတ်ညွှန်းရေးခဲ့ဖူးသကဲ့သို့ မိခင်၏ အစ်ကိုဦးဘတင်သည် ယခင်က ရုပ်ရှင်သရုပ်ဆောင်နှင့် ရုပ်ရှင်ဒါရိုက်တာအဖြစ် ထိုက်သင့်စွာကျော်ကြားခဲ့သူဖြစ်သည်။ မန္တလေးတိုင်းချစ်အထက်တန်းကျောင်းတွင် စတင်ပညာသင်ကြားခဲ့သည်။ ငယ်စဉ်က ဖခင်၏ တိုင်းချစ်သတင်းစာတိုက်နှင့် မိခင်၏ တိုင်းချစ်အလွတ်ပညာသင်ကျောင်းတွင် ကြီးပြင်းခဲ့သည်။ ပညာရေးအပေါ် စိတ်ဝင်စားမှုနည်းပါးခဲ့သည်။ ထိုစဉ်က အငြိမ့်မင်းသမီး (ဒေါ်)အမာစိန်၏ အငြိမ့်ကရာနောက်သို့ စက်ဘီးတစ်စီးဖြင့် လိုက်လံကြည့်ရှုနေရာ ဖခင်က "ပညာမတတ်လျှင် မြင်းလှည်းမောင်းရမည်" ဟု ဆိုဆုံးမသဖြင့် စာကြိုးစားရာမှ ဆယ်တန်း အောင်မြင်ခဲ့သည်။

ဆယ်တန်းအောင်မြင်ပြီးနောက် မန္တလေး တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ဖခင်ဖြစ်သူ သခင်သိန်းဖေသည် သားများဖြစ်သော အပါနှင့် အတာကို နိုင်ငံရေးလောကထဲ မရောက်ရန်နှင့် ပညာရေးကို အလေးအနက်ထားကြိုးစားရန် ဆန္ဒပြင်းပြခဲ့သည်။ သို့ရာတွင် မောင်တင်ဦးသည် ၁၉၆၄-၁၉၆၅ ခုနှစ် အသက် ၂၇ နှစ်အရွယ်မှစတင်ကာ ဝါသနာအရ ရုပ်ရှင်လောကသို့ ရောက်ရှိသည်။ ၁၉၆၈ ခုနှစ်တွင် ဒါရိုက်တာရှုမဝဦးကျော်ထံ၌ သုံးနှစ်တိတိ ပညာသင်ကြားသည်။ "စေလိုရာစေ" ဇာတ်ကားကို ဆရာဖြစ်သူ ရှုမဝဦးကျော်နှင့်အတူ တွဲဖက်ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည်။

မောင်တင်ဦး ပထမဆုံးပွဲဦးထွက်ဒါရိုက်တာအဖြစ် ရိုက်ကူးသော ရုပ်ရှင်ဇာတ်ကားမှာ "နေထွက်သောညာ" ဖြစ်သည်။ ရုပ်ရှင်ဇာတ်ကားပေါင်း ၃၀ ကျော် ရိုက်ကူးခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် "နေထွက်သောည"၊ ၁၉၇၈ ခုနှစ်တွင် "တစ်ခါကတစ်ဘဝ"၊ ၁၉၈၅ ခုနှစ်တွင် "သကြ်န်မိုး"၊ ၁၉၉၅ ခုနှစ်တွင် "တိုက်ပွဲခေါ်သံ"၊ ၂၀၀၁ ခုနှစ်တွင် "နှလုံးလှလူမိုက်" ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ဒါရိုက်တာအကယ်ဒမီဆု ရရှိခဲ့သည်။ ၎င်းဖန်တီးရိုက်ကူးခဲ့သည့် ဇာတ်ကားများအနက် "နေထွက်သောည"၊ "တစ်ခါကတစ်ဘဝ"၊ "နွေရူပ"၊ "မမုန်းလေနဲ့ငပလီ"၊ "ဒဏ္ဍာရီ"၊ "မမစိမ်း"၊ "ပန်းမြိုင်လယ်ကဥယျာဉ်မှူး"၊ "မင်းသားတော့ မင်းသား"၊ "နေကမွေးတဲ့လ"၊ "အချစ်ကိုမွေးဖွားခြင်း"၊ "ပိတောက်ပင်လယ်"၊ "တစ်ဦးတည်းသောသား" စသည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများသည် ထင်ရှားကျော်ကြားသည်။ "သကြ်န်မိုး"ရုပ်ရှင်ဇာတ်ကားသည် ဂန္ထဝင်အနုပညာ မြောက်လက်ရာတစ်ခုအဖြစ် မြန်မာ့ရုပ်ရှင်လောကနှင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် အသိအမှတ်ပြုခံရသည့် ဇာတ်ကားဖြစ်သည်။ မောင်တင်ဦး ရိုက်ကူးပေးခဲ့ပြီး ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့သူ ၂၀ ကျော်ရှိခဲ့သည်။ မောင်တင်ဦး မကွယ်လွန်မီက ဆရာမင်းကျော် ရေးသားခဲ့သည့် ပုဂံသားဝတ္ထုရှည်ကြီးကို ဇာတ်လမ်းတွဲများအနေဖြင့် ရုပ်ရှင်ရိုက်ကူးရန် ရည်ရွယ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးနှင့် ကျန်းမာရေးကြောင့် ရိုက်ကူးနိုင်ခဲ့ခြင်းမရှိပေ။ နောက်ပိုင်းတွင် ရုပ်ရှင်ဇာတ်ကားများရိုက်ကူးခြင်းမှ အနားယူကာ အနုပညာနှလုံးအိမ်ရုပ်ရှင်သင်တန်းဖွင့်၍ ရုပ်ရှင်သရုပ်ဆောင်သင်တန်းသားများကို ရုပ်ရှင်အနုပညာနှင့် အတတ်ပညာများ ပို့ချပေးခဲ့သည်။ ဖခင်တိုင်းချစ်သခင်



**အကယ်ဒမီမောင်တင်ဦး**

သိန်းဖေရေးသားခဲ့သည့် ကိုယ်တွေ့မှတ်တမ်းစာအုပ်ကို ၂၀၁၄ ခုနှစ်တွင် စိတ်ကူးချိုချိုစာအုပ်တိုက်မှ ဒုတိယအကြိမ်ပြန်လည်ထုတ်ဝေစဉ် 'သားသိန်းဖေ ရေးတဲ့ သခင်သိန်းဖေအကြောင်း' ဆောင်းပါးရှည်ကြီးကို ထုတ်ဝေသူ၏ဆန္ဒအရ ရေးသားပေးခဲ့သည်။

မောင်တင်ဦးသည် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန် ၁၁ လမ်း၊ လမ်းသွယ်-၂၊ အိမ်အမှတ်-၆၆ တွင်နေထိုင်ရင်း ဩဂုတ်လ ၂၄ ရက်နံနက်ပိုင်း၌ အသည်းခြောက်ရောဂါဖြင့် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်တင်တင်အေးနှင့် သမီးသုံးယောက်ကျန်ရစ်သည်။

**မောင်မောင်တာ(၁၉၂၆-၂၀၁၅)။** ။ ရုပ်ရှင်သရုပ်ဆောင်နှင့်ရုပ်ရှင်ဒါရိုက်တာမောင်မောင်တာကို မြန်မာနိုင်ငံဆိုင်ရာ ပါရှား(အီရန်နိုင်ငံ) ကောင်စစ်ဝန်၊ ဂုဏ်ထူးဆောင်သမာဓိမြို့ဝန် ဦးမောင်မောင်ကြီးနှင့် ဒေါ်သန်းတင်တို့က ၁၉၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် မန္တလေးမြို့၌ မွေးဖွားသည်။ မွေးချင်းလေးယောက်အနက် ဒုတိယဖြစ်သည်။

ငယ်စဉ်က မန္တလေးမြို့စိန့်ဂျိုးဇက်ကျောင်း၌ ၁၉၃၉ ခုနှစ်မှ ၁၉၃၂ ခုနှစ်အထိ ပညာသင်ခဲ့ပြီး တတိယတန်းမှစတင်ကာ စိန့်ပီတာအင်္ဂလိပ်အထက်တန်းကျောင်းတွင် ပညာဆက်လက်သင်ကြားသည်။ ၁၉၄၁ ခုနှစ်တွင် ဒုတိယကမ္ဘာစစ် မြန်မာနိုင်ငံသို့ ကူးစက်လာသောကြောင့် ၁၀တန်းထိသာ ပညာသင်ခဲ့ရပြီး နောက်ပိုင်းတွင် လန်ဒန်မြို့တော် မက်ထရိုပိုလီတန်တက္ကသိုလ်မှ Award Master Degree နှင့် ပါရဂူဘွဲ့ ရရှိသည်။

၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) သို့ တပ်သားအဖြစ်ဝင်ရောက် စစ်မှုထမ်းခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်၁၉၄၈ ခုနှစ်၊ ဩဂုတ်လတွင် သာမန်တပ်မတော်သားတစ်ဦးအဖြစ် မြန်မာ့တပ်မတော် (ကြည်း)တွင်ဝင်ရောက်အမှုထမ်းသည်။ ၁၉၄၉ ခုနှစ်တွင် KNDO နှင့် ဖြစ်ပွားသော အင်းစိန်တိုက်ပွဲ၌တိုက်ပွဲဝင်နေစဉ် တပ်မတော်ပြန်တမ်းဝင် အရာရှိဒုတိယဗိုလ် ဖြစ်ခဲ့သည်။ အဆိုပါတိုက်ပွဲတွင် ဗိုလ်မှူးချုပ်ကျော်ဇော၏ ကိုယ်ရေးအရာရှိအဖြစ်လည်းကောင်း၊ ဗိုလ်မှူးဗကို၊ ဗိုလ်ကြီးစိုးမင်း၊ ဗိုလ်ကြီးရှုပ်တို့၏ကွပ်ကဲမှုအောက်တွင်တပ်မတော်ထောက်လှမ်းရေးတာဝန်ကိုလည်းကောင်း ထမ်းဆောင်ခဲ့သည်။ တိုက်ပွဲပြီးဆုံးသည့်နောက် ရန်ကုန်ပြင်ပကာကွယ်ရေးတိုက်ပွဲများတွင် ဗိုလ်မှူးကြီး ကြည်မောင် (ရန်ကုန်ပြင်ပကာကွယ်ရေးမှူး) လက်အောက်၌ အမှုထမ်းခဲ့သည်။ မြစ်ဝကျွန်းပေါ်တိုက်ပွဲများအပြီးတွင် ဗိုလ်မှူးချုပ်ကျော်ဇော၏တာဝန်ပေးချက်အရ ဗမာ့တပ်မတော်(ကြည်း)၏ ပထမဦးဆုံးအုပ်ချုပ်ရေးမှူးအဖြစ် အိုင်ကလောင်ကျွန်းနှင့် ဘောလယ်ကျွန်းဒေသတို့တွင် တာဝန်ထမ်းဆောင်သည်။ ၁၉၅၀ ပြည့်နှစ် အသက် ၂၄ နှစ် အရွယ်တွင် ဗိုလ်ကြီးအဆင့်တိုးမြှင့်ခံရသည်။ ကွန်မြူနစ်ဆန့်ကျင်ရေးဇာတ်ကားဖြစ်သည့် 'လူထုအောင်သံ' ရုပ်ရှင်ကားတွင် ဝင်ရောက်သရုပ်ဆောင်ခွင့်ရပြီး ၁၉၅၂ ခုနှစ်တွင် တပ်မတော်မှ နုတ်ထွက်ကာ ရုပ်ရှင်လောကသို့ ခြေစုံပစ်ဝင်ရောက်သည်။ မြန်မာ့ရုပ်ရှင်လောကတွင် ၁၉၅၄ ခုနှစ်မှစတင်ကာ ၁၉၈၀ ပြည့်နှစ်အထိ ဇာတ်ကားပေါင်း ၄၀ ကျော် ရိုက်ကူးခဲ့ရာ 'ဒေါက်တာအောင်ကျော်ဦး' ဇာတ်ကားမှာ ၁၉၅၇ ခုနှစ် အတွက် အကောင်းဆုံးဇာတ်ကားဆု၊ ဒါရိုက်တာဆုနှင့် ကုမ္ပဏီဆုတို့ရရှိခဲ့ပြီး သရုပ်ဆောင်မောင်မောင်တာ၏ ပီပြင်သော သရုပ်ဆောင်မှုကြောင့်ဟု အသိအမှတ်ပြုခြင်း ခံရသည်။

"ဒေါက်တာအောင်ကျော်ဦး" ဇာတ်ကားရိုက်ကူးနေဆဲမှာပင် ပန်တျာရုပ်ရှင်မှဒါရိုက်တာတက္ကသိုလ်နေဝင်း (ဗိုလ်ထွန်းလှ) ရိုက်ကူးသော "ချစ်အာရုံ" အသံထွက်ဇာတ်ကားနှင့် ကန်တော်မိတ်ရုပ်ရှင်မှ ဒါရိုက်တာရွှေဒိုးဘီအောင်ရိုက်ကူးသော 'ဆု' ဇာတ်ကားတို့ကို တစ်ပြိုင်နက်ရိုက်ကူးခဲ့သည်။ မောင်မောင်တာပါဝင်သရုပ်ဆောင်ခဲ့သည့်ဇာတ်ကားများအနက် မင်းသမီးမြင့်မြင့်ခင်၊ ဦးကျောက်လုံးတို့နှင့်တွဲဖက်သရုပ်ဆောင်ခဲ့သည့် 'ဤလူ့ဘောင်တွင်' ဇာတ်ကားမှာ မြန်မာရုပ်ရှင်ဇာတ်ကားများအနက် အိန္ဒိယနှင့် အရှေ့တောင်အာရှနိုင်ငံများ၌ ပထမဆုံးရုံတင်ပြသနိုင်သည့် မြင်ကွင်းကျယ်ဇာတ်ကားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

သရုပ်ဆောင်မောင်မောင်တာသည်၁၉၆၁ခုနှစ်တွင် နေပြည်တော်ရုပ်ရှင်ကုမ္ပဏီ(မန္တလေး)ကို တည်ထောင်ကာ ဒါရိုက်တာတင်ထွန်းတာ အမည်ဖြင့် 'မျှော်တလင့်လင့်၊ သစ္စာမဏ္ဍိုင်၊ မဲ့ကာပြုံးကာ၊ သူ့အကြောင်းနဲ့သူ' ဇာတ်ကားတို့ကိုရိုက်ကူးထုတ်လုပ်ခဲ့သည်။ "မျှော်တလင့်လင့်" ဇာတ်ကားသည် မင်းသမီးတင်တင်ညိုကို ကလေးသရုပ်ဆောင်အဖြစ် ပထမဆုံးစင်တင်ပေးခဲ့သော ဇာတ်ကားလည်းဖြစ်ပြီး ၁၉၆၂ ခုနှစ်တွင် ဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်ခဲ့သည်။

မောင်မောင်တာနှင့် တွဲဖက်သရုပ်ဆောင်သော ခေတ်ပြိုင်မင်းသားမင်းသမီးများမှာ ထွန်းဝေ၊ ကောလိပ်ဂျင်နေဝင်း၊ ဗိုလ်ဗကို၊ မောင်သင်၊ တင်ဖေ၊ ကျော်ဖေ၊ ကျော်ဟိန်း၊ ဇော်ဝမ်း၊ ကြည်ကြည်ဌေး၊ မြင့်မြင့်ခင်၊ စံရှားတင်၊ မေသစ်၊ မေရီမြင့်၊ တင်တင်မူ၊ ကသာမယ် မခင်မှီ၊ ပဲခူးမယ်မြင့်၊ အေဝမ်းမေလွင်၊ ခင်ယုမေ၊ ခင်သန်းနု၊ မေရီမြ၊ မသက်ပန်၊ ဝါဝါဝင်းရွှေ တို့ဖြစ်သည်။ "လူထုအောင်သံ၊ မျှော်တလင့်လင့်၊ ဒေါက်တာအောင်ကျော်ဦး၊ ဤလူ့ဘောင်တွင်၊ သစ္စာမဏ္ဍိုင်နှင့် ဆု" ဇာတ်ကားတို့သည် မင်းသားကြီးမောင်မောင်တာ၏ ထင်ရှားကျော်ကြားသော ဇာတ်ကားများဖြစ်သည်။

၁၉၅၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တော်၌ ကျင်းပသည့်(၅)ကြိမ်မြောက် အာရှရုပ်ရှင်ပွဲတော်သို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပြီး ဖိလစ်ပိုင်ရုပ်ရှင်မင်းသမီးချော လီတာဂူချာရပ်စ်နှင့် တွဲဖက်ကာ "တန်ဂို (Tango)" အကဖြင့် ဖိလစ်ပိုင်နိုင်ငံရုပ်မြင်သံကြားမှတစ်ဆင့် ကမ္ဘာသို့တင်ပြနိုင်ခဲ့သည်။ မောင်မောင်တာသည် ငယ်စဉ်ကတည်းက အနောက်တိုင်းအက (Ballroom Dancing) ကို ဝါသနာပါခဲ့ပြီး အင်္ဂလန်နိုင်ငံလန်ဒန်မြို့ရှိ ကမ္ဘာ့အနောက်တိုင်းအကချန်ပီယံ Silvestor ထံမှ သင်ယူခဲ့သည်။ မြန်မာနိုင်ငံတွင် Vienese Waltz ဗီယာနိဇ်ဝါလ်(စ်) ချန်ပီယံဘွဲ့ကို ကိုးကြိမ်တိုင်ရရှိခဲ့ပြီး တတ်မြောက်ထားသည့် အကပညာဖြင့် လူမှုရေးအဖွဲ့အစည်းများ၌ ကူညီခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ကယ်လီဖိုးနီးယားပြည်နယ် အင်နာဟိုင်းတက္ကသိုလ် University of Anahein ၌ အနောက်တိုင်းအကပညာကို ထပ်မံဆည်းပူးခဲ့သည်။

၁၉၅၇ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်ဖွင့်လှစ်သော စာပေဗိမာန်သတင်းစာသင်တန်းသို့ တက်ရောက်ဆည်းပူးခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုချီးမြှင့်သော အောင်လက်မှတ်ကို ရရှိခဲ့သည်။ ၁၉၉၀ ခုနှစ်တွင် အီရန်နိုင်ငံ၊ သတင်းဖြန့်ချိရေးဌာန မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် (IRNA Resident Representative) အဖြစ်အီရန်နိုင်ငံခြားရေးဌာနက ခန့်ခဲ့သည်။ မောင်မောင်တာသည် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် ရုပ်ရှင်လောကမှအနားယူခဲ့ပြီး ၅-၉-၁၉၈၈ တွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီသို့ ဝင်ရောက်ကာ ပါတီနိုင်ငံရေးကိုဆောင်ရွက်ခဲ့ရာ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ခန့်အပ်ခံရပြီး ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာနတာဝန်ခံ ဖြစ်လာသည်။ ဝန်ကြီးချုပ်ဟောင်း ဦးနုစင်ပြိုင်အစိုးရတွင် ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးအောင်(ရဲဘော်သုံးကျိပ်) ၏ စစ်သေနာပတိချုပ်အဖြစ် ဗိုလ်မှူးကြီးရာထူးခန့်အပ်ခံရပြီး မကြာမီ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီနာယကကြီး ဦးနု၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၀ပြည့်နှစ်ရွေးကောက်ပွဲတွင် မန္တလေးအရှေ့တောင်မြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မောင်မောင်တာသည် ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်တွင် ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာရှီအာဟ်အဖွဲ့ပြည်လုံးကျွတ်ညီလာခံမှစတင်ကာ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပြီး



မောင်မောင်တာ

၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၅ ရက်တွင် ရန်ကုန်မြို့ မဂိုခန်းမ၌ ကျင်းပသည့်ရှီအာဟ်မွတ်စလင် ပြည်လုံးကျွတ် ညီလာခံအထိ ဥက္ကဋ္ဌအဖြစ် အကြိမ်ကြိမ် ရွေးချယ်ခံရသည်။ အစ္စလာမ်သာသနာရေးရာကောင်စီ ဌာနချုပ်၏ ၁၉၇၇ ခုနှစ် (၉) ကြိမ်မြောက် မြစ်ကြီးနား ညီလာခံမှစတင်ကာ ၁၉၉၅ ခုနှစ်အထိ ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူးအဖြစ် အဆင့်ဆင့်ထမ်းဆောင်ခဲ့ပြီး အစ္စလာမ်တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းတွင် ဘဏ္ဍာရှာဖွေရေးညွှန်ကြားရေးမှူးအဖြစ် ပါဝင်ခဲ့သည်။

ရန်ကုန်မြို့တော် မြို့တော်ဝန်ဝတ်လုံတော်ရ မစ္စတာအမ်၊ အမ်ရဖီက ၁၉၃၇ ခုနှစ်တွင် ဖွင့်လှစ်ပေးခဲ့သော ရန်ကုန်မြို့ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း) ရှိ မွတ်စလင်အခမဲ့ဆေးရုံကြီးတွင် ၁၉၇၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဆေးရုံအုပ်နှင့် စီမံခန့်ခွဲသူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မောင်မောင်တာကို အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့ ဌာနချုပ်က၁၄-၇-၂၀၀၃ရက်တွင်ကမ္ဘာ့ငြိမ်းချမ်းရေး သံအမတ် (Ambassador for peace) အဖြစ်ခန့်အပ်ခဲ့သည်။


တပ်မတော်သား၊ ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ၊ ငြိမ်းချမ်းရေးသံတမန်နှင့် လူမှုရေး၊ ဘာသာရေးအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သူ မောင်မောင်တာသည် အသက် ၈၉ နှစ် အရွယ် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်တွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သည်။

**မောင်ရွှေစွန် (၁၉၄၂-၂၀၁၅)။** ။ စာရေးဆရာ မောင်ရွှေစွန်အမည်ခံ ဦးခင်မောင်သိန်းကို ၁၉၄၂ ခုနှစ်၊ ဧပြီလ ၅ ရက်တွင် အဘဦးအောင်သိန်း (ရုပ်ရှင်မျက်မှန်)၊ အမိဒေါ်နွဲ့ကြည်တို့က ရန်ကုန်မြို့၌ မွေးဖွားသည်။ မွေးချင်းခုနစ်ဦးရှိသည့်အနက် အကြီးဆုံးဖြစ်သည်။

ကျောင်းပညာကို တက္ကသိုလ်ဝင်တန်းအထိ သင်ကြားခဲ့သည်။ ဖခင်တည်ထောင်သောပုံနှိပ်လုပ်ငန်း၊ ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းနှင့် ထိတွေ့ဆက်စပ်နေသည့် စာရေးဆရာကြီး/ငယ်များနှင့် အကျွမ်းတဝင်ရှိခဲ့ရာမှ စာပေရေးသားလိုသော ဝါသနာကိုအခြေခံ၍ ၁၉၅၇ ခုနှစ်မှစတင်ကာ ကဗျာများ၊ ဝတ္ထုတိုများ၊ ဆောင်းပါးများကို ရေးသားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်ရောက်သောအခါမှ 'မောင်ရွှေစွန်' ကလောင်အမည် ခံယူကာ ဝတ္ထုများစွာရေးသားခဲ့သည်။ ရှေ့သို့၊ လမ်းစဉ်ဂျာနယ် စသောစာနယ်ဇင်းများ၌ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများ ရေးသားခဲ့သည်။ တိုင်းရင်းမေဂျာနယ်၌ ပင်တိုင်အခန်းကဏ္ဍတစ်ခုဖြစ်သော 'သည်ကလေးတွေနှင့်' ကဏ္ဍမှာ ကလေးလူငယ်တို့၏ ပြဿနာရပ်များကို စိတ်ဝင်စားဖွယ်ကောင်းအောင် အပတ်စဉ်ရေးသားခဲ့သဖြင့် ထင်ရှားသည်။

မောင်ရွှေစွန်သည် လမ်းပေါ်ရောက်လူငယ်လူရွယ်တို့၏ဘဝကို ထဲထဲဝင်ဝင်လေ့လာကာ 'ပေပေတေတေ' ဝတ္ထုကို ရေးသားခဲ့ရာ ၁၉၇၀ ပြည့်နှစ်အတွက် စာပေဗိမာန်လူငယ်ဝတ္ထုရှည်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ မောင်ရွှေစွန် ဟူသော ကလောင်အပြင် 'စွာကျယ်၊ စောကသွီမှူး၊ ရှင်ကဝိ၊ ကျော်စောသူ၊ အငယ်(အညာမြေ)၊ ခင်မိုးမြေ (ကျိုက္ခမီ)၊ ပုလဲဖြူ၊ ပေါက်ကျော်၊ နီလေးမောင်၊ မောင်ပန်းမွှေး၊ သဘင်နွယ်' ဟူသည့် ကလောင်ခွဲများဖြင့် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများ ရေးသားခဲ့သည်။

မောင်ရွှေစွန်သည် ဖခင်၏ရုပ်ရှင်မျက်မှန်မဂ္ဂဇင်း၌ စီစဉ်မှုအယ်ဒီတာ၊ တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ရင်း ယနေ့စာပေလောက၌ ထင်ရှားသော ကလောင်ရှင်များစွာကို မွေးထုတ်ပေးခဲ့သည်။ ငယ်စဉ်ကလေးဘဝကလည်း ဖခင်ကြီး၏တိုက်တွန်းမှုဖြင့် မင်းသားကြီး ရွှေဘဇာတ်ကားများ၌ ကလေး



မောင်ရွှေစွန်

သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သည်။ မဂ္ဂဇင်းလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော ရုပ်ရှင်အနုပညာရပ်ကို စိတ်ဝင်စားသည့်အတွက် ဒါရိုက်တာဦးသုခ၊ ဒါရိုက်တာ ဦးခင်ဇော် (ကေသီပန်) တို့နှင့် ဆက်သွယ်ကာ ရုပ်ရှင်ဗီဒီယိုဇာတ်လမ်း၊ ဇာတ်ညွှန်းများ ရေးသားခဲ့သည်။ဒါရိုက်တာအဖြစ်လည်း ဇာတ်ကားအချို့ ရိုက်ကူးခဲ့သည်။ မင်းသားသျှားညိုကို ခေါင်းဆောင်အဖြစ် တင်လျက်ဆရာမင်းသိင်္ခ၏ ဝတ္ထုနှစ်ပုဒ်ကို 'ပတ်သံကွင်း၊ ရှိန်းဆာယာ' အမည်တို့ဖြင့် ရိုက်ကူးခဲ့သည်။

မြန်မာနိုင်ငံစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရိုက်ကူးတင်ဆက်ခဲ့သော ဒါရိုက်တာဦးသုခ၏ 'ဘယ်သူပြိုင်လို့လှပါတော့နိုင်' ရုပ်ရှင်ဇာတ်ကားကြီး၌ မင်းသားဇော်ဝမ်း၏သူငယ်ချင်း တက္ကသိုလ်ကျောင်းသားလုပ်အားပေးဆရာ ကိုကျော်စွာအဖြစ် သရုပ်ဆောင်ခဲ့သည်။ 'အုတ်ကြားမြက်ပေါက်' ရုပ်ရှင်ဇာတ်ကားကြီးသည် မောင်ရွှေစွန်၏ ဝတ္ထုဇာတ်ညွှန်းဖြစ်၏။ မြဝတီရုပ်သံအတွက်လည်း ဒါရိုက်တာမောင်ဝဏ္ဏနှင့် တွဲဖက်၍အကျိုးပြုဇာတ်လမ်းများ၊ မိမိကိုယ်တိုင် ဒါရိုက်တာလုပ်၍ မြဝတီရုပ်သံဇာတ်လမ်းများ ရိုက်ကူးခဲ့သည်။ မြန်မာ့ရုပ်မြင်သံကြား၌ ထုတ်လွှင့်ခဲ့ဖူးသည့် 'မြန်မာစာ၊ မြန်မာစကား' ကဏ္ဍသည် ဒါရိုက်တာကေသီပန်ဦးခင်ဇော်နှင့် မောင်ရွှေစွန်တို့၏ အားထုတ်မှုဖြစ်သည်။

မောင်ရွှေစွန်သည် ကက်ဆက်ဇာတ်လမ်းများ ခေတ်ကောင်းစဉ်ကလည်း မင်းသားကြီးကောလိပ်ဂျင် နေဝင်း၊ အံ့ကျော်၊ တွံတေးသိန်းတန် စသူတို့နှင့် ကက်ဆက်ဇာတ်လမ်းများစွာတွင် ပါဝင်အသံသွင်းယူခဲ့သည်။ တွံတေးသိန်းတန်ဦးဆောင်၍ အသံသရုပ်ဆောင်ထားသော 'နှလုံးသွေးနှင့် ရေးသော တေးတစ်ပုဒ်' မှာ လူကြိုက်များပြီး ဇာတ်သဘင်အချို့၌ စင်တင်ကပြခဲ့ရသည်။ မောင်ရွှေစွန်သည် 'မြန်မာဆန်ဆန်' အမည်ရှိ ကဗျာစာအုပ်လုံးချင်းနှင့် ဝတ္ထုပေါင်း ၂၉ အုပ်ရေးသားခဲ့ပြီး 'တိုင်ပေါ်အလံစိုက်ချင်'၊ 'စိတ္တဇမြို'၊ 'ပေပေ တေတေ'၊ 'ခေါင်းလားပန်းလား'၊ 'ခေါင်းတစ်ဖက် ပန်းတစ်ဖက်'၊ 'ငိုရင်ပုလဲ ရယ်ရင်ရွှဲ'၊ 'အမေကမွေး ထောင်ကကျွေး'၊ 'ဂေါ်လီမလေး တစ်ပွေထဲ'၊ 'ပန်မပေးရ ဆံမြည္ဘာကော'၊ 'အိမ်ပြေး' တို့မှာ ထင်ရှားသော လက်ရာများ ဖြစ်ကြသည်။ အထူးသဖြင့် 'အိမ်ပြေး' ဝတ္ထုသည်မောင်ရွှေစွန်၏ အကောင်းဆုံးဘဝသရုပ်ဖော်လက်ရာဟု စာပေအကဲဖြတ်သူတို့ကဆိုကြသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ဇာတ်လမ်းဇာတ်ညွှန်းအလွှာ၏ အမှုဆောင်၊ ရုပ်ရှင်သက်ကြီးကန်တော့ခံပုဂ္ဂိုလ်တစ်ဦးဖြစ်သူ မောင်ရွှေစွန်သည် အသက် ၇၃ နှစ်အရွယ် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်ကြူကြူဆွေ (စာရေးဆရာမ ခင်မိုးမြေ-ကျောက်မဲ) နှင့် သားတစ်ယောက်၊ သမီးနှစ်ယောက်၊ မြေးလေးယောက်တို့ ကျန်ရစ်သည်။

**နန္ဒာမိုးကြယ်**

**လေးမြင့် (၁၉၂၇-၂၀၁၅)** ။ ။ စာရေးဆရာ၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင် လေးမြင့်ကို ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ် စပါးရှိကျေးရွာနေ အဘ ဦးအေးဘနှင့် အမိ ဒေါ်စိန်နက်တို့က ၁၉၂၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်တွင် မွေးဖွားသည်။ ဝါးခယ်မမြို့ ဆရာဦးဘိုးကြီးကျောင်းတွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ဗဟန်းကြားတောရလမ်းဗုဒ္ဓရာဇာ ဦးနာဂိန္ဒထံတွင် နဝမတန်းပညာဆက်လက်ဆည်းပူးသင်ယူရင်း ဟံသာဝတီသတင်းစာ၊ တိုးတက်ရေးသတင်းစာ၊ ရှေ့ဆောင်သတင်းစာ၊ တိုင်းရင်းမေဂျာနယ်၊ စာသဘင် မဂ္ဂဇင်းတို့တွင် ဝတ္ထုတိုစာညွန့်များရေးသားခဲ့သည်။

ထိုစဉ်ကာလက လေးမြင့်သည် နိုင်ငံခြားကုမ္ပဏီ တစ်ခုတွင် အလုပ်ရရှိသော်လည်း စာရေးချိန်မရသဖြင့် အလုပ်မှ ထွက်ခဲ့ပြီး ရန်ကုန်စာတိုက်ကြီးတွင် ချောစာထုတ်လုလင်၊ စာပို့အလုပ်သမားအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၃ ခုနှစ်တွင် စာပေလောကသို့ ခြေစုံပစ် ဝင်ရောက်ကာ မဂ္ဂဇင်း၊ ဝတ္ထုရှည်နှင့် ဝတ္ထုတိုအမျိုးမျိုး ကို ရေးသားခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် တပ်မတော် စိတ်ဓာတ်စစ်ဆင်ရေးဌာနက ထုတ်ဝေသည့် ရောင်ခြည် ဂျာနယ်၊ မြဝတီ၊ စံတော်ဝင်၊ ဘားမားစတား၊ ရုပ်ရှင်၊ နဝဒေး၊ စုံထောက်မဂ္ဂဇင်းစာစောင်တို့၌ တာဝန်ခံ အယ်ဒီတာအဖြစ် ထမ်းဆောင်ခဲ့သည်။ အရိုင်းစံပယ် စာအုပ်တိုက်တွင် စာမူရွေးချယ်ရေးအဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် တေဇဂျာနယ်၌ ဝင်ရောက်ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၁၉၆၅ ခုနှစ်တွင် အခြေခံပညာ ဦးစီးဌာန လက်တွေ့ဖွံ့ဖြိုးမှုနှင့် ကျောင်းသားရေးရာ ဌာန၌ လက်ထောက်စာတည်းအဖြစ် ထမ်းဆောင် ခဲ့သည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိကာလတွင် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း၌ စခန်းကြီးကြပ် ရေးမှူးတာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၃ ခုနှစ်မှစ၍ "မေ့ချစ်ဦးမောင်နှင့်အခြား ဝတ္ထုရှည်များ" ရေးသားခဲ့သည်။ လုံးချင်းဝတ္ထုစာအုပ်ပေါင်း ၄၀ ကျော် ရေးသားခဲ့သည်။ "အပယ်ခံဖေကျော်" စာအုပ်ကို ရုပ်ရှင်ရိုက်ကူးခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် "ပုလဲတစ်ကန့်ရွှဲတစ်ကန့်" ဝတ္ထုတိုပေါင်းချုပ်စာအုပ်ဖြင့် အမျိုးသားစာပေဆု ပထမဆု ရရှိသည်။ ထိုစာအုပ်တွင် ဝတ္ထုတို ၁၈ ပုဒ်ပါဝင်ကာ ဆရာကြီး မောင်ထင်၊ အောင်လင်း၊ မင်းယုဝေ၊ တက္ကသိုလ်နန္ဒမိတ်၊ ထွဏ်းနေနွယ်၊ ဌေးမောင်နှင့် လေးမြိုင်တို့က အမှာစာများ ရေးပေး ထားသည်။



လေးမြင့်

၁၉၇၁ ခုနှစ်တွင် 'ဘဝတစ်ခု လူမှုတစ်ရာ' စာအုပ်ဖြင့် စာပေဗိမာန်ဝတ္ထုရှည်ဆု ပထမဆုရရှိသည်။ ၁၉၈၄ ခုနှစ်တွင် 'သူတို့ဘဝ သူတို့အလှ'အမည်ရှိသော စာအုပ်ကို ရေးသားပြုစု၍ စာပေဗိမာန်က ပြည်သူ့ လက်စွဲစာစဉ်အဖြစ် ထုတ်ဝေခဲ့သည်။ အင်းလေး လူရည်ချွန်စခန်းတွင် ဆယ်နှစ်တိုင်တိုင် တာဝန် ထမ်းဆောင်ရင်း လူရည်ချွန်မောင်မယ်လူငယ်များနှင့် ရင်းနှီးချစ်ခင်ခဲ့ပုံနှင့် လူရည်ချွန်များ၊ လူငယ်များ၏ လှုပ်ရှားမှုများကို ရေးဖွဲ့မှတ်တမ်းတင်ထားသော စာအုပ် ဖြစ်သည်။ ထို့အတူ 'ခရီးဆယ့်နှစ်နှစ် လူရည်ချွန်' စာအုပ်ကိုလည်း ရေးသားထုတ်ဝေခဲ့သည်။ ထို စာအုပ်တွင် လေးမြင့်က ၎င်း၏ ဘဝရုပ်ပုံလွှာအချို့ကို ထည့်သွင်းရေးဖွဲ့ထားရာ အင်းလေးခေါင်တိုင်စခန်း၌ တာဝန်ယူဆောင်ရွက်နေစဉ် ဇနီး ဒေါ်ခင်ညို ကွယ်လွန် ခဲ့သည်ကိုလည်း ထည့်သွင်းဖော်ပြခဲ့သည်။ အသက် ၈၀ ပြည့်သည့်နှစ်မှစ၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ၌ ကန်တော့ခံစာရေးဆရာကြီးအဖြစ် ကန်တော့ခံ ခဲ့သည်။


လေးမြင့်သည် အငြိမ်းစားယူပြီးနောက် ဇာတိ မြောင်းမြမြို့သို့ သွားရောက်နေထိုင်ရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌတာဝန်များကို ယူခဲ့သည်။ အငြိမ်းစား

ယူပြီးနောက် ရေးခဲ့သည့်ဝတ္ထုများအနက် "ဟယ်. . . . အရက်" က ထင်ရှားသည်။ မကွယ်လွန်မီနှစ်ပိုင်း အလိုက လေဖြတ်ခြင်းနှင့် ဦးနှောက်သွေးကြောဝေဒနာကို ခံစားခဲ့ရသည်။ အသက် ၈၈ နှစ်အရွယ် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သည်။

**ကျော်စွာ**

**သခင်တင်မြ (၁၉၂၄-၂၀၁၅)။** ။ သခင်တင်မြကို ၁၉၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင် အဘ ဦးဘိုးငြိမ်း (ကုန်သည်) နှင့် အမိ ဒေါ်အုံးတင့်တို့က မွေးဖွားသည်။ ငယ်မည်မှာ မောင်စံထွန်းဖြစ်ပြီး နောင်တွင် မောင်တင်မြဟု အမည်တွင်သည်။ မွေးချင်းနှစ်ယောက်အနက် အကြီးဖြစ်သည်။

အသက် ၆ နှစ်တွင် ဆရာ ဦးချစ်ဖူး၏ မူလတန်းကျောင်း၌ လေးတန်းအထိ ပညာသင်သည်။ အသက် ၁၀ နှစ်တွင် ဓနုဖြူ ခင်မခံတပ် ဘကြီးဆရာတော် ဦးသုတထံတွင် ရှင်သာမဏေပြု၍ သုံးဝါရခဲ့သည်။ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်းနှင့် သင်္ဂြိုဟ် သဒ္ဒါကျမ်းများသင်ကြားခဲ့သည်။ လောကုတ္တရာကျမ်း သင်ကြားရင်း ဇာတ်ဝတ္ထုများ ဖတ်ရှုခြင်းအပေါ် စိတ်ဝင်စားခဲ့သည်။ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံတွင် သာမဏေမှလူထွက်၍ နိုင်ငံရေးလှုပ်ရှားမှုများ၌ ပါဝင်သည်။ ၁၉၃၉ ခုနှစ်တွင် ဓနုဖြူမြို့နယ် တို့ဗမာ အစည်းအရုံး၌ အချိန်ပြည့်ပါဝင်ခဲ့ပြီး အလုပ်သမား၊ လယ်သမား စည်းရုံးရေးတာဝန်ယူသည်။ ၁၉၄၀ ပြည့်နှစ်၊ ဩဂုတ်လတွင် တို့ဗမာအစည်းအရုံးလုပ်ငန်းများ လုပ်ဆောင်မှုကြောင့် သာယာဝတီထောင်၌ အကျဉ်းကျ ခံရသည်။ ယင်းနောက် သာယာဝတီထောင်မှ အင်းစိန် ထောင်သို့ ပြောင်းရွှေ့ခံရသည်။ ၁၉၄၁ ခုနှစ်၊ ဧပြီလတွင် ထောင်မှလွတ်ပြီး ရန်ကုန်မြို့၌ နေထိုင်သည်။ အင်းစိန် ထောင်တွင်နေစဉ် သခင်စိုး၊ သခင်နု၊ သခင်သန်းထွန်း၊ သခင်လေးမောင်၊ သခင်ကျော်စိန်နှင့် မစ္စတာဂိုရှယ် တို့ထံတွင် နိုင်ငံရေးပညာနှင့် အင်္ဂလိပ်စာသင်ကြားသည်။



**သခင်တင်မြ**

ကိုဗဟိန်း၊ သခင်ချစ်၊ သခင်မြ၊ ကိုဗဆွေ၊ ကိုကျော်ငြိမ်းတို့၏လက်အောက်တွင် ဖြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေး မြေအောက်လှုပ်ရှားမှုများ၌ ပါဝင်သည်။ ၁၉၄၁ ခုနှစ်၊ မေလတွင် လျှို့ဝှက်ထုတ်ဝေခဲ့သော "ဗမာ့ တော်လှန်မှု" စာစောင်၌ အလုပ်သမား၊ လယ်သမား ဆိုင်ရာသတင်းဆောင်းပါးများ စတင်ရေးသားသည်။ ဂျပန်ခေတ်တွင် ကွန်မြူနစ်ပါတီဗမာပြည် (ခေတ္တ အိန္ဒိယ) အမည်ဖြင့် 'ငါတို့ဘာတွေလိုနေသေးသလဲ' 'လျှို့ဝှက်လှုပ်ရှားကျင့်သုံးနည်း' စသည့်နိုင်ငံရေးစာတမ်း များ ရေးသားသည်။ ၁၉၄၅ ခုနှစ် အင်္ဂလိပ်စစ်ပြီးအစိုးရ ပြန်ရောက်သောအခါ ကွန်မြူနစ်ပါတီမှတ်တမ်းကို ရေးသည်။ ပြည်သူ့အာဏာဂျာနယ် စတင်ထုတ်ဝေ ရာတွင် ရခိုင်တိုင်း၌ ဗြိတိသျှစစ်တပ်များက လူထုနှင့် တော်လှန်ရေးရဲဘော်များကို ဖမ်းဆီးနှိပ်စက်သတ်ဖြတ် မုဒိမ်းမှုများကို ဖွင့်ချသော နိုင်ငံရေးဆောင်းပါးများ ရေးသားသည်။ ထိုအချိန်မှစ၍ သခင်တင်မြကလောင် အမည်ယူသည်။ ၁၉၄၆ ခုနှစ်တွင် ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲသောအခါ အလံနီကွန်မြူနစ်ပါတီသို့ ပါဝင်သွားပြီး ၎င်းပါတီက ထုတ်ဝေသော အာဏာသစ် ဂျာနယ်တွင် တာဝန်ခံအယ်ဒီတာလုပ်သည်။ အလံနီ ကွန်မြူနစ်ပါတီနှင့်အတူ တောခိုပြီး ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်၌ အဖမ်းခံရ၍ စစ်ထောက်လှမ်းရေးအချုပ်၌ နေစဉ်အတွင်း 'ဘုံဘဝမှာဖြင့်' ကိုယ်ရေးအတ္ထုပ္ပတ္တိကို စတင်ရေးသားသည်။ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလတွင် အချုပ်မှ လွတ်မြောက်သည်။

သခင်တင်မြသည် လုပ်သားပြည်သူ့နေ့စဉ်၊ ကြေးမုံ၊ ဗိုလ်တထောင်သတင်းစာနှင့် ရှေ့သို့စာစောင်၊ မြဝတီ၊ အိုးဝေ၊ မဟေသီမဂ္ဂဇင်းတို့တွင် 'သခင်တင်မြ၊ ကေဒါရဲဘော်တစ်ဦး၊ ရဲဘော်ဖြိုးအောင်' စသည့် ကလောင်ခွဲများဖြင့် နိုင်ငံရေးနှင့် သမိုင်းဆိုင်ရာ ဆောင်းပါးများ ရေးသားခဲ့သည်။ ထုတ်ဝေပြီးသော စာအုပ်များမှာ 'ဘုံဘဝမှာဖြင့်၊ သမိုင်းတစ်ခေတ် ဆန်းသစ်ပြီ၊ ဖက်ဆစ်တော်လှန်ရေးတိုင်းဆယ်တိုင်းနှင့် ဌာနချုပ်၊ ကေဒါပါတီမှ ပြည်သူ့ပါတီသို့၊ ဘုံဘဝမှာဖြင့် ထပ်ကြပ်မကွာ' စသည့်စာအုပ်များဖြစ်သည်။ ဆိုရှယ်လစ်စီးပွားရေးတည်ထောင်စအတွေ့အကြုံများနှင့် သမဝါယမအခြေခံမှုများနှင့် ဖြစ်ပေါ်တိုးတက်မှုစာအုပ်များကိုလည်း ပြုစုရေးသားခဲ့သည်။ ၂၀၁၅ ခုနှစ်အတွက် ထွန်းဖောင်ဒေးရှင်းစာပေဆုကို 'ဘုံဘဝကိုဖြင့် မျှော်တိုင်းဝေး' ပေါင်းချုပ်စာအုပ် (အတ္ထုပ္ပတ္တိစာပေ)ဖြင့် ဆုရရှိသည်။

သခင်တင်မြသည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်သန်းသန်းညွန့်ကျန်ရစ်သည်။

**သာဘန်း၊ ဦး (၁၉၃၆-၂၀၁၅)။** ။ မြန်မာ့နိုင်ငံရေးလောကနှင့် သတင်းနှင့်စာနယ်ဇင်းလောကတွင် ထင်ရှားကျော်ကြားသော ဆရာကြီး ဦးသာဘန်းကို ၁၉၃၆ ခုနှစ်၊ မတ်လတွင် စစ်တွေမြို့၌ အဘ ဦးရွှေထွန်းအောင်၊ အမိ ဒေါ်မနုတို့က မွေးဖွားသည်။ မွေးချင်းငါးယောက်ရှိသည်။

၁၉၅၃ ခုနှစ်တွင် စစ်တွေမြို့၌ အခြေခံပညာအထက်တန်းကို အောင်မြင်ပြီး ရန်ကုန်ဥပစာသိပ္ပံတွင် ဆက်လက်ပညာသင်ကြားသည်။ ထိုမှ BA. BL ဘွဲ့ရရှိသည်။

ကျောင်းသားဘဝကပင် ကြေးမုံသတင်းစာ၌ သတင်းထောက်အဖြစ် လုပ်ကိုင်သည်။ နောင်အခါ ကြေးမုံသတင်းစာ၏ နိုင်ငံခြားရေးဌာန၌ စာတည်းအဖြစ် တာဝန်ထမ်းဆောင်သည်။



**ဦးသာဘန်း**

ကျောင်းသားဘဝကပင် နိုင်ငံရေးလှုပ်ရှားမှုများ၌ ပါဝင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ် (ဗကသ) ၏ စတုတ္ထ အကြိမ်ညီလာခံတွင် ဗဟိုအလုပ်အမှုဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

သတင်းစာဆရာဘဝတွင် တရုတ်နှင့်ဂျာမနီနိုင်ငံတို့သို့ သွားရောက်ကာ အားကစားနှင့် နိုင်ငံရေးသတင်းများကို ရယူသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဆောင်းပါးပေါင်းများစွာကို ရေးသားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် "ဘာသာပြန်ဗေဒ" အမည်ဖြင့် ဘာသာပြန်သမိုင်းနှင့် ဘာသာပြန်လုပ်ငန်းအကြောင်းကို စာအုပ်ရေးသားထုတ်ဝေခဲ့သည်။ ထို့အပြင် ၁၉၇၅ ခုနှစ်က "ဗီယက်နမ်နိုင်ငံရေးမှတ်တမ်း၊ ငရဲပြည်မှ ပြန်လာခဲ့သူ" ဘာသာပြန်စာအုပ်များ၊ ၁၉၇၆ ခုနှစ်တွင် "တရုတ်ပြည်သူတို့၏ နေ့စဉ်ဘဝ"၊ ၁၉၈၅ ခုနှစ်တွင် "လန်ဒန်ကိုကယ်ခဲ့သူ" ဘာသာပြန်စာအုပ်များကို ရေးသားခဲ့သည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကာလတွင် စာပေနှင့်အနုပညာအင်အားစုများကို ဦးဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဒေါက်တာစောမြအောင်နှင့်အတူ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (Arakan League for Democracy) ကို တည်ထောင်ကာ ဒုတိယဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ ၁၉၉၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

၁၉၉၁ ခုနှစ်တွင် ဗိုလ်အောင်ကျော်ကြေညာစာတမ်း အပေါ် ခိုင်မာစွာရပ်တည်ခဲ့မှုကြောင့် ဖမ်းဆီးထောင်ချ ခြင်းခံခဲ့ရသည်ဟု နိုင်ငံရေးမှတ်တမ်းများက ဖော်ပြ သည်။ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြန်လည် လွတ်မြောက်ခဲ့သည်။


၁၉၉၇ ခုနှစ်တွင် ကိုအောင်ထွန်းရေးသားသည့် မြန်မာနိုင်ငံကျောင်းသားလှုပ်ရှားမှုသမိုင်း (၁၉၀၃- ၁၉၆၂) စာအုပ်ကို ကူညီမှုဖြင့် ထပ်မံဖမ်းဆီးခြင်းခံရကာ ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခြင်းခံရသည်ဟု မှတ်တမ်းများက ဖော်ပြသည်။ ထောင်ထဲတွင် ၇ နှစ် နေခဲ့ပြီး ၂၀၀၄ ခုနှစ်၊ ဇူလိုင်လတွင် ဒုတိယအကြိမ် ပြန်လည်လွတ်မြောက်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ရခိုင်အမျိုးသားညီလာခံ ကျင်းပနိုင်ရေးနှင့် ရခိုင်လက်နက်ကိုင်အဖွဲ့အစည်းများ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၌ ပါဝင်လာနိုင်ရန် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ ကျင်းပသော ရခိုင် ခေါင်းဆောင်များထိပ်သီးအစည်းအဝေးသို့ ငါးကြိမ် တိုင်တိုင်တက်ရောက်၍ ဦးဆောင်မှုပေးခဲ့သည်။ ၂၀၁၄ ခုနှစ် တွင် ပြည်တွင်းပြည်ပ ရခိုင်ခေါင်းဆောင်များ စုပေါင်း ဖွဲ့စည်းသည့် ရခိုင်အမျိုးသားညီလာခံကျင်းပရေး ကော်မတီတွင် ပထမခေါင်းဆောင်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရသည်။ သို့ဖြင့် ကျောက်ဖြူမြို့တွင် ကျင်းပသော ရခိုင်အမျိုးသားညီလာခံကို ဦးဆောင် ကျင်းပခဲ့သည်။ ထိုညီလာခံသည် ပြည်တွင်းပြည်ပ ရခိုင်အမျိုးသားများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ပြည်နယ်အစိုးရ ခေါင်းဆောင်များ၊ အစိုးရပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်နာယကများ စုံညီစွာတက်ရောက်ခဲ့သည့် သမိုင်းဝင်ညီလာခံကြီးဖြစ်ခဲ့ပြီး ရခိုင်ပြည်နယ် လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ရရှိအောင် မူဝါဒများချမှတ်နိုင်ခဲ့သည်။

ဦးသာဘန်းသည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက် တွင် စမ်းချောင်းမြို့နယ် ဝေဠုဝန်နေအိမ်၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးနှင့်သမီး တစ်ယောက်ကျန်ရစ်သည်။

**မနှင်းဖွေး**

**သိပ္ပံမျှုးတင် (၁၉၂၄-၂၀၁၅)** ။ ။ သိပ္ပံစာရေး ဆရာအဖြစ်ထင်ရှားသော သိပ္ပံမျှုးတင်အမည်ခံ ဦးတင်မောင်ကို ၁၉၂၄ ခုနှစ်၊ မေလ ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၌ အဘ ဦးလေးမောင်နှင့် အမိ ဒေါ်စောမေတို့က မွေးဖွားသည်။ အိန္ဒိယနိုင်ငံ စစ်အင်ဂျင်နီယာဒီဂရီကောလိပ်သို့ တက်ရောက်သင်ကြားအောင်မြင်သည်။ ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလတွင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၌ "အီခေယကေခိ ကြယ်တံခွန်" ဆောင်းပါးရေးခဲ့သည်မှ စာပေလောကသို့ စတင်ဝင်ရောက်သည်။



**သိပ္ပံမျှုးတင်**

ယနေ့သိပ္ပံမဂ္ဂဇင်း အမှတ် ၁၊ ၂၊ ၃၊ ၄၊ ၅ တွင် နေနှင့်လူသား၊ ဒိုင်နိုဆောများအကြောင်းဆောင်းပါးများ ရေးခဲ့သည်။ နိုင်ငံတော်မှချီးမြှင့်သော လွတ်လပ်ရေး မော်ကွန်းဝင် (ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ကို ရရှိခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၁၉၉၁ ခုနှစ် ဆေးလိပ် (သို့မဟုတ်) ကျန်းမာရေးတံဆိပ်ကို လက်ခံ ရရှိခဲ့သည်။ မရမ်းကုန်းမြို့နယ် စာပေလုပ်သားအဖွဲ့ဝင် ဖြစ်ခဲ့ပြီး စာပေနှင့်စာနယ်ဇင်းနာယကအဖြစ် ဆောင်ရွက် ခဲ့သည်။

၁၉၆၅ ခုနှစ်အထိ တပ်မတော်တွင် ဗိုလ်မျှုး အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၉-၇၅ ခုနှစ် အထိ ပို့ဆောင်ရေးကော်ပိုရေးရှင်းတွင် ဦးဆောင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ပြီး ၁၉၈၀ ပြည့်နှစ်မှစ၍ သိပ္ပံမဂ္ဂဇင်းကို ထုတ်ဝေသည်။ စာတည်းမှူးချုပ်၊ ပင်တိုင်ဆောင်းပါးရှင်အဖြစ် လုပ်ကိုင်

ဆောင်ရွက်ခဲ့သည်။ စာပေဟောပြောပွဲများနှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဟောပြောဆွေးနွေးခဲ့သည်။ ၁၉၆၅ ခုနှစ်မှစတင်၍ ရေးခဲ့သော ဆေးလိပ်အန္တရာယ်နှင့်စပ်လျဉ်းသည့် မြန်မာ-အင်္ဂလိပ်ဆောင်းပါးများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့အဆင့်မီ ဆေးသိပ္ပံဆောင်းပါးများအဖြစ် ၁၉၉၁ ခုနှစ်၌ ဆေးသိပ္ပံစာပေဆုချီးမြှင့်ခြင်းခံရသည်။ သိပ္ပံမျိုးတင် ကလောင်အမည်သာမက 'မျိုးသစ္စာ၊ ကျော်ကိုကို၊ အေးငြိမ်း၊ အောင်မြတ်ကျော်၊ အာကာမျိုး၊ အဏ္ဏဝါအေး၊ စိုက်ပျိုးမောင်' ကလောင်ခွဲများဖြင့်လည်း စာပေများရေးသားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်ခြင်းခံရသည်။

၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**အောင်သောင်း၊ ဦး (၁၉၄၀-၂၀၁၅)။** ။ တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းကို ၁၉၄၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် တောင်သာမြို့နယ် ကျောက္ကာရွာ၌ အဘ ဦးဖိုးစံ၊ အမိ ဒေါ်လှကြီးတို့က မွေးဖွားသည်။ ကျောက္ကာ အစိုးရမူလတန်းကျောင်းတွင် စတင်ပညာသင်ကြားပြီး ၁၉၅၈ ခုနှစ်၌ ဝဲလောင်အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည်။

၁၉၆၂ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး မကွေးတိုင်း၊ မြို့သစ်မြို့အစိုးရအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်သည်။

၁၉၆၄ ခုနှစ်တွင် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၁) သို့ တက်ရောက်ခဲ့သည်။ ထို့နောက် ခလရ (၆၉)၊ ခလရ (၆၇)၊ တမခ (၆၆)၊ ခမရ (၁၀၉)၊ ကစထ (၁)၊ ခလရ (၇၀)၊ ခလရ (၇)၊ ရပခ၊ လပခ တို့တွင် တပ်ရင်းမှူး၊ ဗျူဟာမှူးအဆင့်ထိ ၁၉၆၅ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ ၂၆ နှစ်တာ တာဝန်ထမ်းဆောင်ခဲ့ပြီး မိုင်းယန်း-မဲသဝေါ၊ စီစိဝမ်တာပန်နှင့် ဟွေပုံလောင်းတိုက်ပွဲတို့တွင် ရှုပ်ရှုပ်ချွံချွံဦးဆောင်တိုက်ပွဲဝင်ခဲ့သည်။ တပ်မတော်စစ်မှုထမ်းကောင်းတံဆိပ်နှင့် ကာကွယ်ရေးဦးစီးချုပ်၏



ဦးအောင်သောင်း

သူရဲကောင်းလက်မှတ်ကိုရရှိခဲ့ပြီး ဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်စဉ် စီမံထူးချွန် (ပထမအဆင့်) ချီးမြှင့်ခြင်းခံရသည်။ နိုင်ငံတော်တာဝန်များမှ အငြိမ်းစားယူပြီးနောက် (သရေစည်သူနှင့်သီရိပျံချီ) ဘွဲ့တံဆိပ်တို့ ချီးမြှင့်ခြင်းခံရသည်။

၈-၇-၁၉၉၁ မှစ၍ မကွေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာနှင့်ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၌ ဦးဆောင်ညွှန်ကြားရေးမှူးတာဝန် ခေတ္တထမ်းဆောင်ခဲ့ပြီး ၁၇-၂-၁၉၉၃ မှစ၍ ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတာဝန် ဆက်လက်ထမ်းဆောင်ခဲ့သည်။ တပ်မတော်မှ ဗိုလ်မှူးကြီးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။

၂၉-၅-၁၉၉၆ မှစ၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးအဖြစ် တိုးမြှင့်တာဝန်ယူထမ်းဆောင်ခဲ့ပြီး ၁၅-၁၁-၁၉၉၇ တွင် အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့ရာ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးချိန်အထိဖြစ်သည်။ ရွေးကောက်ပွဲတွင် တောင်သာမြို့နယ်မှ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွေးချယ်ခံခဲ့ရသည်။

အစိုးရအဖွဲ့တွင် ဝန်ကြီးအဖြစ် ပါဝင်ဆောင်ရွက်ရင်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် စက်မှုဖွံ့ဖြိုးရေးတာဝန်တို့ကို ပူးတွဲထမ်းဆောင်ခဲ့သည်။

ဒေါ်ခင်ခင်ရီနှင့် လက်ထပ်ခဲ့ပြီး သား၊ သမီး လေးယောက်ထွန်းကားသည်။

အမျိုးသားရေးအသင်းကြီးဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတွင် ဗဟိုအလုပ်အမှုဆောင်အဖြစ်လည်းကောင်း၊ ဗဟိုအတွင်းရေးမှူးအဖြစ်လည်းကောင်း အဆင့်ဆင့်တာဝန်ယူခဲ့ပြီး ကချင်ပြည်နယ်တာဝန်ခံ၊ မန္တလေးတိုင်းတာဝန်ခံအဖြစ် အထူးတာဝန်များ ထမ်းဆောင်ခဲ့သည်။ လွှတ်တော်အတွင်း ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သည်။ တောင်သာမြို့နယ်ပညာရေး၊ ကျန်းမာရေးနှင့် ရေရရှိရေးတို့အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်အဖြစ် တိုင်းပြည်တာဝန်၊ ဒေသတာဝန်များထမ်းဆောင်ရင်း အသက် ၇၉ နှစ်အရွယ် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သား ၃ ယောက်နှင့် သမီး ၁ ယောက်ကျန်ရစ်သည်။

## ယခင်ဖော်ပြရန်ကျန်ရှိခဲ့သော ကွယ်လွန်ထင်ရှားပုဂ္ဂိုလ်များ

**တင်လွင်၊ ဦး (၁၉၂၈-၂၀၁၄)။** ။ ပါမောက္ခ ဦးတင်လွင်ကို ဦးရင်စု၊ ဒေါ်စိန်ဖော့တို့က ၁၉၂၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ အခြေခံပညာကို ရန်ကုန်တွင် သင်ကြားသည်။ ဒုတိယကမ္ဘာစစ်ပြီးကာလ ၁၉၄၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည်။ ၁၉၄၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားသည်။ ပါဠိဘာသာပါရှိသော ဝိဇ္ဇာဘာသာတွဲကို သင်ယူပြီး ဝိဇ္ဇာဘွဲ့ရရှိသည်။ ၁၉၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပါဠိဌာန၌ မဟာဝိဇ္ဇာတန်းတက်ရောက်သင်ကြားသည်။ ၁၉၅၄ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ရရှိသည်။ ယင်းနှစ် ၁၉၅၄ ခုနှစ်တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၌ ဖွင့်လှစ်သော ကျောက်ဖြူဥပစာကောလိပ် (I.C.K) ၌ ပါဠိဌာနမှူးအဖြစ် တစ်နှစ်တာဝန်ထမ်းဆောင်သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်ပါဠိဌာန၌ ခေတ္တတာဝန်ထမ်းဆောင်ပြီး အင်္ဂလန်နိုင်ငံသို့ သွားရောက်သည်။ BBC အသံလွှင့်ဌာန မြန်မာပိုင်းအစီအစဉ်တွင် တာဝန်ထမ်းဆောင်ပြီး တစ်ဖက်မှ The School of Oriental & African London University တွင် ဆက်လက်ပညာသင်ယူခဲ့သည်။ လေးနှစ် ပညာသင်ယူပြီး မဟာဝိဇ္ဇာစာမေးပွဲ ရေးဖြေနှုတ်ဖြေကို ဖြေဆိုကာ သုတေသနကျမ်း (Thesis) တင်ခဲ့သည်။ မဟာဝိဇ္ဇာဘွဲ့ (British Master Degree) ကို ၁၉၆၂ ခုနှစ်တွင်ရရှိသည်။ B.C Law Prize ကိုလည်းရရှိခဲ့သည်။


ထို့နောက် မြန်မာနိုင်ငံသို့ပြန်လာပြီးနောက် ရန်ကုန်တက္ကသိုလ်ပါဠိဌာနတွင် ခေတ္တတာဝန်ထမ်းဆောင်သည်။ ပညာရေးဝန်ကြီးဌာနက ဂျာမနီနိုင်ငံရှိ The University of Humburg တွင် မြန်မာစာသင်ကြားရေးတာဝန်ကို ထမ်းဆောင်ရန်စေလွှတ်ခဲ့သည်။ ယင်းတာဝန်ကို နှစ်နှစ်ထမ်းဆောင်ပြီး ရန်ကုန်တက္ကသိုလ်ပါဠိဌာန၌ အလုပ်တာဝန်များကို ပြန်လည်ထမ်းဆောင်သည်။

၁၉၆၃-၆၄ ခုနှစ်တွင် ပုသိမ်တက္ကသိုလ် (ကန်သုံးဆင့်) အရှေ့တိုင်းပညာဌာန ကထိကဌာနမှူးတာဝန်ကို ထမ်းဆောင်သည်။ စာပေဝါသနာရှင်တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် စာဖတ်ဝိုင်းပြုလုပ်ပြီး ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးနှင့် ရသစာတမ်းများကို အပြန်အလှန်ဖတ်ကြားဆွေးနွေးပြီး ကျောင်းသား၊ ကျောင်းသူများ စာပေဆိုင်ရာပညာအရည်အချင်း တိုးတက်အောင် ဆောင်ရွက်ခဲ့သည်။

၁၉၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်အရှေ့တိုင်းပညာဌာန ကထိကတာဝန်ကို ထမ်းဆောင်သည်။ ယင်းနှစ်တွင် ဒေါ်စိန်စိန် (တက္ကသိုလ်ဝင်စာစစ်အဖွဲ့၊ အတွင်းရေးမှူး) နှင့် လက်ထပ်သည်။

မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် အရှေ့တိုင်းပညာဌာန၌ ပါမောက္ခ၊ ဌာနမှူးတာဝန်ကို ၁၉၆၈ ခုနှစ်မှ ၁၉၈၇ ခုနှစ်ထိ ၁၉ နှစ်တိုင်တိုင် ထမ်းဆောင်ခဲ့သည်။ အရှေ့တိုင်းပညာအဓိက ဝိဇ္ဇာဘွဲ့ရများ၊ မဟာဝိဇ္ဇာဘွဲ့ရများကို မွေးထုတ်ပေးနိုင်ခဲ့သည်။

၁၉၈၇-၈၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန၊ ပါမောက္ခဌာနမှူးတာဝန်ကို



**ပါမောက္ခဦးတင်လွင်**

ထမ်းဆောင်သည်။ ပါမောက္ခတာဝန်မှ အငြိမ်းစားယူပြီးနောက် ရန်ကုန်တက္ကသိုလ်အရှေ့တိုင်းပညာဌာနတွင် အချိန်ပိုင်းပါမောက္ခအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်သည်။ မဟာဝိဇ္ဇာတန်း၊ ပါရဂူတန်းကျောင်းသားများကို သင်ကြားပို့ချခြင်း၊ ကျမ်းပြုများကို ကြီးကြပ်ခြင်း တာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။ ပါရဂူဘွဲ့စိစစ်ရေးကော်မတီအဖွဲ့ဝင်၊ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာနတွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့တွင် ဧည့်ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၀၄ ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ကို ချီးမြှင့်ခံရသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာန၊ ၂၀၀၈ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရေးဦးစီးကော်မတီက ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်အဖြစ် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်တွင် ချီးမြှင့်ခဲ့သည်။

ငယ်စဉ်ကပင် ကဗျာရေးဖွဲ့ရန် ဝါသနာပါပြီး အမြတ်နိုးဆုံးအလုပ်ဟု ၎င်း၏ကဗျာစာအုပ်အမှာစာတွင် တခုတ်တရ ထည့်သွင်းဖော်ပြခဲ့သည်။ ၁၉၄၈ ခုနှစ်၊ နှစ်ဦးတွင် ရန်ကုန်မြို့၌ကျင်းပသော လွတ်လပ်ရေးအောင်ပွဲအခမ်းအနား ကဗျာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရာ စတုတ္ထဆုရရှိခဲ့သည်။ ထိုနှစ်တွင်ပင် ရန်ကုန်တက္ကသိုလ် မြန်မာစာအသင်းက ကျင်းပသော ကဗျာပြိုင်ပွဲတွင်လည်းကောင်း၊ ၁၉၅၁ ခုနှစ်၌ မြန်မာစာအသင်းကြီးငွေရတုသဘင်အဖြစ် ကျင်းပသော ကဗျာပြိုင်ပွဲတွင်လည်းကောင်း ဆုရရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးစက ဒီးဒုတ်ဂျာနယ်သို့ 'ဝေလွင်'ကလောင်အမည်ဖြင့် ကဗျာများရေးသားပေးပို့ခဲ့ရာ ဖော်ပြခံရပြီးနောက်ပိုင်းတွင် ရှုမဝမဂ္ဂဇင်း၊ ယဉ်ကျေးမှုမဂ္ဂဇင်းတို့တွင် ပါမောက်လွင်ကလောင်အမည်ဖြင့် ကဗျာများ ရေးသားခဲ့သည်။ ဦးတင်လွင်သည် ၁၉၈၁ ခုနှစ်တွင် မြမန်းကလောင်အမည်ဖြင့် 'ဖိုးဝရုပ်နှင့် အခြားကလေးကဗျာများ'၊ ၂၀၀၆ ခုနှစ်တွင် ကဗျာပုဒ်ရေပေါင်း ၁၂၈ ပုဒ်ပါရှိသော 'ဖူးလက်ငုံ' ကဗျာပေါင်းချုပ်စာအုပ်တို့ကို 'လူလေးလွင်' ကလောင်အမည်ဖြင့် ထုတ်ဝေခဲ့သည်။


ဦးတင်လွင်သည် အရှေ့တိုင်းပညာကို အခြေပြု၍ သုတေသနစာတမ်းများကိုလည်း ပြုစုဖတ်ကြားခဲ့သည်။ သုတေသနဂျာနယ်များတွင် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် သုတေသနစာတမ်းများစွာကို ရေးသားခဲ့သည်။ ပါဠိဘာသာ၊ ပါဠိစာပေ၊ ဘာသာရပ်ဆိုင်ရာဆောင်းပါးများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာဆောင်းပါးများ ရေးသားခဲ့သည်။

ဦးတင်လွင်သည် မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိဆရာကြီးဦးကိုလေး (ဇေယျာမောင်) နှင့် တွဲဖက်၍ မင်းကွန်းဆရာတော် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဝိစိတ္တသာရာဘိဝံသ အရှင်သူမြတ်ရေးသားပြုစုတော်မူသော မဟာဗုဒ္ဓဝင်ခြောက်တွဲကို The Great Chronicle of Buddhas ခေါင်းစဉ်ဖြင့် အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့သည်။

ပါမောက္ခဌာနမှူး ဦးတင်လွင်သည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ အသက် ၈၆ နှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်စိန်စိန် (အငြိမ်းစားညွှန်ကြားရေးမှူး) ကျန်ရစ်သည်။

**ပါမောက္ခဒေါ်ခင်သိန်း**

**တွံတေးသိန်းတန် (၁၉၄၁-၂၀၁၄)**။ ။ အဆိုတော်၊ ရုပ်ရှင်မင်းသား၊ ဒါရိုက်တာ တွံတေးသိန်းတန်ကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရှမ်းစုကြီးကျေးရွာ၌ မြန်မာသမားတော်ကြီး ဦးဖိုးဦး၊ ဒေါ်ညိုတို့က ၁၉၄၁ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်တွင် မွေးဖွားသည်။ မွေးချင်း ၆ ယောက်အနက် ပဥ္စမမြောက်ဖြစ်သည်။



**တွံတေးသိန်းတန်**

ငယ်စဉ်က ရှမ်းစုကြီးကျေးရွာ မူလတန်းကျောင်းတွင် တတိယတန်းအထိ ပညာသင်ယူခဲ့ပြီး စတုတ္ထတန်းမှ သတ္တမတန်းအထိ ရန်ကုန်မြို့တွင်ပညာသင်ယူခဲ့သည်။ ထိုမှ တွံတေးအခြေခံပညာအထက်တန်းကျောင်းသို့ ပြောင်းရွှေ့သင်ယူခဲ့ရာ ၁၉၅၉ ခုနှစ်တွင် နဝမတန်းစာမေးပွဲအောင်မြင်သည်။ တွံတေးသိန်းတန်သည် ငယ်စဉ်ကပင် ကဗျာရေးစပ်သီကုံးခြင်းနှင့် သီချင်းသီဆိုခြင်းကို ဝါသနာထုံခဲ့သည်။

နဝမတန်းအောင်မြင်ပြီးနောက် ရန်ကုန်မြို့ အစိုးရပုံနှိပ်နှင့်စာရေးကိရိယာဌာနတွင် ဝင်ရောက်လုပ်ကိုင်ပြီး ၁၉၆၁ ခုနှစ်တွင် မြန်မာ့အသံသို့ အငယ်တန်းစာရေးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ ထိုမှ မြန်မာ့အသံဓာတ်ပြား၊ ပိဋကတ်တိုက်တွင် လက်ထောက်ပိဋကတ်တိုက်မှူးအဆင့်အထိ တိုးမြှင့်တာဝန်ထမ်းဆောင်ခဲ့သည်။

တွံတေးသိန်းတန်သည် သီချင်းရေးသားသီဆိုခြင်း ဝါသနာအရ ဆရာ ဦးသန်းကြွယ်၊ တပ်မတော်(ရေ)မှ PO ဦးသန်းမြင့်၊ ဂီတာသိန်းစိုး၊ စန္ဒရား မောင်မောင်အေး၊ မောင်မောင်လေးတို့ထံမှ ဂီတပညာများကို ဆည်းပူးခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် မြန်မာ့အသံရေဒီယိုမှ တေးသီချင်းတစ်ပုဒ်စ နှစ်ပုဒ်စ စတင်ထုတ်လွှင့်ခဲ့ရာ ၁၉၆၀-၆၁ ခုနှစ်က ကိုယ်တိုင်ရေး ကိုယ်တိုင်သီဆိုခဲ့သော 'မျက်ရည်စမ်းဖြင့်ခမ်းလေပြီ' သီချင်းဖြင့် ဂီတနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် 'ထွေးညို တေးသီချင်း'ကို ကိုယ်တိုင်ရေးစပ်သီဆိုခဲ့ရာ မြန်မာနိုင်ငံအနှံ့ ပျံ့နှံ့ကျော်ကြားသွားခဲ့သည်။ ထို့နောက် ဇာတ်လမ်းများ၊ ဓာတ်ပြားသီချင်းများကို ဆက်တိုက်အသံလွှင့်ခဲ့ရသည်။

ထွေးညိုသီချင်းက တွံတေးသိန်းတန်ကို နိုင်ငံကျော်ရုပ်ရှင်မင်းသားဘဝသို့ ပို့ဆောင်ပေးခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် မြတ်ကပိန်ရုပ်ရှင်မှ ဒါရိုက်တာ ဦးလှအောင်ရိုက်ကူးသော "ထွေးညို" ဇာတ်ကား၌ မင်းသမီးခင်သန်းနု၊ သရုပ်ဆောင်ငွေးဝင်းတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ခွင့်ရရှိခဲ့ရာမှ တေးသံရှင် သရုပ်ဆောင်အဖြစ် ထင်ရှားကျော်ကြားလာသည်။ ထို့နောက် ရုပ်ရှင်ဇာတ်ကားများ ဆက်လက်ရိုက်ကူးရန် မြန်မာ့အသံမှ အလုပ်ထွက်ခဲ့ပြီး 'ချစ်သူပေးသော တေးတစ်ပုဒ်' ဇာတ်ကားကို ဆက်လက်ရိုက်ကူးသည်။ တွံတေးသိန်းတန်သည် ရုပ်ရှင်ကုမ္ပဏီပေါင်းများစွာက ကမ်းလှမ်းရိုက်ကူးသော ဇာတ်ကားများတွင် အဓိက ဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ရာ မြတ်လေး၊ ဝါဝါဝင်းရွှေနှင့် "ချစ်သူပေးသောတေးတစ်ပုဒ်"၊ ခင်သန်းနုနှင့် "မေတ္တာဇာတ်လမ်းဆုံရာဝယ်"၊ ရှုမဝ စမ်းစမ်းအေးနှင့် "ပန်းနွယ်ကစိမ်း"၊ ဇော်လွင်၊ ဝါဝါဝင်းရွှေနှင့် "အရွှေတို့ရွာ"၊ တင်တင်ညိုနှင့် "အညာသားလေး"၊ ဒေစီကျော်ဝင်းနှင့် "ပန်းကလေးများ မနွမ်းစေချင်"၊ မြင့်မြင့်ခိုင်နှင့် "မုန်းစရာကြီး"၊ မဥ္ဇူသင်းနှင့် "ချမ်းမြေ့သီတဂူ"၊ စံရှားတင်နှင့် "ချစ်ရက်ကယ်နှောင်း"၊ ခင်သန်းနုနှင့်"အသက်ကိုနှင်း၍"၊ ကြည်ကြည်ငွေး၊ မေယုတို့နှင့် "သတ္တိသွေးနဲ့တေးလုလင်"၊ နှင်းဆီနှင့် "နန်းကြာရိပ်မြိုင်" အပါအဝင် ရုပ်ရှင်ဇာတ်ကားပေါင်း ၆၀ ကျော်ရိုက်ကူးခဲ့သည်။ တွံတေးသိန်းတန်သည် ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာအဖြစ်လည်း ရိုက်ကူးထုတ်လုပ်ခဲ့ရာ မင်းသမီးစန္ဒာနှင့် တွဲဖက်သရုပ်ဆောင်သည့် "ကိုယ်ရယ်မင်းရယ် ပိတောက်ရယ်"နှင့် "ချစ်မိတော့လည်း အရူးအမူး" ဇာတ်ကားတို့မှာ ပရိသတ်၏နှစ်ခြိုက်အားပေးခြင်းခံရသည်။

ဓာတ်ပြားတေးသီချင်းများအနေဖြင့် 'ထွေးညို' ထွက်ရှိပြီးနောက်ပိုင်း အဆက်မပြတ် သီဆိုထုတ်လွှင့်ခဲ့ရာ အဆိုတော်တွံတေးသိန်းတန်ကိုယ်တိုင် အရေအတွက်မှတ်မိခြင်းမရှိတော့ဟုဆိုသည်။ တိတ်ခွေ ၂၉ ခွေ ထွက်ရှိခဲ့ပြီး သီချင်းပုဒ်ရေ ၃၂၀ ခန့်၊ ပြဇာတ်တေးများ ပါဝင်လျှင် ၃၅၀ ခန့်ရှိမည်ဟု ခန့်မှန်းကြသည်။

ကိုယ်တိုင်ရေး၊ ကိုယ်တိုင်သီဆိုအသံသွင်းခဲ့သော တေးသီချင်းများစွာအနက် "ဖိုးလမင်းကို အောင်သွယ် ခိုင်းမယ်"၊ "နှမလက်လျှော့ နေလေတော့"၊ "ဝဏ္ဏပဘာ"၊ "အသီးတစ်ရာအညှာတစ်ခု"၊ "အမေ့ပါးက သနပ်ခါး" တို့မှာ ခေတ်အဆက်ဆက် မရိုးနိုင်သော တေးများအဖြစ် ဂန္ထဝင်တွင်ကျန်ရစ်သည်။

တွံတေးသိန်းတန်သည် ၁၉၇၄ ခုနှစ်တွင် ကိုယ်ပိုင်ဇာတ်သဘင်ဖွဲ့စည်းတည်ထောင်၍ အနယ်နယ် အရပ်ရပ်သို့ လှည့်လည်ကပြခဲ့ရာတွင်လည်း ပရိသတ် ရုံပြည့်ရုံလျှံအားပေးခြင်းခံခဲ့ရသည်။ မြန်မာ့ယဉ်ကျေးမှု တေးသီချင်းများကို သီဆိုလေ့ရှိသော တွံတေးသိန်းတန် သည် ဂီတပရိသတ်အားပေးမှု အများဆုံးရရှိသော တေးပြုအဆိုတော်အဖြစ် မြန်မာ့ဂီတသမိုင်းမှတ်တမ်း များတွင် ဖော်ပြသည်။ ထို့ပြင် တွံတေးသိန်းတန်သည် သီးသန့်လုံးချင်းဝတ္ထုရှည်များကိုလည်း ရေးသားခဲ့ရာ အုပ်ရေ ၂၀ ခန့်ထိ ရှိခဲ့သည်။

အဆိုတော်ရုပ်ရှင်သရုပ်ဆောင် ပြဇာတ်မင်းသား တွံတေးသိန်းတန်သည် ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ တွံတေးသိန်းတန်သည် ဒေါ်စန်းမြင့်နှင့် လက်ထပ်ခဲ့ပြီး သားသမီး ၄ ယောက်ထွန်းကားခဲ့သည်။ ထို့ပြင် ဘဝအချိုး အကွေ့အပြောင်းအလဲ၌ ဒေါ်သန်းချစ် (ချစ်စံပယ်) နှင့် လက်ထပ်ကာ သမီးတစ်ယောက် ထွန်းကားသည်။


## စာပေဗိမာန်စာပေဟောပြောပွဲ (ကလေးစာပေ)။ ။

မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီး (Burma Translation Society BTS) က ပေါက်ဖွားလာသော စာပေဗိမာန်သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး အတွက် သုတ၊ ရသ စာအုပ်စာစောင်များ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း၊ စာပေဗိမာန်ပြည်သူ့ စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ စာပေဗိမာန်စာအုပ် အရောင်းဆိုင်ဖွင့်လှစ်ရောင်းချခြင်းတို့အပြင် အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်နိုင်ရေး အတွက် ဦးဆောင်ဦးရွက်ပြုလျက်ရှိသည်။ ထို့အပြင် စာပေနှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများကိုလည်း ကျင်းပခဲ့သည်။

စာပေဗိမာန်၏ ပထမဆုံးစာတမ်းဖတ်ပွဲကို ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်မှ ၂၀ ရက်အထိ စာပေဗိမာန်အစည်းအဝေးခန်းမဆောင်၌ ကျင်းပသော "ကလေးစာပေနှီးနှောဖလှယ်ပွဲ" ခေါင်းစဉ်ဖြင့် ပွဲဦးထွက် ဆောင်ရွက်ခဲ့သည်။ ထိုစာတမ်းဖတ်ပွဲတွင် ဒေါက်တာ တန့်ဂွမ်လျော (ဒေါက်တာမောင်ဖြူ) က "ကလေးစာပေ ကမ္ဘာနှင့် မြန်မာအခြေအနေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးဝန် (မင်းသုဝဏ်) က "မြန်မာကလေး စာအုပ်သမိုင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကြီးပွားရေး ဦးလှ (လူထု ဦးလှ) က "ယနေ့မြန်မာကလေးစာပေ" ခေါင်းစဉ်ဖြင့် လည်းကောင်း စာတမ်းများအသီးသီး ဖတ်ကြား တင်သွင်းခဲ့သည်။ ယခု (၂၀၁၅ ခုနှစ်) အချိန်အခါတွင် ထိုစာတမ်းဖတ်ပွဲသည် နှစ် (၅၀) ပြည့်မြောက်သည့် ရွှေရတုအချိန်အခါ ဖြစ်သည်။ စာပေဗိမာန်သည် ၁၉၆၅ ခုနှစ် က ကျင်းပခဲ့သော ကလေးစာပေနှီးနှောဖလှယ်ပွဲကို မမေ့မလျော့ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဗိမာန်က ဆက်လက်ဆောင်ရွက်နေသည်ကို ပြည်သူများသိရှိ နားလည်စေရန်လည်းကောင်း၊ အားနည်းနေသည်ဟု ယူဆနိုင်သော ကလေးစာပေ ပြန်လည်ဖွံ့ဖြိုးတိုးတက် စေရန်လည်းကောင်း၊ ကလေးစာပေနှီးနှောဖလှယ်ပွဲ နှစ် (၅၀) ပြည့် ရွှေရတုအခမ်းအနားကို စည်ကား သိုက်မြိုက်စွာကျင်းပရန် ရည်ရွယ်ချက်ထားရှိခဲ့သည့် အတိုင်း စာပေဟောပြောပွဲတစ်ရပ် ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် စာပေဗိမာန်က ကြီးမှူး၍ "စာပေဗိမာန် စာပေဟောပြောပွဲ (ကလေးစာပေ)" ကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်တွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ စတူဒီယို(A)ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဒေါက်တာ ဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ) က သဘာပတိအဖြစ် ဆောင်ရွက်ပြီး စာရေး ဆရာ၊ ကဗျာဆရာ၊ သီချင်းရေးဆရာ မောင်ယဉ်မှူးက **'တိမ်ကောနေတဲ့ ကလေးကဗျာများ'** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာတက္ကသိုလ် မောင်အောင်ဆွေက **'ကလေးဝတ္ထုဘာယ်လို ရေးမလဲ'** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကဗျာဆရာ၊ စာရေးဆရာ သူရဇော်က


ဒေါက်တာမောင်ဖြူး



မင်းသုဝဏ်


လူထုဦးလှ

၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်မှ ၂၀ ရက်ထိ ကျင်းပသော ကလေးစာပေနှီးနှောဖလှယ်ပွဲ၌ စာတမ်းတင်သွင်းခဲ့ကြသည့် ဆရာကြီးများ


မောင်ယဉ်မှူး


တက္ကသိုလ်မောင်အောင်ဆွေ


သူရဇော်


၁၉-၉-၂၀၁၅ ရက်တွင် ကျင်းပခဲ့သော စာပေဗိမာန်စာပေဟောပြောပွဲ (ကလေးစာပေ)၌ ဟောပြောခဲ့ကြသည့် ဆရာကြီးများ

**'ရွှေရတုတိုင်ခဲ့ပြီဖြစ်သည့် ကလေးစာပေလမ်းကြောင်း'** ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြသည်။

စာပေဗိမာန်သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများကို စောင့်ထိန်းကာ ဆက်လက်တိုးတက်စေရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့သည်။ စာပေဗိမာန်တွင် ဖတ်ကြားခဲ့သော စာတမ်းများကို ဒုတိယအကြိမ် ထုတ်ဝေခြင်း၊ စာပေဗိမာန်စာပေစကားဝိုင်းများ ကျင်းပခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ ကလေးစာပေဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားစာပေဆုတွင် ကလေးစာပေဆုထည့်သွင်းချီးမြှင့်ခြင်း၊ စာပေဗိမာန် စာမူဆုတွင် ကလေးစာပေဆုကို ပထမ၊ ဒုတိယ၊ တတိယ ချီးမြှင့်ခြင်း၊ ကလေးများအတွက် ရည်ရွယ်သည့် ရွှေသွေးစာစောင်ကို အပတ်စဉ်ထုတ်ဝေလျက်ရှိခြင်း၊ ၂၀၀၁ ခုနှစ်ကစ၍ ကလေးစာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ ၂၀၁၃ ခုနှစ်က စတင်ထုတ်လုပ်ဖြန့်ချိသော စာပေရေချမ်းစင်ဘာသာရပ် (၁၃) မျိုးတွင် "ကလေးသူငယ်ဆိုင်ရာ" ဘာသာရပ်ပြုစုဖြန့်ချိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**တိပိဋကဓရဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော်များ(၂၀၁၅)။** ။ (၆၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ၂၈-၁၂-၂၀၁၄ မှ ၂၇-၁-၂၀၁၅ ရက်အထိ (၃၁) ရက်တိုင် ကျင်းပပြုလုပ်ခဲ့ရာ တိပိဋက သုံးပုံအာဂုံဆောင် 'တိပိဋကဓရ' အရှင်မြတ် နှစ်ပါး ပေါ်ထွန်းခဲ့သည်။

**ဝိစိတ္တသာရ၊ ဘဒ္ဒန္တ(တိပိဋကဓရ)။** ။ အရှင်ဝိစိတ္တသာရဆရာတော်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၊ ဝန်းရံကျေးရွာ၌ ခမည်းတော်ဦးငွေး၊ မယ်တော်ဒေါ်ကြင်နီတို့က (၁၃၃၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်) (၁၉၇၄ ခုနှစ်၊ မေလ ၁၅ ရက်)တွင် ဖွားမြင်သည်။



**အရှင်ဝိစိတ္တသာရ (ဒီပဲယင်း တိပိဋကဆရာတော်)**

၁၃၅၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် (၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်) တွင် ရေဦးမြို့နယ်၊ တင်းတိန်ရံဈေး ဓမ္မိကာရုံဆရာတော် ဘဒ္ဒန္တကေသရိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် ဦးငွေးသောင်၊ ဒေါ်တင်စုမိသားစု၏ ပစ္စယာနုဂ္ဂဟ ကိုခံယူကာရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ဒီပဲယင်းမြို့နယ် ဝန်းရံကျောင်း ဆရာတော် ဦးဇောတိက၊ အနန္တဂုဏ်ရည်ကျောင်း ဆရာတော် ဦးစန္ဒိမာ၊ တောင်ငူမြို့ဝိသုဒ္ဓါရုံမြို့ထောင့်ဆရာ တော်ဦးဥတ္တမဝံသနှင့်စာချဆရာတော်များ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ဆရာတော်ဘဒ္ဒန္တအဂ္ဂ ဉာနာဘိဝံသနှင့်စာချဆရာတော်များ၊ မန္တလေးမြို့ဓမ္မ နိတာရုံဆရာတော် ဘဒ္ဒန္တမာနိတာဘိဝံသ၊ နောင်ချိုမြို့ ကတီပင်ကျောင်းဆရာတော် ဦးဥတ္တမ၊ သာစုကန် ဆရာတော် ဦးတေဇိန္ဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ ပိဋကနှစ် ပုံခွဲဆောင် ဦးသြဘာသာဘိဝံသတို့ထံမှ ဝိနည်းအကျင့် သီလ၊ သိက္ခာနှင့် ပိဋကတ်သုံးပုံအလုံးစုံတို့ကို သင်ကြား ဆည်းပူးခဲ့သည်။

ဆရာတော်သည် သာသနဓဇ ဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့၊ အဘိဓမ္မဝိဒူဘွဲ့၊ နိကာယဝုဗ္ဗိုသမိတိဝိနယကောဝိဒဘွဲ့၊ နိကာယဝုဗ္ဗိုသ မိတိဝိနယကောဝိဒဘွဲ့၊ နိကာယုဇ္ဇောတက ဓမ္မတ္ထဝိသာရဒ ဒီဃဘာဏကဘွဲ့၊ နိကာယုဇ္ဇောတက ဒီဃနိကာယ ဓမ္မစရိယဘွဲ့၊ နိကာယုဇ္ဇောတက အတ္ထဝိသာရဒ မူလအာဘိဓမ္မိကဘွဲ့တို့ကို ရရှိခဲ့ပြီး ၁၃၆၃ ခုနှစ် (၂၀၀၁ ခုနှစ်) တိပိဋကဓရရွေးချယ်စာမေးပွဲတွင် ဉာတောဝိဘင်္ဂဓရဘွဲ့၊ ၁၃၆၅ ခုနှစ်(၂၀၀၃ ခုနှစ်)တွင် ဝိနယဓရဘွဲ့၊ ၁၃၆၇ ခုနှစ်(၂၀၀၅ ခုနှစ်)တွင် ဉာတောဝိဘင်္ဂကောဝိဒဘွဲ့၊ ၁၃၆၈ ခုနှစ် (၂၀၀၆ ခုနှစ်) တွင် ဝိနယကောဝိဒဘွဲ့၊ ၁၃၆၉ ခုနှစ် (၂၀၀၇ ခုနှစ်) တွင် ဒီဃဘာဏကဘွဲ့၊ ၁၃၇၁ ခုနှစ် (၂၀၀၉ ခုနှစ်)တွင် ဒီဃနိကာယကောဝိဒဘွဲ့၊ ၁၃၇၂ ခုနှစ် (၂၀၁၀ ပြည့်နှစ်)တွင် မူလအာဘိဓမ္မိကဘွဲ့နှင့် ၁၃၇၄ ခုနှစ် (၂၀၁၂ ခုနှစ်)တွင် မူလ အာဘိဓမ္မကောဝိဒဘွဲ့ကို ရရှိအောင်မြင်ခဲ့ သည်။

ဆရာတော်သည် ၁၃၇၆ ခုနှစ် (၂၀၁၅ ခုနှစ်) တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲတွင် အဘိဓမ္မပိဋကတ်အဘိဓမ္မာ ဒုတိယပိုင်း (၂) ကျမ်း (က) အာဂုံပြန်ဆိုအောင်မြင် ခဲ့ရာ အာဘိဓမ္မိကဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်နှင့် အရိုးနီကနက္ကဒဏ်ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကို ခံယူရရှိပြီး သင်ရိုးပိဋက သုံးပုံလုံးကို အာဂုံပြန်ဆိုအောင်မြင်တော်မူသည့် အတွက် တိပိဋကဘွဲ့တံဆိပ်တော်၊ ယင်းအောင် လက်မှတ်နှင့် အရိုးနီကနက္ကဒဏ်ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကို အလှူခံ ရရှိသည့် သာသနာ့အာဇာနည်တစ်ပါးဖြစ်လာသည်။


**စက္ကိန္ဒ၊ ဘဒ္ဒန္တ (တိပိဋကဓရ)။** ။ အရှင်စက္ကိန္ဒကို မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် မြိုင်မြို့နယ် ထနောင်းခါးလှကျေးရွာ၌ ခမည်းတော် ဦးကျောက်ခဲ၊ မယ်တော် ဒေါ်ခင်ကြည်တို့က ၁၃၄၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၂ ရက် (၁၉၇၈ ခုနှစ်၊ မတ်လ ၁၀ ရက်) အင်္ဂါနေ့တွင် ဖွားမြင်သည်။

၁၃၆၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် (၁၉၉၈ ခုနှစ်၊ ဧပြီလ ၂၄ ရက်)တွင် မင်္ဂလာဒုံမြို့နယ် ဘုရားကြီးကျောင်း ဆရာတော် ဘဒ္ဒန္တကုန္ဒကို ဥပဇ္ဈာယ် ပြုလျက် ဦးဝင်းလွင် ဒေါ်စန်းစန်းကြည်မိသားစု၊ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)၊ ဒေါ်ခင်အေးမိသားစု၊ ခမည်းတော် ဦးကျောက်ခဲ- မယ်တော် ဒေါ်ခင်ကြည်မိသားစု၊ ဦးသောင်းတင်- ဒေါ်ခင်ရီ၊ ဦးတင်ပိုင်-ဒေါ်ညိုညိုသန်း၊ ဦးခင်ရှောင်- ဒေါ်ခင်ရီ၊ ဦးပေတိုး-ဒေါ်ခွက်၊ ကိုခင်ထွန်း- မသန်းသန်းနွယ်မိသားစုစသော ဒါယကာ၊ ဒါယိကာမတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ထနောင်းခါးလှရွာ မနောရမ္မ ကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒ၊ မွန်ပြည်နယ်မုဒုံမြို့ သာသနာ့ဗေဒကျော်ကျောင်းဆရာတော် ဦးဝဏ္ဏသရ၊ မင်္ဂလာဒုံမြို့နယ် ဘုရားကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ကုန္ဒက၊ မုံရွာမြို့ပဋ္ဌာနတာရုံကျောင်းဆရာတော် ဘဒ္ဒန္တ နာဂဝံသ၊ ဘဒ္ဒန္တဇောတိပါလလင်္ကာရ၊ ဘဒ္ဒန္တအဂ္ဂဉာဏ စသော စာချဆရာတော်များ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ ဘဒ္ဒန္တဇောတိပါလလင်္ကာရ၊ ဘဒ္ဒန္တအဂ္ဂဉာဏစသော စာချဆရာတော်များ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီးဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ မင်းကွန်းတိ/နိစိမံအုပ်ချုပ်မှုမဟာနာယကဆရာတော်များ၊ မုံရွာမြို့ အိုးဘိုတောင်ကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ စသောဆရာတော်များထံမှ ဝိနည်းအကျင့် သီလသိက္ခာနှင့် ပိဋကတ်သုံးပုံအလုံးစုံကို သင်ကြား ဆည်းပူးခဲ့သည်။

ဆရာတော်အရှင်စက္ကိန္ဒသည် သာသနဓဇ ဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့ (တစ်နိုင်ငံလုံးတတိယ)၊ ရှင်မတောင် သာသနာ့ဟိတ ဝိနယဓရဘွဲ့၊ အစိုးရတိပိဋက ဝိနယဓရဘွဲ့၊ ဝိနယ ကောဝိဒဘွဲ့၊ ဒီဃဘာဏကဘွဲ့၊ ဒီဃနိကာယကောဝိဒဘွဲ့၊ မူလအာဘိဓမ္မိကဘွဲ့၊ မူလအာဘိဓမ္မကောဝိဒဘွဲ့တို့ကို အောင်မြင်ရရှိခဲ့သည်။

ဆရာတော်သည် (၁၃၇၆) ခုနှစ် (၂၀၁၄ ခုနှစ်)၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲတွင် အဘိဓမ္မပိဋကတ်အဘိဓမ္မဓမ္မာ



**အရှင်စက္ကိန္ဒ (မြိုင်)**

ဒုတိယပိုင်း (၂) ကျမ်း (က)ကို အာဂုံပြန်ဆိုအောင်မြင်သောကြောင့် အာဘိဓမ္မိကဘွဲ့တံဆိပ်တော်၊ ယင်း အောင်လက်မှတ်နှင့် အရိုးနီကနက္ကဒဏ်ထီးဖြူတော်သုံး လက်တံဆိပ်ပါသော သာသနာ့အောင်လံတော်ကို ခံယူရရှိပြီး သင်ရိုးပိဋကသုံးပုံလုံးကို အာဂုံပြန်ဆို အောင်မြင်ပြီးဖြစ်သဖြင့် တိပိဋကဓရဘွဲ့တံဆိပ်တော်၊ ယင်းအောင်လက်မှတ်နှင့် အရိုးနီကနက္ကဒဏ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော်ကို အလှူခံရရှိသည့် သာသနာ့ အာဇာနည်တစ်ပါးဖြစ်လာသည်။

## ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မ ၁၀၉၊ ပုဒ်မ ၁၄၁ နှင့် ပုဒ်မ ၁၆၁ တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်များကို သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်သည်။ ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ နှင့်အညီ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်တွင် အောင်မြင်စွာ ကျင်းပပြီး သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် ပေးနိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်

## ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ

နံနက် ၀၈း၅၅ နာရီအချိန်တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကို ကျင်းပနိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၉ အရ ပြည်သူ့လွှတ်တော်၏ သက်တမ်းသည် ယင်းလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေး စတင်ကျင်းပသည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၁ နှင့် ပုဒ်မ ၁၆၈ တို့အရ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ သက်တမ်းသည်လည်း ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ထို့ကြောင့် ဒုတိယသက်တမ်းအတွက် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ရေးအတွက် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၂၃ နှင့် ပုဒ်မ ၃၉၉ တို့နှင့်အညီ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပခဲ့သည်။

၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါတီအလိုက်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေစာရင်းမှာ ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း (၁,၇၃၃) ဦး၊ အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း (၈၈၆) ဦး၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်

### ဇယား (၁)
### ပါတီအလိုက် စိစစ်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းများ စာရင်းချုပ်
### (လွှတ်တော်ကိုယ်စားလှယ်လောင်း အများ/အနည်းအလိုက်)

| စဉ် | ပါတီ/ တစ်သီးပုဂ္ဂလ | ကိုယ်စားလှယ်လောင်းအရေအတွက် | | | | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုး | | |
| ၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၃၁၆ | ၁၆၃ | ၆၁၅ | ၂၉ | **၁၁၂၃** | |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၆ | ၁၆၄ | ၆၁၃ | ၂၉ | **၁၁၂၂** | |
| ၃ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၆ | ၉၈ | ၄၄၁ | ၁၂ | **၇၅၇** | |
| ၄ | အမျိုးသားတိုးတက်ရေးပါတီ | ၁၃၃ | ၆၀ | ၁၅၆ | ၃ | **၃၅၃** | |
| ၅ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၈ | ၃၁ | ၁၆၄ | ၃ | **၂၈၆** | |
| ၆ | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | ၈၉ | ၃၈ | ၁၃၅ | ၃ | **၂၆၅** | |
| ၇ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆ | ၁၉ | ၁၁၅ | ၈ | **၁၉၈** | |
| ၈ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄၅ | ၁၄ | ၈၈ | ၂ | **၁၄၉** | |
| ၉ | ကရင်ပြည်သူ့ပါတီ | ၂၅ | ၂၂ | ၆၅ | ၅ | **၁၁၇** | |
| ၁၀ | ရခိုင်အမျိုးသားပါတီ | ၂၀ | ၁၅ | ၃၉ | ၂ | **၇၇** | |
| ၁၁ | ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ | ၁၃ | ၁၃ | ၂၆ | ၃ | **၅၅** | |
| ၁၂ | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၁၄ | ၈ | ၃၃ | - | **၅၅** | |
| ၁၃ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ(T.N.D.P) | ၁၂ | ၁၁ | ၂၇ | ၄ | **၅၄** | |
| ၁၄ | မွန်အမျိုးသားပါတီ | ၁၃ | ၁၂ | ၂၇ | ၁ | **၅၃** | |
| ၁၅ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | ၁၆ | ၈ | ၂၈ | - | **၅၂** | |
| ၁၆ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ | ၁၆ | ၈ | ၂၃ | - | **၄၇** | |
| ၁၇ | ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ | ၉ | ၁၃ | ၁၈ | ၄ | **၄၄** | |
| ၁၈ | ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) | ၂၈ | ၉ | ၄ | - | **၄၁** | |

## ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ

| စဉ် | ပါတီ/ တစ်သီးပုဂ္ဂလ | ကိုယ်စားလှယ်လောင်းအရေအတွက် | | | | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုး | | |
| ၁၉ | ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ | ၉ | ၆ | ၂၂ | - | ၃၇ | |
| ၂၀ | ဖက်ဒရယ်ပြည်ထောင်စုပါတီ | ၁၂ | ၃ | ၂၂ | - | ၃၇ | |
| ၂၁ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | ၇ | ၁၀ | ၁၆ | ၁ | ၃၄ | |
| ၂၂ | ကချင်ဒီမိုကရက်တစ်ပါတီ | ၈ | ၃ | ၂၁ | - | ၃၂ | |
| ၂၃ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉ | ၁ | ၁၇ | ၁ | ၂၈ | |
| ၂၄ | အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ | ၇ | ၃ | ၁၈ | - | ၂၈ | |
| ၂၅ | တအောင်း(ပလောင်) အမျိုးသားပါတီ | ၈ | ၃ | ၁၆ | - | ၂၇ | |
| ၂၆ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | ၇ | ၂ | ၁၇ | ၁ | ၂၇ | |
| ၂၇ | လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) | ၆ | ၉ | ၁၁ | - | ၂၆ | |
| ၂၈ | ကယားလူမျိုးစုဒီမိုကရေစီပါတီ | ၄ | ၁၀ | ၁၁ | ၁ | ၂၆ | |
| ၂၉ | ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇ | ၅ | ၁၂ | ၂ | ၂၆ | |
| ၃၀ | ခေတ်သစ်ပြည်သူ့ပါတီ | ၇ | - | ၁၈ | - | ၂၅ | |
| ၃၁ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ | ၆ | ၃ | ၁၁ | ၂ | ၂၂ | |
| ၃၂ | ချင်းတိုးတက်ရေးပါတီ | ၄ | ၅ | ၁၂ | ၁ | ၂၂ | |
| ၃၃ | လွှဘောင်သစ်ဒီမိုကရက်တစ်ပါတီ | ၇ | ၄ | ၉ | ၁ | ၂၁ | |
| ၃၄ | ကရင်အမျိုးသားပါတီ | ၄ | ၁ | ၁၂ | ၄ | ၂၁ | |
| ၃၅ | လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၆ | ၃ | ၁၂ | - | ၂၁ | |
| ၃၆ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | ၅ | ၂ | ၁၂ | - | ၁၉ | |
| ၃၇ | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၅ | ၃ | ၁၁ | - | ၁၉ | |
| ၃၈ | ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ | ၁ | ၂ | ၁၁ | ၃ | ၁၇ | |
| ၃၉ | "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | ၅ | ၁ | ၁၀ | - | ၁၆ | |
| ၄၀ | ရခိုင်မျိုးချစ်ပါတီ | ၅ | ၃ | ၈ | - | ၁၆ | |
| ၄၁ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | ၅ | ၁ | ၉ | - | ၁၅ | |
| ၄၂ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | ၇ | - | ၇ | - | ၁၄ | |
| ၄၃ | ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ. အ. မ. ဖ)ပါတီ | ၃ | ၂ | ၉ | - | ၁၄ | |
| ၄၄ | ကယန်းအမျိုးသားပါတီ | ၃ | ၂ | ၇ | ၁ | ၁၃ | |
| ၄၅ | ထားဝယ်တိုင်းရင်းသားများပါတီ | ၃ | ၃ | ၇ | - | ၁၃ | |
| ၄၆ | ကရင်ဒီမိုကရက်တစ်ပါတီ | ၃ | ၄ | ၅ | - | ၁၂ | |
| ၄၇ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၃ | ၃ | ၅ | ၁ | ၁၂ | |
| ၄၈ | "ဝ" ဒီမိုကရက်တစ်ပါတီ | ၄ | ၁ | ၆ | - | ၁၁ | |
| ၄၉ | ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ | ၃ | ၁ | ၇ | - | ၁၁ | |
| ၅၀ | မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ | ၅ | ၂ | ၄ | - | ၁၁ | |
| ၅၁ | အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ | ၄ | - | ၆ | - | ၁၀ | |
| ၅၂ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီကချင်ပြည်နယ်(စဒက) | ၁ | ၂ | ၆ | - | ၉ | |
| ၅၃ | ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | ၄ | ၄ | ၁ | ၉ | |
| ၅၄ | လွှဘောင်သစ်ပါတီ | ၅ | ၁ | ၃ | - | ၉ | |
| ၅၅ | ပြည်ထောင်စုဒီမိုကရေစီပါတီ | ၁ | ၂ | ၅ | - | ၈ | |
| ၅၆ | အရှိုချင်းအမျိုးသားပါတီ | ၂ | - | ၄ | ၂ | ၈ | |

## ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ

| စဉ် | ပါတီ/ တစ်သီးပုဂ္ဂလ | ကိုယ်စားလှယ်လောင်းအရေအတွက် | | | | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုး | | |
| ၅၇ | ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ | ၂ | ၁ | ၄ | - | ၇ | |
| ၅၈ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ | ၂ | ၂ | ၃ | - | ၇ | |
| ၅၉ | ခနုအမျိုးသားများအဖွဲ့ချုပ်ပါတီ | ၂ | ၁ | ၄ | - | ၇ | |
| ၆၀ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (မ. တ. ဖ. ပ) | ၁ | ၁ | ၄ | - | ၆ | |
| ၆၁ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၂ | - | ၄ | - | ၆ | |
| ၆၂ | တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ | - | ၂ | ၄ | - | ၆ | |
| ၆၃ | ပြည်သူ့ဒီမိုကရေစီပါတီ | ၁ | - | ၅ | - | ၆ | |
| ၆၄ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | - | ၄ | ၁ | ၆ | |
| ၆၅ | ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ | ၁ | ၁ | ၄ | - | ၆ | |
| ၆၆ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | ၁ | ၂ | ၁ | ၅ | |
| ၆၇ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂ | - | ၃ | - | ၅ | |
| ၆၈ | မြန်မာအမျိုးသားကွန်ဂရက်ပါတီ | ၂ | ၁ | ၂ | - | ၅ | |
| ၆၉ | ခူမီး(ခမီး)အမျိုးသားပါတီ | ၁ | ၂ | ၂ | - | ၅ | |
| ၇၀ | ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ | ၁ | ၁ | ၃ | - | ၅ | |
| ၇၁ | လမ်းပြကြယ်ပါတီ | ၁ | ၁ | ၃ | - | ၅ | |
| ၇၂ | စည်းလုံးညီညွတ်သောကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | - | ၂ | ၂ | ၁ | ၅ | |
| ၇၃ | မဟာမိတ်တောင်သူလယ်သမားပါတီ | ၂ | ၁ | ၂ | - | ၅ | |
| ၇၄ | ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ | ၃ | - | ၂ | - | ၅ | |
| ၇၅ | ဝံသာနုဒီမိုကရက်တစ်ပါတီ | - | - | ၄ | - | ၄ | |
| ၇၆ | ကမန်အမျိုးသားတိုးတက်ရေးပါတီ | ၁ | ၁ | ၂ | - | ၄ | |
| ၇၇ | မြို့အမျိုးသားဒီမိုကရေစီပါတီ | ၁ | ၂ | ၁ | - | ၄ | |
| ၇၈ | အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ | ၁ | - | ၂ | ၁ | ၄ | |
| ၇၉ | ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ | ၁ | ၁ | ၂ | - | ၄ | |
| ၈၀ | အမျိုးသမီးပါတီ (မွန်) | ၁ | ၃ | - | - | ၄ | |
| ၈၁ | မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ | ၂ | - | ၂ | - | ၄ | |
| ၈၂ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | - | - | ၃ | - | ၃ | |
| ၈၃ | ဗမာပြည်သူ့ပါတီ | - | - | ၂ | ၁ | ၃ | |
| ၈၄ | မြို့တိုင်းရင်းသားပါတီ | - | ၁ | ၂ | - | ၃ | |
| ၈၅ | ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ | - | - | ၃ | - | ၃ | |
| ၈၆ | အမျိုးသားတိုးတက်မြင့်မားရေးပါတီ | ၁ | ၁ | ၁ | - | ၃ | |
| ၈၇ | ခေတ်သစ်ပြည်ထောင်စုပါတီ | ၁ | - | ၂ | - | ၃ | |
| ၈၈ | ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ | - | ၁ | ၂ | - | ၃ | |
| ၈၉ | စေ့စပ်ညှိနှိုင်းရေးနှင့်  တည်ငြိမ်အေးချမ်းရေးပါတီ | ၁ | - | ၁ | - | ၂ | |
| ၉၀ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ | ၁ | - | - | - | ၁ | |
| ၉၁ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီ | - | - | - | - | - | |
| ၉၂ | တစ်သီးပုဂ္ဂလ | ၉၀ | ၄၂ | ၁၅၂ | ၂၆ | ၃၁၀ | |
| | **စုစုပေါင်း** | **၁၇၃၃** | **၈၈၆** | **၃၂၅၈** | **၁၆၁** | **၆၀၃၈** | |

လွှတ်တော်တွင် (တိုင်းရင်းသားလူမျိုးအပါအဝင်) လွှတ်တော်ကိုယ်စားလှယ်လောင်း (၃,၄၁၉) ဦး စုစုပေါင်း (၆,၀၃၈) ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ (၂၂) ပါတီနှင့် တစ်သီးပုဂ္ဂလမှ အနိုင်ရရှိခဲ့သော လွှတ်တော်ကိုယ်စားလှယ်ဦးရေစာရင်းမှာ ပြည်သူ့လွှတ်တော်တွင် (၃၂၃) ဦး၊ အမျိုးသားလွှတ်တော်တွင် (၁၆၈) ဦး၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တွင် (တိုင်းရင်းသားလူမျိုးအပါအဝင်) (၆၅၉) ဦး စုစုပေါင်း (၁,၁၅၀) ဦး အနိုင်ရရှိခဲ့ကြသည်။

၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် တစ်သီးပုဂ္ဂလနှင့် နိုင်ငံရေးပါတီ (၁၁) ပါတီမှ အနိုင်ရရှိခဲ့သော တိုင်းဒေသကြီး/ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်စာရင်းကို ဇယား (၃) တွင် ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်အတွက် တစ်သီးပုဂ္ဂလနှင့် နိုင်ငံရေးပါတီ (၉) ပါတီမှ အနိုင်ရရှိခဲ့သော တိုင်းဒေသကြီး/ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်စာရင်းကို ဇယား (၄) တွင် ဖော်ပြထားသည်။

**ဇယား (၂)**

**ပါတီအလိုက် အနိုင်ရရှိခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်စာရင်းချုပ်**

| စဉ် | ပါတီ/ တစ်သီးပုဂ္ဂလ | ကိုယ်စားလှယ်အရေအတွက် | | | | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုး | | |
| ၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၅၅ | ၁၃၅ | ၄၇၅ | ၂၁ | ၈၈၆ | |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀ | ၁၁ | ၇၄ | ၂ | ၁၁၇ | |
| ၃ | ရခိုင်အမျိုးသားပါတီ | ၁၂ | ၁၀ | ၂၂ | ၁ | ၄၅ | |
| ၄ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၂ | ၃ | ၂၅ | - | ၄၀ | |
| ၅ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ | ၂ | ၇ | - | ၁၂ | |
| ၆ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ | ၃ | ၁ | ၆ | - | ၁၀ | |
| ၇ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂ | ၂ | ၂ | - | ၆ | |
| ၈ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | ၂ | - | ၂ | ၁ | ၅ | |
| ၉ | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၁ | - | ၃ | - | ၄ | |
| ၁၀ | ‘ဝ’ ဒီမိုကရက်တစ်ပါတီ | ၁ | - | ၂ | - | ၃ | |
| ၁၁ | မွန်အမျိုးသားပါတီ | - | ၁ | ၂ | - | ၃ | |
| ၁၂ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ | ၂ | |
| ၁၃ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၁ | - | ၁ | - | ၂ | |
| ၁၄ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ(T.N.D.P) | - | - | ၁ | ၁ | ၂ | |
| ၁၅ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | - | ၁ | - | - | ၁ | |
| ၁၆ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | - | - | ၁ | - | ၁ | |
| ၁၇ | ကရင်ပြည်သူ့ပါတီ | - | - | ၁ | - | ၁ | |
| ၁၈ | ‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | - | - | ၁ | - | ၁ | |
| ၁၉ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | - | - | ၁ | - | ၁ | |
| ၂၀ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | ၁ | - | ၁ | |
| ၂၁ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက) | - | - | ၁ | - | ၁ | |
| ၂၂ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | - | ၁ | ၁ | |
| ၂၃ | တစ်သီးပုဂ္ဂလ | ၁ | ၂ | ၁ | ၁ | ၅ | |
| | **စုစုပေါင်း** | ၃၂၃ | ၁၆၈ | ၆၃၀ | ၂၉ | ၁၁၅၀ | |

## ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ

### ဇယား (၃)
### ပါတီအလိုက်အနိုင်ရရှိခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်း

| စဉ် | ပါတီ/ တစ်သီးပုဂ္ဂလ | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၂ | ၆ | ၆ | ၇ | ၃၆ | ၁၀ | ၂၇ | ၂၅ | ၃၁ | ၁၀ | ၄ | ၄၄ | ၁၂ | ၂၅ | **၂၂၅** |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃ | ၁ | ၁ | - | ၁ | - | ၁ | - | ၅ | - | ၁ | ၁ | ၁၅ | ၁ | **၃၀** |
| ၃ | ရခိုင်အမျိုးသားပါတီ | - | - | - | - | - | - | - | - | - | - | ၁၂ | - | - | - | **၁၂** |
| ၄ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၁၂ | - | **၁၂** |
| ၅ | တအာင်း(ပလောင်)အမျိုးသားပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၃ | - | **၃** |
| ၆ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၃ | - | **၃** |
| ၇ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | - | ၂ | - | - | - | - | - | - | - | - | - | - | **၂** |
| ၈ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | ၂ | - | - | - | - | - | - | - | - | - | - | - | - | - | **၂** |
| ၉ | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၁ | - | - | - | - | - | - | - | - | - | - | - | - | - | **၁** |
| ၁၀ | ‘ဝ’ ဒီမိုကရက်တစ်ပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | **၁** |
| ၁၁ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | **၁** |
| ၁၂ | တစ်သီးပုဂ္ဂလ | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | **၁** |
| | **စုစုပေါင်း** | ၁၈ | ၇ | ၇ | ၉ | ၃၇ | ၁၀ | ၂၈ | ၂၅ | ၃၆ | ၁၀ | ၁၇ | ၄၅ | ၄၈ | ၂၆ | ၃၂၃ |

### ဇယား (၄)
### ပါတီအလိုက်အနိုင်ရရှိခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များစာရင်း

| စဉ် | ပါတီ/ တစ်သီးပုဂ္ဂလ | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၀ | ၉ | ၁၀ | ၉ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၀ | ၁၁ | ၁ | ၁၂ | ၃ | ၁၂ | **၁၃၅** |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | - | ၂ | ၂ | ၁ | - | - | - | - | ၂ | - | ၁ | - | ၃ | - | **၁၁** |
| ၃ | ရခိုင်အမျိုးသားပါတီ | - | - | - | - | - | - | - | - | - | - | ၁၀ | - | - | - | **၁၀** |
| ၄ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၃ | - | **၃** |
| ၅ | တအာင်း(ပလောင်)အမျိုးသားပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၂ | - | **၂** |
| ၆ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | **၁** |
| ၇ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | - | ၂ | - | - | - | - | - | - | - | - | - | - | **၂** |
| ၈ | မွန်အမျိုးသားပါတီ | - | - | - | - | - | - | - | - | - | ၁ | - | - | - | - | **၁** |
| ၉ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁ | - | - | - | - | - | - | - | - | - | - | - | - | - | **၁** |
| ၁၀ | တစ်သီးပုဂ္ဂလ | ၁ | ၁ | - | - | - | - | - | - | - | - | - | - | - | - | **၂** |
| | **စုစုပေါင်း** | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၆၈ |

## ဇယား (၅)
## ပါတီအလိုက်အနိုင်ရရှိခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစာရင်း

| စဉ် | ပါတီ/ တစ်သီးပုဂ္ဂလ | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၂ | ၁၁ | ၁၀ | ၁၂ | ၆၈ | ၂၀ | ၅၄ | ၅၀ | ၄၇ | ၁၆ | ၈ | ၈၇ | ၂၁ | ၄၉ | **၄၇၅** |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇ | ၃ | ၃ | ၄ | ၅ | - | ၂ | - | ၈ | ၁ | ၃ | ၃ | ၃၂ | ၃ | **၇၄** |
| ၃ | ရခိုင်အမျိုးသားပါတီ | - | - | - | - | - | - | - | - | - | - | ၂၂ | - | - | - | **၂၂** |
| ၄ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ | - | - | - | - | - | - | - | - | - | - | - | ၂၄ | - | **၂၅** |
| ၅ | တအာင်း(ပလောင်)အမျိုးသားပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၇ | - | **၇** |
| ၆ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၆ | - | **၆** |
| ၇ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | - | ၂ | - | - | - | - | - | - | - | - | - | - | **၂** |
| ၈ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | ၂ | - | - | - | - | - | - | - | - | - | - | - | - | - | **၂** |
| ၉ | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၃ | - | - | - | - | - | - | - | - | - | - | - | - | - | **၃** |
| ၁၀ | 'ဝ' ဒီမိုကရက်တစ်ပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၂ | - | **၂** |
| ၁၁ | မွန်အမျိုးသားပါတီ | - | - | - | - | - | - | - | - | - | ၂ | - | - | - | - | **၂** |
| ၁၂ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | **၁** |
| ၁၃ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | **၁** |
| ၁၄ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P) | - | - | - | - | ၁ | - | - | - | - | - | - | - | - | - | **၁** |
| ၁၅ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | - | - | - | - | - | - | - | - | ၁ | - | - | - | - | - | **၁** |
| ၁၆ | ကရင်ပြည်သူ့ပါတီ | - | - | ၁ | - | - | - | - | - | - | - | - | - | - | - | **၁** |
| ၁၇ | 'ဝ'အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | **၁** |
| ၁၈ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | - | - | - | - | - | - | - | - | - | ၁ | - | - | - | - | **၁** |
| ၁၉ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | **၁** |
| ၂၀ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) | ၁ | - | - | - | - | - | - | - | - | - | - | - | - | - | **၁** |
| ၂၁ | တစ်သီးပုဂ္ဂလ | - | - | - | - | - | - | - | - | - | - | ၁ | - | - | - | **၁** |
| | **စုစုပေါင်း** | ၃၆ | ၁၄ | ၁၄ | ၁၈ | ၇၄ | ၂၀ | ၅၆ | ၅၀ | ၅၆ | ၂၀ | ၃၄ | ၉၀ | ၉၆ | ၅၂ | ၆၃၀ |

## ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ

### ဇယား (၆)
### ပါတီအလိုက်အနိုင်ရရှိခဲ့သည့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များစာရင်း

| စဉ် | ပါတီ/ တစ်သီးပုဂ္ဂလ | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄ | - | ၃ | - | ၁ | ၁ | ၁ | ၁ | ၁ | ၃ | ၁ | ၁ | ၂ | ၂ | **၂၁** |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | - | ၁ | - | - | - | - | - | - | - | - | - | - | ၁ | - | **၂** |
| ၃ | ရခိုင်အမျိုးသားပါတီ | - | - | - | - | - | - | - | - | - | - | - | ၁ | - | - | **၁** |
| ၄ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | |
| ၅ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | **၁** |
| ၆ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P) | - | - | - | - | ၁ | - | - | - | - | - | - | - | - | - | **၁** |
| ၇ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | **၁** |
| ၈ | တစ်သီးပုဂ္ဂလ | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | **၁** |
| | **စုစုပေါင်း** | ၄ | ၁ | ၃ | - | ၂ | ၁ | ၁ | ၁ | ၁ | ၃ | ၁ | ၂ | ၇ | ၂ | **၂၉** |

### ဇယား (၇)
### ပါတီအလိုက်အနိုင်ရရှိခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များစာရင်း

| စဉ် | ပါတီ/ တစ်သီးပုဂ္ဂလ | ပြည်သူ့လွှတ်တော် | | ပေါင်း | အမျိုးသားလွှတ်တော် | | ပေါင်း | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | | ပေါင်း | တိုင်းရင်းသား လူမျိုးလွှတ်တော် | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | | အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | | အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | | အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | |
| ၁ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၂၁၇ | ၃၈ | **၂၅၅** | ၁၁၅ | ၂၀ | **၁၃၅** | ၄၀၅ | ၇၀ | **၄၇၅** | ၁၇ | ၄ | **၂၁** |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၀ | - | **၃၀** | ၁၀ | ၁ | **၁၁** | ၇၂ | ၂ | **၇၄** | ၂ | - | **၂** |
| ၃ | ရခိုင်အမျိုးသားပါတီ | ၁၁ | ၁ | **၁၂** | ၉ | ၁ | **၁၀** | ၂၂ | - | **၂၂** | ၁ | - | **၁** |
| ၄ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၀ | ၂ | **၁၂** | ၃ | - | **၃** | ၂၀ | ၅ | **၂၅** | - | - | **-** |
| ၅ | တအာင်း (ပလောင်) အမျိုးသားပါတီ | ၂ | ၁ | **၃** | ၂ | - | **၂** | ၇ | - | **၇** | - | - | **-** |
| ၆ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ | ၃ | - | **၃** | ၁ | - | **၁** | ၆ | - | **၆** | - | - | **-** |
| ၇ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂ | - | **၂** | ၁ | ၁ | **၂** | ၂ | - | **၂** | - | - | **-** |
| ၈ | လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | ၂ | - | **၂** | - | - | **-** | ၁ | ၁ | **၂** | ၁ | - | **၁** |

## ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ

| စဉ် | ပါတီ/ တစ်သီးပုဂ္ဂလ | ပြည်သူ့လွှတ်တော် | | ပေါင်း | အမျိုးသားလွှတ်တော် | | ပေါင်း | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | | ပေါင်း | တိုင်းရင်းသား လူမျိုးလွှတ်တော် | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | | အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | | အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | | အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ် အရေအတွက် | |
| ၉ | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၁ | - | **၁** | - | - | **-** | ၂ | ၁ | **၃** | - | - | **-** |
| ၁၀ | ‘ဝ’ ဒီမိုကရက်တစ်ပါတီ | ၁ | - | **၁** | - | - | **-** | ၂ | - | **၂** | - | - | **-** |
| ၁၁ | မွန်အမျိုးသားပါတီ | - | - | **-** | ၁ | - | **၁** | ၂ | - | **၂** | - | - | **-** |
| ၁၂ | လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | **-** | - | - | **-** | ၁ | - | **၁** | ၁ | - | **၁** |
| ၁၃ | ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ | ၁ | - | **၁** | - | - | **-** | ၁ | - | **၁** | - | - | **-** |
| ၁၄ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P) | - | - | **-** | - | - | **-** | ၁ | - | **၁** | - | ၁ | **၁** |
| ၁၅ | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | - | - | **-** | ၁ | - | **၁** | - | - | **-** | - | - | **-** |
| ၁၆ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | - | - | **-** | - | - | **-** | ၁ | - | **၁** | - | - | **-** |
| ၁၇ | ကရင်ပြည်သူ့ပါတီ | - | - | **-** | - | - | **-** | ၁ | - | **၁** | - | - | **-** |
| ၁၈ | ‘ဝ’အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ | - | - | **-** | - | - | **-** | ၁ | - | **၁** | - | - | **-** |
| ၁၉ | မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ | - | - | **-** | - | - | **-** | ၁ | - | **၁** | - | - | **-** |
| ၂၀ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | - | - | **-** | - | - | **-** | ၁ | - | **၁** | - | - | **-** |
| ၂၁ | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက) | - | - | **-** | - | - | **-** | ၁ | - | **၁** | - | - | **-** |
| ၂၂ | အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | **-** | - | - | **-** | - | - | **-** | ၁ | - | **၁** |
| ၂၃ | တစ်သီးပုဂ္ဂလ | ၁ | - | **၁** | ၂ | - | **၂** | ၁ | - | **၁** | ၁ | - | **၁** |
| | **စုစုပေါင်း** | **၂၈၁** | **၄၂** | **၃၂၃** | **၁၄၅** | **၂၃** | **၁၆၈** | **၅၅၁** | **၇၉** | **၆၃၀** | **၂၄** | **၅** | **၂၉** |

၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တစ်သီးပုဂ္ဂလနှင့် နိုင်ငံရေးပါတီ (၂၀) ပါတီမှ အနိုင်ရရှိခဲ့သော တိုင်းဒေသကြီး/ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ် စာရင်းကို ဇယား (၅) တွင် ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တိုင်းရင်းသားလူမျိုးလွှတ်တော် အတွက် တစ်သီးပုဂ္ဂလနှင့် နိုင်ငံရေးပါတီ (၇) ပါတီမှ အနိုင်ရရှိခဲ့သော တိုင်းဒေသကြီး/ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်စာရင်းကို ဇယား (၆) တွင် ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ (၂၂) ပါတီနှင့် တစ်သီးပုဂ္ဂလမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၀၀၁) ဦးနှင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် (၁၄၉) ဦးတို့ အနိုင်ရရှိခဲ့ရာ အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်းမှာ ၁၂ ဒသမ ၉၆ ရာခိုင်နှုန်းဖြစ်သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်စာရင်းချုပ်ကို ဇယား (၇)တွင် ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် အထွေထွေ ရွေးကောက်ပွဲကြီးကို တည်ငြိမ်အေးချမ်းစွာ အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့ပြီးဖြစ်သည်။ ကော်မရှင်သည် အခြား Stateholder များဖြစ်ကြသည့် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများအသီးသီးက တာဝန်ရှိမှု၊ တာဝန်သိတတ်မှု၊ တာဝန်ခံမှုများကို အလေးထားကာ ပွင့်လင်းမြင်သာစွာဖြင့် သက်ဆိုင်ရာ တာဝန်များကို ကျေပွန်စွာဆောင်ရွက်ခဲ့ခြင်းကြောင့် လည်းကောင်း လွတ်လပ်၍တရားမျှတပြီး အများ ယုံကြည်လက်ခံသော ရွေးကောက်ပွဲကြီးဖြစ်ပေသည်။

**စိုင်းကျော်သူ**

**ဒေသတွင်းထိပ်သီးအစည်းအဝေးများ (၂၀၁၅)**။ ။ အာရှ-အာဖရိက မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ခြင်း (၁၀) နှစ်ပြည့် အထိမ်းအမှတ် ထိပ်သီးညီလာခံဖွင့်ပွဲနှင့် မျက်နှာစုံညီအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ ကွန်ဗင်းရှင်းစင်တာ၌ ဧပြီလ ၂၂ ရက်တွင် ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ မစ္စတာဂျိုကိုဝီဒိုဒို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရိန္ဒြာမိုဒီ၊ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်မစ္စတာနာဝပ်ရှာရစ်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာရီဟာဆာနာဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ ဗီယက်နမ်နိုင်ငံသမ္မတ ငုယင်တန်ဇွန်း၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာပရာယုချန်အိုချာ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ အယ်လ်ဂျီးရီးယားနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ တောင်အာဖရိကနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်တို့မှ နိုင်ငံ့ခေါင်းဆောင်များ တက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အာရှ-အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက မိန့်ခွန်းပြောကြားခဲ့ကြသည်။

ထို့နောက် အာရှ-အာဖရိကထိပ်သီးညီလာခံ မျက်နှာစုံညီအစည်းအဝေးကို စတင်ကျင်းပရာ ပထမနေ့တွင် ဆွေးနွေးမှုများ သုံးကြိမ်တိုင်တိုင်ပြုလုပ်ခဲ့သည်။

ထိပ်သီးညီလာခံ ဒုတိယနေ့မျက်နှာစုံညီ အစည်းအဝေးကို ဂျကာတာမြို့၌ ဧပြီလ ၂၃ ရက်တွင် ဆက်လက်ကျင်းပသည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာရှ-အာဖရိက နိုင်ငံများမှ ခေါင်းဆောင်များတက်ရောက်ကြသည်။

အာရှ-အာဖရိက ထိပ်သီးညီလာခံ ပိတ်ပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင်ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ ယင်းနောက် ထိပ်သီးညီလာခံသို့ တက်ရောက်လာသည့်နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက ဘန်ဒေါင်းအခြေခံမူများကို မူတည်၍ သက်ဆိုင်ရာမိတ်ဖက်နိုင်ငံများနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါထိပ်သီးညီလာခံတွင် ဘန်ဒေါင်းကြေညာချက် (Bandung Message 2015)၊ အာရှ-အာဖရိကတိုက် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကြေညာချက် (Re-invigorating the New Strategic Partnership)၊ ပါလက်စတိုင်းနိုင်ငံကို လွတ်လပ်သော နိုင်ငံအဖြစ် အသိအမှတ်ပြုရေးဆိုင်ရာကြေညာချက် (Declaration on Palestine) တို့ကို အတည်ပြုထုတ်ပြန်နိုင်ခဲ့သည်။

နှစ် (၆၀) ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံကို ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်ကြွယ်ဝချမ်းသာမှု မြှင့်တင်ရန်၊ အာရှ-အာဖရိက ပူးပေါင်းဆောင်ရွက်မှု

ခိုင်မာအားကောင်းစေရန် ရည်ရွယ်ချက်များဖြင့် အင်ဒိုနီးရှားနိုင်ငံ၊ ဘန်ဒေါင်းမြို့ရှိ အာရှ-အာဖရိက ထိပ်သီးညီလာခံပြတိုက်၌ ဧပြီလ ၂၄ ရက်တွင် ကျင်းပသည်။ ညီလာခံသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာရှ-အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုက မိန့်ခွန်းပြောကြားသည်။ ထို့နောက် အာဖရိကနိုင်ငံများကိုယ်စား ဇင်ဘာဘွေနိုင်ငံသမ္မတ ရောဘတ်မူဂါဘီ၊ အာရှနိုင်ငံများကိုယ်စား နိုင်ငံတော်သမ္မတဦးသိန်းစိန်တို့က မိန့်ခွန်းပြောကြားသည်။ ဆက်လက်၍ လေ့လာသူနိုင်ငံများကိုယ်စား ဗင်နီဇွဲလား နိုင်ငံ ဒုတိယသမ္မတ မစ္စတာဟော်ဟဲယားရစ်ဇာက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဆွာဇီလန်ဘုရင် တတိယမြောက် ဆွာတီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုတို့က ဘန်ဒေါင်းကြေညာချက်ကို လက်မှတ်ရေးထိုးသည်။

(၁၂) ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှုဖိုရမ်ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Mandarian Oriental ဟိုတယ်၊ Sapphire Ballroom ၌ ဧပြီလ ၂၆ ရက်တွင် ကျင်းပသည်။ ဖိုရမ်သို့ အာဆီယံခေါင်းဆောင်မှုဖိုရမ်ဥက္ကဋ္ဌ တန်ဆရီမိုက်ကယ်ယို၊ မလေးရှားနိုင်ငံ ပီရက်ပြည်နယ်စော်ဘွား HRH Sultan of Perak Darul Rid zuan, Sultan Nazrin Muizzuddin Shah၊ နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ ဖိလစ်ပိုင်နိုင်ငံသမ္မတကိုယ်စား ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ တာဝန်ရှိသူများတက်ရောက်သည်။

အာဆီယံခေါင်းဆောင်မှုဖိုရမ်ဥက္ကဋ္ဌ တန်ဆရီမိုက်ကယ်ယိုက အဖွင့်အမှာစကားပြောကြားပြီး မလေးရှားနိုင်ငံ ပီရက်ပြည်နယ်စော်ဘွားက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ ထို့နောက် အာဆီယံခေါင်းဆောင်မှုဖိုရမ်ဥက္ကဋ္ဌက ပီရက်ပြည်နယ်စော်ဘွားကို ASEAN Lifetime Achievement Awards ဆုပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် အလှည့်ကျအာဆီယံဥက္ကဋ္ဌ၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်ကိုယ်စား ပီရက်ပြည်နယ်စော်ဘွားက (၁၂) ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှုဖိုရမ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မောင်းသုံးချက်ထု၍ ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် မလေးရှား နိုင်ငံဝန်ကြီးချုပ်ထံမှ ပေးပို့သည့် အထူးသဝဏ်လွှာကို မလေးရှားနိုင်ငံဝန်ကြီးချုပ်ရုံးဝန်ကြီး Sri Abdul Wahid Omar ကဖတ်ကြားခဲ့သည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့အမှုဆောင်အရာရှိချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံသမ္မတကိုယ်စား ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးတို့က မိန့်ခွန်းပြောကြားခဲ့ကြသည်။

(၂၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို မလေးရှားနိုင်ငံ ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ဧပြီလ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဇနီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့်အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတွတ်ဆရီမူဟာမက်နာဂျစ်ဆင်တွန်းအဗ္ဗဒူလ်ရာဇတ်က အဖွင့်မိန့်ခွန်းပြောကြားသည်။ အာဆီယံထိပ်သီးအစည်းအဝေး မျက်နှာစုံညီအစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ဆက်လက်ကျင်းပသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် အာဆီယံ Inter Parliamentary Assembly မှ ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီနှင့်လည်းကောင်း၊ အာဆီယံလူငယ်ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

(၂၆) ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးကို မလေးရှားနိုင်ငံ လန်ကာဝီကွန်ဗင်းရှင်းစင်တာ၌ ဧပြီလ ၂၇ ရက် ည ၇ နာရီတွင် ကျင်းပရာ အာဆီယံနိုင်ငံခေါင်းဆောင်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အစွန်းရောက်ဝါဒကို ဆန့်ကျင်ကာ အလယ်အလတ်လှုပ်ရှားမှုများကို အားပေးနိုင်ရေးအတွက် (Global Movement of Moderates) လန်ကာဝီကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့သည်။

ယင်းနောက် (၂၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနားကို ကျင်းပရာ မလေးရှားနိုင်ငံဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ပိတ်သိမ်းလိုက်သည်။

(၇) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးကို ဇွန်လ ၂၂ ရက်တွင် မြန်မာနိုင်ငံနေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ပတ္တမြားခန်းမ၌ ကျင်းပသည်။ ထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်၊ စီအယ်လ်အမ်ဗွီနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ထို့နောက် (၆) ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးထုတ်ပြန်ကြေညာချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး (၈) ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေး ဆက်လက်ကျင်းပမည့် အစီအစဉ်များကို ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းက ဆွေးနွေးသည်။

(၇) ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့်စပ်လျဉ်းသည့် ပူးတွဲကြေညာချက်ကိုထုတ်ပြန်ရာတွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ စိုက်ပျိုးရေး၊ စက်မှု၊ စွမ်းအင်နှင့် ဆက်သွယ်ရေးကဏ္ဍ၊ သတင်းအချက်အလက်ဆက်သွယ်ရေးနှင့်နည်းပညာ၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်မှုကို အားပေးသွားရန် သဘောတူညီခဲ့ကြသည်။

(၆) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာအက်စမတ်စ်ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၃ ရက် နံနက် ၈ နာရီတွင် မြန်မာနိုင်ငံ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) ကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာပရာယုချန်အိုချာနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ အက်စမတ်စ်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်မိန့်ခွန်း ပြောကြားသည်။ ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားခဲ့ကြသည်။

နံနက် ၉ နာရီ ၁၅ မိနစ်တွင် ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ အက်စမတ်စ်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီး

အကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

ထိပ်သီးအစည်းအဝေးတွင် (၆) ကြိမ်မြောက် အက်စမတ်စ်ထိပ်သီးအစည်းအဝေး နေပြည်တော် ကြေညာချက်ထုတ်ပြန်၍ ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာများနှင့် ရှေ့လုပ်ငန်းစဉ် ၂၀၁၆-၂၀၁၈ ကို အတည်ပြုသည်။ ထို့နောက် (၇) ကြိမ်မြောက် အက်စမတ်စ်ထိပ်သီးအစည်းအဝေး ဆက်လက်ကျင်းပမည့်အစီအစဉ်များကို ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာပရာယုချန်အိုချာက ဆွေးနွေးပြောကြားပြီး (၆) ကြိမ်မြောက် အက်စမတ်စ် ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆက်လက်ဆွေးနွေးပြောကြားခဲ့သည်။

အက်စမတ်စ်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့်အဖွဲ့ဝင်ငါးနိုင်ငံမှ အက်စမတ်စ်ပူးတွဲစီးပွားရေးကောင်စီအဖွဲ့ဝင်များတွေ့ဆုံပွဲကို ဇွန်လ ၂၃ ရက်၊ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) ပတ္တမြားခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် အက်စမက်စ်ပူးတွဲစီးပွားရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ကမ္ဘောဒီးယားဝန်ကြီးချုပ်၊ လာအိုဝန်ကြီးချုပ်၊ ထိုင်းဝန်ကြီးချုပ်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့က ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်စကားပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့သည်။

(၇) ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးကို ဇူလိုင်လ ၄ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်ခဲ့သည်။ အစည်းအဝေးသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇို အာဘေး၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာပရာယုချန်အိုချာ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများမှဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေးသို့တက်ရောက်လာကြသည့် ခေါင်းဆောင်များက မိန့်ခွန်းပြောကြားခဲ့ကြသည်။

အဆိုပါထိပ်သီးအစည်းအဝေးတွင် တိုကျိုမဟာဗျူဟာ ၂၀၁၅ ကို ချမှတ်ကာ မဏ္ဍိုင်လေးရပ်ပူးပေါင်းဆောင်ရွက်မှုများအဖြစ် စက်မှုအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းသောမဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မဲခေါင်ဒေသတွင်းနိုင်ငံများနှင့်သက်ဆိုင်သူများအကြား ညှိနှိုင်းဆောင်ရွက်သွားရေးတို့ကို အတည်ပြုနိုင်ခဲ့သည်။

ဆက်လက်၍ မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ် ဘောလုံးလက်ဆောင်ပေးအပ်ပွဲအခမ်းအနားကျင်းပရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်အတူ မဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများက ဘောလုံးပေါ်တွင် အမှတ်တရလက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာနိုင်ငံအလိုက် အသင်းအဖွဲ့ခေါင်းဆောင်များထံ ဘောလုံးများပေးအပ်ခဲ့သည်။

ဂျပန်-မြန်မာထိပ်သီးအစည်းအဝေးကို ဇူလိုင်လ ၄ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် တိုကျိုနိုင်ငံတော်ဧည့်ဂေဟာ၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးနှင့်ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သီလဝါအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်မှုနှင့် သီလဝါအထူးစီးပွားရေးဇုန်၏ အောင်မြင်မှုကို အခြေခံပြီး ထားဝယ်အထူးစီးပွားရေးဇုန်




**(၇) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးတက်ရောက်လာသည့် နိုင်ငံအကြီးအကဲများကို တွေ့ရစဉ်**

အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝ ပတ်ဝန်းကျင်မထိခိုက်စေဘဲ ကျောက်မီးသွေးသုံးလျှပ်စစ် ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေးအတွက် ဂျပန်နိုင်ငံ၏ နည်းပညာအကူအညီရယူဆောင်ရွက်ရေး၊ ရန်ကုန်မြို့ပတ်ရထားလမ်းနှင့် ရန်ကုန်-နေပြည်တော်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်နိုင်ရေး၊ ရန်ကုန်မြို့တော် အများပြည်သူခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ တိုးမြှင့်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာများဖြေရှင်းနိုင်ရေး၊ လယ်ယာထွက်ကုန်များကို တန်ဖိုးမြှင့်နိုင်ရေးအတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်လေ့ကျင့်ရေးသင်တန်းကျောင်းများ၊ ဘဏ္ဍာရေးဆိုင်ရာသင်တန်းများ အပါအဝင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အာရှဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုရီးယားကျွန်းဆွယ်တည်ငြိမ်အေးချမ်းရေး၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ထို့နောက် ဂျပန်-မြန်မာ ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပရာ နိုင်ငံတော်သမ္မတက သီလဝါအထူးစီးပွားရေးဇုန်ကို လာမည့်စက်တင်ဘာလအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်ထားပြီး ထားဝယ်အထူးစီးပွားရေးဇုန်ကိုလည်း မြန်မာ-ထိုင်း-ဂျပန် ပူးပေါင်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာ၌ အရင်းအနှီး၊ နည်းပညာနှင့်လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များစွာရှိနေသည့်အတွက် ဂျပန်နိုင်ငံက ပူးပေါင်းကူညီဆောင်ရွက်ရန် ဖိတ်ခေါ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ထားဝယ်အထူးစီးပွားရေးဇုန် MOI လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာပရာယုချန်အိုချာ၊ ဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များတက်ရောက်ကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟံစိန်၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr.Nakane နှင့် ထိုင်းနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr.Arkhom တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

(၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို နိုဝင်ဘာလ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားကို Plenary Hall ၌ ကျင်းပရာ မလေးရှားနိုင်ငံဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခဲ့သည်။

ယင်းနောက် မျက်နှာစုံညီအစည်းအဝေးကို Conference Hall 2 ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတွက်ဆရီ မူဟာမက်နာဂျစ်ဘင်တွန်းအဗ္ဗဒူရာဇတ်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ အစိုးရအဖွဲ့အကြီးအကဲများက မိန့်ခွန်းပြောကြားခဲ့ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က "မြန်မာနိုင်ငံတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့အကြား တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်ခဲ့ပါကြောင်း၊ နိုဝင်ဘာလ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲကို တရားမျှတပြီး ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုပြီး အေးအေးချမ်းချမ်းဖြင့် အသွင်ကူးပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဘန်ကောက်မြို့၊ ပဲရစ်မြို့နှင့် မာလီနိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းနှင့် အပြစ်မဲ့ပြည်သူများ သေကျေခဲ့သည့်အတွက် ဝမ်းနည်းပါကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လူကုန်ကူးမှုဆန့်ကျင်ရေး အာဆီယံကွန်ဗင်းရှင်း (ACTIP) လက်မှတ်ရေးထိုးပွဲကို ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများက ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ACTIP ၏ ဦးတည်ချက်များမှာ အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် လူကုန်ကူးမှုကို ထိရောက်စွာ တားဆီးတိုက်ဖျက်ရန်နှင့် လူကုန်ကူးသူများကို တရားမျှတ၍ ထိရောက်သောပြစ်ဒဏ်များပေးရန်၊ လူကုန်ကူးခံရသူများ၏ လူ့အခွင့်အရေးများကို အပြည့်အဝလေးစားကာ ကာကွယ်စောင့်ရှောက်ရန်နှင့် ကူညီပေးရန်၊ ထိုဦးတည်ချက်များပြည့်မီစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်တို့ဖြစ်သည်။

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တွင် (၁၈) ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် (၁၃) ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးကိုလည်းကောင်း၊ ညနေ ၃နာရီခွဲတွင် (၁၈) ကြိမ်မြောက် အာဆီယံအပေါင်းသုံးထိပ်သီးအစည်းအဝေးကိုလည်းကောင်း၊ ညနေ ၅နာရီ ၄၅ မိနစ်တွင် တတိယအကြိမ်မြောက် အာဆီယံ-အမေရိကန်ထိပ်သီးအစည်းအဝေးကိုလည်းကောင်း Conference Hall (1) ၌ ကျင်းပခဲ့သည်။

နိုဝင်ဘာလ ၂၂ ရက် ဒေသစံတော်ချိန်နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အာဆီယံအသိုက်အဝန်း (ASEAN Community) ထူထောင်ခြင်းဆိုင်ရာ ၂၀၁၅ ခုနှစ် ကွာလာလမ်ပူကြေညာချက်နှင့် Forging Ahead Together ဟူသည့် အာဆီယံ ၂၀၂၅ ခုနှစ် ကွာလာလမ်ပူကြေညာချက် လက်မှတ်ရေးထိုးပွဲကို ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများက လက်မှတ်ရေးထိုးခဲ့ကြသည်။ အာဆီယံအသိုက်အဝန်းတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာအသိုက်အဝန်း (APSC) နှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်း (ASCC) တို့ပါဝင်ပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်သည်။

ဆက်လက်၍ Comprehensive Economic Co-opreation Between ASEAN and the People's Repblic of China ပူးတွဲထုတ်ပြန်ချက်ကို အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ တရုတ်နိုင်ငံဝန်ကြီးချုပ်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီ တွင် အာဆီယံ-နယူးဇီလန် နှစ် (၄၀) ပြည့် အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးကိုလည်းကောင်း၊ နံနက် ၁၁ နာရီတွင် (၁၀) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးကိုလည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် (၁၈) ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးကိုလည်းကောင်း၊

ညနေ ၄ နာရီ ၄၅ မိနစ်တွင် (၁၇) ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေးကို လည်းကောင်း၊ ညနေ ၆ နာရီတွင် (၇) ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂထိပ်သီးအစည်းအဝေးကို လည်းကောင်း ကွာလာလမ်ပူကွန်ဗင်းရှင်းစင်တာ၌ ကျင်းပခဲ့သည်။

(၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၂ ရက် ည ၇နာရီတွင် ကွာလာလမ်ပူကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အာဆီယံ နိုင်ငံများမှ ခေါင်းဆောင်များ၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် မစ္စတာနာဂျစ်ရာဇာတ်က မိန့်ခွန်းပြောကြားရာတွင် "နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အနေဖြင့် မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ညင်သာချောမွေ့စွာ ဆောင်ရွက်ခဲ့သည့် ခေါင်းဆောင်မှုအပေါ် ချီးကျူးပါကြောင်း" ထည့်သွင်း ပြောကြားခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ်က ၂၀၁၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူမည့် လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်ထံ အာဆီယံဥက္ကဋ္ဌ၏ အဆောင်အယောင်တူငယ်ကို လွှဲပြောင်းပေးအပ်သည်။

**စိုးအောင်**

**နိုဘယ်ဆု**။ ။ **ဆေးပညာဆိုင်ရာ နိုဘယ်ဆု** - နော်ဝေနိုင်ငံရှိ နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ၂၀၁၅ ခုနှစ်အတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် နိုဘယ်ဆုများကို ထုတ်ပြန်ကြေညာရာတွင် ဆေးပညာဆိုင်ရာ နိုဘယ်ဆုရရှိသူများအဖြစ် ဂျပန်နိုင်ငံ ကီတာဆာတိုတက္ကသိုလ်မှ ပါမောက္ခ အီမာရီတက်စ် ဆာတိုရှီအိုမူရာ (Emeritus Satoshi Omura)၊ အိုင်ယာလန်နိုင်ငံမှ ဝီလီယံကန်းဘဲလ် (William Campbell) နှင့် တရုတ်နိုင်ငံမှ တူယူယူ (Tu-You You) တို့ကို ပူးတွဲချီးမြှင့်အပ်နှင်းကြောင်း ဖော်ပြသည်။

အိုမူရာသည် ဂျပန်နိုင်ငံ ကီတာဆာတို တက္ကသိုလ်မှ အငြိမ်းစားပါမောက္ခတစ်ဦးဖြစ်သည်။ ဝီလီယံ ကန်းဘဲလ်သည် ၁၉၃၀ ပြည့်နှစ်တွင် မွေးဖွားခဲ့ပြီး နယူးဂျာစီပြည်နယ် မက်ဒီဆွန်ရှိ Drew University မှ အငြိမ်းစားပါမောက္ခတစ်ဦးဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် အာဖရိကနှင့် အာရှဒေသမှ လူသန်းပေါင်းများစွာ ခံစားနေရသည့် သန်ကောင်မှတစ်ဆင့် ဖြစ်ပွားသော




**အီမာရီတက်စ် ဆာတိုရှီအိုမူရာ** **ဝီလီယံကန်းဘဲလ်** **တူယူယူ**

(Liver blindnes and lymphatic filariasis) ရောဂါ နှစ်မျိုးကို လျှော့ချရန်စမ်းသပ်တီထွင်မှုများ ပြုလုပ်ခဲ့သည်။ အိုမူရာက "အန္တရာယ်ရှိသော သက်ရှိအကောင်ငယ်လေးများအပေါ် ဘက်တီးရီးယားများ၏ ဆန့်ကျင် သက်ရောက်မှုများကို ခွဲခြမ်းစိတ်ဖြာရန် Streptomyces bacteria အကောင်သစ်လေးများကို သီးခြားစီမွေးမြူခဲ့ပြီး ကန်းဘဲလ်က မွေးမြူထားသော ဘက်တီးရီးယားများထဲမှ တစ်ကောင်သည် သတ္တဝါများထဲရှိ ကပ်ပါးကောင်များကို တိုက်ခိုက်မှုအပေါ် သိသာစွာ ထိရောက်မှု ရှိကြောင်း ပြသခဲ့သည်" ဟု ဆုရွေးချယ်ရေးကော်မတီက ပြောကြားခဲ့သည်။ တူယူယူသည် The China Academy of Traditional Chinese Medicine မှ ပါမောက္ခ တစ်ဦးဖြစ်ပြီး "၁၉၆၀ ပြည့်နှစ်မှစ၍ ဖြစ်ပွားမှုများ ပြားလာသော ငှက်ဖျားရောဂါကို ကုသရန် တိုင်းရင်းဆေးမှ A new anti-malarial agent, artemisinin အဖြစ် ပြောင်းလဲ တီထွင်ခဲ့ကြောင်း၊ ၎င်းဆေးသည် ငှက်ဖျားရောဂါကို ကုသရန် အလွန်ထိရောက်မှုရှိကြောင်း" ကော်မတီက ပြောကြားခဲ့သည်။ သိပ္ပံဆိုင်ရာနိုဘယ်ဆုကို ၂၀၁၂ ခုနှစ်တွင် တရုတ်နိုင်ငံမှ နောက်ဆုံးအကြိမ်ရရှိခဲ့ပြီးနောက် ဆေးပညာဆိုင်ရာနိုဘယ်ဆုကို တူယူယူက ရရှိခဲ့ခြင်းဖြစ်သည်။

**ရူပဗေဒဆိုင်ရာ နိုဘယ်ဆု** - ရူပဗေဒဆိုင်ရာ နိုဘယ်ဆုကို ဂျပန်နိုင်ငံသား သိပ္ပံပညာရှင်တာကာအာကီကာဂျိတာ (Takaaki Kajita) နှင့် ကနေဒါနိုင်ငံသား သိပ္ပံပညာရှင် အာတာဘီမက်ဒေါနယ် (Arthur B.McDonald) တို့နှစ်ဦးက ပူးတွဲရရှိခဲ့သည်။ "စကြဝဠာအတွင်းရှိ နျူထရီနိုခေါ် အက်တမ်အောက်အမှုန်တစ်မျိုးတွင် ဒြပ်ထုရှိကြောင်း သက်သေပြနိုင်ခဲ့သည့်အတွက် ၎င်းတို့နှစ်ဦးကို ရူပဗေဒဆိုင်ရာ နိုဘယ်ဆုပေးအပ်ရခြင်းဖြစ်ကြောင်း" ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက အောက်တိုဘာလ ၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အသက် ၅၆ နှစ်ရှိ ကာဂျိတာသည် ရူပဗေဒဆိုင်ရာနိုဘယ်ဆုရရှိသည့် ၁၁






တာကာအာကီကာဂျိတာ အာတာဘီမက်ဒေါနယ်

ယောက်မြောက် ဂျပန်နိုင်ငံသားဖြစ်သည်။ ကာဂျိတာကို ၁၉၅၉ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် တိုကျိုတက္ကသိုလ်မှ ဒေါက်တာဘွဲ့ရရှိခဲ့သည်။ ၂၀၀၂ ခုနှစ်က ရူပဗေဒနိုဘယ်ဆုရရှိခဲ့သည့် မာဆာတိုရှိကိုရှိဘာ၏ လက်အောက်တွင် ရူပဗေဒပညာရပ်များကို လေ့လာခဲ့ပြီး တိုကျိုတက္ကသိုလ်၊ စကြဝဠာအလင်းတန်းသုတေသနအင်စတီကျူဒါရိုက်တာနှင့် တိုကျိုတက္ကသိုလ်မှ ပါမောက္ခတစ်ဦးလည်း ဖြစ်သည်။ မက်ဒေါနယ်သည် ကင်းစ်တန်မြို့ ကွင်းစ်တက္ကသိုလ်မှ အငြိမ်းစားပါမောက္ခတစ်ဦးဖြစ်သည်။ ၎င်းသည် ကနေဒါနိုင်ငံတွင် နျူထရီနိုလေ့လာမှုအဖွဲ့ကို ဦးဆောင်လှုပ်ရှားခဲ့သူဖြစ်သည်။ "လူအများသိရှိထားသည့် ဒြပ်ထုများ၏ အတွင်းအကျဆုံးအပိုင်းမှ လှုပ်ရှားမှုများကို ၎င်းတို့နှစ်ဦး၏ လေ့လာတွေ့ရှိချက်က ပြောင်းလဲစေခဲ့ကြောင်း" နိုဘယ်ဆုရွေးချယ်သည့် ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက ပြောကြားသည်။

**ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆု** - ယိုယွင်းပျက်စီးသွားသည့် ဒီအင်န်အေမော်လီကျူးများကို ဆဲလ်အသစ်များက မည်သို့ပြုပြင်ပြောင်းလဲပေးသနည်းဆိုသည်ကို ထုတ်ဖော်တွေ့ရှိခဲ့သည့် ဆွီဒင်နိုင်ငံသား သောမတ်စ်လင်ဒေး (Tomas Lindahl)၊ အမေရိကန်နိုင်ငံသား ပေါလ်မိုဒရစ်ချ် (Paul Modrich) နှင့် တူရကီနိုင်ငံသား အာဇစ်ဆန်ကာ (Aziz Sancar) တို့ကို ၂၀၁၅ ခုနှစ် ဓာတုဗေဒပညာရပ်ဆိုင်ရာနိုဘယ်ဆု ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ "ဒီအင်န်အေမော်လီကျူးများကို ဆဲလ်များက ပြန်လည်ပြုပြင်ပေးပုံနှင့်ပတ်သက်ပြီး ၎င်းတို့သုံးဦး၏ တွေ့ရှိမှုသည် သက်ရှိဆဲလ်များတွင် အခြေခံကျသောဖြစ်စဉ်ဖြစ်သည့်အပြင် ကင်ဆာဆဲလ်ရောဂါကုထုံးများအတွက်လည်း အလွန်ပင်အရေးပါကြောင်း၊ ၎င်းတို့၏ တွေ့ရှိမှုကြောင့် သက်ရှိဆဲလ်များ မည်သို့အလုပ်လုပ်သည်ဆိုသည်ကို အခြေခံကျကျ သိခွင့်ရသည့်အပြင် ကင်ဆာရောဂါကုထုံးအသစ်များ ထုတ်ဖော်ရာတွင်လည်း များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း" ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက ဆိုသည်။







သောမတ်စ်လင်ဒေး ပေါလ်မိုဒရစ်ချ် အာဇစ်ဆန်ကာ

အသက် ၇၇ နှစ်ရှိ သောမတ်စ်လင်ဒေးသည် Francis Crick Institute ၏ အုပ်စု ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ဗြိတိန်နိုင်ငံ Clare Hall Laboratory မှ Cancer Research UC ၏ ဒါရိုက်တာတစ်ယောက်ဖြစ်သည်။ အသက် ၅၉ နှစ်အရွယ်ရှိ ပေါလ်မိုဒရစ်ချ်သည် Howard Hughes Medical Institute မှ စူစမ်းရှာဖွေသူတစ်ဦးဖြစ်ပြီး Duke University School of Medicine, Durham, NC ၏ ပါမောက္ခတစ်ဦးလည်းဖြစ်သည်။ အသက် ၆၉ နှစ်ရှိ ဆန်ကာသည် Univer-

sity of North Carolina School of Medicine in Chapel Hill,N.C မှ ပါမောက္ခတစ်ဦးဖြစ်ပြီး တူရကီလူမျိုးထဲတွင် ဒုတိယအကြိမ် နိုဘယ်ဆုရရှိသူဖြစ်သည်။

**စာပေဆိုင်ရာနိုဘယ်ဆု** - စာပေဆိုင်ရာနိုဘယ်ဆုကို ဘယ်လာရုစ်နိုင်ငံမှ စာရေးဆရာမ၊ ဂျာနယ်လစ် ရှတ်တလာနာအလက်ဆီဗစ် (Svetlana Alexievich) ကရရှိကြောင်း နိုဘယ်ဆု ရွေးချယ်ရေးအဖွဲ့က အောက်တိုဘာလ ၈ ရက်တွင် ကြေညာခဲ့သည်။ ဆီဗစ်ကို ယူကရိန်းနိုင်ငံ အိုင်ဗာနို-ဖရန်ကစ်တွင် ၁၉၄၈ ခုနှစ်၌ မွေးဖွားခဲ့ပြီး ယခုအခါ ဘယ်လာရုစ် နိုင်ငံတွင် နေထိုင်လျက်ရှိသည်။ ပထမ စာအုပ်ဖြစ်သော "War's Unwomanly Face, 1988" သည် ဒုတိယ ကမ္ဘာစစ်တွင် နာဇီများကို တိုက်ခိုက်ခဲ့သည့် ထောင်ချီသော အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းမှု



**ရှတ်တလာနာအလက်ဆီဗစ်**

အပေါ်အခြေခံ၍ အသေးစိတ်ပုံဖော်ရေးသား ထားသည်။ ဒုတိယစာအုပ်သည် ချာနိုဘိုင်းရှိ နျူကလီးယားဖြစ်စဉ်ပေါ် အခြေခံထားပြီး ဆိုဗီယက် ပြည်ထောင်စု၏ ဖိနှိပ်မှုအောက်၌ နေထိုင်မှုဘဝနှင့် အာဖဂန်နစ္စတန်စစ်ပွဲအတွင်း ကြောက်မက်ဖွယ်ရာ မှတ်တမ်းများကို ရေးသားဖော်ပြခဲ့မှုအတွက် ဆုရရှိခဲ့ခြင်း ဖြစ်သည်။ ဆွီဒင်အကယ်ဒမီက အသက် ၆၇ နှစ် အရွယ်ရှိ စာရေးဆရာမ ရှတ်တလာနာ အလက်ဆီဗစ်ကို "မိမိတို့ခေတ်၏ ရဲစွမ်းသတ္တိပြယုဂ်" ဟု ချီးကျူးခဲ့သည်။

**ငြိမ်းချမ်းရေးနိုဘယ်ဆု** - ၂၀၁၅ ခုနှစ် ငြိမ်းချမ်းရေး နိုဘယ်ဆုကို တူနီးရှားအမျိုးသားဒီမိုကရေစီ စွမ်းဆောင်ရှင်အဖွဲ့ (Tunisia's National Dialogue Quartet) က ရရှိခဲ့သည်။ "အာရပ်နွေဦး လှုပ်ရှားမှုများ ပြီးသည့် နောက်ပိုင်း ယင်းအဖွဲ့က တူနီးရှား နိုင်ငံတွင် ဒီမိုကရေစီစံနှုန်းများ မြင့်မားလာစေရန် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၅ ခုနှစ် ငြိမ်းချမ်းရေး နိုဘယ်ဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း" ဆုရွေးချယ်ရေး အဖွဲ့က သုံးသပ်သည်။ တူနီးရှား နိုင်ငံတွင် ၂၀၁၁ ခုနှစ်က အာရပ်နွေဦးတော်လှန်ရေး စတင်ခဲ့သည်။ ပြည်သူ



**တူနီးရှားအမျိုးသားဒီမိုကရေစီ စွမ်းဆောင်ရှင်အဖွဲ့**

ထောင်ပေါင်းများစွာပါဝင်သည့် ဆန္ဒထုတ်ဖော် တောင်းဆိုမှုများကြောင့် တူနီးရှားနိုင်ငံတွင် သက်တမ်းကြာရှည်သော အစိုးရအဖွဲ့ နုတ်ထွက်ခဲ့ ရသည်။ ယင်းနောက် နိုင်ငံဝရုန်းသုန်းကားအခြေ အနေသို့ ဆိုက်ရောက်ခဲ့ပြီး အတိုက်အခံခေါင်းဆောင်များ လုပ်ကြံသတ်ဖြတ်ခံရမှုများ ရှိလာခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် တူနီးရှားအမျိုးသားဒီမိုကရေစီ စွမ်းဆောင်ရှင်အဖွဲ့ကို စတင်ဖွဲ့စည်းကာ နိုင်ငံအတွင်းရှိ အစ္စလာမ္မစ်ခေါင်းဆောင် များနှင့် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များ၏ ထိပ်တိုက်ရင်ဆိုင်ခြင်းမှ စတင်လာသည့် နိုင်ငံရေး အဓိကရုဏ်းများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်း နိုင်ခဲ့သည်။ ထို့အပြင် အဆိုပါအဖွဲ့က အာဏာရ ပါတီနှင့် အတိုက်အခံပါတီများအကြား ဆွေးနွေးမှုများ ကိုလည်း ကြားနေဖျန်ဖြေပေးသူအဖြစ် ဆောင်ရွက် ခဲ့သည်။ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးခဲ့ခြင်း

အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲခြင်း ကဲ့သို့သော နိုင်ငံအတွက် အရေးပါသည့် လမ်းပြမှုများကို ချမှတ်ပေးခဲ့သည်။ "အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီထွန်းကားရေးအတွက် စွမ်းစွမ်းတမံ စွမ်းဆောင်ကြသူများကို အားပေးမှုတစ်ခုအဖြစ် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ချီးမြှင့်ခြင်းဖြစ်ကြောင်း" နိုဘယ်ဆုရွေးချယ်ရေးအဖွဲ့ကဆိုသည်။ အဆိုပါအဖွဲ့ကို တူနီးရှားအထွေထွေအလုပ်သမားသမဂ္ဂ၊ တူနီးရှားစက်မှုကုန်သွယ်ရေးနှင့် လက်မှုပညာအဖွဲ့ချုပ်၊ တူနီးရှားလူ့အခွင့်အရေးအဖွဲ့နှင့် တူနီးရှားရှေ့နေချုပ်များအဖွဲ့တို့ ပါဝင်ဖွဲ့စည်းထားသည်။

**စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆု** - အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်မှ ပရင်စတန်တက္ကသိုလ်ပါမောက္ခ အန်းဂုစ်ဒီတန် (Angus Deaton) က ၂၀၁၅ ခုနှစ် အတွက် စီးပွားရေးသိပ္ပံပညာရပ်ဆိုင်ရာ နိုဘယ်ဆုကို ရရှိသည်။ စကော့တလန်နိုင်ငံသား ပါမောက္ခ အန်းဂုစ်ဒီတန်ကို နေ့စဉ်လူမှုဘဝအတွင်း စားသုံးမှုစနစ်၊ ဆင်းရဲမွဲတေမှုအပါအဝင် လူမှုဘဝဖူလုံရေးနှင့် ပတ်သက်ပြီး ၎င်း၏ဆန်းစစ်လေ့လာတွေ့ရှိချက်များကြောင့် ဆွီဒင်တော်ဝင်အကယ်ဒမီသိပ္ပံက နိုဘယ်ဆုချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။ "၎င်း၏ဆန်းစစ် တွေ့ရှိချက်ကြောင့် စီးပွားရေးဆိုင်ရာမူဝါဒချမှတ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အထောက်အကူများစွာ ပြုမည်ဖြစ်ကြောင်း" ဆွီဒင်တော်ဝင်အကယ်ဒမီသိပ္ပံက ဆိုသည်။ ပါမောက္ခအန်းဂုစ်ဒီတန်ကို ၁၉၄၅ ခုနှစ်တွင် စကော့တလန်နိုင်ငံမြို့တော် အဲဒင်းဘတ်တွင် မွေးဖွားခဲ့ပြီး ဗြိတိန်နှင့် အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားသူဖြစ်သည်။ ၁၉၇၄ ခုနှစ်တွင် Cambridge University မှ ဒေါက်တာဘွဲ့ကို ရရှိခဲ့သည်။ အမေရိကန်နိုင်ငံ၊ နယူးဂျာစီပြည်နယ်ရှိ ပရင်စတန်တက္ကသိုလ်တွင် စီးပွားရေးနှင့် နိုင်ငံတကာရေးရာပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ စီးပွားရေးသိပ္ပံဆုသည် ၁၈၉၅ ခုနှစ်က အဲဖရက်နိုဘယ်ဖန်တီးခဲ့သည့် နိုဘယ်ဆုများစာရင်းတွင်



**အန်းဂုစ်ဒီတန်**

ပါဝင်မှုမရှိခဲ့ပေ။ ၁၉၆၈ ခုနှစ်မှသာ ဆွီဒင်အစိုးရက အဲဖရက်နိုဘယ်ကို အောက်မေ့သတိရ ဂုဏ်ပြုသည့်အနေဖြင့် စီးပွားရေးသိပ္ပံနိုဘယ်ဆုကို စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

**နိုင်ငံများ။** ။ ကမ္ဘာပေါ်တွင် ၂၀၁၅ ခုနှစ်အတွင်း၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့်အရေးအရာများစွာထဲတွင် အခြားသောနိုင်ငံများထက် ထူးခြားထင်ရှားသော နိုင်ငံများကို ထည့်သွင်းဖော်ပြအပ်ပါသည်။

**ဂျပန်နိုင်ငံ။** ။ **စီးပွားရေး** - အရောင်းခွန်မြှင့်တင်မှုပြုလုပ်ခဲ့ပြီးနောက် စီးပွားရေးတိုးတက်မှုနှေးကွေးခဲ့ရသောဂျပန်နိုင်ငံသည် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဘဏ္ဍာရေးနှစ်သစ်၌ စံချိန်တင်ဘတ်ဂျက်ပမာဏသုံးစွဲရန် စီစဉ်ခဲ့သည်။ ဇန်နဝါရီလ ၁၂ ရက်တွင် ကျင်းပသော တိုကျိုအစည်းအဝေး၌ ဧပြီလ ၁ ရက်မှစ၍ ဘတ်ဂျက်ငွေယန်း ၉၆ ဒသမ ၃၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈၁၄ ဘီလီယံ) သုံးစွဲရန် အစိုးရဝန်ကြီးများနှင့် အာဏာရည္လန့်ပေါင်းပါတီများက သဘောတူခဲ့ကြသည်။

ဂျပန်အစိုးရအဖွဲ့သည် ကြွေးမြီဝန်ထုပ်ဝန်ပိုး သက်သာစေရန် အခွန်ငွေတိုးစေမည့် နည်းလမ်းများကို ရှာဖွေခဲ့သည်။ အစိုးရငွေချေးစာချုပ်သစ်ထုတ်ဝေမှုကို ၂၀၀၈ ခုနှစ် နောက်ပိုင်းတွင် အနိမ့်ဆုံးအဆင့်သို့ လျှော့ချခဲ့သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများ အတွက် အသုံးစရိတ်မြှင့်တင်ခဲ့ပြီး လက်ရှိဘဏ္ဍာရေးနှစ် အတွက် နောက်ဆက်တွဲဘတ်ဂျက်အသုံးစရိတ်မှ တစ်ဆင့် အသေးစားစီးပွားရေးလုပ်ငန်းများကို အားပေးခဲ့သည်။ ဂျပန်နိုင်ငံ၌ သက်ကြီးရွယ်အို ဦးရေတိုးပွားလာခြင်းကြောင့် လူမှုဖူလုံရေးအသုံးစရိတ် များကို ထိန်းချုပ်နိုင်ရန်ခက်ခဲလျက်ရှိပြီး နှစ်စဉ် ဘတ်ဂျက်အသုံးစရိတ်များကို မြှင့်တင်ရမည်ဖြစ်သည်။

သို့ရာတွင် ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ ယန်းငွေ အားပျော့စေသောမူဝါဒကြောင့် ခုနစ်လဆက်တိုက် ပို့ကုန်မြင့်တက်လာခဲ့ပြီး မော်တော်ယာဉ်များနှင့် စက်ကိရိယာများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင် ခဲ့ကာ ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးရလဒ်မှာ မျှော်မှန်း ထားသည်ထက် ပိုမိုအားကောင်းခဲ့သည်။ ရေနံဈေးနှုန်း ကျဆင်းမှုကြောင့် သွင်းကုန်တန်ဖိုး ကျဆင်းလာကာ သုံးနှစ်အတွင်း ပထမဆုံးအကြိမ် စံချိန်တင်ကုန်သွယ်မှု ပိုငွေပြခဲ့သည်။ မတ်လအတွင်း ကုန်သွယ်ရေးရှင်းတမ်း သည် ယန်း ၄၄ ဒသမ ၆ ဘီလီယံ မျှော်မှန်းချက်ကို ကျော်လွန်ကာ ယန်း ၂၂၉ ဒသမ ၃ ဘီလီယံရှိခဲ့သည်။

နှစ်ဦးပိုင်းမှစ၍ ပို့ကုန် ၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာပြီး သွင်းကုန်မှာ ၁၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ၂၀၁၁ ခုနှစ်၊ မတ်လတွင် မြေငလျင်နှင့်သဘာဝဘေးအန္တရာယ်တို့ဖြစ်ပေါ်ခဲ့၍ နျူကလီးယားစက်ရုံများပိတ်ခဲ့ရသောကြောင့် ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးရှင်းတမ်းမှာ အန္တရာယ်ရှိသည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ ဂျပန်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက် သုံးပုံတစ်ပုံကို နျူကလီးယားဓာတ်အားပေးစက်ရုံများက ထောက်ပံ့ထားသည်။ သို့သော် ယင်းစက်ရုံများပိတ် ခဲ့ရသောကြောင့် သဘာဝဓာတ်ငွေ့များ၊ ရေနံနှင့် ကျောက်မီးသွေးများကို တင်သွင်းရသဖြင့် စွမ်းအင်အတွက် ပြည်ပသို့ပေးချေရငွေမြင့်တက်လာခဲ့သည်။ ထို့ကြောင့် ကုန်သွယ်မှု လိုငွေပမာဏများစွာဖြစ်ပေါ်ခဲ့သည်။ သို့သော် ကုန်စည်ဈေးနှုန်းများကျဆင်းသဖြင့် သွင်းကုန် တန်ဖိုးများ လျော့နည်းစေခဲ့သည်။

**နိုင်ငံရေး -** ဂျပန်နိုင်ငံ၏လုံခြုံရေးမူဝါဒကို တစ်ဆစ်ချိုး ပြောင်းလဲစေမည့်လုံခြုံရေးဆိုင်ရာဥပဒေကြမ်းများကို အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက မေလ ၁၄ ရက်တွင် အတည်ပြုခဲ့သည်။ ယင်းဥပဒေကြမ်းကို ဧပြီလတွင် ထုတ်ပြန်ခဲ့သော အမေရိကန်-ဂျပန် ကာကွယ်ရေးဆိုင်ရာလမ်းညွှန်ချက်များ ပါဝင်စေကာ ရေးဆွဲထားခြင်းဖြစ်ပြီး ဂျပန်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာ ကဏ္ဍကို တိုးမြှင့်ပေးထားကာ ဂျပန်နိုင်ငံသည် ဒုတိယ ကမ္ဘာစစ်နောက်ပိုင်း ပြည်ပသို့ ပထမဆုံးအကြိမ် တပ်ဖွဲ့များစေလွှတ်ခွင့်ရရှိမည် ဖြစ်သည်။ ယင်းသို့ ဂျပန်နိုင်ငံ၏လုံခြုံရေးမူဝါဒကို ပြင်ဆင်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ပြည်သူများ၏ သဘောထားများ သိသာစွာ ကွဲပြားခဲ့ကြောင်း လူထုသဘောထားစစ်တမ်းများတွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးအစိုးရသည် ဒုတိယ ကမ္ဘာစစ်အပြီး စစ်အင်အားချဲ့ထွင်မှုကို ထိန်းချုပ် ကန့်သတ်ထားသည့် လက်ရှိအခြေခံဥပဒေကို ပြင်ဆင် ပြောင်းလဲရန် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် ဆုံးဖြတ် ခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်တွင် ဆန္ဒပြသူများက အခြေခံဥပဒေကို ကာကွယ်ရန်နှင့် အာဘေးနုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသော်လည်း ယင်းဥပဒေကြမ်းကို အတည်ပြုခဲ့သည်။ ဒေသတွင်း နိုင်ငံများ၏ စိုးရိမ်မှုနှင့်ပြည်သူများ၏ ကန့်ကွက်မှုတို့ ပြေပျောက်စေရန် ဂျပန်နိုင်ငံ၏ စစ်အင်အားသုံးစွဲမှုကို ကန့်သတ်မည်ဟု မေလ ၁၅ ရက်တွင် ဝန်ကြီးချုပ်က ကတိပြုခဲ့ပြီး ယင်းသည် ဂျပန်နိုင်ငံနှင့် တစ်ကမ္ဘာလုံး တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုကို အာမခံထားသော ဥပဒေကြမ်းဖြစ်ကြောင်းနှင့် မည်သည့်နိုင်ငံကမျှ မိမိတစ်နိုင်ငံတည်း မကာကွယ်နိုင်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ဝန်ကြီးချုပ်အာဘေးသည် ၂၀၁၄ ခုနှစ် နောက်ပိုင်းတွင် ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်၍ ပြည်ပသို့လက်နက်များ တင်ပို့ခြင်းကို ဖြေလျှော့ခဲ့ သည်။

ပြည်သူအချို့က ဂျပန်ပါလီမန်လွှတ်တော်တွင် ဆွေးနွေးနေကြသည့် လုံခြုံရေးဆိုင်ရာဥပဒေမူကြမ်းကို လွှတ်တော်အဆောက်အအုံရှေ့၌ ဇွန်လ ၁၄ ရက်တွင် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ယင်းဥပဒေမူကြမ်းသည် စစ်ဆန့်ကျင်ရေးနှင့်ငြိမ်းချမ်းရေးမူဝါဒကို ဖော်ဆောင်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသောကြောင့် ရုပ်သိမ်းပေးရန် ဥပဒေပညာရှင်များက တောင်းဆိုခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက "ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် ဒုတိယကမ္ဘာစစ်မတိုင်မီက အခြေအနေအတိုင်း ဂျပန်တပ်ဖွဲ့ကို ကမ္ဘာအနှံ့စေလွှတ်၍ စစ်ပွဲဆင်နွှဲခိုင်းရန် လုပ်ဆောင်နေပြီလော" ဟု မေးခွန်းထုတ်ဝေဖန်ခဲ့သည်။ ဝန်ကြီးချုပ်အာဘေးကမူ "ဂျပန်တပ်မတော်သည် မဟာမိတ်တပ်ဖွဲ့များဖြင့် စုပေါင်းကာကွယ်တိုက်ခိုက်ခွင့်ရရှိခဲ့လျှင် ဒေသတွင်းတည်ငြိမ်မှု၊ လုံခြုံဖွံ့ဖြိုးမှုများကို အရေးထားဖော်ဆောင်ပြီး အငြင်းပွားမှုများကိုလည်း သံတမန်ရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာဆောင်ရွက်မည်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံကိုမျှ ကျူးကျော်နယ်ချဲ့မည်မဟုတ်ကြောင်း" အလေးထားပြောဆိုခဲ့သည်။

အငြင်းပွားဥပဒေမူကြမ်းနှစ်ခုကို ဂျပန်အောက်လွှတ်တော်က ဇူလိုင်လ ၁၆ ရက်တွင် အတည်ပြုလိုက်သည်။ သို့ရာတွင် ဂျပန်နိုင်ငံသား ထက်ဝက်ကျော်က ယင်းဥပဒေများကို ဆန့်ကျင်ခဲ့ကြကြောင်း စစ်တမ်းများအရ သိရသည်။ အတိုက်အခံအုပ်စုများကလည်း ပြောင်းလဲမှုဥပဒေပြုခြင်းသည် ကမ္ဘာ့ဇာတ်ခုံပေါ်ရှိ ပဋိပက္ခအရှုပ်တော်ပုံများတွင် ဂျပန်နိုင်ငံကို ဆွဲထည့်သလိုဖြစ်နေသည်ဟု ဝေဖန်လိုက်သည်။




**ဂျပန်လုံခြုံရေးဥပဒေသစ်ကိုဆန့်ကျင်နေသည့် အတိုက်အခံဥပဒေပြုအမတ်များ**

လုံခြုံရေးဥပဒေမူကြမ်းကို ဆန့်ကျင်သူများက ဩဂုတ်လ ၃၀ ရက်တွင် တိုကျိုမြို့ပါလီမန်အဆောက်အအုံအနီး၌ စုဝေးဆန္ဒပြခဲ့ကြသည်။ လူပေါင်း ၁၂၀,၀၀၀ ခန့်ပါဝင်ခဲ့ကြပြီး ဂျပန်နိုင်ငံ၌ နှစ်ပေါင်းအတန်ကြာကာလအတွင်း အကြီးကျယ်ဆုံး ဆန္ဒပြပွဲဖြစ်ခဲ့သည်။ ဆန္ဒပြသူများက 'စစ်ပွဲအလိုမရှိ' 'အာဘေးရာထူးမှနုတ်ထွက်ပေး' စသဖြင့် ကြွေးကြော်ခဲ့ကြသည်။

ဂျပန်ပါလီမန်အတွင်း အချေအတင်ဆွေးနွေးငြင်းခုံခဲ့ကြသည့် လုံခြုံရေးဥပဒေကို ပါလီမန်က စက်တင်ဘာလ ၁၈ ရက် ညသန်းခေါင်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းသို့ အတည်ပြုလိုက်ခြင်းကြောင့် အာဘေးအပေါ် လူကြိုက်များမှု လျော့ကျသွားနိုင်ဖွယ်ရှိပြီး အတိုက်အခံဥပဒေပြုအမတ်များက လုံခြုံရေးဥပဒေသစ်ကို ဆန့်ကျင်ရန် ဘာမဆိုလုပ်ဆောင်သွားမည်ဟု ကတိပြုထားသည်။

ဂျပန်လုံခြုံရေးဥပဒေသစ်သည် ဒေသတွင်းငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည်ဟု တရုတ်နိုင်ငံက စက်တင်ဘာလ ၁၉ ရက်တွင် စွပ်စွဲပြောကြားလိုက်


သည်။ တောင်ကိုရီးယားအစိုးရကလည်း ဥပဒေပြဋ္ဌာန်းရာတွင် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း တောင်းဆိုခဲ့ပြီး ငြိမ်းချမ်းရေးအခြေခံစည်းမျဉ်းများကို ဆက်လက်ထိန်းသိမ်းသွားရန် ပြောကြားခဲ့သည်။ ဩစတေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့ကမူ ဥပဒေပြဋ္ဌာန်းခြင်းကို ကြိုဆိုခဲ့သည်။

အမျိုးသားရေးဝါဒီဝန်ကြီးချုပ် မစ္စတာအာဘေးက လုံခြုံရေးဥပဒေသစ်များသည် ကြီးထွားလာသော တရုတ်၏ရန်လိုမှု၊ မြောက်ကိုရီးယား၏အခြေအနေ မတည်ငြိမ်မှုများမှ ကာကွယ်ရာတွင် မဖြစ်မနေလိုအပ်သည်" ဟု ပြောကြားခဲ့သည်။

စီးပွားရေးတုံ့နှေးနေခြင်းနှင့် စစ်ရေးကဏ္ဍတိုးချဲ့ရန် ကြိုးပမ်းခြင်းတို့ကြောင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် လူကြိုက်များမှု ကျဆင်းနေသော်လည်း စက်တင်ဘာလ ၈ ရက်တွင် အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌအဖြစ် ကန့်ကွက်သူမရှိ ပြန်လည်ရွေးကောက်တင်မြှောက်ခံရသည်။ ရွေးကောက်ခံခဲ့ရပြီးနောက် ဝန်ကြီးချုပ်သည် နိုင်ငံ့စီးပွားရေးကို ပြန်လည်ပြင်ဆင်မည့် အစီအစဉ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့ပြီး ၎င်း၏အာဘေးနောမစ်စီးပွားရေးဖွံ့ဖြိုးမှုသည် လမ်းတစ်ဝက်မှာပင် ရှိနေသေးကြောင်း ပြောကြားခဲ့သည်။

**မျက်မှောက်ရေးရာ** - ၂၀၁၁ ခုနှစ် ဖူကူရှီးမား နျူကလီးယားအကျပ်အတည်းကြောင့် နျူကလီးယားစက်ရုံများ ပိတ်ထားခဲ့ရပြီးနောက် ဩဂုတ်လအတွင်းတွင် နျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံးကို ပထမဆုံးအကြိမ် ပြန်လည်လည်ပတ်ခဲ့သည်။ ဆန်းဒိုင်ရှိ ကျူးရှူးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ အမှတ် (၁) ဓာတ်ပေါင်းဖိုကို ဩဂုတ်လ ၁၁ ရက်တွင် ပြန်လည်လည်ပတ်ခဲ့ပြီး ယင်းစက်ရုံမှ အမှတ် (၂) ဓာတ်ပေါင်းဖိုကို အောက်တိုဘာလ ၁၅ ရက်တွင် လည်ပတ်ခဲ့သည်။

ကမ္ဘာ့တတိယအကြီးဆုံး ဂျပန်စီးပွားရေးအတွက် နျူကလီးယားစွမ်းအင်သည် မရှိမဖြစ်အရေးကြီးကြောင်း ဝန်ကြီးချုပ်အာဘေးက ပြောကြားခဲ့ပြီး



**အနာဂတ်နျူကလီးယားစွမ်းအင်အသုံးပြုမှုအပေါ် ဂယက်ရိုက်ခဲ့သည့် ဖူကူရှီမားဓာတ်ပေါင်းဖို**

ကန့်ကွက်မှုများရှိသည့်ကြားမှပင် ဓာတ်ပေါင်းဖိုများ ပြန်လည်လည်ပတ်ရန် တွန်းအားပေးခဲ့သည်။ ပိုမိုတင်းကျပ်သော စံနှုန်းများဖြင့် ဓာတ်ပေါင်းဖိုများကို ဆက်လက်လည်ပတ်သွားမည်ဟု အစိုးရအဖွဲ့အတွင်းဝန်ချုပ် ယိုရှိဟီဒေဆူဂါက ပြောကြားသည်။

ဒုတိယမြောက် နျူကလီးယားဓာတ်ပေါင်းဖိုလည်ပတ်မှု စတင်ခဲ့ပြီးနောက် ဆန်းဒိုင်ဓာတ်အားပေးစက်ရုံရှေ့တွင် လူ ၇၀ ခန့် စုဝေးကန့်ကွက်ခဲ့ကြကြောင်း NHK ရုပ်သံဌာနက ထုတ်လွှင့်ခဲ့သည်။ ပြည်သူ့လုံခြုံရေးကို အာဘေးအစိုးရက မလေးစားကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုအဖွဲ့ (Green Peace) က ဝေဖန်ခဲ့သည်။

**စင်ကာပူနိုင်ငံ။** ။ **နိုင်ငံရေး** - ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်တွင် ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲ၌ လက်ရှိအာဏာရပြည်သူ့လှုပ်ရှားမှုပါတီ (ပီအေပီ)က အနိုင်ရရှိခဲ့သည်။ စင်ကာပူနိုင်ငံ သမိုင်းတစ်လျှောက် ပြိုင်ဆိုင်မှုအပြင်းထန်ဆုံး ရွေးကောက်ပွဲ ဖြစ်သည်။ ပီအေပီပါတီသည် လွှတ်တော်ကိုယ်စားလှယ် ၈၉ နေရာအနက် ၈၃ နေရာ အနိုင်ရရှိပြီး အတိုက်အခံအလုပ်သမားပါတီမှာ ခြောက်နေရာသာ ရရှိသည်။

ရွေးကောက်ပွဲအနိုင်ရရှိမှုကြောင့် ဝမ်းသာသော်လည်း ယင်းရလဒ်အတွက် ဂုဏ်ယူလိုစိတ်မရှိကြောင်း ပီအေပီပါတီခေါင်းဆောင် လက်ရှိစင်ကာပူဝန်ကြီးချုပ်

လီရှန်လွန်းက ရွေးကောက်ပွဲရလဒ်များ ထွက်လာချိန်နောက်ပိုင်း ထောက်ခံသူများကို ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်လီရှန်လွန်းက ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်တွင် အစိုးရအဖွဲ့သစ်ကို ကြေညာလိုက်သည်။ ထိုအစိုးရအဖွဲ့သစ်သည် အောက်တိုဘာလ ၁ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ လာမည့်မျိုးဆက်သစ်ခေါင်းဆောင်များကို တာဝန်လွှဲပြောင်းပေးနိုင်ရန် ယခုအချိန်ကစပြီး လုပ်ဆောင်ရတော့မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်လီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံလွတ်လပ်ရေးရရှိမှုနှစ် (၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်တွင် နိုင်ငံတစ်ဝန်းကျင်းပခဲ့ရာ စင်ကာပူနိုင်ငံကို စတင်တည်ထောင်ခဲ့သော ခေါင်းဆောင်ကြီး လီကွမ်ယူအား စစ်ရေးပြပွဲများ၊ မီးရှူးမီးပန်းပစ်ဖောက်ခြင်းများဖြင့် ဂုဏ်ပြုခဲ့ကြသည်။

စင်ကာပူနိုင်ငံသမိုင်းတစ်လျှောက် အခမ်းနားဆုံးဖြစ်သော လွတ်လပ်ရေး နှစ် (၅၀) ပြည့်အခမ်းအနားတွင် လူပေါင်း ၂၅၀,၀၀၀ မျှ ပါဝင်ခဲ့ကြပြီး စစ်ရေးပြပွဲများတွင်လည်း ပါဝင်ချီတက်သူ ၂၀၀၀၊ စစ်လေယာဉ် ၅၀၊ တင့်ကား ၁၇၇ စီးနှင့် အခြားစစ်လက်နက်ယန္တရားများပါဝင်ခဲ့ကြသည်။

လွတ်လပ်ရေးရရှိမှု နှစ် (၅၀) ပြည့် အခမ်းအနားတွင် လက်ရှိစင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့်အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များလည်း တက်ရောက်ခဲ့ကြသည်။

စင်ကာပူနိုင်ငံသည် မလေးရှားဖက်ဒရေးရှင်းနိုင်ငံမှ ခွဲထွက်ခဲ့ပြီးနောက် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လတွင် အချုပ်အခြာပိုင်နိုင်ငံအဖြစ် စတင်ရပ်တည်ခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

စင်ကာပူသည် ရာသီဥတုပူပြင်းလှသည့်အပြင် လူဦးရေထူထပ်လွန်းသော နေရာဖြစ်သည်။ ကုန်းမြေဧရိယာ ၇၁၀ စတုရန်းကီလိုမီတာပင်မပြည့်သော အပူပိုင်းဒေသရှိ မြို့ပြနိုင်ငံလေး၌ လာမည့် ၂၀၃၀ ပြည့်နှစ်သို့ ရောက်လျှင် လူဦးရေ ၆ ဒသမ ၅ သန်းသို့ ရောက်ရှိမည်ဟု ခန့်မှန်းထားကြသည်။ ကုန်းမြေဧရိယာအကန့်အသတ်ရှိနေပြီး သဘာဝရင်းမြစ်များမရှိသောကြောင့် စက်မှုလုပ်ငန်းများမှ အညစ်အကြေးစွန့်ပစ်မှု အပါအဝင် အသုံးချလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ စိမ်းလန်းစိုပြည်မှုတို့အပေါ် အလေးပေးလုပ်ဆောင်ခဲ့သည်။

စိန်ခေါ်မှုများဖြင့် ပြည့်နှက်နေသော်လည်း ကမ္ဘာပေါ်တွင် နေချင်စဖွယ်အကောင်းဆုံးနှင့် စီးပွားရေးအရ အအောင်မြင်ဆုံးနိုင်ငံတစ်နိုင်ငံအဖြစ်



**စင်ကာပူလွတ်လပ်ရေးနှစ်(၅၀)ပြည့်အခမ်းအနား၌ မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုနေစဉ်**

ရပ်တည်လျက်ရှိပြီး နိုင်ငံ၏ဂျီဒီပီသည် ထိပ်တန်း ဥရောပနိုင်ငံများနှင့် မျှတူဖြစ်သည်။ စင်ကာပူနိုင်ငံကို ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ဦးဆောင် မောင်းနှင်ခဲ့သူ ဝန်ကြီးချုပ် လီကွမ်ယူသည် ပြင်းထန်သော အဆုတ်ရောဂါဖြင့် စင်ကာပူနိုင်ငံအထွေထွေ ဆေးရုံကြီး၌ သီတင်းခြောက်ပတ်ကြာ တက်ရောက်ကုသမှု ခံယူခဲ့ရာမှ မတ်လ ၂၃ ရက်၊ ဒေသစံတော်ချိန် နံနက် ၃ နာရီ၊ ၁၈ မိနစ်တွင် ကွယ်လွန်ခဲ့သည်။ ဈာပန အခမ်းအနားကို မတ်လ ၂၉ ရက်တွင် ကျင်းပခဲ့ရာ ကမ္ဘာ့ခေါင်းဆောင်ကြီးများ တက်ရောက်ခဲ့ကြပြီး လူတစ်သန်းခန့် လာရောက်ဂါရဝပြုခဲ့ကြသည်။

**ဆီးဂိမ်းပွဲတော်**- ဆီးဂိမ်း (SEA.Games) ဟု လူသိများထင်ရှားသည့် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ (South East Asian Games) ကို ၁၉၅၉ ခုနှစ် မှစ၍ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲသည် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံကြား နှစ်နှစ်တစ်ကြိမ် အလှည့်ကျကျင်းပသည့် အားကစားပြိုင်ပွဲတစ်ခုဖြစ်ပြီး ယခုနောက်ပိုင်း တီမောလက်စ်တေနိုင်ငံလည်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

စင်ကာပူနိုင်ငံ၌ (၂၈) ကြိမ်မြောက် ဆီးဂိမ်း ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက်မှ ဇွန်လ ၁၆ ရက်အထိ ကျင်းပခဲ့သည်။ ပြိုင်ပွဲ ဖွင့်ပွဲအခမ်း အနားသို့ မြန်မာနိုင်ငံမှ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် အိုလံပစ် အားကစားနည်းနှင့် ဒေသတွင်းရိုးရာအားကစားနည်းများ ထည့်သွင်းကျင်းပခဲ့သည်။

**သိန်းဝင်းဇော်**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ။** ။**မျက်မှောက်ရေးရာ**- ဟိုက်ဒရိုဂျင်ဗုံးထုတ်လုပ်နိုင်ရေးအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် တရုတ်နျူကလီးယား သုတေသနပညာရှင် အသက် ၈၉ နှစ်အရွယ် မစ္စတာ ယုမင်အား သမ္မတရှီကျင့်ဖျင်က နိုင်ငံ၏ သိပ္ပံနှင့် နည်းပညာထိပ်တန်းဆုကို ဇန်နဝါရီလ ၉ ရက်က ပေးအပ်ချီးမြှင့်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် တရုတ်နိုင်ငံ ရှင်ကျန်ဒေသ၌ အဏုမြူစမ်းသပ်မှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီး နျူကလီးယားပိုင်ဆိုင်သည့် နိုင်ငံများစာရင်းတွင် ပါဝင်လာကာ ၁၉၆၇ ခုနှစ်တွင် ပထမဆုံး ဟိုက်ဒရိုဂျင်ဗုံးကို စမ်းသပ်ဖောက်ခွဲနိုင်ခဲ့သည်။ မစ္စတာယုမင်သည် ဟိုက်ဒရိုဂျင်ဗုံးတီထွင်မှုအပြင် နျူကလီးယားလက်နက်အသေးစားပုံစံငယ်များ ဖန်တီးရေးနှင့် နျူထရွန်ဗုံးတီထွင်မှုတွင် အထောက် အကူပြုခဲ့သူဖြစ်ပြီး နိုင်ငံ၏လစ်ဟာနေသော အဏုမြူ ကဏ္ဍကို ကွက်လပ်ဖြည့်ခဲ့သူဖြစ်သည်။

တရုတ်အစိုးရအနေဖြင့် မစ္စတာယုမင်၏အမည်နှင့် ဆောင်ရွက်ချက်ကို နှစ်ပေါင်း ၃၀ ကြာ လျှို့ဝှက်ထား ခဲ့ပြီး ၁၉၈၈ ခုနှစ်မှသာ ထုတ်ဖော်ခဲ့သည်။ မစ္စတာယုမင် သည် ၁၉၅၁ ခုနှစ်တွင် တရုတ်သိပ္ပံအကယ်ဒမီ၌ သုတေသနပညာရှင်အဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး နျူကလီးယားလက်နက်ဆိုင်ရာသီအိုရီများကို လေ့လာ ခဲ့သူဖြစ်ကာ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ အဆင့်မြင့်သုတေသနစီမံကိန်းအချို့တွင် ဦးဆောင်သူ တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။

နိုင်ငံ၏မြို့ကြီး ၇၄ မြို့အနက် ရှစ်မြို့သာလျှင် ၂၀၁၄ ခုနှစ်အတွင်း အစိုးရ၏အခြေခံလေထုအရည် အသွေးစံသတ်မှတ်ချက်နှင့် ပြည့်မီမှုရှိကြောင်း တရုတ် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနက ဖေဖော်ဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ငံ၏အဓိကမြို့ကြီး နှစ်မြို့ဖြစ်သည့် ပေကျင်းနှင့် ရှန်ဟိုင်းနှစ်မြို့စလုံးသည် အဓိကလေထုညစ်ညမ်းမှုတိုင်းတာရာတွင် စံအဆင့် မမီကြောင်းတွေ့ရှိရပြီး နိုင်ငံ၏စွမ်းအင်လိုအပ်ချက်အရ အဓိကအမှီပြုနေရသော ကျောက်မီးသွေးလောင်စာသုံး စက်ရုံ ၈,၀၀၀ ကျော်ကို ယမန်နှစ်က ပိတ်သိမ်းခဲ့ရသည်။ နိုင်ငံနေရာအများအပြားတွင် စက်ရုံများ ပိတ်သိမ်းရန် တောင်းဆိုမှုများနှင့်အတူ စီးပွားရေးကျဆင်းမှုကို ရင်းကန်နေရချိန်တွင် လေထုညစ်ညမ်းမှုလျှော့ချရေး အစီအမံများ ပိုမိုလုပ်ဆောင်ကြရန် ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာနကလည်း တိုက်တွန်းထားသည်။

တရုတ်နိုင်ငံမြောက်ပိုင်း တီယန်ကျင်းဆိပ်ကမ်း မြို့ရှိ ကုန်လှောင်ရုံတစ်ရုံ၌ ဩဂုတ်လ ၁၂ ရက်ညပိုင်းက

ပြင်းထန်သောပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားရာ ဩဂုတ်လ ၁၆ ရက်အထိ သေဆုံးသူ ၁၁၂ ဦး ရှိလာပြီး ၅၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသည့် အပျက်အစီးအစအနများသည် တီယန်ကျင်းမြို့တော်ပေါ်သို့ ကျရောက်ခဲ့ရာ ပေါက်ကွဲမှုစတင်သည့် ကုန်လှောင်ရုံ၏ ၂ မိုင်ဝန်းကျင် အတွင်း အပျက်အစီးများ၊ မှန်ကွဲအစအနများ ပြန့်ကျဲခဲ့သည်။ ကနဦးစစ်ဆေးချက်များအရ ပထမ ပေါက်ကွဲအားသည် တီအင်န်တီယမ်းသုံးတန်အားနှင့် ညီမျှပြီး ဒုတိယပေါက်ကွဲအားသည် တီအင်န်တီယမ်း ၂၀ တန် အားနှင့်ညီမျှကြောင်း တရုတ်မြေငလျင်ကွန်ရက် ဗဟိုဌာနက ဖော်ပြခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားသောနေရာ၌ အဆိပ်အလွန်ပြင်းထန်သော ဆိုဒီယမ်ဆိုင်ယာနိုက်ဓာတုပစ္စည်းများ တွေ့ရှိရပြီး ရဲတပ်ဖွဲ့က ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ စက်မှုလုပ်ငန်းဆိုင်ရာ ဘေးကင်းလုံခြုံရေးအဆင့်အတန်းနိမ့်ကျသည့် တရုတ်နိုင်ငံတွင် ယခုပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ ဆိုဒီယမ်ဆိုင်ယာနိုက်တန်ချိန် ၇၀၀ ကျော်ကို ကျွမ်းကျင်ပညာရှင်များက တွေ့ရှိခဲ့သည်။ ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သူများတွင် မီးသတ်သမားများလည်း အများအပြားပါဝင်သည်။



**တီယန်ကျင်းဆိပ်ကမ်းရှိ ကုန်လှောင်ရုံပေါက်ကွဲမှုကြောင့်**
**အဆောက်အအုံများ ပျက်စီးသွားစဉ်**

အဆိုပါဓာတုပစ္စည်းများ သိုလှောင်သည့် ဂိုဒေါင်ပိုင်ရှင်နှစ်ဦးအနက် တစ်ဦးမှာ တရုတ်ရဲချုပ်ဟောင်း၏ သားဖြစ်ပြီး ဩဇာရှိအဆက်အသွယ်များကို အသုံးပြုကာ လုပ်ငန်းလိုင်စင်ရရှိရန် ဆောင်ရွက်ခဲ့ကြောင်း နိုင်ငံပိုင်ဆင်ဟွာမီဒီယာက ဩဂုတ်လ ၁၉ ရက်တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှု အောင်မြင်သည့် နှစ် ၇၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ ၃ ရက်က ပေကျင်းမြို့ရှိ တီယန်မင်ရင်ပြင်၌ ကျင်းပရာ တပ်ဖွဲ့ဝင် ၁၂,၀၀၀ ပါဝင်ချီတက်ခဲ့ကြပြီး တင့်ကားများ၊ ဗုံးကြဲလေယာဉ်များ၊ တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်စနစ်များကို ပါဝင်ပြသခဲ့သည်။ အဆိုပါအခမ်းအနားတွင် ကျန်ဇီမင်းနှင့် ဟူကျင်တောင်တို့အပါအဝင် တရုတ်ခေါင်းဆောင်ဟောင်းများ တက်ရောက်ခဲ့ကြပြီး ပြည်ပဧည့်သည်များတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဗင်နီဇွဲလားမှ ခေါင်းဆောင်များ၊ ဆူဒန်သမ္မတ အိုမာအယ်ဘာရှား၊ ဘယ်လာရုဒ်သမ္မတ အလက်ဇန္ဒားလူကာရှင်ကို၊

တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟီး၊ တောင်အာဖရိက ခေါင်းဆောင် ဂျက်ကော့ဇူးမား၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ မြန်မာနိုင်ငံမှ သမ္မတဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ တက်ရောက်သည်။

အခမ်းအနားအတွက် သိန်းနှင့်ချီသော ပေကျင်းမြို့သားများ ရွှေ့ပြောင်းရခြင်း၊ မြို့တော်လေဆိပ်ကို ပိတ်ထားခြင်းအပါအဝင် ခရီးသွားလာခြင်းဆိုင်ရာ ကန့်သတ်မှုများပြုလုပ်ခြင်းနှင့် လေထုညစ်ညမ်းမှု ဖြစ်စေသည့် စက်ရုံများနှင့်ကားများကို ရပ်နားစေလျက် ကောင်းကင်ကြည်လင်နေစေရေးဆောင်ရွက်မှုများကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ အဆိုပါစစ်ရေးပြ ချီတက်ပွဲနေ့မှာပင် တရုတ်သမ္မတရှီကျင့်ဖျင်က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အင်အားကို သုံးသိန်း လျှော့ချသွားမည်ဖြစ်ပြီး ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ် ဆက်လက်လျှောက်လှမ်းမည်ဖြစ်ကြောင်း ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားသည်။ ပင်တဂွန်စစ်ဌာနချုပ်ကမူ တရုတ်စစ်ရေးပြချီတက်ပွဲသည် စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ကာကွယ်ရေးအသုံးစရိတ် ကြီးထွားလာခြင်းကို ပြတ်သားစွာပြသခဲ့ခြင်းဖြစ်ပြီး တရုတ်ကာကွယ်ရေးအသုံးစရိတ်မှာ တစ်နှစ်လျှင် ၉ ရာခိုင်နှုန်းတိုးမြှင့်ခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ဒေါ်လာ ၁၄၅ ဘီလီယံအထိရှိပြီဟု ခန့်မှန်းထားသည်။

၁၉၅၀ ပြည့်နှစ်က ငြိမ်းချမ်းစွာပေါင်းစည်းမှုဟု ကြေညာကာ ကွန်မြူနစ်တပ်များ ဝင်ရောက်သိမ်းပိုက်အုပ်ချုပ်လျက်ရှိသော တိဘက်ဒေသအတွက် ယခုနှစ်သည် တရုတ်အစိုးရ ထူထောင်ပေးသော ကိုယ်ပိုင်အုပ်ချုပ်ရေးနှစ် ၅၀ ပြည့်သွားသည့်အပြင် ၁၉၅၉ ခုနှစ်ကတည်းက ပြည်ပသို့တိမ်းရှောင်သွားခဲ့သော ဘာသာရေးခေါင်းဆောင် ဒလိုင်းလားမား အသက် ၈၀ ပြည့်သောနှစ်ဖြစ်ပြီး တိဘက်ဒေသအနေဖြင့် ပြည်ပနိုင်ငံများ၏ အထူးစောင့်ကြည့်မှုကို ခံရသော ဒေသများတွင် ပါဝင်ခဲ့သည်။

တိဘက်အရေးဆိုင်ရာ ၆ ကြိမ်မြောက် အစိုးရအကြီးတန်းအရာရှိများ၏ နှစ်ရက်တာ အစည်းအဝေးတွင် တရုတ်အစိုးရ၏ ရပ်တည်ချက်ကို ဖော်ထုတ်ခြင်းအဖြစ် သမ္မတရှီကျင့်ဖျင်က တိဘက်ခွဲထွက်မှုကို ဆန့်ကျင်သွားမည်ဖြစ်ပြီး ဒလိုင်းလားမား၏ ခွဲထွက်ရေးလှုပ်ရှားမှုကိုလည်း တိုက်ဖျက်သွားမည်ဖြစ်ကြောင်း တရုတ်အစိုးရမီဒီယာများမှတစ်ဆင့် သတင်းထုတ်ပြန်ခဲ့သည်။

စက်တင်ဘာလ ၂၀ ရက်က ဂြိုဟ်တုများ တင်ဆောင်ပျံသန်းနိုင်သော သယ်ဆောင်ရေးဒုံးပျံသစ်တစ်မျိုးကို ထုတ်ဖော်ပြသနိုင်ခဲ့ကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြသည်။ အာကာသနည်းပညာတိုးတက်ရေးနှင့် အမြဲတမ်းအာကာသစခန်းတစ်ခု တည်ဆောက်နိုင်ရေးတို့ကို ကြိုးစားလျက်ရှိရာ ယခုဒုံးပျံမှာ အာကာသအစီအစဉ်၏တစ်စိတ်တစ်ပိုင်းဖြစ်သည်။ လောင်းမက်ချ်-၆ ဟု အမည်ပေးထားသော အဆိုပါဒုံးပျံကို ရှန်ဇီပြည်နယ်ရှိ နိုင်ငံတော်ပိုင်ဒုံးကျည်ပစ်စင်တစ်ခုတွင် ထုတ်ဖော်ပြသခဲ့ပြီးဖြစ်သည်။ အဆိုပါဒုံးပျံသည် ၂၉ ဒသမ ၃ မီတာ (၉၇) ပေမြင့်ပြီး အောက်ဆီဂျင်အရည်နှင့် ရေနံဆီတို့ကို အသုံးပြုပျံသန်းနိုင်ရန်တီထွင်ထားပြီး အဆိပ်အတောက်ဖြစ်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိကြောင်း၊ ထိုဒုံးပျံများဖြင့် ဂြိုဟ်တုအငယ်စားများကိုပစ်လွှတ်နိုင်ပြီး သိပ္ပံစမ်းသပ်မှုများကို ပြုလုပ်နိုင်ကြောင်း ဖော်ပြထားပြီး အသေးစိတ်အချက်အလက်များကိုမူ ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ပေ။

တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံ၏ ကျွန်းတုတည်ဆောက်မှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်နိုင်ငံများနှင့်ဆက်ဆံရေးတင်းမာနေစဉ် အမေရိကန်က အရှေ့တောင်အာရှမှ ၎င်း၏မဟာမိတ်နိုင်ငံများ ရေကြောင်းလုံခြုံရေးအတွက် ဒေါ်လာ ၂၅၉ သန်း ထောက်ပံ့မည်ဟု နိုဝင်ဘာလ ၁၇ ရက်တွင် ကြေညာခဲ့သည်။ သမ္မတအိုဘားမားက အာရှ-ပစိဖိတ် ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် မနီလာသို့ ရောက်ရှိနေစဉ်အတွင်း ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့အား ထောက်ပံ့ပေးမည့် အစီအစဉ်ကို ကြေညာခဲ့ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း ဒေါ်လာ ၁၁၉ သန်း ထောက်ပံ့မည်ဖြစ်ကာ သန်း ၁၄၀ ကို ၁၂ လအတွင်း ထပ်မံထောက်ပံ့မည်ဟု အိမ်ဖြူတော်က သတင်းထုတ်ပြန်ခဲ့သည်။ အမေရိကန်သည် အငြင်းပွား

ရေပိုင်နက်ကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံကို ဝေဖန်တိုက်ခိုက်မှုများစွာပြုလုပ်ခဲ့သော နိုင်ငံဖြစ်သည်။

ထိုကာလအတွင်း တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းများကိုသိမ်းယူရန် အခွင့်အရေးရှိပြီး လုပ်နိုင်စွမ်းလည်းရှိကြောင်း အကြီးတန်းတရုတ်သံတမန်ကဆိုသည်။ တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး လျူရှန်မင်းက "သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အိမ်နီးချင်းနိုင်ငံများက တရားမဝင်သိမ်းပိုက်ထားသည့်ကျွန်းများ၊ ကျောက်တန်းများကို ပြန်လည်သိမ်းယူရန် အခွင့်အရေးရှိသော်လည်း အကောင်းဆုံးထိန်းချုပ်မှုများသာပြုလုပ်ထားကြောင်း" ပြောကြားခဲ့သည်။ အငြင်းပွားရေပိုင်နက်အရေးနှင့်ပတ်သက်၍ အရှေ့တောင်အာရှနိုင်ငံများစုဝေးကာ သဘောထားဆန္ဒများထုတ်ဖော်ပြောကြားခြင်း မပြုနိုင်စေရန် တရုတ်က ပိတ်ပင်တားဆီးနေကြောင်း အိမ်နီးချင်းနိုင်ငံများက ပြောဆိုထားသည်။ အမေရိကန်သည် ရေတပ်သင်္ဘောများကို အရှေ့တရုတ်ပင်လယ်အတွင်းရှိ လူလုပ်ကျွန်းများအနီး ခုတ်မောင်းစေခဲ့သဖြင့် တရုတ်နိုင်ငံကလည်း ၎င်းတို့၏ရေတပ်များကို အဆိုပါဒေသသို့ စေလွှတ်မည်ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာကိုဖြတ်ကာ အမေရိကန်နိုင်ငံအထိရောက်ရှိသွားမည်ဟု တရုတ်နိုင်ငံက သတိပေးထားသည်။

**စီးပွားရေး** - ဝန်ကြီးချုပ် လီခကျန်းက "တရုတ်နိုင်ငံအနေဖြင့် ယခုနှစ်နိုင်ငံ၏ စီးပွားရေးကို ခုနစ်ရာခိုင်နှုန်းတိုးတက်ရန် မျှော်မှန်းထားကြောင်း" မတ်လ ၅ ရက်က စတင်ကျင်းပသည့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်အစည်းအဝေး၌ ကြေညာသည်။ "တရုတ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၁၃ ခုနှစ်က ၇ ဒသမ ၇ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်က ၇ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယခုနှစ်တိုးတက်မှုနှုန်းသည် ရာစုနှစ်၏ လေးပုံတစ်ပုံအတွင်း အနည်းဆုံးတိုးတက်မှုဖြစ်ကာ ငွေကြေးဖောင်းပွမှုနှုန်းကိုလည်း ယခင်နှစ် ၃ ဒသမ ၅ ရာခိုင်နှုန်းမှ ယခုနှစ်တွင် ၃ ရာခိုင်နှုန်းအထိ ကျဆင်းအောင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း" ၎င်း၏ မိန့်ခွန်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားအကြီးမားဆုံးနိုင်ငံဖြစ်သည့်တရုတ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း ကမ္ဘာ့တတိယအများဆုံး လက်နက်တင်ပို့ရောင်းချသည့်နိုင်ငံဖြစ်လာကြောင်း မတ်လ ၁၆ ရက်က ထုတ်ပြန်သည့် စတော့ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးသုတေသနဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။ ဂျာမနီ၊ ပြင်သစ်နှင့် ယူနိုက်တက်ကင်းဒမ်းတို့ကို ကျော်လွန်ကာ အမေရိကန်နှင့် ရုရှားတို့ပြီးလျှင် တတိယမြောက် လက်နက်တင်ပို့သည့်နိုင်ငံဖြစ်လာပြီး



**တရုတ်ယွမ်ငွေဈေးရုတ်တရက်ကျဆင်းမှုကြောင့် စိတ်ထိခိုက်ခံစားနေရသည့် ပြည်သူများ**

ကမ္ဘာ့လက်နက်တင်ပို့မှု၏ ၅ ရာခိုင်နှုန်းခန့်အထိ ရှိလာကာ ငါးနှစ်တာကာလအတွင်း အာဖရိက ၁၈ နိုင်ငံသို့ လက်နက်များတင်ပို့ရောင်းချခဲ့ရခြင်းဖြစ်သည်။

အာရှဒေသတွင် စီးပွားရေးအင်အားတိုးတက်မြင့်မားနေသည့် တရုတ်နိုင်ငံအနေဖြင့် ဩဂုတ်လအတွင်း ရှန်ဟိုင်းစတော့ရှယ်ယာဈေး သိသိသာသာကျဆင်းခဲ့သည်။ အဆိုပါ ရှန်ဟိုင်းစတော့ဈေးကွက်ကျဆင်းမှုသည် တရုတ်နှင့်ဆက်နွယ်နေသော ဥရောပနှင့် အမေရိကန်ဈေးကွက်ကိုပါ ရိုက်ခတ်ခဲ့သည့်အတွက် တစ်ကမ္ဘာလုံးက စောင့်ကြည့်နေရသည့် အခြေအနေဖြစ်လာသည်။ ဩဂုတ်လ ၂၄ ရက်က ရှန်ဟိုင်းစတော့ဈေးကွက်သည် ၈ ဒသမ ၄၉ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလနောက်ပိုင်း တစ်ရက်တည်း အဆိုးရွားဆုံးကျဆင်းမှုဖြစ်လာသည်။

ကမ္ဘာ့ရေနံရောင်းလိုအား ပိုလျှံနေမှုနှင့် တရုတ်စီးပွားရေးတိုးတက်မှုနှေးကွေးခြင်းတို့ကို စိုးရိမ်နေချိန်တွင် အမေရိကန်ရေနံဈေးနှုန်းအညွှန်းကိန်းသည် ဩဂုတ်လ ၂၄ ရက်က ရေနံတစ်စည်လျှင်ဒေါ်လာ ၄၀ အောက်သို့ ရောက်ရှိခဲ့ကြောင်း လေ့လာသူများက ဆိုသည်။ တရုတ်နိုင်ငံ၏ ယွမ်ငွေတန်ဖိုးအမှတ်မထင်လျှော့ချခဲ့ခြင်းကြောင့် တရုတ်စီးပွားရေးသည် မျှော်မှန်းသည်ထက် နှေးကွေးမည်ကို စိုးရိမ်ခဲ့ပြီး ကမ္ဘာ့စတော့တန်ဖိုး ဒေါ်လာ ၅ ထရီလီယံကျော် ဆုံးရှုံးခဲ့သည်။

တရုတ်အစိုးရသည် ရုတ်တရက်ကျဆင်းသွားသည့် ယွမ်ငွေကြေးတန်ဖိုးတည်ငြိမ်အောင် ကြိုးစားမှုအနေဖြင့် ဩဂုတ်လတတိယနှင့် စတုတ္ထသီတင်းပတ်တွင် ၎င်းတို့ဝယ်ယူပိုင်ဆိုင်ထားသော အမေရိကန်အစိုးရငွေချေးစာချုပ် ဒေါ်လာ ၁၀၀ ဘီလီယံခန့်ကို ရောင်းထုတ်ခဲ့သည်။ တရုတ်နိုင်ငံ၏ လက်ရှိငွေကြေးဆိုင်ရာမူဝါဒများသည် အမေရိကန်အတွက် တစ်နေ့တခြားပြဿနာတိုးပွားလာစေပြီး ငွေချေးစာချုပ်ဝယ်ယူစုဆောင်းထားသူများ ရရှိမှုအမြတ်ပမာဏ လျော့ကျလျက်ရှိသည်။

**နိုင်ငံတကာဆက်ဆံရေး** - တရုတ်နှင့်အိန္ဒိယ ထိပ်တန်းတာဝန်ရှိသူများသည် အိန္ဒိယနိုင်ငံ၌ နာရိန္ဒြာမိုဒီဝန်ကြီးချုပ် ဖြစ်လာပြီးနောက်ပိုင်း နယ်စပ်အငြင်းပွားမှုဖြေရှင်းနိုင်ရန် မတ်လ ၂၃ ရက်က နယူးဒေလီမြို့၌ တွေ့ဆုံသည်။ တရုတ်အစိုးရအထူးကိုယ်စားလှယ်ရန်ချီချီနှင့် အိန္ဒိယအမျိုးသားလုံခြုံရေးအကြံပေးအရာရှိ အဂျစ်ဒိုဗယ်တို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်ရန်ဆန္ဒရှိကြောင်းနှင့် နယ်စပ်အငြင်းပွားမှုများ ဆောလျင်စွာဖြေရှင်းနိုင်ရန် တိုက်တွန်းဆော်ဩခဲ့ပြီး ယခုတွေ့ဆုံမှုသည် နယ်စပ်အရေးနှင့်ပတ်သက်၍ ၁၈ ကြိမ်မြောက် ဆွေးနွေးမှုဖြစ်ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်သည် မြန်မာနိုင်ငံမှ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ပေကျင်းမြို့ရှိပြည်သူ့ခန်းမကြီး၌ ဇွန်လ ၁၁ ရက်က လက်ခံတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ရှီကျင့်ဖျင်က "တရုတ်-မြန်မာဆက်ဆံရေးကို မဟာဗျူဟာအမြင်နှင့် ရေရှည်အမြင်ဖြင့်အလေးထားဆက်ဆံခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာနှင့် နယ်နိမိတ်တည်တံ့ခိုင်မြဲရေးကို အစဉ်ထောက်ခံခဲ့ကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက်ချက်များကိုလည်း ထောက်ခံကြောင်း၊ တရုတ်ကွန်မြူနစ်ပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆက်ဆံရေးသည် လျင်မြန်စွာ တိုးတက်လာပြီး ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ကြောင်း" ပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က "မြန်မာနှင့် တရုတ်နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး အိမ်နီးချင်းကို ရွေးချယ်၍မရကြောင်း၊ တရုတ်ကွန်မြူနစ်ပါတီအနေဖြင့် တရုတ်နိုင်ငံကို ဦးဆောင်၍ ကြီးမားသောအောင်မြင်မှုရရှိခဲ့သည့်အပေါ် လေးစားမိကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ဆက်ဆံရေးတိုးမြှင့်ရန် တွန်းအားပေးသွားမည် ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်း ဂျပန်နိုင်ငံနှင့် ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသောနေရာတွင် ကျွန်းအတုတည်ဆောက်နေခြင်းနှင့်ပတ်သက်၍ တရုတ်-ဂျပန်ဆက်ဆံရေး ပိုမိုအေးစက်လာကြောင်း စောင့်ကြည့်လေ့လာသူများက သတိပေးခဲ့သည်။ တောင်တရုတ်

ပင်လယ်တွင် မြေယာဖော်ထုတ်ရန် တရုတ်၏ကြိုးပမ်းမှုသည် ပိုင်နက်အငြင်းပွားမှုအတွက် အင်အားပြရန် ကြိုးပမ်းမှုဖြစ်ကြောင်း၊ ဂျပန်နှင့် ညှိနှိုင်းခြင်းမရှိဘဲ တစ်ဖက်သတ်ဆောင်ရွက်နေကြောင်း ဂျပန်နိုင်ငံက ဇူလိုင်လ ၂၁ ရက်တွင် ရှုတ်ချပြောဆိုခဲ့သော်လည်း တရုတ်နိုင်ငံအနေဖြင့် ထောက်လှမ်းကွန်းရေပိုင်နက်တွင် သင်္ဘောများ၊ လေယာဉ်များဖြင့် ကင်းလှည့်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဂျပန်နှင့်ထိစပ်နေသော တရားဝင်မသတ်မှတ်ရသေးသည့် ရေကြောင်းနယ်စပ်အနီး တရုတ်က ဓာတ်ငွေ့တူးစင် ၁၆ ခု ထားရှိခဲ့ကြောင်း ဂျပန်က ဇူလိုင်လ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ရေအောက်သယံဇာတ အရန်သိုက်ကို ထုတ်ယူသွားနိုင်သဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချကြောင်း ဂျပန်အစိုးရအဖွဲ့ အတွင်းဝန် ယိုရှီဟီဒေဆူဂါက ပြောကြားသည်။ ယင်းအငြင်းပွားနေရာရှိသယံဇာတများကို နှစ်နိုင်ငံပူးတွဲတူးဖော်ရန် ၂၀၀၈ ခုနှစ်ကတည်းက သဘောတူညီချက်ရရှိခဲ့သော်လည်း တရုတ်နိုင်ငံက တစ်ဖက်သတ်ဆောင်ရွက်နေကြောင်း ဂျပန်က ကန့်ကွက်ထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ၎င်း၏ဒုံးကျည်အစီအစဉ်ကို အဆင့်မြှင့်တင်လျက်ရှိရာ အမေရိကန်ပြည်ထောင်စု၏ အာကာသဆိုင်ရာကျွမ်းကျင်မှုအားလုံးနီးပါးကို ဖျက်ဆီးနိုင်ကြောင်း အမေရိကန်ဒုံးကျည်ရန် ကာကွယ်ရေး အေဂျင်စီ၏ညွှန်ကြားရေးမှူးဟောင်း ဒုတိယ ဗိုလ်ချုပ်ကြီး ထရေအိုဗာရိန်းက သတိပေးထားသည်။ "တရုတ်တပ်မတော်သည် လွန်ခဲ့သည့် ၂၀၀၇ ခုနှစ်က အနိမ့်ပိုင်းကမ္ဘာပတ်ဂြိုဟ်တုများကိုသာ ပစ်မှတ်ထားနိုင်ပြီး ယခုအခါ အမေရိကန်၏ အာကာသကျွမ်းကျင်မှုကိုပင် ဖျက်ဆီးနိုင်သည့် စွမ်းအားရှိနိုင်ကြောင်း အဆိုပါ ဒုံးကျည်ကို အမေရိကန်၏ တိုက်ပွဲဝင်လေယာဉ်တင် သင်္ဘောအုပ်စုကို ပစ်မှတ်ထားကြောင်း" ဩဂုတ်လ ၁၉ ရက်က ပြုလုပ်သည့် အခမ်းအနားတစ်ခု၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

**ထိုင်းနိုင်ငံ။** ။ **မျက်မှောက်ရေးရာ-** ၂၀၁၄ ခုနှစ် မေလတွင် စစ်ဘက်မှအာဏာသိမ်းခဲ့ပြီးနောက် ထိုင်းအစိုးရသည် ရာဇဝတ်မှုများကို နှိမ်နင်းရန် ကတိပေးခဲ့သော်လည်း ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလကုန်အထိ ခိုးမှုများ၊ ဖောက်ထွင်းမှုများနှင့် အခြားလုယက်မှုများ ၇၅,၅၅၇ မှုကျော် ဖြစ်ပွားခဲ့သည်။ ယမန်နှစ်ထက် ၆၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းဖြင့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် နယူးယောက်တိုင်း(မ်) သတင်းစာက ဖော်ပြခဲ့သည်။ ကြမ်းတမ်းဆိုးဝါးသည့် ရာဇဝတ်မှုများက အလားတူကာလအတွင်း ၁၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟုဆိုသည်။ အလားတူကာလအတွင်း တော်ဝင်ထိုင်းရဲအဖွဲ့မှ ဖော်ပြခဲ့သည့်ကိန်းဂဏန်းများမှာမူ အမှုပေါင်း ၉၂၀ သာ ထပ်မံတိုးတက်ခဲ့၍ ၁ ဒသမ ၉ ရာခိုင်နှုန်းသာရှိသည်ဟုဆိုသည်။ ထိုင်းနိုင်ငံတွင် မှုခင်းအများစုမှာ လွယ်ကူသည့် ပစ်မှတ်များဖြစ်သည့် ကမ္ဘာလှည့်ခရီးသည်တို့ စုဝေးရာ မြို့ပြများတွင် ဖြစ်လေ့ရှိသည်။ အဓိကနေရာများမှာ ဘန်ကောက်၊ ဖူးခက်၊ ပတ္တယားတို့ဖြစ်သည်။

ထိုင်းနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာကြီးထွားလျက်ရှိပြီး ဆိုးဝါးကြမ်းတမ်းသည့်ရာဇဝတ်မှုများမှာ ရိုးရာခရာတွန်မှ ရာဘာနှင့်မြန်မာနိုင်ငံဘက်မှဝင်သော ဘိန်းစသည်တို့နှင့်ပေါင်းစပ်ဆက်နွှယ်လျက်ရှိသည်။ အက်ဖီဒရင်းကဲ့သို့သော ဆေးလုံးများကို ဆေးရုံများမှ ခိုးထုတ်ခဲ့ကြောင်းတွေ့ရ၍ ဆေးလုံးသန်းနှစ်ထောင်ခန့်ကို ထိုင်ဝမ်နှင့်တောင်ကိုရီးယားတို့မှ ခိုးသွင်းခဲ့ကြောင်း တွေ့ရသည်။ ၂၀၁၃ ခုနှစ်၊ အမေရိကန်နိုင်ငံခြားရေးဌာန၏ဖော်ပြချက်အရ ထိုင်းရဲနှင့် လူဝင်မှုကြီးကြပ်ရေးအရာရှိများက ဖမ်းဆီးထိန်းသိမ်းထားသူများထံမှ ငွေနှင့်လိင်မှုကိစ္စတို့ကို အဓမ္မယူလျက်ရှိရာ မပေးနိုင်သော မြန်မာရွှေ့ပြောင်း ဝင်ရောက်လာသူများကိုလုပ်သားပွဲစားများ သို့မဟုတ် လိင်ကုန်ကူးသူများထံသို့ ရောင်းချသည်ဟု ဆိုသည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၏ ပြောကြားချက်အရ ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သော ဝန်ကြီးအဆင့် နှစ်စဉ်အစည်းအဝေးတွင် ကုလသမဂ္ဂ၏ အဓမ္မခိုင်းစေမှုဆိုင်ရာ သဘောတူညီချက်ကို ထိုင်းအစိုးရက ဆန့်ကျင်မဲပေးခဲ့သည်။

## ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံတွင် အနောက်နိုင်ငံသားများ သတ်ဖြတ်ခံရမှုများရှိခဲ့ရာ ၂၀၁၄ ခုနှစ်တွင် ခိုတောင်ခေါ် လိပ်ကျွန်း၌ အင်္ဂလန်နိုင်ငံမှ ခရီးသည်စုံတွဲ သတ်ဖြတ်ခံခဲ့ရသည်။ ယင်းအမှုအတွက် စွပ်စွဲခံရသူ မြန်မာရွှေ့ပြောင်းလုပ်သားနှစ်ဦးကို ကော့စမွေခရိုင်တရားရုံးက အပြစ်ရှိကြောင်းတွေ့ရှိရ၍ လူသတ်မှု၊ မုဒိန်းမှုတို့ အပါအဝင် ပုဒ်မ ၇ ခုဖြင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် သေဒဏ်ချမှတ်ခဲ့သည်။ ယာယီအစိုးရက အခြေခံဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိသည်။

ထိုင်းနိုင်ငံတွင် မွတ်စလင်ဘာသာဝင်အနည်းငယ်ရှိရာ အများစုမှာ တောင်ပိုင်းပြည်နယ်များတွင် နေထိုင်၍ ဘန်ကောက်နှင့်ချင်းမိုင်ဒေသတို့တွင်လည်း အနည်းငယ်မျှရှိသည်။ တစ်ကမ္ဘာလုံးတွင် မွတ်စလင်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည့်နှစ်အနည်းငယ်အတွင်း၌ သိသာသည့်ဆူပူမှုများရှိခဲ့သည်။



**ဘန်ကောက်မြို့လယ်ရှိ ဧရာဝဏ်ဘုရားဝင်းအတွင်း ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားအပြီး တော်ဝင်ထိုင်းရဲတပ်ဖွဲ့က လုံခြုံရေးဆောင်ရွက်နေစဉ်**

ထို့ကြောင့် ဆေးထိုး၍သေဒဏ်စီရင်မည်ကို ၎င်းတို့ရင်ဆိုင်ရလျက်ရှိသည်။ ထိုင်းအစိုးရက အခြားနိုင်ငံများနှင့်ပူးပေါင်း၍ ရာဇဝတ်မှုများကို ကိုင်တွယ်ရန် စီမံလျက်ရှိသည်။ ဥပမာအားဖြင့် ဩစတြေးလျနိုင်ငံနှင့် အကျဉ်းသားလဲလှယ်ရေး သဘောတူညီချက်ကို လုပ်ဆောင်ခဲ့သည်။

**နိုင်ငံရေး** - ၂၀၁၄ ခုနှစ်၊ မေလတွင် မငြိမ်သက်မှုများကြောင့် စစ်ဥပဒေမာရှယ်လော ကြေညာပြီး စစ်ဘက်က အာဏာသိမ်းယူခဲ့ရာ ကြားဖြတ်အစိုးရတွင် စစ်တပ်အကြီးအကဲ ဗိုလ်ချုပ်ကြီးပရာယွတ်ချန်အိုချာက ဝန်ကြီးချုပ်ဖြစ်လာသည်။ အာဏာသိမ်းပြီးချိန်မှစ၍ စစ်ဘက်က ကန့်ကွက်ဆန္ဒပြမှုများကို ပိတ်ပင်ခဲ့ပြီး လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်ကို ကန့်သတ်ခဲ့သည်။ နောင်တွင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက်

ဒီဇင်ဘာလ ၂၇ ရက်တွင် အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်ဆာဆင်ကော်ကပ်နတ်က ဖွေထိုင်းပါတီကို အများပြည်သူတို့ ထိတ်လန့်စေရန်နှင့် နားလည်မှုရှုပ်ထွေးစေရန်ပြုကြောင်းဖြင့် ပြစ်တင်ပြောကြားခဲ့ပြီး အစိုးရက အများပြည်သူကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် Bt 30 ကို ဖျက်သိမ်းရန် အစီအစဉ်မရှိကြောင်းနှင့် ပိုမိုတိုးတက်ကောင်းမွန်စေရန် ပြုလုပ်မည်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။ ဖွေထိုင်းပါတီ၏ ယာယီဦးဆောင်သူ ပါတီအထွေထွေအတွင်းရေးမှူး ဖမ်သမ်ဝက်ချာယာချိုင်းကမူ အစိုးရက အများပြည်သူကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို ပယ်ဖျက်ခဲ့ပါက နိုင်ငံအတွင်းရှိပြည်သူအများအပြား ထိခိုက်နိုင်မည်ဖြစ်၍ အစိုးရက မဆောင်ရွက်နိုင်လျှင် အခြားသူတို့ကို လုပ်ဆောင်ခွင့်ပေးသင့်ကြောင်း ပြောကြားခဲ့သည်။ အခြေခံဥပဒေရေးဆွဲရေးကော်မရှင်က

ဥပဒေပထမမူကြမ်းကို ရေးဆွဲပြီးလုပြီဖြစ်၍ မကြာမီအတွင်း ပြည်သူ့ဆန္ဒခံယူရန် အသင့်ဖြစ်မည်ဟု အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ကော်မရှင်က အစိုးရဌာနများနှင့် နိုင်ငံတွင်းရှိ ဒေသသုံးခုတို့၏ အဆိုပြုမှုများကိုထည့်သွင်းရန် ကျန်ရှိသေးသည်။ တစ်ချိန်တည်းမှာပင် ထိုင်းနိုင်ငံပြုပြင်ပြောင်းလဲရေး လူထုဖောင်ဒေးရှင်း၏ ဒါရိုက်တာဖြစ်သူ သဝမ်ဆင်နင်က ဖွေထိုင်းပါတီကို အမျိုးသားညီညွတ်ရေးအစိုးရ ထူထောင်ရေးတွေးခေါ်မှု ရပ်တန့်ရန်တောင်းဆိုခဲ့သည်။

**ထိုင်းနိုင်ငံလိပ်ကျွန်းအငြင်းပွားဖွယ်လူသတ်မှုဖြစ်စဉ် -** ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံအပိုင်၊ တောင်တရုတ်ပင်လယ်ပြင်ရှိ လိပ်ကျွန်း (Koh Tao) တွင် ဗြိတိန်နိုင်ငံသားနှစ်ဦးဖြစ်သည့် ဒေးဗစ်မီလာနှင့် ဟန်သာဝှစ်သာရစ်ချ်တို့ အသတ်ခံခဲ့ရပြီး အဆိုပါအမှုနှင့်ပတ်သက်၍ ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က မြန်မာနိုင်ငံသားနှစ်ဦးကို တရားခံများအဖြစ် ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့သည်။

စွပ်စွဲဖမ်းဆီးခံထားရသည့်မြန်မာနိုင်ငံသားနှစ်ဦးမှာ ဇော်လင်းနှင့် ဝင်းဇော်ထွန်းတို့ဖြစ်သည်။ ၎င်းတို့မှာ အခင်းဖြစ်ပွားရာနေရာ၌ရှိခဲ့ပြီး နောက်ပိုင်းတွင် DNA စစ်ဆေးမှုများအရ အဆိုပါလူသတ်မှုကို ကျူးလွန်ခဲ့သူများဖြစ်ကြောင်း ထိုင်းနိုင်ငံရဲတပ်ဖွဲ့က ဆိုသည်။ ထို့နောက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်တွင် အုပ်စုဖွဲ့သတ်ဖြတ်မှု၊ အုပ်စုဖွဲ့အဓမ္မပြုကျင့်မှု၊ ညအချိန်လူသတ်ပစ္စည်းလုယူမှု၊ ပူးပေါင်းကြံစည်မှု၊ ဖြစ်ရပ်မှန်ကို ထိန်ချန်မှု၊ တရားမဝင်နိုင်ငံဖြတ်ကျော်ဝင်ရောက်မှု၊ တရားမဝင်ဆက်လက်နေထိုင်မှုတို့ဖြင့် ကော့စမွေတရားရုံးက ထောင်ဒဏ်နှစ် ၂၀ နှင့် သေဒဏ် ချမှတ်လိုက်သည်။

မြန်မာရွှေ့ပြောင်းလုပ်သား ၅,၀၀၀ ဝန်းကျင်ခန့် အလုပ်လုပ်ကိုင်လျက်ရှိသည့် လိပ်ကျွန်း (Koh Tao) ကျွန်းတွင် မြန်မာနိုင်ငံသားနှစ်ဦး ဖမ်းဆီးစွပ်စွဲခံထားရသော်လည်း ခိုင်လုံသောသက်သေ အထောက်အထားမရှိခြင်း၊ DNA စစ်ဆေးချက်များ ကွဲလွဲမှုရှိခြင်းနှင့် ဖမ်းဆီးခံထားရသည့် မြန်မာနိုင်ငံသားနှစ်ဦးကို အတင်းအဓမ္မဝန်ခံစေခြင်းတို့ရှိကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

ဗြိတိန်နိုင်ငံသားနှစ်ဦး အသတ်ခံရမှုနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်တွင် အလုပ်သမား ၂၀၀ ကျော်ကို မျိုးရိုးဗီဇ DNA စစ်ဆေးမှုပြုလုပ်ခဲ့ပြီး အချို့ကိုပြန်လွှတ်ပေးခဲ့သည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်တွင် မြန်မာအလုပ်သမားတစ်ဦးဖြစ်သူ ဝင်းဇော်ထွန်းက လူသတ်မှုကျူးလွန်ကြောင်း ဝန်ခံခဲ့သည်ဟု ထိုင်းနိုင်ငံ ဒုတိယရဲချုပ်က ဆိုသည်။ အောက်တိုဘာလ ၃ ရက်တွင် ဇော်လင်းနှင့် ဝင်းဇော်ထွန်းတို့ကို လူသတ်မှု၊ မုဒိမ်းမှုတို့ဖြင့် ဖမ်းဆီးကာ အောက်တိုဘာလ ၅ ရက်တွင် တရားခွင်စတင်ခဲ့သည်။ ထိုကာလအတွင်း ထိုင်းရဲတပ်ဖွဲ့က DNA စစ်ဆေးမှုအဖြေကို နှစ်ရက်ကြိုတင်သတင်းထုတ်ပြန်ခဲ့သဖြင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးဝင်းမောင် ဦးဆောင်သည့် မြန်မာသံရုံးအထူးအဖွဲ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်က စတင်ဖွဲ့စည်းပြီး အောက်တိုဘာလ ၂၉ ရက်တွင် ထိုင်းရှေ့နေကောင်စီကိုအမှုအပ်နှံခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ အထူးစုံစမ်းစစ်ဆေးရေးကော်မတီသည် ၂၀၁၄ ခုနှစ်အတွင်း လိပ်ကျွန်းနှင့် ကော့စမွေသို့ ၃၃ ခေါက်၊ ၂၀၁၅ ခုနှစ်တွင် ကော့စမွေသို့ ၂၃ ခေါက်၊ မြန်မာနိုင်ငံသို့ ၃ ခေါက် အပြန်အလှန်သွားလာကာ မြန်မာရွှေ့ပြောင်းလုပ်သားများထံမှ သက်သေအထောက်အထားများ ရှာဖွေစုဆောင်းခဲ့ကြောင်း သိရသည်။ စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်သူ MAT (ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားအဖွဲ့) မှ ဒါရိုက်တာဦးကျော်သောင်းက လူသတ်လက်နက်အဖြစ် တင်ပြထားသည့် ပေါက်တူးတွင် စွပ်စွဲခံထားရသည့် မြန်မာနိုင်ငံသားနှစ်ဦး၏ DNA မတွေ့ရှိရကြောင်း၊ သေဆုံးသူဗြိတိန်နိုင်ငံသူ၏ ရင်ဘတ်တွင် တွေ့ရသည့် DNA နှင့်လည်း ကွဲလွဲချက်များရှိကြောင်း ပြည်တွင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ပြန်လည်ဖြေကြားထားခဲ့သည်။

စွပ်စွဲခံထားရသည့် မြန်မာနှစ်ဦးကို မြန်မာသံရုံးအထူးအဖွဲ့နှင့်မိဘများက အောက်တိုဘာလ ၂၄ ရက်တွင် သွားရောက်တွေ့ဆုံရာ၌ စွပ်စွဲခံထားရသည့်

မြန်မာနှစ်ဦးက "ထိုင်းရဲတပ်ဖွဲ့၏ ခြိမ်းခြောက်မှုကြောင့် ဝန်ခံခဲ့ရခြင်းဖြစ်ကြောင်း" ပြောခဲ့သည်ဟု မြန်မာသံရုံး အထူးအဖွဲ့က ဆိုသည်။ လိပ်ကျွန်းလူသတ်မှုကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်တွင် ကော့စမွေတရားရုံးတွင် စတင်ကြားနာခဲ့ပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် အထိ ရုံးချိန်း ၁၆ ကြိမ် ကြားနာခဲ့သည်။

လိပ်ကျွန်းလူသတ်မှုတွင် တရားလိုပြသက်သေ ၆၅ ဦးမှ ၃၆ ဦးအထိ (ကြိုတင်ထွက်ချက်ရမှုကို သက်သေခံတင်သွင်းခြင်းမပါဝင်) စစ်ဆေးခဲ့ပြီး တရားခံပြသက်သေ ၃၁ ဦးမှ ၁၂ ဦးကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်အထိ စစ်ဆေးခဲ့သည်။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် ရုံးချိန်းတွင် ထိုင်းနိုင်ငံမှုခင်းဆရာဝန်ကြီး ဒေါက်တာဖွန်တစ်က လူသတ်လက်နက်အဖြစ် အသုံးပြုခဲ့သော လက်နက်မှ DNA စစ်ဆေးချက်နှင့် စွပ်စွဲခံမြန်မာနှစ်ဦး၏ DNA မှာ ကွဲလွဲနေကြောင်း ထွက်ဆိုခဲ့သည်။ တရားလိုပြ သက်သေတစ်ဦးဖြစ်သည့် ကော့မငန်းရဲစခန်းမှ ဒုရဲမှူး ဆုံဆယ်နူးရော့ကို စစ်ဆေးခဲ့ရာ အထက်ဌာနမှ ဖုန်းဖြင့်ညွှန်ကြားမှုကြောင့် စစ်ဆေးခြင်းဖြစ်ပြီး တရားဝင် စာရွက်စာတမ်းမပြနိုင်ခြင်း၊ DNA ပြန်ကြားစာ တွင်လည်း အမှုစစ်ရဲအရာရှိ လက်မှတ်ထိုးပြင်ဆင် ထားခြင်း၊ တရားခံများကို ဖမ်းချုပ်ရာတွင် တရားရုံးမှ ခွင့်ပြုချက်(ဝရမ်း) တောင်းစဉ် တရားခံများက သေဆုံးသူ ဗြိတိန်နိုင်ငံသားနှစ်ဦးကို တူဖြင့်ထုသတ်ကြောင်း ရေးသားထားခြင်း စသည့်ကွဲလွဲချက်များကြောင့် အမှုနှင့်ပတ်သက်သည့် တရားစီရင်ရေးအပေါ် စောဒကများ ရှိလာခဲ့သည်။ ထိုသို့သောအခြေအနေများအတွင်း ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်တွင် လိပ်ကျွန်း လူသတ်မှုကို ထိုင်းနိုင်ငံကော့စမွေတရားရုံးက သေဒဏ် ချမှတ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်အပါအဝင် ထိုင်းနိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံသည့်အခါတိုင်း အဆိုပါအမှုနှင့်ပတ်သက်၍ တရားဥပဒေကြောင်းအရ မှန်ကန်စွာဆောင်ရွက်ပေးရန် မေတ္တာရပ်ခံခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထိုင်းနိုင်ငံဒုတိယ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးနှင့် ထိုင်းဘုရင့် တပ်မတော် စစ်ဦးစီးချုပ်တို့ထံ တရားဥပဒေအရ ဆောင်ရွက်မှုကို လေးစားကြောင်း၊ သို့သော်လည်း သက်သေအထောက်အထား ခိုင်လုံမှု ရှိ/မရှိ ပြန်လည် သုံးသပ်ပေးစေလိုကြောင်း၊ တရားဥပဒေအရ အပြစ်ရှိသူကို ပြစ်ဒဏ်မပေးမိခြင်းထက် အပြစ်မဲ့သူကို ပြစ်ဒဏ်ပေးမိခြင်းမျိုးမဖြစ်စေရန် အရေးကြီးကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ ၎င်းအပြင် ထိုင်းလွှတ်တော်၏ ဖိတ်ကြားချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော မြန်မာလွှတ်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်တွင် ဘန်ကောက်မြို့သို့ ရောက်ရှိစဉ် သက်ဆိုင်ရာထိုင်းအာဏာပိုင်များထံ အမှုမှန်ပေါ်ပေါက်စေရေး မေတ္တာရပ်ခံခဲ့ပြီး ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နှင့်အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့က ထိုင်းနိုင်ငံ အမျိုးသားဥပဒေပြုညီလာခံဥက္ကဋ္ဌထံ သဝဏ်လွှာပေးပို့ ခဲ့သည်။ ထို့ပြင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်တွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်က ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E Mr.Panadda Disakul နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံကာ မြန်မာ-ထိုင်းနှစ်နိုင်ငံချစ်ကြည်ရေးကို ထောက်ထားပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်အနေဖြင့် စွဲချက်တင်သေဒဏ် ချမှတ်ခံရသည့် မြန်မာနှစ်ဦးကိစ္စကို ပြန်လည်သုံးသပ် ပေးစေလိုကြောင်း ဆွေးနွေးခဲ့သည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်ထံ ဘန်ကောက်မြို့သို့ ခေတ္တပြန်လည်ရောက်ရှိနေသည့် ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr.Pisanu Suvanajata က ဖုန်းနှင့်ဆက်သွယ်ကာ ရန်ကုန်မြို့ရှိ ထိုင်းသံရုံး လုံခြုံရေးနှင့်ပတ်သက်၍ အကူအညီတောင်းခံခဲ့ရာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသားများအနေဖြင့် တရားရုံးကသတ်မှတ်သောဆုံးဖြတ်ချက်အပေါ်

လက်ခံနိုင်ရန်များစွာအခက်အခဲဖြစ်စေကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးအရ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း ပြောကြားခဲ့သည်။

လိပ်ကျွန်းစွပ်စွဲခံမြန်မာနှစ်ဦးကို သေဒဏ်ချမှတ်သည့် ဒီဇင်ဘာလ ၂၄ ရက်မှာပင် မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံသံရုံးရှေ့တွင် မြန်မာပြည်သူ ၂၀ ဦးခန့်က မျှတမှန်ကန်စွာတရားစီရင်ပေးရန် စတင်ဆန္ဒထုတ်ဖော်ခဲ့သည်။ ဒီဇင်ဘာလ ၂၅ ရက်တွင် ထိုင်းသံရုံးရှိရာ ရန်ကုန်မြို့၊ မနော်ဟရီလမ်း၌ မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် သံဃာတော်များပါဝင်၍ နံနက် ၉ နာရီခွဲမှ ညနေ ၆ နာရီအချိန်အထိ ဆန္ဒထုတ်ဖော်မှုများပြုလုပ်ခဲ့ပြီး မန္တလေး၊ ပြည်၊ ရခိုင်၊ ထားဝယ်ဒေသတို့၌ စွပ်စွဲခံမြန်မာနှစ်ဦး ပြန်လည်လွတ်မြောက်ရေးဆန္ဒပြပွဲများနှင့် ဆုတောင်းပွဲများပြုလုပ်ခဲ့သည်။ ထို့အတူ ဒီဇင်ဘာလ ၂၇ ရက်က တက္ကသိုလ်ရိပ်သာလမ်းရှိ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရပါတီဖြစ်သည့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ရှေ့သို့ သွားရောက်ကာ မြန်မာလုပ်သားနှစ်ဦးပြန်လည်လွတ်မြောက်ရေးနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးရန် ဆန္ဒဖော်ထုတ်မှုများပြုလုပ်ခဲ့သည်။

"ထိုင်းနိုင်ငံရှေ့နေများကောင်စီက လိပ်ကျွန်းလူသတ်မှုနှင့်ပတ်သက်၍ ရှေ့နေ ၂၁ ဦးပါ ကော်မတီဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်တွင် စည်းဝေးဆောင်ရွက်ကြမည်ဖြစ်သည်။ ရှေ့နေများကောင်စီ၊ မြန်မာနိုင်ငံသံရုံး၊ ထိုင်းနိုင်ငံရောက်မြန်မာလူမှုကူညီရေးအဖွဲ့တို့နှင့် ဆွေးနွေးညှိနှိုင်းမှုများဆောင်ရွက်မည်ဖြစ်ကာ ထိုင်းနိုင်ငံတရားလွှတ်တော်ထံ ပြစ်ဒဏ်လျှော့ပေါ့ပေးရေးအတွက် အယူခံဝင်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ပါက ထိုင်းဘုရင့်ကောင်စီထံ တင်ပြကာ ပြစ်ဒဏ်သက်သာခွင့်ရရှိနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း" နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦးက ပြည်တွင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ ၎င်းအပြင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌထံသို့ မြန်မာအလုပ်သမားနှစ်ဦးကို သေဒဏ်ချမှတ်ခဲ့ခြင်းအပေါ် အယူခံဝင်သည့် ကာလအတွင်း ၎င်းတို့နှစ်ဦးရသင့်ရထိုက်သောခံစားခွင့်ရရှိရေး၊ တရားမျှတစွာ အဆုံးအဖြတ်ပေးရေး၊ ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို ခွဲခြားဆက်ဆံမှုမရှိစေဘဲ ခံစားခွင့်ရရှိရေးနှင့် ၎င်းတို့၏ အသက်ရှင်သန်ပိုင်ခွင့်ရရှိ ခံစားနိုင်ရေးအတွက် အတတ်နိုင်ဆုံး ထောက်ပံ့ကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံစာတစ်စောင်ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်က ပေးပို့ခဲ့ကြောင်း ပြည်တွင်းသတင်းမီဒီယာများတွင် ဖော်ပြသည်။

**သောင်းထိုက်ဦး**

**နီပေါနိုင်ငံ။** ။ **နိုင်ငံရေး -** ၂၀၀၆ ခုနှစ်တွင် ငြိမ်းချမ်းရေးသဘောတူညီချက်ဖြင့် မော်ဝါဒီတို့၏ ဆယ်စုနှစ်ကြာပုန်ကန်မှုအဆုံးသတ်ခဲ့ပြီးနောက် ၂၃၉ နှစ်သက်တမ်းရှိသော ဟိန္ဒူဘုရင်များအုပ်စိုးမှု နိဂုံးချုပ်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် မော်ဝါဒီတို့လွှမ်းမိုးထားသော ဥပဒေပြုလွှတ်တော်ကို ရွေးချယ်တင်မြှောက်ခဲ့သော်လည်း နှစ်နှစ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို အကောင်အထည်မဖော်နိုင်ဘဲ နိုင်ငံရေးလိပ်ခဲတည်းလည်းအခြေအနေကို ရင်ဆိုင်ခဲ့ရသည်။


နိုင်ငံ၏ ပြည်တွင်းနယ်နိမိတ်များ ပြန်လည်ရေးဆွဲရန် နိုင်ငံရေးပါတီများက သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် လမ်းပွင့်သွားပြီဖြစ်ကြောင်း နီပေါဝန်ကြီးချုပ်က ဩဂုတ်လ ၉ ရက်တွင် ပြောကြားခဲ့သည်။ ရက်ပေါင်းများစွာ စေ့စပ်ဆွေးနွေးမှုများ ဆောင်ရွက်ပြီးနောက် နီပေါပါတီများသည် နိုင်ငံကို ပြည်နယ်ရှစ်ခုပိုင်းခြားရန် သမိုင်းဝင်သဘောတူညီချက်ကို ဇွန်လတွင် ရရှိခဲ့ပြီး ဩဂုတ်လ ၈ ရက်တွင် ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

စေ့စပ်ညှိနှိုင်းမှုများအရ ပြည်နယ်အရေအတွက်ကို ရှစ်ခုမှ ခြောက်ခုအထိ လျှော့ချခဲ့ပြီး ပြည်နယ်တိုင်းသည် ဒေသတွင်းအင်အားကြီးအိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည်။

ဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေးကို အရှိန်မြှင့်နိုင်ရန် ရည်ရွယ်သည့် အခြေခံဥပဒေသစ်ကို နီပေါနိုင်ငံ၌ စက်တင်ဘာလ ၂၀ ရက်က အတည်ပြုခဲ့သည်။ အဓိကနိုင်ငံရေးပါတီများကြား သဘောတူညီချက်ရရှိခဲ့ပြီးနောက် ရွေးကောက်ခံကိုယ်စားလှယ်များရေးဆွဲထားသည့် ယင်းအခြေခံဥပဒေသစ်ကို စက်တင်ဘာလ ၁၆ ရက်တွင် ပါလီမန်က ဥပဒေအဖြစ် အတည်ပြုခဲ့သည်။ နိုင်ငံကို ပြည်နယ်များခွဲခြမ်းအုပ်ချုပ်မည့် ယင်းဥပဒေသစ်သည် ဗဟိုချုပ်ကိုင်မှုကို လျှော့ချထားသော်လည်း နယ်နိမိတ်ခွဲခြားမှုများကြောင့် နယ်စပ်ဒေသများတွင် နေထိုင်သည့် လူမျိုးစုများအဖို့ ပါလီမန်တွင် ကိုယ်စားပြုခွင့်နည်းပါးပြီး နောက်ကျကျန်ရစ်စေမည်ဟု ဝေဖန်သူများက ထောက်ပြကြသည်။ အခြေခံဥပဒေအတည်ပြုရေးလုပ်ဆောင်နေစဉ်တွင် ရဲများနှင့်ဆန္ဒပြသူများအကြား အကြမ်းဖက်ပဋိပက္ခများဖြစ်ပွားခဲ့ပြီး ကလေးနှစ်ဦးအပါအဝင် လူ ၄၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတည်ပြုခဲ့ပြီးနောက် ဝန်ကြီးချုပ်ဆူရှေးခိုအီရာလာသည် ရာထူးမှနုတ်ထွက်မည်ဟု ကတိပေးခဲ့သည်။ နိုင်ငံရေးပါတီအားလုံးက သဘောတူညီသောဝန်ကြီးချုပ်ကို မရွေးချယ်နိုင်သဖြင့် သမ္မတက ပါလီမန်ကိုမဲခွဲဆုံးဖြတ်ရန် တောင်းဆိုခဲ့သည်။ ပါလီမန်တွင် မဲခွဲရာ အသက် ၆၃ နှစ်အရွယ် ကွန်မြူနစ်ပါတီခေါင်းဆောင် ကေပီရှာမန်အိုလီက ၃၃၈ မဲရရှိပြီး ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ အိုလီသည် ဆင်းရဲသောနီပေါနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရန် အခြားပါတီများနှင့်လက်တွဲလုပ်ဆောင်သွားမည်ဟု အောက်တိုဘာလ ၁၁ ရက်တွင် ကတိပြုပြောကြားသည်။

အဓိကကျသည့် အိန္ဒိယနယ်စပ်စခန်းကို ပိတ်ဆို့ထားသော ဆန္ဒပြသူများကို နိုဝင်ဘာလ ၂ ရက်တွင် ရဲများက နံပါတ်တုတ်များဖြင့် ရိုက်ခြင်း၊ တဲများကို မီးရှို့



**ပြည်သူ့ဆန္ဒနှင့်မကိုက်ညီလျှင် ရာထူးမှနုတ်ထွက်မည်ဟု ကတိပြုသည့် နီပေါဝန်ကြီးချုပ်**

ခြင်းများ ပြုလုပ်ခဲ့သည်ဟု သတင်းများတွင် ဖော်ပြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်ထဲ၌ ၎င်းတို့အတွက် ကိုယ်စားပြုမည့်သူမရှိသဖြင့် မကျေမနပ်ဖြစ်နေကြသည့် လူနည်းစုတိုင်းရင်းသားဆန္ဒပြသူများက ဘီယာဂူနီမြို့ရှိ အိန္ဒိယဘက်သို့ကူးသော နယ်စပ်တံတားကို စက်တင်ဘာလ ၂၄ ရက် ကတည်းက ပိတ်ထားခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပိတ်ဆို့ထားသည့်အတွက် နီပေါနိုင်ငံ၏ အရေးကြီးသော သွင်းကုန်များပြတ်တောက်သွားပြီး လောင်စာဆီများကို ခွဲတမ်းဖြင့်အသုံးပြုရသည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။

နီပေါအစိုးရက ၎င်းတို့၏ဖွဲ့စည်းပုံဥပဒေသစ်ကို သဘောမကျသည့် အိန္ဒိယအစိုးရက တရားမဝင်ပိတ်ဆို့မှုပြုလုပ်ကာ ဆန္ဒပြသူများကို ထောက်ပံ့နေသည်ဟု စွပ်စွဲ သည်။ အိန္ဒိယအစိုးရကမူ ထိုစွပ်စွဲချက်ကို ငြင်းပယ်ခဲ့ပြီး ဆန္ဒပြသူများနှင့် ဆွေးနွေးရန် တိုက်တွန်းခဲ့သည်။

**မြေငလျင်ဘေးအန္တရာယ်** - နီပေါနိုင်ငံ၌ ဧပြီလ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၆ မိနစ်တွင် မြို့တော်ခတ္တမန္ဒူမှ အနောက်မြောက်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာ လမ်ဂျုံးခရိုင်ကို ဗဟိုပြုပြီး ၇ ဒသမ ၉ ရစ်ချ်တာစကေးရှိ အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့သည်။

ငလျင်လှုပ်ပြီးစအချိန်တွင် မြို့တော်ခတ္တမန္ဒူ၌ စုစုပေါင်း လူ ၁,၀၀၀ ကျော် သေဆုံးခဲ့ပြီး ၁၉ ရာစုခေတ်သမိုင်းဝင် ဒါရာဟာရာ မျှော်စင်ကြီးလည်း ပြိုကျခဲ့သည်။ ယင်းမျှော်စင်အဆောက်အအုံ၏ အပျက်အစီးများ အောက်တွင် လူအများအပြား ပိတ်မိခဲ့သည်။ မြို့တော်ရှိ လေဆိပ်လည်း ပျက်စီးခဲ့သည်။

များစွာ ပျက်စီးဆုံးရှုံးခဲ့ရာ ဘာသာရေးဆိုင်ရာ အဆောက်အအုံ ၈၀ ရာခိုင်နှုန်းကျော်ပါဝင်သည်။ ထို့ကြောင့် နီပေါနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို များစွာ ထိခိုက်နိုင်သည်ဟု ဒေသတွင်းသတင်းများတွင် ဖော်ပြသည်။ ငလျင်ဒဏ်ခံဒေသများမှ ကလေးငယ်များမှာ ဝမ်းပျက်၊ ဝမ်းလျှော၊ ဝက်သက်နှင့် ကူးစက်ရောဂါများ



**ရစ်ချ်တာစကေး ၇ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက်**
**နေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးသွားစဉ်**

အဆိုပါငလျင်လှုပ်ခဲ့ပြီးနောက် အင်အားရစ်ချ်တာ စကေး ၄ ဒသမ ၅ အဆင့်ရှိ နောက်ဆက်တွဲမြေငလျင်ငယ် ၁၅ ကြိမ် လှုပ်ခဲ့သည်။ ခတ္တမန္ဒူမြို့မှ မြောက်ဘက်တွင် တည်ရှိသော တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တွင်လည်း လူ ၁၇ ဦး သေဆုံးပြီး အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံတွင် ၄၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လေးဦးသေဆုံးခဲ့သည်။ ငလျင်လှုပ်ခတ်မှုကြောင့် ဧဝရက်တောင်ပေါ်ရှိ နှင်းထု၊ ရေခဲထုနှင့် ကျောက်တုံးများ တစ်ဟုန်ထိုး ကျခဲ့ရာ တောင်ပေါ်ရှိ လူ ၁၇ ဦး သေဆုံးခဲ့ရသည်။

နီပေါနိုင်ငံ၏မြို့တော်အနီးဝန်းကျင်ရှိ ကမ္ဘာ့ ရှေးဟောင်းအမွေအနှစ်စာရင်းဝင်နေရာ ခုနစ်ခုအနက် အနည်းဆုံးလေးနေရာရှိ ရှေးဟောင်းအဆောက်အအုံ ဖြစ်နိုင်ခြေမြင့်မားခဲ့ပြီး စားနပ်ရိက္ခာ၊ ရေနှင့်လျှပ်စစ် ဓာတ်အားပြတ်တောက်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

နီပေါငလျင်ဒဏ်ခံစားရသူပြည်သူများကို ကူညီ ရန်အတွက် အိန္ဒိယနိုင်ငံက ဆေးဘက်ဆိုင်ရာ အကူ အညီနှင့် ကယ်ဆယ်ရေးယာဉ်များ စေလွှတ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံက အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခဲ့ပြီး ပါကစ္စတန်နိုင်ငံက C-130 လေယာဉ် လေးစင်း၊ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးအဖွဲ့များအပါအဝင် ဆေးဘက်ဆိုင်ရာအကူအညီများပေးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဧပြီလ ၂၇ ရက်တွင် နီပေါနိုင်ငံအခြေစိုက် သံအမတ်များနှင့် သံတမန် ၂၀ ဦး တက်ရောက်သည့် အစည်းအဝေးကျင်းပသည်။ ယင်းအစည်းအဝေးတွင်

နီပေါနိုင်ငံခြားရေးဝန်ကြီး မဟင်ဒရာဗဟာဒါပန်ဒီက အိမ်နီးချင်းတရုတ်နှင့်အိန္ဒိယနိုင်ငံအပါအဝင် ပြည်ပနိုင်ငံများအနေဖြင့် ဆေးဝါးအထောက်အပံ့များနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များ ပိုမိုစေလွှတ်ပေးရန် တောင်းဆိုခဲ့သည်။

နီပေါနိုင်ငံသို့ နိုင်ငံတကာကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့ ၁၅ ဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံတကာကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ၁၄ ဖွဲ့တို့ ရောက်ရှိကာ ကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ဗြိတိန်၊ အနောက်ဥရောပနိုင်ငံများနှင့် ပါကစ္စတန်နိုင်ငံတို့က အရေးပေါ်အကူအညီများ ပေးအပ်ပြီး ဖိလစ်ပိုင်နိုင်ငံအခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်ကလည်း အရေးပေါ်အကူအညီအနေဖြင့် အမေရိကန်ဒေါ်လာသုံးသန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာသန်း ၂၀၀ ကူညီမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အင်အားပြင်းထန်သော ငလျင်ကြောင့် လူပေါင်းရှစ်သန်းထိခိုက်ခံစားရပြီး ၁ ဒသမ ၄ သန်းမှာ စားနပ်ရိက္ခာများ လိုအပ်နေကြောင်း ကုလသမဂ္ဂက ဧပြီလ ၂၈ ရက်တွင် ကြေညာခဲ့သည်။

နီပေါငလျင်ဒဏ်သင့် ပြည်သူများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများက စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို မေလ ၁ ရက်တွင် မြန်မာ့တပ်မတော်အထူးလေယာဉ်ဖြင့် ပေးပို့လှူဒါန်းသည်။

ငလျင်ဒဏ်ကြောင့် စာသင်ကျောင်း ၁၀ ကျောင်းလျှင် ကိုးကျောင်းပျက်စီးသွားခဲ့ရပြီး စာသင်ခန်းပေါင်း ၂၄,၀၀၀ နီးပါး ပျက်စီးသွားကြောင်း ယူနီဆက်က ပြောကြားသည်။

မေလ ၁၂ ရက် မွန်းလွဲ ၁ နာရီခန့်တွင် နီပေါနိုင်ငံမြို့တော်ခတ္တမန္ဒူနှင့် ဧဝရက်တောင်အကြား တရုတ်နိုင်ငံနှင့်ထိစပ်နေသော နယ်စပ်ဒေသ၌ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိ မြေငလျင်ထပ်မံလှုပ်ခတ်ခဲ့ရာ ၃၆ ဦးထက်မနည်းသေဆုံးပြီး ၁,၁၁၇ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ မြေငလျင်အပါအဝင် နောက်ဆက်တွဲမြေငလျင်ငါးကြိမ်ထက်မနည်း ဆက်လက်လှုပ်ခတ်ခဲ့သည်။ ယင်းငလျင်ကြောင့် အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်၌ တံတိုင်းနံရံပြိုကျမှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။ ထို့ပြင် ဧပြီလ ၂၅ ရက် ငလျင်ဒဏ်ခံရသူများအတွက် အကူအညီပေးရေးအခြေစိုက်စခန်းမြို့ဖြစ်သည့် နီပေါနိုင်ငံအလယ်ပိုင်းရှိ ဝေးလံခေါင်သီသော ချော်တာရာမြို့နယ်တွင် အဆောက်အအုံများစွာ ပြိုကျခဲ့ပြီး လေးဦးထက်မနည်း သေဆုံးသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ပျောက်ဆုံးသွားခဲ့သည့် အမေရိကန်စစ်ဘက်ရဟတ်ယာဉ်၏ အပျက်အစီးအစိတ်အပိုင်းများကို ယင်းနိုင်ငံ၏ တောင်တန်းဒေသ၌ မေလ ၁၅ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယင်းအပျက်အစီးများနှင့်အတူ လူသုံးဦး၏ ရုပ်အလောင်းများကိုရှာဖွေတွေ့ရှိပြီး ရဟတ်ယာဉ်ပေါ်၌ လိုက်ပါလာသော အခြားလူငါးဦးမှာ သေဆုံးသွားပြီဟု ယူဆရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြခဲ့သည်။

နီပေါနိုင်ငံ ငလျင်ဒဏ်ခံပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဝန်ထမ်းများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ပုဂ္ဂလိကစေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများက ငွေကျပ် ၁၄,၇၁၂,၅၀၀ ကျပ်ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) မှတစ်ဆင့် မေလ ၁၃ ရက်တွင် ပေးပို့လှူဒါန်းခဲ့သည်။

မြေငလျင်နှစ်ကြိမ် လှုပ်ခတ်ခဲ့မှုကြောင့် မေလ ၃၁ ရက်အထိ လူပေါင်း ၈,၀၀၀ ကျော် သေဆုံးခဲ့ရသည်။ ယင်းငလျင်သည် ၁၉၃၄ ခုနှစ်တွင် လှုပ်ခတ်ခဲ့သော လူပေါင်း ၈,၅၀၀ ခန့်သေဆုံးခဲ့သည့်ငလျင်ပြီးနောက် နီပေါနိုင်ငံတွင် ၈၁ နှစ်တာကာလအတွင်း အင်အားအပြင်းဆုံးငလျင်ဖြစ်သည်။ ငလျင်လှုပ်ရှားမှုကြောင့် နေအိမ်ငါးသိန်းကျော် ပျက်စီးခဲ့ရပြီး လူဦးရေ ၂၈ သန်းအနက် ၂ ဒသမ ၈ သန်း ထိခိုက်ခဲ့သည်။ စီးပွားရေးအရဆုံးရှုံးမှုမှာ ဒေါ်လာခုနစ်ဘီလီယံအထိရှိခဲ့သည်။

မြေငလျင်ပြန်လည်ထူထောင်ရေး နိုင်ငံတကာအလှူရှင်နိုင်ငံများညီလာခံကို ဇွန်လ ၂၅ ရက်တွင်

ကျင်းပရန်စီစဉ်ထားပြီး ယင်းညီလာခံသို့ နိုင်ငံပေါင်း ၃၆ နိုင်ငံနှင့် အကူအညီပေးရေးအေဂျင်စီ ၂၄ ခုကို ဖိတ်ခေါ်ထားကြောင်း နီပေါဘဏ္ဍာရေးဝန်ကြီးဌာနမှ အထက်တန်းအရာရှိပရာဆပ်ရှားမားက ပြောကြားခဲ့သည်။

ငလျင်ဒဏ်ခံစားခဲ့ရသော နီပေါနိုင်ငံတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အလုပ်သမား ၅၀,၀၀၀ ကို လေ့ကျင့်ပေးမည်ဖြစ်ကြောင်း နီပေါဘဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။ အစိုးရသည် အလုပ်သမားထောင်ပေါင်းများစွာကို လက်သမား၊ ရေပိုက်ပြင်သမား၊ လျှပ်စစ်ကျွမ်းကျင်သူ၊ ပန်းရန်ဆရာ စသဖြင့် လေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံ၏ အလုပ်သမားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ငလျင်ကြောင့် ပျက်စီးသွားခဲ့ရသော လူနေအိမ်များ၊ အထိမ်းအမှတ်အဆောက်အအုံများ၊ လူထုနှင့်ဆိုင်သော အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးအတွက် ဒေါ်လာသန်း ၉၀၀ အသုံးပြုမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကြောင့် ရှစ်နှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်လည်း မျှော်လင့်ထားကြောင်း ဘဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ကျွဲ၊ နွား ၁၆ ရာခိုင်နှုန်းခန့်နှင့် မွေးမြူရေးလုပ်ငန်း ၃၆ ရာခိုင်နှုန်းခန့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် လယ်ယာလုပ်ငန်းကို အားထားနေရသည့် နီပေါနိုင်ငံတွင် တစ်သန်းမျှသော ပြည်သူများသည် အစားရေစာမလုံလောက်မှုနှင့် ကြုံတွေ့နေရသည်ဟု ကုလသမဂ္ဂက ပြောကြားကြောင်း ဇွန်လ ၂၀ ရက် သတင်းများတွင် ဖော်ပြသည်။ ထိခိုက်မှုအများဆုံးဖြစ်သည့် အဓိကနယ်မြေခြောက်ခုတွင် FAO က အမေရိကန်ဒေါ်လာ သန်း ၂၀ ကူညီထောက်ပံ့ပေးထားသည်။ သီးနှံစိုက်ပျိုးသည့်ရာသီတွင် စိုက်ပျိုးရာ၌ လိုအပ်သောမျိုးစေ့များ၊ မြေသြဇာများ၊ ရေသွင်းစိုက်ပျိုးရန်နှင့် နည်းပညာပိုင်းပံ့ပိုးပေးသွားရန် ပိုမိုလိုအပ်ကြောင်း တိုက်တွန်းထားသည်။

**နိုင်ဂျီးရီးယားနိုင်ငံ။ ။ ရွေးကောက်ပွဲ -** နိုင်ဂျီးရီးယားအထွေထွေရွေးကောက်ပွဲကို မတ်လ ၂၈ ရက်တွင် ကျင်းပသည်။ လက်ရှိသမ္မတဂျိုနသန်နှင့် ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်သူ မူဟမ္မာဒူဘူဟာရီတို့ကြား အဓိကယှဉ်ပြိုင်ခဲ့ကြသည်။ နိုင်ဂျီးရီးယားတွင် အရပ်သားအုပ်ချုပ်ရေးစနစ်စတင်ခဲ့သည့် ၁၉၉၉ ခုနှစ်ကတည်းက ဂျိုနသန်၏ (PDP) ပါတီက အုပ်ချုပ်ခဲ့ပြီး စီးပွားရေးပြန်လည်ကောင်းမွန်စေမည်ဟု ကြွေးကြော်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ အကျင့်ပျက်ခြစားမှုများနှင့် ဘိုကိုဟာရမ်သူပုန်တို့၏ တိုက်ခိုက်မှုများသည် အဓိကအဟန့်အတားဖြစ်ခဲ့သည်။ အကျင့်ပျက်ခြစားမှုလေ့လာရေးအဖွဲ့၏ထုတ်ပြန်ချက်အရ ဂျိုနသန်အစိုးရသည် ပြည်သူ့ဘဏ္ဍာငွေ ဒေါ်လာဘီလီယံချီပြီး အလွဲသုံးစားလုပ်ထားကြောင်း ထောက်ပြခဲ့သည်။

သမ္မတနှင့် အတိုက်အခံနှစ်ဦးလုံးသည် ရွေးကောက်ပွဲမဲဆွယ်ရာတွင် စီးပွားရေးတိုးတက်မှုများရှိစေရေးနှင့် အလုပ်အကိုင်များ ရှာဖွေပေးရေးတို့ကို ဦးစားပေးလုပ်ဆောင်မည်ဟု ပြောကြားခဲ့ကြသည်။

ရွေးကောက်ပွဲကနဦးရလဒ်များအရ စစ်ဘက်ခေါင်းဆောင်ဟောင်း မူဟမ္မာဒူဘူဟာရီက လက်ရှိသမ္မတ ဂျိုနသန်ထက် မဲအသာရလျက်ရှိသည်ဟု ဖော်ပြသည်။ နိုင်ဂျီးရီးယားရှိ ပြည်နယ်ထက်ဝက်ကျော်တွင် မဲအရေအတွက် ကြေညာခဲ့ရာ မစ္စတာမူဟမ္မာဒူဘူဟာရီ၏ APC ပါတီက မဲအရေအတွက်နှစ်သန်းအသာဖြင့် ဦးဆောင်ဖွယ်ရှိနေသည်။ သမ္မတဂျိုနသန်၏ PDP ပါတီက မဲအရေအတွက် ၆,၄၈၈,၂၁၀ ရရှိပြီး မစ္စတာဘူဟာရီ၏ APC ပါတီက ၈,၅၂၀,၄၃၆ မဲ ရရှိခဲ့သည်။

အတိုက်အခံစစ်ဘက်ခေါင်းဆောင်ဟောင်း ဘူဟာရီသည် သမ္မတမစ္စတာဂျိုနသန်ကို အနိုင်ရရှိသွားကြောင်း ဧပြီလ ၁ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ အရပ်သားအုပ်ချုပ်ရေးပေါ်ပေါက်လာပြီးနောက်ပိုင်း ရွေးကောက်ပွဲများတွင် အနိုင်ရရှိခဲ့သည့် ပထမဆုံးသော အတိုက်အခံပါတီဖြစ်လာသည်။ မစ္စတာဘူဟာရီက ၎င်းအနိုင်ရရှိမှုသည် အပြောင်းအလဲအတွက် အောင်ပွဲဖြစ်ပြီး ဒီမိုကရေစီနိုင်ငံဖြစ်ကြောင်းကို သက်သေပြနိုင်

ခဲ့ပြီဟု ပြောဆိုလိုက်သည်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက အဆိုပါရွေးကောက်ပွဲကို ယေဘုယျအားဖြင့် ချီးကျူးခဲ့ကြသော်လည်း မဲလိမ်မှုများရှိသည်ဟူသော စွပ်စွဲချက်များလည်းပေါ်ပေါက်ခဲ့သည်။

အဆောက်အအုံ ၃,၇၀၀ ကျော် လုံးဝပျက်စီးခဲ့ပြီး ဘာဂါနှင့်အနီးရှိ ၁၆ နေရာ ထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရကာ လူပေါင်း ၂၀,၀၀၀ ခန့်နေရပ်စွန့်ခွာထွက်ပြေးရကြောင်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်



**နိုင်ဂျီးရီးယားသမ္မတသစ် မူဟမ္မာဒူဘူဟာရီ**

**ဘိုကိုဟာရမ်အကြမ်းဖက်မှု** - နိုင်ဂျီးရီးယားနိုင်ငံတွင် ၂၀၀၉ ခုနှစ်ကတည်းက စတင်ခဲ့သည့်ဘိုကိုဟာရမ်တို့၏ အကြမ်းဖက်မှုများကြောင့် လူပေါင်း ၁၅,၀၀၀ သေဆုံးခဲ့ရပြီး လူတစ်သန်းကျော်အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ ဘိုကိုဟာရမ်တို့၏ ခြောက်နှစ်ကြာပုန်ကန်မှုအတွင်း အဆိုးရွားဆုံးအဖြစ် နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဘာဂါကျေးရွာကို ဇန်နဝါရီလ ၃ ရက် မှစတင်၍ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူအမြောက်အမြားသေဆုံးခဲ့ရသည်ဟု အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ဇန်နဝါရီလ ၁၅ ရက်တွင် ပြောကြားခဲ့သည်။ စစ်ဘက်ကို ကူညီနေသည့် အရပ်သားကင်းစစ်သားများကို ပစ်မှတ်ထားခဲ့ရာ ၂,၀၀၀ ကျော် သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။ နိုင်ဂျီရီးယားစစ်တပ်ကမူ ယင်းသတင်းကိုပယ်ချခဲ့ပြီး ၁၅၀ ထက်မနည်း သေဆုံးခဲ့သည်ဟု ပြောကြားခဲ့သည်။

အဖွဲ့က ပြောကြားခဲ့သည်။ ယင်းအဖွဲ့က ဘာဂါကျေးရွာနှင့် အနီးရှိဒိုရွန်ဘာဂါရွာတို့ကို ဂြိုဟ်တုမှ ရိုက်ကူးထားသည့် ဓာတ်ပုံများကိုလည်း ထုတ်ပြန်ခဲ့သည်။

နိုင်ဂျီရီးယားနိုင်ငံအရှေ့မြောက်ပိုင်း မီဒုဂူရီမြို့ကို အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့ ဘိုကိုဟာရမ်လက်နက်ကိုင်များက တိုက်ခိုက်မှုများပြုလုပ်သဖြင့် ပြင်းထန်သောတိုက်ပွဲများဖြစ်ပွားကြောင်း ဇန်နဝါရီလ ၂၅ ရက် ဘီဘီစီသတင်းတွင် ဖော်ပြခဲ့သည်။ အဆိုပါဒေသအတွင်း၌ နိုင်ဂျီးရီးယားလေတပ်က ဗုံးကြဲတိုက်ခိုက်ပြီး နေဝင်မီးငြိမ်းအမိန့်ဆက်လက်ထားရှိသည်။ ယင်းဒေသသို့ ဇန်နဝါရီလ ၂၄ ရက်တွင် နိုင်ဂျီးရီးယားသမ္မတ ဂွတ်ဒ်လာ့ခ်ဂျိုနသန် အလည်အပတ် ရောက်ရှိလာခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလ ၃၀ ရက်တွင် ကျင်းပသည့် အာဖရိကသမဂ္ဂခေါင်းဆောင်များအစည်းအဝေးတွင်

"ဘိုကိုဟာရမ်သူပုန်အဖွဲ့သည် ဖေဖော်ဝါရီလ ၆ ရက်တွင် နိုင်ဂျီးရီးယားနှင့် ထိစပ်နေသော နိုင်ဂျာနိုင်ငံရှိ ဘော့ဆိုနှင့် ဒတ်ဖာဒေသ၌ ထိုးစစ်ကြီးတစ်ခု ဆင်နွှဲခဲ့ရာ နိုင်ဂျာတပ်များ၏ ခုခံမှုကြောင့် အစ္စလာမ္မစ် ၁၀၀ ကျော် သေဆုံးခဲ့သည်။ အစ္စလာမ္မစ်များနှင့်အတူ စစ်သား



**နိုင်ဂျီးရီးယားနိုင်ငံလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသော ဘိုကိုဟာရမ် စစ်သွေးကြွအဖွဲ့**

လေးဦးနှင့် အရပ်သားတစ်ဦးသေဆုံးပြီး တပ်ဖွဲ့ဝင် ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်" ဟု နိုင်ဂျာကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။ နိုင်ဂျာသည် ချဒ်၊ ကင်မရွန်းနိုင်ငံတို့နှင့်အတူ ဘိုကိုဟာရမ်တို့ကို တိုက်ခိုက်ရန်အတွက် နိုင်ဂျီးရီးယားသို့ တပ်ဖွဲ့များ စေလွှတ်မည်ဟု ဖေဖော်ဝါရီလ ၅ ရက်တွင် ကြေညာခဲ့ပြီး နောက်တစ်ရက်တွင် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။ ဖေဖော်ဝါရီလ ၆ ရက် တိုက်ခိုက်မှုကို အမေရိကန်နိုင်ငံက အပြစ်တင်ခဲ့ပြီး ဒေသခံတပ်ဖွဲ့များကို ကူညီပေးမည်ဟု ကတိပြုခဲ့သည်။

ဘိုကိုဟာရမ်တို့နှင့် ပဋိပက္ခများ ပိုမိုမြင့်တက်လာမှုကြောင့် သမ္မတရွေးကောက်ပွဲကို ဖေဖော်ဝါရီလ ၁၄ ရက်မှ မတ်လ ၂၈ ရက်သို့ ရွှေ့ဆိုင်းကြောင်း နိုင်ဂျီးရီးယားအစိုးရက ဖေဖော်ဝါရီလ ၇ ရက်တွင် ကြေညာသည်။ အမေရိကန်ပြည်ထောင်စုက ရွေးကောက်ပွဲများ ရွှေ့ဆိုင်းလိုက်သည့်အတွက် စိတ်ပျက်မိကြောင်း ပြောဆိုခဲ့ပြီး အမေရိကန်

ဘိုကိုဟာရမ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရေး အဓိကထားဆွေးနွေးခဲ့ကြသည်။ ဘိုကိုဟာရမ်တို့၏ လုပ်ရပ်များကို ကုလသမဂ္ဂအဖွဲ့များ၏ အကူအညီယူပြီးတိုက်ခိုက်ရန် အာဖရိကသမဂ္ဂဥက္ကဋ္ဌက တိုက်တွန်းခဲ့သော်လည်း စစ်သွေးကြွများကို ချေမှုန်းရန်အတွက် နိုင်ဂျီးရီးယားနှင့် အိမ်နီးချင်းနိုင်ငံများ၏ လက်နက်ကိုင်တပ်ဖွဲ့များဖြင့်သာ လုံလောက်မှုရှိကြောင်း၊ ပြင်ပအကူအညီမလိုအပ်ကြောင်း နိုင်ဂျီးရီးယားအမျိုးသားလုံခြုံရေးအကြံပေး ဆန်ဘိုဒါဆူကီက ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အာဖရိကဆိုင်ရာဒါရိုက်တာက "ဘိုကိုဟာရမ်တို့၏ အကြမ်းဖက်မှုများသည် အာဖရိကသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် နိုင်ဂျီးရီးယားနိုင်ငံ အုပ်ချုပ်ရေးအဖွဲ့များကို အလွန်အမင်းခြိမ်းခြောက်နေပြီး နိုင်ဂျီးရီးယားအရှေ့မြောက်ဒေသရှိ ပြည်သူထောင်ပေါင်းများစွာကို ကာကွယ်ပေးရန် လိုအပ်နေကြောင်း" ပြောကြားခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံက "နိုင်ဂျီးရီးယားနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် ဘိုကိုဟာရမ်တက်ဖရီစစ်သွေးကြွအုပ်စုကို တိုက်ခိုက်ချေမှုန်းရန်အတွက် ဒေသဆိုင်ရာစစ်ဆင်ရေးတစ်ရပ် ထူထောင်သွားရန်၊ အနောက်နိုင်ငံများနှင့် ဗဟိုအာဖရိကနိုင်ငံများကလည်း နိုင်ဂျီးရီးယားကို ကူညီပေးရန်" ဖေဖော်ဝါရီလ ၅ ရက်တွင် ကြေညာချက်ထုတ်ပြန်တိုက်တွန်းခဲ့သည်။

နိုင်ဂျီးရီးယားရှိ ဘိုကိုဟာရမ်စစ်သွေးကြွများသည် နိုင်ငံပြင်ပတွင် တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လာရာတွင် အိမ်နီးချင်းကင်မရွန်းနှင့် နိုင်ဂျာနိုင်ငံတို့တွင် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြသည်။ ဖေဖော်ဝါရီလ ၅ ရက်တွင် ကင်မရွန်းနိုင်ငံ၊ ဖိုတိုကိုမြို့၌ ဘိုကိုဟာရမ်အဖွဲ့တိုက်ခိုက်မှုကြောင့် လူ ၇၀ ထက်မနည်းသေဆုံးခဲ့သည်။ စစ်သွေးကြွများက အိမ်များအတွင်းရှိနေကြသော အရပ်သားများနှင့် မြို့တွင်းရှိ ဗလီတစ်ခုကို တိုက်ခိုက်ခဲ့ပြီး အဆောက်အအုံအများအပြားကိုလည်း မီးရှို့ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက "လုံခြုံရေးအခြေအနေကို အကြောင်းပြုပြီး ဒီမိုကရေစီလုပ်ငန်းစဉ်ကို နှောင့်နှေးအောင် မပြုလုပ်သင့်ကြောင်း" သတိပေးခဲ့သည်။

အစ္စလာမ္မစ်စစ်သွေးကြွများသည် ဂွန်ဘောမြို့စွန်ရှိ စစ်ဆေးရေးဂိတ်တစ်ခုကို ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များက ဂျက်တိုက်လေယာဉ်တစ်စင်းအသုံးပြုကာ တန်ပြန်တိုက်ခိုက်ခဲ့ကြောင်း ဖေဖော်ဝါရီလ ၁၅ ရက် သတင်းများတွင် ဖော်ပြခဲ့သည်။ ဂွန်ဘောမြို့ကို အစိုးရတပ်များက သိမ်းပိုက်ပြီးနောက် ၂၄ နာရီ အပြင်မထွက်ရ အမိန့်ထုတ်ပြန်ခဲ့သည်။

သူလျှိုလုပ်သည်ဟူသော စွပ်စွဲချက်ဖြင့် အမျိုးသားနှစ်ဦးကို ဘိုကိုဟာရမ်စစ်သွေးကြွများက ခေါင်းဖြတ်သတ်သည့်ဗီဒီယို မတ်လ ၂ ရက်တွင် အွန်လိုင်းပေါ်၌ထွက်ပေါ်လာခဲ့သည်။ ယင်းဗီဒီယိုတွင် အမျိုးသားနှစ်ဦးကို လက်ပြန်ကြိုးတုပ်ကာ ဒူးထောက်ထိုင်ခိုင်းထားပြီး ၎င်းတို့နောက်တွင် ဘိုကိုဟာရမ်စစ်သွေးကြွတစ်ဦးက ဓားကိုင်ထားသည်ကို တွေ့ရသည်။ ယင်းဗီဒီယိုပြကွက်များမှာ အိုင်အက်စ်စစ်သွေးကြွများ ခေါင်းဖြတ်သတ်သည့် ဗီဒီယိုများကဲ့သို့ တူညီသောအချက်များကို တွေ့ရကြောင်း နိုင်ငံတကာအကြမ်းဖက်မှုများလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။ သို့ရာတွင် ဗီဒီယိုသည် အစစ်အမှန်ဟုတ်မဟုတ်နှင့် မည်သည့်နေ့ရက်က သတ်ဖြတ်ခဲ့သည်ကို အတည်ပြုနိုင်ခြင်းမရှိပေ။ နိုင်ဂျီးရီးယားသမ္မတဂွတ်ဒ်လာခ့်ဂျိုနသန်က ဘိုကိုဟာရမ်စစ်သွေးကြွများသည် အယ်လ်ခိုင်ဒါ၊ အိုင်အက်စ်တို့နှင့် မဟာမိတ်ပြုထားကြောင်း ပြောကြားထားသော်လည်း ယင်းအဖွဲ့ကမူ အတည်ပြုခြင်းမရှိသေးပေ။

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် မတ်လ ၇ ရက်က အသေခံဗုံးဖောက်ခွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ လူ ၅၀ ကျော် သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။ နိုင်ငံမြောက်ပိုင်း ဘိုနိုပြည်နယ်မြို့တော် မိဒိုဂူရီ၏ ဗဟိုဈေးကြီး၊ ငါးရောင်းချသည့်ဈေးနှင့်ဘတ်စ်ကားမှတ်တိုင်တစ်ခုတွင် ဗုံးဖောက်ခွဲမှုများ ဖြစ်ပွားခဲ့ပြီး ယင်းတိုက်ခိုက်မှုကြောင့် လူ ၅၄ ဦးထက် မနည်းသေဆုံးကာ ၁၃၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘိုနိုပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဘိုကိုဟာရမ်အဖွဲ့လက်အောက်သို့ကျရောက်နေသော နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဘိုနိုပြည်နယ်၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဘာမမြို့ကို အစိုးရစစ်တပ်က ပြန်လည်သိမ်းယူခဲ့ကြောင်း မတ်လ ၁၇ ရက်တွင် ပြောကြားခဲ့သည်။ အစိုးရတပ်ဖွဲ့များ ပိုက်စိပ်တိုက်ရှာဖွေတိုက်ခိုက်မှုကြောင့် ဘိုကိုဟာရမ်တပ်ဖွဲ့ဝင်အများအပြားသေဆုံးသည်ဟု သတင်းများတွင် ဖော်ပြခဲ့သည်။ အလားတူ ဘိုနိုပြည်နယ်၏ အိမ်နီးချင်းယိုဆေးပြည်နယ် ဂိုနီရီရှိ ၎င်းတို့၏ အခြေစိုက်စခန်းကိုလည်း အစိုးရတပ်များက တိုက်ခိုက်မောင်းထုတ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဘိုကိုဟာရမ်အကြမ်းဖက်အုပ်စု၏ တိုက်ခိုက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့်နိုင်ဂျီးရီးယားလူမျိုး ၂၀၀,၀၀၀ နီးပါးတို့အတွက် အစားအသောက်၊ အဝတ်အစား၊ ပညာရေး၊ နေထိုင်ရေးနှင့်မိလ္လာစနစ်ကောင်းမွန်စေရေးတို့အတွက် လိုအပ်သည့်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၄ သန်းရရှိရန် ကုလသမဂ္ဂနှင့်အင်န်ဂျီအို ၂၃ ခုတို့က တောင်းခံလျက်ရှိကြောင်း ဧပြီလ ၁၀ ရက်သတင်းများတွင် ဖော်ပြခဲ့သည်။ ဒုက္ခသည်ပေါင်း ၁၉၂,၀၀၀ တို့သည် နိုင်ဂျီးရီးယားနယ်စပ်ကို ဖြတ်ကျော်ပြီး ကင်မရွန်း၊ ချက်ဒ်နှင့် နိုင်ဂျာနိုင်ငံတို့သို့ ထွက်ပြေးကြရသည်။ ယခုနှစ်ကုန်ပိုင်းတွင် ဒုက္ခသည်အရေအတွက် ၂၄၀,၀၀၀ အထိ မြင့်တက်လာနိုင်သည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။

နိုင်ငံမြောက်ပိုင်း ဘိုနိုပြည်နယ်စစ်ဆင်ရေးအတွင်း ဘိုကိုဟာရမ်စစ်သွေးကြွများ ဖမ်းဆီးထိန်းသိမ်းထားသော ဓားစာခံ ၁၇၈ ဦးတို့ကို ကယ်တင်နိုင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဩဂုတ်လ ၃ ရက်တွင် ပြောကြားခဲ့သည်။ အဆိုပါ စစ်ဆင်ရေးတွင် ကလေးငယ် ၁၀၁ ဦး၊ အမျိုးသမီး ၆၇ ဦးနှင့် အမျိုးသား ၁၀ ဦးတို့ကို ကယ်တင်နိုင်ခဲ့ကြောင်းနှင့် ယင်းဒေသရှိ ဘိုကိုဟာရမ်အခြေစိုက်စခန်းများကို အရှိန်မြှင့် တိုက်ခိုက်လျက်ရှိကြောင်း နိုင်ဂျီးရီးယားတပ်ဖွဲ့

ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးတူကာဂူဆာယူက ပြောကြားခဲ့သည်။

ဘိုကိုဟာရမ်တို့၏တိုက်ခိုက်မှုများ မြင့်တက်လာသဖြင့် နေရပ်စွန့်ခွာသူ ၂ ဒသမ ၁ သန်းကျော်ရှိလာပြီဟု အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းအခြေချသူများအဖွဲ့ (International Organzation for Migration-IOM) က စက်တင်ဘာလ ၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ယင်းနေရပ်စွန့်ခွာသူများအတွက် စားနပ်ရိက္ခာနှင့် နေထိုင်စရာများကို အလျင်အမြန် ထောက်ပံ့ပေးရန် အစိုးရနှင့်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကို IOM က တိုက်တွန်းလိုက်သည်။

သမ္မတသစ် မူဟမ္မာဒူဘူဟာရီက အစ္စလာမ္မစ်သူပုန်များကို အမြစ်ပြုတ်အောင် တိုက်ခိုက်သွားမည်ဟု ကတိပြုခဲ့သော်လည်း ၎င်းသမ္မတရာထူး ထမ်းဆောင်ခဲ့သည့် မေလ ၂၉ ရက်နောက်ပိုင်း ဘိုကိုဟာရမ်တို့၏ တိုက်ခိုက်မှုကြောင့် လူ ၁,၀၀၀ ကျော် သေဆုံးခဲ့သည်။

ဘိုကိုဟာရမ်တို့သည် ၎င်းတို့အခြေစိုက်ရာ နိုင်ဂျီးရီးယားမြောက်ပိုင်းကို ကျော်လွန်၍ တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်နေစဉ် ယင်းစစ်သွေးကြွများကို တိုက်ခိုက်သည့် စစ်ဆင်ရေးများအတွင်း ထောက်လှမ်းမှု၊ စောင့်ကြည့်မှု၊ ကင်းလှည့်မှုတို့အတွက် ဒေသဆိုင်ရာ ညွန့်ပေါင်းအဖွဲ့ဝင်နိုင်ငံဖြစ်သည့် ကင်မရွန်းသို့ စစ်ဘက်တာဝန်ရှိသူ ၃၀၀ အထိ စေလွှတ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတအိုဘားမားက အမေရိကန်ကွန်ဂရက်ထံ အောက်တိုဘာလ ၁၄ ရက်တွင် အသိပေးခဲ့သည်။ ယခုစေလွှတ်မည့်တပ်ဖွဲ့ဝင်များသည် တိုက်ခိုက်ရေးတွင် ပါဝင်မည်မဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ်ခုခံကာကွယ်ရေးအတွက်သာ လက်နက်ကိုင်ဆောင်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ခဲ့သည်။

**ပြင်သစ်နိုင်ငံ။ ။ အကြမ်းဖက်တိုက်ခိုက်ခံရမှု -** ၂၀၁၅ ခုနှစ်အတွင်း အိုင်အက်စ်စစ်သွေးကြွအစွန်းရောက်အဖွဲ့များ၏ လှုပ်ရှားမှုများကြောင့် တစ်ကမ္ဘာလုံးက အံ့ဩထိတ်လန့်စိုးရိမ်စိတ်များ ဖြစ်ပေါ်ကြရသည်။ ဥရောပနိုင်ငံတချို့နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အကြမ်းဖက်မှုအများဆုံး ဖြစ်ပွားလျက်ရှိသည်။ အထူးသဖြင့် အိုင်အက်စ်စစ်သွေးကြွများသည် ၎င်းတို့ကို ချေမှုန်းတိုက်ခိုက်သောနိုင်ငံများအပေါ် ပစ်မှတ်ထားကာ ဖောက်ခွဲတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၌ ပြင်သစ်နိုင်ငံ ပါရီမြို့အခြေစိုက်ချာလီဟက်ဒိုသရော်စာမဂ္ဂဇင်းတိုက်တစ်ခု၏ ရုံးခန်းကို အကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက်ခဲ့မှုကြောင့် လူ ၁၂ ဦး သေဆုံးခဲ့သည်။ ယင်းဖြစ်ရပ်သည် ၁၀ စုနှစ် နှစ်စုအတွင်း ပြင်သစ်နိုင်ငံတွင် လူသေဆုံးမှုအများဆုံး အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်သည်ဟု ယူဆခဲ့သည်။ သို့သော် နိုဝင်ဘာလ ၁၃ ရက် ဒေသစံတော်ချိန် ည ၉ နာရီခန့်တွင် ပါရီမြို့လယ်ရှိ ဘာတာကလန်ဂီတခန်းမ၌ စတင်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုတွင် အကြမ်းဖက်သမားများက မြို့တော်တစ်ဝန်းလုံးရှိ စားသောက်ဆိုင်များနှင့် ဂီတခန်းမများအပါအဝင် အနည်းဆုံးနေရာ ၆ ခုတွင် အဆက်မပြတ်ပစ်ခတ်မှုများနှင့် ဗုံးခွဲမှုများကြောင့် လူပေါင်း ၁၂၈ ဦး သေဆုံးခဲ့ပြီး ၃၅၂ ဦး ဒဏ်ရာရရှိကာ ၉၀ ကျော်မှာ စိုးရိမ်ရသည့်အခြေအနေတွင် ရှိသည်။

ဘာတာကလန်ဂီတခန်းမတွင် ရော့ခ်တေးဂီတအဖွဲ့က တင်ဆက်ဖျော်ဖြေမှုပြုလုပ်နေစဉ် သေနတ်သမားများက ပစ်ခတ်မှုများပြုလုပ်ခဲ့ပြီး ကပွဲခန်းမရှိလူများကို ဓားစာခံအဖြစ် ခေါ်ဆောင်သွားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များကလည်း ဂီတခန်းမကို ဝင်ရောက်စီးနင်းပြီး တိုက်ခိုက်သူအချို့ကို ပစ်သတ်ခဲ့သည်။ နောက်ထပ်တိုက်ခိုက်မှုများမှာ ပါရီမြို့၏ စားသောက်ဆိုင်များနှင့် မြို့ပြင်အမျိုးသားအားကစားရုံအနီး နေရာငါးခုတွင် ဖြစ်ပွားခဲ့သည်။ ယင်းအားကစားရုံတွင် ပြင်သစ်နှင့်ဂျာမနီတို့ ယှဉ်ပြိုင်ကစားလျက်ရှိပြီး ဂိတ်ပေါက်အနီးတွင် ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ယင်းအချိန်တွင် ပြင်သစ်သမ္မတဟော်လန်သည်လည်း အားကစားရုံထဲတွင် ရောက်ရှိနေသည်။ ၎င်းတိုက်ခိုက်မှုတွင် သံသယရှိသူ များပြားနိုင်မည်ဖြစ်ကြောင်း ပြင်သစ်ရဲများက ပြောကြားခဲ့သည်။ ထို့အပြင် ပြည်သူများကိုလည်း ၎င်းတို့၏ နေအိမ်ထဲတွင်နေထိုင်ရန် တိုက်တွန်းထားသည်။

## ပြင်သစ်နိုင်ငံ

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် အစိုးရရှေ့နေများက အကြမ်းဖက်တိုက်ခိုက်မှုကို နယ်စပ်ဖြတ်ကျော်အဖွဲ့များက ပြုလုပ်နိုင်ကြောင်း သံသယရှိသဖြင့် စုံစမ်းမှုများကို နယ်စပ်ဖြတ်ကျော်ဒေသများပါမကျန် ပြုလုပ်လျက်ရှိရာ နိုဝင်ဘာလ ၁၄ ရက်က ကားတစ်စီးကို အကြမ်းဖက်လုယက်မောင်းနှင်လာသည့် ပြင်သစ်တစ်ဦးအပါအဝင် လူသုံးဦးကို ဘယ်လ်ဂျီယံရဲများက ပြင်သစ်နယ်စပ်အနီးတွင် ဖမ်းဆီးခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုတွင် အဓိကကြိုးကိုင်သူများကို အပူတပြင်းရှာဖွေလျက်ရှိသည်။ ပြင်သစ်နိုင်ငံသည် အကြမ်းဖက်တိုက်ဖျက်ရေးဆိုင်ရာမူကြမ်းတစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး ယင်းမူကြမ်းကို လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံက တညီတညွတ်တည်း ထောက်ခံခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှုသည် အိုင်အက်စ်များ၏ လက်ချက်ဖြစ်နိုင်ကြောင်း အွန်လိုင်းဖော်ပြချက်တစ်ခုတွင် ဖော်ပြခဲ့သည်။ ယင်းဖော်ပြချက်တွင် အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းမှ တိုက်ခိုက်



**ပါရီမြို့ အမျိုးသားအားကစားရုံအနီး အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူပြည်သူများကို ရဲတပ်ဖွဲ့က ကယ်ဆယ်ရေးဆောင်ရွက်စဉ်**

သေဆုံးသွားသော သံသယဖြစ်ဖွယ်လူတစ်ဦး၏ ရုပ်အလောင်းနားတွင် ဆီးရီးယားနိုင်ငံကူးလက်မှတ်တစ်ခုကို တွေ့ရှိခဲ့ကြောင်းနှင့် ၎င်းသံသယဖြစ်ဖွယ်သေဆုံးသူမှာ လွန်ခဲ့သည့်လက ဒုက္ခသည်တစ်ဦးအဖြစ် လျှောက်ထားကြောင်း ဂရိဝန်ကြီးတစ်ဦးက ပြောကြားခဲ့သည်။

ပြင်သစ်သမ္မတ ဟော်လန်သည် နေအိမ်များအတွင်း ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နိုင်ရန်နှင့် သံသယရှိသူများကို ဖမ်းဆီးနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များအား လုပ်ပိုင်ခွင့်ပေးရေး ရည်ရွယ်ချက်ဖြင့် နိုဝင်ဘာလ ၁၄ ရက်တွင် အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာ၍ တိုက်ခိုက်ရေးသမားများနှင့် တိုက်ခိုက်မှုကိုရာတွင် ပြင်သစ်က ပါဝင်ခဲ့သည့်အတွက် လက်စားချေသည့်အနေဖြင့် ထိုသို့ပြုလုပ်ခြင်းဖြစ်ကြောင်း ပါရီသည်။ ပါရီအကြမ်းဖက်တိုက်ခိုက်မှုကို ဥရောပရဲအဖွဲ့က စုံစမ်းစစ်ဆေးမှုများပြုလုပ်နေချိန်တွင် ပြင်သစ်စစ်လေယာဉ်များက ဆီးရီးယားရှိ အိုင်အက်စ်တို့၏ ခြေကုပ်စခန်းများကို နိုဝင်ဘာလ ၁၅ ရက်တွင် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ပြင်သစ်နိုင်ငံသည် အီရတ်နှင့် ဆီးရီးယားရှိ အိုင်အက်စ်တို့ကို အမေရိကန်ဦးဆောင်မှုဖြင့် လအတန်ကြာ တိုက်ခိုက်လျက်ရှိပြီး စစ်သွေးကြွများကို အပြုတ်တိုက်ခိုက်ရန် သန္နိဋ္ဌာန်ချထားသည်။ "ဗုံးခွဲမှု၊ သေနတ်ပစ်ခတ်မှုများကြောင့် လူပေါင်း ၁၂၉ ဦး သေဆုံးခဲ့ရသည်ကို လက်တုံ့ပြန်နိုင်ရန်အတွက် အမျိုးသား

လုံခြုံရေးရန်ပုံငွေကိုတိုးမြှင့်ပေးရန်၊ အကြမ်းဖက်တိုက်ခိုက်မှုဆန့်ကျင်ရေးဥပဒေကို တင်းတင်းကျပ်ကျပ်လုပ်ရန် လိုအပ်ကြောင်း" သမ္မတဖရန်ဆွာဟော်လန်က လွှတ်တော်၌ တိုက်တွန်းပြောကြားခဲ့သည်။ ပြင်သစ်ရဲများက အကြမ်းဖက်မှုတွင် ပါဝင်ခဲ့သည်ဟု သံသယရှိသူတစ်ဦးအဖြစ် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ မွေးဖွားသော အသက် ၂၆ နှစ်ရှိ ဆာလာအက်ဘ်ဒီဆလန်ဖြစ်ကြောင်း ပထမဦးဆုံးအကြိမ်ဖော်ပြခဲ့သည်။

ထိုအတောအတွင်း ပြင်သစ်စစ်လေယာဉ် ၁၀ စင်းသည် ယူအေအီး၊ ဂျော်ဒန်တို့နှင့်အတူ နိုဝင်ဘာလ ၁၆ ရက်ညက အိုင်အက်စ်တို့၏ခံတပ်ရှိရာ ရက်ကွာရှိ ဂျီဟတ်စုဆောင်းရေးစခန်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ပြင်သစ်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ပါရီတိုက်ခိုက်မှုများသည် အိုင်အက်စ်တို့လက်ချက်ဖြစ်သည်ဟုဆိုကာ ပြင်သစ်တို့က လက်တုံ့ပြန်သောအားဖြင့် ဆီးရီးယားနှင့် အီရတ်တို့ရှိ အိုင်အက်စ်ချေမှုန်းရေးတွင် အမေရိကန်တို့နှင့်အတူ ပါဝင်လာသည်။ နိုဝင်ဘာလ ၁၇ ရက်နံနက်ပိုင်းတွင် ဂျာမနီနိုင်ငံ အနောက်ဘက်မြို့တော်အာချန်းအနီး အလုပ်ဌာနတစ်ခု၌ သံသယရှိသူငါးဦးကို ဖမ်းဆီးခဲ့ပြီးနောက် နေ့လယ်ပိုင်း၌ အခြားသံသယရှိသူများကို ဖမ်းဆီးခဲ့သည်။ နိုဝင်ဘာလ ၁၈ ရက်တွင် ပါရီမြောက်ဘက်ရှိ စိန့်ဒန်းနစ်ဆင်ခြေဖုံး၌ နံနက် ၄ နာရီမှ စတင်ကာ ညနေအထိ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ ပြင်သစ်အာဏာပိုင်များသည် ပါရီတိုက်ခိုက်မှုသံသယရှိသူများကို ဖော်ထုတ်ရန် အပြင်းအထန်ကြိုးစားလျက်ရှိသည်။

နိုဝင်ဘာလ ၂၄ ရက်တွင် အသက် ၃၁ နှစ်အရွယ်ရှိ အလီကာလီအမည်ရှိ ပြင်သစ်နိုင်ငံသားတစ်ဦးနှင့် အခြားအမျိုးသားတစ်ဦးကို အကြမ်းဖက်မှုဖြင့် စွဲချက်တင်ထားသည်။ အမျိုးသားအားကစားကွင်းအပြင်ဘက်၌ ဖောက်ခွဲခဲ့သည့် တိုက်ခိုက်ရေးသမား သုံးဦးတွင် တတိယမြောက်တစ်ဦးဖြစ်သော အသက် ၂၀ အရွယ် ဘီလယ်လ်ဟာဖီကို အခြားတိုက်ခိုက်ရေးသမားတစ်ဦးနှင့်အတူ လီရို့စ်ကျွန်းရှိ ဒုက္ခသည်များအကြားတွင် တွေ့ရှိခဲ့သည်။ ဘီလယ်လ်ဟာဖီသည် ပြင်သစ်နိုင်ငံသားတစ်ဦးဖြစ်ပြီး လက်ရှိတွင် မိုဟာမက်အယ်လ်မာမွတ်အမည်ဖြင့် ဆီးရီးယားနိုင်ငံကူးလက်မှတ်ကိုအသုံးပြုကာ နေထိုင်လျက်ရှိကြောင်းဖော်ပြထားသည်။ ပဲရစ်မြို့တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ သံသယရှိသူ ဆာလတ်အ်အတ်ဒီစလမ်အမည်ရှိ သေနတ်သမားကို မဖမ်းဆီးနိုင်သေးပေ။

ပဲရစ်မြို့တိုက်ခိုက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်နေစဉ် နိုဝင်ဘာလ ၂၆ ရက်တွင် တိုက်ခိုက်မှုတွင်ပါဝင်သည်ဟုယူဆရသော ခြောက်ဦးမြောက်အမျိုးသားကို စုံစမ်းမေးမြန်းရန် ဘရပ်ဆဲလ်မြို့၌ တာဝန်ရှိသူများက ဖမ်းဆီးခဲ့ပြီးနောက် အကြမ်းဖက်အဖွဲ့အစည်းများ၏ တိုက်ခိုက်မှုများတွင် ပါဝင်မှု၊ လူသတ်မှုတို့ဖြင့် စုံစမ်းစစ်ဆေးရေးတရားရုံးက နိုဝင်ဘာလ ၂၇ ရက်တွင် တရားစွဲဆိုခဲ့သည်။

**ဗြိတိန်နိုင်ငံရွေးကောက်ပွဲ။** ။ ဗြိတိန်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို မေလ ၇ ရက်တွင် ပြုလုပ်ခဲ့သည်။ ဗြိတိန်တွင် မဲပေးပိုင်ခွင့်ရှိသူ သန်း ၅၀ ခန့်ရှိ၍ ခုနစ်ပါတီရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည်။ ယင်းတို့အနက် လက်ရှိဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်း၏ ဗဟိုလက်ယာယိမ်းကွန်ဆာဗေးတစ်ပါတီနှင့် အတိုက်အခံခေါင်းဆောင်အက်ဒ်မီလီဘန့်၏ ဗဟိုလက်ဝဲယိမ်းလေဘာပါတီတို့က အဓိကယှဉ်ပြိုင်ဘက်များ ဖြစ်ကြသည်။ ရွေးကောက်ပွဲမတိုင်မီ ကောက်ယူခဲ့သော စစ်တမ်းများတွင် အဓိကပါတီကြီးနှစ်ခုအနက်တစ်ခုခုက အပြတ်အသတ်နိုင်သွားမည့် အခြေအနေမရှိဟု ဖော်ပြခဲ့ကြသည်။

ရွေးကောက်ပွဲတွင် ကင်မရွန်း၏ ကွန်ဆာဗေးတစ်ပါတီက အမတ်နေရာ ၆၅၀ အနက် ၃၃၁ နေရာဖြင့် အနိုင်ရရှိသည်။ အတိုက်အခံ လေဘာပါတီက ၂၃၂ နေရာရရှိသည်။ မဲအများစုရရှိသည့် ဗဟိုလယ်ယာယိမ်းကွန်ဆာဗေးတစ်ပါတီက အစိုးရဖွဲ့ခွင့်ရရှိပြီး ဒေးဗစ်ကင်မရွန်းသည် ဗြိတိန်နိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် ဒုတိယသက်တမ်း ထမ်းဆောင်ခွင့်ရရှိခဲ့သည်။ အလားတူ စကော့တလန်လွတ်လပ်ရေးကိုလိုလားသည့် စကော့တလန်အမျိုးသားရေးပါတီက စကော့တလန်အမတ်နေရာ

၅၉ နေရာအနက် ၅၆ နေရာ အနိုင်ရရှိခဲ့သည်။ အတိုက်အခံလေဘာပါတီနှင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်များမှာ ၎င်းတို့ပါတီရှုံးနိမ့်မှုကြောင့် နုတ်ထွက်သွားကြသည်။

ထားကြောင်း ကြေညာသည်။ အစိုးရသစ်အနေဖြင့် ပထမဆုံးအဓိကမူဝါဒကြေညာမှုအဖြစ် အဆိပ်အတောက်ဖြစ်စေသော အစ္စလာမ္မစ်အတွေးအခေါ် တိုက်ဖျက်ရေး ဥပဒေသစ်တစ်ရပ်ကို ကြေညာသွားမည်ဖြစ်ကြောင်း၊




**ရွေးကောက်ပွဲတွင်ပြန်လည်ရွေးချယ်ခံရသည့် ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်း**

ဒေးဗစ်ကင်မရွန်းသည် လန်ဒန်မြို့ရှိ ဘက်ကင်ဟမ်နန်းတော်သို့ သွားရောက်ကာ အယ်လီဇဘက်ဘုရင်မကြီး၏ ဝန်ကြီးချုပ်အဖြစ် ပြန်လည်အတည်ပြုပေးခြင်းကိုခံယူသည်။ ထို့နောက် ကင်မရွန်းသည် အမှတ် ၁၀ ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ်နေအိမ်သို့ ရောက်ရှိလာကာ နေအိမ်အပြင်ဘက်၌ ပြည်သူများနှင့် သတင်းမီဒီယာသမားများကို တွေ့ဆုံစကားပြောခဲ့သည်။ ၎င်းက ဗြိတိသျှကို ပိုမိုကြီးကျယ်အောင် ဆောင်ရွက်မည်ဖြစ်ပြီး လေးစားမှုဖြင့် အုပ်ချုပ်စီမံမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ကင်မရွန်းသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်ရှိရေး၊ မရှိရေးကို ဆုံးဖြတ်ရန် ၂၀၁၇ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ပေးမည်ဟု ယခင်က ကတိပြုထားခဲ့ခြင်းကို အတည်ပြုကြောင်း မေလ ၈ ရက်တွင် ပြောကြားခဲ့သည်။ ထို့နောက် ကင်မရွန်းသည် မူလအစိုးရအဖွဲ့ဟောင်းမှ ဘဏ္ဍာရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးတို့ကို ပြန်လည်ခန့်

ဒုတိယမြောက် အယ်လီဇဘက်ဘုရင်မကြီးက မေလ ၂၇ ရက်တွင် လွှတ်တော်သို့ ကြေညာမည့် ဥပဒေပြုမှုအစီအစဉ်အတွင်း ဝန်ကြီးချုပ်ကင်မရွန်းအစိုးရက အစွန်းရောက်မှုကို ချေမှုန်းမည့်ဥပဒေတစ်ရပ်ထည့်သွင်းပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

အလုပ်အကိုင်ဖန်တီးရေးနှင့် ကလေးသူငယ်စောင့်ရှောက်ရေးများကို ဦးစားပေးပြဋ္ဌာန်းသွားမည်ဖြစ်ပြီး လာမည့်ငါးနှစ်အတွင်း အလုပ်အကိုင်သစ် နှစ်သန်း၊ အလုပ်သင်နေရာ သုံးသန်းကျော် ဖန်တီးနိုင်ရေး ဥပဒေပြုရန်စီစဉ်ထားသည်ဟု သိရှိရသည်။ အလုပ်မလုပ်ဘဲ အကျိုးအမြတ်ခံစားနေခြင်းများကို အဆုံးသတ်ရန်အတွက် မိသားစုဝင်များကို ပေးအပ်နေသည့် ထောက်ပံ့ရေးပမာဏကို လက်ရှိအများဆုံးရနိုင်သည့် ပေါင် ၂၆,၀၀၀ မှ ပေါင် ၂၃,၀၀၀ အထိ လျှော့ချရန် ပြောကြားခဲ့သည်။ အသက်သုံးနှစ်နှင့် လေးနှစ်အရွယ် ဗြိတိန်ကလေးအားလုံး အခမဲ့ပညာရေးနာရီကို နှစ်ဆ

တိုးမြှင့်ရန်၊ ကလေးငယ်အားလုံးအတွက် အခွန်မဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ကျင့်သုံးရန် ဝန်ကြီးချုပ် ကင်မရွန်းက ကတိပြုထားသည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ။** ။ **နိုင်ငံရေး** - ဘင်္ဂလားဒေ့ရှ် အတိုက်အခံပါတီဖြစ်သည့် အမျိုးသားရေးပါတီ၏ ခေါင်းဆောင် ခါလီဒါဇီယာကို ရဲတပ်ဖွဲ့ဝင်များက ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် ရုံးခန်းအတွင်း ထည့်သွင်း သော့ခတ်ထိန်းသိမ်းထားခဲ့သည်။ ခါလီဒါဇီယာ၏ ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီသည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွင်းကျင်းပခဲ့သော ဘင်္ဂလားဒေ့ရှ်အထွေထွေရွေးကောက်ပွဲကို ဆန့်ကျင် သပိတ်မှောက်ခဲ့သည့် ပါတီဖြစ်သည်။

ယင်းအပြင် ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီ ဒုတိယအကြီးအကဲ၏နေအိမ်ကိုလည်း စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ၎င်းသပိတ်မှောက်လှုပ်ရှားမှု တစ်နှစ်ပြည့် အခမ်းအနားမတိုင်မီကာလအတွင်း ဘင်္ဂလားဒေ့ရှ် အမျိုးသားရေးပါတီမှ ထိပ်တန်းခေါင်းဆောင်နှစ်ဦး အပါအဝင် ပါတီဝင်အနည်းဆုံး ၄၀၀ ကို အစိုးရက ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။

သို့သော် အတိုက်အခံခေါင်းဆောင် ခါလီဒါဇီယာ၏ ဒါကာမြို့ရုံးခန်းဝန်းကျင်၌ ပြုလုပ်ထားသော လုံခြုံရေးပိတ်ဆို့မှုများကို ရဲတပ်ဖွဲ့က ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်တွင် ပြန်လည်ရုပ်သိမ်းပြီးဖြစ်သည်။

လက်ရှိဝန်ကြီးချုပ် ရှိတ်ဟာဆီနာကို ရာထူးမှ ဖယ်ရှားရေးလှုပ်ရှားမှုဖြစ်သည့် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများကို ဦးမဆောင်နိုင်စေရန် အတိုက်အခံ ခေါင်းဆောင်ခါလီဒါဇီယာကို ရုံးခန်းအတွင်း ထည့်သွင်း၍ ၁၆ ရက်ကြာ လုံခြုံရေးပိတ်ဆို့မှုပြုလုပ်ခြင်းဖြစ်သည်။

ထိုသို့သောဖြစ်ရပ်များကြောင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်း နိုင်ငံရေးမငြိမ်မသက်မှုများ မြင့်တက်လာခဲ့ရပြီး လူပေါင်း ၂၇ ဦး သေဆုံးခဲ့သည်။ ခါလီဒါဇီယာ၏ ဘီအင်န်ပီပါတီသည် ၂၀၁၄ ခုနှစ်အတွင်း ကျင်းပခဲ့သော အငြင်းပွားဖွယ်အထွေထွေရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သဖြင့် လက်ရှိဝန်ကြီးချုပ် ဟာဆီနာသည်သာ ပြိုင်ဘက်မရှိ အနိုင်ရခဲ့သည်။



**ဘင်္ဂလားဒေ့ရှ်အတိုက်အခံခေါင်းဆောင် ခါလီဒါဇီယာ**

**နိုင်ငံတကာဆက်ဆံရေး** - အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ (၁၀) နှစ်ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံဖွင့်ပွဲနှင့် မျက်နှာစုံညီအစည်းအဝေးတို့သို့ တက်ရောက်နေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာတို့သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ဂျကာတာမြို့ ကွန်ဗင်းရှင်းစင်တာ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ယင်းတွေ့ဆုံဆွေးနွေးပွဲ၌ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနှင့်မြန်မာ စီးပွားရေး အကောင်အထည်ဖော်နိုင်ရေး၊ ကုန်သွယ်မှုနှင့်စီးပွားရေး ကဏ္ဍများမြှင့်တင်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကိစ္စများနှင့်ပတ်သက်ပြီး အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

**အကြမ်းဖက်မှုများ** - ဘင်္ဂလားဒေ့ရှ်နိုင်ငံမြို့တော် ဒါကာ၏ အစိတ်အပိုင်းဖြစ်သော ဒါကာမြို့ဟောင်းရှိ အရေးကြီးအဆောက်အအုံတစ်ခုရှေ့၌ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်က အရှူဝါဂုဏ်ပြုပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး အမြောက်အမြား ဒဏ်ရာရရှိခဲ့သည်။

လောကီစာပေထုတ်ဝေသူတစ်ဦး အသတ်ခံရမှု အပါအဝင် စာရေးဆရာများ၊ ဘလော့ဂါများ သတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ အစိုးရ၏အရေးယူကိုင်တွယ်ပုံကို

မကျေနပ်သဖြင့် စာအုပ်ထုတ်ဝေသူများအပါအဝင် ရာပေါင်းများစွာသော ဘင်္ဂလားဒေ့ရှ်ပြည်သူများသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်က ဒါကာမြို့တော်လမ်းများပေါ်တွင် ဆန္ဒပြခဲ့ကြသည်။

အစ္စလာမ္မစ် တစ်ယူသန်ဝါဒီများသည် ပထမဆုံး အနေဖြင့် စာရေးဆရာများ၊ ဘလော့ဂါများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်စာပေထုတ်ဝေသူများအသင်းအကြီးအကဲက ပြောကြားခဲ့သည်။ အဆိုပါ ဆန္ဒပြပွဲများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ အခြားမြို့ကြီး၊ မြို့ငယ်များတွင်လည်း ပေါ်ပေါက်ခဲ့ပြီး စာပေထုတ်ဝေသူများ၊ ဘလော့ဂါများနှင့် စာရေးဆရာများကို ယခင်ကထက် ပိုမိုအကာအကွယ်ပေးရေးအတွက် ဆန္ဒပြသမားများက အစိုးရကို တောင်းဆိုခဲ့ကြသည်။ ထိုအခြင်းအရာများကြောင့် စာရေးဆရာအချို့မှာ နိုင်ငံကိုစွန့်ခွာခဲ့ရပြီး အချို့မှာ လျှို့ဝှက်စွာနေကြရသည်။

**လှေစီးခရီးသည်များအရေး** - ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လှေငယ်များဖြင့် ထွက်လာခဲ့ကြသည့် လူ ၁,၀၀၀ ခန့်သည် ပင်လယ်ပြင်တွင် အတိဒုက္ခရောက်ရှိပြီး အစာငတ်ပြတ်ခြင်းနှင့်ကြုံတွေ့ကာ အရှေ့တောင်အာရှ၏ နေရာအနှံ့အပြားသို့ ဆိုက်ရောက်သွားကြသည်။ ထိုနိုင်ငံမှ ရွှေ့ပြောင်းအခြေချနေထိုင်လိုသူ တိုးတက်များပြားလာမှုအပေါ် ဒေသဆိုင်ရာခေါင်းဆောင်များကို လူသားများ၏အသက်ကို ကယ်တင်ကြရန် ကုလသမဂ္ဂက မေတ္တာရပ်ခံထားသည်။ ထောင်ပေါင်းများစွာသော အခြေချနေထိုင်လိုသူများသည် ပင်လယ်ပြင်တွင် ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်နေကြရသည်။

မြန်မာ့တပ်မတော်ရေယာဉ်မှ ပင်လယ်ပြင်လုံခြုံရေးတာဝန်ထမ်းဆောင်နေစဉ် ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက် နံနက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အရှေ့တောင်ဘက် ၃၄ မိုင်ခန့် ပိုင်နက်ပင်လယ်အတွင်း၌ ပင်လယ်ပြင်ဘေးဒုက္ခကျရောက်နေသည့် ထိုင်းစာတမ်းပါ အလျား ၇၆ ပေခန့်ရှိ သံခွံငါးဖမ်းလှေတစ်စင်းကို ဘင်္ဂါလီအမျိုးသား ၆၀၈ ဦး၊ အမျိုးသမီး ၇၄ ဦးနှင့် ကလေး ၄၅ ဦး စုစုပေါင်း ၇၂၇ ဦးနှင့်အတူ တွေ့ရှိခဲ့သည်။

အဆိုပါလှေစီးဒုက္ခသည်များကို ပဏာမစစ်ဆေးမေးမြန်းချက်အရ ၎င်းတို့သည် ၂၀၁၅ ခုနှစ်၊ မတ်လ စတုတ္ထပတ်တွင် လှေသုံးစီးဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံအကြား ပင်လယ်ပြင်မှ စတင်ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ သွားရောက်ရန်ဖြစ်ကြောင်း၊ ဧပြီလ ပထမပတ်တွင် ထိုင်းပင်လယ်ပြင်သို့ရောက်ရှိခဲ့ပြီး မလေးရှားမှ လာရောက်ခေါ်ဆောင်မည့်လှေများကို စောင့်ဆိုင်း



**ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးဒုက္ခသည်များကို မြန်မာနိုင်ငံဘက်မှလွှဲပြောင်းပေးပို့စဉ်**

ခဲ့ရာ ၄၅ ရက်ခန့်ကြာမြင့်ခဲ့သော်လည်း လာရောက်ခေါ်ဆောင်ခြင်းမရှိသဖြင့် လွန်ခဲ့သော ၁၀ ရက်ခန့်က ထိုင်းပင်လယ်ပြင်မှ မူလနေရာသို့ ပြန်လည်ထွက်ခွာလာခဲ့ကြောင်း၊ ယင်းသို့ထွက်ခွာလာစဉ် ပင်လယ်ပြင်တစ်နေရာ၌ လှေသုံးစီးပေါ်မှ ဘင်္ဂါလီများကို ယခုဖမ်းမိလှေပေါ်သို့ တင်ဆောင်၍ လှေစီးဒုက္ခသည် ဘင်္ဂါလီတစ်ဦးက ဦးဆောင်မောင်းနှင်လာခဲ့ကြောင်း၊ လမ်းခရီးတစ်လျှောက်တွင် သေဆုံးသူ ၅၀ ခန့်ရှိကြောင်း၊ စက်လှေလုပ်သားများမှာ ကျန်စက်လှေနှစ်စင်းဖြင့် ထိုင်းပင်လယ်ပြင်သို့ ပြန်လည်ထွက်ခွာသွားခဲ့ပြီး ယင်းလှေနှစ်စင်းတွင် ထိုင်းနိုင်ငံသား ၁၁ ဦးခန့် ပါရှိသွားကြောင်း ပြောကြားခဲ့သည်။

တပ်မတော် (ရေ) အနေဖြင့် ပင်လယ်ပြင်ဘေးဒုက္ခကျရောက်နေသူများကို ရှာဖွေကယ်ဆယ်ရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်ပြီး လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးအပ်ကာ လိုအပ်သည့် စိစစ်မေးမြန်းမှုများပြုလုပ်နိုင်ရန် ဟိုင်းကြီးကျွန်းသို့ ဆက်လက်ခေါ်ဆောင်သွားခဲ့သည်။ စိစစ်မှုများပြီးစီးပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ မူရင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

ဘင်္ဂါလီရွှေ့ပြောင်းဝင်ရောက်သူများပြဿနာနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် တာဝန်ရှိသည်ဟူသော အချက်ကို လက်မခံနိုင်ကြောင်း၊ ယင်းပြဿနာအတွက် မြန်မာနိုင်ငံကိုသာ ပြစ်တင်ပုံချခြင်းဖြင့် မည်သည့် ရည်ရွယ်ချက်မျှ ပြည့်မြောက်မည်မဟုတ်ကြောင်း ထိုင်းနိုင်ငံ၊ ဘန်ကောက်၌ မေလ ၂၉ ရက်တွင် ကျင်းပသည့် ဒေသတွင်း ရွှေ့ပြောင်းဝင်ရောက်သူများ ပြဿနာဆိုင်ရာအစည်းအဝေး၌ မြန်မာကိုယ်စားလှယ်အဖွဲ့က ပြောဆိုခဲ့သည်။

နိုင်ငံတိုင်းတွင် ဤကဲ့သို့ပြဿနာကိုယ်စီရှိကြပြီး ရံဖန်ရံခါ ယင်းပြဿနာများသည် သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်အတွင်း၌သာ ရှိနေတတ်ကြောင်း ရွှေ့ပြောင်းဝင်ရောက်သူများ ပြဿနာဆိုင်ရာ ဘန်ကောက် ညီလာခံသို့ တက်ရောက်ခဲ့သော မြန်မာအဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းက ပြောကြားခဲ့သည်။

ယင်းအပြင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှတစ်ဆင့် ဘင်္ဂလားပင်လယ်အော်ကိုဖြတ်၍ ရေကြောင်းခရီးထွက်ခွာလာသူ အများအပြားမှာ ဒုက္ခသည်များမဟုတ်ဘဲ စီးပွားရေးအတွက် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများသာဖြစ်ကြောင်း မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့၏အဆိုကို ကိုးကားထောက်ပြခဲ့သည်။

ဘန်ကောက်ဆွေးနွေးပွဲအတွင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) တာဝန်ရှိသူများက ဘင်္ဂါလီများကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုရန်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂါလီ ၁ ဒသမ ၃ သန်းတို့၏ ဒုက္ခများကို ဖြေရှင်းပေးရန် မြန်မာနိုင်ငံကို တောင်းဆိုခဲ့ရာ ယင်းတောင်းဆိုချက်ကို မြန်မာကိုယ်စားလှယ်အဖွဲ့က ဝေဖန်ရှုတ်ချခဲ့ပြီး ကုလသမဂ္ဂအနေဖြင့် အခြေအနေအရပ်ရပ်ကို ပိုမိုနားလည်လာရန် လိုအပ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

မြန်မာအစိုးရနှင့် ပြည်သူများက ဘင်္ဂါလီများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်လာသူများအဖြစ် သတ်မှတ်ထားပြီး နိုင်ငံသားအဖြစ် အသိအမှတ်မပြုပေ။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ အမျိုးဘာသာသာသနာစောင့်ရှောက်ရေး အဖွဲ့ဝင် ၁၀,၀၀၀ ကျော်ကလည်း ခိုးဝင်ဘင်္ဂါလီများကို လုံးဝလက်မခံကြောင်း ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်တွင် ပုသိမ်မြို့၌ ခွင့်ပြုမိန့်ဖြင့် ဆန္ဒထုတ်ဖော်မှုပြုလုပ်ခဲ့ကြသည်။ ထိုဆန္ဒထုတ်ဖော်ပွဲကို အမျိုးဘာသာသာသနာစောင့်ရှောက်ရေး (ဗဟို) မှ ကြီးကြပ်စီစဉ်ပေးခဲ့ပြီး ဆန္ဒထုတ်ဖော်သူတို့သည် ခိုးဝင်ဘင်္ဂါလီများကို လက်မခံကြောင်းနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို ရှုတ်ချကြောင်း ပုသိမ်မြို့အနှံ့ လှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက "နိုင်ငံတကာမှ လတ်တလော အာရုံစိုက်ခြင်းခံနေရသည့် လှေစီးဒုက္ခသည်များအရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂ အနေဖြင့် မြန်မာနိုင်ငံအပေါ် မျှတစွာသုံးသပ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း" ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံ ဇွန်လ ၃ ရက်

ရက်စွဲဖြင့် စာရေးသားပေးပို့ တောင်းဆိုခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးသွားလာသူများ ထဲမှ တောင်ပြို (လက်ဝဲ) မှ ပထမဆုံးလက်ခံထားသူ ၂၀၀ အနက် ၁၅၀ ဦးကို ပထမအသုတ်အဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇွန်လ ၈ ရက်တွင် စတင် လွှဲပြောင်းပေးခဲ့သည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် ထပ်မံ အတည်ပြုပြီးသူ ၁၂၅ ဦးကို ဩဂုတ်လ ၂၅ ရက်တွင် ထပ်မံလွှဲပြောင်းပေးခဲ့သည်။ ယင်းသို့ လွှဲပြောင်းရာတွင် တောင်ပြို (လက်ဝဲ) မြို့၌ နှစ်နိုင်ငံအလံတင်အစည်း အဝေးကျင်းပပြီး မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေး ဒုတိယဉ္စန်ကြားရေးမှူး ဦးစောနိုင် ဦးဆောင်သော အဖွဲ့က ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ရင်း အမှတ် (၁၇) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မိုဟာမက်ရာဘီးယူ ဦးဆောင်သည့်အဖွဲ့ထံသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံက ကယ်ဆယ်ထားသည့် လှေစီး သွားလာသူများအနက်မှ အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံသား စုစုပေါင်း ၆၂၆ ဦးကို ၅ ကြိမ်ခွဲ၍ ၎င်းတို့၏ မူရင်းနေရပ်သို့ ပြန်လည်ပို့ဆောင်ပြီးဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရန် ကျန်ရှိသူများကို ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်က စိစစ်မှုများ ဆက်လက်ပြုလုပ်လျက်ရှိရာ စိစစ်အတည်ပြုပြီးပါက မူရင်းနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်ရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသား လှေစီးရွှေ့ပြောင်းသွားလာသူ ၁၀၃ ဦးကို နှစ်နိုင်ငံ အလံတင်အစည်းအဝေးပြုလုပ်၍ လွှဲပြောင်း/ လက်ခံခြင်းကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် တောင်ပြို (လက်ဝဲ) မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ဆဋ္ဌမအကြိမ်မြောက် ဆောင်ရွက်ခဲ့သည်။

**သိန်းဝင်းဇော်**

**ယီမင်နိုင်ငံ။** ။ **နိုင်ငံရေး** - ယီမင်နိုင်ငံတွင် ၃၃ နှစ်ကြာ အုပ်ချုပ်ခဲ့သည့်သမ္မတ အလီအဗ္ဗဒူလာဆာလတ် ရာထူးမှ နုတ်ထွက်ပေးရန် ပြည်သူများက ဆန္ဒပြခဲ့ကြသည့် ၂၀၁၁ ခုနှစ်မှစ၍ သမ္မတဆာလတ်ကို သစ္စာခံသော တပ်များနှင့် ဟူသီသူပုန်များပူးပေါင်းကာ လက်ရှိ သမ္မတအက်ဒရာဘတ်ချ်မန်ဆွာဟာဒီကို ထောက်ခံ သူများနှင့် တိုက်ခိုက်ခဲ့ကြသည်။ မြို့တော်ဆာနားတွင် ဟူသီသူပုန်များ၊ အယ်လ်ခိုင်ဒါများနှင့် အိုင်အက်စ်တို့ ပါဝင်သည့် လက်နက်ကိုင်များက အသေခံဗုံးဖောက်ခွဲမှု များလည်း ကျူးလွန်ခဲ့ကြရာ ဇန်နဝါရီလ ၇ ရက်တွင် ရဲအရာရှိကျောင်း၌ ဖြစ်ပွားခဲ့သည့် လူ ၅၀ သေဆုံးသော ဖြစ်စဉ်က အဆိုးရွားဆုံးဖြစ်ခဲ့သည်။

ရှီးဟိုက်ဟူသီသူပုန်များနှင့်ဆွန်နီအဖွဲ့များ မကြာခဏတိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ဇန်နဝါရီလ ၁၆ ရက်တွင် ယီမင်သမ္မတဟာဒီ၏ရုံးအဖွဲ့မှူးကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ယီမင် ရဲတပ်ဖွဲ့က ဟူသီသူပုန်များဖြစ်သည်ဟု ယူဆသည်။ ယင်းသို့ ဖမ်းဆီးရသည့်ရည်ရွယ်ချက်မှာ သမ္မတက အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အသစ်တင်သွင်းမည့်အစီအစဉ်ကို ဟန့်တားနိုင်ရန် ဖြစ်သည်။ ယင်းဥပဒေမူကြမ်းတွင် ယီမင်နိုင်ငံကို ဖက်ဒရယ်မူအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများခွဲပြီး အုပ်ချုပ်မည်ဖြစ်သည်။ ဟူသီများနှင့်တောင်ပိုင်း ခွဲထွက်ရေးသမားများက ယင်းဥပဒေကို ဆန့်ကျင်ခဲ့ကြ သည်။

မြို့တော်ဆာနားတွင် ဇန်နဝါရီလ ၁၉ ရက်၌ တိုက်ပွဲဖြစ်ပွားပြီးနောက် ဟူသီများက သမ္မတ နန်းတော်ကို သိမ်းပိုက်ခဲ့သည်။ ယင်းသို့သိမ်းပိုက်ခြင်း ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချပြီး အမေရိကန်ပြည်ထောင်စု၏ မဟာမိတ်သမ္မတ အက်ဒရာ ဘတ်ချ်မန်ဆွာဟာဒီကို တစ်ကမ္ဘာလုံးက ထောက်ခံ ကြရန် တောင်းဆိုခဲ့သည်။ ယီမင်သမ္မတသည် အချိန် ကြာမြင့်စွာတင်းမာနေမှုများလျော့ပါးစေရန်အတွက် ဟူသီ အုပ်စု၏တောင်းဆိုချက်အချို့ကို လက်ခံပြီးနောက် လေဆိပ်နှင့်ဆိပ်ကမ်းများကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ဟူသီအုပ်စုမှ ကိုယ်စားလှယ်တစ်ဦးအပါအဝင်

ထိပ်တန်းအကြံပေးများနှင့် တွေ့ဆုံခဲ့ပြီးနောက် သမ္မတရုံးက ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ၎င်းကြေညာချက်တွင် အစိုးရအဖွဲ့အသီးသီး၌ ဟူသီ ကိုယ်စားလှယ်များခန့်ထားရန်နှင့် အခြေခံဥပဒေ မူကြမ်းကို ပြင်ဆင်ပြောင်းလဲရန် သဘောတူညီ ကြောင်းပါရှိသည်။ သို့သော်ဟူသီသူပုန်များက

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပင်လယ်ကွေ့ အာရပ်နိုင်ငံများက စိုးရိမ်ကြောင်းနှင့် နိုင်ငံတကာက ပြင်းထန်စွာတုံ့ပြန်ကြပါရန် တောင်းဆိုခဲ့သည်။ ကုလသမဂ္ဂကမူ ရှီးဟိုက်ဟူသီလက်နက်ကိုင်များအနေ ဖြင့် နိုင်ငံရေးဖြေရှင်းချက်တစ်ခုရရှိရန် ကုလသမဂ္ဂ ဆွေးနွေးပွဲများသို့ မလာရောက်ခဲ့လျှင် အရေးယူ



ဆော်ဒီဦးဆောင်သည့်နိုင်ငံစုံတပ်ဖွဲ့နှင့် သမ္မတသစ္စာခံတပ်များအကြား မြေစာပင်ဖြစ်နေသည့်ယီမင်နိုင်ငံ

ယင်းသဘောတူညီချက်ကို လေးစားလိုက်နာမှုမရှိဘဲ ဆာနားမြို့ကို သိမ်းယူခဲ့သောကြောင့် သမ္မတက ယင်း၏ဝန်ကြီးချုပ်နှင့်အတူ နုတ်ထွက်ပြီဖြစ်ကြောင်း ဇန်နဝါရီလ ၂၃ ရက် ဘီဘီစီသတင်းတွင် ဖော်ပြ သည်။ ဟူသီသူပုန်ခေါင်းဆောင်များက သမ္မတ နုတ်ထွက်မှုကို ကြိုဆိုခဲ့ကြပြီး ဟူသီဦးဆောင်သော အုပ်ချုပ်ရေးကောင်စီဖွဲ့ရန်အဆိုပြုခဲ့သည်။

သမ္မတနုတ်ထွက်ခဲ့ပြီးနောက် ဟူသီသူပုန်များက မြို့တော်ဆာနားတွင် အုပ်ချုပ်ရေးအာဏာကို လွှဲပြောင်း ရယူလိုက်ပြီဟု ကြေညာသည်။ ထို့ပြင်ပါလီမန်ကို ဖျက်သိမ်းကာ သမ္မတကိုယ်စားဆောင်ရွက်ရန် အဖွဲ့ဝင်ငါးဦးပါဝင်သော ကောင်စီဖွဲ့စည်းမည်ဟု ကြေညာသည်။ ယင်းကြေညာချက်ကြောင့် နိုင်ငံသား အချို့က နိုင်ငံပိုမိုတည်ငြိမ်မည်ဟု မျှော်လင့်ကြသော်လည်း ပြိုင်ဘက်နိုင်ငံရေးအုပ်စုများကမူ ယင်းလုပ်ရပ်ကို အာဏာသိမ်းခြင်းဟု ရှုမြင်ကြသည်။ ၎င်းတို့ ထုတ်ပြန်သော အမိန့်များကို ဆွန်နီများနှင့် နိုင်ငံ တောင်ပိုင်းခေါင်းဆောင်များက အသိအမှတ်ပြုမည် မဟုတ်ဟု ပြိုင်ဘက်များက ဆိုကြသည်။

ဆောင်ရွက်ရမည်ဖြစ်ကြောင်း လုံခြုံရေးကောင်စီက ဇန်နဝါရီလ ၇ ရက်တွင် သတိပေးခဲ့သည်။ မသင့် မမြတ်ဖြစ်နေသော အဖွဲ့အစည်းများသည် နိုင်ငံအုပ်ချုပ် ရေးကို ကူညီရန်နှင့်အကျပ်အတည်းမှ လွတ်မြောက်ရေး အတွက် လမ်းညွှန်မှုပေးရန် ပြည်သူ့အသွင်ကူးပြောင်းရေး ကောင်စီဖွဲ့စည်းခြင်းကို ဖေဖော်ဝါရီလ ၂၀ ရက်တွင် သဘောတူညီခဲ့ကြသည်။ ယင်းသဘောတူညီချက်အရ ယီမင်နိုင်ငံ အောက်လွှတ်တော်ကိုယ်စားလှယ်ဟောင်း ၃၀၁ ဦးသည် မူလတာဝန်များကို ပြန်လည်ထမ်းဆောင် ကြမည်ဖြစ်သည်။ ၎င်းတို့သည် ယီမင်နိုင်ငံအသွင် ကူးပြောင်းရေးအတွက် လမ်းညွှန်ဥပဒေများပြဋ္ဌာန်း ပေးကြမည်ဖြစ်သည်။ ယင်းမှာဟူသီသူပုန်များ အာဏာ ရယူပြီးနောက် ဖြစ်ပေါ်လာသည့် ဆောင်ရွက်ချက်ပင် ဖြစ်သည်။ ယင်းသဘောတူညီချက်ကို ကုလသမဂ္ဂ ညှိနှိုင်းရေးမှူးက ကြေညာခဲ့ခြင်းဖြစ်သည်။

ယင်းသို့အသွင်ကူးပြောင်းရေးကောင်စီ ဖွဲ့စည်းရေးကို ပြိုင်ဘက်ပါတီများက သဘောတူညီကြပြီး နောက်တစ်ရက်တွင် ယီမင်သမ္မတဟောင်း အက်ဒရာ ဘတ်ချ်မန်ဆွာဟာဒီသည် နေအိမ်အကျယ်ချုပ်

ဖမ်းဆီးခံနေရစဉ် မြို့တော်ဆာနားမှ ထွက်ပြေးခဲ့သည်။ ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ၊ အမေရိကန် ပြည်ထောင်စု၊ ရုရှားနှင့် ပြည်တွင်းနိုင်ငံရေးပါတီများက ဖိအားပေးသည့်အတွက် သမ္မတဟောင်းကိုလွှတ်ပေး ခဲ့ခြင်းဖြစ်သည်ဟု သတင်းထွက်ခဲ့သည်။

ဆန့်ကျင်ဘက်လက်နက်ကိုင်အုပ်စုများ တိုက်ခိုက်မှုကြောင့် မတ်လ ၁၉ ရက်မှစ၍ ပြည်တွင်းမငြိမ်သက်မှု ဖြစ်ပေါ်ခဲ့ရာ အနောက်အုပ်စု၏ အားပေးထောက်ခံမှုကို ရရှိထားသည့် ဆွန်နီတို့ကြီးစိုးသော ဆော်ဒီအာရေဗျနိုင်ငံ ဦးဆောင်သည့်နိုင်ငံစုံတပ်ဖွဲ့က မတ်လ ၂၆ ရက်မှစ၍ ဟူသီသူပုန်များကို လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ရာ အဓိကကျသော ပင်လယ်ဆိပ်ကမ်းများကို ပိတ်ခဲ့ ရသည်။

ပြည်ပြေးသမ္မတ ဟာဒီကိုအာဏာပြန်လည် အပ်နှင်းရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံစုံတပ်ဖွဲ့မှ စစ်လေယာဉ်များသည် အေဒီမြို့တွင်းတွင် ဟူသီသူပုန်များကို မတ်လ ၂၈ ရက်အထိ တိုက်ခိုက်ကြသည်။ ရှီးဟိုက်တို့ကြီးစိုးသော ပြိုင်ဘက်အီရန်နိုင်ငံသည် ဟူသီသူပုန်များကို အားပေးနေသည်ဟုလည်း ဆော်ဒီအာရေဗျနိုင်ငံက စွပ်စွဲသည်။ အီဂျစ်နိုင်ငံ အပါအဝင် ပင်လယ်ကွေ့နိုင်ငံများပါသော နိုင်ငံစုံတပ်ဖွဲ့ ကလည်း အရေးပေါ်စစ်ဆင်ရေးကို ဆင်နွှဲခဲ့သည်။

ဆော်ဒီဦးဆောင်သည့်တပ်ဖွဲ့က ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလတ်၏ အထွေထွေပြည်သူ့ကွန်ဂရက်ပါတီ ဆာနားဌာနချုပ်ကို ဇူလိုင်လ ၅ ရက်က လေကြောင်းမှတိုက်ခိုက်ခဲ့ရာ ဆာနားဌာနချုပ် ပျက်စီးသွားကြောင်း အထွေထွေပြည်သူ့ကွန်ဂရက် ပါတီ၏ လက်ထောက်အတွင်းရေးမှူးချုပ်ကပြောကြား ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် ယီမင်ဆိုင်ရာကုလသမဂ္ဂ အထူးကိုယ်စားလှယ်ရောက်ရှိနေသည့်အချိန်တွင် ဖြစ်ပွား ခဲ့ခြင်းဖြစ်သည်။ "ယင်းတိုက်ခိုက်မှုသည် ကုလသမဂ္ဂနှင့် တွေ့ဆုံဆွေးနွေးမှုပျက်ပြားစေရန် ကြိုးစားမှုဖြစ်ကြောင်း၊ အဆိုပါတိုက်ခိုက်မှုကြောင့် နောက်ဆုတ်သွားမည်မဟုတ်ဘဲ ကုလသမဂ္ဂနှင့် ပူးပေါင်း၍ကောင်းမွန်သည့်ပတ်ဝန်းကျင် တစ်ခုကို ဖန်တီးသွားမည်ဖြစ်ကြောင်း" လက်ထောက် အတွင်းရေးမှူးချုပ်က ပြောကြားခဲ့သည်။

ယီမင်နိုင်ငံအတွင်း ဒုက္ခရောက်နေကြသော ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများပေးပို့နိုင်ရေး အတွက် ကုလသမဂ္ဂ၏ ကြားဝင်စေ့စပ်မှုဖြင့် ဇူလိုင်လ ၁၀ ရက် ညသန်းခေါင်အချိန်မှစတင်ကာ အပစ် အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့သည်။ သို့ရာတွင် ဇူလိုင်လ ၁၁ ရက် အစောပိုင်းမှစ၍ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။ အပစ်အခတ်ရပ်စဲရေးရရှိ ပြီးနောက် နာရီပိုင်းအတွင်းတွင်ပင် ဆော်ဒီဦးဆောင် သည့် ညွန့်ပေါင်းလေတပ်ဖွဲ့က မြို့တော်အပါအဝင် မြို့ကြီးများကို ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ မြို့တော်ဆာနား၏အရှေ့ဘက်ရှိ အခြေစိုက်စခန်း များနှင့် တတိယအကြီးဆုံးမြို့တာဇစ်ရှိ စစ်အခြေစိုက် စခန်းများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အာဏာ စွန့်လွှတ်ခဲ့ရသည့် ယီမင်သမ္မတဟောင်းကလည်း မြို့တော်ဆာနားအပါအဝင် တာဇစ်နယ်မြေများကို ပြန်လည်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

လေးလကြာတိုက်ပွဲများဖြစ်ပွားပြီးနောက် အာရပ်ညွန့်ပေါင်းအဖွဲ့က ဇူလိုင်လ ၂၆ ရက် ည ၁၁ နာရီ ၅၉ မိနစ်ခန့်တွင် ငါးရက်ကြာအပစ်အခတ်ရပ်စဲကြောင်း ကြေညာသည်။ အဆိုပါကာလအတွင်း လူသားချင်း အကူအညီပေးရေးအဖွဲ့များက လောင်စာ၊ အစားအစာနှင့် ဆေးဝါးများ သယ်ယူပို့ဆောင်ပေးမည်ဖြစ်သည်။ လေးလတာ လေကြောင်းနှင့်မြေပြင်တိုက်ပွဲများအတွင်း ကလေး ၃၆၅ ဦးအပါအဝင် လူပေါင်း ၃,၅၀၀ ခန့် သေဆုံးခဲ့ကြောင်း ယူနီဆက်ဖ်အဖွဲ့က ပြောကြားခဲ့သည်။ ကုလသမဂ္ဂ၏ အစားအစာအကူအညီပေးရေးကို နှောင့်ယှက်ခံရသဖြင့် လူဦးရေ၏ ထက်ဝက် ၁၃ သန်း ခန့်မှာ အစားအစာပြတ်လပ်မှုဒဏ်ကို ခံစားနေကြရ သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အပစ်အခတ်ရပ်စဲရေးကိုကြိုဆိုထောက်ခံကြောင်းပြောကြား ခဲ့ပြီး အဖွဲ့အစည်းအားလုံးသည် အပစ်အခတ်ရပ်စဲရေး ကာလအတွင်း နယ်မြေသိမ်းပိုက်မှုများနှင့် စစ်ဆင်ရေး များကို ရှောင်ရှားရမည်ဖြစ်ကြောင်း တိုက်တွန်းခဲ့သည်။

ပြည်ပသို့တိမ်းရှောင်နေသောသမ္မတကို ထောက်ခံသောတပ်ဖွဲ့များသည် ယီမင်နိုင်ငံတောင်ပိုင်းရှိ ရေနံတွင်းများပေါ်ကြွယ်ဝသည့် ရှုအဝါပြည်နယ်ကို

ဟူသီသူပုန်များလက်မှ သြဂုတ်လ ၁၇ ရက်တွင် ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ ဆက်လက်၍ တီအက်ဇ်မြို့ကို သိမ်းပိုက်ရန် ဦးတည်ကြသည်။ တီအက်ဇ်မြို့ကို သိမ်းပိုက်နိုင်ပါက တောင်ပိုင်းဒေသ၏အဓိကမြို့ အေဒင်သို့ဝင်ရန် လမ်းပွင့်သွားမည်ဟု သုံးသပ်မှုများ ရှိသည်။ မတ်လကစတင်ခဲ့သော ပဋိပက္ခကြောင့် သြဂုတ်လဆန်းပိုင်းအထိ လူ ၄,၃၀၀ ဦးခန့်သေဆုံးပြီး ထက်ဝက်ခန့်မှာ အရပ်သားများဖြစ်သည်။ နိုင်ငံ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာလည်း အကူအညီနှင့် ကာကွယ်မှုများပေးရန် လိုအပ်နေကြောင်းသိရသည်။

ညွန့်ပေါင်းစစ်လေယာဉ်များသည် မြို့တော် ဆာနားရှိ သူပုန်စခန်းများကို စက်တင်ဘာလ ၈ ရက်က ဗုံးကြဲတိုက်ခိုက်ရာ မြို့တော်အနှံ့အပြားတွင် အင်အားပြင်း ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး လူ ၁၀ ဦးထက် မနည်းသေဆုံးသည်ဟုသိရသည်။ တိုက်ခိုက်ခံရသည့် ပစ်မှတ်များတွင် မြို့လယ်ရှိ ရဲအကယ်ဒမီကျောင်းနှင့် လုံခြုံရေးဌာနချုပ်တို့ပါဝင်ပြီး ဟူသီခေါင်းဆောင်တို့၏ နေအိမ်များလည်း ပျက်စီးခဲ့သည်ဟု မျက်မြင်သက်သေ များက ပြောကြားခဲ့သည်။ သေဆုံးသူများတွင် အရပ်သားခုနစ်ဦးထက်မနည်းပါဝင်ပြီး ဟူသီသူပုန် အဖွဲ့မှ အစောင့်သုံးဦး ပါဝင်သည်ဟု သတင်းများတွင် ဖော်ပြခဲ့သည်။

စက်တင်ဘာလ ၄ ရက်က ဟူသီသူပုန်တို့၏ ဒုံးကျည်ဖြင့်တိုက်ခိုက်မှုကြောင့် ညွန့်ပေါင်းတပ်ဖွဲ့မှ စစ်သား ၆၀ ခန့်သေဆုံးရပြီးနောက် ညွန့်ပေါင်းအဖွဲ့သည် ယီမင်သို့စစ်ကူတပ်ဖွဲ့ဝင်ထောင်နှင့်ချီ၍ စေလွှတ်လိုက် သဖြင့် ပြင်းထန်သည့်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခဲ့ရ သည်။ စစ်ကူများသည် ဟူသီတို့၏ ဒုံးကျည်ကျရောက် ခဲ့ရာ မာရစ်ပြည်နယ်တွင် တပ်စွဲထားကြသည်။

ရှီးဟိုက်ဟူသီသူပုန်တို့သည် ကုလသမဂ္ဂ ဆုံးဖြတ်ချက်အမှတ် ၂၂၁၆ ဖြစ်သည့် ၎င်းတို့သိမ်းပိုက် ထားသည့်ယီမင်နိုင်ငံတွင်းရှိ နေရာအားလုံးမှ ဆုတ်ခွာ သွားရန်ကို အသိအမှတ်ပြုပြီး မည်သည့်အခြေအနေ တွင်မဆို ထိုဆုံးဖြတ်ချက်အတိုင်း လိုက်နာရန် သဘောတူရမည်ဟု ယီမင်သမ္မတရုံးက စက်တင် ဘာလ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ထိုအတိုင်း မလိုက်နာပါက ကုလသမဂ္ဂက ကြားဝင်စေ့စပ် ပေးသည့် မည်သည့်ဆွေးနွေးပွဲကိုမျှ တက်ရောက်မည် မဟုတ်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြသည်။

ယီမင်အစိုးရက ကုလသမဂ္ဂကြီးမှူးသော ငြိမ်းချမ်းရေးဆွေးနွေးပွဲကို နောက်ဆုတ်လိုက်ပြီးနောက် ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းအဖွဲ့၏ ထောက်ကူ မှုဖြင့် အစိုးရသစ္စာခံတပ်များသည် စက်တင်ဘာလ ၁၃ ရက်တွင် ရှီးဟိုက်ဟူသီသူပုန်များကို အဓိက ထိုးစစ်ဆင်နွှဲခဲ့သည်။

စက်တင်ဘာလ ၁၇ ရက်တွင် ညွန့်ပေါင်းအဖွဲ့ သည် သူပုန်များသိမ်းပိုက်ထားသည့်မြို့တော်ဆာနားကို လေကြောင်းတိုက်ခိုက်မှုများ အပြင်းအထန်ပြုလုပ်ရာ လူပေါင်း ၃၀၀ ကျော်သေဆုံးသည်။ ဟူသီသူပုန်များ ဘက်ကလည်း ဆော်ဒီစစ်သားများစွာကို ဖမ်းမိထား ကြောင်း အခိုင်အမာပြောကြားခဲ့ပြီး ယင်းတို့ထဲမှ တစ်ဦးကို ရုပ်မြင်သံကြား၌ ထုတ်ပြခဲ့သည်။ ညွန့်ပေါင်း တပ်ဖွဲ့၏လေကြောင်းတိုက်ခိုက်မှုကို အကာအကွယ် ယူ၍ ယီမင်သမ္မတဟာဒီကို ထောက်ခံသော တပ်များသည် သူပုန်တို့သိမ်းပိုက်ထားသော မြို့တော်သို့ သွားရာ လမ်းတစ်လျှောက် ထိုးစစ်ဆင်ခဲ့ကြသည်။

ယီမင်အစိုးရနှင့် ရှီးဟိုက်သူပုန်များအကြား ခိုင်မာသော ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၂ ရက်တွင် စတင်နိုင်ရေး ဖိအားပေးရန် ကုလသမဂ္ဂ ညှိနှိုင်းစေ့စပ်သူတစ်ဦး ဒီဇင်ဘာလ ၅ ရက်တွင် ယီမင်တောင်ပိုင်း အေဒင်မြို့သို့ သွားရောက်ခဲ့ကြောင်း ယီမင်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ စေ့စပ် ဆွေးနွေးသူ အစ္စမေးအူချက်အာမက်က ယီမင်သမ္မတထံ သွားရောက်တွေ့ဆုံခဲ့ပြီး ဂျီနီဗာတွင် ပြုလုပ်မည့် ဆွေးနွေးပွဲအတွက် သမ္မတဟာဒီနှင့် သဘောတူညီချက် ရရှိရန်ကြိုးပမ်းခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံတွင်ကျင်းပမည့် ကုလသမဂ္ဂ ကျောထောက်နောက်ခံပြု ငြိမ်းချမ်းရေးဆွေးနွေးပွဲ အတွက် ပြင်ဆင်နေချိန်တွင် ယီမင်အစိုးရ၏ အပစ် အခတ်ရပ်စဲရေးကို ဒီဇင်ဘာလ ၁၅ ရက် နံနက်ပိုင်း တွင် စတင်မည်ဖြစ်ကြောင်း ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က ဒီဇင်ဘာလ ၁၄ ရက်တွင် ကြေညာ

သည်။ ယီမင်သမ္မတ မန်ဆာဟာဒီက ဆွေးနွေးပွဲစတင်ကျင်းပမည့်အချိန်နှင့် တိုက်ဆိုင်လျက် ခုနစ်ရက်ကြာမြင့်မည့် အပစ်အခတ်ရပ်စဲရေးပြုလုပ်ရန် ဆန္ဒရှိကြောင်း၊ အခြားသက်ဆိုင်သူများက သဘောတူညီချက်ကိုလိုက်နာပါက အလိုအလျောက် သက်တမ်းတိုးမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြခဲ့သည်။ ဟာဒီလိုလားသောတပ်များနှင့် သူပုန်အဖွဲ့များသည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လိုက်နာရန်နှင့်ပတ်သက်၍ အပြန်အလှန် ပြစ်တင်ဝေဖန်ခဲ့ကြသည်။ ယီမင်တွင် သဘောတူညီချက်ရရှိရန် ကုလသမဂ္ဂ၏ယခင်ကြိုးပမ်းမှုများသည် မအောင်မြင်ခဲ့ဘဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ ပျက်ပြားခဲ့ရသည်။

ယီမင်၌ ပဋိပက္ခဖြစ်ပွားလျက်ရှိသော အဖွဲ့များသည် ဒီဇင်ဘာလ ၂၀ ရက်က ဆွစ်ဇာလန်တွင် တွေ့ဆုံဆွေးနွေးခဲ့ရာ အရေးပါသည့် အောင်မြင်မှုမရခဲ့သော်လည်း လက်တွေ့၌ တိုက်ပွဲများဖြစ်ပွားနေလျှင်ပင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ထပ်မံတွေ့ဆုံဆွေးနွေးမည်ဟု ကတိပြုခဲ့ကြသည်။ အစိုးရ၏ စေ့စပ်ညှိနှိုင်းရေးအဖွဲ့အကြီးအကဲ နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒယ်ဖာလက်အယ်မီလောဖီက အပစ်အခတ်ရပ်စဲရေးသည် ဒီဇင်ဘာလ ၂၁ ရက်တွင် ကုန်ဆုံးပြီးနောက် ခုနစ်ရက်သက်တမ်းတိုးမည်ဖြစ်ကြောင်း ပြောကြားလိုက်ပြီး ယီမင်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်မာမွတ်အယ်ဆူဘေဟီအပါအဝင် ဖမ်းဆီးခံထားရသည့် အကျဉ်းသားငါးဦးကို ဟူသီသူပုန်များက ပြန်လွှတ်ပေးရန် တောင်းဆိုထားသည်။

**ရုရှား။** ။ **နိုင်ငံရေး** - စစ်အေးတိုက်ပွဲကာလတစ်လျှောက် အနောက်အုပ်စုနိုင်ငံများမှ ကွန်မြူနစ်များသည် သဘောတရားရေးရာအရသော်လည်းကောင်း၊ စီးပွားရေးနှင့် နိုင်ငံရေးအကူအညီများအရသော်လည်းကောင်း ဆိုဗီယက်ပြည်ထောင်စုကို ရဲဖန်ရဲခါမှီခိုအားပြုခဲ့သည်။ ဘာလင်တံတိုင်းပြိုလဲမှုနှင့်အတူ စစ်အေးတိုက်ပွဲပြီးဆုံးခဲ့ပြီး နှစ်ပေါင်း ၂၅ နှစ်ကြာမြင့်ပြီးနောက်ပိုင်း ကွန်မြူနစ်ဝါဒသည်လည်း အတိတ်သမိုင်းအဖြစ် ကျန်ရစ်ခဲ့သည်။ သို့ရာတွင် ဥရောပနိုင်ငံရေးခေါင်းဆောင်အချို့သည် အကြောင်းပြချက်များစွာနှင့် ရုရှားနိုင်ငံနှင့်ဆက်ဆံရေးကို အားကောင်းခိုင်မာစေရန် ဆောင်ရွက်လာကြသည်။

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ပြင်သစ်နိုင်ငံမှ အမျိုးသားတပ်ဦးပါတီခေါင်းဆောင် မရင်းလီပင်းက ဥရောပသမဂ္ဂ (အီးယူ)သည် အမေရိကန်ပြည်ထောင်စု၏ဆန္ဒအရ ရုရှားအပေါ် စစ်အေးတိုက်ပွဲဆင်နွှဲနေသော်လည်း သမ္မတပူတင်အနေဖြင့် နိုင်ငံကြီးတစ်ခု၏ သိက္ခာနှင့်အရှိန်အဝါကို ထိန်းသိမ်းနိုင်စွမ်းရှိသူဖြစ်ကြောင်း သုံးသပ်ပြောဆိုလိုက်သည်။

ရုရှားသမ္မတပူတင်ကို ထောက်ခံအားပေးနေကြသည့် ဥရောပလက်ယာစွန်းအုပ်စု နိုင်ငံရေးခေါင်းဆောင်များထဲတွင် မရင်းလီပင်းအပြင် အီတလီတက်သစ်စနိုင်ငံရေးပါတီဖြစ်သည့် လီဂါနော့၏ခေါင်းဆောင် မက်တီယိုဆယ်လ်ဗီနီလည်းအပါအဝင်ဖြစ်ပြီး သမ္မတပူတင်၏ ညီညွတ်သောရုရှားပါတီနှင့် သဘောတူညီချက်တစ်ရပ်ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ ထို့ပြင် ကရိုင်းမီးယားကျွန်းဆွယ်ဒေသသည် ရုရှားအချုပ်အခြာအောက်ရောက်ရှိမှုကို တရားဝင်ဖြစ်စေရန် ကျင်းပခဲ့သော ကရိုင်းမီးယားလူထုဆန္ဒခံယူပွဲကာလအတွင်းကလည်း ပြည်ပလေ့လာသူများအဖြစ် ဆောင်ရွက်ရန် ဥရောပလက်ယာစွန်းပါတီ ၁၂ ပါတီတို့က လက်ခံခဲ့ကြသည်။

ယူကရိန်းအရှေ့ပိုင်း ခွဲထွက်ဒေသများနှင့် ကရိုင်းမီးယားကျွန်းဆွယ်အကြားတည်ရှိသော မာရီယူပိုလ်ဆိပ်ကမ်းမြို့ကို ရုရှားက ထောက်ခံပေးထားသော ခွဲထွက်ရေးသူပုန်များက ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်တွင် ဒုံးကျည်ဖြင့်ပစ်ခတ်ခဲ့သည်။ ရုရှားလိုလားသည့် ခွဲထွက်ရေးဝါဒီသူပုန်များကို ထိန်းပေးရန် အနောက်အုပ်စုနိုင်ငံများက ဖိအားပေးနေသော်လည်း ယူကရိန်းတပ်မတော်သည် နေတိုးလက်အောက်ခံနိုင်ငံခြားတပ်မဟာတစ်ခုသာဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ဇန်နဝါရီလ ၂၆ ရက်တွင် ပြောဆိုသည်။ နေတိုးအဖွဲ့အကြီးအကဲ ယန်းစတော်တင်ဘာ့ဂ်က

အဓိပ္ပာယ်ကင်းမဲ့သည့် မှတ်ချက်အဖြစ်ဝေဖန်ခဲ့သည်။ ယူကရိန်းနိုင်ငံအတွင်းရှိ နိုင်ငံခြားတပ်ဖွဲ့များမှာ ရုရှားတပ်ဖွဲ့များသာဖြစ်ကြောင်း တုံ့ပြန်ပြောဆိုသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ယူကရိန်းတပ်များနှင့် ရုရှားလိုလားသည့်ခွဲထွက်ရေးသူပုန်တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ လူ ၄၀ ဦးသေဆုံးခဲ့သည်။

ခွဲထွက်ရေးဝါဒီသူပုန်များ ဝန်းရံထားသော ဒီဘက်ဆီဘီမြို့တွင်းမှ ယူကရိန်းတပ်ဖွဲ့ဝင်များကို လက်နက်ချခွင့်ပြုရန် ရုရှားသမ္မတဗလာဒီမာပူတင်က ယူကရိန်းအစိုးရကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်တွင် တိုက်တွန်းသည်။ ယူကရိန်းအရှေ့ပိုင်း မဟာဗျူဟာရထားလမ်းဆုံမြို့ဖြစ်သည့် ဒီဘက်ဆီဘီမြို့တွင်း၌ ပိတ်မိနေသော ယူကရိန်းအစိုးရတပ်ဖွဲ့ဝင်များ လက်နက်ချပါက ယူကရိန်းအစိုးရက တားမြစ်မည်မဟုတ်ဟု မျှော်လင့်ကြောင်း ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့တွင် ကျင်းပသည့်သတင်းစာရှင်းလင်းပွဲ၌ ရုရှားသမ္မတပူတင်က ပြောဆိုသည်။

ရုရှားအတိုက်အခံခေါင်းဆောင် ဘောရစ်နင်းဆော့ဗ်သည် ယူကရိန်းပြဿနာအတွင်း ရုရှားပါဝင်ပတ်သက်မှုကို အတိအလင်းဝေဖန်ခဲ့သူတစ်ဦးဖြစ်ပြီး မော်စကိုမြို့လယ်၌ လမ်းလျှောက်နေစဉ် အမည်မသိသေနတ်သမားတစ်ဦးပစ်ခတ်မှုကြောင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက် ညပိုင်းတွင် ကရင်မလင်နန်းတော်အနီး မော့စ်ကာဗာမြစ်ကူးတံတားပေါ်၌ သေဆုံးခဲ့သည်။ အဆိုပါဖြစ်ရပ်အပေါ် အနောက်နိုင်ငံအချို့က သံသယဖြစ်ဖွယ်လုပ်ကြံခံရမှုတစ်ရပ်အဖြစ် ရှုမြင်သုံးသပ်ကြသည်။

ရုရှားသမ္မတပူတင်နှင့် တောင်အော်ဆက်ရှားခေါင်းဆောင် လီယိုနစ်တီဘီလော့ဗ်တို့သည် မော်စကိုမြို့တော်၌ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၈ ရက်က သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ရာ တောင်အော်ဆက်ရှားဒေသကာကွယ်ရေးအတွက် ရုရှားက တရားဝင်တာဝန်ယူပြီး ခိုင်မာသောထိန်းချုပ်မှုများပြုနိုင်မည်ဖြစ်သည်။

သို့ရာတွင် အဆိုပါသဘောတူညီချက်ကို နေတိုးက ကန့်ကွက်ရှုတ်ချခဲ့သည်။ တောင်အော်ဆက်ရှားဒေသနှင့် အက်ဘ်ခါဇီယားဒေသများသည် ဂျော်ဂျီယာနိုင်ငံ၏ အစိတ်အပိုင်းများသာဖြစ်ပြီး ယင်းဒေသနှစ်ခု၏ လွတ်လပ်ရေးကြေညာမှုကိုလည်း နိုင်ငံတကာက အသိအမှတ်မပြုကြောင်း နေတိုးအဖွဲ့က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအပေါ်ပြဋ္ဌာန်းထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ယူကရိန်းငြိမ်းချမ်းရေးသဘောတူညီချက်အပြည့်အဝအကောင်အထည်ဖော်ပြီးသည်အထိ ဆက်လက်ထားရှိရန် ဥရောပသမဂ္ဂခေါင်းဆောင်များက သဘောတူညီလိုက်ပြီး အကယ်၍လိုအပ်ပါက ၂၀၁၅ ခုနှစ်ကုန်ပိုင်းအထိ တိုးချဲ့ဖွယ်ရှိသည်။ ယူကရိန်းပဋိပက္ခနှင့်စပ်လျဉ်း၍ ရုရှားနိုင်ငံကို အရေးယူပိတ်ဆို့မှုအပေါ် အီးယူ၏ညီညွတ်ခြင်းကို ဘရပ်ဆဲလ်မြို့၌ ကျင်းပသည့် အီးယူထိပ်သီးအစည်းအဝေးတွင် ပြသနိုင်လိုက်ခြင်းဖြစ်သည်။

ရုရှားနှင့်အမေရိကန်တို့သည် ဆီးရီးယားပြည်တွင်းစစ်ကို သံတမန်နည်းလမ်းဖြင့် အဆုံးသတ်ရန် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်က သဘောတူညီမှုရရှိခဲ့ကြသည်။ ရုရှားအနေဖြင့် အိုင်အက်စ်တို့ကို ဆန့်ကျင်တိုက်ခိုက်နေသည့် ဆီးရီးယားအစိုးရနှင့် ကာဒ့်တပ်ဖွဲ့များကိုသာ အကူအညီပိုမိုပေးသင့်သည်ဟု အိုဘားမားနှင့်တွေ့ဆုံအပြီး ရုရှားသမ္မတက သတင်းထောက်များကိုပြောသည်။

**နိုင်ငံတကာဆက်ဆံရေး** - အာဂျင်တီးနားနှင့် ရုရှားနိုင်ငံတို့သည် မော်စကို၌ စီးပွားရေးနှင့်စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်မူဘောင်များကို လက်မှတ်ရေးထိုးလိုက်ကြသည်။ အဆိုပါ သဘောတူညီချက်များတွင် အာဂျင်တီးနားနိုင်ငံ၌ ရုရှားက ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရေးနှင့် နျူကလီးယားစွမ်းအင်စက်ရုံတည်ဆောက်ရေးတို့ ပါဝင်သည်။ ယင်းဆောင်ရွက်မှုသည် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။

ရုရှားနိုင်ငံမော်စကိုမြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မော်စကိုမြို့ရှိ ခေတ္တ

တည်းခိုနေထိုင်ရာ ပရဲစီးဒင့်ဟိုတယ်၌ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ အငြိမ်းစားဗိုလ်ချုပ်ကြီး Mr.Michael Dmitriev ဦးဆောင်သည့်တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းဖွဲ့စည်းရေး၊ မြန်မာ-ရုရှား နှစ်ဖက်သော ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးသန့်ကျော်သည် ဇွန်လ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr.I gor V.Margulov နှင့် သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်တွင် ရုရှားနိုင်ငံလုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာနီကိုလိုင်းပီပက်ထရစ်ရှက်ဖ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မော်စကိုမြို့ရှိ ခေတ္တတည်းခိုသည့်ပရဲစီးဒင့်ဟိုတယ်ရှိ Library Hall ၌ တွေ့ဆုံပြီး မြန်မာနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများနှင့် သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် မြန်မာနိုင်ငံသိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း 'ROSATOM' တို့အကြား နျူကလီးယားဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာကာကွယ်မှု၊ နျူကလီးယားစွမ်းအင်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဓာတ်ရောင်ခြည် သက်ရောက်မှုအပေါ် ဆန်းစစ်ခြင်း၊ နျူကလီးယား ဆေးပညာအသုံးပြုကုသသောရောဂါကာကွယ်နည်း၊ ကုထုံးဆိုင်ရာနည်းပညာနှင့်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များပါဝင်သည့်ကိစ္စရပ်များနှင့်အခြားသော နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆွေးနွေးခဲ့ကြသည်။

ပြည်တွင်းစစ်ဖြစ်ပွားနေသည့် ဆီးရီးယားနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်တွင် နယူးယောက်မြို့၌ ကမ္ဘာ့အင်အားကြီးနိုင်ငံများတွေ့ဆုံရာတွင် ရုရှားနှင့် အမေရိကန်နိုင်ငံတို့သည် ဘုံသဘောတူညီချက် တစ်ရပ်ရရှိခဲ့သည်။ သို့သော် ဆီးရီးယားသမ္မတ အာဆက်နှင့်သဘောကွဲလွဲမှုများရှိနေသေးသည်။ သဘောထားကွဲလွဲချက်များကိုလည်း ဆက်လက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း မစ္စတာကယ်ရီက ပြောကြားခဲ့သည်။

**မျက်မှောက်ရေးရာ-**အာကာသတွင် ရက်အများဆုံး စံချိန်တင်နေထိုင်ခဲ့သည့် ရုရှားအာကာသယာဉ်မှူး အပါအဝင် နိုင်ငံတကာအာကာသစခန်းမှအာကာသ ယာဉ်မှူးသုံးဦးလိုက်ပါလာသော ရုရှားအာကာသယာဉ် သည် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၂ ရက်က ကာဇက်စတန်တွင် အောင်မြင်စွာဆင်းသက်ခဲ့သည်။



**ရုရှားအာကာသယာဉ်မှူးဂျင်နဒီပက်ဒါကာနှင့် ကာဇက်၊ ဒိန်းမတ်အာကာသယာဉ်မှူးများ**

ရုရှားအာကာသယာဉ်မှူး ဂျင်နဒီပက်ဒါကာ၊ ကာဇက်အာကာသယာဉ်မှူး အိုင်ဒင်းအိန်ဘီတော့ဗ်နှင့် ဒိန်းမတ်အာကာသယာဉ်မှူး အိန်ဒရီယာမော်ဂျင်ဆင် တို့လိုက်ပါလာသော အာကာသယာဉ် Soyug TMA-16M သည် အရှေ့မတက်မီ ဒက်ဇက်ကာဇန်မြို့အရှေ့တောင်ဘက် ၁၄၆ ကီလိုမီတာအကွာ ကွင်းပြင်တွင် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

ရုရှားအာကာသယာဉ်မှူး ပက်ဒါကာသည် ကမ္ဘာမြေပြင်အပြင်ဘက် အာကာသအတွင်း ရက်ပေါင်း ၈၇၈ ရက် နေထိုင်ခဲ့ကာ ယခင်စံချိန်တင်ထားသည့် ရုရှားအာကာသယာဉ်မှူး ဆာဂျီစရီကာလက်နေထိုင်ခဲ့သည့် ၈၀၃ ရက်ထက်ပိုကာ စံချိန်တင်နေထိုင်ခဲ့သည်။

**စီးပွားရေး-**ကိယက်ဗ်၏လွတ်လပ်စွာကုန်သွယ်မှုဒေသအဖြစ် အီးယူနှင့်အကျိုးသက်ရောက်မှုရှိလာချိန်တစ်နေ့တည်းမှာပင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစပြီး ရုရှား၏ယူကရိန်းနှင့်လွတ်လပ်စွာကုန်သွယ်မှုကို ဆိုင်းငံ့ထားရန် အမိန့်ဒီဂရီတစ်ရပ်ကို ရုရှားသမ္မတပူတင်က ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ယူကရိန်းနှင့် အီးယူတို့သည် ၂၀၁၄ ခုနှစ်ကပင် လွတ်လပ်သောကုန်သွယ်ရေးဇုန်ထူထောင်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့သော်လည်း မော်စကို၏ စိုးရိမ်မှုကြောင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တိုင်အောင်ရွှေ့ဆိုင်းခဲ့ရသည်။

**သိန်းဝင်းဇော်**

**အမေရိကန်နိုင်ငံ။ ။ ကျူးဘားနိုင်ငံနှင့် သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်ခြင်း** - အမေရိကန်အစိုးရက ကျောထောက်နောက်ခံပြုထားခဲ့သော အာဏာရှင်ဘာတစ္စတာကို တိုက်ထုတ်ပြီး တော်လှန်ရေးခေါင်းဆောင် ဖီဒယ်လ်ကက်စထရိုက ၁၉၅၉ ခုနှစ်တွင် အာဏာသိမ်းပိုက်ခဲ့ချိန်နောက်ပိုင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေး အပြည့်အဝထူထောင်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ် နှစ်ဆန်းမှစ၍ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရာတွင် အဓိကအတားအဆီးကို ဖြေရှင်းသည့်အနေဖြင့် ကျူးဘားနိုင်ငံကို အကြမ်းဖက်နိုင်ငံစာရင်းမှ အမေရိကန်ပြည်ထောင်စုက ပယ်ဖျက်ခဲ့သည်။ ယင်းသို့ပြောင်းလဲမှုကြောင့် ကျူးဘားနိုင်ငံအနေဖြင့် ဘဏ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများကို အမေရိကန်ပြည်ထောင်စုနှင့် ပြုလုပ်ခွင့်ရရှိခဲ့သည်။ အမေရိကန်သမ္မတဘားရက်အိုဘားမားက သံတမန်ဆက်သွယ်မှု ပြန်လည်ထူထောင်မည်ဟု ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ကြေညာခဲ့ခြင်းဖြစ်သည်။ သို့သော် ကျူးဘားနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ တရားဝင်ကုန်သွယ်ရေးပိတ်ဆို့မှုများမှာမူ အမေရိကန်လွှတ်တော်ကသာ အဆုံးသတ်ပေးနိုင်မည်ဖြစ်သည်။

စစ်အေးကာလတွင် ရန်သူများဖြစ်ခဲ့ကြသော နှစ်နိုင်ငံသည် နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ် အဆင့်မြင့်ပုဂ္ဂိုလ်အဆင့်တွေ့ဆုံမှုအဖြစ် ဧပြီလ ၉ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနိုရိုဒရစ်တို့တွေ့ဆုံခဲ့ကြပြီး သံတမန်ရေးအရ ထိတွေ့မှုကို ပြန်လည်စတင်ခဲ့သည်။ အမေရိကတိုက်နိုင်ငံများမှ ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲအကြိုနေ့တွင် တွေ့ဆုံကြခြင်းဖြစ်သည်။

အမေရိကတိုက်နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲဖွင့်ပွဲအပြီး ဧပြီလ ၁၁ ရက်တွင် အမေရိကန်သမ္မတအိုဘားမားနှင့် ကျူးဘားသမ္မတရာအူးလ်ကက်စထရိုတို့တွေ့ဆုံဆွေးနွေးခဲ့သည်။ မေလ ၂၁ ရက်နှင့် ၂၂ ရက်များတွင်လည်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ စတုတ္ထအကြိမ်ဆွေးနွေးခဲ့သည်။ ယင်းတို့၏ ပြန်လည်သင့်မြတ်မှုကို အမေရိကန်ဆန့်ကျင်ရေးသမား ဆိုရှယ်လစ်ဝါဒီ ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုသည်ပင် ကြိုဆိုခဲ့သည်။ ကျူးဘားနိုင်ငံသည် အမေရိကတိုက်နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲသို့ ပထမဆုံးအကြိမ်တက်ရောက်ခြင်းမှာလည်း ထူးခြားချက်တစ်ရပ်အဖြစ် ချီးကျူးပြောဆိုခဲ့ကြသည်။ သမ္မတအိုဘားမားက အမေရိကန်ပြည်ထောင်စုအနေဖြင့် လက်တင်အမေရိကဒေသအပေါ် ဩဇာလွှမ်းမိုးရန် လုပ်ဆောင်လိုခြင်းမရှိတော့ကြောင်းလည်း ပြောကြားခဲ့သည်။ သမ္မတအိုဘားမားသည် လက်တင်အမေရိကဒေသအတွင်းမှ အတိုက်အခံများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

အမေရိကန်နှင့်ကျူးဘားနိုင်ငံသည် တင်းမာမှုများကို ဖြေလျှော့ရန် ဒုတိယခြေလှမ်းအဖြစ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးပြန်လည်ထူထောင်ကာ နှစ်နိုင်ငံမြို့တော်များတွင် သံရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မေလ ၂၁ ရက်တွင် ဆွေးနွေးခဲ့ကြသည်။

ကျူးဘားနိုင်ငံနှင့် သံခင်းတမန်ခင်း ဆက်ဆံရေးပြန်လည်ထူထောင်မည်ဟု သမ္မတအိုဘားမားက ဇူလိုင်လ ၁ ရက်တွင် ကြေညာခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုနှင့် ကျူးဘားနိုင်ငံတို့ကြား သံတမန်



**အမေရိကန်သမ္မတ အိုဘားမားနှင့် ကျူးဘားသမ္မတ ရာအူးလ်ကက်စထရို**

ဆက်ဆံရေးကို ဇူလိုင်လ ၂၀ ရက်တွင် တရားဝင် ပြန်လည်စတင်လိုက်သည်။ နှစ်နိုင်ငံမြို့တော်များ၌ သံရုံးများကို နှစ်ပေါင်း ၅၄ နှစ်အတွင်း ပထမဆုံးအကြိမ် ပြန်လည်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။ ဝါရှင်တန်မြို့တော်၌ သမ္မတအိမ်ဖြူတော်နှင့် အနီးဆုံးနေရာတွင် ရှိနေသည့် ပြန်လည်ပြုပြင်မွမ်းမံထားသော ကျူးဘားသံရုံးတွင် ၁၉၆၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကျူးဘားနိုင်ငံတော်အလံကို လွှင့်ထူထားခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ ရန်ဘက်နိုင်ငံများအဖြစ်ရှိခဲ့သော အာဃာတများကို ပြည်ဖုံးကားချရန် ရည်ရွယ်၍ ယင်းသို့လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု သတင်းများတွင် ဖော်ပြသည်။

ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနိုရိုဒရစ်သည် ၁၉၅၈ ခုနှစ်နောက်ပိုင်း နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအနေဖြင့် ဇူလိုင်လ ၂၀ ရက်တွင် အမေရိကန်နိုင်ငံသို့ ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိလာသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး သမိုင်းဝင်ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးအဖုအထစ်ဖြေလျှော့ရာတွင် ဂွါတာနာမိုပင်လယ်အော်ထိန်းချုပ်ရေးအပါအဝင် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ၅၃ နှစ်ကြာမြင့်ခဲ့သည့်ကုန်သွယ်ရေးပိတ်ဆို့မှုအဆုံးသတ်ရန် ကျူးဘားက တောင်းဆိုထားပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးမှတ်တမ်းများတိုးတက်အောင် ကြိုးပမ်းရန် အမေရိကန်က ကျူးဘားကို တိုက်တွန်းထားသည်။

**ဘာလ်တီမိုးဆန္ဒပြမှု** - အမေရိကန်ပြည်ထောင်စု၊ မာရီလန်းပြည်နယ် ဘာလ်တီမိုးမြို့၌ ဧပြီလ ၂၇ ရက်တွင် ဖြစ်ပွားသည့်အကြမ်းဖက်မှုကြောင့် အဆောက်အအုံများ၊ ကားများမီးလောင်ပျက်စီးခဲ့ပြီး ရဲတပ်ဖွဲ့ဝင် ၁၅ ဦးခန့်ဒဏ်ရာရရှိခဲ့သည်။ စီးပွားရေးလုပ်ငန်းတစ်ဒါဇင်ခန့်မှာလည်း ဖောက်ထွင်းဖျက်ဆီးခံခဲ့ရသည်။ ဘာလ်တီမိုးမြို့ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားစဉ် ပြင်းထန်သောကျောရိုးဒဏ်ရာကြောင့်သေဆုံးခဲ့သည့် အသက် ၂၅ နှစ်အရွယ် လူမည်းအမျိုးသား ဖရက်ဒီဂရေး၏ ဈာပနအခမ်းအနားကျင်းပပြီး နာရီအနည်းငယ်အကြာ၌ ဖြစ်ပွားခဲ့သည့် ယင်းဖြစ်စဉ်ကြောင့် ဘာလ်တီမိုးမြို့၌ အရေးပေါ်အခြေအနေကြေညာခဲ့သည်။ ဧပြီလ ၂၈ ရက်မှစတင်ကာ ည ၁၀ နာရီမှ နံနက်ငါးနာရီအထိ အပြင်မထွက်ရအမိန့်ကို တစ်ပတ်ကြာထုတ်ပြန်ခဲ့ပြီး ဒေသခံများက စုဝေးပွဲနှင့် ချီတက်ဆန္ဒပြမှုများ ပြုလုပ်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့များကို ဖြန့်ကြက်နေရာချထားခဲ့သည်။

စုဝေးချီတက်ဆန္ဒပြမှုများမှာ နယူးယောက်၊ ဝါရှင်တန်၊ ဘော့စတွန်နှင့် မီနီယာပိုလိစ်မြို့တို့တွင်လည်း ဖြစ်ပွားခဲ့သည်။ ဆန္ဒပြသူများက လွန်ခဲ့သည့်နှစ်က မစ်ဇူရီပြည်နယ် ဖာဂူဆန်မြို့တွင် မိုက်ကယ်ဘရောင်းကို ရဲတပ်ဖွဲ့က ပစ်ခတ်ခဲ့မှုကို ရည်ညွှန်း၍ “တရားမျှတမှု မရှိဘူး”၊ “ငြိမ်းချမ်းမှုမရှိဘူး”၊ “လက်မြှောက်အရှုံးပေးပါတယ် မပစ်ပါနဲ့” ဟု ကြွေးကြော်ကြသည်။ ဖရက်ဒီဂရေးသေဆုံးမှုနှင့်ပတ်သက်၍ အမေရိကန်တရားစီရင်ရေးဌာနက

ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

**စစ်ရေး**- အမေရိကန်ကြည်းတပ်က လာမည့်နှစ်နှစ်အတွင်း ပြည်တွင်းနှင့်နိုင်ငံခြားအခြေစိုက်စခန်းရှိ တပ်ဖွဲ့ဝင်အင်အား ၄၀,၀၀၀ လျှော့ချရန် စီစဉ်နေကြောင်း ဇူလိုင်လ ၈ ရက်သတင်းများတွင် ဖော်ပြသည်။

အဆိုပါအစီအစဉ်အရ အမေရိကန်ကြည်းတပ်တွင် လက်ရှိတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်အင်အား ၄၉၀,၀၀၀ နီးပါးမှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်မတိုင်မီတွင် အင်အား ၄၅၀,၀၀၀ နီးပါးသို့ ရောက်ရှိအောင် လျှော့ချရမည်ဖြစ်ပြီး အရန်တပ်ဖွဲ့ဝင်အရပ်သား ၁၇,၀၀၀ ကိုလည်း ထပ်မံလျှော့ချမည်ဖြစ်သည်။ အမေရိကန်ကြည်းတပ်သည် အီရတ်နှင့် အာဖဂန်နစ္စတန်စစ်ပွဲကာလအတွင်း အင်အား ၅၇၀,၀၀၀ အထိ အမြင့်ဆုံးရောက်ရှိခဲ့သည်။ အမေရိကန်ဥပဒေပြုအမတ်များက မောင်းသူမဲ့လေယာဉ်များ၊ အခြားတိုက်ခိုက်မှုပုံစံများနှင့် အစားထိုးနိုင်ကြောင်း ကန့်ကွက်ခဲ့သဖြင့် ထိုကဲ့သို့ လျှော့ချခဲ့ရခြင်း ဖြစ်သည်။

**နိုင်ငံတကာဆက်ဆံရေး** - အမေရိကန်နှင့်အီဂျစ်နိုင်ငံတို့သည် ပထမဆုံးအကြိမ် မဟာဗျူဟာဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ်လ ၂ ရက်တွင် အီဂျစ်နိုင်ငံကိုင်ရိုမြို့၌ ကျင်းပသည်။ ဆွေးနွေးပွဲတွင် အီဂျစ်နိုင်ငံ၏ လက်ရှိ နိုင်ငံရေးအခြေအနေနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ ဆိုင်းနိုင်းကျွန်းဆွယ်ကို ခြေကုပ်ယူပြီး အကြမ်းဖက်မှုများ လုပ်ဆောင်နေကြသည့် အစ္စလာမ္မစ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရေးကိစ္စရပ်များကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အီဂျစ်နိုင်ငံကို စီးပွားရေးကူညီမှုအပြင် နိုင်ငံရေးထောက်ခံအားပေးမှုများကိုပါပေးမည်ဟု ကတိပြုခဲ့သည်။ အမေရိကန်နှင့် အီဂျစ်နိုင်ငံတို့သည် ၂၀၁၃ ခုနှစ်တွင် အီဂျစ်စစ်တပ်က သမ္မတမိုဟာမက်မော်စီကို ရာထူးမှဖြုတ်ချခဲ့သည့်နောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေးအေးစက်သွားခဲ့သည်။



**အီရတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းတိုက်ပွဲဝင်ရန် ပြင်ဆင်လျက်ရှိသော အမေရိကန်စစ်သည်များ**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်တို့သည် စက်တင်ဘာလ ၂၅ ရက်တွင် အိမ်ဖြူတော်၌ တွေ့ဆုံကာ ကမ္ဘာလုံးဆိုင်ရာ ပူနွေးလာမှုကို လျှော့ချရန်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုကို လျှော့ချသွားမည်ဖြစ်ပြီး စီးပွားရေးဆိုင်ရာ ဆိုက်ဘာသူလျှိုလုပ်မှုကို ထိန်းချုပ်သွားရန် သမ္မတရှီကျင့်ဖျင်နှင့် ဘုံသဘောတူညီချက်ရရှိသွားပြီဖြစ်ကြောင်း၊ သို့ရာတွင် ဆိုက်ဘာမှုခင်းကျူးလွန်သူ တရုတ်ဟက်ကာများကို အရေးယူမည့်ကိစ္စတွင် အခက်အခဲများရှိနေဆဲဖြစ်ကြောင်း သမ္မတအိုဘားမားက ပြောကြားလိုက်သည်။ မည်သည့်အစိုးရကမျှ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ဆိုက်ဘာခိုးယူမှုကို တမင်တကာ အားပေးမည်မဟုတ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက ပြောကြားသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်သို့ နိုဝင်ဘာလ ၁၇ ရက်တွင် ရောက်ရှိလာပြီးနောက် မကြာမီတွင်ပင် အရှေ့တောင်အာရှ မဟာမိတ်နိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့၏ ရေကြောင်းလုံခြုံရေးအတွက် ဒေါ်လာ ၂၅၉ သန်း

ထောက်ပံ့ပေးမည့်အစီအစဉ်ကို ကြေညာခဲ့သည်။ တောင်တရုတ်ပင်လယ်ထဲမှ တရုတ်နိုင်ငံ၏ ကျွန်းတုတည်ဆောက်မှုနှင့်ပတ်သက်၍ တင်းမာမှုများမြင့်တက်နေစဉ် ယခုကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ထောက်ပံ့ရေးအစီအစဉ်တွင် ဖိလစ်ပိုင်က အကူအညီအများဆုံးရရှိမည်ဖြစ်ပြီး ရေကြောင်းလုံခြုံရေးတိုးတက်လာစေရန် ဒေါ်လာ ၇၉ သန်းရရှိမည်ဖြစ်သည်။ ယခင်က အမေရိကန်၏ ရန်ဘက်ဖြစ်ခဲ့သော်လည်း ယခုအခါ တရုတ်နိုင်ငံကို ပြင်းပြင်းထန်ထန်ဝေဖန်နေသည့် ဗီယက်နမ်က ဒေါ်လာ ၄၀ ဒသမ ၁ သန်းရရှိမည်ဖြစ်ပြီး အင်ဒိုနီးရှားက ဒေါ်လာသန်း ၂၀၊ မလေးရှားက ဒေါ်လာ ၂ ဒသမ ၅ သန်း တန်ဖိုးရှိသည့် အကူအညီများ ရရှိမည်ဖြစ်သည်။ အမေရိကန်ကမ်းရိုးတန်းနှင့်ဝေးကွာသောနေရာ၌ ဖြစ်ပွားနေသည့် ရေပိုင်နက်အငြင်းပွားမှုတွင် ဝင်ပါရန် အမေရိကန်တွင် အခွင့်အရေးမရှိဟု တရုတ်က အခိုင်အမာပြောကြားထားသည်။

**အီရန်နိုင်ငံ။** ။ **မျက်မှောက်ရေးရာ**-အနောက်နိုင်ငံများက အရေးယူပိတ်ဆို့မှုများ ဆက်လက်ထားရှိမည်ဆိုပါက ၂၀၁၇ ခုနှစ်တွင် သဘာဝဓာတ်ငွေ့ကို နှစ်ဆတိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း အီရန်စွမ်းအင်အရာရှိတစ်ဦးကပြောသည်။ အီရန်နိုင်ငံသည် စွမ်းအင်ကဏ္ဍကိုမြှင့်တင်လျက်ရှိရာ သဘာဝဓာတ်ငွေ့သာမကရေနံကိုလည်း တိုးမြှင့်ထုတ်လုပ်ခဲ့ပြီး ယမန်နှစ်ကတစ်နေ့လျှင် စည်ပေါင်း ၂ ဒသမ ၇ သန်း ထုတ်လုပ်ခဲ့ရာ ယခုနှစ်တွင် ၂ ဒသမ ၉ သန်းအထိ တိုးမြှင့်ထုတ်လုပ်မည်ဖြစ်သည်။ "သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကိုလည်း အီရန်ပြက္ခဒိန်နှစ် စတင်သည့် မတ်လ ၂ ရက်မှစ၍ တစ်နေ့လျှင် ကုဗမီတာသန်း ၆၀၀ ထုတ်လုပ်လျက်ရှိပြီး ထပ်မံ၍ ကုဗမီတာသန်း ၁၀၀ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း" အီရန်သမ္မတရိုဟာနီက ဖေဖော်ဝါရီလ ၁၁ ရက်က ကျင်းပသော အစ္စလာမ့်တော်လှန်ရေးအောင်ပွဲအထိမ်းအမှတ်အခမ်းအနားမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

**နျူကလီးယားအရေး** - အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးမိုဟာမက်ဂျာဗက်ဇာရစ်ဖ်တို့သည် နျူကလီးယားအရေးနှင့်ပတ်သက်၍ အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီး ၆ နိုင်ငံအကြား သဘောတူညီချက်များရရှိရေး ဆွေးနွေးမှုများမတိုင်မီ ဆွစ်ဇာလန်နိုင်ငံဂျီနီဗာမြို့၌ အကြိုတွေ့ဆုံခဲ့ကြပြီး ဇန်နဝါရီလအတွင်းဂျီနီဗာမြို့၌ တွေ့ဆုံကြမည့်စေ့စပ်ညှိနှိုင်းမှုများအတွက် သဘောတူညီမှုရရှိရန် ကြိုးပမ်းခဲ့သည်။ နျူကလီးယားအရေးနှင့်ပတ်သက်၍ အင်အားကြီးနိုင်ငံများက အလွန်အမင်းတောင်းဆိုမှုများ ရှိနေခဲ့သည့်အတွက် စေ့စပ်ဆွေးနွေးမှုကြန့်ကြာခဲ့သည်ဟု အီရန်ဘက်က အကြိမ်ကြိမ်ပြောဆိုခဲ့ပြီး ယခုနှစ်ဇူလိုင်လတွင်မူ အပြီးသတ်ဆွေးနွေးနိုင်မည်ဟု အကောင်းမြင်မှုများရှိခဲ့သည်။

အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာအလီခါမေနီကမူ ဇူလိုင်လ ၁၁ ရက်က ကျင်းပသည့် ကျောင်းသားများနှင့်တွေ့ဆုံပွဲတွင် "အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာကြီးတွင် အထက်စီးဆန်မှု၏ ပြယုဂ်အစစ်အမှန်ဖြစ်ကြောင်း ပြောကြားလိုက်ပြီး ကမ္ဘာတစ်ဝန်း အထက်စီးဆန်မှုတိုက်ဖျက်ရေးမှာ ၎င်းတို့တော်လှန်ရေး၏ အဓိကအချက်ဖြစ်ကာ အချိန်ဆွဲနေ၍ လုံးဝမဖြစ်နိုင်ကြောင်း၊ ဆက်လက်တိုက်ဖျက်ရန် အသင့်ပြင်ထားသင့်ကြောင်း" ပြောဆိုခဲ့သည်ဟု ၎င်း၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အီရန်နိုင်ငံ၏နျူကလီးယားပြဿနာကို ၂၀၀၃ ခုနှစ်၊ မတ်လကတည်းက အမေရိကန်နှင့်အီရန်အရာရှိများ စတင်ဆွေးနွေးခဲ့ကြပြီး ၁၂ နှစ်တာ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေခဲ့ရာမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်တွင် သဘောတူညီချက်များ ရရှိခဲ့ကြသည်။ အီရန်နှင့် ကမ္ဘာ့အင်အားကြီး ၆ နိုင်ငံတို့သည် အီရန်နိုင်ငံ၏ နျူကလီးယားစွမ်းအင်အသုံးချခြင်းနှင့် ပတ်သက်၍ ထိန်းချုပ်ရန် အချေအတင်ညှိနှိုင်းခဲ့ပြီး သဘောတူညီချက်များရရှိခဲ့ခြင်းဖြစ်သည်။

အီရန်သမ္မတရိုဟာနီသည် ကမ္ဘာ့အင်အားကြီး ၆ နိုင်ငံဖြစ်သည့် ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊

ရုရှားနှင့် အမေရိကန်တို့ဆွေးနွေးရာမှ ရရှိလာသော သဘောတူညီချက်များကြောင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးချရန် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်ဆိုသည့်အချက်ကို အသိအမှတ်ပြုစေခြင်းဖြင့် ဒေသတွင်းနိုင်ငံများအကြား ဂုဏ်အဆင့်အတန်းတစ်ခုရရှိသွားကြောင်း အနောက်နိုင်ငံများက ယူဆထားသည်။ အဆိုပါ စွမ်းဆောင်နိုင်မှုကြောင့် နိုင်ငံတကာအလယ်တွင် အထီးကျန်ဖြစ်နေမှု အဆုံးသတ်သွားပြီး သမိုင်းဝင်အောင်မြင်မှုတစ်ရပ်ဖြစ်လာကာ ၂၀၁၇ ခုနှစ်တွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲအတွက် ရိုဟာနီအနေဖြင့် ဒုတိယသက်တမ်းဆက်လက်ရွေးချယ်ခံရဖွယ်ရှိကြောင်း လေ့လာသူများက သုံးသပ်သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်က နျူကလီးယားသဘောတူညီချက်သည် ပြီးပြည့်စုံခြင်းမရှိသော်လည်း နှစ်ဖက်စလုံးလက်ခံနိုင်သည့် Win-Win ဖြေရှင်းနည်းဟုဆိုသည်။ အီရန်နိုင်ငံ၏ စစ်လက်နက်ပစ္စည်းထုတ်လုပ်သော လုပ်ငန်းတန်ဖိုးသည် ဒေါ်လာ ၁၅ ဘီလီယံရှိရာ ယခုသဘောတူညီချက်အရ နောင် ၅ နှစ်ကြာလျှင် အီရန်နိုင်ငံအနေဖြင့် သမားရိုးကျလက်နက်များ ရောင်းချခွင့်ရမည်ဖြစ်သည်။ အီရန်သည် အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရာတွင် အကူအညီပေးနိုင်သောကြောင့် အီရန်နိုင်ငံကို လက်နက်ရောင်းချခွင့် ပိတ်ပင်ထားမှုကိုလည်း ဖယ်ရှားပေးသင့်ကြောင်း ရုရှားအစိုးရက သုံးသပ်ထားပြီး ယခုသဘောတူညီချက်ကြောင့် ကမ္ဘာကြီးအသက်ရှူချောင်သွားကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်ကဆိုသည်။

ဇူလိုင်လဆွေးနွေးပွဲအရ အီရန်နိုင်ငံသည် ၎င်း၏ယူရေနီယမ်သန့်စင်သောစွမ်းရည်ကို သုံးပုံနှစ်ပုံအထိလျှော့ချပေးရမည်ဖြစ်ပြီး မြေအောက်ယူရေနီယမ်သန့်စင်သော ပစ္စည်းကိရိယာများသုံးစွဲမှုကို ရပ်တန့်ပစ်ရမည်။ သိုလှောင်ထားသော သန့်စင်မှုနိမ့်ကျသည့် ယူရေနီယမ်ကို ၉၆ ရာခိုင်နှုန်းအထိ လျှော့ချရမည်ဖြစ်ရာ ကီလိုဂရမ် ၃၀၀ အထိ လျှော့ချရန်အတွက် အာနိသင်လျော့ကျစေသောနည်း သို့မဟုတ် နိုင်ငံအတွင်းမှ ပြည်ပသို့ထုတ်ပစ်ခြင်းကို ဆောင်ရွက်ရမည်။ အေရက်တွင်ရှိသော ဓာတ်ပေါင်းဖို၏အူတိုင် (core) ကို ဖယ်ရှားပစ်ရမည်ဖြစ်ပြီး ပလူတိုနီယမ် မထုတ်လုပ်နိုင်ရန် ဒီဇိုင်းပြင်ဆင်ပြောင်းလဲရမည်။ ကုလသမဂ္ဂစစ်ဆေးရေးအဖွဲ့က အီရန်စစ်စခန်းများတွင်အသိပေးကြေညာမထားသော နျူကလီးယားဆိုင်ရာလှုပ်ရှားမှု



**အီရန်နိုင်ငံ နျူကလီးယားအရေးအတွက် အင်အားကြီးခြောက်နိုင်ငံ ဆွေးနွေးပွဲကျင်းပစဉ်**



**အင်အားကြီးနိုင်ငံတို့၏ စောင့်ကြည့် ဖိအားပေးမှုနှင့်ရင်ဆိုင်နေရသော
အီရန်နျူကလီးယားအဆောက်အအုံ အတွင်းပိုင်းမြင်ကွင်း**

တစ်ခုလုပ်ကိုင်နေကြောင်း အတိအကျသိရလျှင် အီရန်နိုင်ငံသည် ယင်းအဖွဲ့ကို ၃ ရက်ကြာ ဝင်ရောက်စစ်ဆေးခွင့်ပြုရမည်။ အဆိုပါ စစ်ဆေးမှုကို အီရန်က ကန့်ကွက်နိုင်သော်လည်း နိုင်ငံပေါင်းစုံပါဝင်သော ကော်မရှင်သည် ကန့်ကွက်မှုမှန်သမျှကို မဲအများစုဖြင့် ပယ်ချနိုင်မည်ဖြစ်ပြီး စစ်ဆေးရေးအဖွဲ့ဝင်များသည် အီရန်နိုင်ငံနှင့် သံတမန်အဆက်အဆံရှိသော နိုင်ငံများသာဖြစ်ရမည်ဖြစ်ကာ အမေရိကန်ပါဝင်မည် မဟုတ်ပေ။ သမားရိုးကျလက်နက်ရောင်းချမှုများကို နောက်ထပ်ငါးနှစ်ကြာ ပိတ်ပင်ထားမည်ဖြစ်ပြီး ပဲ့ထိန်းဒုံးကျည်နည်းပညာကို ဖြန့်ဝေခြင်းမပြုရန် ၈ နှစ်ကြာ ပိတ်ပင်ထားမည်ဖြစ်သည်။

အကယ်၍ အီရန်နိုင်ငံအနေဖြင့် ၎င်းလုပ်ဆောင်ရမည့်တာဝန်များပျက်ကွက်သည်ဟု စွပ်စွဲချက်များ ပေါ်ထွက်လာပါက ပူးတွဲကော်မရှင်သည် ယင်းအငြင်းပွားမှုကို ရက် ၃၀ ကြာ ဖြေရှင်းရန်ဖြစ်သည်။ ဖြေရှင်းနိုင်ခြင်းမရှိသေးပါက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ လွှဲအပ်ကာ ပိတ်ဆို့အရေးယူမှုဖြေလျှော့ထားခြင်းကို ဆက်လက်ထားရှိရန် မဲခွဲဆုံးဖြတ်မည်ဖြစ်သည်။ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများက ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့လျှင် ပိတ်ဆို့အရေးယူမှုကို ပြန်လည်ချမှတ်မည့် အဓိပ္ပာယ်ဖြစ်ပြီး လုပ်ငန်းစဉ်တစ်ခုလုံးသည် ၆၅ ရက်ကြာမည်ဟူသောအချက်များ သဘောတူညီထားသည်။

အီရန်နှင့် ကုလသမဂ္ဂနျူကလီးယားစောင့်ကြည့်ရေးအဖွဲ့တို့အကြား သဘောတူညီမှုကို အကောင်အထည်ဖော်ရန် ရည်ရွယ်သည့် ခရီးစဉ်အဖြစ် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ ယူကီယာအမာနိုသည် စက်တင်ဘာလ ၂၀ ရက်က တီဟီရမ်မြို့သို့ သွားရောက်ခဲ့သည်။ ဇူလိုင်လအတွင်းက အီရန်သို့ အမာနို လာရောက်ခဲ့ပြီးနောက် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရေးလမ်းပြမြေပုံတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အမာနိုသည် ၎င်း၏ ခရီးစဉ်အတွင်း နျူကလီးယားသဘောတူညီမှုကို ပြန်လည်သုံးသပ်မည့် လွှတ်တော်ဆိုင်ရာအထူးကော်မတီ၏အစည်းအဝေးသို့လည်း တက်ရောက်သည်။

ဇူလိုင်လက ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် သဘောတူညီချက်ရရှိခဲ့သော အီရန်၏နျူကလီးယားသဘောတူညီချက်ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း နိုဝင်ဘာလ ၃ ရက်တွင် အီရန်ဒုတိယသမ္မတ အလီအက္ကဘာဆာလီဟီက သတင်းထုတ်ပြန်သည်။ အဏုမြူစွမ်းအင်အဖွဲ့၏အကြီးအကဲလည်းဖြစ်သူ ဒုတိယသမ္မတက "မိမိတို့ရရှိခဲ့သော သဘောတူညီချက်ကို အပြည့်အဝအကောင်အထည်

ဖော်ရန် အချိန်ယူရဦးမည်ဖြစ်ကြောင်း" ကျူံဒိုသတင်းဌာနနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

**စစ်ရေး -** အီရန်အစိုးရသည် အဆင့်မြှင့်တင်ထားသည့် ဒုံးကျည်ရန်ကာကွယ်ရေးစနစ်ကို ရုရှားအစိုးရထံမှ ဝယ်ယူရန် စီစဉ်ထားပြီး မကြာမီအီရန်သို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဟိုစိန်ဒက်ကန်က ဩဂုတ်လ ၁၈ ရက်တွင် ပြောကြားလိုက်သည်။ ရုရှားအစိုးရသည် အီရန်နှင့် ၂၀၀၇ ခုနှစ်ကတည်းက လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်အရ အီရန်သို့ ဒုံးကျည်ရန်ကာကွယ်ရေးစနစ်ရောင်းချမှုအစီအစဉ်ကို ၂၀၁၀ ပြည့်နှစ်က ရပ်တန့်ခဲ့သည်။ သို့ရာတွင် ရုရှားသမ္မတပူတင်က ဒုံးကျည်ရောင်းချပေးရေးအတွက် လမ်းကြောင်းဖွင့်သည့် အမိန့်တစ်ခုကို ယခုနှစ် ဧပြီလက လက်မှတ်ရေးထိုးခဲ့သည်။

"အီရန်နိုင်ငံသည် ၂၀၁၆ ခုနှစ်၊ မတ်လ ၁၉ ရက်တွင် ကုန်ဆုံးမည့် အီရန်ရိုးရာပြက္ခဒိန်နှစ် နောက်ဆုံးရက်တွင် စစ်ရေးလေ့ကျင့်မှုအကြိမ် ၂၀ လုပ်ဆောင်ရန် စီစဉ်ထားကြောင်း" အီရန်အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏တပ်မှူး ဂျာဖာရီက တီဟီရန်မြို့တော်၌ စက်တင်ဘာလ ၁ ရက်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ "နျူကလီးယားရေးရာ သဘောတူညီချက်ရရှိပြီးနောက် အီရန်ပြည်သူများသည် တိုင်းပြည်အတွက်လုံခြုံစိတ်ချရပြီဟု မှားယွင်းစွာ သဘောပေါက်နေကြပြီး စစ်၏အနိဋ္ဌာရုံမှ လွတ်မြောက်ရန်ရှိသည်ဟု ထင်ယောင်ထင်မှားဖြစ်နေကြောင်း" တပ်မှူးဂျာဖာရီက ပြောကြားလိုက်သည်။

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ် အစိုးရအဖွဲ့၏အဓိကမဟာမိတ်ဖြစ်သည့် အီရန်အနေဖြင့် ဆီးရီးယားနိုင်ငံတွင်း မတည်ငြိမ်မှုများနှင့် တိုက်ပွဲများအတွက် တိုက်ခိုက်ရေးသမားများကို စေလွှတ်ပေးရန်ဆန္ဒပြင်းပြလျက်ရှိကြောင်း အီရန်နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒကော်မတီဥက္ကဋ္ဌအလာဒင်ဘိုရိုဂျာဒီက ဆိုသည်။ ၂၀၁၁ခုနှစ်၊ မတ်လတွင် အာဆတ်အစိုးရအဖွဲ့ကို ဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီး တိုက်ပွဲများနှင့် ရင်ဆိုင်ခဲ့ရသည့်အာဆတ်အတွက် အီရန်က ရပ်တည်ပေးခဲ့သည်။ ထောင်နှင့်ချီသော အီရန်တိုက်ခိုက်ရေးသမားများသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွင်း ဆီးရီးယားနိုင်ငံ လာတာကီယာမြို့ရှိ စစ်ဘက်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး လက်ဘနွန်ဟစ်ဇ်ဘိုလာအဖွဲ့နှင့် ပူးပေါင်းတိုက်ပွဲဝင်ခဲ့သည်။

## အိုင်အက်စ်စစ်သွေးကြွအစွန်းရောက်အဖွဲ့။ ။

အိုင်အက်စ်တို့၏လုပ်ရပ်နှင့် အန္တရာယ်ကို အမေရိကန်သမ္မတ ဘားရက်အိုဘားမားက "အိုင်အက်စ်နှင့် အယ်လ်ခိုင်ဒါကဲ့သို့သော အဖွဲ့အစည်းများသည် ဘာသာရေးခေါင်းဆောင်များမဟုတ်ဘဲ အကြမ်းဖက်သမားများသာဖြစ်သည်" ဟု ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက ပြောကြားခဲ့သည်။ အိုဘားမားကပင် "ကျွန်တော်တို့သည် အစ္စလာမ်ဘာသာဝင်များကို စစ်ဆင်နေခြင်းမဟုတ်ဘဲ အစ္စလာမ်ဘာသာမှ သွေဖည်သူများကိုသာ စစ်ဆင်နေခြင်းဖြစ်သည်" ဟူ၍ ဆက်လက်ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလ ၂၃ ရက်တွင် အိုင်အက်စ်တို့သည် ခရစ်ယာန်ဘာသာဝင်အများစုဖြစ်ကြသည့် အက်စ်ဆီးရီးယားမျိုးနွယ်ဝင် ၂၂၀ ကျော်ကို ပြန်ပေးဆွဲခဲ့သည်။ ထိုဒေသသို့ အမေရိကန်ပြည်ထောင်စုဦးဆောင်သော ညွှန့်ပေါင်းတပ်ဖွဲ့က ဖေဖော်ဝါရီလ ၂၆ ရက်တွင် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

ဤသို့သောအခြေအနေတွင် ၂၀၁၅ ခုနှစ်၊ မတ်လအတွင်း၌ "အင်ဒိုနီးရှားနိုင်ငံသား လူငယ်များ အနက် အချို့သည် အစွန်းရောက်ဘာသာရေးအဖွဲ့ အိုင်အက်စ်တို့ကို သစ္စာခံယူမှုရှိသည်။ ယင်းတို့သည် ဆီးရီးယားနှင့်အီရတ်တို့တွင် ဝင်ရောက်တိုက်ခိုက်လျက်ရှိသည်။ တိုက်ပွဲပြီးဆုံး၍ ပြန်လာပါက အင်ဒိုနီးရှားနိုင်ငံတွင် အကြမ်းဖက်လုပ်ရပ်များဖြစ်ပေါ်နိုင်သည်" ဟု အင်ဒိုနီးရှားနိုင်ငံအစိုးရက ပြောကြားသည်။

အီရတ်၊ လစ်ဗျားနှင့် ဆီးရီးယားနိုင်ငံတို့တွင် အခြေစိုက်ထားသည့် အိုင်အက်စ်တို့သည် အီဂျစ်

နိုင်ငံရှိ ဆိုင်းနိုင်းကျွန်းဆွယ်အထိတိုးချဲ့လာခဲ့ပြီး ဆိုင်းနိုင်းကို စိုးမိုးရန် နည်းလမ်းရှာနေသည်။ ထို့ကြောင့် မတ်လ ၁၃ ရက်တွင် ကျင်းပသည့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုညီလာခံတွင် အီဂျစ်သမ္မတ အယ်လ်စီစီက "အစ္စလာမ်အစွန်းရောက်များနှင့်ယှဉ်ပြိုင်တိုက်ခိုက် သည့် ဆော်ဒီနိုင်ငံသားများကိုသာ ဦးစားပေးရွေးချယ်ခဲ့သည်။ မေလ ၂၄ ရက်တွင် နိုင်ငံတကာတပ်ဖွဲ့ထိပ်တန်းတာဝန်ခံ ဗိုလ်ချုပ်ကြီးတစ်ဦးက အာဖဂန်နစ္စတန်နိုင်ငံ၌ အိုင်အက်စ်တို့ စတင်အခြေချစည်းရုံးနေပြီဖြစ်ကြောင်း၊ မျှော်မှန်းသလောက် မအောင်မြင်သေးကြောင်း ထုတ်ဖော်



ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လာနေသည့် အိုင်အက်စ်စစ်သွေးကြွအဖွဲ့

ရသော စစ်ပွဲသည် တတိယကမ္ဘာစစ်အလား ကြီးမားပြင်းထန်လှသည့်အတွက် အမေရိကန်ပြည်ထောင်စု အနေဖြင့် အီဂျစ်နိုင်ငံကို စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ကူညီရန်" တောင်းဆိုခဲ့သည်။

ကဒါဖီသည် တစ်ချိန်က လစ်ဗျားနိုင်ငံ၌ ဩဇာအာဏာကြီးမားသူဖြစ်သည်။ သို့သော် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်တွင် တော်လှန်ရေးသမားများ၏ လက်ချက်ကြောင့် ကွယ်လွန်ခဲ့သည်။ ယင်း၏ လက်အောက်ခံသစ္စာရှိစစ်သည်များသည် အိုင်အက်စ်အဖွဲ့ဝင်များဖြစ်လာသည့်သတင်းများ မတ်လအတွင်း ဖော်ပြခဲ့ကြသည်။

အိုင်အက်စ်စစ်သွေးကြွများသည် ရပ်တန့်ခြင်းမရှိဘဲ စစ်ရေးအရ တိုးချဲ့မှုများ အစဉ်ပြုလုပ်နေသည်။ မတ်လ ၁၅ ရက်တွင် အီရတ်နိုင်ငံ ရာမာဒီမြို့ရှိ အရေးပါသည့် အစိုးရအဆောက်အအုံကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

အိုင်အက်စ်တို့တွင် အသေခံကာ ဗုံးခွဲလိုသူ သစ္စာခံများစွာရှိသည်။ ယင်းတို့အနက် ချမ်းသာကြွယ်ဝ

ပြောကြားခဲ့သည်။ မေလ ၂၃ ရက် သတင်းများတွင်လည်း ဂျာမနီသမ္မတ ဂျိုဝါချင်ဂေါက်ကို အိုင်အက်စ်တို့ကလုပ်ကြံရန် ကြံစည်ခဲ့သည်ဟုဖော်ပြသည်။

ကျွမ်းကျင်သူတစ်ဦးက အိုင်အက်စ်တို့သည် စင်ကာပူနိုင်ငံကိုလည်း အကြမ်းဖက်တိုက်ခိုက်ရန် ပစ်မှတ်ထားကြောင်း မေလ ၂၉ ရက်တွင် ပြောကြားသည်။ လတ်တလောတွင် အင်ဒိုနီးရှားနိုင်ငံသား ၇၀၀ ကျော်နှင့် မလေးရှားနိုင်ငံသား ၂၀၀ ကျော်သည် အကြမ်းဖက်သမားများအဖြစ် အီရတ်နှင့် ဆီးရီးယားတွင် ရောက်ရှိနေပြီး အိုင်အက်စ်တို့နှင့် ပူးပေါင်းတိုက်ခိုက်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း အိုင်အက်စ်အဖွဲ့ဝင်အချို့ လျှို့ဝှက်လှုပ်ရှားနေကြသည်။ မေလ ၃၁ ရက်တွင် ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က အိုင်အက်စ်အဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီးခဲ့သည်။ မေလအတွင်း၌ပင် ဩစတြေးလျအမျိုးသမီးငယ် ၁၀ ဦးကျော်သည် အိုင်အက်စ်နှင့် ပူးပေါင်းရန် နိုင်ငံမှထွက်ခွာခဲ့ကြောင်း၊ မီဒီယာများမှတစ်ဆင့် သွေးဆောင်ဖြားယောင်းမှု

ကြောင့်ဖြစ်ကြောင်း ဩစတြေးလျ ရဲအရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။ တစ်ဆက်တည်းတွင် စထရိတ်တိုင်း(မ်)သတင်းစာက စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည်လည်း အိုင်အက်စ်တို့၏ ပစ်မှတ်ဖြစ်လာနိုင်ကြောင်း မေလအတွင်းတွင် သုံးသပ်ဖော်ပြခဲ့သည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ်၌ အိုင်အက်စ်တို့က တာလီဘန်စစ်သွေးကြွ ၁၀ ဦးကို ဇွန်လ ၂ ရက်တွင် ခေါင်းဖြတ်သတ်ခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

အိုင်အက်စ်စစ်သွေးကြွများသည် အီရတ်၊ လစ်ဗျား၊ ဆီးရီးယားနိုင်ငံတို့သို့သာမက အာဖဂန်နစ္စတန်နိုင်ငံထိ အင်အားများပြားလာသည့်အတွက် ဇွန်လ ၂ ရက်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က အမေရိကန်ပြည်ထောင်စုအနေဖြင့် ဆီးရီးယားတပ်ဖွဲ့များနှင့်ပူးပေါင်းကာ အိုင်အက်စ်တို့ကို တိုက်ခိုက်ရန်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အီရတ်ဝန်ကြီးချုပ် အယ်လ်အဘာဒီသည် အိုင်အက်စ်တိုက်ခိုက်ရေးညီလာခံကို ဇွန်လ ၂ ရက်တွင် ပြင်သစ်နိုင်ငံပဲရစ်မြို့၌ ကျင်းပခဲ့သည်။ နိုင်ငံ၂၄ နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး အဘက်ဘက်မှ အကူအညီပေးရန် သဘောတူခဲ့ကြသည်။ သို့သော် အိုင်အက်စ်တို့သည် မြို့တော်ဘဂ္ဂဒက်နှင့် မိုင် ၇၀ သာဝေးသည့် ရာမာဒီမြို့ကို အမေရိကန်တို့၏ တိုက်ခိုက်မှုအောက်မှပင် သိမ်းပိုက်နိုင်ခဲ့သည်။

အမေရိကန်ဦးဆောင်သည့် မဟာမိတ်တို့သည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ပထမပတ်အထိ လေကြောင်းတိုက်ခိုက်မှုအကြိမ်ပေါင်း ၄,၀၀၀ နီးပါးပြုလုပ်ခဲ့သော်လည်း ထိရောက်မှုမရှိဟု သုံးသပ်မှုများလည်း ရှိနေသည်။

ယင်းသို့ သုံးသပ်နေမှုများရှိနေချိန်တွင် အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဘလင်ကင်က "အိုင်အက်စ်ချေမှုန်းရေးကိုးလကြာကာလတွင် အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာညွန့်ပေါင်းအဖွဲ့က အိုင်အက်စ်စစ်သွေးကြွတစ်သောင်းကျော်ကို သုတ်သင်နိုင်ခဲ့ကြောင်း" ဇွန်လ ၃ ရက်တွင် ပြောကြားလိုက်သည်။ အိုင်အက်စ်ပြဿနာမှာ အီရတ်၊ ဆီးရီးယားတို့၏ ပြည်တွင်းရေးသာမက ဒေသပြဿနာမှသည် ကမ္ဘာ့အရေးဆီသို့ဦးတည်လာနေကြောင်း အမေရိကန်သမ္မတ အိုဘားမားကလည်း ထုတ်ဖော်ပြောကြားသည်။

ဇွန်လ ၆ ရက်သတင်းများတွင် အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် ဆီးရီးယားကာဒ့်တိုက်ခိုက်ရေးသမားများ၏ တိုက်ပွဲများကြောင့် ဆီးရီးယားဒုက္ခသည် ၄,၀၀၀ နီးပါး တူရကီနိုင်ငံတွင်းသို့ ရောက်ရှိလာကြောင်း ဖော်ပြသည်။ ယခင်က တူရကီအစိုးရသည် နယ်စပ်ကိုပိတ်ထားသော်လည်း လူသားချင်းစာနာမှုအရ နယ်စပ်ဂိတ်များကို ဖွင့်ပေးလိုက်ပြီး ဒုက္ခသည်စုစုပေါင်း ၁၄,၀၀၀ နီးပါးရှိနေပြီဟုဆိုသည်။

ဇွန်လ ၁၆ ရက်တွင် ဆီးရီးယားကာ့ဒ်များဦးစီးသည့်တပ်ဖွဲ့များက တူရကီနယ်စပ်ရှိ အိုင်အက်စ်တို့သိမ်းပိုက်ထားသောနယ်စပ်မြို့ကိုပြန်လည်သိမ်းယူနိုင်ခဲ့ပြီး အမေရိကန်ဦးဆောင်သည့်လေကြောင်းတိုက်ခိုက်မှုကလည်း အိုင်အက်စ်တို့ကိုနှင်ထုတ်နိုင်ခဲ့သည်။

အီရတ်အစိုးရအနေဖြင့် အိုင်အက်စ်လက်အောက်ကျရောက်နေသည့် ရာမာဒီမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ရေးနှင့် စစ်ရေးအထောက်အကူရရန်အတွက် စစ်နည်းဗျူဟာများ သင်ကြားပေးရန် အမေရိကန်ပြည်ထောင်စုသည် နည်းပြ ၄၅၀ ကို အီရတ်သို့ စေလွှတ်ပေးခဲ့သည်။

ဇွန်လ ၁၈ ရက်တွင် ယီမင်နိုင်ငံမြို့တော်ဆာနားရှိ အစိုးရဌာနများ၊ ရှီယိုက်ဘာသာရေးအဆောက်အအုံများ၌ ဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်ခဲ့သဖြင့် လူပေါင်း ၃၁ ဦး သေဆုံးခဲ့သည်။ ယင်းတိုက်ခိုက်မှုမှာလည်း ၎င်းတို့လက်ချက်ဖြစ်ကြောင်း အိုင်အက်စ်တို့က ထုတ်ဖော်ပြောကြားသည်။

ဇွန်လ ၂၈ ရက်တွင်မူ အီရတ်အစိုးရက ထုတ်ပြန်ရာ၌ အီရတ်အစိုးရတပ်များသည် နိုင်ငံတစ်ဝန်းလုံး၌ စစ်ဆင်ရေးပြုလုပ်နေကြောင်း၊ အိုင်အက်စ်များနှင့် တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ကြောင်း၊ အိုင်အက်စ်တပ်ဖွဲ့ဝင် ၁၈၂ ဦးကို သုတ်သင်နိုင်ခဲ့ကြောင်းစသည်တို့ ဖော်ပြထားသည်။

အိုင်အက်စ်အဖွဲ့သည် ဆီးရီးယားနှင့်အီရတ်တွင် ရေနံတွင်းများကိုသိမ်းပိုက်ပြီး ဘဏ္ဍာငွေအမြောက်အမြားရရှိကြသည်။ ထိုနည်းအတိုင်း လစ်ဗျားနိုင်ငံ

အတွင်းရှိ ရေနံတွင်းများကိုလည်း သိမ်းပိုက်ရန် လုပ်ဆောင်သည်။ တစ်ချိန်တည်းတွင် နိုင်ငံတကာ အသိအမှတ်ပြု လစ်ဗျားအစိုးရကို ၂၀၁၅ ခုနှစ်၊ မေလကုန်နှင့် ဇွန်လအစောပိုင်းကာလများ၌ တိုက်ခိုက်ခြင်းများပြုခဲ့သည်။

ထို့ပြင် အိုင်အက်စ်တို့ကို တိုက်ခိုက်နေသည့် ကာဒ့်တပ်ဖွဲ့ဝင်များက အိုင်အက်စ်တို့ တူးထားသည့် မီတာ ၄၀၀ ရှည်လျားသော ဥမင်လိုဏ်ခေါင်းတစ်ခုကို ဆီးရီးယားနှင့် တူရကီနယ်စပ်တွင် တွေ့ရှိသည်ဟု ဇွန်လ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဇွန်လ ၁၇ ရက်မှ ဇူလိုင်လ ၁၇ ရက်သည် အစ္စလာမ်ဘာသာဝင်တို့၏ ဘာသာရေးကာလဖြစ်သည်။ အိုင်အက်စ်တို့၏ ပြောရေးဆိုခွင့်ရှိသူ အဘူမူဟာမက် အယ်လ်တက်ဒါနီက ထိုကာလအတွင်း အကြမ်းဖက်မှုများ ဆောင်ရွက်သွားရန် လှုံ့ဆော်ထားသည်။

ယင်းသို့ လှုံ့ဆော်ချက်နှင့်အညီ ဇွန်လ ၂၆ ရက်တွင် တူနီးရှားနိုင်ငံပင်လယ်ကမ်းခြေ၌ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၃၇ ဦး သေဆုံး၍ ၃၆ ဦး ဒဏ်ရာရသည်။ ကူဝိတ်မြို့တော်ရှိ ရှီဟိုက်ဗလီတွင် တိုက်ခိုက်မှု ဖြစ်ပွားရာ ၂၅ ဦး သေဆုံးပြီး ၂၀၀ ကျော် ဒဏ်ရာ ရရှိခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ ရာမဒန်ဥပုသ်လအတွင်း အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်ရန် ကြံရွယ်ထားသည့် အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် အဆက်အသွယ်ရှိသူ လူပေါင်း ၄၃၁ ဦးကို ဆော်ဒီအာဏာပိုင်များက ဇူလိုင်လ ၁၉ ရက်တွင် ဖမ်းဆီးလိုက်သည်။ ၎င်းတို့သည် ရာမဒန်ဥပုသ်လအတွင်း နိုင်ငံအရှေ့ပိုင်းနှင့် ရိယက်မြို့တော်ရှိဗလီများကို ဗုံးခွဲတိုက်ခိုက်ရန် လျှို့ဝှက်ကြံစည်နေသည်ဟု ရဲအရာရှိများက ပြောကြားသည်။

အိုင်အက်စ်များသည် ၂၀၁၅ ခုနှစ် နှစ်ဝက်ကာလအထိ အကြမ်းဖက်လုပ်ရပ်များကို အရှိန်ကောင်းကောင်းဖြင့် လုပ်ဆောင်လျက်ရှိနေသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကလည်း ဤအကြမ်းဖက်လုပ်ရပ်များအတွက် တရားရေးဆိုင်ရာနှင့် အရေးယူရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်၊ ဇွန်လမှစ၍ ၁၇ လအတွင်း အိုင်အက်စ်စစ်သွေးကြွအဖွဲ့က သတ်ဖြတ်ခဲ့သည့် လူပေါင်း ၃,၅၀၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့က နိုဝင်ဘာလ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ၎င်းတို့အနက် ၉၇၅ ဦးသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို တိုက်ခိုက်ချေမှုန်းနေသည့် ဆီးရီးယားတပ်ဖွဲ့ဝင်များဖြစ်ပြီး ၁,၉၄၅ ဦးသည် အရပ်သားများဖြစ်ကြသည်။ အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က အိုင်အက်စ်စစ်သွေးကြွ ၄၁၅ ဦးကို ချေမှုန်းနိုင်ခဲ့သည်။ ဆီးရီးယားနိုင်ငံအတွင်း အမေရိကန်ဦးဆောင်သည့် လေကြောင်းစစ်ဆင်ရေးအပြင် ရုရှားလေကြောင်းတပ်ဖွဲ့များ၏ တိုက်ခိုက်မှုများကြောင့် အိုင်အက်စ်စစ်သွေးကြွများ သေဆုံးမှုနှုန်း မြင့်တက်လာခဲ့သည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့များက အိုင်အက်စ်စစ်သွေးကြွများ ထိန်းချုပ်ထားသည့် ရာမာဒီမြို့အနောက်ပိုင်းရှိ ခရိုင်ကြီးတစ်ခုကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း ဒီဇင်ဘာလ ၈ ရက် သတင်းများတွင် ဖော်ပြသည်။ အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ် ရာမာဒီမြို့အနောက်ပိုင်းရှိ အယ်လ်တာဖင်ခရိုင်ကို အီရတ်လုံခြုံရေးတပ်ဖွဲ့နှင့် မဟာမိတ်ဆွန်နီမျိုးနွယ်စုအရန်တပ်ဖွဲ့တို့က စီးနင်းတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ ပြင်းထန်သောတိုက်ပွဲအတွင်း အိုင်အက်စ်စစ်သွေးကြွ အနည်းဆုံး ၁၂ ဦး သေဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၅ ဦး သေဆုံးကာ သုံးဦး ဒဏ်ရာရရှိခဲ့သည်။ နောက်ဆုံးအကြိမ်စီးနင်းတိုက်ခိုက်မှုတွင် ရာမာဒီမြို့အတွင်းသို့ ဝင်ရောက်နိုင်ခဲ့ပြီး ဆွန်နီအရန်တပ်ဖွဲ့က အိုင်အက်စ်တို့ ဆုတ်ခွာသွားသည့် ရာမာဒီမြို့ နေရာအတော်များများကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ အီရတ်လုံခြုံရေးတပ်ဖွဲ့သည် အိုင်အက်စ်တို့ ထိန်းချုပ်ထားသော အချက်အချာကျသည့် ရာမာဒီမြို့နှင့်အီရတ်နိုင်ငံ၏ အကြီးဆုံးပြည်နယ်ဖြစ်သော အန်ဘာပြည်နယ်မှ မြို့များ ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် လအတန်ကြာ တိုက်ပွဲဝင်ခဲ့ရသည်။

အိုင်အက်စ်အဖွဲ့၏ နောက်ဆုံးခြေကုပ်ယူရာ ရာမာဒီမြို့ကို အီရတ်တပ်ဖွဲ့များက ဒီဇင်ဘာလ

၂၇ ရက်တွင် ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ယမန်နှစ်က အီရတ်တစ်နိုင်ငံလုံးကို အိုင်အက်စ်တို့က ထိုးစစ်ဆင်ခဲ့ပြီးနောက် ရာမာဒီကို ပြန်လည်သိမ်းပိုက်နိုင်ခြင်းသည် အီရတ်တပ်ဖွဲ့ဝင်များအတွက် အကြီးမားဆုံး အောင်မြင်မှု ဖြစ်လာသည်။

**အိန္ဒိယနိုင်ငံ။** ။ **နိုင်ငံရေး** - အိန္ဒိယပိုင်နက်အတွင်း တည်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်နယ်မြေ ၅၁ခု တို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားထောင်ပေါင်းများစွာ နေထိုင်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်ပိုင်နက်အတွင်းရှိ အိန္ဒိယနယ်မြေ ၁၀၀ တွင်လည်း အိန္ဒိယနိုင်ငံသားများ နေထိုင်လျက်ရှိရာ ၎င်းတို့မှာ နိုင်ငံမဲ့ပြည်သူအနေအထားသို့ရောက်ရှိနေပြီး သက်ဆိုင်ရာနိုင်ငံများ၏ ပြည်သူ့ဝန်ဆောင်မှုကို ရယူခံစားနိုင်ခြင်းမရှိပေ။

သို့သော် အိန္ဒိယပါလီမန်လွှတ်တော်က ၂၀၁၅ ခုနှစ်၊ မေလ ၆ ရက်တွင် အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၁၉ ခုမြောက်ပြင်ဆင်ချက်ဥပဒေကြမ်းအရ နှစ်နိုင်ငံနယ်စပ်မျဉ်းများကို ပြန်လည်ရေးဆွဲနိုင်မည်ဖြစ်ပြီး အချုပ်အခြာပိုင်နက်အလွန်ဒေသများ၌ နေထိုင်သူ နှစ်နိုင်ငံပြည်သူ ၅၀,၀၀၀ ကျော်တို့အနေဖြင့် မိမိတို့နှစ်သက်ရာနေရာတွင်နေထိုင်ရန်နှင့်အလိုရှိရာ နိုင်ငံသားအဖြစ်ခံယူရန် ရွေးချယ်ခွင့်ရှိမည်ဖြစ်သည်။

၁၉၄၇ ခုနှစ်တွင် အိန္ဒိယတိုက်ငယ်သည် အိန္ဒိယနှင့် ပါကစ္စတန်ဟူ၍နှစ်ပိုင်းကွဲခဲ့ပြီး ကို့ချ်ဘီဟားဒေသမှာ အိန္ဒိယဘက်သို့လည်းကောင်း၊ ရမ်ပူရဒေသမှာ ပါကစ္စတန်ဘက်သို့လည်းကောင်း ဝင်ရောက်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် အရှေ့ပါကစ္စတန် နိုင်ငံသည် ယနေ့ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်လာသည်။

၂၀၁၅ ခုနှစ်၊ ဇွန်လ ၄ ရက်တွင် အဓိကရုဏ်းများ ဖြစ်ပွားပြီးနောက် အိန္ဒိယအာဏာပိုင်များက ညမထွက်ရ အမိန့်ကို အချိန်အကန့်အသတ်မရှိ ပြဋ္ဌာန်းလိုက်သည်။ ၁၉၈၄ ခုနှစ်၊ ဇွန်လအတွင်းက အိန္ဒိယလုံခြုံရေး တပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးကြောင့် သေဆုံးခဲ့ရသည့် ဆစ်ခ်ခေါင်းဆောင် ဂျာနေးဆင်းဘင်ဒရာဝါလီ၏ ရုပ်ပုံပိုစတာများကို ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖြုတ်ချရာမှ အစပြု၍ ဆစ်ခ်လူမျိုးများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်းများ ဖြစ်ပွားခဲ့သည်။ အိန္ဒိယလူဦးရေ၏ ၂ ရာခိုင်နှုန်းရှိသော ဆစ်ခ်လူမျိုးများသည် ပန်ဂျပ်ပြည်နယ်၌ လွတ်လပ်သည့် ဆစ်ခ်ဒေသတည်ထောင်ရေးအတွက် ၁၉၈၀ ပြည့်နှစ်အတွင်း ပြောက်ကျားစစ်ရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသ၌ တာဝန်ထမ်းဆောင်နေသော အိန္ဒိယတပ်ဖွဲ့ဝင်များကို ကျယ်ပြန့်သည့်လုပ်ပိုင်ခွင့်အာဏာများပေးအပ်ထားခြင်းကြောင့် ၎င်းတို့ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားစွဲဆိုမှု ကင်းလွတ်ခွင့်ရနေကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်တွင် ပြောကြားသည်။

ကက်ရှ်မီးယားဒေသလက်နက်ကိုင်ပုန်ကန်မှုများ နှိမ်နင်းရန် ယင်းဒေသသို့ တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို အိန္ဒိယအစိုးရက စေလွှတ်ထားရာ ယင်းတပ်ဖွဲ့ဝင်များသည် လက်နက်ကိုင်တပ်ဖွဲ့များအထူးလုပ်ပိုင်ခွင့်အက်ဥပဒေအရ သူပုန်ဟု သံသယရှိပါက ပစ်သတ်နိုင်ခွင့်နှင့် ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်များ ရရှိထားသည်။

ထိုသို့ လက်နက်ကိုင်တပ်ဖွဲ့များ အထူးလုပ်ပိုင်ခွင့် အက်ဥပဒေကို ကက်ရှ်မီးယားဒေသတွင်သာမက ပုန်ကန်မှုများထူပြောသည့် အရှေ့မြောက်ဒေသ မဏိပူရ ပြည်နယ်တွင်လည်း အိန္ဒိယအစိုးရက ကျင့်သုံးသည်။

အိန္ဒိယနိုင်ငံ၏ ဥပဒေရေးရာများတွင် အခွန်အကောက်ဥပဒေများကို ရိုးရှင်းစွာထားရှိရေးအတွက် ဝန်ကြီးချုပ်နာရိန္ဒြာမိုဒီ၏ ကြိုးပမ်းမှုများကို အတိုက်အခံကွန်ဂရက်ပါတီလွှတ်တော်အမတ်များက ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်တွင် ကန့်ကွက်ပိတ်ပင်ခဲ့ကြောင်း သိရသည်။

အိန္ဒိယအစိုးရ ဘဏ္ဍာရေးဝန်ကြီးအရွန်း ဂျိုင်တယ်လီက အထက်လွှတ်တော်သို့ တင်သွင်းထားသော အခွန်အကောက်ဥပဒေများပြင်ဆင်ရေးဥပဒေကြမ်း အရ နိုင်ငံတော်အဆင့်နှင့်ပြည်နယ်အဆင့် ကျင့်သုံးနေသည့်အခွန်အကောက်ဥပဒေအမျိုးမျိုးကို တစ်ခု

တည်းသော အခွန်အကောက်ဥပဒေဖြင့်အစားထိုးကျင့်သုံးရမည်ဖြစ်သည်။

အတိုက်အခံကွန်ဂရက်ပါတီလွှတ်တော်အမတ်များက ကန့်ကွက်ခဲ့ကြပြီး အာဏာအလွဲသုံးစားမှုနှင့် ဘဏ္ဍာရေးမမှန်မကန်ခြင်းများ ပြုလုပ်ထားကြောင်း စွပ်စွဲခံထားရသူ လက်ရှိအာဏာရဘာရာတိယာဂျနေတာပါတီမှ အဓိကခေါင်းဆောင်သုံးဦးရာထူးမှ နုတ်ထွက်ပေးရေးကို တောင်းဆိုခဲ့ကြသည်။ အာဏာသည် အိန္ဒိယထိပ်တန်းတရားသူကြီးအဖွဲ့ တစ်ဖွဲ့၏လက်တွင်းမှာသာရှိသည်။ သို့ရာတွင် ယင်းစနစ်မှာ ပွင့်လင်းမြင်သာမှုမရှိခြင်းကြောင့် ပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်း အစိုးရက ပြောကြားသည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပသည့် ဘီဟာပြည်နယ်ရွေးကောက်ပွဲ၌ ကိုယ်စားလှယ်နေရာ ၂၄၃ နေရာရှိသည့် ပြည်နယ်လွှတ်တော်တွင် ဟိန္ဒူ



**တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီတို့ တွေ့ဆုံစဉ်**

အိန္ဒိယနိုင်ငံ၌ ထိပ်တန်းတရားသူကြီးများ ရွေးချယ်ခန့်အပ်ရာတွင် ဝန်ကြီးချုပ်နာရိန္ဒြာမိုဒီ ဦးဆောင်သောအစိုးရအဖွဲ့အား ပြောရေးဆိုခွင့်ပိုမိုပေးအပ်ထားသည့်စနစ်သစ်တစ်ရပ်ကို အိန္ဒိယတရားလွှတ်တော်ချုပ်က ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် ပယ်ချလိုက်သည်။ ထိပ်တန်းတရားသူကြီးများရွေးချယ်ခန့်အပ်ရာတွင် အစိုးရပါဝင်ပတ်သက်ခွင့်ကို ချဲ့ထွင်ပေးထားသည့်စနစ်သစ်သည် ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ လွတ်လပ်သော တရားစီရင်ရေးစနစ်ကို ထိပါးလာနိုင်ကြောင်း အိန္ဒိယတရားလွှတ်တော်ချုပ်ကြေညာချက်တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၏ တရားသူကြီးရွေးချယ်ခန့်အပ်မှုစနစ်ဟောင်းအရ တရားသူကြီးများရွေးချယ်ပိုင်ခွင့် အမျိုးသားရေးဝါဒီပါတီ ဘာရာတိယာဂျနေတာပါတီမှာ အမတ်နေရာ ၅၈ နေရာရရှိခဲ့ပြီး ပြိုင်ဘက်ဖြစ်သည့် ညွန့်ပေါင်းပါတီအုပ်စုက အမတ်နေရာ ၁၆၀ ရရှိထားသည်။ ယင်းရွေးကောက်ပွဲ၌ အနိုင်ရရှိရေးအတွက် ဝန်ကြီးချုပ်မိုဒီသည် မဲဆွယ်စည်းရုံးရာတွင် ဘီဟာပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ သုံးစွဲမည်ဟူ၍ မဲဆန္ဒရှင်ပြည်သူများကို ကတိကဝတ်ပြုခဲ့သည်။

ဟိန္ဒူအမျိုးသားရေးဝါဒီမိုဒီသည် ယိုင်နဲ့နေသော နိုင်ငံ့စီးပွားရေးကို ပြန်လည် တည်ဆောက်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးမည်ဟူသော ကတိဖြင့် ၂၀၁၄ ခုနှစ်၊ မေလရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီး ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ယူခဲ့သူ ဖြစ်သည်။

**နိုင်ငံတကာဆက်ဆံရေး** - အိန္ဒိယနိုင်ငံသို့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်က ရောက်ရှိလာသည့် အမေရိကန် သမ္မတဘားရက်အိုဘားမားသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသော အိန္ဒိယသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်သည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ်မိုဒီက အမေရိကန်နှင့် အိန္ဒိယတို့သည် ပူးပေါင်းဆောင်ရွက်မှုခရီးစဉ်သစ် စတင်နေပြီဟု ပြောဆိုသည်။ အမေရိကန်သမ္မတ အိုဘားမားနှင့် အိန္ဒိယဝန်ကြီးချုပ်မိုဒီက ၎င်းတို့ နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သည့် ဗျူဟာမြောက်သဘောတူညီချက်ကို ပြည့်မီဖို့ ... ခြောက်နှစ်ကြာပြီးနောက်တွင် ပြဿနာတစ်ရပ်ကို ကျော်လွှားနိုင်ခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။ ယင်း ဗျူဟာမြောက်သဘောတူညီချက်သည် တောင်အာရှဒေသများ၏ တည်ငြိမ်အေးချမ်းမှုကို အဟန့်အတားဖြစ်စေမည့် ထိခိုက်နစ်နာမှုများရှိလာနိုင်သည်ဟု ပါကစ္စတန် လုံခြုံရေးဆိုင်ရာ ထိပ်တန်းအကြံပေးပုဂ္ဂိုလ်တစ်ဦးက ပြောဆိုသည်။

အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် အိန္ဒိယသမုဒ္ဒရာ အတွင်းရှိ ကျွန်းစုနိုင်ငံဖြစ်သော ဆေးရှဲလ်နိုင်ငံ သို့သွားရောက်ပြီး ၂၀၁၅ ခုနှစ်၊ မတ်လ ၁၁ ရက်တွင် လုံခြုံရေးနှင့်ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ သဘောတူညီချက်လေးရပ်ကို လက်မှတ် ရေးထိုးလိုက်သည်။ ထို့နောက် ဆေးရှဲလ်နိုင်ငံသည် မိမိတို့၏ အိန္ဒိယသမုဒ္ဒရာဒေသအိမ်နီးချင်းနိုင်ငံများ အနက် အရေးအကြီးဆုံးနိုင်ငံဖြစ်ကြောင်း ဆေးရှဲလ် နိုင်ငံသမ္မတ ဂျိမ်းစ်အဲလက်မိုက်ကယ်နှင့် တွေ့ဆုံ ဆွေးနွေးရာတွင် ဝန်ကြီးချုပ်မိုဒီက ပြောကြားသည်။

၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက်တွင် အိန္ဒိယ ဝန်ကြီးချုပ်မိုဒီက စစ်ပွဲများဖြစ်ပွားနေသည့် ယီမင်နိုင်ငံတွင် ရောက်ရှိနေသော အိန္ဒိယနိုင်ငံသား ၄,၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးရာတွင် ကူညီမှုများပေးရန် ဆော်ဒီဘုရင် ဆယ်လ်မန်အား မေတ္တာရပ်ခံလိုက်သည်။ အိန္ဒိယက ရေတပ်သင်္ဘော သုံးစင်းနှင့်ခရီးသည်တင်သင်္ဘောနှစ်စင်းစေလွှတ်ထား သည်။ ဝန်ကြီးချုပ်မိုဒီ၏ မေတ္တာရပ်ခံချက်ကို ဆော်ဒီ ဘုရင်ဆယ်လ်မန်က ကူညီပေးရန်ကတိပြုခဲ့သည်။

တရုတ်နှင့်အိန္ဒိယတို့အနေဖြင့် သဘောထား ကွဲပြားမှုများကို ချုပ်တည်း၍ နှစ်နိုင်ငံအပြန်အလှန် ယုံကြည်မှုတည်ဆောက်သင့်ပြီး နှစ်ဦးနှစ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများကိုလည်း မြှင့်တင်သင့်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က တရုတ်နိုင်ငံသို့ရောက်ရှိ နေသော အိန္ဒိယဝန်ကြီးချုပ်မိုဒီကို ၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်တွင် ပြောကြားသည်။

အိန္ဒိယနှင့် ပါကစ္စတန်နယ်ခြားစောင့်တပ်များ သည် အငြင်းပွားကက်ရှ်မီးယားဒေသ၌ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ပြည်သူကိုးဦးသေဆုံးခဲ့ရသည်။ ပါကစ္စတန်တို့သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်က လက်နက်ကြီးများဖြင့် ဂျမ္မူးပြည်နယ်ကို ပစ်ခတ်ခဲ့ကြောင်း အိန္ဒိယအာဏာပိုင်အဖွဲ့က ပြောဆိုသည်။ ထို့နောက်ပိုင်း အိန္ဒိယနှင့် ပါကစ္စတန်တို့သည် လုံခြုံရေးဆိုင်ရာ အရေး ကိစ္စများနှင့်ပတ်သက်၍ အိန္ဒိယမြို့တော်နယူးဒေလီ၌ တွေ့ဆုံရန် စီစဉ်ခဲ့သော်လည်း သဘောထားကွဲလွဲမှု များကြောင့် ဆွေးနွေးပွဲဖျက်သိမ်းခဲ့ရသည်။

**စီးပွားရေး** - အိန္ဒိယဝန်ကြီးချုပ်နာရိန္ဒြာမိုဒီ ဗြိတိန်သို့ လာရောက်မှုအပေါ် ဆန့်ကျင်ကန့်ကွက်မှုများရှိသော်လည်း ဗြိတိန်နှင့်အိန္ဒိယနိုင်ငံတို့သည် ပေါင်ကိုးဘီလီယံကျော် တန်ဖိုးရှိ စီးပွားရေးဆိုင်ရာစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကြသည်။

မိုဒီအနေဖြင့် လူဦးရေထူထပ်သည့် ဘီဟာ ပြည်နယ်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ၎င်း၏ဟိန္ဒူပါတီသည် ကမ္ဘာ့စင်မြင့်တွင် နာမည် ပြန်လည်ရရှိရန် ကြိုးပမ်းသည့်အနေဖြင့် ဗြိတိန်နိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်သွားရန် ကြိုးပမ်းဆောင်ရွက် လျက်ရှိသည်။

လန်ဒန်မြို့ ဂူလ်ဟောခန်းမကြီး၌ ပြုလုပ်သော အခမ်းအနားတွင် ဝန်ကြီးချုပ်မိုဒီက ပိုမိုပွင့်လင်း မြင်သာမှုရှိပြီး စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် တိုက်တွန်းပြောကြားလိုက်သည်။ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကလည်း ၎င်းအနေဖြင့် အိန္ဒိယ နိုင်ငံအတွင်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုး တိုးတက်အောင် ထောက်ပံ့ကူညီမှုများပေးရန် ဆန္ဒရှိကြောင်းလည်း ထုတ်ဖော်ပြောကြားသည်။

**လူမှုရေး** - အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ စက်ရုံများတွင် လူသားတစ်ဦးအတွက် မသင့်လျော်သော အခြေအနေ၌ အဓမ္မအလုပ်ခိုင်းစေခြင်းခံနေရသော ရာနှင့်ချီသည့် ကလေးများကို ရဲတပ်ဖွဲ့က ကယ်တင်နိုင်ခဲ့သည်။ လွန်ခဲ့သော ဖေဖော်ဝါရီလဆန်းမှစ၍ ၁၀ ရက်အတွင်း ဟိုက်ဒရာဘက်၌ ပလတ်စတစ်စက်ရုံနှင့် သားရေနယ်စက်ရုံများကို ဝင်ရောက်စီးနင်းရာ ကလေး ၃၅၀ ဦးကို ကယ်ဆယ်နိုင်ခဲ့သည်။ ၎င်းတို့သည် ကြောက်ခွဲဖွယ်ကောင်းသောဝန်းကျင်တွင် နာရီပေါင်းများစွာ အလုပ်လုပ်နေကြရသည်။

ပညာအခြေခံနည်းပါးခြင်းနှင့် ဆင်းရဲမွဲတေမှု ထူပြောခြင်းတို့က ကလေးအမြောက်အမြားကို လုပ်ငန်းခွင်များအတွင်းသို့ တွန်းပို့လျက်ရှိသည်။ ကလေးသူငယ်စောင့်ရှောက်ရေးတာဝန်ရှိသူများက ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် ကလေးအချို့ကို အိန္ဒိယနိုင်ငံ၏ အဆင်းရဲဆုံးပြည်နယ်များတွင် ပါဝင်သော ဘီဟာပြည်နယ်ရှိ ၎င်းတို့၏ မိဘများထံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြသည်။

အိန္ဒိယသမ္မတ ပရာနက်မူခါဂျီသည် ၂၀၁၅ ခုနှစ်၊ မတ်လ ၇ ရက်တွင် ကျရောက်သည့် နိုင်ငံတကာအမျိုးသမီးများနေ့တွင် သက်ဆိုင်ရာဥပဒေများ ထုတ်ပြန်ခြင်းမှတစ်ဆင့် အမျိုးသမီးများကို အကာအကွယ်ပေးရေးအတွက် အစိုးရအနေဖြင့် ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။ နိုင်ငံအတွင်းရှိ အမျိုးသမီးများ၏ လုံခြုံမှုအတွက် စိတ်နေစိတ်ထားနှင့် အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေးသာမက လူမှုရေးစီမံခန့်ခွဲမှုစသည့် အခြေခံပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ကြပါရန် သမ္မတက မေတ္တာရပ်ခံခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီကလည်း အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို ရည်ညွှန်းသည့် အစိုးရ၏စီးပွားရေးနှင့် လူမှုရေးစီမံကိန်းများကို စတင်လုပ်ဆောင်ခဲ့ပြီး ပြည်သူများအနေဖြင့် စိတ်ဓာတ်ရေးရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်မေတ္တာရပ်ခံခဲ့သည်။

**အဂတိလိုက်စားမှု** - အိန္ဒိယနိုင်ငံတွင် ကျောက်မီးသွေးတူးဖော်ခွင့် လိုင်စင်ချပေးခြင်းအပါအဝင် အဂတိလိုက်စားမှုအရှုပ်တော်ပုံနှင့် ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်းကို ရာဇဝတ်မှုတွင် ပူးပေါင်းကြံစည်ပါဝင်ခဲ့သည်ဟုစွပ်စွဲပြီး ၂၀၁၅ ခုနှစ် ဧပြီလ ၈ ရက်တွင် တရားရုံးတော်သို့လာရောက်ရန် ဆင့်ခေါ်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ကျောက်မီးသွေးတူးဖော်ခွင့်ကို လိုင်စင်ကြေးနည်းနည်းဖြင့် ချပေးခဲ့သဖြင့် နိုင်ငံတော်အနေဖြင့် အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံ ဆုံးရှုံးခဲ့ရကြောင်း ဗဟိုစာရင်းစစ်အဖွဲ့က ပြောသည်။ ၎င်းပြင် ၂၀၁၅ ခုနှစ်တွင် ဩရိဿပြည်နယ်၌ ဟင်ဒါလ်ကိုအင်ဒက်စတီကုမ္ပဏီသို့ ကျောက်မီးသွေးတူးဖော်ခွင့် လိုင်စင်ချပေးခဲ့ခြင်းနှင့် ပတ်သက်၍ ၎င်းကို တရားရုံးက ဆင့်ခေါ်ခဲ့ခြင်းလည်းဖြစ်သည်။

ထိုအချိန်က ၎င်းသည်ဝန်ကြီးချုပ်တာဝန်အပြင် ကျောက်မီးသွေးဝန်ကြီးဌာနကိုပါ ပူးတွဲကိုင်တွယ်ခဲ့သည်။ ဟင်ဒါလ်ကိုအင်ဒက်စတီဥက္ကဋ္ဌ ကူးမားမန်ဂါလန်ဘီယာလာနှင့်ကျောက်မီးသွေးဆိုင်ရာ တာဝန်ရှိသူ စီစီပါရပ်တို့ကိုလည်း တရားရုံးက ဆင့်ခေါ်ခဲ့သည်။

**အကြမ်းဖက်မှု** - အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရက်ပြည်နယ်၌ အစိုးရ၏လူမှုဝန်ဆောင်မှုများ ရရှိခံစားနိုင်ရေးအတွက် တောင်းဆိုနေကြသည့် ပါတီဒါမြေပိုင်ရှင် အမျိုးဇာတ်ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်ညပိုင်းက ပဋိပက္ခများဖြစ်ပွားခဲ့သည်။

ယင်းသို့ဖြစ်ရခြင်းမှာ ရာသီချိန် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပေါ် အဓိကမှီခိုအားပြုနေရသည့် ပါတီဒါလယ်ပိုင်အမျိုးဇာတ်ဝင်များသည် အိန္ဒိယစိုက်ပျိုးရေးလုပ်ငန်းပြဿနာများနှင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမြင့်မားခြင်းနှင့်အတူ ပေါ်ထွက်လာသည့် ငွေကြေးဖောင်းပွမှုများကြောင့် ဘဝနေရေးခက်ခဲခြင်းများလည်း ပါဝင်သည်။

ထိုအကြမ်းဖက်မှုများတွင် လူမျိုးရေးနှင့် ဆက်နွယ်သည့်အကြမ်းဖက်ခြင်းမျိုးလည်း ရှိလာသည့်အတွက် နှစ်ရက်အတွင်း သေဆုံးသူခုနစ်ဦးထိ မြင့်တက်လာခဲ့သည်။ အိန္ဒိယတပ်မတော်သည်

အကြမ်းဖက်မှုဖြစ်ပွားရာ ဂူဂျာရက်တွင် ဩဂုတ်လ ၂၇ ရက်က ကင်းလှည့်ခြင်းများပြုလုပ်ခဲ့ရသည်။

အစိုးရဌာနများနှင့် ကောလိပ်များတွင် ၎င်းတို့ မျိုးနွယ်ဝင်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရန် ကြွေးကြော်သံဖြင့် ဩဂုတ်လ ၇ ရက်က လူထုအုံကြွမှုကြီးကို ဖြစ်ပေါ်စေသည့် ဩဇာတိက္ကမကြီးမားသော ပေတယ်မျိုးနွယ်လူငယ်ခေါင်းဆောင်တစ်ဦးကို ရဲအဖွဲ့က ဖမ်းဆီးလိုက်ပြီးနောက် အဆိုပါအကြမ်းဖက်အုံကြွမှုများ ပျံ့နှံ့လာခဲ့ခြင်းဖြစ်သည်။

**သိန်းဝင်းဇော်**

**အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့။** ။ အယ်လ်ရှာဘတ်ဆိုသည်မှာ အာရေဗျဘာသာစကားဖြစ်ပြီး "လူငယ်" ဟု အဓိပ္ပာယ်ရသည်။ ဂျီဟက်ဝါဒီအကြမ်းဖက်အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ဆိုမာလီနိုင်ငံတောင်ပိုင်းတွင် အခြေစိုက်သည်။ လက်ရှိခေါင်းဆောင်မှာ အာမက်အူမာဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့ဖြစ်သည့် အယ်လ်ခိုင်ဒါအဖွဲ့ကို သစ္စာခံခဲ့သည်။ သို့သော် ယင်းနှစ်ဖေဖော်ဝါရီလတွင် အယ်လ်ရှာဘတ်အဖွဲ့၏ ခေါင်းဆောင်အချို့နှင့်အယ်လ်ခိုင်ဒါအဖွဲ့တို့ မသင့်မမြတ်ဖြစ်ကာ အယ်လ်ရှာဘတ်အဖွဲ့၏ နယ်မြေများဆုံးရှုံးခဲ့သည်။ အယ်လ်ရှာဘတ်အဖွဲ့၏ အင်အားသည် ၂၀၁၄ ခုနှစ်တွင် စစ်သွေးကြွဦးရေ ၇,၀၀၀ မှ ၉,၀၀၀ ကြားရှိသည်။ ၂၀၁၅ ခုနှစ်တွင်မူ ကျေးလက်ဒေသအနည်းငယ်ကို ထိန်းချုပ်ကာ မြို့ကြီးများမှ ဆုတ်ခွာခဲ့သည်။

အယ်လ်ရှာဘတ်အဖွဲ့သည် အစ္စလာမ္မစ်အဖွဲ့ (ICU) ၏ အဖွဲ့ခွဲတစ်ဖွဲ့လည်းဖြစ်သည်။ အစ္စလာမ္မစ်၏ ရန်သူများကို တိုက်ခိုက်သည့် ဂျီဟက်စစ်ပွဲကို ဆင်နွှဲနေသည်ဟု ခံယူထားသော အယ်လ်ရှာဘတ်အဖွဲ့သည် ဆိုမာလီပြည်ထောင်စုအစိုးရနှင့် ဆိုမာလီနိုင်ငံဆိုင်ရာ အာဖရိကပေါင်းစည်းရေးအဖွဲ့တို့ကိုလည်း တိုက်ခိုက်နေသည့် အဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့ကို ဩစတြေးလျနိုင်ငံ၊ ကနေဒါနိုင်ငံ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဗြိတိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည်။ ၂၀၁၁ ခုနှစ်တွင် အာဖရိကပေါင်းစည်းရေးအဖွဲ့နှင့် ဆိုမာလီအစိုးရတို့၏ မဟာမိတ်အဖွဲ့များက မိုဂါဒစ်ရှူးမြို့ရှိ စစ်သွေးကြွများကို ဖမ်းဆီးခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ဆိုမာလီအစိုးရက ဦးဆောင်၍ အိန္ဒိယသမုဒ္ဒရာစစ်ဆင်ရေးကို စတင်ဆင်နွှဲခဲ့သည်။ ကျေးလက်ဒေသရှိသောင်းကျန်းသူများချုပ်ကိုင်ထားရာဒေသများကို ရှင်းလင်းရန်အတွက် ဖြစ်သည်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် အမေရိကန်ပြည်ထောင်စု၏ လေကြောင်း တိုက်ခိုက်မှုကြောင့် အဖွဲ့ခေါင်းဆောင်



**ဆိုမာလီအစိုးရကို အံတုရင်ဆိုင်လျက်ရှိသည့် အယ်လ်ရှာဘတ်အဖွဲ့**

Moktar Ali Zubeyr သေဆုံးခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ စီးနင်းတိုက်ခိုက်မှုသည် အယ်လ်ရှာဘတ်အဖွဲ့အတွက် ကြီးမားသောဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့သည်။ ဆိုမာလီအစိုးရက ယင်းအတောအတွင်း သဘောထားအလယ်အလတ်ရှိသော စစ်သွေးကြွအဖွဲ့အားလုံးကို ၄၅ ရက်ကြာ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

အယ်လ်ရှာဘတ်အဖွဲ့၏ ဖွဲ့စည်းမှုမှာ လူမျိုးစုပေါင်းစုံပါဝင်ပြီး ခေါင်းဆောင်နေရာကို အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့မှ လေ့ကျင့်ပေးထားသော ဆိုမာလီနိုင်ငံသားများနှင့် နိုင်ငံခြားသားများက အဓိကရယူထားသည်။ အယ်လ်ရှာဘတ်အဖွဲ့တွင် ကမ္ဘာတစ်ဝန်းမှ တိုက်ခိုက်ရေးသမားများပါဝင်သည်။ ဆိုမာလီနှင့် ကင်ညာစစ်တပ်တို့၏ ပူးပေါင်းနှိမ်နင်းမှုစစ်ဆင်ရေးစတင်သည့်အချိန်မှစ၍ အင်အားကိုလျှော့ချခဲ့သည်။ ထို့ကြောင့် အင်အားပြန်လည်ဖြည့်တင်းရေးနှင့် နယ်မြေထိန်းချုပ်ရေးကို ဆက်လက်လုပ်ဆောင်သည်။ ဆိုမာလီနိုင်ငံတောင်ပိုင်းဒေသများတွင် လေ့ကျင့်ရေးစခန်းများဖွင့်လှစ်၍ စစ်ရေးလေ့ကျင့်ကြသည်။ အယ်လ်ရှာဘတ်အဖွဲ့သည် ဆိုမာလီပြည်တွင်းစစ်၊ ယီမင်နိုင်ငံအတွင်း ဆင်နွှဲခဲ့သည့် အယ်လ်ခိုင်ဒါအဖွဲ့၏ စစ်ဆင်ရေးများ၊ ယီမင်နိုင်ငံပြည်တွင်းစစ်နှင့် အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ခဲ့သည်။

၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက်တွင် ကင်ညာနိုင်ငံ၊ မြို့တော်နိုင်ရိုဘီမှ ၃၆၅ ကီလိုမီတာအကွာ ဂါရစ်ဆာမြို့ရှိ တက္ကသိုလ်၌ စစ်သွေးကြွများက ခရစ်ယာန်ဘာသာဝင်ကျောင်းသား၊ ကျောင်းသူများကို ရွေးထုတ်၍ သတ်ဖြတ်ခဲ့ရာ ယင်းဖြစ်စဉ်တွင် ကျောင်းသား၊ ကျောင်းသူ ၁၄၂ ဦး၊ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် စစ်သည်သုံးဦးသေဆုံးခဲ့သည်။

ယင်းဖြစ်ရပ်နှင့်စပ်လျဉ်း၍ ကင်ညာပြည်ထဲရေးဝန်ကြီးဌာနက ယင်းတိုက်ခိုက်မှုကို အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့မှ အထက်တန်းခေါင်းဆောင်မိုဟာမက်က စီစဉ်ညွှန်ကြားခဲ့ကြောင်း၊ ၎င်းကို ဒူလ်ရာဒင် (သို့မဟုတ်) ဂါမာဒ်ဘီယာအမည်ဖြင့်လည်း သိရှိကြကြောင်း၊ ကင်ညာတက္ကသိုလ်တိုက်ခိုက်မှုတွင် အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့က ၎င်းတို့၏လုပ်ဆောင်မှုဖြစ်သည်ဟု ကြေညာခဲ့ပြီး ယင်းအဖွဲ့မှာ အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်မှုရှိခဲ့ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။

ယင်းဖြစ်ရပ်ဖြစ်ပွားပြီးနောက် ကင်ညာသမ္မတအူဟူယူကာဒ်အက်တာက အပြင်းထန်ဆုံးချေမှုန်းမည်ဟု ကြုံးဝါးခဲ့ပြီး ဧပြီလ ၅ ရက်တွင် ကင်ညာစစ်လေယာဉ်များက ဆိုမာလီနိုင်ငံတောင်ပိုင်း၊ ကင်ညာ-ဆိုမာလီနယ်စပ် ဂျီဒိုဒေသရှိ အယ်လ်ရှာဘတ်စစ်သွေးကြွထောက်ပံ့ရေးစခန်းနှစ်ခုကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ကင်ညာပြည်သူများက အမျိုးသားလုံခြုံရေးအတွက် အစိုးရက တိုးမြှင့်ဆောင်ရွက်ပေးရန် ဧပြီလ ၇ ရက်တွင် ဆန္ဒပြထုတ်ဖော်ခဲ့ကြသည်။ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုနှင့်ပတ်သက်၍ ထောက်လှမ်းရေးဌာနကကြိုတင်သတိပေးချက်များ မထုတ်ပြန်နိုင်ခဲ့ခြင်းအတွက် ပြည်သူများဒေါသထွက်ခဲ့ကြသည်။

ကင်ညာနိုင်ငံသည် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလမှစ၍ ဆိုမာလီနိုင်ငံ၌ စစ်ရေးအရ ကြားဝင်ကာ အယ်လ်ရှာဘတ်အဖွဲ့ပြိုကွဲစေရန် စစ်ရေးနည်းလမ်းကို မဟာဗျူဟာတစ်ရပ်အဖြစ် အသုံးပြုနေသော်လည်း ထိရောက်စွာ မဖြိုခွင်းနိုင်ပေ။ ဆိုမာလီနိုင်ငံ၌ နိုင်ငံပြိုကွဲနေချိန်တွင် ပေါ်ပေါက်ခဲ့သော ယင်းအယ်လ်ရှာဘတ်အဖွဲ့သည် ၂၀၁၃ ခုနှစ်နောက်ပိုင်း ကျူးလွန်ခဲ့သော အကြမ်းဖက်မှုများကြောင့် လူ ၄၀၀ ကျော်သေဆုံးခဲ့သည်။

## ပထမအကြိမ်နိုဘယ်-မြန်မာစာပေပွဲတော်။ ။

စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်တစားဖတ်ရှုလေ့လာမှု တိုးတက်စေရန်၊ နိုင်ငံတကာစာပေများ၊ နိုဘယ်ဆုရပုဂ္ဂိုလ်များ၏ စာပေလက်ရာမွန်များဖြင့် မြန်မာစာပေ အားဖြည့်မြှင့်တင်ရန်၊ မြန်မာစာပေရေးသားသူတို့၏ စိတ်ကူးစိတ်သန်းတီထွင်မှုအသစ်များ တိုးတက်ဖြစ်ပေါ်စေရန်၊ စာပေကျေးဇူးကြောင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရရှိစေခြင်းဖြစ်ကြောင်းကို အများပြည်သူတို့သိမြင်လာစေရန် ရည်ရွယ်၍ ပထမအကြိမ် နိုဘယ်-မြန်မာစာပေပွဲတော်ကို ဇန်နဝါရီလ ၁၇ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ပွဲတော်ကို ၁၇-၁-၂၀၁၅ မှ ၁၉-၁-၂၀၁၅ အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့သည်။

နိုဘယ်-မြန်မာစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးအောင်မင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးရဲထွဋ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ကဏ္ဍသည် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအတွက် ကြီးမားသော အထောက်အပံ့ဖြစ်သည်ဟုလည်း ယုံကြည်မိကြောင်း၊ ကျိုးကြောင်းဆင်ခြင်တွေးခေါ် နိုင်စွမ်းမြင့်မားသော၊ နှလုံးသားပြည့်ဝသော လူ့အဖွဲ့ အစည်းသည် မိမိလူ့အဖွဲ့အစည်းအတွင်း၌သာမက ကမ္ဘာ့လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးကိုပါ တာဝန် ယူနိုင်သော လူ့အဖွဲ့အစည်းဖြစ်မည်ဟု အခိုင်အမာ ယုံကြည်မိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း



**အမျိုးသားဇာတ်ရုံတွင်ကျင်းပသည့် ပထမအကြိမ် နိုဘယ်-မြန်မာစာပေပွဲတော်သို့ တက်ရောက်လာသည့် စာပေဝါသနာရှင်များ**

မြန်မာစာပေလောကမှ အသင်းအဖွဲ့များ၊ နော်ဝေနိုင်ငံ နိုဘယ်ဆုရွေးချယ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ဆွီဒင်နိုင်ငံစာပေနိုဘယ်ဆုရွေးချယ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ နိုင်ငံတကာမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပမှ စာရေးဆရာများ၊ ကဗျာဆရာများ၊ အယ်ဒီတာများ၊ ကာတွန်းပညာ ရှင်များ၊ ပန်းချီပညာရှင်များ၊ စာကြည့်တိုက်ပညာ ရှင်များ၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြား ထားသောဧည့်သည်များနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သဝဏ်လွှာပေးပို့ရာတွင် မြန်မာစာပေကို နိုင်ငံတကာ စာပေတွင် အဆင့်အတန်းတစ်ခု အခိုင်အမာရရှိအောင် ကြိုးပမ်းကြရမည်မှာ စာပေချစ်မြတ်နိုးသူများအားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း၊ မြန်မာစာပေလောက၏ အခန်း မြန်မာစာပေလောက လွတ်လပ်စွာဖွံ့ဖြိုးတိုးတက်လာရေး၊ နိုင်ငံတကာစာပေရေစီးတွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည် နိုင်ရေးအတွက် အားပေးကူညီသွားမည်ဖြစ်ကြောင်း စသည်ဖြင့်ပါရှိသည်။ သဝဏ်လွှာကို သမ္မတရုံးဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဖတ်ကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၏ သဝဏ်လွှာကို ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက ဖတ်ကြားသည်။ ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က "ဒီမိုကရေစီအပြောင်းအလဲတွင် အဓိကအကျဆုံးနှင့် အခြေခံအကျဆုံး လိုအပ်ချက်သည် ပြည်သူတစ်ရပ်လုံး၏ "စွမ်းဆောင်ရည်မြှင့်တင်ရေး" ဟူ၍ မိမိတို့သဘောပေါက်နားလည်ရကြောင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၏ လိုအပ်ချက်သည် ပညာရေးနှင့်စာပေဖြစ်ခြင်းကြောင့် မိတ်ဆွေများ

ချမှတ်လိုက်သည့် ရည်မှန်းချက်များသည် ယနေ့လိုအပ်ချက်ကို ကူညီဖြည့်ဆည်းရာရောက်သည်ဟု သဘောပေါက်နားလည်ပါကြောင်း၊ စာပေတစ်ရပ်ဖွံ့ဖြိုးတိုးတက်ရန်ဆိုလျှင် "စာပေလွတ်လပ်ခွင့်" က အရေးကြီးသကဲ့သို့ "စိတ်ကူးလွတ်လပ်ခွင့်" အားကောင်းရန်လိုကြောင်း၊ စာပေပွဲတော်၏ ဒုတိယခေါင်းစဉ်ကို Literature for Peace ဟု ရွေးချယ်ထားခြင်းသည် လွန်စွာမှပင်လျော်ကန်သင့်မြတ်ကြောင်း၊ အခွန့်ရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရန်ဆိုသည်မှာ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးစသည့်သဘောတူညီချက်များရရှိမှုနှင့် မလုံလောက်ကြောင်း၊ ဦးနှောက်ချင်းညှိရန်သာမက နှလုံးသားချင်းညှိနိုင်ကြပါမှ ထာဝရငြိမ်းချမ်းရေးကို ဦးတည်နိုင်မည်ဖြစ်ကြောင်း၊ နှလုံးသားအာဟာရဖြည့်ဆည်းရေးအတွက်စာပေသည် အာနိသင်အထက်မြက်ဆုံးဖြစ်ကြောင်း" ဖြင့် ပြောကြားသည်။ ထို့နောက် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်သံသဝဏ်လွှာကိုပြသသည်။

နိုဘယ်-မြန်မာစာပေပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ စာရေးဆရာဦးဖေမြင့်က နိုဘယ်-မြန်မာစာပေပွဲတော် ကျင်းပနိုင်ခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားကာ နော်ဝေနိုင်ငံ International Coordinator of the Festival Mr.Audun Aagre၊ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံရုံးမှ H.E.Johan Hallenborg နှင့် နိုဘယ်-မြန်မာစာပေပွဲတော်ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးခဲ့သည့် Hedda ဖောင်ဒေးရှင်း၏ ညွှန်ကြားရေးမှူး Mr.Jorgen Lorentzen တို့က နိုဘယ်ဆုနှင့်စာပေဆုနှင့် စာပေဖွံ့ဖြိုးမှုအစီအစဉ်များကို ဆက်လက်တင်ပြခဲ့ကြသည်။

နိုဘယ်-မြန်မာစာပေပွဲတော်တွင် မြန်မာစာရေးဆရာများ၊ စာပေပညာရှင်များက စာတမ်းများဖတ်ကြားခြင်း၊ ပြည်တွင်းပြည်ပစာရေးဆရာများ၊ စာပေပညာရှင်များက အပြန်အလှန်ဆွေးနွေးခြင်း၊ နိုဘယ်စာပေဆုရ ပုဂ္ဂိုလ်များ၏ ဓာတ်ပုံများနှင့် မူရင်းစာအုပ်များ၊ ပြခန်းများနှင့် မြန်မာပြန်လက်ရာစာအုပ်များ၊ ပြခန်းများ၊ စာပေစကားဝိုင်းအစီအစဉ်များ၊ ဓာတ်ပုံ၊ ပိုစတာနှင့်ကာတွန်းပြပွဲများ၊ ရေးသူဖတ်သူဆွေးနွေးပွဲများ ပါဝင်ကြပြီး ညပိုင်းတွင် သဘင်၊ ဂီတ၊ ရုပ်ရှင်နယ်ပယ်မှ အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များနှင့် စာရေးဆရာများ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်သော ဆရာဇော်ဂျီ၏ "မဟာဆန်ချင်သူ" ပြဇာတ်အပါအဝင် တေးသရုပ်ဖော်၊ အငြိမ့်ခန်းများကို ညစဉ်တင်ဆက်ဖျော်ဖြေခဲ့သည်။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှစ်ပွဲကို လေ့လာဆန်းစစ်ခြင်း။

။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၌ ကျင်းပခဲ့သောရွေးကောက်ပွဲသည် ပြည်တွင်းမှသာမက နိုင်ငံတကာမှပါ အထူးစိတ်ဝင်စားခဲ့သော ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာ၌ မဖြစ်မနေ ဖြတ်သန်းရမည်မှာ ရွေးကောက်ပွဲပင် ဖြစ်ပေသည်။ ထိုသို့အသွင်ကူးပြောင်းနိုင်ရန် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်ခဲ့သည်။ ကျင်းပပြီးစီးခဲ့သော ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတို့ကို လေ့လာဆန်းစစ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်။

**မဟာဗျူဟာစီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်း** - ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဆောင်ရွက်ခဲ့ခြင်းမရှိသော်လည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာပြီး အများယုံကြည်လက်ခံသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ၅ နှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၄-၂၀၁၈) ကို အခြေခံမူ ၇ ရပ်ပေါ်အခြေခံ၍ ရည်မှန်းချက်ပန်းတိုင် ၁၂ ချက်ချမှတ်ကာ ရေးဆွဲဆောင်ရွက်ခဲ့သည်။

**ရွေးကောက်ပွဲရက်ကြေညာခြင်း** - ၂၀၁၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်ကို ရွေးကောက်ပွဲမတိုင်မီ ၈၈ ရက် ကြိုတင်ကြေညာခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလဆန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း မီဒီယာများမှတစ်ဆင့် ၁-၁-၂၀၁၅ ရက်တွင် ကြိုတင်ကြေညာပေးခဲ့ကာ နေ့ရက်အတိအကျကို ရွေးကောက်ပွဲမတိုင်မီ ၁၂၂ ရက် ကြိုတင်ကြေညာခဲ့သဖြင့် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ကြိုတင်ပြင်ဆင်ချိန် ပိုမိုရရှိခဲ့သည်။

**လွှတ်တော်ကိုယ်စားလှယ်လောင်း အရေအတွက်ပိုမိုများပြားခြင်း** - ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ (၃၇) ပါတီမှ ပါတီကိုယ်စားပြု (၂,၉၈၇) ဦးနှင့် တစ်သီးပုဂ္ဂလ (၈၂) ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း (၃,၀၆၉) ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ (၉၁) ပါတီမှ ပါတီကိုယ်စားပြု (၅,၇၁၈) ဦးနှင့် တစ်သီးပုဂ္ဂလ (၃၁၀)ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း (၆,၀၃၈) ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အရေအတွက်မှာ ၂၀၁၀ ပြည့်နှစ်ထက် (၂) ဆခန့် ပိုမိုများပြားလာကြောင်း လေ့လာတွေ့ရှိရသည်။

**မဲစာရင်းထုတ်ပြန်ကြေညာခြင်း** - ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် မဲစာရင်းများကို ရွေးကောက်ပွဲမတိုင်မီတစ်ကြိမ်သာ ကြေညာခဲ့ပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင်မူ မဲစာရင်းများကို (၄)ကြိမ်ကြေညာခဲ့သည်။ မဲစာရင်းများကို အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) နှင့် အထွေထွေအုပ်ချုပ်ရေးရုံးရှိ မြေပြင်လူဦးရေစာရင်း (မသန်စွမ်းသူများအပါအဝင်) ကို အခြေခံ၍ ပြုစုခဲ့ခြင်းဖြစ်သည်။ ပြည်သူများအနေဖြင့် ရွေးကောက်ပွဲအပေါ် ပိုမိုစိတ်ဝင်စားလာစေရန်၊ မဲပေးလိုသည့်ဆန္ဒများ ဖြစ်ပေါ်လာစေရန်နှင့် မဲစာရင်းများ သွားရောက်ကြည့်ရှုစေရန်အတွက် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းစဉ်များကို မီဒီယာပေါင်းစုံမှ ထုတ်လွှင့်ပေးခဲ့ရုံသာမက နိုင်ငံရေးပါတီများနှင့် မီဒီယာများကလည်း ပူးပေါင်းပါဝင်မှု ရှိစေရေးအတွက် ကြိုးပမ်းခဲ့သည်။ မဲဆန္ဒရှင်စာရင်းများကို ကွန်ပျူတာဖြင့် ပြုစုပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးရှိ Main Server တွင် သိမ်းဆည်းထားရှိခြင်းဖြင့် ကြားဖြတ်ရွေးကောက်ပွဲများနှင့် အထွေထွေရွေးကောက်ပွဲများ ကျင်းပသည့်အခါ အစမှအဆုံး အသစ်ထပ်မံပြုစုရန် မလိုတော့ဘဲ အသက် (၁၈) နှစ် ပြည့်လာမည့်သူများကို မဲစာရင်းတွင် ထည့်သွင်းခြင်းနှင့် ကွယ်လွန်သူများကို မဲစာရင်းမှ ပယ်ဖျက်ခြင်းကို ပြုလုပ်ရန်သာ လိုအပ်မည် ဖြစ်သည်။

**ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ (Observer) များကို ရွေးကောက်ပွဲတွင် ပါဝင်လေ့လာခွင့်ပြုခြင်း** - ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ (Observer) များစောင့်ကြည့်လေ့လာခြင်းမရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးနှင့် ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်လေ့လာခွင့်ပြုခဲ့ရာ ပြည်တွင်းစောင့်ကြည့်လေ့လာရေးအဖွဲ့ (၁၃) ဖွဲ့မှ စောင့်ကြည့်လေ့လာသူ (၉,၄၃၀) ဦး၊ ပြည်ပစောင့်ကြည့်လေ့လာရေးအဖွဲ့ (၆) ဖွဲ့မှ စောင့်ကြည့်လေ့လာသူ (၄၆၈) ဦးနှင့် ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့အစည်း (၉) ဖွဲ့မှ စောင့်ကြည့်လေ့လာသူ (၁၈၃) ဦးတို့ ဝင်ရောက်လေ့လာခဲ့ကြသည်။

**ကြိုတင်ဆန္ဒမဲပေးခြင်းကို ပွင့်လင်းမြင်သာမှုရှိစေခြင်း** - ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင် (ပြည်တွင်း/ပြည်ပ) များ ကြိုတင်ဆန္ဒမဲပေးရာတွင် ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် သီးခြားပုံစံများ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိခဲ့ပေ။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်မူ ကြိုတင်

မဲပေးခြင်းလုပ်ငန်းစဉ်ကို ပိုမို၍ ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများအတွက် ပုံစံ (၁-၁) ဖြင့် လည်းကောင်း၊ တပ်မတော်သားများနှင့်အတူနေအိမ်ထောင်စုဝင်များအတွက် ပုံစံ (၁-၂) ဖြင့်လည်းကောင်း၊ နိုင်ငံပြင်ပသို့အစိုးရခွင့်ပြုချက်ဖြင့်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ပုံစံ (၁-၃) ဖြင့်လည်းကောင်း စာရင်းပြုစု၍ မဲရုံများ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အများပြည်သူများ ကြည့်ရှုနိုင်ရန် ကြိုတင်အသိပေးကြေညာခြင်းများကို ဆောင်ရွက်ခဲ့သည်။

**မဲပေးပုံစနစ် ပြောင်းလဲကျင့်သုံးခြင်း** - ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များက မဲလက်မှတ်ပေါ်တွင် ဘောလ်ပင်ဖြင့် အမှန်ခြစ် (✔) ခြစ်၍ ဆန္ဒမဲပေးသော်လည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ ဆန္ဒပြုရာ၌ အမှန် (✔) အမှတ်အသားပါ တံဆိပ်တုံးကို အသုံးပြုမဲပေးစေခြင်း၊ မသန်စွမ်းသူ မဲဆန္ဒရှင်များ မဲရုံတွင် အဆင်ပြေစွာဆန္ဒမဲပေးနိုင်ရေးနှင့် အမြင်အာရုံချို့ယွင်းသူမဲဆန္ဒရှင်များ ဆန္ဒမဲပေးရာတွင် အဆင်ပြေစေရန် Brill Voter Slip Template များ စီစဉ်ပေး၍ ဆန္ဒပြုစေခဲ့သည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းက တစ်ကြိမ်ထက်ပို၍ မဲမပေးနိုင်ရေးအတွက် မဲပေးပြီးသူတိုင်း၏ လက်သန်းတွင် (၂၄)နာရီခံသော ခဲတံပေါ်ဆေးများ သုတ်လိမ်းပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**မဲဆန္ဒရှင်သက်သေခံကတ်ပြားများထုတ်ပေးခြင်း** - ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် သက်သေခံကတ်ပြားများထုတ်ပေးခဲ့ခြင်း မရှိသော်လည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲစာရင်းတွင်ပါရှိသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးနိုင်ရန်နှင့် မဲဆန္ဒရှင်များအနေဖြင့် မဲပေးရမည့်မဲရုံမှ မဲစာရင်းအမှတ်စဉ်တို့ကို ကြိုတင်သိရှိ၍ ဆန္ဒမဲပေးရာတွင် လွယ်ကူစေရန်အတွက်လည်းကောင်း၊ မဲစာရင်းတွင် မိမိအမည် အလွယ်တကူရှာဖွေနိုင်ရန်အတွက်လည်းကောင်း၊ အယောင်ဆောင်မဲပေးခြင်း လျော့နည်းစေရန်အတွက်လည်းကောင်း မဲဆန္ဒရှင်သက်သေခံကတ်ပြားများ ထုတ်ပေးခဲ့သည်။

ယာယီသက်သေခံလက်မှတ် (White Card) ကိုင်ဆောင်ထားသူများကို အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုရာတွင် ထည့်သွင်းပြုစုခဲ့သော်လည်း လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းချက်အရ ယာယီသက်သေခံလက်မှတ် (White Card) ကိုင်ဆောင်ထားသူများသည် မဲပေးပိုင်ခွင့်မရှိတော့သဖြင့် ယင်းတို့၏အမည်များကို မဲစာရင်းမှ ပြန်လည်ပယ်ဖျက်ခဲ့သည်။ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် ပြင်ဆင်ချက်များအရ မဲစာရင်းတွင် မဲပေးပိုင်ခွင့်ရှိသူအချို့၏အမည်များ အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်းတွေ့ရှိလျှင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးမှ ထိုအမည်များကို ရွေးကောက်ပွဲမကျင်းပမီ ၇ ရက်ထက်နောက်မကျစေဘဲ နောက်ဆက်တွဲမဲစာရင်းတွင် ထည့်သွင်းနိုင်ရန် ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းခဲ့မှုကြောင့် မဲစာရင်းများ ထပ်မံထည့်ပေးရခြင်းများ ပြုလုပ်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများကို **(အမည်စာရင်း စီပုံထည့်/မထည့်)** ပြီးပြည့်စုံသောမဲဆန္ဒရှင်စာရင်းများ ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

တစ်နိုင်ငံလုံးမှ အခြေခံမဲဆန္ဒရှင်စာရင်းများကို လေးကြိမ်ခွဲ၍ထုတ်ပြန်ကြေညာခဲ့ရာ ပထမအကြိမ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၁၀) မြို့နယ်မှ အခြေခံမဲဆန္ဒရှင်စာရင်းများကို ၃၀-၃-၂၀၁၅ ရက်မှ ၁၂-၄-၂၀၁၅ ရက်ထိ ၁၄ ရက်တိုင်တိုင် ကြေညာပေးခဲ့သည်။ ဒုတိယအကြိမ်ကို ၂၅-၅-၂၀၁၅ ရက်တွင်လည်းကောင်း၊ တတိယအကြိမ်ကို ၈-၆-၂၀၁၅ ရက်တွင်လည်းကောင်း၊ စတုတ္ထအကြိမ် (နောက်ဆုံးအကြိမ်) ကို ၂၂-၆-၂၀၁၅ ရက်တွင်

လည်းကောင်း ကြေညာခဲ့ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲအသီးသီး၌ မဲစာရင်းများကို ၁၄ ရက်တိုင်တိုင် ကြေညာပေးခဲ့သည်။ လူတစ်ဦးတစ်ယောက်သည် မဲဆန္ဒရှင်အရည်အချင်းများနှင့်ပြည့်စုံသော်လည်း မဲစာရင်းတွင် အမည်ပါမှသာ မဲပေးပိုင်ခွင့်ရှိသဖြင့် မဲစာရင်းများကြေညာထားသည့်အချိန်တွင် မိမိအမည် မဲစာရင်းတွင် ပါ/မပါသိရှိနိုင်ရန်နှင့် သွားရောက်ကြည့်ရှုနိုင်ရေးအတွက် မဲဆန္ဒရှင်များကို ရေဒီယို၊ ရုပ်မြင်သံကြားများမှလည်းကောင်း၊ ဗီနိုင်းပိုစတာများ ချိတ်ဆွဲကြေညာ၍လည်းကောင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေ၍လည်းကောင်း ပညာပေးလှုံ့ဆော်ခဲ့သည်။ ထို့ပြင် အရပ်ဘက်လူမှုအဖွဲ့အစည်း (Civil Society Organization- CSO) ၂၆ ဖွဲ့ကလည်း ပူးပေါင်းပါဝင်လှုံ့ဆော်ပေးခဲ့ကြသည်။

**မဲပေးပိုင်ခွင့်ရှိသူ ဦးရေတိုးမြင့်လာခြင်း** - ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၉,၀၂၁,၆၀၈ ဦး အနက် ၂၂,၄၂၁,၁၂၃ ဦး လာရောက်ဆန္ဒမဲပေးခဲ့ကြသဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ၇၇ ဒသမ ၂၆ ရာခိုင်နှုန်း မဲပေးခဲ့ကြသည်။ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၄,၂၉၅,၃၃၄ ဦးအနက် ၂၃,၉၁၁,၇၈၄ ဦး လာရောက်ဆန္ဒမဲပေးခဲ့ကြသဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ၆၉ ဒသမ ၇၂ ရာခိုင်နှုန်း မဲပေးခဲ့ကြသည်။

**မဲရေတွက်ခြင်းစနစ်** - ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်ပြီးဆုံး၍ မဲရုံမှူးဦးစီးပြီး မဲများရေတွက်ရာတွင် မဲရုံကိုယ်စားလှယ်များ၊ တက်ရောက်လာသူများက မိမိကိုယ်စားလှယ်လောင်း ရရှိသောဆန္ဒမဲကို မိမိအစီအစဉ်ဖြင့် မိမိကိုယ်တိုင် မဲရလဒ်များကို မှတ်သားခဲ့ရသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင်မူ မဲရေတွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ မဲရရှိမှုကို Board ပေါ်တွင်တင်၍ အချိန်နှင့်တစ်ပြေးညီ ဖော်ပြရေတွက်ခဲ့သောကြောင့် မဲရုံကိုယ်စားလှယ်များ၊ တက်ရောက်လာသူများ အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရရှိမှုအခြေအနေကို မဲရေတွက်နေစဉ် အချိန်နှင့်တစ်ပြေးညီ အလွယ်တကူ သိရှိမှတ်သားနိုင်ပေသည်။

**Media Center ဖွင့်လှစ်၍ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များ ကြေညာခြင်း** - ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ၇-၁၁-၂၀၁၀ ရက်မှ ၁၇-၁၁-၂၀၁၀ ရက်အထိ နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များစာရင်းနှင့် ရွေးကောက်ပွဲရလဒ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင်လည်းကောင်း၊ ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးခွဲတွင်လည်းကောင်း Media Center များဖွင့်လှစ်၍ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာခဲ့သည်။ နေ့စဉ်ထုတ်သတင်းစာများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website ဖြစ်သည့် www.uecmyanmar.org တို့တွင်လည်း ထုတ်ပြန်ကြေညာပေးခဲ့သည်။

**အာမခံငွေလျှော့ချသတ်မှတ်ခဲ့ခြင်း** - ၂၀၁၀ ပြည့်နှစ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် တင်သွင်းလွှာနှင့်အတူ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကျပ် ၅ သိန်းဟု သတ်မှတ်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် ကျပ် ၃ သိန်းဟု ပြင်ဆင်သတ်မှတ်ပေးခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရလျှင်ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခြင်းမခံရသော်လည်း ရွေးကောက်ပွဲတွင် ခိုင်လုံသောဆန္ဒမဲ ရှစ်ပုံတစ်ပုံနှင့်အထက် ရရှိလျှင်ဖြစ်စေ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ ပြန်လည်ထုတ်ပေးသည်။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုစရိတ်အဖြစ် ၂၀၁၀ ပြည့်နှစ်တွင် ကျပ် ၁၀ သိန်းပေးသွင်းခဲ့ရသော်လည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ကျပ် ၅ သိန်းဟု ပြင်ဆင်သတ်မှတ်ပေးခဲ့သည်။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ကြားနာစစ်ဆေးနေစဉ်အတွင်း ပြင်ဆင်မှုတင်သွင်းလို

လျှင် ၂၀၁၀ ပြည့်နှစ်တွင် ကျပ် ၅ သိန်းပေးသွင်းခဲ့ရသော်လည်း ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် ကျပ် ၃ သိန်းဟု ပြင်ဆင်သတ်မှတ်ပေးခဲ့သည်။

**ကာလစည်းကမ်းရက်များ တိုးမြှင့်သတ်မှတ်ပေးခြင်း** - လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် နေ့ရက်များကိုလည်း ၂၀၁၀ ပြည့်နှစ်တွင် တင်သွင်းရက် ၁၅ ရက်၊ စိစစ်ရက် ၅ ရက် သတ်မှတ်ပေးသော်လည်း ၂၀၁၅ ခုနှစ်တွင် တင်သွင်းရက် ၂၆ ရက်၊ စိစစ်ရက် ၁၀ ရက် ဟုပြင်ဆင်သတ်မှတ်ထုတ်ပြန်ကြေညာပေးခဲ့သည်။ နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ကာလကိုလည်း ၂၀၁၀ ပြည့်နှစ်တွင် ရက်ပေါင်း ၃၀ သတ်မှတ်ပေးခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် နိုင်ငံရေးပါတီများ၏ တင်ပြချက်နှင့်အညီ ရက်ပေါင်း ၃၀ မှ ရက်ပေါင်း ၆၀ အထိ တိုးမြှင့်ခွင့်ပြုပေးခဲ့သည်။

**ကျင့်ဝတ်များရေးဆွဲသတ်မှတ်ခြင်း** - ထို့ပြင် ၂၀၁၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲကျင်းပစဉ်က နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်ဟူ၍ သီးသန့်ညွှန်ကြားထားခြင်းမရှိပေ။ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၏ အစည်းအဝေး၌ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ ရှေ့မှောက်တွင် "နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက်ကျင့်ဝတ် (Code of Conduct for political parties and candidates)" ကို သဘောတူလက်မှတ်ရေးထိုး၍ လိုက်နာဆောင်ရွက်ခဲ့ကြသည်။

**စေ့စပ်ညှိနှိုင်းရေးကော်မတီများဖွဲ့စည်းခြင်း** -ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းခြင်းမရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများကို ပိုမိုထိရောက်စွာဖြေရှင်းဆောင်ရွက်နိုင်စေရန် စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်ကို ကြိုတင်ဖွဲ့စည်းဆောင်ရွက်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်နှင့်မြို့နယ်များတွင်လည်း ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

အချုပ်အားဖြင့် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲသည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပြည်သူလူထုလိုလားသော အစိုးရသစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက်လည်းကောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာ၌ သိမ်မွေ့ညင်သာစွာပြောင်းလဲနိုင်စေရေးအတွက်လည်းကောင်း အခြေခံကျသော ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့သည်။ နိုင်ငံတကာတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများကို ကြည့်လျှင် ချို့ယွင်းအားနည်းချက်မရှိဘဲ ခြောက်ပြစ်ကင်းသဲလဲစင်ဖြင့် ပြီးမြောက်သွားသည်ဟူ၍မရှိပေ။ စိန်ခေါ်မှုအနည်းအများ ကွာခြားမှုသာရှိပေလိမ့်မည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် စိန်ခေါ်မှုများပြားသော ရွေးကောက်ပွဲတစ်ခုဖြစ်ပြီး ရွေးကောက်ပွဲမတိုင်မီက ဝေဖန်မှုများရှိခဲ့သော်လည်း ကျင်းပပြီးစီးပြီးနောက် ကမ္ဘာ့နိုင်ငံအသီးသီးမှ အသိအမှတ်ပြုခဲ့သည့်အပြင် အရှေ့တောင်အာရှတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများအနက် လွတ်လပ်၍ တရားမျှတမှုရှိသော အကောင်းဆုံး ရွေးကောက်ပွဲတစ်ပွဲအဖြစ် မှတ်တမ်းတင်ခဲ့ကြောင်း ဖော်ပြအပ်ပေသည်။

**ဦးစိုင်းကျော်သူ**

**ပဥ္စမအကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး။** ။ ၁၉၈၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ မကြုံစဖူးထူးကဲစွာ ဂိုဏ်းပေါင်းစုံသံဃာတော်များ စည်းလုံးညီညွတ်မှုရရှိကာ ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ကျင်းပနိုင်ခဲ့ပြီး သံဃာအဖွဲ့အစည်းအဆင့်ဆင့်ပေါ်ပေါက်လာခဲ့သည်။ သံဃာကို သံဃာက

အုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးနိုင်ခဲ့ပြီး သံဃာ့ကိစ္စ အဝဝကိုလည်း သံဃာတော်များကိုယ်တိုင် ဖြေရှင်းပေး နိုင်ခဲ့သည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ သက်တမ်းကို (၅) နှစ် သတ်မှတ်ပြီး (၅) နှစ်တစ်ကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးများ ကျင်းပကာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ပြန်လည်ရွေးချယ် ဖွဲ့စည်းခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် သံဃာတော် ၁,၂၁၈ ပါးဖြင့် ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် သံဃာတော် ၁,၃၈၃ ပါးဖြင့် ဒုတိယအကြိမ်အဖြစ် လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် သံဃာတော် ၁,၄၀၈ ပါးဖြင့် တတိယအကြိမ်အဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် သံဃာတော် ၁,၄၃၉ ပါးဖြင့် စတုတ္ထ အကြိမ်အဖြစ်လည်းကောင်း ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးများ ကျင်းပနိုင်ခဲ့သည်။ အစည်းအဝေး တက်ရောက်သော သံဃာတော်အရေအတွက်မှာ တစ်နိုင်ငံလုံးရှိ ဂိုဏ်းပေါင်းစုံသံဃာတော်များကို ကိုယ်စားပြုသည့် အချိုးကျ သံဃာ့သမ္မုတိရသံဃာ့ ကိုယ်စားလှယ်များဖြစ်သည်။ ယင်းအစည်းအဝေးကြီး များက ရွေးချယ်သတ်မှတ်အတည်ပြုပေးသဖြင့် သံဃာ့ဝန်ဆောင်များ၊ သံဃနာယကများ၊ ဝိနည်းဓိုရ်များ ပေါ်ပေါက်လာရသည်။

စတုတ္ထအကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့အစည်း အဝေးပွဲကြီးကျင်းပပြီးနောက်ပိုင်း အကြောင်း အားလျော်စွာ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး မကျင်းပနိုင်တော့ဘဲ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ကိုလည်း သုံးနှစ်တစ်ကြိမ် ၂၅ ရာခိုင်နှုန်းကို အဟောင်းနား အသစ်လဲစနစ်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ အခြေ အနေနှင့် အချိန်အခါအရ ပဥ္စမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကျင်းပရန် အကြောင်းဖန် လာသဖြင့် ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နှင့် ကဆုန်လပြည့်နေ့ (၂၀၁၄ ခုနှစ်၊ မေလ ၁၂၊ ၁၃ ရက်) တို့တွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို ပြန်လည် ကျင်းပနိုင်ခဲ့သည်။

**ပဥ္စမအကြိမ် ကျင်းပခြင်း** - အဆိုပါ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သံဃာ့သမ္မုတိရသံဃာ့ကိုယ်စားလှယ် ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံမှ တိုင်းဒေသကြီးနှင့်ပြည်နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်ဆရာတော်များ၊ မြို့နယ်သံဃ နာယကဆရာတော်များ စုစုပေါင်း ၂,၅၅၈ ပါး ကြွရောက် တော်မူကြသည်။ သာသနာတော်နှစ် ၂၅၅၈ ခုနှစ်ကို ဂုဏ်ပြုပူဇော်သောအားဖြင့် သံဃာတော် ၂,၅၅၈ ပါး တက်ရောက်တော်မူနိုင်ရန် စီစဉ်ခြင်းဖြစ်သည်။

ယင်းအစည်းအဝေးပွဲကြီးသို့ ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်း ဒေသကြီး လူမှုရေးဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ဝတ်အသင်းအဖွဲ့ဝင်များလည်း တက်ရောက်ကြည်ညို ကြသည်။

ပထမနေ့အစည်းအဝေး သဘာပတိအဖြစ် သတ္တမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ဇန်မော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာ မိန့်ကြားတော် မူသည်။

ထိုသို့မိန့်ကြားတော်မူရာတွင် တပည့်တော်တို့ အချင်းချင်း ဗြဟ္မစိုရ်တရားထားကာ သာသနာတော် တစ်ရပ်လုံး၏ အကျိုးစီးပွားကို ရှေးရှုပြီး ညီညီညွတ်ညွတ် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားပါကြောင်း၊ တပည့်တော်တို့ ဂိုဏ်းပေါင်းစုံသံဃာတော်များ ညီညွတ်မှုရှိတော်မူကြခြင်းကြောင့် ဂိုဏ်းပေါင်းစုံသံဃာ့ အဖွဲ့အစည်းကြီးပေါ်ပေါက်ခဲ့ကြောင်း၊ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး အရှည်တည်တံ့နေမှုလည်း

ဓမ္မကို အဓမ္မ၊ ဝိနယကို အဝိနယပြုကြသော သာသနာ့ရန်သူများကို သုတ်သင်ရှင်းလင်းနိုင်မည်ဖြစ်၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားနေမှလည်း လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ ချမ်းသာသုခရရှိခံစားနိုင်ကြမည်ဖြစ်ကြောင်း၊ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းများ အမြဲရှင်သန်ကြီးပွားတိုးတက်နေစေရန် သံဃာတော်များ၏ ညီညွတ်ရေးကို အထူးအလေးထား ဆောင်ရွက်တော်မူကြရန် လျှောက်ထားအပ်ကြောင်း၊ အမှန်တရားကို ညစ်နွမ်းစေတတ်သော မောဟ၊ လောဘ၊ ဒေါသ၊ မာန၊ ဣဿ၊ မစ္ဆရိယစသော အကုသိုလ်တရားဆိုးများကင်းစင်စေ၍ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဗိုလ်တရားများကို ဦးစီးစေသော သာသနာပြုလိုစိတ်၊ သန့်ရှင်းကြည်လင်သောစိတ်တို့ဖြင့် ဗုဒ္ဓသာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စတို့ကို ဆောင်ရွက်ကြပါဟု တိုက်တွန်းအပ်ပါကြောင်း စသည်ဖြင့် မိန့်ကြားတော်မူသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိပြည်တွင်းပြည်ပ ဗုဒ္ဓသာသနာပြု အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဉာဏိဿရက ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဗုဒ္ဓညီလာခံသို့ တက်ရောက်ခဲ့သော အတွေ့အကြုံများ၊ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားသင့်သည်များ၊ ဗုဒ္ဓမြတ်စွာသာသနာတည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့်ကိစ္စများ၌ ယခင်က ရှိခဲ့ဖူးသော အစဉ်အလာအတိုင်း သာသနာရေးဆိုင်ရာ အက်ဥပဒေတို့ကို ခေတ်နှင့်အညီ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ မွမ်းမံခြင်းဖြင့် အနာဂတ်သာသနာတော်အဓွန့်ရှည်တည်တံ့ရေးအတွက် ဆောင်ရွက်သွားတော်မူနိုင်ရန် ဆွေးနွေးအကြံပြုလျှောက်ထားတော်မူသည်။

**မဏ္ဍိုင်ကြီးသုံးရပ်** - ဆက်လက်၍ ပဥ္စမအကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် မြန်မာနိုင်ငံ၌ လွှတ်တော်ကြီးက ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်သူအစိုးရအဖွဲ့က အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားရေးအဖွဲ့က တရားရေးမဏ္ဍိုင် ဤသို့ မဏ္ဍိုင်သုံးရပ်ဖြင့် သတ်မှတ်ခွဲဝေကျင့်သုံးနေသကဲ့သို့ အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းကြီးတွင်လည်း နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက ဥပဒေပြုရေးမဏ္ဍိုင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက အုပ်ချုပ်ရေးမဏ္ဍိုင်၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖွဲ့များက တရားစီရင်ရေးမဏ္ဍိုင် ဤသို့ အသီးသီးခွဲကိုင်၍ ဆိုင်ရာဆိုင်ရာလုပ်ငန်းကိစ္စအဖြာဖြာကို ဓမ္မဝိနယလာဒေသနာဖြင့်ညီညာချင့်တွက်စီမံဆောင်ရွက်လျက်ရှိလေရာ ဇာစ်မြစ်မူလအရင်းခံမှာ ထေရ်သံဃာငါးသိန်းကျော်ပင် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသံဃာထုအတွင်း စည်းလုံးညီညွတ်မှုမရှိဘဲ အကွဲကွဲအပြားပြားဖြစ်နေသည်ဟု အချို့ပုဂ္ဂိုလ်များ၏ ပြောဆိုသံများကို ကြားနေရပါကြောင်း၊ ယနေ့ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးသို့ သံဃာတော် ၂,၅၅၈ ပါးတို့ စည်းလုံးညီညာ တက်ရောက်တော်မူလာကြသဖြင့် ယင်းပြောဆိုသံများကို ပယ်လှန်ချေဖျက်ပြီးဖြစ်သည်ဟု မှတ်ယူနိုင်ပါကြောင်း၊ အမှန်စင်စစ် ဤ ၂,၅၅၈ ပါးသော သံဃာတော်တို့သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ငါးသိန်းကျော်သော သံဃာတော်တို့ကို ကိုယ်စားပြု၍ တက်ရောက်တော်မူလာကြခြင်းဖြစ်သဖြင့် ထေရ်သံဃာတော်ငါးသိန်းကျော်တို့ နိုင်ငံတော်အတွင်း၌ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ် သမဂ္ဂသမောဓာန ရှိကြကြောင်း ဤအစည်းအဝေးကြီးက မျက်မြင်ဒိဋ္ဌ ခိုင်မာသော သက်သေသာဓကအဖြစ် လှစ်ဟသေချာပြသနိုင်ခဲ့ပါကြောင်း၊ ယခုအခါ အမျိုးဘာသာသာသနာစောင့်ရှောက်ရေး (ဗဟို) အဖွဲ့ (မဘသ) က မဟာနာယကဆရာတော်ကြီးများထံ ဩဝါဒခံယူခဲ့ရာတွင် အဆိုပါအဖွဲ့၏ လျှောက်တင်စကားသဘောထားကို ဆရာတော်ကြီးများက ကျေနပ်အားရဝမ်းမြောက်တော်မူကြ၍ ဩဝါဒစကား ပြန်လည်မိန့်ကြားတော်မူခဲ့လေရာ သံဃာထုအတွင်း ညီရင်းအစ်ကို ဖအေနှင့်သား ပမာထား၍ စည်းလုံးညီညာရှိကြသည်မှာ သိသာထင်ရှားလှပါကြောင်း စသည်ဖြင့်လျှောက်ထားသည်။

ထို့နောက် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း စတုတ္ထအကြိမ်ပြင်ဆင်ဖြည့်စွက်ချက် (မူကြမ်း) ကို အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းများ ပြုတော်မူကြပြီး ပထမနေ့အစည်းအဝေးကို ရုပ်သိမ်းသည်။

**ဒုတိယနေ့အစည်းအဝေး** - ဒုတိယနေ့အစည်းအဝေးတွင် ဗုဒ္ဓဘာသာဆိုင်ရာကျမ်းစာအုပ်များ၊ စာစောင်များ၊ အသံသွင်းခွေများကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့က စိစစ်ခွင့်ပြုပြီးမှ ထုတ်ဝေခွင့်ပြုသင့်ကြောင်း အဆို၊ နိကာယ်သာသနာထွန်းကားတိုးတက်စေရေး တိုက်တွန်းကြောင်းအဆို၊ ပရိယတ္တိစာမေးပွဲဆိုင်ရာ အဆို၊ သံဃနာယကရုံးများ အတည်တကျဖြစ်ထွန်း လာရန်နှင့် ဥပတ္ထမ္ဘကအဖွဲ့များ စနစ်တကျ ဖွဲ့စည်း ဆောင်ရွက်နိုင်ရန် တိုက်တွန်းကြောင်းအဆို၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၌ ပြည်ပရေးရာအဖွဲ့ငယ် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်းအဆို၊ မြန်မာနိုင်ငံ နယ်စပ်တောင်တန်းဒေသများ၌ သာသနာတော်ထွန်းကား ပြန့်ပွားရေးကိစ္စကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေးအဆို၊ အချိန်အခါအရ ပေါ်ပေါက်လာသော ဘာသာသာသနာ ဆိုင်ရာအဖွဲ့များနှင့် စပ်လျဉ်း၍ သံဃာ့အဖွဲ့အစည်းများ၏ ဩဝါဒခံယူရေးအတွက် ညွှန်ကြားလွှာထုတ်ပြန်သင့်ကြောင်း အဆို၊ သံဃာ့အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များကို အလျင်အမြန် အကောင်အထည်ဖော်နိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးရေး အဆိုတို့ကို တင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများ ပြုတော်မူကြပြီး သဘာပတိဆရာတော်ကြီးက နိဂုံးချုပ် ဩဝါဒစကားမိန့်ကြားတော်မူကာ ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံအစည်းအဝေးကို ရုပ်သိမ်းသည်။

ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းစတုတ္ထအကြိမ် ပြင်ဆင်ဖြည့်စွက်ချက် (မူကြမ်း) ကို အတည်ပြုခဲ့သည့် အပြင် အောက်ပါဆုံးဖြတ်ချက်များကိုလည်း ချမှတ်ခဲ့သည် -

(၁) ဗုဒ္ဓဘာသာဆိုင်ရာကျမ်းစာအုပ်များ၊ စာစောင်များ၊ အသံသွင်းခွေများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က စိစစ်ခွင့်ပြုပြီးမှ ထုတ်ဝေခွင့်ပြုသင့်ကြောင်း တင်ပြခြင်းနှင့် စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာနမှ တစ်ဆင့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရအဖွဲ့သို့ မေတ္တာရပ်ခံရန်၊

(၂) နိကာယ်သာသနာထွန်းကားတိုးတက် စေရေးလိုက်နာဆောင်ရွက်ရန် တင်ပြခြင်း နှင့်စပ်လျဉ်း၍ မိမိတို့၏တပည့် ရှင်, ရဟန်းငယ်များကို နိကာယ်ငါးရပ်ပိဋကတ် သုံးပုံစာပေများကို အလေးထားသင်ကြား ရန်နှင့် နိကာယ်စာမေးပွဲများတွင် ဝင်ရောက် ဖြေဆိုရေးအတွက် အားပေးတိုက်တွန်းရန်၊

(၃) ပရိယတ္တိစာမေးပွဲဆိုင်ရာ တင်ပြခြင်းနှင့် စပ်လျဉ်း၍ ပရိယတ္တိစာမေးပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များ အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၄) သံဃနာယကအဖွဲ့ရုံးများမရှိသော တိုင်း ဒေသကြီးနှင့်ပြည်နယ်များ၊ ဘုန်းကြီးကျောင်း ဦးရေ၊ သံဃာဦးရေများစွာရှိသော မြို့နယ် များသည် သံဃနာယကအဖွဲ့ရုံးများ အတည် တကျ ဖြစ်ထွန်းလာရေးနှင့် ဥပတ္ထမ္ဘက အဖွဲ့များ စနစ်တကျဖွဲ့စည်းဆောင်ရွက်ရန် သက်ဆိုင်ရာသံဃာတော်များ၊ နိုင်ငံတော် အစိုးရနှင့် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများက စေတနာရှင်၊ ကုသိုလ်ရှင် များကို စည်းရုံးနှိုးဆော်ဆောင်ရွက်ရေး နှိုးဆော်တိုက်တွန်းရန်၊

(၅) ပြည်ပရေးရာအဖွဲ့ငယ် ဖွဲ့စည်းထားမည် ဆိုပါက ဘာသာသာသနာဆိုင်ရာအကြောင်း ကိစ္စများပေါ်ပေါက်လာသောအခါ အခက် အခဲမရှိ အလွယ်တကူ ဆက်သွယ်ဖြေရှင်း နိုင်မည်ဖြစ်သောကြောင့် (သံဃာ့အဖွဲ့ အစည်း လုပ်ထုံးလုပ်နည်းများပြင်ဆင်ရေး အဖွဲ့ကို) ပြည်ပရေးရာအဖွဲ့ငယ်တစ်ခု ဖွဲ့စည်းနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများ ရေးဆွဲရေးတာဝန်ပေးအပ်ရန်၊

(၆) မြန်မာနိုင်ငံ နယ်စပ်တောင်တန်းဒေသ များ၌ သာသနာတော်ထွန်းကားပြန့်ပွားရေး

ကိစ္စ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် တင်ပြခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဖော်ပြပါအချက်များကို ပြင်ဆင်ပေးရန်ဆုံးဖြတ်ကြသည် -

(က) ပရိဒေသီထေရဝါဒသြဝါဒါစရိယ ဆရာတော် (၁၂) ပါး ခန့်ထားနိုင်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ပေးတော်မူရန်၊

(ခ) နိုင်ငံတော်ကစေလွှတ်သည့် တက္ကသိုလ်ဘွဲ့ရသာသနာပြုပုဂ္ဂိုလ်များ၏ သက်တမ်းကိုလည်း တိုးမြှင့်ပေးရန်၊

(ဂ) သာသနာပြုသင်တန်းများကို အခါအားလျော်စွာ ဖွင့်လှစ်ပေးရန်၊

(ဃ) လက်တွေ့သာသနာပြုပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်အပေါ် အသိအမှတ်ပြုရန်။

(င) အချိန်အခါအရ ပေါ်ပေါက်လာသော ဘာသာသာသနာဆိုင်ရာအဖွဲ့များနှင့် စပ်လျဉ်း၍ သံဃာ့အဖွဲ့အစည်းများ၏ သြဝါဒခံယူရေးအတွက် ညွှန်ကြားလွှာထုတ်ပြန်ရေးကိစ္စနှင့်အဆိုပြုတင်ပြခြင်းအပေါ် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်း ပြင်ဆင်ရေးအဖွဲ့ကို လိုအပ်သည့် ညွှန်ကြားလွှာများ ရေးဆွဲထုတ်ပြန်ရေးအတွက် တာဝန်ပေးအပ်ရန်၊

(စ) သံဃဝိနိစ္ဆယဆုံးဖြတ်ချက်များကို အလျင်အမြန် အကောင်အထည်ဖော်နိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးရန် တင်ပြခြင်းနှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနနှင့်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့်လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်လည်းကောင်း ညှိနှိုင်းတိုင်ပင်၍ အကောင်အထည်ဖော်မှုများ ကြန့်ကြာမှုမရှိစေရေး နည်းလမ်းကောင်းတစ်ခု ချမှတ်ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အစိုးရအဖွဲ့သို့ မေတ္တာရပ်ခံရန်။

အနှစ် (၂၀) နီးပါး ကျင်းပနိုင်ခဲ့ခြင်းမရှိသော ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သဖြင့် ဗုဒ္ဓသာသနာတော်အတွက် ထူးခြားသော သာသနာ့သမိုင်းမှတ်တိုင်ကြီးတစ်ခုကို ဂုဏ်ယူဝင့်ကြွားဖွယ်ရာစိုက်ထူနိုင်ခဲ့ပေပြီ။ အထက်ဖော်ပြပါ အတည်ပြုချက်၊ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့သဖြင့် ဗုဒ္ဓသာသနာတော်အတွက် တန်ဖိုးမဖြတ်နိုင်သော အကျိုးရလဒ်များကို ရရှိခဲ့ပြီဖြစ်သည်။

**ပထမကျော် - ဦးစံသင်းလှိုင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၅ ခုနှစ်အတွင်း တိုးတက်ဖြစ်ပေါ်ခဲ့သော ထင်ရှားသည့် အကြောင်းအရပ်အချို့ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

**အထူးခြားဆုံးနိုင်ငံ -** "ယခုနှစ်၏ အထူးခြားဆုံးနိုင်ငံ" အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ရွေးချယ်လိုက်ကြောင်း ဗြိတိန်နိုင်ငံ၏ အပတ်စဉ်ထုတ်မဂ္ဂဇင်းကြီးဖြစ်သော The Economist မဂ္ဂဇင်းက ဒီဇင်ဘာလ တတိယပတ်တွင် ထုတ်ပြန်ကြေညာသည်။ မြန်မာနိုင်ငံသည် လွန်ခဲ့သည့်နှစ်၏ အချိန်ကာလအများစုတွင် တိုးတက်မှုပြသနိုင်ခဲ့ကြောင်း ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်ထုတ် The Economisc မဂ္ဂဇင်းတွင် ပါဝင်သော Country of the Year ဆောင်းပါး၌ ဖော်ပြထားသည်။

"ပိုမိုသာယာဝပြောသော ကမ္ဘာကြီးအဖြစ်ရပ်တည်နိုင်ရန် တစ်ဖက်တစ်လမ်းမှပါဝင်ဖော်ဆောင်ပေးသည့်

နိုင်ငံတစ်နိုင်ငံအား နှစ်အလိုက်အထူးခြားဆုံး နိုင်ငံအဖြစ် ဂုဏ်ပြုသင့်သည်ကို ကျွန်ုပ်တို့စဉ်းစားခဲ့ကြသည်” ဟု ယင်းမဂ္ဂဇင်း၏ အယ်ဒီတာများက ပြောကြားသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို မျှော်မှန်းထားခဲ့သည်ထက် ပိုမိုလုပ်ဆောင်နိုင်ခဲ့သည်ဟု ရေးသားဖော်ပြထားပြီးမြန်မာ့နိုင်ငံရေးရှုခင်း၌ နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၇၇ ရာခိုင်နှုန်းကျော် ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အောင်ပွဲအပြီး တပ်မတော်အနေဖြင့် တာဝန်ခွဲဝေကျင့်သုံးမှု ပြုလုပ်ရန် အသင့်ရှိနေပုံကို ပြသလာသည်ဟု ယင်းဆောင်းပါးတွင် ဖော်ပြထားသည်။

ရုရှား (သို့မဟုတ်) အစ္စလာမ္မစ်နိုင်ငံတို့ကဲ့သို့ ကမ္ဘာ့သတင်းခေါင်းစဉ်အများစုတွင် နေရာယူထားသော နိုင်ငံတစ်နိုင်ငံကို ရွေးချယ်ခြင်းမပြုသည့် အကြောင်းတရားများကိုလည်း လန်ဒန်အခြေစိုက်သတင်းမဂ္ဂဇင်းကြီးက ရှင်းပြထားသည်။ စစ်သူရဲကောင်းဝါဒ၊ ပြည်တွင်းဖိနှိပ်မှု၊ ပြည်ပမှတရားမဝင်တင်သွင်းသော ဒိန်ခဲများအား ဖျက်ဆီးမှု စသည့်အကြောင်းများ ဖန်တီးသူများကို မိမိတို့ ချီးကျူးဂုဏ်ပြုလိုခြင်းမရှိကြောင်း၊ ထိုနည်းတူစွာ အိုင်အက်စ်အဖွဲ့သည် အများ၏ အော့နှလုံးနာစရာ အုပ်စုအဖြစ်မှတစ်ပါး နိုင်ငံတစ်နိုင်ငံဟူ၍ သတ်မှတ်နိုင်သော ဂုဏ်အင်္ဂါများ မပြည့်စုံကြောင်း အယ်ဒီတာများက သုံးသပ်ရေးသားထားသည်။ ပိုမို၍ သာယာဝပြောသော ကမ္ဘာကြီးဖြစ်စေရန် တည်ဆောက်မှုတွင် ပါဝင်လှုပ်ရှားနေသည့် နိုင်ငံတစ်နိုင်ငံကိုသာလျှင် အသိအမှတ်ပြုရန် မိမိတို့လိုလားကြောင်း၊ သို့ဖြစ်ပေရာ မြန်မာနိုင်ငံသည် ဆုရရှိထိုက်ကြောင်း The Economist မဂ္ဂဇင်းက ရေးသားဖော်ပြထားသည်။ The Economist မဂ္ဂဇင်းသည် အင်္ဂလိပ်ဘာသာဖြင့် ရက်သတ္တပတ်ထုတ် သတင်းမဂ္ဂဇင်းဖြစ်ပြီး Economist Group ကပိုင်ဆိုင်သည်။ ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဌာနချုပ်တွင် တည်းဖြတ်သည်။ ၁၈၄၃ ခုနှစ်၊ စက်တင်ဘာလတွင် မဂ္ဂဇင်းထူထောင်သူ ဂျိမ်းဝီလ်ဆင် လက်ထက်မှ စတင်ကာ အဆက်မပြတ် ထုတ်ဝေလာသော မဂ္ဂဇင်းလည်း ဖြစ်သည်။ ယခုအခါ ယင်းမဂ္ဂဇင်းသည် ပုံနှိပ်စာစောင်နှင့် အွန်လိုင်းစာစောင်တို့အရ စာဖတ်ပရိသတ် ၅ ဒသမ ၃ သန်း ရှိသည်။

**ဖြူးချောင်းရေလှောင်တမံ** - စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည့် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဇန်နဝါရီလ ၈ ရက်တွင် ဖွင့်လှစ်သည်။

ယင်းစီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၁၁၄ ၏ အနောက်ဘက် ၅ မိုင်ခန့်အကွာတွင် တည်ရှိပြီး အလျားပေ ၁၀၂၀၊ အမြင့် ၂၄၅ ပေရှိ ဇုန်အမျိုးအစားကျောက်ဖြည့်တမံတစ်ခု ဖြစ်သည်။

ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှ လယ်မြေဧက ၉၀၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး တပ်ဆင်အင်အားမဂ္ဂါဝပ် ၂၀ စက်နှစ်လုံးဖြင့် ရေအားလျှပ်စစ်နှစ်စဉ်ပျမ်းမျှ ကီလိုဝပ် နာရီသန်း ၁၂၀ ခန့် ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

**မဒဲကျွန်းရေနံတင်ဆိပ်ကမ်း** - ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ မဒဲကျွန်းရေနံတင် ဆိပ်ကမ်းအကြိုဖွင့်ပွဲနှင့် ရေနံပိုက်လိုင်းလုပ်ငန်းများ ကနဦးစတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ဇန်နဝါရီလ ၂၈ ရက်တွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသည်။

မဒဲကျွန်းရေနံတင်ဆိပ်ကမ်းကို အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်းနှင့် ပူးပေါင်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံငွေပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄,၅၃၂ ဘီလီယံ ရင်းနှီးမတည်၍ နိုင်ငံတော်အစိုးရက အစုရှယ်ယာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀၄ ဘီလီယံ ပါဝင်ခဲ့သည်။ စီမံကိန်းကာလသည် နှစ် ၃၀ ကြာမြင့်မည်ဖြစ်သည်။ နှစ်စဉ်ရေနံစိမ်းတန်ချိန် ၂၂ သန်းခန့်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်တွင်းသုံးစွဲမှုအတွက် ခွဲဝေပို့လွှတ်သွားမည်ဖြစ်သည်။

မဒဲကျွန်းရေနံတင်ဆိပ်ကမ်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးစတင်တည်ဆောက်သည့် နိုင်ငံတကာအဆင့်မီ ရေနံတင်ဆိပ်ကမ်းတစ်ခုဖြစ်ကာ ဆိပ်ခံတံတားအရှည် မီတာ ၄၈၀ ရှိပြီး ရေနံတန်ချိန် သုံးသိန်းခန့်အထိ တင်ဆောင်နိုင်သည့် ရေနံတင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မည့် ရေနံတင်ဆိပ်ကမ်းဖြစ်သည်။ အမြင့် ၇၅ ပေရှိပြီး ဂါလန် ၂၂ သန်းခန့်

ဝင်ဆံ့သည့် ရေနံသိုလှောင်ကန် ၁၂ လုံးကို ပူးတွဲ တည်ဆောက်ထားပြီး တန်ချိန် ၅,၀၀၀ ဆံ့ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် အရှည်မီတာ ၁၅၀ ရှိ Work Boat Wharf ကိုလည်း တည်ဆောက်ထားပြီးဖြစ်သည်။ မဒဲကျွန်းပေါ်တွင် နေထိုင်ကြသည့်ဒေသခံများ ရေချို အသုံးပြုနိုင်ရန် ရေလှောင်တာတမံတစ်ခု တည်ဆောက်ပေးပြီး မဒဲကျွန်းဒေသကျေးရွာများကို ပိုက်လိုင်းသွယ်တန်းကာ ရေပေးဝေလျက်ရှိသည်။

**စွန်ရဲတံတားနှင့် ဆင်ခုံတိုင်တံတား -** ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် စွန်ရဲတံတားနှင့် ဆင်ခုံတိုင်တံတား နှစ်စင်းကို မတ်လ ၇ ရက်တွင် ဖွင့်လှစ်သည်။

စွန်ရဲတံတားသည် ပင်မတံတားအရှည် ၁၂၁၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ R.C Grider, Plate Grider R.P.T သံပေါင်နှင့်R.C ကြမ်းခင်းဖြစ်ပြီး ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ တန် ၆၀၊ ရေလမ်းကင်းလွတ်အကျယ် ၁၃၄ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၃ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်သုံးပေစီပါဝင်၍ စွန်ရဲဘက်ချဉ်းကပ်လမ်း ၈၂၀ ပေ၊ ပေါက်တောဘက်ချဉ်းကပ်လမ်း ၈၂၀ ပေ ဖြစ်သည်။

ဆင်ခုံတိုင်တံတားသည် ပင်မတံတားအရှည် ပေ ၉၀၀ ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ R.C Grider, Plate Grider R.P.T သံပေါင်နှင့် R.C ကြမ်းခင်းဖြစ်ပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ တန် ၆၀၊ ရေလမ်းကင်းလွတ်အကျယ် ၁၀၈ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၃ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်သုံးပေစီပါဝင်၍ မင်းပြားဘက်ချဉ်းကပ်လမ်း ပေ ၆၆၀၊ ပေါက်တောဘက်ချဉ်းကပ်လမ်း ပေ ၆၆၀ ဖြစ်သည်။

စွန်ရဲတံတားနှင့် ဆင်ခုံတိုင်တံတားတို့မှ ရခိုင်ပြည်နယ်တစ်ခုလုံးသို့လည်းကောင်း၊ ရန်ကုန်-စစ်တွေလမ်းမှတစ်ဆင့် မြန်မာပြည်တစ်နံတစ်လျားသို့လည်းကောင်း ရာသီချိန်ခါမရွေး သွားလာနိုင်တော့မည်ဖြစ်သည်။

**အမှတ် (၁) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း -** အမှတ် (၁) အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဖွင့်လှစ်ခြင်းအခမ်းအနားကို မတ်လ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် တိုးချဲ့ကမ်းနားလမ်းသစ်ပေါ်ရှိ အမှတ် (၁) အလုံ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတွင် ကျင်းပသည်။

ဆိပ်ကမ်း၏ ဆိပ်ခံတံတားမှာ အလျားမီတာ ၆၀၀၊ ကုန်သေတ္တာလွင်ပြင် ၄၅ ဒသမ ၁၈၃ ဧကကို ပူးတွဲတည်ဆောက်ထားသဖြင့် တန်ချိန် ၂၀,၀၀၀ ရှိ ပင်လယ်ကူးသင်္ဘောကြီးသုံးစင်း တစ်ပြိုင်တည်းဆိုက်ကပ်နိုင်မည်ဖြစ်ပြီး ကုန်သေတ္တာကိုင်တွယ်မှု အနေဖြင့် တစ်နှစ်လျှင် ကုန်သေတ္တာအလုံးရေ ၂၈၈,၀၀၀ အထိ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

**မြန်မာ-လာအိုချစ်ကြည်ရေးတံတား -** မြန်မာ-လာအို ချစ်ကြည်ရေးတံတားဖွင့်ပွဲကို မေလ ၉ ရက်တွင် ပြုလုပ်သည်။ မြန်မာ-လာအို ချစ်ကြည်ရေးတံတားသည် မဲခေါင်မြစ်ကို ဖြတ်သန်းကာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့နယ်နှင့် လာအိုနိုင်ငံ၊ လွမ်နမ်သာပြည်နယ် ဇင်းကုတ်တို့ကို ဆက်သွယ်၍ တည်ဆောက်ထားသည့် တံတားတစ်စင်းဖြစ်သည်။

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး တံတားအမျိုးအစားမှာ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်၍ ပင်မတံတားအရှည် ၁၁၈၁ ပေ၊ ချဉ်းကပ်လမ်းနှစ်ဖက်အရှည် ၁၀၈၈ ပေ၊ စုစုပေါင်း တံတားအရှည် ၂၂၆၉ ပေရှိကာ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့်လူသွားလမ်းတစ်ဖက်လျှင် သုံးပေခြောက်လက်မစီပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၃၆၀ ပေ၊ အမြင့် ၃၂ ပေရှိ၍ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

**ရထားတွဲဆိုင်းသစ်များပြေးဆွဲ -** ရန်ကုန်မြို့၊ မြို့ပတ်လမ်းပိုင်းတွင် မြန်မာ့မီးရထားမှ ပြေးဆွဲပေးလျက်ရှိသည့် ရထားတွဲဆိုင်းများကို AIR CONDITION-RBE တွဲဆိုင်းအသစ်များဖြင့် ပြေးဆွဲလျက်ရှိရာ ဩဂုတ်လ




**အမှတ်-၂ အင်းစိန် ရထားလမ်းခုံးကျော်တံတားကို တွေ့ရစဉ်**

၁၆ ရက် နံနက်ပိုင်းက AIR CONDITION-RBE တွဲဆိုင်း အသစ်ဖြစ်သော (ဆ) အထူးရထား၊ (ဂ) အထူးရထား နှင့် (မ) RBT ရထားတွဲဆိုင်းသုံးဆိုင်း တစ်ပြိုင်တည်း အစားထိုးပြေးဆွဲသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရန်ကုန်မြို့ပတ်လမ်းပိုင်းအတွက် AIR CONDITION-RBE တွဲဆိုင်းအသစ်နှစ်ဆိုင်းနှင့် RBT တွဲဆိုင်း အစားထိုးပြေးဆွဲခြင်းအခမ်းအနားကို ရန်ကုန် ဘူတာကြီး၌ ဩဂုတ်လ ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည်။ ထိုပြေးဆွဲမှုအရ (ဆ) အထူးရထားအတွက် ရထားစီးခရီးသည် ထိုင်စီး ၂၈၀၊ ရပ်စီး ၂၃၀ လိုက်ပါ စီးနင်းနိုင်မည်ဖြစ်ပြီး (ဂ) အထူးရထားတွဲဆိုင်းအတွက် ထိုင်စီး ၃၉၂ ဦး၊ ရပ်စီး ၂၁၀ ဦး လိုက်ပါစီးနင်းနိုင်ပြီ ဖြစ်ကာ (မ) RBT တွဲဆိုင်းအတွက် ထိုင်စီး ၂၈၇ ဦး၊ ရပ်စီး ၂၇၉ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။

**အင်းစိန်ခုံးကျော်တံတား** - ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက တည်ဆောက်သည့် ရထားလမ်းခုံးကျော်တံတား အမှတ် (၂) အင်းစိန်ကို ဩဂုတ်လ ၁၇ ရက်က စတင်ဖွင့်လှစ်သည်။

တံတားသည် ၇၅ တန် ခံနိုင်ဝန်ရှိပြီး ပင်မတံတား (စော်ဘွားကြီးကုန်း-လှိုင်သာယာ) ၁၅၅၇ ပေ၊ လက်တက်တံတား (ရန်ကုန်-လှိုင်သာယာ) ၆၀၇ ပေ အရှည်ရှိကာ ပင်မတံတားမှာ နှစ်လမ်းသွားစနစ်ဖြစ်သည်။ လက်တက်တံတားမှာ တစ်လမ်းသွားစနစ်ဖြစ်ပြီး နိုင်ငံတော်က ကျပ် ၅,၇၁၅ သန်း အကုန်အကျခံကာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် စတင် တည်ဆောက်ပြီး ဩဂုတ်လ ၁၁ ရက်တွင် ပြီးစီးသည်။

**သဘာဝဘေးအန္တရာယ်ကာကွယ်ရေး** - မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဇွန်၊ ဇူလိုင်လများအတွင်း မုတ်သုံမိုး သည်းထန်စွာရွာသွန်းခဲ့မှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားခဲ့ရာ ထိခိုက်ပျက်စီးမှုပမာဏကြီးမားခဲ့သဖြင့် မူလအခြေ အနေသို့ ပြန်လည်ရောက်ရှိရေးအတွက် နိုင်ငံတော် သမ္မတရုံးက ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်တွင် ကြေညာချက်အမှတ် (၁/၂၀၁၅) ကို ထုတ်ပြန်သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်အရ သဘာဝ ဘေးအန္တရာယ်ကျရောက်သော ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်လည်းကောင်း၊ ထိုကဲ့သို့ ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးကျရောက် ခဲ့သော ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီက ဦးဆောင်၍ လုပ်ငန်းစဉ် (၁) အရ ဘေးမဖြစ်မီ ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန် ဆောင်ရွက်ခြင်း၊

လုပ်ငန်းစဉ် (၂) အရ ဘေးဖြစ်ပွားနေစဉ် ဘေးလွတ်ရာ ရွှေ့ပြောင်းခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ အရေးပေါ် ကယ်ဆယ်ထောက်ပံ့ခြင်းနှင့် လုပ်ငန်းစဉ် (၃) အရ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန်အတွက် ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၃၉ ဒသမ ၀၅၄ ဘီလီယံ သုံးစွဲခဲ့ပြီးဖြစ်သည့်အပြင် ပျက်စီးဆုံးရှုံးမှုများအတွက် စာရင်းပြုစုရရှိမှုအလိုက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ဆက်လက်ခွင့်ပြုပေးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က အမေရိကန်ဒေါ်လာသုံးသန်းနှင့် ဂျပန်နိုင်ငံကလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း ထောက်ပံ့ပေးမည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သဘောတူညီချက်လက်မှတ်ရေးထိုးပြီးဖြစ်ရာ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် ကမ္ဘာ့ဘဏ် (WB) တို့ကလည်း အတိုးမဲ့ချေးငွေများ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ် (WB) မှ ယခင်လွှတ်တော်က ခွင့်ပြုပြီး ချေးငွေများအနက် ငါးရာခိုင်နှုန်းကို ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လွှဲပြောင်းသုံးစွဲရန် အမေရိကန် ဒေါ်လာ ၃၅ သန်းခန့်ကိုလည်း အဆိုပြုချက်ရရှိခဲ့သည်။

**သီလဝါအထူးစီးပွားရေးဇုန်** - ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ကျင်းပသည့် စတုတ္ထအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး၌ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့ ဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးမှုမှ သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန် အစပြုခဲ့သည်။



**သီလဝါအထူးစီးပွားရေးဇုန်တွင်းတစ်နေရာကိုတွေ့ရစဉ်**

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းလွှာကို မြန်မာ-ဂျပန် နှစ်ဖက် လက်မှတ်ရေးထိုးခဲ့သည်။

၂၀၁၃ ခုနှစ်၊ မေလ ၂၅ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန် နားလည်မှုစာချွန်လွှာ MOU ကို မြန်မာ-ဂျပန်နှစ်ဖက် လက်မှတ်ရေးထိုးခဲ့သည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် မြန်မာ-ဂျပန် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းပြီး စီမံကိန်း

အကောင်အထည်ဖော်ရန် သဘောတူစာချုပ်ကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် လက်မှတ်ရေးထိုးခဲ့သည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်စတင်ခြင်းအခမ်းအနားကို သီလဝါအထူးစီးပွားရေးဇုန်တွင် ကျင်းပခဲ့သည်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန်သို့ လာရောက်ရင်းနှီးမြုပ်နှံမည့်သူများအား လုပ်ငန်းခွင့်ပြုမိန့်ပေးအပ်ပွဲအခမ်းအနားကျင်းပခဲ့သည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် အကဲဖြတ်ဆန်းစစ်မှုများ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ ရေဆိုးသန့်စင်မှုများကိုလည်း နိုင်ငံတကာစံနှုန်းများအတိုင်း ထည့်သွင်းတည်ဆောက်ထားသည်။ သဘာဝပတ်ဝန်းကျင်မထိခိုက်စေသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းအများအပြားရရှိစေမည့် စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် စီးပွားရေးလုပ်ငန်းများကို ဦးစားပေးလုပ်ပိုင်ခွင့် ပေးအပ်ထားခြင်းဖြစ်သည်။

လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်၌ နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၇ ခု ရင်းနှီးမြုပ်နှံမှုရရှိထားပြီး အထူးစီးပွားရေးဇုန်ပြီးပါက ကာယဉာဏလုပ်သားပေါင်း နှစ်သိန်းခန့် အလုပ်အကိုင်ရရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များ အောင်မြင်တိုးတက်မှုသည် သီလဝါအထူးစီးပွားရေးဇုန် အောင်မြင်ဖွံ့ဖြိုးမှုနှင့် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိနေသည်။

**ဧရာဝတီတံတား(ထီးချိုင့်)** - ဧရာဝတီတံတား (ထီးချိုင့်) ကို အောက်တိုဘာလ ၂၂ ရက်တွင် ဖွင့်လှစ်သည်။

ဧရာဝတီတံတား (ထီးချိုင့်) သည် ထီးချိုင့်မြို့နှင့် မြတောင်ကျေးရွာတို့ကိုဆက်သွယ်လျက် ဧရာဝတီမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည်။ ၂၀၁၄ ခုနှစ်၊ မေလ ၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ကာ တိုင်းဒေသကြီးရန်ပုံငွေ ကျပ်သန်းပေါင်း ၅၆,၆၆၅ အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ပင်မတံတားအရှည်မှာ ၅၉၃၀ ပေနှင့် ချဉ်းကပ်တံတားနှစ်ဖက်အရှည်ပေ ၁၈၀၀ စုစုပေါင်းတံတားအရှည် ၇၇၃၀ ပေဖြစ်သည်။ တံတားတည်ဆောက်ပြီးစီးခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ကို ကားလမ်းဖြင့် အလွယ်တကူဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

**မြန်မာစင်တာပလာဇာ (ရန်ကုန်)** - မြန်မာစင်တာပလာဇာ (ရန်ကုန်) ပထမအဆင့်ဖွင့်ပွဲကို ဒီဇင်ဘာလ ၅ ရက်တွင် ကျင်းပသည်။

အဆိုပါစီမံကိန်းကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ် ၁၉၂ ရှိ မြေဧရိယာ ၈၈ ဒသမ ၁၃ ဧကပေါ်တွင် တည်ဆောက်ထားပြီး အမေရိကန်ဒေါ်လာ သန်း ၄၄၀ ဖြင့် ရင်းနှီးမြှုပ်နှံထားသည့်စီမံကိန်းဖြစ်သည်။ စီမံကိန်းအဆောက်အအုံ၌ အခန်း ၄၀၀ ကျော်ပါဝင်သော နိုင်ငံတကာကြယ် ၅ ပွင့်အဆင့်ရှိ ဟိုတယ်၊ Commercial Centre နှင့် ရုံးအဆောက်အအုံများ ပါဝင်သည်။

ယင်းစီမံကိန်းကို ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ဗီယက်နမ်နိုင်ငံ Hoang Anh Gia Lai Myanmar Co.,Ltd တို့က ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် BOT စာချုပ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ပထမအဆင့် Phase-1 တည်ဆောက်မှုကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် ပန္နက်တင်ပြီး စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် နှစ်လယ်တွင် ပြီးစီးရန်လျာထားခဲ့သော်လည်း သတ်မှတ်ကာလထက် စောစီးစွာဖွင့်လှစ်နိုင်ခဲ့သည်။

**အမှတ်(၂) အင်းစိန်ရထားလမ်းခုံးကျော်တံတား** - အမှတ် (၂) အင်းစိန်ရထားလမ်းခုံးကျော်တံတားကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဦးဆောင်ကြီးကြပ်ပြီး မြန်မာရွှေသရဖူကုမ္ပဏီ

လီမိတက်က တာဝန်ယူ၍ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့သည်။ တံတားကုန်ကျစရိတ်မှာ ငွေကျပ်သန်းပေါင်း ၅,၇၁၅ သန်း ဖြစ်သည်။

အဆိုပါတံတားသည် လှိုင်မြစ်လမ်းပေါ်ရှိ ယခင်အင်းစိန်ခုံးကျော်တံတားဟောင်းနှင့်အပြိုင် ငါးပေအကွာတွင် တည်ဆောက်ထားကာ ပင်မတံတားအရှည်မှာ ၁၅၅၇ ပေ ရှိပြီး ဗဟိုလမ်းအတိုင်း ခွဲထွက်သွားသည့် လက်တက်ပွားတံတားအရှည်မှာ ၆၀၃ ပေ ရှိသည်။ တံတားအမျိုးအစားမှာ အုတ်မြစ်အမျိုးအစားဖြစ်ကာ တံတားအောက်ထည်မှာ သံကူကွန်ကရစ်နှင့် အပေါ်ထည်မှာ ကြိုတင်အားဖြည့်ကွန်ကရစ်တံတားပေါင်များနှင့် စတီးလ်ဘောက်ကာတာများကို အသုံးပြုထားသည်။

လှိုင်မြစ်လမ်းနှင့်အပြိုင် အောက်မင်္ဂလာဒုံလမ်း၊ ဗဟိုလမ်းနှင့် ရထားသံလမ်းတို့ကိုဖြတ်ကာ တည်ဆောက်ထားပြီး ပင်မနှစ်လမ်းသွားဖြစ်ကာ ဗဟိုလမ်းအတိုင်း ရန်ကုန်မြို့တွင်းဘက်သို့ခွဲထွက်ထားသည့် လက်တက်ပွားလမ်းမှာ တစ်လမ်းသွားအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။

တံတားအကျယ်မှာ လှိုင်သာယာဘက်မှ စော်ဘွားကြီးကုန်းဘက်သို့သွားသည့်ပင်မနှစ်လမ်းသွားမှာ ၃၄ ပေနှင့် ရန်ကုန်ဘက်မှ ခွဲထွက်သွားသည့် လက်တက်ပွားတစ်လမ်းသွားမှာ ၂၂ ပေ ရှိကာ ခံနိုင်ဝန်မှာ ၇၅ တန်အထိ သတ်မှတ်ထားပြီး ကားလမ်းကင်းလွတ်ခွင့် အမြင့်ပေ ၁၈ ပေ ၈ လက်မ (ဗဟိုလမ်း)၊ (အောက်မင်္ဂလာဒုံလမ်း) တွင် ၁၉ ပေ ၁၀ လက်မနှင့် ရထားလမ်း ကင်းလွတ်ခွင့်မှာ ပေ ၂၀ ကျော် အမြင့်အထိ တည်ဆောက်ထားသည်။

**မြန်မာ-ထိုင်း ချစ်ကြည်ရေးလမ်းသစ်** - ကရင်ပြည်နယ်ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေး ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီလမ်း လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ်လ ၃၀ ရက်တွင် ကျင်းပသည်။

ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီလမ်းပိုင်းမှာ ၁၆ မိုင် ၆ ဖာလုံ အရှည်ရှိပြီး ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်မှ စတင်ကာ ထိုင်းနိုင်ငံအကူအညီဖြင့် ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ပြီးစီးကာ ထိုင်းဘတ်ငွေ ၁,၁၆၆ သန်း အသုံးပြု၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**ဆေးတက္ကသိုလ် (တောင်ကြီး)** - မြန်မာနိုင်ငံ၏ ပဉ္စမမြောက် ဆေးတက္ကသိုလ်တစ်ခုဖြစ်သော တောင်ကြီးဆေးတက္ကသိုလ်ကို အောက်တိုဘာလ ၃ ရက်တွင် ဖွင့်လှစ်သည်။

ဆေးတက္ကသိုလ် (တောင်ကြီး) သည် နိုင်ငံ့ဘဏ္ဍာငွေ ကျပ် ၁၄ ဘီလီယံအသုံးပြု၍ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် သင်တန်းသားများ စတင်လက်ခံသင်ကြားနိုင်မည်ဖြစ်သည်။

ဆေးတက္ကသိုလ် (တောင်ကြီး) သည် အကျယ်အဝန်း မြေဧရိယာ ၄၆ ဧကပေါ်တွင် တည်ဆောက်ထားသည့် သုံးထပ်အဆောက်အအုံဖြစ်ပြီး သုံးထပ်ပင်မဆောင်၊ သင်ကြားရေးဆောင်၊ စာသင်ဆောင်၊ အမှုထမ်းအိမ်ရာ၊ အရာထမ်းအိမ်ရာ၊ ပါမောက္ခချုပ်နေအိမ်၊ အရာထမ်းဆောင်၊ Lecture Theatre၊ စားသောက်ဆိုင်၊ ကျောင်းသူအိပ်ဆောင်၊ ကျောင်းသားအိပ်ဆောင်၊ဧည့်ရိပ်သာ၊ ဒုတိယပါမောက္ခချုပ်နေအိမ်၊ စာကြည့်တိုက်၊ E-Language Lab၊ E-Library တို့ ပါဝင်သည်။

**ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်)** - ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်)ကို နိုဝင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်သည်။

အဆိုပါ တိုင်းရင်းဆေးရုံကြီးသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် တည်ရှိပြီး ပြည်ထောင်စုရန်ပုံငွေကျပ် ၉၁၈ ဒသမ ၁၇ သန်း အကုန်ကျခံ တည်ဆောက်ခဲ့ကာ အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေ၊ အမြင့် ၂၄ ပေရှိသည့် သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်သည်။

တိုင်းရင်းဆေးရုံကြီး (နေပြည်တော်) တွင် ပဉ္စကမ္မကုသခန်း၊ အပ်စိုက်ကုသခန်း၊ ပေါင်းချွေးခန်း၊ အနာပေါက်ကုသဌာန၊ အရိုး၊ အကြောအဆစ်ကုသဌာန၊ မီးယပ်ကုသဌာန၊ ကလေးရောဂါကုသဌာန၊ အထွေထွေရောဂါကုသဌာနတို့ ပါဝင်သည်။

**အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း** - လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ် (၁) တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်ခဲ့သည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် စတင်ဖွင့်လှစ်သည်။

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်သုံးပွင့်ဆိုင်ဆုံရာအနီး နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ စူးစမ်းလေ့လာမှု၊ ဒီဇိုင်းဖော်ထုတ်ရေးဆွဲမှုများကို ၂၀၀၂ ခုနှစ်က ဂျပန်နိုင်ငံ KAN -SAI Electric Power ကုမ္ပဏီမှ အင်ဂျင်နီယာများနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ ပူးပေါင်းကွင်းဆင်းလေ့လာခဲ့ပြီး ပဏာမအစီရင်ခံစာပြုစုခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering ကုမ္ပဏီမှ ပညာရှင်များ ကွင်းဆင်းလေ့လာချက်များပေါ်အခြေခံ၍ ပဏာမဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာ တင်သွင်းပြီးနောက် နိုင်ငံတော်၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုဖြင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၎င်းစီမံကိန်းတွင် အဓိကတည်ဆောက်မှု ပင်မတမံနှင့် ရေအားအဆောက်အအုံများ၊ ရေအားပေးစက်ရုံများ ပါဝင်သည်။ အလျားပေ ၁၆၉၀၊ အမြင့် ၃၂၂ ပေရှိ RCC အမျိုးအစားပင်မတမံတည်ဆောက်ခြင်း လုပ်ငန်းများသည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်တွင် ပြီးစီးခဲ့သည်။ ပင်မတမံ၏အောက်ခြေတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ထားပြီး ယင်းဓာတ်အားပေးစက်ရုံ၌ ဖရန်စစ်တာဘိုင်အမျိုးအစား မဂ္ဂါဝပ် ၇၀ စီရှိ ဓာတ်အားထုတ်လုပ်သည့် စက်နှစ်လုံးတပ်ဆင်ထားသည်။

ယင်းစက်နှစ်လုံးမှ ထွက်ရှိလာသော ဓာတ်အားစုစုပေါင်း မဂ္ဂါဝပ် ၁၄၀ ကို နိုင်ငံတော်မဟာဓာတ်အားလိုင်းသို့ ၂၀၁၄ ခုနှစ်တွင် ပို့လွှတ်ပေးထားပြီးဖြစ်သည်။ ဓာတ်အားမဂ္ဂါဝပ် ၁၄၀ မှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားပျမ်းမျှကီလိုဝပ် နာရီ ၄၅၄ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ အောက်ဘက်၌ တည်ဆောက်ထားသည့် ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ တစ်နှစ်ပျမ်းမျှလျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီ ၉၁၁ သန်းမှ ကီလိုဝပ်နာရီ ၉၄၃ သန်းထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

**ဗုဒ္ဓစာပေများကို ကမ္ဘာတစ်ဝန်းသို့ ဖြန့်ဝေခြင်း။** ။ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ပြည်ပသာသနာပြုဌာနခွဲ၊ ကမ္ဘာအေးသုတေသနစာကြည့်တိုက်၌ ၂၁-၇-၂၀၁၅ ရက် (အင်္ဂါနေ့) တွင် e-library ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) တို့မှ ပါမောက္ခချုပ်၊ သင်ကြား/စီမံ ဆရာတော်များ၊ ရန်ကုန်မြို့ရှိ စာသင်တိုက်ကြီးများမှ ပဓာနနာယကဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မဟာဓမ္မပါလအသင်းမှ အလှူရှင်များ၊ ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားပထမပိုင်းအဖြစ် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဒုတိယပိုင်းအဖြစ် ကြွရောက်တော်မူလာကြသည့် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက ဩဝါဒကထာမြွက်ကြားခြင်း၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

ဦးစိုးဝင်းက e-library ဖွင့်ပွဲ၊ website ထုတ်လွှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ မဟာဓမ္မပါလ အသင်းဥက္ကဋ္ဌ ဦးမြင့်ဦးက e-library ဖြစ်မြောက်ရေး အတွက် လှူဒါန်းမှုနှင့်လုပ်ငန်းဆောင်ရွက်ခဲ့ပုံများကို တင်ပြပြောကြားခြင်း၊ ပါဠိတော်ကျမ်းစာအုပ်များနှင့် e-book tablet များလှူဒါန်းခြင်း၊ အခမ်းအနားမှူး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန တွဲဖက်ပါမောက္ခ ဦးစံသင်းလှိုင်က ဇယမင်္ဂလာအောင်သြဘာစာဖတ်ကြားခြင်းတို့ကို အသီးသီးဆောင်ရွက်ကြပြီး သာဓုအနုမောဒနာခေါ်ဆို ခဲ့ကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မြန်မာနိုင်ငံတွင် ဆဋ္ဌသံဂါယနာပွဲကြီးအောင်မြင်စွာ ဆင်နွှဲကျင်းပခဲ့ပြီး ၁၉၅၄ ခုနှစ်နောက်ပိုင်း ပိဋကတ် သုံးသွယ် နိကာယ်ငါးရပ်ကျမ်းစာအုပ်များကို ဆဋ္ဌသံဂါ ယနာတင်မူအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ယင်းဆဋ္ဌ သံဂါယနာမူကျမ်းစာများမှာ နှစ်ပေါင်း (၆၀) ကျော် ကာလရောက်ရှိလာပြီဖြစ်သည့်အလျောက် ယိုယွင်း ပျက်စီးမှုများရှိလာရာ ယခင်ခဲစာလုံးမူမှ ယခု ကွန်ပျူတာ စာလုံးမူသို့ ပြုပြင်ရိုက်နှိပ်နိုင်ရန် ရွှေသုဝဏ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သဒ္ဒိယမထေရ်မြတ်ဦးဆောင်သော ဗုဒ္ဓစာပေအဖွဲ့က စီစဉ်ဆောင်ရွက်ခဲ့သည်။

ယခင် ဆဋ္ဌသံဂါယနာမူအတိုင်း တစ်လုံး တစ်ပါဒမျှ ကွဲလွဲမှုမရှိစေဘဲ မူလစာမျက်နှာ၊ မူလစာပိုဒ်၊ မူလစာကြောင်းအတိုင်း ကွန်ပျူတာဖြင့်စာစီပြီး ပါဠိ ပညာရှင်ဆရာကြီးများက (၁၀) ကြိမ်တိုင်တိုင် တိုက်ဆိုင်စစ်ဆေးမှုပြုလုပ်ကာ ပုံနှိပ်ရိုက်နှိပ်ခဲ့သည်။ ပါဠိတော် ၁၅ အုပ်မြောက်အထိ ရိုက်နှိပ်ချုပ်လုပ်ပြီး ဖြစ်၍ ဤအခမ်းအနားတွင် ဆရာတော်ကြီးများအား လှူဒါန်းခဲ့သည်။ ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပါဠိတော် အုပ်ရေ ၄၀ လုံးပြီးစီးရန် မျှော်မှန်းဆောင်ရွက်ခဲ့သည်။ ရွှေသုဝဏ်ဆရာတော်၏ ဗုဒ္ဓစာပေအဖွဲ့က ပညာရှင်၊ အလှူရှင်များဖြင့် စီမံဆောင်ရွက်ခြင်းဖြစ်သည်။

ရွှေသုဝဏ်ဆရာတော်ဦးစီးသော ဗုဒ္ဓစာပေအဖွဲ့၊ သာသနာရေးဝန်ကြီးဌာန၊ မဟာဓမ္မပါလအသင်းတို့သည် ဤ e-library ဖွင့်လှစ်နိုင်ရေးလုပ်ငန်းစဉ်တွင် ကျွန်းကိုင်းမှီကိုင်းကျွန်းမှီ အချင်းချင်းအညမညဓမ္မ သဟာယအဖွဲ့အစည်းများ ဖြစ်ကြသည်။ သာသနာရေး ဝန်ကြီးဌာနသည် နိုင်ငံတော်က မူဝါဒချမှတ်ဖော်ဆောင် လျက်ရှိသော e-Government လုပ်ငန်းစဉ်၏ အစိတ် အပိုင်းတစ်ခုအဖြစ် ကမ္ဘာအေးကုန်းမြေရှိ သုတေသန စာကြည့်တိုက်ကို ရဟန်းရှင်လူပြည်သူများ ပြည်တွင်း ပြည်ပကမ္ဘာသို့တိုင်အောင် online ပေါ်တွင် ဗုဒ္ဓ စာပေများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် e-library အဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မဟာဓမ္မပါလအသင်းမှ ကွန်ပျူတာကျွမ်းကျင်သူ ဝန်ထမ်း ၁၀ ဦးကို နေ့စဉ်စေလွှတ်ပြီး သာသနာရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်းညှိနှိုင်းကာ ၁၆-၁၀-၂၀၁၄ ရက်မှစ၍ Book Drive Pro စက်ဖြင့် scan ဖတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ဆဋ္ဌ သံဂါယနာမူပါဠိတော်အုပ်ရေ ၄၀၊ အဋ္ဌကထာ ၅၁ အုပ်၊ ဋီကာ ၂၆ အုပ်၊ နိဿယ ၈ အုပ်၊ မြန်မာပြန် ၃၁ အုပ်၊ ပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာပြန် ၂၂ အုပ်၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ၂၃ အုပ် အပါအဝင် တန်ဖိုး မဖြတ်နိုင်သော ဗုဒ္ဓစာပေမျိုးစုံစာအုပ်များကို e-book အဖြစ် ပြောင်းလဲခဲ့ရာ စာအုပ်ပေါင်း ၁၀၀၀ ကျော်၊ စာမျက်နှာပေါင်း ၃၈၀,၀၀၀ ကျော် အပြီးအစီးဆောင်ရွက် နိုင်သည့်အချိန်တွင် e-library ကို ဖွင့်လှစ်ခြင်း ဖြစ်သည်။

ယခုအခါ ဤကမ္ဘာအေးသုတေသနစာကြည့်တိုက် e-library မှ ဌာန၏ website ဖြစ်သော www.KBRL.gov.mm ဖြင့် ထုတ်လွှင့်လျက်ရှိရာ မြန်မာနိုင်ငံမှသာမက ကမ္ဘာ့ဒေသအသီးသီးကပါ ရဟန်းရှင်လူပြည်သူအားလုံး online မှတစ်ဆင့် စိတ်တိုင်းကျလေ့လာဖတ်ရှုနိုင်ပြီး လိုအပ်သောကျမ်းစာများကို Download ရယူနိုင်ပြီဖြစ်သည်။

ထို့ပြင် e-book အဖြစ် ပြောင်းလဲထားရှိသော စာများသည် စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက် ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အားလျော်စွာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ လှူဒါန်းမှုဖြင့် ကိုယ်ပိုင် Server computer ဝယ်ယူ၍ e-book data များကို ရေရှည်ထိန်းသိမ်းထားနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ရဟန်းရှင်လူ ပြည်သူများ ဤစာကြည့်တိုက်သို့ လာရောက်၍

လွယ်လင့်တကူ ကိုယ်တိုင်ဖတ်ရှုမှတ်တမ်းရယူနိုင်ရန် အတွက် ကွန်ပျူတာအလုံး ၂၀ ကိုလည်း ဖြည့်ဆည်း ထားပြီးဖြစ်သည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) စာကြည့်တိုက် များရှိ တန်ဖိုးမဖြတ်နိုင်သော ပါဠိ၊ မြန်မာ၊ အင်္ဂလိပ် စာအုပ်များကို e-book အဖြစ် ပြုစု၍ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ထင်ရှားကျော်ကြားသော တရားဟော ဓမ္မကထိက ဆရာတော်ကြီးများ၏ ရုပ်သံဖိုင်တရားတော် များကိုလည်း website ထုတ်လွှင့်နိုင်ရေးစီမံ ဆောင်ရွက် သွားမည်ဖြစ်သည်။

## ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ (၂၀၁၅)။

။ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာ ဓုရပဋိပတ္တိဝန်ဆောင်ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ် များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို နှစ်စဉ်ဆက်ကပ်လှူဒါန်းအပ်နှင်းသည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဖြစ်သည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်၊ ဓမ္မကထိက ဗဟုဇန ဟိတဓရဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ် တော်၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊ မဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့ တံဆိပ်တော်၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာသိရီသုဓမ္မ မဏိဇောတဓရဘွဲ့တံဆိပ်၊ အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီဘွဲ့ တံဆိပ်၊ သိရီသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်၊ သီဟသုဓမ္မ မဏိဇောတဓရဘွဲ့တံဆိပ်၊ သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်၊ သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်၊ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ပြည်တွင်း ပြည်ပဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များ၏အမည်နှင့်ဘွဲ့အမည်များကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက ဇန်နဝါရီလ ၄ ရက် (၆၇) နှစ်မြောက် လွတ်လပ်ရေး နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅) ဖြင့် ထုတ်ပြန်ကြေညာသည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ပြည်တွင်း ပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များတွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးငါးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံရသော မြန်မာနိုင်ငံမှ ဆရာတော်ကြီး ၁၂ ပါး၊ ထိုင်းနိုင်ငံမှ နှစ်ပါး၊ စုစုပေါင်း ၁၄ ပါး၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးတစ်ပါး၊ ဓမ္မကထိကဗဟုဇန ဟိတဓရဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံရသော မြန်မာနိုင်ငံမှ ဆရာတော်ကြီး ၁၂ ပါး၊ ဗြိတိန်နိုင်ငံမှ တစ်ပါး၊ သီလရှင်ဆရာကြီး နှစ်ပါး စုစုပေါင်း ၁၅ ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးကိုးပါးနှင့် သီလရှင်ဆရာကြီး တစ်ပါး စုစုပေါင်း ၁၀ ပါး၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၉ ပါး၊ သီလရှင်ဆရာကြီးသုံးပါး စုစုပေါင်း ၂၂ ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မြန်မာနိုင်ငံမှ ဆရာတော်ကြီး ၁၈ ပါး၊ ထိုင်းနိုင်ငံမှတစ်ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတစ်ပါး၊ အမေရိကန်နိုင်ငံမှ နှစ်ပါး၊ ဗြိတိန်နိုင်ငံမှတစ်ပါး စုစုပေါင်း ၂၃ ပါး၊ မဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း

ခံရသော မြန်မာနိုင်ငံမှ ဆရာတော်ကြီးအပါး ၂၀၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တစ်ပါး၊ မြန်မာနိုင်ငံမှ သီလရှင်ဆရာကြီးသုံးပါး စုစုပေါင်း ၂၄ ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မြန်မာနိုင်ငံမှ ဆရာတော်ကြီး ၂၅ ပါး၊ ကမ္ဘောဒီးယားနိုင်ငံမှတစ်ပါး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှသုံးပါး၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့မှ တစ်ပါးစီ၊ မြန်မာနိုင်ငံမှ သီလရှင်ဆရာကြီးလေးပါး၊ လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၃၆ ပါးနှင့်တစ်ဦး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးလေးပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးသုံးပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးသုံးပါး၊ အဂ္ဂမဟာသိရီသုဓမ္မဇောတိကဓဇဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး၊ အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်ငါးဦး၊ သိရီသုဓမ္မဇောတိကဓဇဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်သုံးဦး၊ သိရီသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်လေးဦး၊ သုဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်ငါးဦး၊ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ၁၆ ဦး၊ စုစုပေါင်း ပြည်တွင်းပြည်ပဆရာတော်ကြီး ၁၅၃ ပါး၊ သီလရှင်ဆရာကြီး ၁၃ ပါးနှင့် ပြည်တွင်းပြည်ပ လူပုဂ္ဂိုလ် ၄၁ ဦးတို့ပါဝင်သည်။

## မန္တလေးမြို့တည်နန်းတည်သတ္တဋ္ဌာနသမိုင်းမော်ကွန်း။

။ ကုန်းဘောင်မင်းဆက်တွင် ထင်ရှားသော ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းသည် ရတနာပုံမန္တလေးနေပြည်တော်ကို ပုံဖော်တည်ဆောက်ရာ၌ သာသနာပိုင်ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ သတ္တဋ္ဌာနခုနစ်ဌာနကို တစ်ပြိုင်နက်တည်း ပန္နက်တင်၍ ပုံဖော်တည်ဆောက်ခဲ့သည်။ မန္တလေးမြို့တည် နန်းတည်နှစ်အဖြစ် မြန်မာသက္ကရာဇ် ၁၂၂၁ ကို ရည်ညွှန်းကာ "အုတ်ကျစ်ကျော်အေးမန္တလေး" ဟု အဆိုရှိသည်။



(၁) နန်းမြို့ရိုး၊ (၂) ကျုံးတော်၊ (၃) အတုမရှိကျောင်းတော်ကြီး၊ (၄) ကုသိုလ်တော်ဘုရား၊ (၅) ပိဋကတ်တိုက်တော်ကြီး၊ (၆) ပဋ္ဌာန်းဟောရွှေသိမ်တော်ကြီး၊ (၇) သုဓမ္မာဇရပ်တော်ဟူ၍ ခုနစ်ဌာနရှိရာတွင် (၁) နန်းမြို့ရိုး၊ (၂) ကျုံးတော်၊ (၃) အတုမရှိကျောင်းတော်ကြီးနှင့် (၄) ကုသိုလ်တော်ဘုရားတို့ကို ခေတ်အဆက်ဆက်သမိုင်းပေး လက်ဆင့်ကမ်းထမ်းဆောင်ခဲ့ကြသည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်သူများက ဘက်စုံပြုပြင်မွမ်းမံပြန်လည်တည်ဆောက်ခဲ့ကြသဖြင့် ဤလေးဌာနသည် ယခုတိုင် ရှိနေပြီးဖြစ်သည်။

ကျန်ရှိနေသော သုံးဌာနတို့ကို မင်းတုန်းမင်းတရားကြီး မြန်မာ့အမွေ ထွန်းသစ်စေခဲ့သော မြန်မာ့ဗိသုကာပညာလက်ရာများအတိုင်း သမိုင်းအစဉ်အလာထာဝရတည်တံ့ရှင်သန်စေရန် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ ဖြစ်တော်မူကြသော ရွှေကျင်နိကာယသာသနာပိုင် ဝါဆိုဆရာတော်၊ မြတောင်ဆရာတော်၊ မိုးထိဆရာတော်နှင့် ရွှေကျင်နိကာယတွဲဖက်သာသနာပိုင် သီတဂူဆရာတော်တို့၏ ဩဝါဒလမ်းညွှန်ချက်နှင့်အညီ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြန်မာဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်နှင့်အဖွဲ့က စနစ်တကျ တာဝန်ယူတည်ဆောက်ခဲ့ကြသည်။

မန္တလေးမြို့မှ စေတနာသဒ္ဓါထက်သန်လှစွာသော သိရီသုဓမ္မဇောတိကဓဇ ဒေါက်တာဦးကျော်ဝင်းနှင့်ဇနီး သုဓမ္မသိင်္ဂီဒေါ်မြင့်မြင့်သန်း မန်းမြေရာဇာကုမ္ပဏီသားသမီးမြေးမြစ်သားစုတို့က ကုန်ကျမှုအဝဝတာဝန်ယူတည်ဆောက်ခဲ့ကြရာတွင် ကျပ်သိန်းငါးသောင်းကျော်အလှူတော်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ကျန်ရှိနေသော သုံးဌာနအပါအဝင် အောက်ဖော်ပြပါ သာသနိကအဆောက်အအုံများ ကြွားကြွားဝင့်ဝင့် ငွားငွားစွင့်စွင့် ပေါ်ထွန်းခဲ့သည် -

(၁) ပိဋကတ်တိုက်တော်ကြီးနှင့် ပိဋကတ်အုတ်ကျောင်းတော်ကြီး၊

(၂) မဟာပဋ္ဌာန်းဟော ရွှေသိမ်တော်ကြီးနှင့် အဝင်မုခ်ဦး၊

(၃) သုဓမ္မာဇရပ်တော်ကြီးနှင့် အဝင်မုခ်ဦး၊
(၄) သုဓမ္မာရွှေကျောင်းတော်ကြီးနှင့် အဝင်မုခ်ဦး၊
(၅) မန္တလေးမြို့တည် နန်းတည် မင်းတုန်းမင်းတရားကြီးနှင့် မြောက်နန်းစံမိဖုရားကြီးတို့၏ ဗိမာန်တော်ကြီးနှင့် အဝင်မုခ်ဦး၊
(၆) မန္တလေးမြို့တည် နန်းတည်အထိမ်းအမှတ် ရတနာပုံမုခ်ဦးကြီး၊
(၇) မန္တလေးမြို့တည် နန်းတည်ရတနာပုံကျောက်စာတိုင်နှင့် အဝင်မုခ်ဦး၊
(၈) ကျောက်တော်ကြီးဘုရား၏ ထောင့်သုံးထောင့်ရှိ ဗောဓိပင်နှင့် ရွှေပလ္လင်များ၊
(၉) အဆောက်အအုံများကို မုခ်ဦး၊ မုခ်တိုင်များ၊ သံပန်းသံတံခါးများ နှစ်ထပ်ကာရံခြင်း၊ ဥယျာဉ်ပန်းမန်များ

အဆိုပါ ရတနာပုံမုခ်ဦးကြီးနှင့် အဆောက်အအုံများဖွင့်လှစ်ခြင်း၊ ရေစက်ချလှူဒါန်းခြင်း အခမ်းအနားကို ၂၉-၃-၂၀၁၅ (တနင်္ဂနွေနေ့) က ကျင်းပခဲ့ရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး အမှူးပြုသော နိုင်ငံတော်အဆင့်အကြီးအကဲများ၊ မန္တလေးတိုင်းဒေသကြီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်မိသားစုနှင့်တကွ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**ဝေရောစနကျောက်စိမ်းစေတီတော်** - ၂၀၁၅ ခုနှစ်တွင်းတွင် ပုဂ္ဂလိကအလှူရှင်မိသားစုတစ်ခု၏ အလှူဒါနအနေဖြင့် ထူးခြားထင်ရှားသော ကျောက်စိမ်းစေတီတော်တစ်ဆူပေါ်ထွက်လာခဲ့သည်။ ကမ္ဘာ့အံ့ဖွယ် ကျောက်စိမ်းစေတီတော်မြတ်ကြီးကို အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့သဖြင့် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် ရွှေထီးတော်တင်နှင့်ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကြီးကို ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပနိုင်ခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရွှေသုဝဏ်ဆရာတော် ဘဒ္ဒန္တသဒ္ဒိယအရှင်မြတ်က စေတီတော်မြတ်ကြီးကို **“ဝေရောစနကျောက်စိမ်းစေတီတော်”** ဟူသော ဘွဲ့နာမဖြင့် တင်သကော်ရော်ပူဇော်တော်မူခဲ့သည်။ နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးကောင်းမွန်သည့် ကျောက်စိမ်းသက်သက်ဖြင့် တည်ထားအပ်သော စေတီတော်မြတ်ကြီးဖြစ်၍ “ကမ္ဘာ့အံ့ဖွယ်”ဟု ဆိုရခြင်းဖြစ်သည်။

ဤဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး တည်ထားပူဇော်ရာ၌ မြတ်ဗုဒ္ဓသာသနာတော်အစွန့်ရှည်တည်တံ့ပြန့်ပွားစေရန်၊ ကမ္ဘာပေါ်တွင် အရည်အသွေး အကောင်းဆုံးကျောက်စိမ်းများထွက်ရှိရာ နိုင်ငံအဖြစ် အနာဂတ်မြန်မာနိုင်ငံအတွက် အထင်ကရ ပြယုဂ်တစ်ခုအနေဖြင့် တည်ရှိစေရန်၊ ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်ဝင်စားမှုကို အခြေခံ၍ ကမ္ဘာသူ ကမ္ဘာသားများ ဗုဒ္ဓဘာသာဘက် မျက်နှာမူဦးညွှတ်လာစေရန်ဟူသော ရည်ရွယ်ချက်များ ထားရှိခဲ့ပေသည်။ မ, တည် ဘုရားဒါယကာ၊ ဘုရားဒါယိကာမတို့မှာ သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးနိုင်၊ ဒေါ်အေးအေးခိုင် (အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီ) မိသားစု ဖြစ်၏။ ကျောက်စိမ်းစေတီတော်မြတ်ကြီး တည်ထားပူဇော်နိုင်ရန် ၂၅ နှစ်ကျော်ကာလတိုင်အောင် ကျောက်စိမ်းများကို စုဆောင်းခဲ့သည်။ စေတီတော်မြတ်ကြီး တည်ထားပူဇော်သောအခါ နိုင်ငံတကာ ကျောက်စိမ်းဈေးကွက်ဝင် အရည်အသွေးစံချိန်မီ အေ၊ ဘီ၊ စီ၊ ဒီ အဆင့်ရှိ ကျောက်စိမ်းတန်ချိန် တစ်ထောင်ကျော်ကို အသုံးပြုထားခြင်းဖြစ်သည်။

စေတီတော်မြတ်ကြီးသည် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမှူးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၂၈)၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင် (၃၆၁) အနောက်ဘက်ပေ(၆၀၀) ခန့်နှင့် စစ်ကိုင်း-မြစ်ငယ်ကားလမ်း၏ မိုင်တိုင် (၄/၇) တောင်ဘက်ပေ(၁၀၀၀)ခန့်အကွာတွင် တည်ရှိသည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအထက် (၉) ပေ မြင့်ပြီး (၅) ဧကအကျယ်အဝန်းရှိ ကုန်းမြေပေါ်တွင် တည်ထားခြင်းဖြစ်သည်။ ဦးစိုးနိုင်၊ ဒေါ်အေးအေးခိုင် (အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီမိသားစု)တို့သည် ဘုရားဒါယကာ၊ ဘုရားဒါယိကာမ ဖြစ်ရုံမျှမက ဘုရားဝတ္တကမြေ အလှူရှင်များလည်း ဖြစ်သည်။

ဘုရားစေတီတည်ထားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ မြေသန့်မဟာမင်္ဂလာ၊



**ဝေရောစနကျောက်စိမ်းစေတီတော်**

ပန္နက်တော်တင်နှင့်တွင်းတော်ဝန်းမဟာမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီမဟာမင်္ဂလာ၊ သတ္တဌာနမူလ ဌာပနာတော်သွင်းမဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းမဟာမင်္ဂလာ၊ ပန်းလည်တိုင်စိုက်ထူခြင်းမဟာမင်္ဂလာ၊ အထက်ဌာပနာတော်သွင်းမဟာမင်္ဂလာ၊ ရွှေထီးတော်တင်မဟာမင်္ဂလာ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာဟူသည့် မဟာမင်္ဂလာ (၉) ခန်းဖြင့် ဆင်မြန်းတည်ထားလေ့ရှိသည်။

ဤဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီးကို ၂၁-၁၂-၂၀၁၂ ရက်တွင် မြေသန့်မဟာမင်္ဂလာအခမ်းအနား ကျင်းပပြီး ၂၃-၁၂-၂၀၁၂ ရက်တွင် ပန္နက်တော်တင်နှင့်တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားကျင်းပကာ စတင်တည်ထားခဲ့သည်။ ထို့နောက်၌ ရတနာအုတ်မြစ်တော်စီမဟာမင်္ဂလာအခမ်းအနားမှသည် အထက်ဌာပနာတော်သွင်းမဟာမင်္ဂလာအခမ်းအနားအထိ အခမ်းအနားများကို ကျောက်စိမ်းသက်သက်ဖြင့် တည်ထားမှုနှင့် အဆင်ပြေချောမွေ့စေရန် အကျဉ်းနည်းဖြင့် အဆင့်ဆင့်စီမံဆောင်ရွက်ခဲ့သည်။

ကျောက်စိမ်းစေတီတော် ကမ္ဘာတည်သရွေ့ တည်ရှိရေးရှေးရှု၍ ငလျင်၊ မိုးနှင့် လေဒဏ်များ ခံနိုင်စေရန် ကမ္ဘာ့နောက်ဆုံးပေါ် တည်ဆောက်ရေးနည်းစနစ်ဖြစ်သည့် ဘိုးပိုင်စနစ် နှင့်အတူ သံကူကွန်ကရစ်၊ အဆင့်မြင့်သံမဏိစတီးများဖြင့် အမာခံ ရယူတည်ဆောက်ထားသည်။ အုတ်တစ်ချပ်မျှ ပါဝင်ခြင်းမရှိသည့်အပြင် ကျောက်စိမ်းတွင်လည်း အရိုင်းတုံးများ မပါခဲ့ပေ။ နိုင်ငံတကာကျောက်စိမ်း ဈေးကွက်ဝင် အရည်အသွေးစံချိန်မီ အေ၊ ဘီ၊ စီ၊ ဒီ အဆင့်ရှိကျောက်စိမ်းသက်သက်ကို အသုံးပြု၍ တည်ထားခြင်းဖြစ်သည်။

မုခ်ဦးလေးခုအပါအဝင် လှေကားလေးဖက်၊ မကာန်း၊ သရက်ကင်းများ၊ စိန်တောင်များနှင့် စေတီတော်ကြီးတစ်ဆူလုံးကို ကျောက်စိမ်းနှင့် မြန်မာမှုအနုပညာလက်ရာများဖြင့် ပေါင်းစပ်ဖန်တီးထားသည်။ မြန်မာမှုလက်ရာပိုင်းတွင် မြန်မာမှုပညာရှင်များကတာဝန်ယူထုလုပ်ထားခြင်းဖြစ်ပြီး စေတီတော်ကြီးပတ်လည်တွင် နှစ်လက်မပတ်လည်အရွယ်အစားရှိ ကျောက်စိမ်းဆင်းတုတော်ပေါင်း သုံးသောင်းကပ်လှူပူဇော်ထားသည်။ ထို့ပြင် မုခ်ဦးလေးခုရှိ တံကဲဥယျာဉ်၊ ဥကင်တော်ဥယျာဉ်တို့ရှိ တုရင်ဗိမာန်တွင် မြတ်ဗုဒ္ဓဖွားမြင်တော်မူခန်း၊ ပွင့်တော်မူခန်း၊ ဓမ္မစကြာတရားဦးဟောတော်မူခန်းနှင့် ပရိနိဗ္ဗာန်စံတော်မူခန်းတို့ကို ထုလုပ်ထည့်သွင်းပူဇော်ထားသည်။

ထို့အတူ စေတီတော်ပတ်လည်တွင် ပါရမီတော် (၁၀)ပါး ကျောက်စိမ်းစာလုံးများ၊ ပန်းတင်ခုံနံရံအထက်တွင် အောင်ခြင်း(၈)ပါး အောင်တော်မူခန်း

များ၊ ဇာတ်ကြီး(၁၀)ဘွဲ့၊ နိပါတ်တော်ကျောက်စိမ်း ပန်းပုရုပ်တုများကိုလည်း ထုလုပ်ပူဇော်ထားပြီး အရှေ့ဘက်အထက်ပစ္စယံတွင် ကျောက်စိမ်းဆင်းတုတော်တစ်ဆူကိုလည်းကောင်း၊ ပထမ၊ ဒုတိယ၊ တတိယ ပစ္စယံတို့တွင် ဗောဓိပင်နှင့်ဘူမိဖဿမုဒြာ၊ ဈာနမုဒြာ၊ သန္တိဒမုဒြာ၊ အဘယမုဒြာ၊ စီဝရဟတ္ထမုဒြာ ဗုဒ္ဓရုပ်ပွားတော်များကိုလည်းကောင်း၊ မုခ်ဦးလေးမုခ် တံကဲဝဲယာတို့တွင် မဟာဗောဓိပင်ပုံသဏ္ဍာန် ကျောက်စိမ်းရုပ်တုများကိုလည်းကောင်း အသီးသီး ပုံဖော်ပူဇော်ထားသည်။ စေတီတော်ကြီးတွင် ကျောက်စိမ်း အသားကျောက် တန်ချိန်(၈၅၀)ကို ဌာပနာထည့်သွင်းထားပြီး ငှက်ပျောဖူးတော်တွင်မူ အေအဆင့်ရှိ အရည်ကျောက်စိမ်းများဖြင့်သာ ပူဇော်ထားသည့်အပြင် စိန်ဖူးတော်ကြီးမှာလည်း ကျောက်စိမ်းဖြင့် ပြုလုပ်ထားသည့် စိန်ဖူးတော်ကြီးဖြစ်သည်။

စေတီတော်မြတ်ကြီး၏ အတိုင်းအတာပမာဏမှာ ထီးတော်မပါ ညဏ်တော်အမြင့်(၇၅)ပေ (၆)လက်မ၊ လုံးပတ်တော်(၁၇၆)ပေ၊ ပန်းတင်ခုံအလျား (၅၂)ပေ (၆)လက်မ၊ အနံ(၅၂)ပေ(၆)လက်မ၊ အမြင့်(၁၂)ပေ၊ ငှက်ပျောဖူးအမြင့်(၈)ပေ(၆)လက်မ၊ ထီးတော်အမြင့် (၇)ပေ အသီးသီးရှိသည်။ ပန်းတင်ခုံအတွင်းရှိ မုခ်ဦးလေးမုခ်၌ ပူဇော်ထားရှိသည့် ကျောက်စိမ်းရုပ်ပွားတော်မှာ ညဏ်တော်(၃၁)လက်မစီရှိသည်။ တောင်ဘက်မုခ်ဦးရှိ ကျောက်စိမ်းရုပ်ပွားတော်မှာ ညဏ်တော်(၄၉) လက်မနှင့် မြောက်ဘက်မုခ်ဦးရှိ ကျောက်စိမ်းရုပ်ပွားတော်မှာ ညဏ်တော် (၅၀) လက်မခွဲ ရှိသည်။

မ,တည် ဘုရားဒါယကာ ဦးစိုးနိုင်သည် ကျောက်စိမ်း ဒီဇိုင်းများနှင့် ပန်းပုပုံများ ထုဆစ်ရာတွင် ကိုယ်တိုင် စီမံခန့်ခွဲသူ မြန်မာမှုပညာရှင်တစ်ဦးလည်းဖြစ်သည်။ ဦးစိုးနိုင်၏ ဦးဆောင်မှုဖြင့် အေးအေးခိုင်ကျောက်မျက် ကုမ္ပဏီမှ ကျောက်စိမ်းမြန်မာမှုပညာရှင်များက မြန်မာမှုအပိုင်းတွင် တာဝန်ယူထုလုပ်ပူဇော်ခဲ့ကြသည်။

စေတီတော်မြတ်ကြီး တည်ထားပူဇော်ရာတွင် ကမ္ဘာ့ဂင်းနစ်စံချိန်မှတ်တမ်းဝင်သည်အထိ ရည်မှန်းထားရာ ကမ္ဘာလှည့်ခရီးသွားများ အာရုံစိုက်ရာ သာသနာ့ဘူမိနက်သန် နေရာမှန်တစ်ခု ဖြစ်လာနိုင်သည်။ သဘာဝတရားတို့၏ သက်တမ်းတည်ရှိမှုအရလည်းကောင်း၊ လူသားတို့၏ သုံးစွဲမှုပမာဏအရလည်းကောင်း အကယ်၍ ကျောက်စိမ်းသယံဇာတများ ကုန်ဆုံးသွားချိန်ရောက်ရှိပါက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းများ ထွက်ရှိရာနိုင်ငံဖြစ်သည်ဆိုသည့် အချက်ကိုလည်း ဤစေတီတော်မြတ်ကြီးက အခိုင်အမာ သက်သေပြုနေမည်ဖြစ်သည်။

ကျောက်စိမ်းတွင် (၁) လှပခြင်း၊ (၂) ကြာရှည်ခံခြင်း၊ (၃) ရှားပါးခြင်းဟူသည့်ဂုဏ်အင်္ဂါအရည်အချင်းများ ရှိသကဲ့သို့ ကျောက်စိမ်း၏ဂုဏ်သတ္တိကို အကြောင်းပြု၍ ကျောက်စိမ်းနှင့်ဆက်စပ်နေသည့် လူသားတို့သန္တာန်၌ (၁) သဒ္ဓါရက်ရောခြင်း၊ (၂) ရဲစွမ်းသတ္တိရှိခြင်း၊ (၃) တရားမျှတသောစိတ်ဓာတ်ရှိခြင်း၊ (၄) မိမိကိုယ်ကို နှိမ့်ချသော နိဝါတတရားရှိခြင်း၊ (၅) အသိအလိမ္မာ ညဏ်ပညာကြီးမြတ်ခြင်း၊ (၆) ဘေးအန္တရာယ်ကင်းခြင်း၊ (၇) စည်းစိမ်ဥစ္စာတိုးပွားခြင်းဟူသည့် ယုံကြည်မှု ခုနစ်မျိုးလည်း အစဉ်တိုးပွားနေမည်ဖြစ်သည်။

မြန်မာတို့၏ ဘာသာသာသနာအပေါ် ယုံကြည်မှု သဒ္ဓါတရားအရလည်းကောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းစောင့်ရှောက်လိုမှု အမျိုးသားရေးစိတ်ဓာတ် အရလည်းကောင်း ပေါ်ထွန်းတော်မူလာသော စေတီတော်မြတ်ကြီးဖြစ်သည်။ စေတီတော်မြတ်ကြီး၏ **ဝေရောစန** ဟူသော ဘွဲ့တော်နှင့်အညီ ကိုးကွယ်ဆည်းကပ် ပူဇော်သူများမှာ (၁) ထွန်းလင်းတောက်ပခြင်း၊ (၂) ဂုဏ်သတင်းကျော်ဇောခြင်း၊ (၃) ချမ်းသာကြွယ်ဝခြင်း၊ (၄) ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ (၅) လိုတိုင်းရ တတိုင်း ပြည့်စုံခြင်းစသော ကောင်းကျိုးတရားများ ရရှိတိုးပွားစေနိုင်ပေမည်။

**ပထမကျော် ဦးစံသင်းလှိုင်**

**မြန်မာနိုင်ငံစာပေဆုများ။ ။အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု** - ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဒီဇင်ဘာလ ၁၂ ရက် (၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့) တွင် ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆုရပုဂ္ဂိုလ်များ၊ ၁၉၆၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အမျိုးသားစာပေဆုရရှိခဲ့သည့် သက်ရှိထင်ရှား စာရေးဆရာများ၊ ဆုရစာအုပ်ထုတ်ဝေသူများ၊ လူထုအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ရှေးဦးစွာ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းက အမှာစကား ပြောကြားပြီး ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု ရရှိသူများဖြစ်သည့် စာရေးဆရာကြီး ဦးဝင်းဖေ (မြဇင်)၊ စာရေးဆရာကြီး ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)၊ စာရေးဆရာကြီး ဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်) တို့အား ဆုများချီးမြှင့်သည်။

၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေဝတ္ထုရှည်ဆုကို 'မြောက်ဖျားကအလွမ်းရာသီ'စာအုပ်ဖြင့် စာရေးဆရာမ စံပယ်ဖြူနု၊ ဝတ္ထုတိုပေါင်းချုပ်ဆုကို 'မာရ်နတ်ရဲ့စည်းစိမ် (ဝတ္ထုတိုများ)' စာအုပ်ဖြင့် ကြူးနှစ်၊ ကဗျာပေါင်းချုပ်ဆုကို 'မိုးဦးလေဦးကဗျာများ' စာအုပ်ဖြင့် မောင်လင်းကြည်၊ စာပဒေသာဆုကို 'တက္ကသိုလ်လာမြကျွန်းသာ (ရန်ကုန်တက္ကသိုလ်သမိုင်း)' စာအုပ်ဖြင့် တက္ကသိုလ်ခင်မောင်ဇော်၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုကို 'မွန်မြတ်သောကျေးဇူးဆပ်သူနှင့် မွန်မြတ်သောကျေးဇူးပြုသူ' စာအုပ်ဖြင့် ဒေါက်တာမောင်ဖြေ၊ ကလေးစာပေဆုကို 'ပန်းစုံရွှေပြည်ကလေးကဗျာများ'စာအုပ်ဖြင့် ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ လူငယ်စာပေဆုကို 'ခွန်အားရှိသောစာ၊ ခွန်အားရှိသော လူငယ် (လူငယ်အတွေးစုစာစုများ)' စာအုပ်ဖြင့် ဆူးသစ်၊ ဘာသာပြန် (သုတ) စာပေဆုကို 'ကိုယ့်ကိုယ်ကိုယ်ကိုးတိုး၍သာဝင်' စာအုပ်ဖြင့် နတ်မောက်အနီချို၊ ဘာသာပြန် (ရသ) စာပေဆုကို 'ကျွန်မမာလာလာ' စာအုပ်ဖြင့် ဟိန်းလတ်၊ သုတပဒေသာ (ဝိဇ္ဇာ) စာပေဆုကို 'လယ်ယာမြေသက္ကရာဇ်တွေထဲကသမိုင်း (ကုန်းဘောင်ခေတ်ကျေးလက်လူမှုဘဝကို ရှာဖွေကြည့်ခြင်း)' စာအုပ်ဖြင့် ဒေါက်တာတိုးလှ၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ) စာပေဆုကို 'စွမ်းအင်နှင့်ဝန်းကျင်' စာအုပ်ဖြင့် ကျော်ဦး၊ သုတပဒေသာ (အသုံးချသိပ္ပံ) စာပေဆုကို 'ဝါး'စာအုပ်ဖြင့် ရတနာစိုး၊ နိုင်ငံရေးစာပေဆုကို 'နိုင်ငံရေးအတွေးအခေါ်သမိုင်း' စာအုပ်ဖြင့် ဒေါက်တာကျော်ဝင်း၊ အင်္ဂလိပ်ဘာသာ (သုတ) ဆုကို 'SHAN LEGENDS' စာအုပ်ဖြင့် ဦးစိုင်းအောင်ထွန်း၊ အင်္ဂလိပ်ဘာသာ (ရသ) စာပေဆုကို 'MAUNG YIN MAUNG AND MA MÈ MA' စာအုပ်ဖြင့် ဦးထွန်းအောင်ချိန်တို့က ရရှိကြသည်။

၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဝတ္ထုရှည်ဒုတိယဆုကို 'အလင်းစေတမန်' စာမူဖြင့် သွဲ့ထားညို (သက္ကလ)၊ တတိယဆုကို 'မုန်းခက်ပြုံးတစ်သက်' စာမူဖြင့် စိုးမြင့်မောင် (သာရဝေါ)၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုကို 'အောက်ချင်းငှက်ကလေးရဲ့ဒဏ္ဍာရီနှင့် အခြားဝတ္ထုတိုများ' စာမူဖြင့် ကေ(တောင်တန်းပြာ)၊ ဒုတိယဆုကို 'မထိုးတစ်ကျပ်ထိုးတစ်ကျပ်နှင့် ကိုယ်တွေ့ဝတ္ထုတိုများ' စာမူဖြင့် ထွန်းလှိုင် (မြိုင်)၊ တတိယဆုကို 'သမုဒယဒီရေတောနှင့် အခြားဝတ္ထုတိုများ' စာမူဖြင့် ရဲရင့်ကျော်၊ ကဗျာပေါင်းချုပ် ပထမဆုကို 'ပြဒါးမဲ့မှန်ကဗျာများ' စာမူဖြင့် ပုလောစိုးနံ့သာ၊ ဒုတိယဆုကို 'ချိုးကူသံလေး ပလွေတေးနှင့် ငါ့မွေးရပ်ရွာကဗျာများ' စာမူဖြင့် မောင်သာလင်း၊ တတိယဆုကို 'မူးမြစ်တေးသံကဗျာများ' စာမူဖြင့် လွင်ဦး (ကွမ်းခြံကုန်း)၊ သုတပဒေသာ(ဝိဇ္ဇာ) ပထမဆုကို 'လုမ္ဗိနီကိုတူးဖော်ခြင်း' စာမူဖြင့် ဦးထွဏ်းလွင် (မိတ္ထီလာ)၊ ဒုတိယဆုကို 'ကွယ်ပျောက်လုဆဲယင်းတလဲ' စာမူဖြင့် ဇော်လွင်ဦး

(ဟသ်ာတ)၊ တတိယဆုကို 'မုန်းချောင်းရေပြာ စေတုတ္တရာ' စာမူဖြင့် စေတုတ္တရာချင်းလှထွန်း၊ သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) တတိယဆုကို 'ကမ္ဘာ၊ နေ၊ နေမိသားစုနှင့် စကြဝဠာ' စာမူဖြင့် တီတိုး (Geophysics)၊ စာပဒေသာပထမဆုကို 'ဇာတိစိတ်၏ ခေါင်ဆောင်ရာ' စာမူဖြင့် မောင်ချိုဝေ၊ ဒုတိယဆုကို 'ရွှေပိတောက်' စာမူဖြင့် အိချို၊ တတိယဆုကို 'သစ်ပင်တောတောင်တို့၏ ပရိယာယ်' စာမူဖြင့် သောင်းညွန့်သစ် (အမျိုးသားစာပေဆုရ) တို့က ရရှိကြသည်။

'ရွှေစင်နှစ်ပွင့်'စာမူဖြင့် သန်းအောင် (အညာမြေ)၊ လူငယ်စာပေပထမဆုကို 'ကိုယ်တိုင်ရေးရောင်စုံ ပန်းချီကားတစ်ချပ်'စာမူဖြင့် အေပရယ်ယုနိုင် (ရွှေတောင်)၊ နိုင်ငံရေးစာပေ တတိယဆုကို 'မြန်မာ့လွတ်လပ်ရေးမှတ်တိုင် ပြည်ခရိုင် (၁၉၂၀-၁၉၄၈)' စာမူဖြင့် နွယ်နွယ်ဝင်း၊ ပြဇာတ်စာပေဒုတိယဆုကို 'တောဟောဝန်လယ် တောင်စွယ်ဝေယန်ဦး' စာမူဖြင့် ဇင်မင်း (သမိန်ထော)၊ တတိယဆုကို 'လှေခွက်ချည်း ကျန်အလံမလဲဟေ့' စာမူဖြင့် မောင် (မကွေး)၊




**ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ကဗျာပေါင်းချုပ် ဒုတိယဆုရ ဦးသိန်းမြင့် (မောင်သာလင်း) အား ဆုချီးမြှင့်စဉ်**

စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဒုတိယဆုကို 'ကချင်ရိုးရာအနုလက်ရာဒီဇိုင်းများ' စာမူဖြင့် အိအိမော် (ယဉ်ကျေးမှု)၊ တတိယဆုကို 'ငါးထုပ်ဖက်ပေါ်ကျသည့် ပျားရည်စက်' စာမူဖြင့် ခင်ညိုညိုမြင့်၊ ကလေးစာပေပထမဆုကို 'ကျူရှင်နှင့်အခြားကလေးဝတ္ထုတိုများ' စာမူဖြင့် ရဲဘော်မြသိန်း (ဟိုပုံး)၊ ဒုတိယဆုကို 'မင်္ဂလာရှိသောနေ့ ကလေးကဗျာများ'စာမူဖြင့် နန္ဒာမိုးကြယ်၊ တတိယဆုကို ဘာသာပြန် ပထမဆုကို 'မြစ်နဒီတို့ခန်းခြောက်လေသောအခါ' စာမူဖြင့် ဒီပံလင်း၊ အင်္ဂလိပ်စာမူပထမဆုကို 'A Glimpse into Part of Ancient Myanmar History and Fundamental Buddhist Concepts' စာမူဖြင့် Dr.Saw Mra Aung တို့က အသီးသီးရရှိကြသည်။

ထို့နောက် ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်ဆရာကြီး ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း) က ဆုရရှိသူများကိုယ်စား



**ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆုရ ဆရာကြီးဒေါက်တာချစ်အား**
**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ဆုပေးအပ်ချီးမြှင့်စဉ်**

ကျေးဇူးတင် စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသူ ဆရာကြီးသုံးဦးအား တစ်ဦးလျှင် ကျပ် ၂၅ သိန်း နိုင်ငံတော်က ချီးမြှင့်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျပ် ၁၀ သိန်း ထပ်ဆောင်းချီးမြှင့်ခဲ့သည်။

**ပခုက္ကူစာပေဆု** - ၂၀၁၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ဆုချီးမြှင့်ပွဲကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၅ ရက်တွင် ရန်ကုန်မြို့၊ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (A) ခန်းမ၌ ကျင်းပသည်။ ၂၀၁၄ ခုနှစ်အတွက် ပခုက္ကူစာပေဆု တစ်သက်တာစာပေဆုကို ဆရာကြီး ဦးကျော်ဝင်း (ညို၊ဝင်း) နှင့် ဆရာကြီး ဒေါက်တာချစ်တို့က ရရှိသည်။

ပခုက္ကူစာပေဆုကဗျာပေါင်းချုပ်ဘာသာရပ်တွင် ပထမဆုကို 'သံစဉ်ကွဲစောင်းကြိုးနှင့် အခြားကဗျာများ' ရေးသားသူ မောင်ရိုးညှာ (ပင်လည်ဘူး)၊ ဒုတိယဆုကို 'အောက်ကွင်းအင်းကောရွှေလယ်တောနှင့် အခြားကဗျာများ' ရေးသားသူ ထွန်းထွန်း (သာယာဝတီ)၊ တတိယဆုကို 'ဣန္ဒြေချစ်သူကဗျာ'များရေးသားသူ ကျော်စိုး (မြင်းမူ)၊ ဝတ္ထုရှည်ဘာသာရပ်တွင် ဒုတိယဆုကို 'လှိုင်ဆမ်ဆစ်တောင်သုံးဆယ်တစ်လုံးတည်းထားချင်တယ်' စာမူရေးသားသူ သိန်းဇော် (ရွှေလီဦး)၊ တတိယဆုကို 'ရင်ဆိုင်တိုက်ပွဲ' စာမူရေးသားသူ ကေတုလှနိုင်၊ ဝတ္ထုတိုပေါင်းချုပ်ဘာသာရပ်တွင် ပထမဆုကို 'အဖေ့အတွက် ဟင်းတစ်ခွက်နှင့်အခြားဝတ္ထုတိုများ' ရေးသားသူ သန်းမြင့်သန်း (ကွမ်းခြံကုန်း)၊ ဒုတိယဆုကို 'ကျွန်တော့်ဝတ္ထုတိုများ' ရေးသားသူ ရဲမြတ်တင်၊ တတိယဆုကို 'မေတ္တာမိုးရေနှင့်အခြားဝတ္ထုတိုများ' ရေးသားသူ မကျေးဥ၊ ကျမ်းစာပေဘာသာရပ်တွင် ဒုတိယဆုကို 'စိုပြည်လှပသက်ကြီးရွယ်အိုဘဝ' စာမူရေးသားသူ နေမျိုးသန့်၊ တတိယဆုကို 'သွေးချင်းတို့ရဲ့အင်းတော်ကြီး' စာမူရေးသားသူ မောင်မောင်ချစ်ဦး (မုံရွာ)၊ သုတေသနစာပေဘာသာရပ်တွင် ဒုတိယဆုကို

'စုစည်းရာဖွေမန်လည်ဂန္ထဝင်စာပေ' စာမူရေးသားသူ ဦးထွန်းညို (ရန္တပို)၊ တတိယဆုကို 'မြန်မာမှုပန်း အလင်္ကာ' စာမူရေးသားသူ မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်) တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုများ အဖြစ် 'သူတို့လိုအတွဲလေးများဝတ္ထုတိုပေါင်းချုပ်' စာအုပ်ဖြင့် ဆွေကြည်အေး၊ 'မေယုကိုစုတ်တံချီ'ဝတ္ထုရှည် စာအုပ်ဖြင့် တက္ကသိုလ်မင်းသူတို့က ရရှိကြသည်။

**ဆရာဝန်တင်ရွှေစာပေဆု** - (၁၃) ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၄ ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ်၌ ကျင်းပသည်။

ဆရာဝန်တင်ရွှေတစ်သက်တာစာပေဆုကို 'စာရေး ဆရာကြီးမောင်စူးစမ်း'က ရရှိသည်။ ဆရာဝန်တင်ရွှေ စာပေဆုများအဖြစ် 'စီးပွားရေးလုပ်ငန်းများနှင့်အဖွဲ့ အစည်းဆိုင်ရာဆောင်းပါးများ' စာအုပ်ဖြင့် ဆရာမ အေးဖြူ၊ 'သီတာမည်သားမှသည် ဘိုးဘိုး၏အနှစ်များ ဆီသို့' ဝတ္ထုပေါင်းချုပ်စာအုပ်ဖြင့် ယုယ (ဆေး-၁)၊ 'Flowing Waters Dipping into Myanmar History' စာအုပ်ဖြင့် Tun Aung Chain နှင့် 'အလင်းစေတမန်တို့ ၏ အောင်ပွဲပွဲတင်သံများနှင့် အလင်းကမ္ဘာသစ်ဆီသို့ ဆောင်းပါးများ' စာအုပ်ဖြင့် ဒေါက်တာနီလာသိန်း (လင်းရောင်သစ်) တို့က ရရှိကြသည်။

**ထွန်းဖောင်ဒေးရှင်းစာပေဆု** - နဝမအကြိမ် ထွန်း ဖောင်ဒေးရှင်းစာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော် ဝါရီလ ၂၁ ရက်တွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပသည်။

၂၀၁၄ ခုနှစ် ထွန်းဖောင်ဒေးရှင်းတစ်သက်တာ စာပေဆုရှင်အဖြစ် 'ကွယ်လွန်သူစာရေးဆရာကြီး ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)' ကို ဂုဏ်ပြုချီးမြှင့် သည်။

ထွန်းဖောင်ဒေးရှင်းစာပေဆု စာအုပ်ဆုများတွင် စီးပွားရေးစာပေဆုကို 'လက်တွေ့အသုံးချအင်ကိုတမ်း ၂၀၁၀' စာအုပ်ရေးသားသူ သိန်းလွင် (ပြည်ပပို့ကုန်)၊ သမိုင်းစာပေဆုကို 'မြန်မာ့တော်လှန်ရေးခရီးကြမ်းမှ အောင်မြင်မှုမှတ်တမ်း ၁၉၃၉-၁၉၄၆' စာအုပ်ကို မြန်မာပြန်ဆိုသူမောင်ဝင့်သူ၊ ယဉ်ကျေးမှုစာပေဆုကို 'ပျော်မွေ့ဖွယ်ရာတို့တောရွာ မြန်မာ့ရိုးရာဓလေ့များ' စာအုပ်ရေးသားသူ လယ်တွင်းသားစောချစ်နှင့် 'ပြုသမျှ နုရရှာသည့် ဇာတ်ဆရာကြီး ဦးဘိုးစိန်နှင့်သမိုင်းထဲက ဦးဘိုးစိန် (သို့မဟုတ်) ဦးဘိုးစိန်၏သမိုင်း'စာအုပ် ရေးသားသူနေဝင်းစံ၊ အတ္ထုပ္ပတ္တိစာပေဆုကို '၁၉၂၀ ကောလိပ်သပိတ်ခေါင်းဆောင် ရှေးဟောင်းသုတေသီ မြန်မာစကားပညာရှင်ဦးဖိုးလတ်' စာအုပ်ရေးသားသူ မောင်မောင်ဟန် (အေးရွာ)၊ ရှေးဟောင်းကျမ်းစာပေဆု ကို 'မြန်မာနိုင်ငံလက်ရွေးစင် ရှေးဟောင်းခေါင်းလောင်း စာများ' စာအုပ်ရေးသားသူ ဦးစိန်မောင်ဦး (ရှေးဟောင်း သုတေသန)၊ရည်ညွှန်းကျမ်းစာပေဆုကို 'ခေတ် အဆက်ဆက်သမိုင်းဝင် မြန်မာ့မှတ်တမ်းပုံရိပ်များ' စာအုပ်ရေးသားသူ ဦးသန့် (လာဘ်မိုးစွေ)၊ လူငယ်စာပေ ဆုကို 'ဘာကိုမှ မကြောက်သူများ' စာအုပ်ရေးသားသူ မောင်ကိုကို (အမရပူရ)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စာပေဆုကို 'အစားအသောက်သန့်ရှင်းရေးနှင့် ရောဂါ ပိုးမွှားကင်းစင်ရေး' လက်စွဲစာအုပ်ရေးသားသူ ဦးဝင်းထိန် (ဟိုတယ်/ခရီး)၊ သုတပဒေသာစာပေဆုကို 'မန္တလေးခေတ် ပိဋကတ်ပုံနှိပ်တိုက်များနှင့် မန္တလေးခေတ် ပိဋကတ် စာအုပ်ဆိုင်များ' စာအုပ်ရေးသားသူ နတ်မောက်ထွန်းရှိန်၊ စာပဒေသာဆုကို 'ဘဝဇာတ်ခုံကကြိုးစုံ' စာအုပ်ရေးသားသူ ဒေါက်တာချစ်တို့က ရရှိကြသည်။

အင်္ဂလိပ်ဘာသာရပ်တွင် ယဉ်ကျေးမှုစာပေဆုကို ပါရဂူရေးသားသည့် ပုဂံခရီးသည်စာအုပ်ကို 'THE BAGAN WAY FARER' အမည်ဖြင့် ဘာသာပြန်ဆိုသူ ကြည်ကြည်လှ၊ လူငယ်စာပေဆုကို ကောင်းသန့် ရေးသားသည့် 'ဝေသီမြင့်မားသောတောင်ထိပ်ဖျားပေါ်မှ တစ်ခုသောပန်းဥယျာဉ်' စာအုပ်ကို 'A Garden on a Far-Flung Peak' အမည်ဖြင့် ဘာသာပြန်ဆိုသူ Nyi Nyi Pe (BKK) တို့ ရရှိသည်။

စာမူဆုများအဖြစ် ရှေးဟောင်းကျမ်းစာပေဆုကို 'မြန်မာမှုဘုရင့်အုပ်ချုပ်ရေးခေတ်သာသနာတော် စောင့်ရှောက်ပုံ(ကုန်းဘောင်ခေတ်)' ရေးသားသူ ဒေါက်တာ

ကျော်ဆွေဦး၊ သမိုင်းစာပေဆုကို 'မောရိယတိုင်းသမိုင်းဝင်ကဘော်ဒေသ'ရေးသားသူ မောင်နွယ်သန်း၊ ကလေးစာပေဆုကို 'နာဂစ်သို့မိသားစု' ရေးသားသူ မဲကလေး (ခေတ္တ-အမိုကရှိ) တို့ကရရှိကြသည်။

**သုတစွယ်စုံစာပေဆု** - သုတစာပေဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ အထွေထွေဗဟုသုတ ကြွယ်ဝလာစေရန်အတွက် စွယ်စုံမီဒီယာဂရု(ပ်)၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်သည့်ဆုဖြစ်သည်။ ၂၀၁၃ ခုနှစ်အတွက်ချီးမြှင့်သည့် ဒသမအကြိမ် သုတစွယ်စုံစာပေဆုပေးပွဲကို မေလ ၂၃ ရက်တွင် ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပသည်။

၂၀၁၃ ခုနှစ် သုတစွယ်စုံ တစ်သက်တာစာပေဆုကို 'ပါမောက္ခဒေါက်တာမောင်မောင်ညို' က ရရှိသည်။ သုတစွယ်စုံစာပေဆု နိုင်ငံရေးစာပေဆုကို 'ဦးခင်ညွှန့်နှင့် အင်တာဗျူး' စာအုပ်ဖြင့် ဦးမြတ်ခိုင်၊ လူမှုစီးပွားစာပေဆုကို 'ရွှေရတုလက်ရွေးစင်ဆောင်းပါးများ ၁ နှင့် ၂' စာအုပ်ဖြင့် ဒေါက်တာနေဇင်လတ်၊ လူငယ်စာပေဆုကို 'ဖေ့စ်ဘွတ်ခ်သက်ရောက်မှု' စာအုပ်ဖြင့် တင်စိန် (ပထဝီဝင်)၊ ဝိဇ္ဇာ စာပေဆုကို 'မြန်မာ့ပန်းချီရေစီးကြောင်း' စာအုပ်ဖြင့် ပန်းချီလှတင်ထွန်း၊ စာပဒေသာဆုကို 'ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့လျှင်' စာအုပ်ဖြင့် အကယ်ဒမီကျော်သူ၊ အသုံးချသိပ္ပံဆုကို 'ပြည်သူ့အတွက် ဆေးဝါးဗေဒ' စာအုပ်ဖြင့် ဒေါက်တာခင်မကြီးတို့က ရရှိကြသည်။

**ရွှေအမြုတေစာပေဆု** - ဒသမအကြိမ် ရွှေအမြုတေစာပေဆုချီးမြှင့်ပွဲကို မေလ ၂၈ ရက်တွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။ ဒသမအကြိမ် ရွှေအမြုတေစာပေဆုရရှိကြသူများမှာ ကဗျာဆုကို ခေတ်ရန့်မဂ္ဂဇင်းတွင် ဖော်ပြပါရှိသော 'ဗိုလ်ချုပ်ကြေးရုပ်' ကဗျာရေးသားသူ လင်းဇင်ယော်၊ ရသစာတမ်းဆုကို ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော 'အမိန့်နှင့်သူ၏ ရပ်ဝန်းဒေသ' ရသစာတမ်းရေးသားသူ နတ်မှူး၊ ဆောင်းပါးဆုကို ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော 'လွမ်းရပါသည်ကော ဦးလေးသော်' ဆောင်းပါးရေးသားသူ ဘုန်းသက်ခိုင် (ရွှေဘို)၊ ဝတ္ထုတိုဆုကို ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော 'အမှောင်ကျောက်စာ' ဝတ္ထုရေးသားသူ အဖျတ္တာ၊ မျိုးဆက်သစ်ဆုကို ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော ရွှေအသစ်ကဏ္ဍ၌ 'ရေပျော်ငှက်' ဝတ္ထုရေးသားသူ မင်းတုန်းမောင်စိမ်းလွင်၊ ဝတ္ထုရှည်ဆုကို ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော 'အနန္တစကြဝဠာအနန္တသတ္တဝါတို့' ဝတ္ထုရှည်ရေးသားသူ မြသွေးနီတို့ ဖြစ်ကြသည်။

**စာအုပ်ထုတ်ဝေသူဆုနှင့် စာအုပ်အရောင်းဆိုင်ဆု** - အရည်အသွေးကောင်းမွန်သည့် စာအုပ်များထွက်ပေါ်လာနိုင်စေရေးရည်ရွယ်၍ မြန်မာနိုင်ငံစာပေထုတ်ဝေသူများနှင့် ဖြန့်ချိသူများအသင်းက ချီးမြှင့်ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးစာအုပ်ထုတ်ဝေသူဆုနှင့်အကောင်းဆုံးစာအုပ်အရောင်းဆိုင်ဆုချီးမြှင့်ပွဲကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်တွင် ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel ၌ ကျင်းပသည်။ ၂၀၁၄ ခုနှစ် အကောင်းဆုံးစာအုပ်ထုတ်ဝေသူဆုကို မောင်ရင့်မာ (ကျောင်းကုန်း) ရေးသားသည့် လွတ်လပ်စွာလွမ်းဆွတ်ခွင့်စာအုပ်ထုတ်ဝေသည့် 'အလင်္ကာစာအုပ်တိုက် (မန္တလေး)' နှင့် အကောင်းဆုံးအရောင်းဆိုင်ဆုကို 'ဦးထွန်းရွှေ နဂါးစာပေ-(မန္တလေး)' တို့က ရရှိကြသည်။

**အမျိုးသားသတင်းဆု** - မြန်မာနိုင်ငံစာနယ်ဇင်းလောက ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်နှင့် ထူးချွန်စာနယ်ဇင်းများကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုရန် ရည်ရွယ်လျက် ၂၀၁၂ ခုနှစ်မှစတင်ကာ အမျိုးသားသတင်းဆုကော်မတီကို ပြက္ခဒိန်နှစ်အလိုက်ဖွဲ့စည်း၍ အမျိုးသားသတင်းဆုများ ရွေးချယ်ချီးမြှင့်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ်အတွက် တတိယအကြိမ် အမျိုးသားသတင်းဆုချီးမြှင့်ပွဲအခမ်းအနားကို မေလ ၃၁ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုဟိုတယ်၌ ကျင်းပသည်။ တတိယအကြိမ်အမျိုးသားသတင်းဆုများအဖြစ် သတင်းသူရဲကောင်းဆုကို

'သတင်းစာဆရာကြီး ဦးဖိုးသောကြာ (ခေတ်+မိုး)'၊ သတင်းကာတွန်းဆုကို 'ဦးရွှေထူး (ပြည်)'၊ သတင်းဓာတ်ပုံဆုကို 'ဦးစိုးဇေယျာထွန်း'နှင့် သတင်းရုပ်သံဆုကို 'DVB သတင်းဌာန' တို့က ရရှိကြသည်။

**သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ပွဲ။** ။ ပြန်ကြားရေးဝန်ကြီးဌာနသည် ဒီမိုကရေစီစနစ်အရ ပေါ်ပေါက်လာမည့် သတင်းစာများ၊ သတင်းထောက်များအကျိုးမျှော်ကိုး၍ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။ ကောင်စီက စာနယ်ဇင်းအသီးသီးရှိ ပုဂ္ဂလိကမဂ္ဂဇင်းစာစောင်၊ သတင်းစာများနှင့် သတင်းထောက်အယ်ဒီတာများအတွက် စာနယ်ဇင်းစံနှုန်းကျင့်ဝတ်များနှင့်အတူ လွတ်လပ်စွာရေးသားခွင့်ကို ဖြေလျှော့ပေးခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ၏ သက်တမ်းကုန်ဆုံးတော့မည့်ကာလတွင် သတင်းမီဒီယာကောင်စီကို ဖွဲ့စည်းရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် စာနယ်ဇင်းကောင်စီတို့ ဆောင်ရွက်ခဲ့ကြသည်။ သတင်းမီဒီယာကောင်စီဖွဲ့စည်းရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရပ်ဘက်လူ့အဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံဂျာနယ်လစ်ကွန်ရက်၊ မြန်မာနိုင်ငံကဗျာဆရာများသမဂ္ဂတို့နှင့်ပူးပေါင်း၍ ဆောင်ရွက်ရန် ပြင်ဆင်ခဲ့သည်။

ထိုပြင်ဆင်ချက်အရ သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို အောက်တိုဘာလ ၂၂ ရက်က ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်တွင် ကျင်းပရာ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးအောင်သိမ်း၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာစာနယ်ဇင်းသမဂ္ဂ၊ နိုင်ငံတကာ မြန်မာသတင်းဌာန၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိသူများ၊ သတင်းမီဒီယာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များနှင့် မီဒီယာများတက်ရောက်ကြသည်။

ရှေးဦးစွာ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးဥက္ကဋ္ဌ ဦးမော်သန်းက ရွေးချယ်တင်မြှောက်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်ရွှေမိုးညွန့်က မဲပေးရွေးချယ်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြမည်။

ထို့နောက် သတင်းမီဒီယာကောင်စီဝင်များကို သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်ကြသည်။

ယင်းနောက် ဦးဟန်ညွန့် (ဥပဒေ)က သတင်းမီဒီယာဥပဒေ၏ ရည်ရွယ်ချက်ခြောက်ချက်နှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အတွင်းရေးမှူး ဦးကျော်မင်းဆွေက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရွေးချယ်တင်မြှောက်ခံရသည့် ကိုယ်စားလှယ် ၂၄ ဦးက ရွေးချယ်ခံရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြပြီး ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမော်သန်းက နိဂုံးချုပ်ပြောကြားသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) သည် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများအရ သတင်းမီဒီယာကောင်စီကို ဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းပေးရန်အတွက် သတင်းမီဒီယာကောင်စီဝင်များရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားတွင် တစ်ဦးချင်းကိုယ်စားလှယ်များအဖြစ် ဦးအုန်းကြိုင်နှင့်ဦးတင်ထွန်း၊ သတင်းအေဂျင်စီများကိုယ်စားလှယ်အဖြစ် ဦးဟံသာညိန်း၊ ပုံနှိပ်ထုတ်ဝေသူများနှင့် ဖြန့်ချိသူများကိုယ်စားလှယ်များအဖြစ် ဦးသိမ်းစိုးနှင့် ဦးမင်းဟန်၊ စာရေးဆရာကိုယ်စားလှယ်များအဖြစ် ဦးဇေယျနှင့် ဦးချစ်နိုင် (စိတ်ပညာ)၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာစာနယ်ဇင်းသမဂ္ဂနှင့် နိုင်ငံတကာမြန်မာသတင်းဌာနများ၏

ကိုယ်စားလှယ်များအဖြစ် ဦးသီဟစော၊ ဒေါ်သင်းသင်းသာ၊ ဦးဇေယျာလှိုင်နှင့် ဦးခိုင်မြတ်ကျော်၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) မှ ကိုယ်စားလှယ်များအဖြစ် ဦးခင်မောင်လေး (ဖိုးသောကြာ) နှင့် ဦးဖေမြင့်၊ သတင်းမီဒီယာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအဖြစ် ဦးကျော်စွာမင်း၊ ဒေါက်တာမောင်မောင်စံ၊ ဒေါက်တာဇော်သန်း၊ ဦးမျိုးမင်းယု (ခ) မျိုးကိုမျိုးနှင့် ဦးမြင့်ကျော်၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သည့် လူထုအဖွဲ့အစည်းကိုယ်စားလှယ်များအဖြစ် ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)၊ ဒေါက်တာမျိုးသန့်တင်နှင့် ပါမောက္ခဒေါက်တာမြင့်မောင်မောင်၊ နိုင်ငံတော်သမ္မတက အဆိုပြုသည့် ကိုယ်စားလှယ်အဖြစ် ဦးဟန်ညွန့် (ဥပဒေ)၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် ကိုယ်စားလှယ်အဖြစ် ဦးအောင်လှထွန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် ကိုယ်စားလှယ်အဖြစ် ဦးတင်မောင်အေးတို့ အပါအဝင် သတင်းမီဒီယာကောင်စီဝင် ၂၄ ဦးကို ရွေးချယ်ခဲ့ကြသည်။

သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ ရွေးချယ်တင်မြှောက်ပွဲကို အောက်တိုဘာလ ၂၇ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ Sky Star Hotel ၌ကျင်းပရာ ဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးဖေမြင့်၊ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာမျိုးသန့်တင်၊ အတွင်းရေးမှူး ဦးသီဟစော၊ အတွင်းရေးမှူး (၁) ဒေါ်သင်းသင်းသာ၊ အတွင်းရေးမှူး (၂) ဦးကျော်စွာမင်း၊ စာရင်းစစ် ဒေါက်တာမောင်မောင်စံနှင့် ဘဏ္ဍာရေးမှူး ဦးမင်းဟန်တို့ကို ရွေးချယ်တင်မြှောက်ခဲ့သည်။ တစ်ဆက်တည်းတွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) အဖွဲ့သည်လည်း အလိုအလျောက် ပျက်ပြယ်သွားပြီဖြစ်သည်။



**သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်မည့် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ မီဒီယာများကိုရှင်းလင်းအသိပေးခြင်း အခမ်းအနားကျင်းပစဉ်**

**ခိုင်ခိုင်**

## အမျိုးစောင့်ဥပဒေ ပေါ်ထွန်းလာခြင်း။ ။

ညီညွတ်မျှတ ငြိမ်းချမ်းမှုကို ဖော်ဆောင်သည့် အမျိုးစောင့်ဥပဒေပေါ်ထွန်းလာခြင်းအထိမ်းအမှတ်ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကြီးကို (၄-၁၀-၂၀၁၅) ရက်တွင် ရန်ကုန်မြို့၊ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ (၁) ၌ ကျင်းပရာ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ ရဟန်းရှင်လူ (၁)သိန်းကျော် တက်ရောက်ခဲ့သည့် သမိုင်းဝင် အခမ်းအနားကြီးပင်ဖြစ်ပေသည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ရာ မြန်မာနိုင်ငံတော်အတွင်း၌ မိမိတို့ ယုံကြည်ရာကို လွတ်လပ်စွာ



**သုဝဏ္ဏအားကစားရုံ (၁)၌ ကျင်းပသော အမျိုးစောင့်ဥပဒေပေါ်ထွက်လာခြင်းအထိမ်းအမှတ် ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် ရဟန်းရှင်လူများ**

ကိုးကွယ်ခွင့်ရရှိသကဲ့သို့ ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်စွာ အတူတကွယှဉ်တွဲနေထိုင်ခဲ့ကြသည်။ လက်ရှိအခြေအနေတွင်လည်း ၂၀၀၈ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဘာသာရေးလွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိနေကြသည်။

နောက်ပိုင်းကာလများ၌ အစွန်းရောက်ဘာသာရေး အယူအဆကြောင့်သော်လည်းကောင်း၊ နိုင်ငံရေး အားပြိုင်မှုကြောင့်သော်လည်းကောင်း၊ လူမျိုးရေးချဲ့ ထွင်လိုမှုကြောင့်လည်းသော်လည်းကောင်း ဘာသာ တစ်ခုမှ အခြားဘာသာတစ်ခုသို့ အတင်းအကျပ် သွတ်သွင်းခြင်းများ၊ စည်းရုံးသိမ်းသွင်းခြင်းများ၊ ဘာသာမတူသည့်မိန်းကလေးများကို နည်းမျိုးစုံဖြင့် ဘာသာသွတ်သွင်းခြင်းများ၊ အဓမ္မသိမ်းပိုက်ခြင်းများ၊ အဓမ္မလွှန်ကျူးခြင်းများရှိလာခဲ့ရာ ထိုသို့သော ပြဿနာများ ထပ်မံမဖြစ်ပွားစေရန်နှင့် ဖြစ်ပေါ်လာသော ပြဿနာ များကို ငြိမ်းအေးစေပြီး မြန်မာနိုင်ငံသူ နိုင်ငံသား အားလုံးတို့ အပြန်အလှန်ချစ်ကြည်လေးစားလျက် ညီညီညွတ်ညွတ်ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင် နိုင်ကြစေရန် အဓိကရည်ရွယ်ချက်ဖြင့် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး (မဘသ) အဖွဲ့ကြီးကို (၂၇၊ ၆၊ ၂၀၁၃) ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

မဘသ၏ အမျိုးဘာသာသာသနာစောင့် ရှောက်ရေးလုပ်ငန်းစဉ်တွင် ခေတ်စနစ်နှင့် လျော်ညီသော၊ ထိရောက်မှုပေးနိုင်သော ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်နိုင်မည့် လုပ်ငန်းမျိုးကိုပါ လုပ်ဆောင်ရန် လိုအပ်နေပြီဟု သုံးသပ်မိသောကြောင့် မဘသက အမျိုးစောင့်ဥပဒေပေါ်ထွန်းလာရေးကို ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် သတ်မှတ်ပြီး ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသားရေးအမြင် ရှိသူများ၊ ဥပဒေပညာရှင်များ၏ အကူအညီကို ရယူပြီး ရဟန်းရှင်လူပြည်သူလူထု (၅) သန်းနီးပါး၏ ဆန္ဒပြု ထောက်ခံမှုဖြင့် ကြိုးပမ်းအားထုတ်ခဲ့သည်။

မဘသအဖွဲ့ကြီးသည် မိမိအဖွဲ့အစည်းပေါ်ထွန်းလာသည်မှစ၍ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးလုပ်ငန်းစဉ်၏ အရေးကြီးဦးစားပေးလုပ်ငန်းစဉ်အနေဖြင့် အမျိုးစောင့်ဥပဒေပေါ်ထွန်းရေးကို တစ်စိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ (၂) နှစ်ကျော်ကာလအတွင်း အမျိုးစောင့်ဥပဒေ (၄) ရပ် ပေါ်ထွန်းလာခဲ့ပေသည်-

(၁)လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုဥပဒေ (၂၀၁၅-ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်-၂၈)

(၂) ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၄၈)

(၃)မြန်မာ ဗုဒ္ဓဘာသာမိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ (၂၀၁၅-ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၅၀)

(၄)တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ (၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၅၄)

ဤအမျိုးစောင့်ဥပဒေ (၄) ရပ်ကို လေ့လာကြည့်ခြင်းအားဖြင့် ညီညွတ်ခြင်း၊ မျှတခြင်းနှင့်အတူ ငြိမ်းချမ်းမှုကိုပါ ဖော်ဆောင်ပေးသည့် ဥပဒေများအဖြစ် ဤသို့မြင်တွေ့ရမည် ဖြစ်သည်-

(၁)ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများအနေဖြင့် မည်သူနှင့်လက်မထပ်ရဟု ကန့်သတ်ချုပ်ချယ်ခြင်းမရှိ။

(၂)အမျိုးစောင့်ဥပဒေသည် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများအတွက် ကန့်သတ်ချုပ်ချယ်သည့် ဥပဒေမဟုတ်၊ အကာအကွယ်ပေးသည့် ဥပဒေသာဖြစ်သည်။

(၃)အမျိုးစောင့်ဥပဒေမရှိလျှင် ဘာသာခြားများ၏ ဥပဒေအတိုင်းသာ ဆုံးဖြတ်ခံနေရသောကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများ အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။

(၄)အမျိုးစောင့်ဥပဒေသည် ကိုယ့်ဘာသာ ကိုယ့်လူမျိုးကို ကာကွယ်ပေးခြင်းသာဖြစ်သည်။ အခြားဘာသာ၊ အခြားလူမျိုးများကို နှောင့်ယှက်ဟန့်တားခြင်း လုံးဝမရှိ။

(၅)အမျိုးစောင့်ဥပဒေကြောင့် အတင်းအကျပ် ဘာသာကူးပြောင်းခံရခြင်းမျိုး မရှိတော့ဘဲ ကိုယ်ပိုင်ယုံကြည်ချက်ဖြင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသည်။

(၆)မြန်မာနိုင်ငံအတွင်း လူဦးရေထိန်းညှိပေးခြင်းကြောင့် ဆင်းရဲမွဲတေမှုနှင့် စီးပွားရေးကျပ်တည်းမှုများ လျော့ကျသွားနိုင်ပြီး နိုင်ငံနှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ကာ လူမျိုးရေးဝါးမျိုမှု အန္တရာယ်မှ ကာကွယ်နိုင်မည်။

ယခင် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာအိမ်ထောင်ခန်းဥပဒေသည် ပြဋ္ဌာန်းဥပဒေမဟုတ်ဘဲ ဓလေ့ထုံးတမ်းဥပဒေဖြစ်သည်။ ဓလေ့ထုံးတမ်းဥပဒေနှင့် ပြဋ္ဌာန်းဥပဒေ ယှဉ်လာလျှင်၊ အမှုအခင်း ဖြစ်လာလျှင် ပြဋ္ဌာန်းဥပဒေကသာ အသာစီးရနေသည့်သဘောကို တွေ့ရသည်။ ယခု ပြဋ္ဌာန်းဥပဒေအဖြစ် အမျိုးစောင့်ဥပဒေ (၄) ရပ်ပေါ်ထွန်းလာခြင်းကြောင့် တစ်ဖက်စောင်းနင်းသဘော မသက်ရောက်တော့ဘဲ ဘာသာတစ်ခုနှင့် တစ်ခု တရားမျှတမှု ရှိသွားသည်။ ဘာသာရေး၊ လူမျိုးရေးကို အခြေခံ၍ အငြင်းပွားမှုများ၊ ပဋိပက္ခများလည်း လျော့နည်းချုပ်ငြိမ်းသွားနိုင်သည်။

ဤအမျိုးစောင့်ဥပဒေသည် မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံချစ်ကြည်ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေးအတွက် ဘာသာပေါင်းစုံလိုက်နာသင့်သော ဥပဒေဖြစ်သည်။ ဤဥပဒေကြောင့် မည်သည့်ဘာသာ သာသနာကိုသော်လည်းကောင်း၊ လူ့အခွင့်အရေးကိုသော်လည်းကောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူလူထု၏ အခွင့်အရေးတစ်စုံတစ်ရာကိုသော်လည်းကောင်း ယုတ်လျော့စေခြင်း၊ ထိခိုက်နစ်နာစေခြင်း အလျဉ်းမရှိပေ။

ဤကဲ့သို့ ညီညွတ်မျှတငြိမ်းချမ်းမှုကို ဖော်ဆောင်သည့် အမျိုးစောင့်ဥပဒေပေါ်ထွန်းလာ

ခြင်းကြောင့် မဘသကို ပြည်နယ်/တိုင်းဒေသကြီး အသီးသီးက ဂုဏ်ပြုကြိုဆိုခဲ့ကြရုံမျှမက မဘသ (ဗဟို) ကလည်း ရဟန်းရှင်လူ ပြည်သူလူထု (၁) သိန်းကျော် တက်ရောက်သည့် ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို ခဲ့သည်။ ဤဂုဏ်ပြုကြိုဆိုပွဲကြီးတွင် မဘသ (ဗဟို) ဥက္ကဋ္ဌ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ဆရာတော်၊ သီတဂူဆရာတော်၊ မန္တလေးဝါခင်းကုန်းဆရာတော်တို့က ဩဝါဒကထာအသီးသီး မြွက်ကြားတော်မူခဲ့ကြပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အထွေထွေ အတွင်းရေးမှူး ဒေါက်တာသာဉာဏ်နှင့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီနေအောင်တို့က အမျိုးစောင့်ဥပဒေ (၄) ရပ်အပေါ် ထောက်ခံဆွေးနွေး ခဲ့ကြသည်။ ထို့နောက် ရွှေရတုတိပိဋကဓရ (မော်ကျွန်း) ဆရာတော်က မဘသ (ဗဟို)၏ ကြေညာချက်ကို ဖတ်ကြားကာ မဘသ(ဗဟို) အတွင်းရေးမှူး မြစေတီဆရာတော်က နိဂုံးချုပ်ဩဝါဒ စကား မိန့်ကြားတော်မူသည်။

ဤအမျိုးစောင့်ဥပဒေကို အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးသည့် မျိုးချစ်စိတ်ရှိသူ မြန်မာ တိုင်းက မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ မြဲခိုင် မားမတ်နေအောင် ထာဝရထိန်းသိမ်းစောင့်ရှောက် အပ်ပေသည်။

**ပထမကျော်ဦးစံသင်းလှိုင်**

**အော်စကာဆု။** ။ အမေရိကန်နိုင်ငံ၏ (၈၇) ကြိမ် မြောက် အကယ်ဒမီဆု(အော်စကာဆု) ပေးပွဲကို ကယ်လီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ်မြို့၊ ဟောလီဝုဒ်ရှိ ဒိုလ်ဘိုင်ကဇာတ်ရုံ၌ အနုပညာနှင့် သိပ္ပံ ပညာရုပ်ရှင်အကယ်ဒမီက ကြီးမှူး၍ ဖေဖော်ဝါရီလ ၂၂ ရက်တွင် ကျင်းပခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်း ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားများကို အကဲဖြတ်ကာ ဆုအမျိုးအစား ၂၄ မျိုးချီးမြှင့်ခဲ့သည်။ ယင်းအခမ်း အနားကို ABC ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုတွင် ရုပ်ရှင်ပရိသတ် ၃၇ သန်းကျော် ကြည့်ရှုခဲ့ကြသည်။

အကယ်ဒမီဆန်ခါတင်စာရင်းကို ဇန်နဝါရီလ ၁၅ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ်၊ ဘီဗာလီ ဟေးလ်ရှိ ဆမ်မြူရယ်ဂေါ်ဒွင် ကဇာတ်ရုံ၌ အနုပညာနှင့် သိပ္ပံပညာရုပ်ရှင်အကယ်ဒမီမှ အကြီးအကဲများနှင့် ဒါရိုက်တာများက ကြေညာခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်း ရိုက်ကူးခဲ့သော ဇာတ်ကားများအနက် 'Birdman' နှင့် 'The Grand Budapest Hotel' ဇာတ်ကားတို့က ဆုကိုးဆုစီဖြင့် ဆန်ခါတင်စာရင်းဝင်ခဲ့ကြပြီး ဆုလေးဆုစီ ဆွတ်ခူးခဲ့ကြသည်။

၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးဇာတ်ကား ဆုကို 'Birdman or The Unexpected Virtue of Ignorance' ဇာတ်ကားက ရရှိသည်။ ဒါရိုက်တာဆုကို ယင်း ဇာတ်ကားကို ရိုက်ကူးသည့် ဒါရိုက်တာ 'Alejandro Gonzalez Inarritu' က ရရှိသည်။ ၎င်းသည် အော်စကာဆုရ 'Gravity' ဇာတ်ကားဒါရိုက်တာ 'Cuaron' ပြီးလျှင် ဒုတိယမြောက် မက္ကဆီကိုနိုင်ငံသား ဒါရိုက်တာဆုရှင် ဖြစ်သည်။ အမျိုးသားဇာတ်ဆောင် ဆုကို 'The Theory of Everything as Stephen Haw King' ဇာတ်ကားမှ 'Eddie Redmayne' က ရရှိသည်။ အမျိုးသမီးဇာတ်ဆောင်ဆုကို 'Still Alive as Dr.Alice Howland' ဇာတ်ကားမှ 'Julianne More' က ရရှိသည်။ အမျိုးသားဇာတ်ပို့ဆုကို 'Whiplash as Terence Fletcher' ဇာတ်ကားမှ 'J.K.Simmonsm' က ရရှိပြီး အမျိုးသမီးဇာတ်ပို့ဆုကို 'Boyhood as Olivia Evans' ဇာတ်ကားမှ 'Patricia Arquette' ကရရှိသည်။

| **အခြားဆုများ** | **ဇာတ်ကားအမည်** |
|---|---|
| ၁။ မူရင်းဇာတ်ညွှန်းဆု | Birdman |
| ၂။ မှီငြမ်းဇာတ်ညွှန်းဆု | The Imitation Game |
| ၃။ ရုပ်ရှင်အထူးပြုလုပ်မှုဆု | Big Hero 6 |
| ၄။ နိုင်ငံခြားဘာသာ စကားပြောရုပ်ရှင်ဆု(ပိုလန်) | Ida (Poland) in Polish |
| ၅။ မှတ်တမ်းရုပ်ရှင်ဆု | Citizenfour |
| ၆။ မှတ်တမ်းဇာတ်ကားတိုဆု | Crisis Hotline : Veterans Press 1. |

## အော်စကာဆု



**J.K.Simmonsm, Patricia Arquette, Julianne More, Eddie Redmayne တို့ကို အော်စကာဆု လက်ခံရယူပြီး တွေ့ရစဉ်**

၇။ သက်ဝင်လှုပ်ရှားမှုဆု (ဇာတ်ကားတို) — The Phone Call
၈။ အထူးပြုလုပ်မှုဆု (ဇာတ်ကားတို) — Feast
၉။ မူရင်းတေးဂီတဆု — The Grand Budapest Hotel
၁၀။ မူရင်းတေးသီချင်းဆု — 'Glory' From Selma
၁၁။ အသံတည်းဖြတ်ဆု — American Sniper
၁၂။ အသံရောနှောဆု — Whiplash as Terence Fletcher
၁၃။ ထုတ်လုပ်မှုဆု — The Grand Budapest Hotel
၁၄။ Cinematography ဆု — Birdman or The Unexpected Virtue of Ignorance
၁၅။ ဆံပင်မိတ်ကပ်ဆု — The Grand Budapest Hotel
၁၆။ ဝတ်စုံဒီဇိုင်းဆု — The Grand Budapest Hotel
၁၇။ ဖလင်တည်းဖြတ်ဆု — Whiplash as Terence Fletcher
၁၈။ ရိုက်ကွင်းအထူးပြုလုပ်ချက်ဆု — Interstellar

**သင်းယဉ်လွင်**

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၆)
# အကွရာစဉ်အညွှန်း

## က


**က**ရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ၁၀၃
**က**ရင်အမျိုးသားအစည်းအရုံး ၆၃၊ ၁၀၃
**က**လင်တန်၊ ဟီလာရီ ၆၈
**ကာ**ဂျီတာ၊ တာကာအာကီ ၂၃၉
**ကာ**လမ်၊ အေပီဂျေအဗ္ဗဒူလ် ၁၅၆-၁၅၇
**ကု**သလာစာရာဘိဝံသ၊ ဘဒ္ဒန္တ ၁၇၄
**ကေ**သရ၊ ဘဒ္ဒန္တ ၁၇၅-၁၇၆
**ကေ**သရ၊ ဘဒ္ဒန္တ ၁၇၆-၁၇၇
**ကော**ဝိဒ၊ ဘဒ္ဒန္တ ၁၇၇-၁၇၈
**ကော**ဝိဒ၊ ဘဒ္ဒန္တ ၁၇၈-၁၇၉
**ကော**သလာဘိဝံသ၊ ဘဒ္ဒန္တ ၁၇၉
**ကော**သလ္လ၊ ဘဒ္ဒန္တ ၁၈၀
**ကို**ကိုကြီး၊ ဦး ၁၁၄
**ကို**ကိုဦး၊ ဒေါက်တာ ၁၉၅-၁၉၇
**ကို**မန်မုန်တိုင်း ၁၂၇
**ကို**လံဘိုစီမံကိန်း ၉၂
**ကက်**စထရို၊ ရာအူးလ် ၂၅
**ကင်**မရွန်း၊ ဒေးဗစ် ၂၆၅၊ ၂၆၆
**ကော**ဏ္ဍည၊ ဘဒ္ဒန္တ ၁၈၁-၁၈၂
**ကန်း**ဘဲလ်၊ ဝီလီယံ ၂၃၈
**ကမ္ဘာ**တစ်ဝန်းတွင်ကျယ်နေသောလူမှုကွန်ရက် ၈၁-၈၆
စာမျက်နှာများ
**ကမ္ဘာ့**ရာသီဥတုပြောင်းလဲမှု ၁၄၉-၁၅၁
ထိန်းချုပ်ရေးဆိုင်ရာညီလာခံ
**ကမ်း**ပါးနီ၊ မြခနောက်ကျောက်မိုးပြင်မှ ၁၅၁-၁၅၆
အသစ်တွေ့ကျောက်ခေတ်ပန်းချီ
**ကယ်**ရီ၊ ဂျွန် ၃၃၊ ၅၉
**ကျူး**ဘားနိုင်ငံ ၂၇၇
**ကျော်**စိန်မင်း ၁၉၇-၁၉၈
**ကျယ်**ပြန့်ထွန်းကားလာသည့် ၈၇-၉၂
နေရောင်ခြည်စွမ်းအင်သုံးစနစ်များ
**ကွမ်**ယူ၊ လီ ၂၀၊ ၂၁၊ ၁၅၇-၁၅၈
**ကွယ်**ထူးဝင်း၊ စော၊ ပဒို ၁၀၃၊ ၁၀၈၊ ၁၁၀၊ ၁၁၄
**ကွယ်**လွန်သူထင်ရှားသောပုဂ္ဂိုလ်များ ၁၅၆-၁၇၃


## ခ


**ခု**တင် (၁၀၀) ဆံ့တိုင်းရင်းဆေးရုံကြီး ၃၀၈
(နေပြည်တော်)
**ခေ**မိန္ဒသာမိ၊ ဘဒ္ဒန္တ ၁၈၂-၁၈၃
**ခင်**ကြွယ်ဦး၊ ဒေါ် ၁၉၈-၁၉၉
**ခင်**ခင်ဝင်း၊ ဒေါ် ၂၈
**ခင်**မောင်ထွေး (ပျဉ်းမနား) ၁၉၉
**ခင်**မောင်လေး၊ ဦး (ဖိုးသောကြာ) ၆၆
**ခင်**ရီ၊ ဦး ၁၀၃၊ ၁၀၄၊ ၁၁၄၊ ၁၁၆
**ခင်**အောင်မြင့်၊ ဦး ၉၊ ၁၁၊ ၁၃၊ ၂၅၊ ၃၇၊ ၇၈၊
၁၀၃၊ ၁၁၃
**ချာ**လီဟက်ဒိုသရော်စာမဂ္ဂဇင်း ၂
**ချင်း**အမျိုးသားတပ်ဦး ၁၀၄
**ချစ်**ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ၁၉၉-၂၀၁
**ခြေ**ဗလာကောလိပ် ၉၁


## ဂ


**ဂ**ရာမင်းရှက်တီဘဏ် ၉၁
**ဂေါ်**ဘာချော့၊ မီခေးလ် ၈
**ဂို**ချောက်တောင်၊ မစ္စတာ ၉
**ဂျ**ပန်နိုင်ငံ ၂၄၁-၂၄၄
**ဂျ**ပန်အိတ်ချိန်းဂရုဖ် ၁၀၁
**ဂျော်**နီ၊ စော (စစ်ဦးစီးချုပ်) ၁၁၄


## င


**ငြိမ်း**ချမ်းရေးနှင့်အမျိုးသားပြန်လည် ၁၀၈
သင့်မြတ်ရေးဆိုင်ရာဆွေးနွေးပွဲ
**ငွေ**ချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေး ၉၃-၁၀၂
**ငွေ**တိုက်စာချုပ် ၉၃
**ငွေ**တိုက်လက်မှတ် ၉၂

# အက္ခရာစဉ်အညွှန်း


## စ

**စ**တော့အိတ်ချိန်းဒိုင် ၉၆၊ ၉၇၊ ၉၉
**စ**မတ်ဖုန်း ၈၃
**စာ**ပေဗိမာန်စာပေဟောပြောပွဲ(ကလေးစာပေ) ၂၂၀-၂၂၁
**စာ**ရိန္ဒ၊ ဘဒ္ဒန္တ ၁၈၃
**စာ**အုပ်ထုတ်ဝေသူဆုနှင့်စာအုပ်အရောင်းဆိုင်ဆု ၃၂၀
**စီ**ဖိုးရာစိန်၊ နော်၊ ပဒို ၁၀၉၊ ၁၁၀၊ ၁၁၁
**စု**စည်းနေရောင်အပူနည်းပညာ ၈၇
**စိုး**သိန်း၊ ဦး ၁၀၈၊ ၁၁၀၊ ၁၁၂
**စ**ဣန္ဒ၊ ဘဒ္ဒန္တ ၂၂၂-၂၂၃
**စင်**ကာပူနိုင်ငံ ၂၄၄-၂၄၆
**စန်**ဂေါင်ဇင်၊ မစ္စတာ ၁၁၁
**စန်း**လှိုင်၊ ဦး ၂၀၀-၂၀၃
**စွန်**ရဲတံတားနှင့်ဆင်ခုံတိုင်တံတား ၃၀၄

## ဆ

**ဆ**ရာဝန်တင်ရွှေစာပေဆု ၃၁၉
**ဆေ**ထင်၊ ဦး ၁၀၄
**ဆေး**တက္ကသိုလ် (တောင်ကြီး) ၃၀၈
**ဆို**လာပြားနည်းပညာ ၈၈၊ ၈၉
**ဆင်**ဝါး၊ ဒုတိယဗိုလ်မှူးကြီး ၁၀၆
**ဆန်**ကာ၊ အာဇစ် ၂၃၉
**ဆွမ်**လွတ်ဂမ်၊ ဦး ၁၀၄၊ ၁၀၆

## ဇ

**ဇူ**ကာဘက်၊ မက်ခ် ၇၃
**ဇော်**တောင်၊ ဦး ၁၀၄၊ ၁၀၆
**ဇော်**အေးမောင်၊ ဦး ၁၁၄
**ဇို**ဇမ်၊ ဦး ၁၁၄၊ ၁၁၆

## ည

**ဉာ**ဏိသရ၊ အရှင် ၁၂
**ဉာဏ်**ထွန်း၊ ဦး ၈၊ ၁၅၊ ၁၆၊ ၂၁၊ ၂၂၊ ၃၆၊ ၇၄၊ ၇၈၊ ၁၁၃

## တ

**တ**ရုတ်ပြည်သူ့သမ္မတနိုင်ငံ ၂၄၆-၂၅၁
**တိ**ပိဋကရေဘွဲ့တံဆိပ်တော် ၂၂၀-၂၂၃
ရရှိတော်မူသော ဆရာတော်များ(၂၀၁၅)
**တိ**လောက၊ ဘဒ္ဒန္တ ၁၈၃-၁၈၄
**တူ**နီးရှားအမျိုးသားဒီမိုကရေစီစွမ်းဆောင်ရှင်အဖွဲ့ ၂၄၀
**တူ**ယူယူ ၂၃၈
**တေ**ဇောဘာသ၊ ဘဒ္ဒန္တ ၁၈၅
**တို**ကျိုစတော့အိတ်ချိန်း ၁၀၀
**တင်**တင်နွဲ့ ၂၀၃-၂၀၄
**တင်**နိုင်သိန်း၊ ဦး ၁၁၄
**တင်**မြ၊ သခင် ၂၁၃-၂၁၄
**တင်**လွင်၊ ဦး၊ ပါမောက္ခ ၂၁၇-၂၁၈
**တင်**ဦး၊ ဦး ၉၀
**တင်**အေး၊ ဦး ၄၁၊ ၄၄၊ ၄၅
**တိုင်း**ရင်းသားလက်နက်ကိုင် ၄၅
အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး
အပစ်အခတ်ရပ်စဲရေးဆိုင်ရာ
အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့
**တစ်**နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှု ၁၀၆၊ ၁၀၇
ရပ်စဲရေးစာချုပ် (မူကြမ်း)
**တစ်**နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ၂၁
ညှိနှိုင်းရေးအဖွဲ့
**တစ်**နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ၁၀၃-၁၀၆
သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး
ဆောင်ရွက်ချက်များ

## ထ

**ထိုင်း**နိုင်ငံ ၂၅၀-၂၅၅
**ထိုင်း**နိုင်ငံလိပ်ကျွန်းအငြင်းပွားဖွယ် ၂၅၃-၂၅၅
လူသတ်မှုဖြစ်စဉ်
**ထွန်း**ဖောင်ဒေးရှင်းစာပေဆု ၃၁၉-၃၂၀
**ထွန်း**ရှင်၊ ဒေါက်တာ ၆၈

## ဒ

**ဒီ**တန်၊ အန်းဂူးစ် ၂၄၁
**ဒီ**မိုကရေစီအကျိုးပြုကရင်တပ်မတော် ၁၀၃
**ဒု**တိယအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေ ၂၂၃-၂၃၂
ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ
**ဒူ**ဝါဇုတ်ဒေါင် ၁၀၈
**ဒေ**သတွင်းထိပ်သီး ၂၃၂-၂၃၈
အစည်းအဝေးများ(၂၀၁၅)

## အက္ခရာစဉ်အညွှန်း

**ဒိုင်**ဝါသုတေသနလီမိတက် ၁၀၁
**ဒတ်**ချ်အရှေ့အိန္ဒိယကုမ္ပဏီ ၉၆

### န

**နာ**ဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(ကပ္ပလန်) ၁၀၄
**နာ**လန္ဒာတက္ကသိုလ် ၆၄
**နီ**ပေါနိုင်ငံ ၂၅၅-၂၅၉
**နေ**တန်ယာဟု၊ ဘင်ဂျမင် ၁၉
**နေ**မျှော်စင်များ ၈၈
**နို**ဘယ်ဆု ၂၃၈-၂၄၁
**နိုင်**ဂျီးရီးယားနိုင်ငံ ၂၅၉-၂၆၃
**နမ်**ဘီးယား၊ ဗီဂျေ ၂၇၊ ၃၅၊ ၁၁၁၊ ၁၁၄
**၂၀၁၅** ခုနှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ၁၁၇-၁၂၄
**၂၀၁၅** ခုနှစ် မြန်မာ့ရေကြီးရေလျှံမှုနှင့် ရေလျှောင်တမံများ ၁၂၅-၁၃၀
**၂၀၁၄** ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ၁၃၁-၁၄၀

### ပ

**ပ**ခုက္ကူစာပေဆု ၃၁၈-၃၁၉
**ပ**ထမအကြိမ်နိုဘယ်-မြန်မာစာပေပွဲတော် ၂၉၂-၂၉၄
**ပ**အိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် ၁၀၄
**ပါ**တီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နှစ်ပွဲကို ဆန်းစစ်ခြင်း ၂၉၄-၂၉၈
**ပူ**တင်၊ ဗလာဒီမာ ၇၂
**ပူး**ဇင်ကျိုး ၁၁၀၊ ၁၁၁၊ ၁၁၄
**ပေါက်**ယူရီ၊ ဦး ၃၀၊ ၁၀၉
**ပင်**မစတော့အိတ်ချိန်းဒိုင် ၉၇
**ပ**ညာဒီပ၊ ဘဒ္ဒန္တ ၁၈၅-၁၈၆
**ပ**ညာသာရ၊ ဘဒ္ဒန္တ ၁၈၆-၁၈၇
**ပ**ဥ္စမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ၂၉၈-၃၀၂
**ပ**ဏ္ဍိတဘာတိကာဘိဝံသ၊ ဘဒ္ဒန္တ ၁၈၇-၁၈၈
**ပတ်**ဂွမ်ပေး၊ မစ္စ ၆၇
**ပြည်**ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ ၁၀၇
**ပြည်**ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ၂၁၊ ၄၅၊ ၁၀၆
**ပြည်**ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၃၀၂-၃၀၉
**ပြည်**ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ ၇၀

### ဖ

**ဖေ**မြင့်၊ ဦး ၂၉၄
**ဖြူး**ချောင်းရေလှောင်တမံ ၃၀၃

### ဗ

**ဗုဒ္ဓ**စာပေများကို ကမ္ဘာ့တစ်ဝန်းသို့ ဖြန့်ဝေခြင်း ၃၀၉-၃၁၁
**ဗုဒ္ဓ**သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ (၂၀၁၅) ၃၁၁-၃၁၂
**ဗိုလ်**သခင်ဆရာ ၂၀၄-၂၀၅
**ဗြိ**တိန်နိုင်ငံရွေးကောက်ပွဲ ၂၆၅-၂၆၇

### ဘ

**ဘ**မရာသနပလ္လင် ၁၄၂၊ ၁၄၅
**ဘ**လတ္တာ၊ ဆပ် ၃၇
**ဘာ**နာလီ ၈၂
**ဘာ**လီစကိုနီ၊ ဆယ်လ်ဗီယို ၄၂
**ဘ**င်္ဂလားဒေ့ရှ်နိုင်ငံ ၂၆၇-၂၇၀
**ဘောင်**ခေး၊ ဒုတိယစစ်ဦးစီးချုပ် ၁၁၄
**ဘ**ဒ္ဒပိဌ ၁၄၂
**ဘန်**ကီမွန်း၊ မစ္စတာ ၂၇၊ ၂၉၊ ၇၁၊ ၁၃၁

### မ

**မ**ဒဲကျွန်းရေနံတင်ဆိပ်ကမ်း ၃၀၃
**မာ**ကယ်၊ အိန်ဂျယ်လာ ၃၄၊ ၆၀၊ ၇၈
**မာ**ရီယမ်၊ မစ္စ ၁၁၁
**မာ**လာလာ၊ ယူဆွတ်ဇိုင် ၁၀
**မိ**ဂါသနပလ္လင် ၁၄၂၊ ၁၄၅
**မီ**အာရာ၊ အန်နီ ၁၅၈-၁၅၉
**မူ**ခါဂျီ၊ ပရာနက် ၂၉၀
**မူ**တူးစေးဖိုး၊ စော ၁၀၊ ၁၀၃၊ ၁၀၄၊ ၁၀၈၊ ၁၁၀၊ ၁၁၂၊ ၁၁၃
**မော်**စီ၊ မိုဟာမက် ၃၃

# အက္ခရာစဉ်အညွှန်း


**မို**ဒရစ်ချ်၊ ပေါလ် ၂၃၉
**မို**ဒီ၊ နာရိန္ဒြာ ၃၂၊ ၄၀၊ ၆၀၊ ၇၁
**မက်**ဒေါနယ်၊ အာတာဘီ ၂၃၉
**မောက်**ခမ်း၊ စိုင်း၊ ဒေါက်တာ ၁၊ ၆၊ ၇၊ ၁၀၊ ၁၁၊
၁၇၊ ၂၁၊ ၅၈၊ ၆၆၊ ၇၈
**မင်း**ဇော်ဦး၊ ဒေါက်တာ ၁၁၂
**မင်း**အောင်လှိုင်၊ ဗိုလ်ချုပ်မှူးကြီး ၁၂၊ ၁၁၊ ၁၈၊ ၂၀၊
၂၁၊ ၂၅၊ ၄၄၊ ၇၈၊ ၁၀၄၊ ၁၀၆၊ ၁၁၃
**မောင်**ဆွေတင့်၊ ရှုမဝ ၂၀၆-၂၀၇
**မောင်**တင်ဦး၊ ဒါရိုက်တာ ၂၀၇-၂၀၈
**မောင်**မောင်တာ ၂၀၈-၂၁၀
**မောင်**မောင်သိမ်း၊ ဒေါက်တာ ၁၀၁
**မောင်**ရွှေစွန် ၂၁၀-၂၁၁
**မုတ်**သုံမိုး ၁၂၆-၁၂၇
**မန္တ**လေးမြို့တည်နန်းတည်သတ္တဌာန
သမိုင်းမော်ကွန်း ၃၁၂-၃၁၅
**မြ**ရာဇာလင်း၊ စော ၁၀၄၊ ၁၁၄၊ ၁၁၆
**မြ**အေး၊ ဦး ၁၁၄
**မြန်**မာ-ထိုင်းချစ်ကြည်ရေးလမ်းသစ် ၃၀၈
**မြန်**မာ-လာအို ချစ်ကြည်ရေးတံတား ၃၀၄
**မြန်**မာစင်တာပလာဇာ ၃၀၇
**မြန်**မာနိုင်ငံစာပေဆုများ ၃၁၆-၃၂၁
**မြန်**မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ
ဒီမိုကရက်တစ်တပ်ဦး ၆၃၊ ၁၀၄
**မွန်**ပြည်သစ်ပါတီ ၁၀၄


## ယ


**ယီ**မင်နိုင်ငံ ၂၇၀-၂၇၄


## ရ


**ရ**ခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ ၁၀၄
**ရာ**ဇပလ္လင်(သို့မဟုတ်)
အချုပ်အခြာအာဏာ၏သင်္ကေတ ၁၄၁-၁၄၆
**ရာ**မို့စ်၊ ဖီဒယ်ဗ်ီ ၁၇
**ရီး**ဆော့စ်၊ ဒမီးစ် ၁၅၉-၁၆၀
**ရု**ရှားနိုင်ငံ ၂၇၄-၂၇၇
**ရေ**ကြီးမှုဖြစ်စဉ်များ ၁၂၅
**ရို**ဆက်ဖ်၊ ဒိုင်လ်မာ ၂၆
**ရို**ဟာနီ ၂၈၀၊ ၂၈၁
**ရင်**နု၊ စော ၁၀၃
**ရန်**ကုန်စတော့ဒိုင် ၁၀၁
**ရန်**ဟီလီ၊ မစ္စ ၄၊ ၅၊ ၄၈၊ ၁၁၁
**ရှီ**ကျင့်ဖျင်၊ မစ္စတာ ၃၈၊ ၆၆၊ ၂၇၉
**ရှန်**လွန်း၊ လီ ၂၄၅
**ရှမ်း**ပြည်တိုးတက်ရေးပါတီ ၁၀၄
**ရှမ်း**ပြည်ပြန်လည်ထူထောင်ရေးကောင်စီ/
ရှမ်းပြည်တပ်မတော်တောင်ပိုင်း ၆၃၊ ၁၀၄
**ရွှေ**ခါး၊ ဒေါက်တာ ၇၀
**ရွှေ**မန်း၊ ဦး၊ သူရ ၃၊ ၄၊ ၁၀၊ ၁၁၊ ၁၃၊ ၂၄၊ ၂၅၊
၃၆၊ ၇၁၊ ၇၈
**ရွှေ**အမြုတေစာပေဆု ၃၂၀


## လ


**လ**ဂျာ၊ ဒေါက်တာ ၁၈၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၉၊
၁၁၁
**လ**ဂွန်ငန်ဆိုင်း၊ ဦး ၁၀၄
**လ**ဖိုင်လ၊ ဦး ၁၀၄
**လီ၊** ခရစ္စတိုဖာ ၁၆၀
**လေး**မြင့် ၂၁၁-၂၁၃
**လိုက်**ဘေးရီးယားနိုင်ငံ ၃၁၊ ၅၅
**လင်**ဒေး၊ သောမတ်စ် ၂၃၉
**လန်**ဒန်စတော့အိတ်ချိန်း ၉၆
**လျှန်**မှူန်းဆာခေါင်း၊ ဆလိုင်း၊ ဒေါက်တာ ၁၀၈၊ ၁၁၆
**လှ**မောင်ရွှေ၊ ဦး ၁၀၃၊ ၁၁၀၊ ၁၁၁၊ ၁၁၆
**လှေ**စီးဒုက္ခသည်များအရေး ၂၆၈-၂၇၀


## ဝ


**ဝိ**စိတ္တသာရ၊ ဘဒ္ဒန္တ ၂၂၂
**ဝိ**သုဒ္ဓါစာရ၊ ဘဒ္ဒန္တ ၁၈၈-၁၈၉
**ဝေ**ရောစနကျောက်စိမ်းစေတီတော် ၃၁၃-၃၁၅
**ဝ**ဏ္ဏမောင်လွင်၊ ဦး ၄၉၊ ၅၆၊ ၆၁
**ဝ**ဏ္ဏအောင်၊ ဗိုလ်မှူးကြီး ၇၀


## သ


**သ**တင်းမီဒီယာကောင်စီဝင်များ
ရွေးချယ်တင်မြှောက်ပွဲ ၃၂၁-၃၂၂

# အက္ခရာစဉ်အညွှန်း


**သာ**ဘန်း၊ ဦး ၂၁၄-၂၁၅
**သာ**သနာဘိဝံသ၊ ဘဒ္ဒန္တ ၁၈၉-၁၉၀
**သီ**ရိဝစ္ဆ ၁၄၂
**သီ**လဝါအထူးစီးပွားရေးဇုန် ၃၀၆-၃၀၇
**သီ**ဟာသနပလ္လင် ၁၄၁၊ ၁၄၂၊ ၁၄၅
**သု**တစွယ်စုံစာပေဆု ၃၂၀
**သော**ဘဏ၊ ဘဒ္ဒန္တ ၁၉၀-၁၉၁
**သော**ဘိတ၊ ဘဒ္ဒန္တ ၁၉၁-၁၉၂
**သက်**နိုင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ၁၀၉၊ ၁၁၄
**သ**ခ်ါသနပလ္လင် ၁၄၂၊ ၁၄၅
**သန်း**ဌေး၊ ဦး ၁၀၃၊ ၁၁၃၊ ၁၁၆
**သန်း**ဦး၊ ဒေါက်တာ ၃၃၊ ၄၁
**သိန်း**စိန်၊ ဦး ၁၂၊ ၄၊ ၅၊ ၈၊ ၉၊ ၁၀၊ ၁၅၊ ၁၈၊ ၂၅၊ ၂၇၊ ၅၅၊ ၇၈
**သိန်း**ဇော်၊ ဦး ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁
**သိန်း**တန်၊ တွံတေး ၂၁၈-၂၂၀
**သီ**ပွံ့မျှူးတင် ၂၁၅-၂၁၆

## ဟ

**ဟော်**လန်၊ ဖရန်ဆွာ ၃၄၊ ၁၅၀
**ဟံ**သာဗုန်ဆိုင်၊ နိုင် ၁၀၄
**ဟံ**သာသနပလ္လင် ၁၄၂၊ ၁၄၅
**ဟန်**ယောင်ဝေ၊ ဦး ၁၀၃

## အ

**အ**ထက်ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်း ၃၀၉
**အ**မေရိကန်နိုင်ငံ ၂၇၇-၂၈၀
**အ**မျိုးစောင့်ဥပဒေပေါ်ထွန်းလာခြင်း ၃၂၂-၃၂၅
**အ**မျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ၃၁၆-၃၁၈
**အ**မျိုးသားတိုးတက်ရေးပါတီ ၃၆
**အ**မျိုးသားဒီမိုကရက်တစ်မဟာမိတ် တပ်မတော် ၁၀၄
**အ**မျိုးသားသတင်းဆု ၃၂၀-၃၂၁
**အ**မှတ်(၂)အင်းစိန်ခုံးကျော်တံတား ၃၀၇-၃၀၈
**အ**လီခါမေနီ၊ အရာတိုလာ ၄၄
**အ**လက်ဆီဗစ်၊ ရှက်တလာနာ ၂၄၀
**အာ**စိဏ္ဏာဘိဝံသ၊ ဘဒ္ဒန္တ ၁၉၂-၁၉၃
**အာ**စိဏ္ဏာလင်္ကာရ၊ ဘဒ္ဒန္တ ၁၉၃
**အာ**ဆတ်၊ ဘာရှားအယ် ၅၃၊ ၆၆
**အာ**ဘေး၊ ရှင်ဇို ၅၇၊ ၆၀၊ ၆၇၊ ၂၃၅
**အီ**ရန်နိုင်ငံ ၂၈၀-၂၈၃
**ဧ**ရာဝတီမြစ်ကူးတံတား (ထီးချိုင့်) ၆၆၊ ၃၀၇
**ဧ**ရာဝဏ်ဘုရားကျောင်း ၅၁၊ ၅၄
**အေး**မောင်၊ ဒေါက်တာ ၂၅၊ ၁၁၆
**ဩ**ဘာသ၊ ဘဒ္ဒန္တ ၁၉၄-၁၉၅
**အော်**စကာဆု ၃၂၅-၃၂၆
**အော်**နာ၊ ဂျိမ်းစ် ၁၆၀-၁၆၁
**အို**ဘားမား၊ ဘားရက် ၆၊ ၂၅၊ ၄၂၊ ၄၆၊ ၆၃၊ ၇၀
**အို**မူရာ၊ အီမာရီတက်စ်ဆာတိုရီ ၂၃၈
**အက်စ်**ဝွမ်မော်၊ ဗိုလ်ချုပ် ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၈
**အိုက်**ဇက်၊ စော ၁၀၃
**အိုက်**ပေါင်း၊ စိုင်း ၁၁၄
**အောင်**ဆန်းစုကြည်၊ ဒေါ် ၁၅၊ ၂၅၊ ၃၈၊ ၅၅၊ ၇၀၊ ၇၁၊ ၇၈
**အောင်**မင်း၊ ဦး ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၄
**အောင်**သောင်း၊ ဦး ၂၁၆-၂၁၇
**အိုင်**အက်စ်စစ်သွေးကြွအစွန်းရောက်အဖွဲ့ ၂၈၃-၂၈၇
**ဥ**တ္တမ၊ ဘဒ္ဒန္တ ၁၉၄
**အိ**န္ဒိယနိုင်ငံ ၂၈၇-၂၉၁
**အယ်လ်**ရှာဘတ်စစ်သွေးကြွအဖွဲ့ ၂၉၁-၂၉၂

# မြန်မာ

# စွယ်စုံကျမ်းနှစ်ချုပ်

# (၂၀၁၆)